www.burmeseclassic.com



BURMESE CLASSIC .com

Jeffery Archer

# Not a Penny More Not a Penny Less

# အထောက်တော်လူအောင်

# မပိုကြေး မလိုကြေး

ဒုတိယအကြိမ်

ILLUSTRATED BY KO SAN; 2001
GLORY GRAPHIC STUDIO

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး

BURMESE CLASSIC .com

# မပိုကြေးမလိုကြေး

## အထောက်တော်လှအောင်

# Not a Penny More
# Not a Panny Less
## Jeffery Archer

ရတနာပုံစာအုပ် - ၂၃
[ ၂၀၀၂ ခုနှစ်၊ မေလ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၄၆၇/၂၀၀၁ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၈၈/၂၀၀၂ (၃)

စီစဉ်သူ ■ ဦးသိမ်းစိုး၊ မင်းထွဋ်ဝင်း

ပုံနှိပ်မှတ်တမ်း ■ ( ဒုတိယအကြိမ်)
အုပ်ရေ - ၁၀၀၀
၂၀၀၂ ခု၊ မေလ

ထုတ်ဝေသူ ■ ဦးသန်းဆွေ
(စစ်သည်တော်စာပေ)
၁၁၃၁/က၊
ဉယျာဉ်လမ်း၊ ဒဂုံတောင်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ■ ဒေါ်ခင်အေးမြင့်
(ရာပြည့်အော့ဖ်ဆက်)
၁၉၉၊ လမ်း ၅၀၊
ပုဇွန်တောင်

အတွင်းဖလင် ■ အေဇက်

မျက်နှာဖုံးပန်းချီ ■ ကိုဆန်း

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ ၂၅၀၀ ကျပ်

BURMESE CLASSIC .com

## ရတနာပုံစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ကမ္ဘာကြီးပျက်စီးလုနီးပြီလော
၂။ ဂျာနယ်ကျော်မမလေး၏ လောကီရတနာ
၃။ လေသူရဲတစ်ဦး၏ သန်းခေါင်ယံခရီးသည်နှင့်
ကိုယ်တွေ့လေကြောင်းဝတ္ထုများ
၄။ ဒေါက်တာခင်လေးမြင့်၏ ၂၀ ရာစုပြင်သစ်ဝတ္ထုတိုများ
၅။ နတ်နွယ်၏ ကမ္ဘာ့စာပေတစေ့တစောင်း
၆။ ဟိန်းလတ်၏ တဂိုးအတွေးတဂိုးအရေး
၇။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ အာရက်နှင့်ဆည်းဆာ
၈။ ဂျာနယ်ကျော်မမလေး၏မာလာရီ
၉။ ပါရဂူ၏ ဗုဒ္ဓယဉ်ကျေးမှုပြဇာတ်များ
၁၀။ မင်းဆွေ၏ဓါး
၁၁။ ချစ်ဦးညို၏ ဝိဇိတာဝီ
၁၂။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ ကျွန်တော်ရတနာကုန်သည်
၁၃။ ရွှေဥဒေါင်း၏ ဟစ်တလာလုပ်ခဲ့သမျှ
၁၄။ တက်တိုး၏ဘဝနှင့်စာပေ
၁၅။ လေသူရဲတစ်ဦး၏တရုတ်ဖြူလေယာဉ်ပစ်ချခဲ့စဉ်က
၁၆။ မောင်ညိုပြာ၏ စိတ္တဇရုပ်မြင်သံကြားဝတ္ထုတိုများ
၁၇။ ဂျာနယ်ကျော်မမလေး၏ ရှုမငြီး
၁၈။ မောင်ခိုင်မာ၏ မင်္ဂလာအလင်္ကာ
၁၉။ တော်ဘုရားကလေး(အောင်ဇေ)၏ ပြည်သူချစ်တဲ့မျိုးဆက်သစ်
၂၀။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ မုန်တိုင်းနှင့်သစ္စာ

www.burmeseclassic.com

www.burmeseclassic.com


၂၁။ ချစ်ဦးညို၏ မဟာသေနာပတိ
၂၂။ ဗိုလ်အေးမောင်၏ တွမ်
၂၃။ အထောက်တော်လှအောင်၏ မပိုကြေးမလိုကြေး
၂၄။ ဆူးငှက်၏ ၄၅ တာ၊ ၁၄ ခန်းဇရပ် နှင့် ၇ သံချိုညချမ်း


## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


၂၅။ နတ်နွယ်၏ ဘဝဟူသည်
၂၆။ ချစ်ဦးညို၏ ရုက္ခစိုးမယားနှင့် အခြားပြိတ္တာများ
၂၇။ တင့်ဆန်း၏ ငမိုးရိပ်မှ ငမိုးရိပ်သို့
၂၈။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အခုရေစက်နှင့် အခြားဝတ္ထုတိုများ
၂၉။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ အညိုတို့ ပတ္တမြားမြေ
၃၀။ တက်တိုး၏ အညာတရှူခင်း
၃၁။ အထောက်တော်လှအောင်၏ မဟာဘီလူး
၃၂။ လူထုဦးလှနှင့် လူထုဒေါ်အမာတို့၏ ဆေးလိပ်နှင့် လူသား
၃၃။ ချစ်ဦးညို၏ ရာဇကုမာရ
၃၄။ နတ်နွယ်၏ ဒက်ဇယ်လာ
၃၅။ ဆူးငှက်၏ ခရမ်းရင့်ဆင်ဖိုနီ


နိဒါန်း

'ယိုး... ဒီနေ့ ညနေ ခြောက်နာရီမှာ ငွေစာရင်း နံပါတ် နှစ်ထဲကို ဒေါ်လာခုနစ်သန်း ရောက်လာလိမ့်မယ်၊ အထူး ငွေစာရင်းနံပါတ်ဖွင့်ပြီး ထည့်ထားပါ။ ဒါမှမဟုတ်ရင် ဥရောပ ငွေဈေးကွက်မှာ ကစားထားပါ။ နားလည်တယ် မဟုတ်လား'

'နားလည်တယ် ဟာဗေး'

'ရှိုင်ယိုဒီဂျနေရိုမြို့မှာရှိတဲ့ ဘင်ကိုဒိုမီးနပ်စ်ဂျနေးရီးစ် ဘဏ်တိုက်ကို ဒေါ်လာ တစ်သန်း လွှဲပေးလိုက်ပါ။ ဆေးလ်ဗားမင်းနဲ့ အယ်လီယော့တို့ ထောက် နာမည်နဲ့ လွှဲပေးပါ။ လွမ်းဘတ်လမ်းက ဘာကလေ ဘဏ်တိုက်မှာ ထုတ်ဖို့ ကမ်းလှမ်းထားတာ ပြန်ဖျက်လိုက်ပါ။ နားလည်တယ် မဟုတ်လား'

'နားလည်တယ် ဟာဗေး'

'ကျွန်တော့် ကိုယ်ပိုင်ငွေစာရင်းထဲက ငွေနဲ့ ရွှေချောင်း ဝယ်ထားပါ၊ ဒေါ်လာ ဆယ်သန်းဖိုးအထိ ဝယ်ပါ။ သိပ်ပြီး အလျင်စလို မလုပ်ပါနဲ့၊ စိတ်ရှည် ရှည်ထားပါ၊ နားလည်တယ် မဟုတ်လား'

'နားလည်တယ် ဟာဗေး'

'အလျင်စလို မလုပ်ပါနဲ့၊ စိတ်ရှည်ရှည်ထားပါ' ဟူသော ညွှန်ကြားချက်မှာ ထူးခြားသော ညွှန်ကြားချက် ဖြစ်ကြောင်း ဟာဗေးမက်ကာ့ဖ် သဘောပေါက် နားလည်ပါသည်။

ဤဘာရာသည် ဖူးရစ်မြို့မှာရှိနေသည့် ရှေးအဆန်းဆုံးသော ဘဏ်လုပ်ငန်းရှင် များထဲတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း ဟာဗေးမက်ကာ့ဖ် ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



သိထားပါသည်၊ နှစ်ဆယ့် ငါးနှစ်တိုင်တိုင် သူနှင့်ဆက်ဆံလာခဲ့ရာ ယိုးဘာရာသည် ဟာဗေးအတွက် အလွန်အသုံးဝင်သူ ဖြစ်ကြောင်းကိုလည်း ကိုယ်တွေ့ပင် ဖြစ်ပါသည်။

'ဒီနေ့သ ၂၅ရက် အင်္ဂါနေ့ မွန်းလွဲနှစ်နာရီကျယင် ဝယ်ဘယ်လ်ဒန် တင်းနစ် အသင်းကွင်းအနီး ဘွန်တော်ထိုင် နေကျ ကုလားထိုင်မှာ ရှိနေမယ်၊ ခင်ဗျားအနေနဲ့ ရောက်အောင် ကြည့် နိုင်မလား'

'ကြည့်နိုင်တယ် ဟာဗေး'

တယ်လီဖုန်း ပြန်ချသံ ကြားလိုက်ရသည်။

ဟာဗေးသည် 'ဒါပါပဲ' ဟူသော နှုတ်ဆက်စကားမျိုးကို မည်သည့် အခါတွင်မှ ပြောရိုးထုံးစံမရှိ။ လူ့လောကကြီး၏ လောကွတ်စကားကလေးများ အကြောင်းကို သူဘယ်တုန်းကမှ နားမလည်ခဲ့ပါ။ ယခုအသက်အရွယ်ကျမှ ပြန်လည်လေ့လာ နေရမည်ဆိုလျှင်လည်း အများကြီး အချိန်နောက်ကျနေပေပြီ။

တယ်လီဖုန်းကို သူကောက်ကိုင်ပြန်သည်။ ဂဏန်းခုနှစ်လုံး ကို လှည့်သည်။ ဘော့စ်တွန် မြို့မှာရှိသည့် လင်ကွန်းထရပ်စ် ဘဏ်တိုက်သို့ ဆက်ခြင်းဖြစ်သည်။ တဘက်မှ ပြန်ထူးသော အခါ သူ့ အတွင်းရေးမှူးကို တောင်းသည်။

'မစ္စဖစ်ရှ်လား'

'မှန်ပါတယ်ရှင်'

'ပရော်စပက်တာ ရေနံကုမ္ပဏီနဲ့ ပတ်သက်တဲ့ ဖိုင်တွဲတွေနဲ့ စာရွက်စာတမ်းတွေ အားလုံးယူပြီး မီးရှို့ဖျက်ဆီးပစ်လိုက်ပါ၊ ခြေစ လက်စ သဲလွန်စဘာတစ်ခုမှ မကျန်စေနဲ့၊ နားလည်တယ် မဟုတ်လား'

'ဟုတ်ကဲ့ရှင့်'

ရှေးနည်းတူ တယ်လီဖုန်းလိုင်း ပြတ်သွားပြန်သည်။

ဟာဗေးမက်ကာ့ဖ်သည် အလားတူအမိန့်မျိုးကို လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်အတွင်း သုံးကြိမ်တိုင်တိုင် ပေးခဲ့ဖူးလေသည်။ ထို့ကြောင့် သူ့အတွင်းရေးမှူး မစ္စဖစ်ရှ်အနေဖြင့် တစ်စုံတစ်ရာ ပြန်လည် မေးခွန်းထုတ်နေစရာ မလိုတော့ပါ။

ဟာဗေးက အသက်ကို အားပါးတရ ရှူလိုက်သည်။ တကယ်တော့ သက်ပြင်းချခြင်း ဖြစ်သည်။ သက်ပြင်းချရသည့် အကြောင်းမှာလည်း အောင်မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။

ယခုအချိန်တွင် ဟာဗေးသည် ဒေါ်လာသန်းပေါင်း နှစ်ဆယ့် ငါးသန်း ချမ်းသာကြွယ်ဝနေပေပြီ။ ဆက်ပြီးတော့လည်း ချမ်းသာဦးမည်။ သူ





မည်သည့်အရာကမှ တားဆီးပိတ်ပင် နိုင်စွမ်းမရှိနိုင်တော့ပါ။

သန်းကြွယ်သူဌေးကြီးများသာ သောက်နိုင်သည့် ကရစ်အမျိုး အစားရှမ်ပိန်ပုလင်းကို ဖွင့်သည်။ လန်ဒန်မြို့မှ တိုက်ရိုက် တင်သွင်းပေးခြင်းဖြစ်သည်။ ရှမ်ပိန်ကို ဖြည်းဖြည်းချင်း ငုံသည်။

ရိုမီယို ဝိုင်ဂျူလီယက်တာချာချီ ဆေးပြင်းလိပ်ကို မီးညှိသည်။ အီတလီ သူမျိုး ပြည်ပြေးတစ်ယောက်က ကျူးဘားနိုင်ငံမှ ခိုးသွင်း ပေးခြင်း ဖြစ်သည်၊ သူ့အတွက် တစ်လလျှင် ဆေးပြင်းလိပ် ၂၅၀ ဝင် ဘူးတစ်ဘူး မှန်မှန်သွင်းပေးသည်။

ကုလားထိုင်ပေါ်မှာ သက်တောင့်သက်သာ ထိုင်သည်။ သူ့ ဘာသာသူ အောင်ပွဲကလေး တစ်ခုကို ကျင်းပခြင်းဟုလည်း ဆိုနိုင်ပါသည်။ ဘော့စ်တွန်မြို့မှာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀သာ ရှိသေးသည်။ နေ့လည်စာစားချိန် ရောက်တော့မည်။

* * *

ဟာလေလမ်း၊ ဘွန်းလမ်း၊ ကင်းလမ်းနှင့် အောက်စဖို့ရှိ မဂ္ဂဒါလင်ကောလိပ်တို့တွင်မူ ညနေ ၆ နာရီ မိနစ် ၂၀ရှိချေပြီ။

တစ်ဦးကို တစ်ဦး တွေ့ဆုံသိကျွမ်းဖူးခြင်း မရှိသော လူလေး ယောက်တို့သည် ပရော်စပက်တာ ရေနံကုမ္ပဏီ၏ နောက်ဆုံး အစုရှယ်ယာဈေးနှုန်း များကို လန်ဒန်မြို့မှ နောက်ဆုံးထုတ်ဝေသော စံဒေါင်းဒတ် ညနေသတင်းစာမှာ ကြည့်နေကြသည်။ ၃ ဒသမ ၇၀ စတာလင်ပေါင်ဈေးနှုန်း ပေါက်နေသည်။

သူတို့လေးယောက်စလုံး လူချမ်းသာများဖြစ်ကြသည်။ ယခုလို အစုရှယ်ယာဈေးနှုန်းတက်နေသည်ဆိုတော့ ပိုလို့ပင် ချမ်းသာသွားကြသည်။ သူတို့ လေးယောက်စလုံး ကိုယ်စီကိုယ်ငှ အောင်မြင်သော လုပ်ငန်းများနှင့်နေကြပြီ ဖြစ်သဖြင့်လည်း သူတို့ဘဝရှေ့ရေးမှာ အလွန်တရာ သာယာအောင်မြင်လျက် ရှိကြ လေသည်။

သို့သော်၊

မနက်ဖြန်တွင်မူ ခြူးတစ်ပြားမှ မကျန်တော့သည့် လူမွဲ လေးယောက် ဖြစ်တော့မည် တကား။



www.burmeseclassic.com

www.burmeseclassic.com

၁

တရားသော နည်းလမ်းဖြင့် ငွေတစ်သန်းရအောင် ရှာဖို့ဆိုသည်မှာ ခက်ခဲလှပါသည်။ ထိုငွေတစ်သန်းကိုပင် မတရားသော နည်းဖြင့် ရှာမည်ဆိုလျှင် အထိုက်အလျောက်လွယ်ကူပါသည်။ ရှာဖွေရရှိလာသော ငွေတစ်သန်းကို လက်ထဲမှာ တည်မြဲအောင် ထိန်းသိမ်းထား ဖို့ဆိုသည်ကား အခက်တကာ့ အခက်ဆုံး ဖြစ်ပါချေသည်။

ထိုအချက် သုံးချက်စလုံးကို နိုင်နင်းစွာ ကိုင်တွယ်နိုင်သူ အလွန်ရှားပါသည်။ ထိုသို့ရှားပါးသူများထဲတွင် ဟင်းနရစ်မီတယ်လ်စကီးသည် တစ်ယောက် အပါအဝင် ဖြစ်ပါသည်။

သူသည် တရားသောနည်းဖြင့် ငွေတစ်သန်းရအောင်ရှာနိုင် ၏။ ပြီးတော့ မတရားသော နည်းလမ်းဖြင့်လည်း နောက်ထပ် ငွေတစ်သန်းထပ်ရအောင် ရှာနိုင်သူဖြစ်လေသည်။ သူကား အခြားသူများထက် အမြတ်မီး ခြေတစ်လှမ်း သာနေသူ ဖြစ်ချေ၏။

ထိုမျှမကသေး၊ ထိုသို့ ရှာဖွေရရှိလာသည့် ငွေများကိုလည်း လက်ထဲတွင် တည်မြဲအောင် ထိန်းသိမ်းနိုင်စွမ်းရှိသူ ဖြစ်လေသည်။

ဟင်းနရစ် မီတယ်လ်စကီးကို ၁၉၀၉ ခုနှစ်၊ မေလ ၁၇ ရက် နေ့က နယူးယောက်မြို့ အရှေ့ဘက်ခြမ်းရှိ အခန်းကျဉ်းကလေးထဲမှာ သူနှင့်အတူ အခြားကလေး လေးယောက်တို့ပါ အတူတူ အိပ်စက်ကြရသည်။

ကမ္ဘာ့စီးပွားပျက်ကပ်ကြီး ဆိုက်ရောက်နေစဉ်မှာပင် သူကြီးပြင်းခဲ့သည်။ သူတို့မိသားစုမှာ တစ်နေ့လျှင် ထမင်းတစ်နပ်သာစားနိုင်ကြသည်။





ထို့ကြောင့်လည်း အချိန်ရှိသမျှ ဘုရားရှိခိုးယင်းဖြင့် အချိန်ကုန်ကြရသည်။

သူ့မိဘများသည် ပိုလန်နိုင်ငံသူနိုင်ငံသားများဖြစ်သည်။ ဝါဆောမြို့မှ တစ်ဆင့် အမေရိကန် ပြည်ထောင်စုသို့ ပြောင်းရွှေ့လာကြခြင်း ဖြစ်သည်။ ဟင်းနရစ်၏အဖေသည် နယူးယောက် မြို့သို့ရောက်သည်နှင့် ပေါင်မုန့်ဖုတ်သည့် အလုပ်ကိုလုပ်သည်။ ထို့နောက် ပိုင်းတွင် ပိုလန်လူမျိုးတစ်ယောက် ဖွင့်လှစ်ထားသော စားသောက်ဆိုင် သေးသေးကလေးသို့ ပေါင်မုန့်သွင်းခွင့် ရခဲ့သည်။

ဟင်းနရစ်၏ မိဘနှစ်ပါးစလုံးက သူ့ကိုပညာရေးတွင် ထူးချွန်စေလိုသည်။ ထို့ကြောင့် အငတ်ခံပြီး ကျောင်းထားပေး သည်။

သို့သော်လည်း ဟင်းနရစ်သည် ပညာရေးကို စိတ်ဝင်စားသူမဟုတ်ပါ၊ အထက်တန်း ကျောင်းသားဘဝမှာပင် စာအလွန်ညံ့သူ ဖြစ်နေသည်။

သူတော်သည်က တခြားဖြစ်နေသည်။

ကောက်ကျစ်သည့်နေရာမှာတော်သည်။ ကလိမ်ကျသည့်နေရာမှာ တော်သည်။ အထက်တန်းကျောင်းသားဘဝမှာပင် ကျောင်းသားများအတွက် အရက်နှင့် စီးကရက်မှောင်ခို ရောင်းဝယ်သည့် လုပ်ငန်းမှာ သူ တဘက်ကမ်းခတ် ကျွမ်းကျင်နေသည်။

စာသင်ခန်းအတွင်းမှာသင်နေသော အမေရိကန် တော်လှန်ရေးကြီး အကြောင်း သူ စိတ်မဝင်စားပါ။ လွတ်လပ်ရေး ခေါင်းလောင်းသံအကြောင်းကို မကျက်မှတ်လိုပါ။

လူ့ဘဝတွင် အအားနေရခြင်းသည် အကောင်းဆုံးအလုပ် ဖြစ်ကြောင်းကို ဟင်းနရစ်ကလုံးဝမယုံကြည်။ ငွေရဖို့၊တန်ခိုးအာဏာကြီးထွား ဖို့မနားမနေ လုပ်နေခြင်းကိုသာယုံကြည် သည်။

ကြောင်သည် ကြွက်ရှိရာကို မနားမနေလိုက်ရမည်။

ဟင်းနရစ်သည်လည်း ငွေနှင့် တန်ခိုးအာဏာရှိရာနောက်သို့ မနားမနေ လိုက်နေမည့်သူ ဖြစ်လေသည်။

အထက်တန်းကျောင်းသားကလေး ဟင်းနရစ်သည် သူ့နည်းဖြင့်သူ ခအောင်မြင်နေသည်။ ထိုအခိုက် သူ ၁၄ နှစ်သား အရွယ် မှာပင် သူ့အဖေ ကွယ်လွန်အနိစ္စ ရောက်သွားသည်။

သူ့မိခင်သည်လည်း လအနည်းငယ်အကြာမှာပင် ခင်ပွန်းသည်နောက် သို့ ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

သားသမီး ငါးယောက်မှာ မိဘမဲ့များဘဝဖြင့် လူ့လောက အလယ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တန်ရစ်ခဲ့ကြတော့သည်။ သို့ဖြစ်၍ မိဘမဲ့ကလေးများ ဂေဟာသို့ သူတို့ညီအစ်ကို ခေါင်နှမ ငါးယောက်တို့ရောက်ရှိ သွားကြလေတော့သည်။

၁၉၂၈-ခုနှစ်ကျော် ကာလများသည် ယောကျာ်းကလေး တစ်ယောက်အဖို့ နယူးယောက်မြို့ကြီးတွင် ကိုယ်ရောင်ဖျောက်ရန် မခဲယဉ်းပါ။ အသက်ရှင်ရပ်တည်ဖို့တော့ အလွန်တစ်ရာ ခက်ခဲပါသည်။

သို့သော်လည်း ဟင်းနရစ်လို လူငယ်လေးတစ်ယောက် အဖို့တော့ ကြမ်းတမ်းသော လောကကြီးတွင် မည်နည်းမည်ပုံ အသက်ရှင် ရပ်တည်ရမည်ကို ကောင်းကောင်း သိနားလည်ထားပြီး ဖြစ်သည်။ အထက်တန်းကျောင်းမှာ သူ ဆယ့်ကျင့်ခွင့်ရခဲ့သည့် မှောင်ခိုလုပ်ငန်း နည်းများကား သူ့ဘဝ နောက်ပိုင်းတွင် များစွာ အကျိုးပြုခဲ့လေတော့သည်။

နယူးယောက်မြို့ အရှေ့ပိုင်းရပ်ကွက်များမှာ သူကျင်လည် ကျက်စားနေသည်၊ မျက်စိကို ဖွင့်ထားသည်။ နားကို စွင့်ထားသည်။ ဖိနပ်တိုက်ပေးသည်။ ကြုံရာမှာ ပန်းကန် ခွက်ယောက်ဝင်ဆေးပေးသည်။

ထိုသို့ ကြုံရာအလုပ်ကိုလုပ်ယင်း ချမ်းသာဖို့နှင့် ဂုဏ်သိက္ခာ ကြီးမြင့်ဖို့ လမ်းစကို အမြဲတမ်းရှာဖွေနေသည်။

ကံကောင်းထောက်မစွာပင် သူ့အတွက် ပထမဆုံးသောအခွင့်အရေး တစ်ခု ပေါ်ပေါက်လာလေသည်။

သူနှင့် တစ်ခန်းတည်းအတူနေသူသည် နယူးယောက် အစုရှယ်ယာ ကုမ္ပဏီတစ်ခုမှာ ရုံးလုလင် အလုပ်လုပ်သည်။ တစ်နေ့တွင် ထိုအတူနေ သူငယ်ချင်းသည် အစာအဆိပ်ဖြစ်ပြီး ဆေးရုံတက်ရသည်။

ဟင်းနရစ်ကသူ့သူငယ်ချင်းအစာအဆိပ်ဖြစ်သဖြင့် အလုပ်မဆင်းနိုင်ကြောင်း ကုမ္ပဏီမှာရှိနေသော ရုံးလုလင်များ၏အကြီးအကဲကို သွားရောက်အကြောင်းကြားသည်၊ ထိုသို့အကြောင်းကြားယင်း လစ်လပ်သွား သည့်ယင်းနေရာမှာ အလုပ်ဝင်လုပ်ခွင့်ပြုပါရန် အသနားခံသည်။

သည့်နောက်မှာတော့ သူအခန်းပြောင်းသွားသည်။ ယူနီဖောင်းအသစ်ဝတ်သည်။ သူငယ်ချင်းတစ်ယောက် ဆုံးရှုံးသွားသည်။ အလုပ်တစ်ခုကို ရလိုက်သည်။

၁၉၂၀ ခုနှစ်လွန် စောစောပိုင်းကာလများ ဖြစ်သည်။

ဟင်းနရစ် လိုက်ပို့ပေးနေရသည့် စာအားလုံး လိုလိုမှာ 'ဝယ်ပါ'ဟူသော အကြောင်းကြား စာများချည်း ဖြစ်နေသည်။

'ဝယ်ပါ'ဟု ဆိုသည့်အတိုင်းလည်း သက်ဆိုင်သူများက အလျှင်အမြန်





အကောင်အထည် ဖော်ကြသည်။ အကောင်အထည်ဖော်သည့်အတိုင်းလည်း အလျှင်အမြန်ချမ်းသာသွား ကြသည်။

ဘယ်လောက်မှ အရည်အချင်းမရှိသူများမှာ နေ့ချင်းညချင်း သူဌေးကြီးတွေ ဖြစ်ကုန်ကြသည်။ ဟင်းနရစ်အဖို့တော့ ဘေးမှ ထိုင်ကြည့်နေရုံမှတပါး ဘာမှမတတ်နိုင်ပါ။

ယခု ရနေသော လခကလေးနှင့်သာ နေရမည်ဆိုလျှင် သေသည်အထိ သူတို့ ရနေသည့် ငွေကြေးပမာဏကို ရနိုင်ဖို့ အကြောင်း မရှိတော့ကြောင်းပါ သဘောပေါက်နားလည်လာလေ သည်။

အစုရှယ်ယာအကြောင်းများကို သူလေ့လာသည်။ အခြားသူများ လျှို့ဝှက်ဆွေးနွေးနေလျှင် သူချောင်းနားထောင်သည်။ တစ်နေရာမှ အခြားတစ်နေရာသို့ သူပို့ပေးရသည့်စာများကို တိတ်တိတ်ခိုး ဖောက်ဖတ်ကြည့်သည်။ ချိတ်ပိတ်ထားသော ကုမ္ပဏီအစီရင်ခံစာများကို ခိုးဖောက်ပြီး လေ့လာသည်။

သူ့အသက်ဆယ့်ရှစ်နှစ်ရှိသောအခါ ဝေါလ်လမ်းမတည်းဟူသော စီးပွားရေးရပ်ကွက်ကြီးတွင် သူ၏လုပ်သက်သည်လည်း လေးနှစ်တင်းတင်း ပြည့်သွားလေပြီ။

အခြား ရုံးလုလင်ကလေးများသည် ထိုလေးနှစ်ဆိုသောကာလကို အကြောင်းမဲ့အချိန် ဖြုန်းပစ်နေကြသည်။ ဒါသွားပို့ဆိုလျှင်ပို့သည်။ ဟိုဟာသွားယူဆိုလျှင် သွားယူသည်၊ ထိုနည်းအားဖြင့် ခြေတိုအောင် သူတို့ လမ်းလျှောက်နေကြရလေသည်။

ဟင်းနရစ်မိတယ်လ်စကီး၏ ထိုသို့မဟုတ်။

လေးနှစ်အတွင်း သူလေ့လာရရှိခဲ့သည့် စီးပွားရေးပညာရပ်များသည် ဟားဗတ် စီးပွားရေးတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့နှင့် တတန်းတည်း ဖြစ်သွားလေတော့သည်။

တစ်နေ့သောအခါတွင် ထိုဟားဗတ်စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးဆရာရှင်ကြီးများကို သူကိုယ်တိုင် စီးပွားရေးပညာရပ်များ ပို့ချပေးရဦးမည့်အဖြစ်ကိုမူကား အခြားသူများကို အပထား၊ သူ ကိုယ်တိုင်ပင် စိတ်ကူးထဲမှာ သည့်မိခဲ့ချေ။

၁၉၂၇ ခုနှစ်၊ ဇူလိုင်တစ်ရက် မနက်ပိုင်းတွင် ဟော်ဂါတန် ကုမ္ပဏီမှ စာတစ်စောင်ကို အခြား ကုမ္ပဏီတစ်ခုသို့ သွားပို့ခိုင်းသည်။

ဟင်းနရစ်သည် ပို့ရမည့်ကုမ္ပဏီသို့ ထိုစာကိုသွားမပို့သေးဘဲ ထုံးစံအတိုင်း အိမ်သာထဲသို့ဝင်ခဲ့သည်။ သူသွားပို့ရမည့်စာသည် မည်သည့်စာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာ ထိုးထဲချင် အရေးကြီး သည့် သတင်းများပါမပါနှင့် ပါလျှင်လည်း မည်သည့်သတင်းမျိုးဖြစ်ပြီး မည်မျှအရေးကြီးကြောင်း စစ်ဆေးကြည့်ရဦးမည်။

အရေးကြီးသည့်သတင်းဖြစ်မည်ဆိုလျှင် ဝစ်တိုဂရိုနီဝစ်ဆိုသူ ပိုလန်လူမျိုး တစ်ယောက် ထံသို့ ချက်ချင်းဖုန်းဆက်အကြောင်း ကြားရမည်။ ဂရိုနီဝစ်သည် အာမခံကုမ္ပဏီကလေးတစ်ခု ဆောင်ထားသူဖြစ်သည်။ ဟင်းနရစ်က အရေးကြီးသော စီးပွားရေးသတင်းများကို အခါအားလျော်စွာ ခိုးပေးသည့်အတွက် ဂရိုနီဝစ်ထံမှ တစ်ပတ်လျှင် ဒေါ်လာအစိတ်မှ သုံးဆယ်အထိ မှန်မှန် ရနေသည်။

သူ့ထံမှ သတင်းများရနေကြောင်းကို ဂရိုနီဝစ်က လုံးဝဖော်ထုတ်မပြော။ သူ့ကုမ္ပဏီကလည်း သေးသေးကလေးဖြစ်သောကြောင့် အခြားကုမ္ပဏီကြီးများက သူ့အပေါ် မယုံသင်္ကာ မဖြစ်ကြ။

အိမ်သာထဲမှာထိုင်ယင်း ချိပ်ပိတ်စာအိတ်ကို ဖောက်ကြည့်သည်။ စာအိတ်ထဲမှ ထွက်လာသည့် အကြောင်းကြားစာကို ဖတ်ကြည့်ယင်း ယခု တစ်ကြိမ်သည်အလွန်တရာ အရေးကြီးသည့် သတင်းတစ်ခုဖြစ်နေကြောင်း သူ သဘောပေါက်သွားလေသည်။

ရှီကာဂိုမြို့မှ မက်ဆီကိုနိုင်ငံသို့ ရေနံပိုက်လိုင်း သွယ်နေသည့်ကိစ္စကို ရပ်ဆိုင်းထားခဲ့ရာ ထိုလုပ်ငန်းကို အပြီးသတ်ဆက်လက်လုပ်ကိုင်ရန် တက်ဆပ် ပြည်နယ်အုပ်ချုပ်ရေးမှူးက ခွင့်ပြုလိုက်ကြောင်း၊ လုပ်ကိုင်ခွင့်ကိုလည်း စတင်းဒတ် ရေနံကုမ္ပဏီအားပေးလိုက်ကြောင်း၊ အကြောင်းကြားစာ ဖြစ်လေသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး အခြားသက်ဆိုင်သူ အားလုံးတို့ကလည်းတညီ တညွတ်တည်း သဘောတူညီကြသည်။

ပိုက်လိုင်း ဆက်သွယ်ခွင့်ရဖို့ စတင်းဒတ် ရေနံကုမ္ပဏီက ကြိုးစားနေ သည်မှာ တစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီ။ နောက်ဆုံး တစ်နေ့တွင် ပယ်အချခံရမည် ဖြစ်သည်ဟုလည်း အားလုံးကမျှော်လင့်ထားကြသည်။ သို့သော်လည်း စီးပွား ရေး တလောကလုံးက ထိုကိစ္စကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ကြလေ သည်။

ဟင်းနရစ် ဖောက်ဖတ်နေသော ချိပ်ပိတ်စာမှာ တပ်ကာ အင်ထော်နီထံ သို့ ပို့ပေးရန် ဖြစ်သည်။ ဂျွန်-ဒီ-ရော့ခ်ဖဲလား၏ ပွဲစားဖြစ်သည်။

ယခုလို ရေနံပိုက်လိုင်းဆက်သွယ်ခွင့် ပြုလိုက်ခြင်းအားဖြင့် မြောက်ပိုင်း နယ်မြေကြီး တစ်ခုလုံးရှိ ရေနံကုန်သည်ကြီးများ ပွပေါက်တိုးကြတော့မည်မှာ သေချာသည်။





စတင်းဒတ်ရေနံကုမ္ပဏီကြီး၏ အစုရှယ်ယာ ဈေးနှုန်းများသည် ယခု သတင်းကြီးပေါ်ထွက်လာသည်နှင့် တစ်ပြိုင်တည်း တရိပ်ရိပ် တက်ပေတော့ မည်။ စတင်းဒတ် ရေနံကုမ္ပဏီကြီးသည် အမေရိကန် ပြည်ထောင်စု၏ ရေနံ လုပ်ငန်း ၉၀ ရာခိုင်နှုန်းကို လက်ဝါးကြီးအုပ်ထားနိုင်သော အခြေအနေမှာ လည်း ရှိနေသည်။

သာမန်အခြေအနေမျိုးဆိုလျှင် ဟင်းနရစ်မီတယ်လ်စကီးသည် သူ့လက် ထဲမှာရှိနေသော ဧရာမသတင်းကြီးကို ဂရိုနီဝစ်ထံသို့ မဆိုင်းမတွ ပြေးပို့မည်သာ ဖြစ်သည်။ ယခုလည်း ထိုသို့ပို့ရန် အိမ်သာထဲမှ သူထွက်ခဲ့သည်။

သို့သော် အခြေအနေက တစ်မျိုးဖြစ်သွားသည်။

တဘက် အိမ်သာအခန်းထဲမှ လူဝဝ တစ်ယောက် ထွက်ပြီး သူ့ရှေ့က လျှောက်သွားသည်။ ထိုသူထံမှ စာရွက်ကလေးတစ်ခု ကျကျန်ရစ်ခဲ့သည်။ အနီးပတ်ဝန်းကျင်တွင်လည်း မည်သူ့ တစ်စုံတစ်ယောက်မှ မရှိ။

ဟင်းနရစ်သည် ထိုစာရွက်ကလေးကို ကောက်ပြီး အိမ်သာထဲသို့ ဝင်ခဲ့ရ ပြန်သည်။ အခြားသတင်းတစ်ခု ဖြစ်လိမ့်မည်ဟု သူထင်သည်။

သို့သော်လည်း စာရွက်ကလေးကို ဖြန့်ကြည့်သောအခါ မစ္စတ်ရိုစ်ရင်းနစ် ဆိုသူ၏ ငွေစာရင်းမှ ဒေါ်လာငွေ ၅၀၀၀၀ ထုတ်ယူရမည့် ချက်လက်မှတ် ဖြစ်နေသည်ကို တွေ့ရလေတော့သည်။

ဟင်းနရစ် အမြန်ဆုံးစဉ်းစားသည်။ စိတ်က စဉ်းစားနေသော်လည်း သူ့ ခြေထောက်များက တွဲ့ဆိုင်းနေခြင်း လုံးဝမရှိပါ။ အိမ်သာထဲမှ သုတ်ခြေတင် ထွက်ခဲ့သည်။ ခဏအကြာမှာပင် ဝေါလ်လမ်းမပေါ်သို့ သူ ရောက်လာသည်။

လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ထဲသို့ ဝင်သည်။ ကိုကာကိုလာမှာ သောက်သည်။ အစီအစဉ်များကို စိတ်ထဲမှာ ချမှတ်သည်။

ပြီးတော့ ချမှတ်လိုက်သည့် အစီအစဉ်ကို ချက်ချင်း အကောင်အထည် ဖော်တော့သည်။

ပထမအဆင့်အနေဖြင့် ဝေါလ်လမ်းမ အနောက်တောင်ဘက်မှာရှိသော ဖော်ဂန်ဘဏ်တိုက်ခွဲသို့ သွားသည်။ နာမည်ကြီးကုမ္ပဏီ၏ ရုံးလုလင် ယူနီဖောင်း ကို ဝတ်ထားသောကြောင့် အလွယ်တကူပင် ငွေထုတ်ယူခွင့်ရမည် ဖြစ်ကြောင်း သူဟာသူ သိနေသည်။ ထင်သည့်အတိုင်းပင် ဒေါ်လာ ၅၀၀၀၀ ထုတ်ယူ ရရှိခဲ့သည်။

ဒုတိယအဆင့်အနေဖြင့် အစုရှယ်ယာ အရောင်းအဝယ် ကုမ္ပဏီတစ်ခု သို့ သွားသည်။ စတင်းဒတ်ရေနံကုမ္ပဏီ၏ အစုရှယ်ယာပေါင် ၂၅၀၀-ကို



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ဂဏန်းမှုအတိုင်း ဝယ်ယူသည်၊ ပေါက်ဈေးက တစ်စုလျှင် ဆယ့်ကိုးရှစ်ပိုင်း ရှစ်ကျပ်ခွဲ ပေါ်ထား ဖြစ်သည်၊ အစုရှယ်ယာ တန်ဖိုးနှင့် ပွဲခပေးပြီးသောအခါ အလက်ထဲမှာ ၁၂၆-ဒေါ်လာနှင့် ၆၁-ပြား ကျန်သည်၊

တတိယအဆင့်အနေဖြင့် ထိုလက်ကျန်ငွေကို မော်ဂန်ဘဏ်တိုက်မှာပင် အနာမည်ဖြင့် ငွေစာရင်းတစ်ခု ဖွင့်သည်၊

ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးမှ တရားဝင် ထုတ်ပြန်ကြေငြာမည့်အချိန်ကို စိတ်ရှည်ရှည်ဖြင့် စောင့်ရပေတော့သည်၊

နံ့သို့ပြန်လာပြီး ပုံမှန်အလုပ်များကို ဟန်မပျက်လုပ်သည်။ စာမူများ ပို့နိုင်းလျှင် ဟန်မပျက် ပို့သည်။ မပို့မီ ထုံးစံအတိုင်း ခိုးဖောက်ကြည့်ပြီ ကြည့်သည်၊

ညနေ ရုံးဆင်းချိန် ရောက်လာသည်၊ ဘာကြေငြာချက်မှ ပေါ်ထွက်မလာသေး၊

ဟင်းနရစ်၏ စိတ်များ အကြီးအကျယ် ဂနာမငြိမ် ဖြစ်လာသည်။

အမှန်ကတော့ အစုရှယ်ယာဈေးကွက်ကို ညနေသုံးနာရီတွင် ပိတ်စမြဲ ဖြစ်သည်၊ ဈေးကွက်မပိတ်မီ ထိုသတင်းကို ကြေငြာလိုက်ပါက ဈေးကွက်ရှိ အစုရှယ်ယာများ ချက်ချင်းဈေးတက်ကုန်မည်။

ထို့ကြောင့် သတင်းကို ထုတ်ပြန်ကြေငြာခြင်း မပြုသေးဘဲ ဈေးကျနေဆဲ ဖြစ်သော စတင်းဒတ်ကုမ္ပဏီ၏ အစုရှယ်ယာများကို ပြည်နယ်အုပ်ချုပ်ရေးမှူးက ရနိုင်သမျှ သိမ်းကျုံး ဝယ်ယူနေခြင်း ဖြစ်လေသည်။

ထိုအကြောင်းကို ဟင်းနရစ်မိတယ်လ်စကီးကတော့ မသိရှာပါ။

ညနေ ရုံးဆင်းသောအခါ အကြီးအကျယ် စိတ်ဆင်းရဲပြီး ပြန်လာခဲ့သည်၊ အကြီးမားဆုံး အမှားကြီးတစ်ခုကို ကျူးလွန်လိုက်မိပြီဖြစ်ကြောင်းပါ သဘော ပေါက်လိုက်သည်။ ငွေလိမ်ထုတ်မှုက မုချပေါ်မည်။ ပေါ်လာလျှင် အလုပ် ပြုတ်မည်။ ပြီးတော့ ထောင်ထဲရောက်မည်။

တစ်ညလုံး ဟင်နရစ် အိပ်မပျော်ပါ။ လေပိတ်လှောင်နေသည့် အခန်း ကျဉ်းကလေးထဲမှာ ဆောက်တည်ရာမရ ဖြစ်နေသည်။

သန်းခေါင်ကျော် တစ်နာရီထိုးသောအခါ ဆက်လက် ရပ်တည်နိုင်စွမ်း မရှိတော့ပါ။ ထို့ကြောင့် အိပ်ရာထဲမှထသည်၊ မုတ်ဆိတ်ရိတ်သည်၊ အဝတ် အစားလဲသည်၊ မြေအောက် မီးရထားဖြင့် ဗဟိုဘူတာရုံကြီးသို့ လိုက်ခဲ့သည်၊

ဘူတာရုံမှ တိုင်းစကွဲယားသို့ ကုန်းကြောင်းလျှောက်သည်၊ ပထမဆုံးထွက် လာသော ဝေါလ်စထရိဂျာနယ်တစ်စောင်ဝယ်သည်၊ သူ့လက်များ တဆတ် ဆတ်တုန်နေသည်။ မျက်နှာဖုံးတွင် ဖော်ပြထားသည့်သတင်းများကို ကြီးစားဖတ်





သည်။ သို့သော် အားလုံးဝါးနေ သောကြောင့် သဲသဲကွဲကွဲ မမြင်ရပါ။ ဘာတွေ ဖော်ပြထားသည်ကို မသိပါ။

သူ့ စိတ်ကို သူ တင်းရသည်။ အတော်ကမလေးကြာတော့မှ မျက်လုံးများ ကြည်လင်လာသည်။ မျက်နှာဖုံးမှ ဧရာမသတင်း ခေါင်းစဉ်ကြီးကို မြင်တွေ့ရ တော့သည်။

ရေနံပိုက်လိုင်း ဆက်သွယ်ခွင့်ကို ရော့ခ်ဖဲလားအား
ပြည်နယ်အုပ်ချုပ်ရေးမှူးက ခွင့်ပြုလိုက်ခြင်း
ကြီးမားသော ထိုခေါင်းစဉ်ကြီးအောက်တွင် ခေါင်းစဉ်သေး ကလေးဖြင့်
စတင်းဒတ်ရေနံကုမ္ပဏီအစုရှယ်ယာများ
အနုတ်အသိမ်း များဖွယ်ရှိခြင်း၊

ဟူသော ခေါင်းစဉ်များကို မြင်တွေ့လိုက်ရသည်နှင့် တပြိုင်တည်း ဟင်းန ရစ်သည် မျက်လုံးများ ပြာဝေသွားတော့သည်။

အနီးဆုံးမှာရှိနေသော မိုးလင်းဆိုင်သို့ လျှောက်လာခဲ့သည်။ အာလူး ကြော်နှင့် ဟင်ဘာဂါမှာပြီး တနင့်တပိုးစားသည်။ သတင်းစာ မျက်နှာဖုံးတွင် ဖော်ပြထားသော သတင်းများကို သေသေချာချာ ဖတ်သည်။ နံနက် ၄-နာရီ ထိုးသောအခါ နယူးယောက်တိုင်းနှင့် ဟာရယ်ထရီဗျွန်း သတင်းစာ နှစ်စောင် ထပ်ဝယ်သည်။ ထိုသတင်းစာများကလည်း ယင်းသတင်းကိုပင် မျက်နှာဖုံးမှာ ဖော်ပြထားကြသည်၊

ဟင်းနရစ်မှာ အပျော်ကြီးပျော်နေသည်။ အိမ်ပြန်လာသည်။ အဝတ် အစားလဲသည်။ နံနက် ၈-နာရီ ထိုးသောအခါ ရုံးသို့ပြန်လာသည်။ တာဝန် ဝတ္တရားများကို ဟန်မပျက် ဆောင် ရွက်သည်။

တစ်ပြိုင်တည်းမှာပင် နောက်ထပ် ဆက်လက်ပြုလုပ်ရမည့် လုပ်ငန်းစဉ် များကို စိတ်ထဲမှာ အစီအစဉ်ပြုလုပ်နေမိသည်။

အစုရှယ်ယာဈေးများဖွင့်ပြီး အရောင်းအဝယ်လုပ်ကြသည်။ ဟင်းနရစ် သည် မော်ဂန်ဘဏ်တိုက်သို့လာပြီး စတင်းဒတ်ရေနံ ကုမ္ပဏီ၏ အစုရှယ်ယာ ၂၁၀၀-ကို အပေါင်ထားကာ ဒေါ်လာ ၅၀၀၀၀-ချေးသည်။ ထိုငွေကို မစ္စတ် ရိုင်းရင်းနစ် အမည်ဖြင့်ချက်လက်မှတ်ရေးခိုင်းသည်။

ဘဏ်တိုက်မှပြန်လာပြီး မစ္စတ်ရိုင်းရင်းနစ်၏ လိပ်စာကိုရှာသည်၊ နေအိမ် ဓါတ်ကို ရှာသည်၊

မစ္စတ်ရင်းနစ်သည် မုဆိုးမဖြစ်သည်။ သူ့ ယောက်ျားရှာခဲ့ ထားနှစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် အဆောင်အနှစ်ဆောင်ဖြင့် ၆၂-လမ်းရှိ အိမ်ခန်းတစ်ခုမှာ ချမ်းသာကြွယ်ဝစွာ နေထိုင်သူဟုသိရကြောင်း သိရသည်။

မစ္စရိုင်းနစ်ထံသို့ ဖုန်းလှမ်းဆက်သည်။ မိမိသည် ဟော်ဂါတန်ကုမ္ပဏီမှဖြစ်ပြီး အရေးကြီးသောကိုယ်ရေးကိုယ်တာ ကိစ္စအတွက် အမြန်ဆုံး တွေ့ဆုံခွင့်ပြုပါရန် တောင်းပန်သည်။

ဟော်ဂါတန် ကုမ္ပဏီမှဟု ဆိုသောကြောင့် မစ္စရိုင်းစ်ကလည်း သူနှင့် တွေ့ဖို့ လက်ခံသည်။ ညနေ ၄-နာရီတွင် ဝေါလ်ဒေါ့ဖ် ဟိုတယ်မှာ တွေ့ရန် ချိန်းသည်။

ဝေါလ်ဒေါ့ဖ် ဟိုတယ်တွင်းသို့ ဟင်းနရစ် တစ်ကြိမ်တစ်ခါမှ မရောက်ဖူးပါ။ သို့သော်လည်း စီးပွားရေးရပ်ကွက်တွင် ကျင်လည်နေရသူဖြစ်သောကြောင့် ကြားဖူးနားဝတော့ ရှိထားပြီးသား ဖြစ်သည်။

ချိန်းထားသည့် အချိန်မတိုင်မီ ဟိုတယ်တွင်းသို့ ဝင်ခဲ့သည်။ စားသောက်နေကြသူများမှာ ဝတ်ကောင်းစားလှနှင့်ချည်း ဖြစ်သည်။ ထိပ်တန်းအရာရှိကြီးများ၊ သူဌေးကြီးများ၊ ကုမ္ပဏီ အုပ်ချုပ်ရေးမှူးကြီးများနှင့် ပြည့်ကျပ်နေသည်။

ထိုပတ်ဝန်းကျင်ကို တွေ့ရသဖြင့် သိမ်ငယ်စိတ်၊ အားငယ်စိတ် ဝင်လာပြန်သည်။ ထို့ကြောင့် ချိန်းထားသည့် စားပွဲမှာ သွားထိုင်ပြီး သူ့ကိုယ်ကို သတင်းစာနှင့် ကွယ်ထားရသည်။ မစ္စက်ရိုင်းစ်ရင်းနစ် မြန်မြန်ရောက်လာပါစေဟုလည်း ကျိတ်ပြီး ဆုတောင်းနေမိသည်။

လေးနာရီထိုးပြီး မိနစ်အနည်းငယ်စွန်းသည့်အချိန်တွင် မစ္စက်ရိုင်းစ် ရောက်လာသည်။ သူနှင့်အတူ ခွေးကလေးနှစ်ကောင် ပါလာသည်။ ဟိုတယ်ထဲမှာ ရောက်နှင့်သူများကို ပြုံးကာ ရယ်ကာဖြင့် နှုတ်ဆက်သည်။

မစ္စက်ရိုင်းစ်သည် အသက် ၆၀-ကျော် အရွယ်ဖြစ်လေသည်။ အလွန်ကြီးမားသည့်ဦးထုပ်ကြီးကို ဆောင်းထားသည်။ အလွန်အဖိုးတန်သည့် အဝတ်အစားများကို ဝတ်ဆင်ထားသည်။ မျက်နှာပေါ်မှ မိတ်ကပ်များကလည်း ထူလွန်းလှသည်။

ဟင်းနရစ်ကို တွေ့ရသောအခါ သူအံ့အားသင့်နေသည်။ ဟင်းနရစ် ဝတ်ထားသည့် ထူးဆန်းသည့် ယူနီဖောင်းကြောင့်တစ်ကြောင်း၊ အလွန်တရာ အသက်ငယ်သည့် လူငယ်ကလေး တစ်ယောက်ဖြစ်နေသောကြောင့် တစ်ကြောင်း ဖြစ်သည်။

အမှန်ကတော့ ဟင်းနရစ်၏ အသက်မှာ ၁၈-နှစ်ရှိပြီ။ သို့သော်လည်း သူ့အသက်ထက် ပိုပြီးငယ်သယောင် ထင်မှတ်ရသည်။ အရပ်ကလည်း ၀ု





လွန်းသည်။

မစ္စက်ရိုင်းစ်ရင်းနစ် ထိုင်မိသည်နှင့်တပြိုင်တည်း ဟင်းနရစ်က သူဆင်ထားသည့် ဇာတ်လမ်းကို ပြောပြတော့သည်။

မစ္စက်ရိုင်းစ်ရင်းနစ်၏ ချက်လက်မှတ်ကို မိမိတို့ ကုမ္ပဏီ၏ ငွေစာရင်းထဲမှာ မှားယွင်းပြီး သွင်းမိခဲ့ကြောင်း၊ ထိုသို့ ပြုလုပ်မိသည်မှာ မိမိ၏အမှားဖြစ်ကြောင်း၊ သို့အမှားကို တွေ့လျှင်တွေ့ချင်း သဌေးကမှားသွင်းသည့်ငွေကို ချက်ချင်းပြန်ပေးခိုင်းကြောင်း၊ ယခုလို မှားယွင်းသည့်အတွက်လည်း တောင်းပန်ခိုင်းကြောင်း၊ သို့ကြောင့် မစ္စက်ရင်းနစ်အနေဖြင့် တိုင်လားတောလား လုပ်နေမည်ဆိုလျှင် မိမိအလုပ်ပြုတ်ဖို့သာ ရှိတော့ကြောင်းများကို ရှင်းပြ သည်။

မစ္စက်ရိုင်းစ်ရင်းနစ်ကလည်း သူ့ငွေသူပြန်ရနေပြီဖြစ်သောကြောင့် တစ်စုံတစ်ရာ နစ်နာခြင်းမရှိပါ။ ထို့ကြောင့် ဟင်းနရစ် ပြောသည့်အတိုင်း မည်သူ့ကိုမှ တိုင်မည်မဟုတ်ကြောင်း ကတိပေးသည်။

အားလုံး ချောချောမောမော ဖြစ်သွားပါပြီ။ ဟိုတယ်အပြင် သို့ ဟင်းနရစ် ထွက်ခဲ့သည်။ သူ့ရှပ်အင်္ကျီမှာ ချွေးများရွှဲနေသည်။ အမှန်ကတော့ ဇောချွေးများပြန်နေခြင်းဖြစ်ပါသည်။

ရိပ်သာလမ်းမှာရပ်ပြီး သူ့လုပ်ငန်းကြီးတစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် ဝေါလ်ဒေါ့ဖ်ဟိုတယ်ကြီးကို ကျေနပ်စွာပြန်ကြည့်နေမိသည်။

ထိုဟိုတယ်အတွင်းသို့ အောက်ထပ်ရိုးရိုးပေါက်မှ ဟင်းနရစ် ခြေကျင်ဝင်သွားချိန်မှာပင် မစ္စတာရော့ခ်ဖဲလားကလည်း ထိုဟော်တယ်သို့ ရောက်လာခဲ့သည်။ သို့သော်လည်း သူတို့နှစ်ယောက် ရောက်လာကြပုံခြင်း မတူပါ။

မြေအောက်ရထားလမ်း ဝေါလ်ဒေါ့ဖ် ဟိုတယ်အောက် တည့်တည့်တွင် မစ္စတာရော့ခ် ဖဲလား၏ ကိုယ်ပိုင်ဘူတာရုံ ဆောက်လုပ်ထားသည်။ ထို့ကြောင့် မြေအောက်ရထားဖြင့်လာပြီး ထိုကိုယ်ပိုင်ဘူတာရုံမှာဆင်းကာ ဝေါလ်ဒေါ့ဖ်ဟိုတယ်၏ ၅၇-ထပ်မှာရှိသည့် သူ့ ကိုယ်ပိုင်ရုံးခန်းသို့ ဓာတ်လှေကားဖြင့် တိုက်ရိုက်တက်သွားသည်။

ဟင်းနရစ်က အောက်ဆုံးထပ်တွင် မစ္စက်ရိုင်းစ်ရင်းနစ်နှင့် ဒေါ်လာငွေ ၁၁၀၀၀-ကိစ္စကို ပြောဆိုနေချိန်၌ မစ္စတာရော့ခ် ဖဲလားကမူ ၅၇-ထပ်မှာရှိသော သူ့ရုံးခန်းထဲတွင် သမ္မတကူလစ် ရစ်ချ်၏ဘဏ္ဍာရေးဝန်ကြီး အင်ဒရူးမယ်လွန်နှင့် အဘုထိုင်ကာ ဒေါ်လာငါးသန်း ရင်းနှီးမြှုပ်နှံရေးကိစ္စကို ဆွေးနွေးနေလေသည်။

[ဝေါလ်ဒေါ့ဖ်ဟိုတယ် ၅၇-ထပ်ရှိ သူ့ရုံးခန်းကို ယနေ့တိုင်



www.burmeseclassic.com

www.burmeseclassic.com



> ဆက်လက် သုံးစွဲခြင်းမပြုတော့ပါ။ ထို့ကြောင့်လည်း ထိုဟိုတယ်အောက်ရှိ သူ၏ကိုယ်ပိုင်ဘူတာရုံတွင်လည်း မြေအောက်ရထားများ ရပ်တန့်ခြင်းမရှိတော့ပါ။

နောက်နေ့တွင် ဟင်းနရစ်သည် ရုံးသို့ထုံးစံအတိုင်း အချိန် မှန်ရောက်လာသည်။ သူ့အစီအစဉ်များ ချောချောမောမော အောင်မြင်ဖို့အတွက် ငါးရက်မျှသာ စောင့်ရတော့မည် ဖြစ်ကြောင်းကိုလည်း သူသဘောပေါက်ပြီးဖြစ်သည်။

နောက်ငါးရက်ကြာသောအခါတွင် စတင်းဒတ်ရေနံကုမ္ပဏီ၏ အစုရှယ်ယာစျေးနှုန်းသည် နှစ်ဆယ့်သုံး လေးပိုင်းတစ်ပိုင်း ဒေါ်လာသို့ဈေး ခုန်တက်သွားသည်။ ဟင်းနရစ်က သူ့ အစု ရှယ်ယာအားလုံးကို နှစ်ဆယ့်သုံး ရှစ်ပိုင်းတစ်ပိုင်း ဒေါ်လာဖြင့် ရောင်းပစ်လိုက်သည်။

ဘဏ်မှချေးထားသော ငွေငါးသောင်းကို ပြန်ဆပ်သည်။ ပွဲခများပေးသည်။ စာရင်းအားလုံး ရှင်းပြီးသောအခါ ဟင်းနရစ် မီတယ်လ်စကီး၏ လက်ထဲတွင် အသားတင် အမြတ်ငွေဒေါ်လာ ၇၄၉၀-တိတိရှိနေတော့သည်။

ထိုငွေအားလုံးကို မော်ဂန်ဘဏ်တိုက်မှာဖွင့်ထားသည့် သူ့ ငွေစာရင်းထဲသို့ သွင်းထားလိုက်သည်။

အလုပ်ကို ဟန်မပျက် ဆက်လုပ်နေသည်။ သို့သော်လည်း မစ္စတာ ဂရိုနီ၀စ်ထံသို့ သတင်းများရောင်းချခြင်းကိုကား မပြုလုပ်တော့။ သူ့ သိရှိရသည့် သတင်းများကိုအခြေပြုပြီး အစုရှယ်ယာများကို ရောင်းလိုက် ဝယ်လိုက် လုပ်နေသည်။ နှစ်တိုငွေစု လက်မှတ်များဝယ်သည်။ အချိန်ကျသောအခါ ပြန်ရောင်းသည်။

၁၉၂၉-ခုနှစ်တွင် ကမ္ဘာ့စီးပွားပျက်ကပ်ကြီးဆိုက်သည်။ ထိုအချိန်တွင် ဟင်းနရစ်၏ လက်ထဲမှာ ဒေါ်လာ ၂၁၀၀၀၀-တိတိရှိနေချေပြီ။

ပိုမိုသားနားသော အိမ်ခန်းတစ်ခုရှာပြီးပြောင်းသည်။ အနီရောင် စတပ်ဇ်မော်တော်ကား တစ်စီးဝယ်စီးသည်။

လောကကြီးကို သူကောင်းကောင်းရင်ဆိုင်နိုင်ပါပြီ။ သို့သော်လည်း သူ့ဘဝတိုးတက်ရေးတွင် အနှောင့်အယှက် ဖြစ်စေမည့် အချက်ကြီးသုံးခုကို ရင်ဆိုင်ခဲ့ရသည်။

ပထမအချက်မှာ သူ့နာမည်ဖြစ်သည်။ ပိုလန်နာမည် ဖြစ်နေသဖြင့် လူကြားသူကြားဝင်ဖို့ သိပ်မတင့်တယ်လှ။

ဒုတိယအချက်မှာ သူ၏နောက်ကြောင်းရာဇဝင်ဖြစ်သည်။ ပြည်ပြေး မိဘ





များမှ ဆင်းသက်ပေါက်ဖွားခြင်း၊ မိဘမဲ့ဖြစ်ခြင်း တည်းဟူသော နောက်ကြောင်းများဖြစ်သည်။

တတိယအချက်မှာ ဆင်းရဲနွမ်းပါးခြင်း ဖြစ်သည်။

ယခုတော့ ထိုတတိယအချက်သည် အလိုလို ပျက်ပြယ်သွားလေပြီ။

ကျန်နှစ်ချက်မှာလည်း ငွေရှိလျှင် အလွန်ဖြေရှင်းရလွယ်ကူကြောင်း သူသိသည်။

ထို့ကြောင့် 'ဟာဗေးဒေးဗစ်မက်ကာ့ဖ်'ဟု အမည်ပြောင်းလဲ လိုကြောင်း တရားရုံးတော်သို့ လျှောက်လွှာတင်သည်။ ရုံးတော်က လက်ခံသည်။

သို့ဖြင့်ပင် ၁၉၃၀-ခုနှစ်သို့ ရောက်သောအခါ 'ဟင်းနရစ် မီတယ်လ်စကီး'သည် 'ဟာဗေးဒေးဗစ်မက်ကာ့ဖ်'ဖြစ်လာလေ သည်။ သူ့ ပေါင်းဟောင်းသင်းဟောင်းများနှင့်လည်း လုံးဝအဆက်ဖြတ်ပစ်လိုက်သည်။ ပိုလန်လူမျိုး အသိုက်အဝန်းအတွင်းမှ အပြီးတိုင် ထွက်ခွာလာခဲ့သည်။

ထိုသို့ နာမည်သစ်၊ ဘဝသစ် ဖြစ်လာခိုက်မှာပင် ရော်ဂျာရှပ်ပလေဆိုသူနှင့် ဘောလုံးပွဲတစ်ပွဲမှာဆုံပြီး သိကျွမ်းခွင့်ရခဲ့သည်။

ရော်ဂျာရှပ်ပလေတို့ကျတော့လည်း ချမ်းသာသည့်အတွက် ဒုက္ခဖြစ်နေသည်ကို တွေ့ရပြန်သည်။

ရော်ဂျာသည် ဘော့စ်တွန်မြို့မှ ဖြစ်သည်။ သူ့ အဖေက ရှပ်ပလေနှင့်သားများကုမ္ပဏီကိုပိုင်သည်။ ရော်ဂျာလည်း တက္ကသိုလ်မှ ဘွဲ့ရပြီးဖြစ်သောကြောင့် မိဘအရိုက်အရာကိုဆက်ခံပြီး ကုမ္ပဏီမှာလုပ်ဖို့ သူ့ အဖေကလိုလားသည်။

ရော်ဂျာကတော့ ကုမ္ပဏီလုပ်ငန်းကို ဝါသနာမပါ။ စစ်ထဲကိုသာ ဝင်နေချင်နေသည်။ အဖေက ဝင်ခွင့်မပြု။ ထိုအခိုက် အဖေ ကွယ်လွန်သွားသည်။ အကွက်ကောင်းပေါ်ပြီဆိုပြီး စစ်ထဲဝင်ဖို့ပြင်ဆင်သည်။ ကုမ္ပဏီကို ရောင်းပစ်ဖို့စီစဉ်သည်။

ထိုသို့ စီစဉ်တော့မှပင် မဖြစ်နိုင်သောအကြောင်း တစ်ခုက ကြားခံနေကြောင်း တွေ့ရလေသည်။

သူ့ အဖေရေးခဲ့သော သေတမ်းစာဖြစ်သည်။ အသက် ၄၀- ပြည့်ရန် ဘစ်ရက်မလိုမီအတွင်း ရော်ဂျာစစ်ထဲဝင်ပါက သူပိုင်ဆိုင် သမျှ ပစ္စည်းအားလုံးကို ဆွေမျိုးအားလုံးသို့ အညီအမျှ ခွဲပေးလိုက်ရန်ဖြစ်သည်။ ထိုအချိန်အတွင်း စစ်ထဲမဝင်ပါက ပစ္စည်းအားလုံးကို ရော်ဂျာတစ်ယောက်တည်း ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဘောကတော့ ရော်ဂျာစစ်ထဲမဝင်နိုင်အောင် လုပ်ခဲ့ခြင်း ဖြစ်သည်။ ငွေအကြောင်းက ၃၁-ပြည့်လျှင် လက်မခံတော့ချေ။

ဤအဖြစ်အပျက်ကို သိရသောအခါ ဟာဗေးက နည်းမျိုးစုံ အကြံထုတ်ခဲ့သည် နယူးယောက်မြို့မှာရှိနေသည့် အလွန် တော်သော ရှေ့နေတစ်ယောက်နှင့်လည်း နှစ်ကြိမ် တိုင်တိုင် အကျေအလည် ဆွေးနွေးသည်။

နောက်ဆုံး သူလိုချင်သော အဖြေကို ရတော့သည်။

ရှပ်ပလေနှင့်သားများ ကုမ္ပဏီကြီးကို အပြီးအပိုင် ရောင်းချခြင်းမပြု၊ အစုရှယ်ယာ ၄၉-ရာခိုင်နှုန်းကိုသာ ရောင်းချရမည်။ ကျန်သည့် ၅၁-ရာခိုင်နှုန်း ရော်ဂျာပင် ဆက်လက်ပိုင်ဆိုင်နေမည်၊ သူ့အသက် ၃၀-ပြည့်သောနေ့တွင်မှ ယင်း ၅၁-ရာခိုင်နှုန်းကို ဒေါ်လာတသိန်းနှင့်ရောင်းချမည်။ ထိုသို့ ရောင်းချရာတွင် အခြားသူကိုမရောင်းရ၊ ဟာဗေးကိုသာ ရောင်းရမည်။

ကုမ္ပဏီကို အုပ်ချုပ်သွားရန် သုံးဦးပါသော ဘုတ်အဖွဲ့ဖွဲ့စည်းမည်။ ထိုဘုတ်အဖွဲ့တွင် ဟာဗေး၊ ရော်ဂျာနှင့် ဟာဗေး စိတ်ကြိုက်ရွေးချယ်ခန့်အပ်သူ တစ်ယောက်တို့ပါဝင်ရမည်။ ထိုနည်းအားဖြင့် ကုမ္ပဏီကို ဟာဗေးစိတ်တိုင်းကျ ချယ်လှယ်နိုင် လေတော့သည်။

သေတမ်းစာက တားမြစ်ထားသော အချက်ကို လက်တစ်လုံးကြား လှည့်လိုက်ခြင်းအားဖြင့် ရော်ဂျာလည်း သူဝါသနာပါရာ ရေတပ်ထဲသို့ အထစ် အငေါ့မရှိ ဝင်နိုင်ခွင့်ရသွားလေသည်။

ဟာဗေးက မော်ဂန်ဘဏ်တိုက်သို့ သွားသည်။ ဒေါ်လာ ၅၀၀၀၀-ချေးသည်။ အလားအလာရှိသော လူငယ်တစ်ယောက် ဖြစ်ကြောင်း ဘဏ်တိုက်က ယုံကြည်ထားပြီးဖြစ်သဖြင့် အလွယ်တကူပင် ငွေထုတ်ချေးသည်။ မူလကရှိနေသော ဒေါ်လာ ၅၀၀၀၀ နှင့် ပေါင်းပြီး ရှပ်ပလေနှင့်သားများ ကုမ္ပဏီမှ အစုရှယ်ယာ ၄၉-ရာခိုင်နှုန်းကို ဒေါ်လာတစ်သိန်းဖြင့် ဝယ်ယူလိုက်လေသည်။

ထိုနည်းဖြင့်ပင် ဟာဗေးမက်ကာဖ်သည် ရှပ်ပလေနှင့် သားများ ကုမ္ပဏီ၏ ပဋ္ဌမပြောက် ဥက္ကဋ္ဌ ဖြစ်လာလေသည်။

၁၉၃၀-ခုနှစ်၊ နိုဝင်ဘာလ ၂၈-ရက်နေ့တွင် လိုအပ်သည့် စာချုပ်စာတမ်းများကို နယူးယောက်မြို့မှာ လက်မှတ်ရေးထိုးကြ သည်။

ရော်ဂျာက အမေရိကန် ရေတပ်ဗိုလ်သင်တန်း တက်ရန် နယူးဗ့်သို့ ထွက်ခွာသွားသည်။

ဟာဗေးက ဗဟိုဘူတာရုံကြီးမှ ရထားစီးပြီး ဘော့စ်တွန်မြို့သို့ ထွက်ခွာလာခဲ့သည်။ အစုရှယ်ယာ အရောင်းအဝယ် ကုမ္ပဏီ ကြီး၏ ရုံးလုလင်ဘဝ





ချုပ်သည့် နေ့ပင်ဖြစ်လေသည်။

ထိုတစ်နေ့တည်းမှာပင် သူပိုင် ရှပ်ပလေနှင့်သားများ ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌ ဖြစ်လာလေတော့သည်။

ထိုအချိန်က ဟာဗေး၏အသက်မှာ ၂၁-နှစ်သာရှိသေးသည်။

ထိုအချိန်သည် 'ကြီးကြပ်ကုန် စည်းကမ်းဥပဒေများ'ကြောင့် အမေရိကန် လူမျိုးတို့ အတိဒုက္ခရောက်နေကြချိန်လည်း ဖြစ်သည်။

သိုးမွေးများကို ပြည်ပသို့တင်ပို့နိုင်ခွင့်ရှိသည်။ သို့သော်လည်း ပြည်ပမှ ဝီစကီအရက်ကိုမူ တင်သွင်းခွင့်မပေး။ ရှပ်ပလေ နှင့်သားများ ကုမ္ပဏီက ထိုလုပ်ငန်းနှစ်ခုကို အဓိကထားပြုလုပ်လေရာ အစိုးရ၏ ကြီးကြပ်ကုန် ဥပဒေကြောင့် အကြီးအကျယ် ဒုက္ခရောက်နေတော့သည်။ သိုးမွေးများကိုသာ တင်ပို့ခွင့်ရှိသည်၊ ဝီစကီတင်သွင်းခွင့်မရှိ။ ထိုအကြောင်းကြောင့်လည်း လွန်ခဲ့သည့် နှစ်များ အတွင်းက သူတို့ကုမ္ပဏီအရှုံးများနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်လေသည်။

အထက်တန်းကျောင်းသား ကလေးဘဝကတည်းက မှောင်ခိုလုပ်ငန်း လုပ်ခဲ့သော ဟာဗေးအဖို့ ထိုအခက်အခဲကို အလွယ်တကူပင် ကျော်လွှန်နိုင်ခဲ့သည်။ ဘော့စ်တွန်မြို့တော်ဝန်၊ ရဲအရာရှိနှင့် အကောက်ခွန် အရာရှိများအား လာဘ်ထိုးခြင်းအားဖြင့် ဝီစကီများကို လိုသလောက် မှောင်ခိုတင်သွင်းနိုင်ခဲ့သည်။

လူမိုက်ဂိုဏ်းများကို ဆက်ကြေးပေးသည်။ ထိုနည်းဖြင့် အရက်ပုန်းဆိုင်များသို့ ဝီစကီများ အတိုင်းအဆမရှိ ဖြန့်ဝေပေးနိုင်သည်။

ကုမ္ပဏီလုပ်ငန်းများ ပြန်လည်အောင်မြင်လာသည်။ သို့သော်လည်း ကုမ္ပဏီတည်ထောင် ချိန်မှစ၍ တရားဥပဒေဘောင်အတွင်းမှသာ လုပ်ကိုင်ခဲ့ပြီး ဂုဏ်သိက္ခာရှိရှိ နေထိုင်ခဲ့ကြသော ကုမ္ပဏီအုပ်ချုပ်သူ အများအပြားတို့ အလုပ်မှ နုတ်ထွက်ကုန်ကြသည်။ ဒါတွေကို ဟာဗေးကမှုမနေပါ။ သူတို့နေရာတွင် သူ့လူများဖြင့် အစားထိုးသည်။

၁၉၃၃-ခုနှစ်တွင် ကုမ္ပဏီတည်ထောင်သည့် နှစ်တစ်ရာပြည့်မြောက် အထိမ်းအမှတ်ပွဲ ကျင်းပသည်။ သက်တမ်း နှစ်တစ်ရာ ရှိသောအခါ လွန်ခဲ့သည့် ၉၇-နှစ်က တည်ဆောက်ခဲ့သည့် ကုမ္ပဏီ၏ သိက္ခာသည် တစ်ပြားဖိုးမျှ မရှိတော့ချေ။ ဟာဗေး၏ သုံးနှစ်သက်တမ်းအတွင်း အားလုံး ကုန်သုံးသွားတော့သည်။

သို့သော်လည်း အမြတ်ငွေကမူ အဆပေါင်းများစွာ တိုးတက် လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၀-ခုနှစ်က အမြတ်ငွေ ဒေါ်လာ ၃၀,၀၀၀ ရခဲ့သော ကုမ္ပဏီသည် ၁၉၄၂ ခုနှစ်သို့ ရောက်သောအခါ ဒေါ်လာ ၉၁၀, ၀၀၀ မြတ်နေချေပြီ။

၁၉၄၄-ခုနှစ် ဇန်နဝါရီလတွင် ရှပ်ပလေနှင့်သားများ ကုမ္ပဏီကို ဒေါ်လာ ခုနှစ်သန်းဖြင့် ရောင်းပစ်လိုက်သည်။ ကွယ်လွန်သူ ဗိုလ်မှူးကြီး ရော်ဂျာ၏ ဇနီးကို ၁၁-ရာခိုင်နှုန်းအတွက် ဒေါ်လာ ၁၀၀,၀၀၀ ပေးလိုက်သောအခါ ဟာဗေး၏ သက်ထဲတွင် ဒေါ်လာ ၆၉,၁၀,၀၀၀ ပိုက်မိလျက်သား ဖြစ်နေလေတော့သည်။

ဟာဗေးသည် သူ၏ ၃၅-နှစ်မြောက် မွေးနေ့ပွဲကို လင်ကွန်း ထရပ်စ် အဆောက်အဦ ဘဏ်တိုက်ကလေးတစ်ခုအား ဒေါ်လာလေးသန်းဖြင့် ဝယ်ယူပြီး ကျင်းပလိုက်သည်။

တိုနည်းအားဖြင့် ဘဏ်တိုက်ဥက္ကဋ္ဌ ဖြစ်လာပြန်သည်။ ထိုဘဏ်တိုက်ကို သူဝယ်လိုက် သည့်နှစ်မှာပင် ဘဏ်တိုက်၏အမြတ် ငွေက ဒေါ်လာ ၅၀၀,၀၀၀ အထိ တိုးတက်သွားသည်။

ထိုမျှနှင့် သူ ကျေနပ်မနေနိုင်သေးပါ။

နောက် ငါးနှစ်ကြာသောအခါတွင် သူ့ဘဏ်တိုက်၏ တစ်နှစ် အမြတ်ငွေ သည် ဒေါ်လာနှစ်သန်းသို့ တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့လေသည်။

သူ့နာမည်လည်းရေပန်းစားလာသည်။ သန်းကြွယ်သဌေး ကလေးအဖြစ်နှင့်လည်း အားလုံးကလေးစားလာသည်။ ဟင်းနရစ် မိတယ်လ်စကီး အကြောင်းကို မည်သူမှ မကြားဖူးကြတော့ပါ။

မြို့ပြင်မှာလည်း ကြီးကျယ်ခန့်ညားသော တိုက်တစ်လုံး ဝယ်ယူလိုက်သည်။

မည်သို့ပင်ဆိုစေ လူသူလေးစားခြင်းကိုကား ရယူပိုင်ဆိုင် နိုင်ခြင်းမရှိပေ။

* * *

၁၉၄၉-ခုနှစ် ဆောင်းရာသီတွင် ဟာဗေးနှင့် အာလင်းဟန်တာတို့ နှစ်ယောက် တွေ့ဆုံဖြစ်ကြသည်။ အာလင်းသည် ဘော့စ်တွန်မြို့မှာရှိသော မြို့တော်ဘဏ်ဥက္ကဋ္ဌ၏ သမီးဖြစ်သည်။

အာလင်းဟန်တာကို မတွေ့မီအချိန်အထိ ဟာဗေးသည် အမျိုးသမီးများကို စိတ်မဝင်စား။ အမျိုးသမီးများနှင့် အချိန်ကုန် မခံနိုင်။

သူ့မှာ ငွေရှာဖို့ အာရုံတစ်ခုတည်းသာ ရှိခဲ့သည်။

ယခုတော့ သန်းကြွယ်သူဌေးကြီးလည်း ဖြစ်ပြီ။အောင်မြင်သူများ၏ လုပ်ငန်းများကို အမွေဆက်ခံနိုင်ဖို့အတွက် မျိုးဆက်ရှိဖို့လိုကြောင်း မဂ္ဂဇင်း





ဆစ်စောင်မှာ ရေးသားထားသည်ကို ဟာဗေး ဖတ်မိသည်။ ထိုအချိန်မှာပင် အာလင်းဟန်တာနှင့် တွေ့ဆုံခြင်း ဖြစ်သည်။

ထိုအချိန်က သူ့အသက် ၄၀၊ အာလင်းအသက်က ၃၁။

အာလင်းသည် သူနှင့် ရှေ့သွားနောက်လိုက် မညီဟုလည်း ဆိုရမည်။ ဟာဗေးက အရပ်ပုပြီး ပုံပျက်ပန်းပျက်ဝနေသည်။ အာလင်းက အရပ်မြောက် ပေနီးပါး မြင့်သည်။ ကိုယ်လုံးသွယ်သည်။ အချောအလှကြီးကား မဟုတ်။

အာလင်း၏ ကျောင်းနေဖက် အပေါင်းအသင်းများ အားလုံး ယောကျ်ားအသီးသီး ရကုန်ကြပြီ။ အချို့က နှစ်ခါပြန်ပင် ရပြီးကြပြီ။ သို့သော်လည်း အာလင်း မစွံနိုင်သည့်အတွက် အပေါင်းအသင်းများကြားတွင် နောက်ပြောင်စရာတစ်ခု ဖြစ်နေသည်။

ယခု ဟာဗေးနှင့် တွေ့တော့ သူ၏ အပျိုကြီးဇာတာ ပျက်ပြားဖို့ ဖန်လာသည်။

သို့သော် အာလင်း၏ အဖေက ဟာဗေးနှင့် သဘောမတူနိုင်။

ဟာဗေးကလည်း သည်လိုအကွက်မျိုးကို လက်လွှတ်မခံနိုင်။ သူကိုယ်တိုင်က ဘဏ်တိုက်ပိုင်ရှင် ဖြစ်နေသည်။ အာလင်းသည် ဘဏ်တိုက်သူဌေးကြီးတစ်ဦး၏ သမီးဖြစ်လေရာ အာလင်းနှင့် လက်ထပ်ရမည်ဆိုပါက သူ၏ အနာဂတ်ဘဝမှာ ပိုလို့ပင် စိုပြည်သွားတော့မည်ကို အတပ်သိပြီး ဖြစ်နေလေသည်။

သို့ဖြင့် ၁၉၅၁ ခုနှစ်တွင် သူတို့နှစ်ယောက် လက်ထပ်ဖြစ်ကြသည်။ မင်္ဂလာပွဲက အလွန်တရာ ကြီးကျယ်ခမ်းနားလှလေရာ မတက်ရောက်နိုင်သူများ 'လွဲချက်နာကြောင်း' ပြောမဆုံးအောင် ဖြစ်ရလေသည်။

လက်ထပ်ပြီး တစ်နှစ်နှင့် တစ်ရက်တိတိကြာသောနေ့တွင် သမီးကလေး တစ်ယောက်ကို မျက်နှာမြင်သည်။

ရိုစယ်လီဟု အမည်ပေးသည်။ ဟာဗေး၏ အသည်းကြော် သမီးကလေး ဖြစ်သည်။

ထိုသမီးကို မျက်နှာမြင်ယင်း အာလင်း၏သားအိမ်ကို ဖြတ်ထုတ်လိုက်ရသောကြောင့် နောက်ထပ်သားသမီးရတနာ မထွန်းကားနိုင်တော့ပါ။ ထို့ကြောင့်လည်း တစ်ဦးတည်းသော သမီးကလေး ရိုစယ်လီကို ဟာဗေးက အတိုင်းချပြီး ချစ်ရလေတော့သည်။

မြေးကို အကြောင်းပြုပြီး ယောက္ခမကြီးနှင့်လည်း အထိုက်အလျောက် အဆင်ပြေလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးကလေးကို ဝါရှင်တံန်မြို့ရှိ အကောင်းဆုံး ကျောင်းသို့ပို့ပြီး ပညာ သင်စေသည်။ တက္ကသိုလ်မှဘွဲ့ရသောအခါ ပြင်သစ်နိုင်ငံရှိ ဆိုဘုန်း တက္ကသိုလ်သို့ ဆက်ပို့ပြန်သည်။

ရိုစယ်လီ၏ အချစ်ရေးကိစ္စနှင့် ပတ်သက်၍ ဟာပေးအနေဖြင့် နည်းနည်းကလေးမှ ကျေနပ်နိုင်ခြင်းမရှိပါ။ ရိုစယ်လီ တွဲသမျှ ယောကျ်ားများကို ဟာပေးက အကြောင်းအမျိုးမျိုးပြပြီး ကန့်ကွက်နေသည်။

ရိုစယ်လီ၏ ရည်းစားတစ်ယောက်ကို ဆံပင်ရှည်သည်၊ ဗီယက်နမ်နိုင်ငံသို့ သွားရောက် စစ်မှုထမ်းဖို့ ငြင်းသည်ဟူသော အကြောင်းပြချက်များဖြင့် ဟာပေးက ကန့်ကွက်သည်။

ရိုစယ်လီကလည်း ဆံပင်ရှည်ခြင်း၊ နိုင်ငံရေးအယူအဆ မတူညီခြင်း များသည် ထိုသူ၏ စိတ်နေသဘောထား အစစ်အမှန်နှင့် မဆိုင်ကြောင်း ပြန်တင်ပြသည်။

သားအဖချင်း အယူအဆမတိုက်ဆိုင်သဖြင့် ရိုစယ်လီက တိုင်းပြည်သို့ ပြန်မလာဘဲ နေသည်။ ဟာပေးမှာ သမီးကိုတော့လွမ်းပါ၏။ သို့သော်လည်း တင်းခံထားလိုက်သည်။

လူ့လောကကြီးတွင် ဟာပေးအချစ်ဆုံး သုံးခုရှိပါသည်။

ပထမမှာ ရိုစယ်လီ ဖြစ်သည်။

ဒုတိယက ပန်းချီကား ဖြစ်သည်။

တတိယက သစ်ခွပန်း ဖြစ်လေသည်။

ပထမအချစ်မှာ သမီးကလေး ရိုစယ်လီ မျက်နှာမြင်သည့် အချိန်မှ စတင်အမြစ်နိုင် ခဲ့လေသည်။

ဒုတိယအချစ်မှာ နှစ်ပေါင်းများစွာကတည်းက အခြေခိုင်ပြီး တစတစ ကြီးထွားလာခဲ့ခြင်း ဖြစ်သည်။

ပန်းချီကားများကို ချစ်မြတ်နိုးလာပုံမှာလည်း အတော်ကလေး တော့ ထူးဆန်းသည်ဟု ဆိုရပေလိမ့်မည်။

ရှပ်ပလေနှင့်သားများ ကုမ္ပဏီနှင့် ဆက်သွယ်နေသည့် ကုန်သည် တစ်ယောက် ကုန်အရှုံး ကြီးရှုံးကာ ကုန်းကောက်စရာ မရှိတော့လောက်အောင် ဖြစ်သွားသည်။ ကုမ္ပဏီကလည်း သူ့ထံမှ ကြွေးအမြောက်အမြား ရစရာရှိ နေသည်။ ဟာပေးကကြွေးသွားတောင်းသည်။ သို့သော် ကုန်သည်မှာ ဆပ်စရာလုံးဝမရှိ။

ဟာပေးကလည်း ရစရာရှိသည်ကို သွားတောင်းလျှင် လက်ချည်း





ပြန်တတ်သူမဟုတ်။ ထို့ကြောင့် ကြွေးရှင်အိမ်မှာ ချိတ်ထားသော ကမ္ဘာကျော် ပန်းချီဆရာ ရေနွားရ်၏ ပန်းချီကားကြီး ကို ဒေါ်လာ ၁၀,၀၀၀ တန်ဖိုး ဖြတ်ပြီး ဖြတ်ယူခဲ့သည်။

သူ့ စိတ်ကူးကတော့ ထိုပန်းချီကားကို တန်ရာတန်ကြေး ရလျှင် ချက်ချင်းပြန်ရောင်းပစ်ဖို့ဖြစ်သည်။ သို့သော်လည်း မရောင်းမီ အိမ်မှာထား ယင်းဖြင့် ပန်းချီကားကို သဘောကျလာသည်။ အရသာ ခံစားတတ်လာသည်။

ပန်းချီကားများကို ဝယ်ယူစုဆောင်းခြင်းသည် အရှုံးမရှိနိုင် သော ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ကြောင်းလည်း သဘောပေါက် လာသည်။ သို့ဖြင့် ရနိုင်သမျှ ပန်းချီကားများကို ဝယ်ယူ စုဆောင်း တော့သည်။

ယခုအခါတွင် သူ့လက်ဝယ်၌ မိုနေး၏ ပန်းချီကား နှစ်ကား ရေနွား၏ ကားတစ်ကား၊ ပီကာဆို နှစ်ကား၊ ပစ်စာရို တစ်ကား၊ အူထရီလို တစ်ကား၊ ဒေးဂန်း တစ်ကားအပြင် နာမည်အထိုက်အလျောက် ကျော်ကြားသည့် အခြားပန်းချီဆရာ တော်တော်များများ၏ ကားများပါ စုဆောင်းပြီး ဖြစ်နေသည်။

ဗင်ဂိုး၏ ပန်းချီကားကို အသေရရ အရှင်ရရ ဝယ်ဖို့လည်း ပိုင်းဖြတ်ထား သည်။

နယူးယောက်မြို့ ပန်းချီအရောင်းဆိုင်တစ်ခုက တည်ခင်းသော လေလံတင်ပွဲတွင် ဗင်ဂိုး၏ ကားတစ်ကားပါဖူးသည်။ ထိုကားကို ဒေါက်တာ အာမင်ဟင်းမားက ဒေါ်လာ တစ်သန်း နှစ်သိန်းပေးပြီး ဝယ်သွားရာ ဟာပေးမှာ ဈေးငွေအထိ မလိုက်လိုက် မိသောကြောင့် လက်လွှတ်ခဲ့ ရသည်။

သူချစ်သော တတိယအရာမှာ သစ်ခွပန်းဖြစ်သည်။ ရှားပါး သော မျိုး၊ အဖိုးတန်သောမျိုးများကို ဝယ်ယူစုဆောင်းသည်။ ဘော့စ်တွန်မြို့မှာ ကျင်းပသော ပန်းပြပွဲတွင် သုံးကြိမ်တိုင်တိုင် ပထမရဖူးသည်။

သူ့ယောက္ခမကြီးသည် နှစ်စဉ်နှစ်တိုင်း ပထမဆုများရရှိခဲ့ လေရာ ဟာပေးဝင်ပြိုင်သည့် အချိန်မှစ၍ ဒုတိယဆုနှင့်သာ ကျေနပ်ရလေတော့သည်။

* * *

အခုအခါတွင် ဟာပေးသည် ဥရောပတိုက်သို့လည်း တစ်နှစ်လျှင် အကြိမ်ကျ သွားရောက်လည်ပတ်လေ့ရှိသည်။

အင်္ဂလန်ပြည် အေးစကော့မြင်းပြိုင်ပွဲမှာလည်း သူ့မြင်းများ ကို ဝင်ရောက် ယှဉ်ပြိုင်စေသည်။ နှစ်စဉ်ကျင်းပသော ဘုရင်မဖလားပွဲ ကို ကိုယ်တိုင်သွားရောက် ကြည့်ရှု လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘင်္ဂလားပင်လယ်အော် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ငါးလှ မြစ်ဝသို့ ဆက်လက်ရွက်လွှင့်ခဲ့သည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော တင်းနစ် မြစ်ရှိ ခြင်းသောရာ ဖိုးဗိုးစ်ဖွဲ့ကိုလည်း မလွတ်တမ်း ကြည့်သည်။

ခရီးသွားထန်လွှဲဆိုသလို ဥရောပတိုက်သို့ သွားသင်း လိုအင်သော စီးပွားရေးလုပ်ငန်းများကိုပါ လုပ်သည်။ ဆွစ်ဇာလန်နိုင်ငံရှိ ဘဏ်တိုက်များမှာ သူ့ငွေများ အပ်ထားသည်။

* * *

နှစ်ပေါင်းများစွာအတွင်း သူ့အများကြီး ချမ်းသာလာသည်။ သို့သော် လည်း သူ့လောဘကို သူ မသတ်နိုင်ပါ။ ထို့ကြောင့် ငွေရနိုင်သည့် အခွင့်အလမ်း များ ပေါ်ပေါက်လာပြီ ဆိုလျှင် မလွတ်တမ်း ရယူလေ့ရှိသည်။

၁၉၆၄-ခုနှစ်တွင် သူ့အတွက် ရောမအခွင့်အရေးကြီး တစ်ခု ပေါ်ပေါက် ခဲ့သည်။

မြောက်ဘက် ပင်လယ်ပြင်တွင် ရေနံရှာဖွေခွင့်နှင့် ရေနံတူးဖော် ထုတ်လုပ်ခွင့်လိုင်စင်များ ထုတ်ပေးမည်ဖြစ်ကြောင်း ဗြိတိသျှ အစိုးရက ကြေငြာသည်။

၁၉၆၄-ခုနှစ်၊ မေလ ၁၃ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေငြာရာတွင်

ယူနိုက်တက်ကင်းဒမ်းနိုင်ငံသားများ၊ သို့တည်းမဟုတ် ယူနိုက်တက် ကင်းဒမ်း ကိုလိုနီနိုင်ငံသားများသည် လည်းကောင်း၊ သို့တည်းမဟုတ် ယူနိုက် တက် ကင်းဒမ်းနိုင်ငံတွင်း၌ ကုမ္ပဏီ တည်ထောင်သူများသည် လည်းကောင်း အောက်ပါ လုပ်ပိုင်ခွင့်များကို လျှောက်ထားပိုင်ခွင့်ရှိသည်။

(က) ရေနံတူးဖော်ထုတ်လုပ်ခွင့် လိုင်စင်၊

သို့တည်းမဟုတ်၊

(ခ) ရေနံရှာဖွေခွင့်လိုင်စင်။

ဟာမားသည် ထိုကြေငြာချက်ကို အထပ်ထပ်အခါခါ ဖတ်သည်။ မပြောပလောက်သော ငွေကြေးအနည်းငယ်မျှဖြင့် လုပ်ငန်းတစ်ခု ထူထောင် နိုင်မည့် အခွင့်အရေးဖြစ်ကြောင်း သဘောပေါက်သည်။

ငွေအနည်းငယ်မျှဖြင့် လုပ်ငန်းထူထောင်နိုင်ပြီဆိုလျှင် ကမ္ဘာကျော် ရေနံ ကုမ္ပဏီကြီးများဖြစ်ကြသော ရှဲလ်၊ ဘီပီ၊ တိုတယ်၊ ဂတ်ဖ်နှင့် အိုစီဒင်တယ်တို့ နှင့် ရင်ပေါင်တန်းနိုင်တော့မည် ဖြစ်သည်။

ထို ကုမ္ပဏီကြီးများ၏ ငွေကြေးပမာဏနှင့် အောင်မြင်မှုကို မယှဉ်ပြိုင်နိုင် သော်ငြားလည်း ရေနံထုတ်လုပ်သည့် ဂုဏ်ပုဒ်ကိုတော့ ရရှိပေလိမ့်မည်။

ထိုမျှော်လင့်ချက်ဖြင့် ကြေငြာချက်နှင့် နည်းဥပဒေများ လုပ်ပိုင်ခွင့်များကို





အသေးစိတ် လေ့လာသည်။

တစ်ခုပဲ အခက်အခဲရှိနေသည်။

သူသည် ဗြိတိသျှ နိုင်ငံသားမဟုတ်၊ ဗြိတိသျှကိုလိုနီ နိုင်ငံသားမဟုတ်။ ဗြိတိသျှနိုင်ငံတွင်း မှာလည်း သူ့ပိုင်ကုမ္ပဏီ ထူထောင်ထားခြင်း မရှိ။

သို့သော်လည်း ထိုအခက်အခဲမှာ အလွယ်တကူ ကျော်လွှား နိုင်သော အခက်အခဲပင် ဖြစ်လေသည်။

ဗြိတိသျှနိုင်ငံတွင် သူနှင့် စီးပွားဖက်များ ရှိသည်။ ထိုသူများကို အပ်ချုပ်နေ ဘုတ်အဖွဲ့ ဖွဲ့စည်းပေးကာ ကုမ္ပဏီတည်ထောင်နိုင်လျှင် ရနိုင် သည်။ သူနှင့် ဆက်သွယ်နေသော ဘဏ်တိုက်များ ကို ကျောထောက်နောက်ခံ လုပ်နိုင်မည်။

သို့ဖြင့် 'ပဓော်ပေက်တာ ရေနံကုမ္ပဏီ'ကို တည်ထောင် လိုက်သည်။

ဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ဗြိုတေးကြီး လော့ဒ်ဟန်နီဆက်ကို ခန့်ထားသည်။ ၁၉၆၄-ခုနှစ် ရွေးကောက်ပွဲတွင် လေဘာပါတီ အနိုင်ရသွားသောကြောင့် အရေးနိမ့်သွားသည့် အမတ်ဟောင်း နှစ်ယောက်ကို ဘုတ်အဖွဲ့ထဲမှာ ထည့် ပေးသည်။

အပ်ငွေရင်းနှီးမြှုပ်နှံမှု အစုရှယ်ယာပေါင်း ၂၀၀၀,၀၀၀ ကို ချိတ် နိုင်ဆိုတ်ပေ သည်။ ထို အစုရှယ်ယာအားလုံးကို သူကိုယ်တိုင်က ပြန်ကိုင်ထားသည်။ လုပ်ဘတ်သမ်း၏ ဘာတာလေ ဘဏ်တိုက်ခွဲမှာ ဒေါ်လာ ၅၀၀,၀၀၀ အပ်သည်။

ထိုလုပ်ငန်းများပြီးသည်နှင့် တပြိုင်တည်း လော့ဒ်ဟန်နီဆက် ကို အစိုးရ ထံမှာ လိုင်စင် လျှောက်နိုင်းလိုက်သည်။

၁၉၆၅-ခုနှစ်၊ မေလ ၂၂ရက်နေ့ထုတ်သည့် အစိုးရပြန်တမ်း တွင် အခြားကုမ္ပဏီ ၅၂-ခုနှင့်အတူ "ပဓော်ပေက်တာ ရေနံ ကုမ္ပဏီ"အား ရေနံရှာဖွေထုတ်လုပ်ခွင့် လိုင်စင်ထုတ်ပေး လိုက်ကြောင်း ကော်ပြပါရှိသည်ကို တွေ့ကြရလေသည်။

သူ့အစီအစဉ်များ ချောချောမောမော အောင်မြင်သွားသည်။ ထို့ကြောင့် အတွက် ကောင်းဝင်မည့်အချိန်ကို စောင့်ဆား ဆေးဆေးထိုင်စောင့်နေရုံသာ ရှိတော့သည်၊ သူ့အဖို့ အလျှင်စလို လုပ်ရန်လည်း မလိုပါ။

ဘီပီကုမ္ပဏီက အကွက်ပေါင်း ၄၀ လိုင်စင်ယူသည်၊ ၁၉၇၂ ခုနှစ် ရောက်လာတွင် ရေနံတွင်းတွေ့ရှိသည်၊ ထို့ကြောင့် ဒေါ်လာ သန်းပေါင်း ၁၀၀၀ ခန့်ကိုမြှုပ်နှံငွေ ထပ်တည့်ပြီး အလုံးအရင်း နှင့် တူးဖော်ကြတော့သည်။

ဟာမား၏ ပဓော်ပေက်တာ ရေနံကုမ္ပဏီ လိုင်စင်ရထား သော အကွက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုက္ခနာ၏ အကွက်နှင့် ဆက်လျက်ဖြစ် သည်။ ထို့ကြောင့် သူတို့အကွက်မှ ခနေနံ့သွက်ပြီဆိုလျှင် မိမိအကွက်ကိုလည်း လူများ မျက်စိကျလာမည်ဖြစ်ကြောင်း အတပ် တွေးမိထားပြီး ဖြစ်သည်။

၁၉၇၂-ခုနှစ်တွင် ရီးဒီန်းအင်ဘိတ်ကုမ္ပဏီမှ ရေနံတူးစက်ကြီး တစ်လုံး ငှားသည်။ ထိုစက်ကြီးနှင့် ပေ ၆၀၀၀ အနက်တူးသည်။ ဘာမှမတွေ့သော ကြောင့် အလုပ်သမားများကို လျော်ကြေးပေးပြီး ခေတ္တရပ်ဆိုင်းထားသည်။ ရေနံတူးစက်ကြီးကိုမူ ပြန်မအပ်ပဲ ဆက်ငှားထား သည်။ ဆက်လက်တူးဖော်ဦး မည်ဟု အကြောင်းပြသည်။

ထိုအချိန်မှာပင် သူ့လက်ဝယ်ရှိနေသော အစုရှယ်ယာ နှစ်သန်းကို နည်းနည်းချင်း ထုတ်ရောင်းသည်။

ဆယ်ပဲနိတန် အစုရှယ်ယာများသည် နှစ်ပေါင်နီးပါးဈေးနှုန်းသို့ တဖြည်း ဖြည်း ချင်းတက်လာသည်။

မည်သည့်အကြောင်းကြောင့် အစုရှယ်ယာ ဈေးနှုန်းများ တက်လာရ သနည်းဟု သတင်းထောက်များက မေးမြန်းကြသည်။

ပရော်စပက်တာ ရေနံကုမ္ပဏီမှ ပြန်ကြားရေး တာဝန်ခံက သူ့ကို သင်ကြားပေးထား လိုက်သည့်အတိုင်း၊

'လောလောဆယ် ထုတ်ဖော်ပြောဆိုခွင့်မရှိကြောင်း။ မကြာမီ ကြေငြာချက် တစ်စောင်ကို ထုတ်ပြန်စရာရှိကြောင်း' ပြန်ဖြေ သည်။

လန်ဒန်ရုံးခွဲတွင် ထိုင်ပြီး ပရော်စပက်တာ ကုမ္ပဏီကို တိုက်ရိုက် အုပ်ချုပ်နေသူမှာ ဘာနီဆေးလ်တား ဖြစ်သည်။ ဟာဗေး နှင့် နှစ်ပေါင်းများစွာ အတူတူလုပ်ခဲ့ပြီး ဟာဗေး၏ ယုံကြည် အားထားခြင်းခံရသူလည်း ဖြစ်သည်။

ဟာဗေးနှင့် ပရော်စပက်တာ ရေနံကုမ္ပဏီတို့ အဆက် အသွယ်ရှိ ကြောင်းကို မည်သူမှ မသိအောင် ဖုံးဖိပေးထားသည်။

၁၉၇၄-ခုနှစ် ဇန်နဝါရီလတွင် အစုရှယ်ယာဈေးနှုန်းသည် သုံးပေါင်အထိ တက်လာ သည်။

ဟာဗေးကလည်း ဟားဗတ် စီးပွားရေးတက္ကသိုလ်ထွက် ဒေးဗစ်ကက်စလာ အမည်ရှိ လူငယ်ကလေးတစ်ယောက်ကို အသုံးချပြီး နောက်ထပ်ခြေလှမ်းတိုးဖို့ ဆုံးဖြတ်လိုက်လေတော့ သည်။

* * *





၂

ဒေးဗစ်ကက်စလာက မျက်မှန်ကို အပေါ်သို့ ပင့်တင်လိုက်ပြီး ဘော့စ် တွန်ဂလုပ် သတင်းစာမှ စီးပွားရေးကဏ္ဍကို တစ်ကြိမ် ထပ်ဖတ်သည်။ သူ့ကိုယ် သူ အိပ်မက်မက်နေသလား ထင်သည်။ အမှန်တော့ သူအိပ်မက်မက်နေခြင်း မဟုတ်ပါ။

ဗြိတိန်နိုင်ငံတွင် အခြေစိုက်ပြီး မြောက်ဘက်ပင်လယ်ပြင်တွင် ရေနံရှာဖွေ ရေး လုပ်ငန်းများ လုပ်ကိုင်နေသည့် ရေနံကုမ္ပဏီတစ်ခုသည် လုပ်ငန်းများ တိုးချဲ့ရန် စီစဉ်ထားပြီး ဖြစ်သည်။ ထို့ကြောင့် အစုရှယ်ယာ အရောင်း အဝယ်နှင့် စီးပွားရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိသော လူငယ် အုပ်ချုပ်ရေးမှူးသမားတစ်ဦး အလိုရှိကြောင်း ကြော်ငြာအပ်ပါသည်။ လစာတစ်နှစ်လျှင် ဒေါ်လာ ၂၅,၀၀၀ ပေးမည်။ နေအိမ်အခမဲ့ ပေးမည်။ လန်ဒန်မြို့တွင် နေထိုင်ပြီး တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ စာတိုက်သေတ္တာ နံပါတ် ၂၁၇ (က)သို့ လျှောက်ပါ။

ဒေးဗစ်ကက်စလာသည် ထိုကြော်ငြာကို တစ်ကြိမ်ထပ်ဖတ် ကြည့်ယင်း သူ့အရည် အချင်းနှင့်ကိုက်ညီနိုင်သည်ဟု စဉ်းစားကြည့်မိသည်။ သူသည် ဟားဗတ်စီးပွားရေးတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ရထားသူ ဖြစ်သည်။

နောက်ဆုံးတော့ လျှောက်လွှာရေးပြီး ကြော်ငြာတွင် ဖော်ပြထားသော စာတိုက်သေတ္တာ လိပ်စာရေးကာ ပို့လိုက်သည်။

ရက်အနည်းငယ် အကြာမှာပင် လူတွေ့စစ်ဆေးခံဖို့ ခေါ်သည့်စာ ရောက်လာသည်။ ကော်ပလေဟိုတယ်သို့ ညနေ ၃နာရီ အရောက်လာရန် အကြောင်းကြားသည်။

၂ နာရီ ၄၅ မိနစ်တွင် သူရောက်သွားသည်။ သူ့စိတ်တွေ လှုပ်ရှား နေသည်။ ဟိုတယ်ရှိ ချိန်းထားသည့် အခန်းထဲသို့ ဝင်သွားယင်း စီးပွားရေး တက္ကသိုလ်က သင်ပေးလိုက်သည့်၊

"အင်္ဂလိပ်လူမျိုးလို ကျင့်၊ ဂျူးလူမျိုးလို တွေး" ဟူသော ဆောင်ပုဒ် ကလေးကို အထပ်ထပ် အခါခါ စိတ်ထဲမှ ရွတ်ဆိုနေမိ သည်။

အခန်းထဲမှာ လူသုံးယောက်ထိုင်နေသည်။ သူတို့ကိုယ်သူတို့ မိတ်ဆက် ရာမှာ ဘာနီ ဆေးလ်တားမင်း၊ ကူးပါးနှင့် အယ်လီ ယော့ဟု ဒေးဗစ်ကက်စလာ သိလိုက်ရသည်။ သူတို့ထဲမှာ ဘာနီ ဆေးလ်တားမင်းက ခေါင်းဆောင်ဖြစ်သည်။ ကျန်နှစ်ယောက်က သူ့ကို လက်ဝဲ လက်ယာ ခြံပြီး ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီ၏ နောက်ကြောင်း ရာဇဝင်နှင့် ရှေ့အလားအလာများကို ဘာနီဆေးလ်တားမင်းက ရှင်းပြသည်။

'စကော့တလန်ပြည် ကမ်းလွန်မြောက်ပိုင်း ပင်လယ်ပြင်မှာ ရေနံတူးဖို့ ကျုပ်တို့ ပြင်ဆင်နေကြတယ်။ မကြာခင်မှာ အကြီးကျယ်ဆုံး အခွင့်အလမ်းကြီး တစ်ခု ပေါ်ပေါက်လာတော့မယ်ဆိုတာ ကျုပ်တို့ ယုံကြည်ထားတယ်၊ ကျုပ်တို့ ကုမ္ပဏီကတော့ ပရော်စပက်တာ ရေနံကုမ္ပဏီပဲ၊ အမေရိကန်ပြည်ထောင်စုထဲ မှာ ရှိနေတဲ့ ဘဏ်တိုက်ကြီးတွေက ကျုပ်တို့ ကုမ္ပဏီကို ကျောထောက်နောက်ခံ ပြုထားတယ်၊ ဗြိတိသျှအစိုးရဆီကလည်း ရေနံတူးဖော်ခွင့် လိုင်စင်ရထားပြီးပြီ ဒါပေမယ့် ကုမ္ပဏီတွေဟာ ငွေနဲ့လုပ်တာ မဟုတ်ဘူး၊ လူက လုပ်တာ ဆိုတဲ့ ဆိုရိုးစကားရှိတယ် မဟုတ်လား၊ ဒါကြောင့် ပရော်စပက်တာရေနံကုမ္ပဏီ အောင်မြင်လာဖို့အတွက် နေ့ရောညပါ စွမ်းစွမ်းတမံ လုပ်နိုင်မယ့် လူငယ် တစ်ယောက် ကျုပ်တို့ လိုနေတယ်။ အမြင့်ဆုံး လစာကိုလည်း ပေးမယ်၊ တကယ်လို့ မောင့်ကို ကျုပ်တို့ ရွေးလိုက်ပြီဆိုရင် လန်ဒန်ရုံးမှာ အုပ်ချုပ်မှု ဒါရိုက်တာ မစ္စတာ အယ်လီယော့ရဲ့ လက်အောက်မှာ အလုပ် လုပ်ရမယ်'

'ကုမ္ပဏီ ရုံးချုပ်က ဘယ်မှာရှိပါသလဲ ခင်ဗျာ'

'နယူးယောက်မှာ ရှိတယ်၊ ဒါပေမယ့် ကျုပ်တို့ ရုံးတွေက မွန်ထရီယယ်၊ စန်ဖရန်စစ္စကို၊ လန်ဒန်၊ အဘာဒီးန်၊ ပါရီနဲ့ ဘရပ်ဆယ် မြို့တွေမှာပါ ဖွင့်ထား တယ်'

'ပရော်စပက်တာ ကုမ္ပဏီက အခြားအရပ်တွေမှာပါ ရေနံရှာဖွေဖို့ အစီအစဉ်ရှိပါသလား'

'လောလောဆယ်တော့ မရှိသေးဘူး၊ မြောက်ဘက်ပင်လယ်မှာ ဘီပီ ကုမ္ပဏီက ရေနံတွေ့ပြီးတဲ့ နောက်ပိုင်းမှာ ကျုပ်တို့ သန်းပေါင်းများစွာ ရင်းနှီး မြှုပ်နှံဖို့ စီစဉ်ထားတယ်၊ ကျုပ်တို့ ရေနံတူးမယ့် နေရာပတ်လည်မှာလည်း ဆက်တိုက် ရေနံတွေရနေကြပြီ'

'အရွေးခံရတဲ့လူကို ဘယ်အချိန်ကစပြီး အလုပ်ဝင်စေချင်ပါသလဲ'

'ဇန်နဝါရီလထဲမှာ အလုပ်ဝင်ဖို့ လိုလိမ့်မယ်'ဟု ရစ်ချက် အယ်လီယော့ က ဝင်ဖြေသည်။

'ကုမ္ပဏီပိုင်တဲ့ အိမ်က ဘယ်နားမှာရှိပါသလဲ ခင်ဗျာ'

'ဘာဘီကန်အရပ်မှာ ရှိတယ်၊ ကုမ္ပဏီနဲ့ ကိုက်နှစ်ရာ သုံးရာလောက်ပဲ ဝေးတယ်'

ထိုစကားကိုတော့ ကူးပါးက ပြောခြင်း ဖြစ်သည်။





ဒေးဗစ်အဖို့ ထိုထက် ပိုပြီးမေးစရာ မရှိတော့ပါ၊ ဘာနီ ဆေးလ်တားမင်းက ပြည့်စုံအောင် ပြောပြထားပြီး ဖြစ်သည်။

နောက်ဆယ်ရက်ကြာသောအခါ ဘာနီဆေးလ်တားမင်းနှင့် အတူတူ နယူးယောက်မြို့ရှိ '၂၁' ဟိုတယ်မှာ နေ့လယ်စာ အတူ လာစားရန် ဖိတ်သည့် ကြေးနန်းတစ်စောင်ကို ဒေးဗစ် လက်ခံရရှိလေသည်၊

ဟိုတယ်သို့ ရောက်သွားသောအခါ ကြီးကျယ်ခမ်းနားသည့် ဟိုတယ် ဖြစ်ကြောင်း တွေ့ရသည်၊ ပြီးတော့ စားပွဲများကိုလည်း တသီးတခြား ပြင်ဆင် ထားသည်၊ စီးပွားရေး လုပ်ငန်းရှင်များ လွတ်လပ်စွာ တိုင်ပင်ဆွေးနွေးနိုင်အောင် နေရာချထားပေးသည်၊

ဆေးလ်တားမင်းက ရောက်တတ်ရာရာများကို အေးအေးစွာ ပြောနေ သည်၊ နေ့လယ်စာ စားသောက်ပြီး ဘရန်ဒီ သောက်သည့်အချိန်ကျတော့မှ သူတို့ကုမ္ပဏီအတွက် ဒေးဗစ်ကို ခန့်ထားလိုက်ပြီ ဖြစ်ကြောင်း၊ တစ်နှစ်လျှင် လစာငွေဒေါ်လာ ၂၅,၀၀၀ ပေးမည် ဖြစ်ကြောင်း ဆေးလ်တားမင်းက ထုတ်ဖော် ပြောဆိုသည်၊

လစာငွေ ဒေါ်လာ ၂၅,၀၀၀ ရမည်ဆိုသည်က တစ်ကြောင်း၊ ကုမ္ပဏီ၏ ရှေ့အလားအလာမှာလည်း အလွန်ကောင်းနေသည်မှာ တစ်ကြောင်းတို့ကြောင့် လာမည့် ဇန်နဝါရီလ ၁ ရက်နေ့မှစပြီး လန်ဒန်ရုံးတွင် စတင်အလုပ်ဝင်မည် ဖြစ်ကြောင်း ဒေးဗစ်ကတ်စလာက ဝမ်းသာအားရ အဖြေပြန်ပေးလိုက်လေ သည်၊

* * *

ဒေးဗစ်ကတ်စလာသည် အင်္ဂလန်နိုင်ငံသို့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူး သေးပါ၊ မြက်တွေ အလွန်စိမ်းနေပြီး လမ်းများကလည်း အလွန်ကျဉ်းလှသည်ဟု ထင်မှတ်မိသည်၊

အိမ်များကလည်း ပူးကပ်နေသည်၊ ခြံစည်းရိုးချင်း ဆက်နေသည်၊ အမေရိကန် ပြည်ထောင်စုမှာတော့ လမ်းကြီးတွေက ကျယ်သည်။ အိမ်တွေက ကြီးသည်၊ ထို့ကြောင့် လန်ဒန်မြို့ကြီးကို အရုပ်မြို့ကလေးလို ထင်မှတ်မိသည်၊

ပရော်စပက်တာ ရေနံကုမ္ပဏီ၏ ရုံးက ဗစ်တိုးရီးယန်း အဆောက်အအုံ ကြီးထဲမှာ ရှိသည်၊ အခန်းခုနစ်ခန်း ရှိသည်၊ ဘာနီဆေးလ်တားမင်း၏ အခန်းက အကျယ်ဆုံးဖြစ်သည်၊ မစ္စတာ အယ်လီယော့၏ အခန်းက သူ့လောက်မကျယ်၊ စည်းဝေးခန်း၊ တဲလက်စ်ခန်း၊ အတွင်းရေးမှူး နှစ်ယောက်အတွက် နှစ်ခန်းနှင့် စာရေးအတွက် ခပ်ကျဉ်းကျဉ်း တစ်ခန်း ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်က သူ့အခန်းကျဉ်းကလေးကို ကြည့်ပြီး စိတ်ပျက်သွားမိသည်။ သို့သော်လည်း ဆေးလ်ဗားမင်းက လန်ဒန်တွင် အခန်းဈေးများကြီးကြောင်း၊ စတုရန်း တစ်ပေလျှင် ဒေါ်လာ ၃၀ ဈေး ရှိကြောင်း၊ နယူးယောက်တွင် ၁၀ ဒေါ်လာသာရှိကြောင်း ရှင်းပြ သောကြောင့် ကျေနပ်လိုက်ရလေတော့သည်။

သတင်းပို့ရန် ဒေးဗစ်ရောက်သွားသောအခါ ဘာနီဆေးလ် ဗားမင်း၏ အတွင်းရေးမှူး ဂျူးဒစ်လင်မ်ဆန်က ကြီးကျယ်ခမ်းနား သော အခန်းကြီးထဲသို့ ဒေးဗစ်ကို ပို့ပေးသည်။

ကြီးမားခန့်ညားသည့် စားပွဲကြီးနောက်မှာ ဆေးလ်ဗားမင်း ထိုင်နေသည်။ သူ့အနားမှာ တယ်လီဖုန်း လေးလုံးရှိသည်။ သုံးလုံးက အဖြူရောင်ဖြစ်ပြီး ကျန်တစ်လုံးက အနီရောင် ဖြစ် သည်။

ထိုတယ်လီဖုန်း အနီမှာ အမေရိကန်ပြည်ထောင်စုရှိ တယ်လီဖုန်း တစ်လုံးနှင့် တိုက်ရိုက် ဆက်သွယ်ထားကြောင်း နောက်ပိုင်းကျမှ ဒေးဗစ်သိရသည်။ သို့သော်လည်း မည်သူနှင့် တိုက်ရိုက်ဆက်သွယ်ထားကြောင်းကိုမူကား ဘယ်သောအခါတွင်မှ သူသိခွင့်ကြုံရလိမ့်မည် မဟုတ်ပါ။

'မင်္ဂလာ မစ္စတာဆေးလ်ဗားမင်း . . . ကျွန်တော် ဘာအလုပ် ကို စလုပ်ရမလဲ ခင်ဗျာ'

'ဘာနီ . . . ကျုပ်ကို ဘာနီလို့ပဲ ခေါ်ပါ။ ထိုင် . . . ထိုင် . . . လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက် အတွင်းမှာ ကုမ္ပဏီရဲ့အစုရှယ်ယာ ဈေးနှုန်း အပြောင်းအလဲ ဖြစ်လာတာကို မောင်သတိထား မိရဲ့လား'

'သေသေချာချာ သတိထားမိပါတယ် ခင်ဗျာ၊ ခြောက် ဒေါ်လာ နီးပါး အထိ ဈေးတက်လာပါတယ်၊ ဒီလို ဈေးတက်လာတာဟာ ကျွန်တော်တို့ ကုမ္ပဏီကို ဘဏ်တိုက်အသစ်တစ်ခုက ကျောထောက်နောက်ခံပေးတာနဲ့ တခြားကုမ္ပဏီတွေ ရေနံစ, တွေ့နေကြလို့ ဈေးတက်လာတာ ဖြစ်တယ်လို့ ကျွန်တော် ထင်ပါ တယ်'

'မဟုတ်ဘူး'

ဘာနီဆေးလ်ဗားမင်းက သူပြောသည့် စကားကို အခြားသူများ ကြားသွား မည်ကို စိုးရိမ်သည့်အလား အသံကို နှိမ့်ချလိုက်သည်။

'အမှန်က ကျုပ်တို့ရေနံတွင်းက ရေနံတွေ့လာလို့ပဲ၊ ဒါပေမယ့် ဒီ အကြောင်းကို ဘယ်အချိန်မှာ ထုတ်ပြီးကြေငြာရမယ်ဆိုတာ ကျုပ်တို့မဆုံးဖြတ် ရသေးဘူး၊ ဟောဒီမှာ ဘူမိဗေဒ အစီရင်ခံစာ'

ဘာနီက ဆေးရောင်စုံခြယ်ပြီး သပ်ရပ်စွာ ပြုလုပ်ထားသော ဖိုင်တွဲတစ်ခု





ကို ဒေးဗစ်ဘက် သို့ တိုးပေးလိုက်လေသည်။

ဒေးဗစ်က ခပ်တိုးတိုးကလေး လေချွန်လိုက်မိသည်။

'ဒီလိုဆိုယင် လောလောဆယ် ကျွန်တော်တို့ ကုမ္ပဏီရဲ့ အစီ အစဉ် တွေက ဘယ်လိုများ ရှိပါသလဲ ခင်ဗျာ'

'ရက်သတ္တ သုံးပတ်လောက်အတွင်းမှာ ကျုပ်တို့ ထုတ်ဖော် ကြေငြာမယ်၊ ရေနံတွေ့နေတဲ့ အကြောင်း မကြေငြာခင် လိုအပ်တဲ့ ပြင်ဆင်မှုတွေကို လုပ်ရဦး မယ်၊ ရေနံတွေ့ကြောင်း ကြေငြာလိုက် ယင်တော့ အစုရှယ်ယာဈေးနှုန်းတွေဟာ မိုးထိအောင် လှေကား ထောင်ပြီး တက်သွားမှာပဲ'

'ဈေးနှုန်းတွေက အခုလဲ တက်နေတာပါပဲ ခင်ဗျာ၊ လူတချို့က ကျွန်တော် တို့ ရေနံတွေ့ နေတဲ့အကြောင်း သိသွားပြီနဲ့ တူတယ်'

'ကျုပ်လဲ ဒီလိုပဲ ထင်တယ်၊ ဒီမည်းမည်းအရည်တွေ မြေပြင် ပေါ် ပန်းထွက်လာပြီး ဟောဆိုယင် လူမသိအောင် ဖုံးဖိဖို့ဆိုတာ မလွယ်ဘူး မဟုတ် လား ဟား . . . ဟား . . . ဟား . . .'

ဆေးလ်ဗားမင်းက သူ့စကားကိုသူ သဘောကျသည့် အလား တဟားဟား ရယ်သည်။

'ဥပဒေကြောင်းအရ အခက်အခဲတွေများ ပေါ်နိုင်စရာ ရှိပါသလား'

'ခု အချိန်အထိတော့ ဘာအခက်အခဲမှ ပေါ်နိုင်စရာ အကြောင်း မရှိဘူး၊ ကျုပ်တို့ကုမ္ပဏီ ထဲကို ငွေရင်းထည့်ချင်တဲ့ လူများရှိယင် ကျုပ်ကို အသိပေးပါ၊ ဒီက ဥပဒေတွေက အမေရိကန်ပြည်ထောင်စုမှာလို သိပ်မတင်းကျပ်လှပါဘူး'

'အစုရှယ်ယာ ဈေးနှုန်းက ဘယ်လောက်ထိများ တက်သွား နိုင်တယ်လို့ ထင်ပါသလဲ ခင်ဗျာ'

ဆေးလ်ဗားမင်းက ဒေးဗစ်၏ မျက်လုံးများကို တည့်တည့် စိုက်ကြည့် လိုက်သည်။ ပြီးတော့မှ ပြောသည်။

'ဒေါ်လာ ၂၀'

ဒေးဗစ်က သူ့ရုံးခန်းထဲသို့ ပြန်လာသည်။ ဘာနီဆေးလ် ဗားမင်း ပေး လိုက်သည့် ဘူမိဗေဒအစီရင်ခံစာကို သေသေချာချာ ဖတ်သည်။ ပရော်ဖက် ဘာ ရေနံတွင်းများက ရေနံထွက်နေပြီ ဖြစ်သော်လည်း မည်သည့်အတိုင်း အတာအထိ ရေနံထုတ်ယူရရှိမည်ကို လောလောဆယ်အတိအကျ မခန့်မှန်းနိုင် သေးကြောင်း ဖော်ပြထားသည်။

သူ့နာရီကို မြှောက်ကြည့်သည်။ အစီရင်ခံစာထဲမှာ နာရီ ပေါင်းများစွာ နစ်မြုပ်သွားမိ သည့်အတွက် သူ့ကိုယ်သူ မကျေမနပ် ပြန်ကျိန်ဆဲမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အစီရင်ခံစာကို လက်ကိုင်အိတ်ထဲထည့်ပြီး ရုံးထဲမှ ထွက်ခဲ့သည်။ အငှားကား တစ်စီးကိုတားကာ ပက်ဒင်တန်ဘူတာရုံသို့ လာသည်။ ၆ နာရီ ၁၅ မိနစ် ရထားကိုမီရုံသာ ရှိတော့သည်။

ဟားဗတ်တက္ကသိုလ်တုန်းက ကျောင်းနေဘက် သူငယ်ချင်း တစ်ယောက်နှင့် အောက်စဖို့မှာ ညစာအတူစားဖို့ ချိန်းထားပြီး သား ဖြစ်နေသည်။

အောက်စဖို့သို့ မီးရထားစီးလာယင်း ကျောင်းနေဘက် သူငယ်ချင်း စတီဖင်ဘရက်ဒ်လေ အကြောင်းကို စဉ်းစားလာမိ သည်။

စတီဖင်ဘရက်ဒ်လေသည် စာအလွန်တော်သည့် ကျောင်းသားဖြစ်သည်။ သူတို့လို စာကောင်းကောင်း မလိုက်နိုင်သော ကျောင်းသားများကိုလည်း ကူညီပြီး စာပြပေးသည်။

ကနေဒီအထိမ်းအမှတ် ပညာသင်ဆု ရခဲ့သည်။ သင်္ချာပါရဂူ ဘွဲ့ရခဲ့ သည်။ သင်္ချာဘာသာ ရပ်နှင့် ပတ်သက်ပြီး ဝစ္စတာ ရွှေတံဆိပ် အပ်နှင်းခြင်း ခံခဲ့ရသည်။

ယင်းတံဆိပ်များသည် တန်ဖိုးအရ မပြောပလောက်သော်လည်း အလုပ် လုပ်ရာတွင်မူ များစွာအထောက်အကူ ရလေသည်။ ကြိုက်ရာအလုပ်ကို ခေါင်းခေါက်ရွေးနိုင်သည်။

ယခုလည်း အောက်စဖို့မှာရှိသော မဂ္ဂဒါလင် တက္ကသိုလ်၌ အဆင့်မြင့် အက္ခရာသင်္ချာများကို လေ့လာယင်း ဧည့်သည်ပါမောက္ခအဖြစ်တာဝန်ထမ်း ဆောင်နေသည်။ သူရှာဖွေတွေ့ရှိသော အက္ခရာသင်္ချာနည်းသစ်များကို သင်္ချာ မဂ္ဂဇင်းများတွင် မကြာခဏ ဖတ်ရှုနေရလေသည်။

အောက်စဖို့သို့ ၇ နာရီ ၁၅ မိနစ်တွင် ရထားဝင်လာသည်။ တက္ကစီ တစ်စီးငှားပြီး တက္ကသိုလ်ရှိရာသို့ ဆက်လာသည်။ တက္ကသိုလ်မှ အမှုထမ်း တစ်ယောက်က ပါမောက္ခ စတီဖင်ဘရက်လေ၏ အခန်းထဲသို့ လိုက်ပို့ပေး သည်။

ငယ်သူငယ်ချင်းနှစ်ယောက် တစ်ပြည်တစ်ရွာမှာ ပြန်တွေ့ ကြရသော ကြောင့် ဝမ်းသာမဆုံး ဖြစ်နေကြသည်။ စကားပြောမကုန်နိုင်အောင် ဖြစ်နေ ကြသည်။

စာအလွန်တော်သော သင်္ချာပါရဂူ ပါမောက္ခကြီးသည် အခြားအခြားသော ပါမောက္ခများ ကဲ့သို့ပင် ဖြစ်သလိုနေသည်ကို လည်း ဒေးဗစ် သတိထားမိသည်။ အဝတ်အစားက မသပ်မရပ် ဖြစ်သည်။ မျက်မှန်ကလည်း ခေတ်ကုန်နေသော မှန်အဝိုင်း ဖြစ်သည်။





'သုံးနှစ်အတွင်း ကြုံတွေ့ခဲ့ရတာအားလုံး အဆင်ပြေပါတယ်၊ လွန်ခဲ့တဲ့ ဆောင်းတွင်းတုန်းက ငါ့အဖေ ဆုံးသွားတာ တစ်ခုကတော့ တော်တော်ဆိုးတယ် ဆေ့ါ သူငယ်ချင်းရာ၊ ဘာကြောင့်လဲ ဆိုတော့ ငါ့ပညာ သင်ကြားရေးကိစ္စတွေကို အဖေက အားလုံး စီစဉ်ပေးခဲ့တာ၊ ငါ စာတော်တာဟာလည်း အဖေ့ကြောင့်ပဲ၊ ဘယ်လို ဘာသာရပ်တွေမှာ ငါ ထူးချွန်နိုင်တယ်ဆိုတာ အဖေက သေသေ ချာချာ သိတယ်၊ အဖေ့ရဲ့ ဦးဆောင်လမ်းပြမှုနဲ့ ငါဒီဘဝရောက်လာတာပဲ၊ အဖေဆုံးသွားတော့ ငါ့အတွက် အမွေတွေ အများကြီး ထားပစ်ခဲ့တယ်၊ အဲဒီ ငွေတွေ ဘဏ်မှာအပ်ပြီး အတိုးကို ထိုင်စားနေရတာပေ့ါ တကယ်ဆိုတော့ အတိုးက ဘာမှဖြစ်လောက်တာ မဟုတ်ဘူး၊ ဒါပေမယ့် စီးပွားရေးလုပ်ငန်းတို ငါကလည်း ဘာမှ လုပ်တတ်တာ မဟုတ်ဘူး၊ သင်္ချာနည်းသစ်တွေ ရှာဖွေနေ ရတာနဲ့ စီးပွားရေးကို စိတ်ဝင်စားဖို့ အချိန်လည်း မရနိုင်ဘူး၊ ပိုင်ပေါက်ကလေး တွေ့ရင်တော့ လုပ်လိုက်ချင်တယ်'

စတီဖင်၏ စကားကြောင့် ဒေးဗစ်က သူအလုပ်လုပ်နေသည့် ကုမ္ပဏီ အကြောင်းကို ပြောပြဖြစ်သည်။

'ဒီလိုဆိုယင် ငါအခု အလုပ်လုပ်နေတဲ့ ကုမ္ပဏီမှာ မင်းငွေတွေ မြုပ်နှံထား လိုက်ပါလား စတီဖင်၊ မြောက်ဘက်ပင်လယ်မှာ တို့ကုမ္ပဏီက ရေနံတူးတာ တွေ့နေပြီ၊ ရေနံတွေ့တဲ့အကြောင်း ထုတ်ကြေငြာလိုက်ရင် တို့ကုမ္ပဏီရဲ့ အစုရှယ်ယာဈေးတွေဟာ မိုးထိအောင် တက်သွားမှာပဲ၊ တစ်လနှစ်လအတွင်း ဆိပ်ဆုံးကို ရောက်တော့မယ်၊ ဒီအကွက်ကို မိလိုက်ရင် မင်းအဖို့ တစ်သက် သုံးထိုင်စား မကုန်နိုင်တော့ဘူး၊ ငါ့မှာ ငွေများများစားစား ရှိချင်စမ်းတယ် သူငယ်ချင်းရာ၊ ရှိများရှိရင် အကုန်ပုံအောပစ်လိုက်မိမှာပဲ'

'ရေနံတွေ့တဲ့အကြောင်း အပြည့်အစုံ မင်း သိထားပြီလား'

'အပြည့်အစုံတော့ မသိရသေးဘူး၊ ဒါပေမယ့် ဟောဒီမှာ ဘူမိဗေဒ အစီရင်ခံစာ ပါလာတယ်၊ မင်း ဖတ်ကြည့်ဦးပေ့ါ။ အစုရှယ်ယာ ဈေးတွေက တရိပ်ရိပ် တက်နေတယ်၊ ဒေါ်လာ ၂၀ အထိ တက်မယ်လို့ ငါယုံကြည်ထား တယ်၊ ပြဿနာက တို့မှာ အချိန် များများစားစား မရှိတော့တာပဲ'

စတီဖင်က ဘူမိဗေဒ အစီရင်ခံစာကို လှမ်းကြည့်သည်။ နောက်ပိုင်းကျမှ အေးအေးဆေးဆေး အချိန်ယူပြီး ဖတ်တော့မည်ဟု တေးထားလိုက်သည်။

'မင်းတို့ ကုမ္ပဏီထဲမှာ ငွေရင်းထည့်ချင်တယ် ဆိုရင် ဘယ်လိုလုပ်ရ မှာလဲ'

'ယုံကြည်စိတ်ချလောက်တဲ့ အစုရှယ်ယာပွဲစားတစ်ယောက်ကို ရှာရမယ်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ယာတွေကို များနိုင်သလောက် များများရအောင် ဝယ်ရမယ်၊ ရေနံတွေ့ပြီ ဖြစ်ကြောင်း ကြေငြာမယ့်အချိန်ကို ထိုင်စောင့်ရမယ်၊ အခြေအနေတွေ ဘယ်လိုရှိနေတယ်ဆိုတာ မင်းကို အမြဲတမ်း ငါသတင်းပေးနေမယ်လေ၊ နောက်ပြီးတော့ ပြန်ရောင်းပစ်ဖို့ အကောင်းဆုံးအချိန်ဟာ ဘယ်အချိန် ဖြစ်ကြောင်းလဲ ပြောမယ်'

'မင်းတို့ ကုမ္ပဏီအတွင်းရေးကို အခုလို ထုတ်ပြောတာ မင်းအတွက် အင်မတန်ကြီးမားတဲ့ စွန့်စားခန်းကြီး ဖြစ်မနေဘူးလား ဒေးဗစ်'

'ငါ့အပေါ်မှာ မင်းကျေးဇူးတွေ အများကြီး ရှိပါတယ် သူငယ်ချင်းရာ၊ ဟားဗတ်တက္ကသိုလ် မှာတုန်းက ငါမတွက်နိုင်တဲ့ သင်္ချာတွေကို အမြဲတမ်း မင်း ကူတွက်ပေးခဲ့တာပဲ'

'အိုး . . . ဒါလေးက စကားထဲ ထည့်ပြောနေလောက်တာမျိုး မဟုတ်ပါဘူးကွာ၊ ကဲ . . . တို့ညစာသွားစားကြရအောင်'

ခန်းမကြီးထဲမှာ သူတို့နှစ်ယောက် ညစာ အတူသွားစားကြသည်။ အဆောင်အစားအစာ ဆိုသော်လည်း အလွန်အဆင့် အတန်းမြင့်သည့် အစားအစာများ ဖြစ်နေသည်ကို တွေ့ရသဖြင့် ဒေးဗစ်မှာ တအံ့တသြ ဖြစ်နေမိသည်။

သည်လောက် ကောင်းမွန်သည့် အစားအသောက်များကို စားသောက်နေရသော်လည်း စတီဖင်မှာ ပိန်ပိန်လှီလှီကလေး ဖြစ်နေသောကြောင့် ပို၍ အံ့သြမိပြန်သည်။

ညစာစားပြီး စတီဖင်၏ အခန်းထဲသို့ ပြန်ရောက်သောအခါ ပရော်စပက်တာ ရေနံကုမ္ပဏီအကြောင်း၊ မြောက်ဘက်ပင်လယ်တွင် ရေနံများ ရှာဖွေတွေ့ရှိနေသည့် အကြောင်းများကို သူတို့ ဆက်လက်ဆွေးနွေးနေမိကြသည်။

ရေနံအကြောင်းကို ဒေးဗစ်က အတော်ကလေး နံ့နံ့စပ်စပ် ပြောပြနိုင်သည့်အတွက်လည်း စတီဖင်က အထင်ကြီးလိုက်မိ လေသည်။

နောက်တစ်နေ့ မနက်တွင် လန်ဒန်မြို့သို့ ဒေးဗစ်မပြန်မီ အတူတူ လမ်းလျှောက်ကြသည်။ ထိုသို့ လမ်းလျှောက်ယင်းလည်း ရေနံအကြောင်းကိုပင် ဆက်လက်ဆွေးနွေး ကြသည်။

ဒေးဗစ်ကလည်း ကျောင်းသားဘဝတုန်းက သူ့ကိုကူညီခဲ့သည့် သူငယ်ချင်းအား တစ်ကြိမ် တလှည့် ပြန်လည်ကူညီခွင့်ရသည့်အတွက် စိတ်ချမ်းသာ နေမိသည်။

* * *





'ဂွဒ်မောနင်း ဒေးဗစ်'

'ဂွဒ်မောနင်း ဘာနီ၊ ညတုန်းက အောက်စဖို့မှာ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်နဲ့ ကျွန်တော် အတူတူ သွားအိပ်ခဲ့တယ်၊ ကျွန်တော်တို့ ကုမ္ပဏီအကြောင်း သူ့ကို ရှင်းပြတယ်၊ ဒါကြောင့် ကျွန်တော်တို့ ကုမ္ပဏီကြီး ထဲမှာ သူလည်း အစုရှယ်ယာ ထည့်လိမ့်မယ်၊ ဒေါ်လာ ၂၅၀,၀၀၀ လောက် တော့ ထည့်မယ် ထင်တာပဲ'

'ကောင်းတယ် ဒေးဗစ်၊ ဆက်သာကြိုးစား၊ မောင် အခုလို လုပ်လိုက် တာဟာ အင်မတန် ကြီးကျယ်တဲ့ အောင်မြင်မှုကြီး တစ်ခုပဲ'

ထိုစကားကို ပြောသော်လည်း ဘာနီဆေးလ်ဗားမင်း၏ မျက်နှာပေါ်တွင် အံ့သြသည့် အရိပ်အယောင်ကို လုံးဝ မမြင်တွေ့ရပါ။ သို့သော် သူ့အခန်းထဲမှ ဒေးဗစ်ပြန်ထွက်သွားသည်နှင့် တပြိုင်တည်း အနီရောင် တယ်လီဖုန်းကို ကောက်ကိုင်လိုက်လေသည်။

'ဟာပေးလား'

'ဟုတ်တယ်'

'ဒေးဗစ်ကို ကျွန်တော်တို့ ချွေးပြီး အလုပ်ခန့်လိုက်တာ သိပ်ကို မှန်သွား ပြီလို့ ပြောရမယ်၊ ကျွန်တော်တို့ ကုမ္ပဏီထဲကို သူ့သူငယ်ချင်းတစ်ယောက် အစုငွေ ဒေါ်လာ နှစ်သိန်းခွဲလောက် ထည့်အောင် သူ ဆွယ်လာခဲ့တယ်'

'ကောင်းတယ်၊ ဒီမှာ သေသေချာချာ နားထောင်၊ အစုရှယ်ယာ ၄၀,၀၀၀ လောက်ရောင်းဖို့ ကျုပ်ပွဲစားကို ပြောလိုက်ပါ၊ တစ်စုကို ခြောက်ဒေါ်လာ ကျော်ကျော်လောက်နဲ့ ရောင်းခိုင်း၊ ဒေးဗစ်ရဲ့သူငယ်ချင်းက အစုများများ ဝယ်ချင်တယ်ဆိုရင် တစ်စုတစ်စည်းတည်း ရနိုင်တာ ကျုပ်အစုတွေပဲ ရှိတယ် မဟုတ်လား'

* * *

စတီဖင်က နောက်တစ်ရက် ထပ်စဉ်းစားသည်။ ထိုသို့ စဉ်းစားနေဆဲမှာ ပင် ပရော်စပက်တာရေနံကုမ္ပဏီ၏ အစုရှယ်ယာသည် စတာလင်ပေါင် ၂-၁၁မ ၇၅ မှ ၃-၁၁မ ၀၅ သို့ တက်သွားကြောင်း သတင်းစာထဲမှာ ဖတ်လိုက် ရသည်။

မိမိမှာရှိသည့် ငွေများကို ယခုအချိန်တွင် မြှုပ်နှံလိုက်ဖို့ အကောင်းဆုံး ဖြစ်ကြောင်း စတီဖင် စဉ်းစားမိသည်။ နောက်တစ်ကြောင်းကလည်း ဒေးဗစ်ကို ယုံကြည်သည်။ ဒေးဗစ်ယူလာသည့် ဘူမိဗေဒအစီရင်ခံစာလည်း အားရဖွယ် ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စတီဖင်က အစုရှယ်ယာများ အရောင်းအဝယ်လုပ်နေသည့် ကစ်ကတ်နှင့် အိုက်ကင် ကုမ္ပဏီသို့ ဖုန်းလှမ်းဆက်သည်။ ပရော်စပက်တာ ရေနံကုမ္ပဏီ၏ အစုရှယ်ယာ ဒေါ်လာ ၂၅၀,၀၀၀ ဖိုး ဝယ်ယူရန် ညွှန်ကြားသည်။

စတီဖင်အတွက် အစုရှယ်ယာဝယ်လိုကြောင်း ကစ်ကတ်နှင့် အိုက်ကင်ကုမ္ပဏီမှ ကမ်းလှမ်းလာသောအခါ ဟာဗေးမက်ကော့မ်၏ ပွဲစားက အစုရှယ်ယာပေါင်း ၄၀,၀၀၀ ကို တစ်စုလျှင် ၃ ဒသမ ၁၀ ပေါင်နှုန်းဖြင့် ထုတ်ရောင်းလိုက်လေသည်။

အဖေထားခဲ့သည့် အမွေများကို ရင်းနှီးမြှုပ်နှံပြီးသောအခါ စတီဖင်သည် စိတ်အချမ်းသာကြီး ချမ်းသာသွားတော့သည်။

နောက်နေ့သတင်းစာတွင် တစ်စုလျှင် ၃ ဒသမ ၅၀ ပေါင်သို့ ဈေးတက်သွားကြောင်းကိုပါ ဖတ်လိုက်ရသည်။ ရေနံတွေ့ကြောင်း ထုတ်ဖော်ကြေငြာခြင်း မပြုသေးမီမှာပင် ယခုလို ဈေးတက်နေလျှင် ကြေငြာချက်ထွက်ပြီးနောက် မည်မျှအထိ တက်သွားမည်ကို စိတ်ကူးကြည့်နေမိသည်။

တစ်စုလျှင် ဒေါ်လာ ၂၀ အထိ ဈေးတက်နိုင်သည်ဟု ယုံကြည်ကြောင်း ဒေးဗစ်က ပြောသွားသည်။ သည်အတိုင်းဆိုလျှင် သူငွေပေါင်းများစွာ အမြတ်အစွန်း ရတော့မည်။ ထိုငွေများကို မည်သို့ သုံးရပါမည်နည်းဟုလည်း စိတ်ကူးယဉ်နေမိပြန်သည်။

ထိုအချိန်မှာတွင် ဟာဗေးက အစုရှယ်ယာ အနည်းငယ်ကို ထုတ်ရောင်းချပြုလိုက်ပြန်သည်။ စတီဖင် တစ်ယောက်တည်းက အစုရှယ်ယာတွေ တစ်ပြိုင်နက် ကြီးဝယ်သွားသောကြောင့် ဈေးကွက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး နောက် အနည်းငယ်ရှိသူများက အစုရှယ်ယာ အနည်းငယ်ကို ဝယ်ယူကြသည်။

ရိုးသားသော၊ ကြီးစားသော ဒေးဗစ်ကက်စလာလို လူငယ်တစ်ယောက်ကို ရွေးချယ်ခန့်ထားမိခြင်းသည် သူတို့အဖို့ အမှန်ဆုံးဖြစ်ကြောင်းလည်း ဟာဗေး သဘောပေါက်လာသည်။

သည်လို ရိုးသားသော လူငယ်ကလေးများကို ရွေးချယ်ပြီး အသုံးချခဲ့ခြင်းမှာ သူ့အဖို့ ယခုတစ်ကြိမ်သည် ပထမဆုံးသောအကြိမ် မဟုတ်ပါ။

သို့သော်လည်း သူတို့လို လူငယ်များနှင့်တော့ ဟာဗေးက ဝေးဝေးနေသည်။ သူတို့ လုပ်ငန်းထဲမှာ ပါဝင်ပတ်သက်နေခြင်းကို သဲလွန်စပေါ်မသွားအောင် သတိကြီးစွာဖြင့် ဖုံးဖိထားစမြဲ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ရစ်ချတ်အယ်လီယော့ကလည်း သူတို့ ကုမ္ပဏီ၏ အစုရှယ်ယာများကို အစုလိုက် အပြုံလိုက် ဝယ်ယူနေကြောင်း သတင်းထော





နားအား မသိမသာ ပြောပြပေးနေသည်။ ထို့ကြောင့် အနည်းအကျဉ်း ဝယ်သူများ တစ်နေ့တခြား များပြားလာသည်။

* * *

'စီးပွားရေးလုပ်ငန်းများကို အကောင်အထည် ဖော်ပေးနေသော အုပ်ချုပ်ရေးမှူးကောင်း တစ်ယောက်သည် အမြဲတမ်း ကျန်းမာသန်စွမ်းနေဖို့ လိုသည်' ဟူသော အဆိုအမိန့်မှာ ဟားဗတ် စီးပွားရေးတက္ကသိုလ်ထွက် ကျောင်းသူကျောင်းသားများ၏ နားထဲသို့ သံမှိုစွဲသွားအောင် ရိုက်သွင်းပေးထားသော အဆိုအမိန့်ပင် ဖြစ်လေသည်။

ဒေးဗစ်သည် ကျန်းမာသန်စွမ်းသူ ဖြစ်ပါ၏။ သို့သော်လည်း ဆရာဝန်နှင့် ပြန်စစ်ဆေးခြင်း မပြုရလျှင် စိတ်ထဲက မသိုးမသန့် ဖြစ်နေတတ်သည်။

ထို့ကြောင့် ဟာလေလမ်းမှာရှိသော ဆရာဝန်နှင့်တွေ့ဖို့ သူ့အတွင်းရေးမှူးရင်းတောက စီစဉ်ပေးထားသည်။

ဒေါက်တာ ရော်ဘင်အုက္ကလေသည် ဟာလေလမ်းမှာ အလွန်အောင်မြင်နေသော ဆရာဝန် ဖြစ်သည်။ သူ့အသက်က ၃၇ နှစ်သာ ရှိသေးသည်။ မျက်နှာက ခန့်ချော ချောသည်။ ကျန်းမာသည်။ ဆံပင်များက၊ နက်မှောင်သည်။ တစ်ပတ်လျှင် နှစ်ကြိမ်ကျ ဘော့စ်ဘော သွားကစားလေ့ရှိသည်။ ထို့ကြောင့်လည်း သက်တူရွယ်တူများထဲတွင် သူက ပိုပြီး အရွယ်တင်နေလေသည်။

ဟာလေလမ်းမှာရှိသော ဆေးခန်းကို မူလတုန်းက ဒေါက်တာယူဂျင်းမိုဖက်ပိုင်သည်။ ဒေါက်တာ ရော်ဘင်အုက္ကလေ ဆေးတက္ကသိုလ်မှ ဘွဲ့ရလာသောအခါ ထိုဆေးတိုက်မှာ အလုပ်သွားလျှောက်သည်။ လူငယ်လူချော တစ်ယောက်ဖြစ်သောကြောင့် ဒေါက်တာယူဂျင်းမိုဖတ်က ချက်ချင်းအလုပ်ခန့်လိုက်သည်။

ဒေါက်တာယူဂျင်းမိုဖက်၏ ဆေးခန်း အောင်မြင်နေရသည့်အကြောင်းမှာ အမျိုးသမီး လူနာများနှင့် ဆက်ဆံရေးကောင်းသောကြောင့် ဖြစ်သည်။ အမျိုးသမီးများသည် ဇီဇာကြောင်တတ်သည်။ ဒေါက်တာမိုဖက်က အမျိုးသမီးများ၏ ဇီဇာကြောင်မှုအားလုံးကို ဆောင်ရွက်ပေးသည်။

ဒေါက်တာမိုဖက် ကွယ်လွန်သောအခါ ထိုဆေးခန်းကို ဆက်လက်ဦးစီးသူမှာ ဒေါက်တာ ရော်ဘင်အုက္ကလေ ဖြစ်သည်။ သူ့ဆရာထံမှ အတတ်ပညာများကို ကောင်းစွာ အမွေရလိုက်သဖြင့် သူ့လက်ထက်မှာလည်း ဆက်လက်အောင်မြင်သည်။ သူ့အသက်က ပိုငယ်ပြီး ပိုချောသောကြောင့်လည်း မူလကတည်းက မိတ်ဟောင်း အမျိုးသမီးများ အခြားဆေးခန်းသို့ ပြောင်းမသွားကြသည့်အပြင် လူသစ်အမျိုးသမီးများပါ ထပ်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရော်ဘင်သည် အိမ်ထောင်သည်ဖြစ်ပြီးသား နှစ်ယောက်ရှိသည်။ လန်ဒန်မြို့ပြင်က နယူးဘာရီအရပ်တွင် ခေတ်မီသော တိုက်ကြီးတစ်လုံး ဆောက်လုပ်နေထိုင်သည်။ သူ ရရှိသည့် ငွေကြေးများကိုမူ ငွေစုလက်မှတ်များ ဝယ်ယူထားသည်။

သူ့ဘဝက အစစ အရာရာ ပြည့်စုံလျက် ရှိလေသည်။

ဒေးဗစ်သည် ဒေါက်တာရော်ဘင်ထံသို့ ချိန်းထားသည့် အချိန်အတိုင်း အတိအကျ ရောက်လာသည်။ အင်္ဂလန်မှ ဆရာဝန်များသည် ချိန်းထားသည့် အချိန်မရောက်လျှင် ကြည့်ရှုစမ်းသပ်ပေးခြင်း မရှိကြောင်း၊ သို့သော်လည်း ဆေးဝါးကုသခကိုတော့ သတ်မှတ်ထားသည့်အတိုင်း ယူလေ့ရှိကြောင်း သူ့အတွင်းရေးမှူး မစ္စရင်းတောက ပြောလိုက်သောကြောင့် ဒေးဗစ်က ဂရုတစိုက် ရောက်လာခြင်း ဖြစ်လေသည်။

ကိုယ်ပေါ်မှ အဝတ်များကို ချွတ်ပြီး ရော်ဘင်၏ လူနာစမ်းသပ်ခန်းထဲမှ ခုတင်ပေါ်မှာ တက်လှဲသည်။ စမ်းသပ်ယင်းလည်း သူတို့နှစ်ယောက် ရောက်တတ်ရာရာများကို ပြောဖြစ်ကြသည်။

'လန်ဒန်မှာ ဘာအလုပ်လုပ်ဖို့ ရောက်လာတာလဲ မစ္စတာ ကက်စလာ'

'ကျွန်တော် ရေနံကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီက ပရော်စပက်တာ ရေနံကုမ္ပဏီပါ။ ဒေါက်တာ ကြားဖူးမှာပေါ့'

'မကြားဖူးဘူးဗျ။ အင်း... ကျွန်တော်တော့ သတိမထားမိဘူး။ ခင်ဗျား ဒူးခေါင်း ကွေးလိုက်စမ်းပါဦး'

ဒေါက်တာရော်ဘင်က ဒေးဗစ်ကက်စလာ၏ ဒူးခေါင်းမှ ဂုံညင်းတိုရာဘာ တူကလေးနှင့် ထုကြည့်သည်။ ထုလိုက်တိုင်း ခြေထောက်က မြောက်မြောက်သွားသည်။

'တုံ့ပြန်မှုတွေ အားလုံးကောင်းပါတယ်'

'ကျွန်တော်တို့ ကုမ္ပဏီအကြောင်းကို မကြာခင် ဒေါက်တာ ကြားရမှာပါ။ အောင်မြင်မှုတွေကို မကြာခင် သတင်းစာတွေက ဝိုင်းရေးကြတော့မှာပါ'

ဒေါက်တာရော်ဘင်က ပြုံးနေသည်။

'ဘာကြောင့်များပါလိမ့်၊ ခင်ဗျားတို့ ရေနံတွေ့နေပြီလား'

'ဟုတ်ပါတယ်၊ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ ရေနံစတွေ့တာ မကြာသေးပါဘူး'

ဒေးဗစ်က ထိုစကားကို တိုးတိုးကလေး ပြောသည်။

ရော်ဘင်က ဒေးဗစ်၏ ဝမ်းဗိုက်ကို ခဏကြာအောင် စမ်းကြည့်နေသည်။





'ခင်ဗျား ဗိုက်က ကြွက်သားတွေ အားလုံးကောင်းပါတယ်၊ အဆီမရှိဘူး၊ အသည်းရောင်နေတဲ့ အရိပ်အရောင်လဲ မတွေ့ရပါဘူး။ ခင်ဗျား ကျန်းမာရေး အခြေအနေဟာ သိပ်ကိုကောင်းနေတယ်'

အဝတ်အစားပြန်ဝတ်နေသော ဒေးဗစ်ကို အခန်းထဲမှာထားခဲ့ပြီး ဒေါက်တာရော်ဘင်က သူ့အခန်းထဲသို့ ပြန်သွားသည်။ စစ်ဆေးတွေ့ရှိချက်များကို မှတ်တမ်းရေးယင်း သူစဉ်းစားနေမိသည်။ စဉ်းစားနေသောအရာကား ပရော်စပက်တာရေနံကုမ္ပဏီက ရေနံတွေ့နေပြီ ဆိုသည့် အကြောင်း။

ဟာလေလမ်းမှာ ဆရာဝန်များသည် သာမန်လူနာ တစ်ယောက်ကိုပင် ၄၅ မိနစ်ခန့် စမ်းသပ်လေ့ရှိကြသည်။ အလှည့် မကျသေးသော လူနာများကို မဂ္ဂဇင်းအဟောင်းများ ချပေးထားပြီး ဧည့်ခန်းထဲမှာ ထိုင်စောင့်ခိုင်းတတ်သည်။ သို့ကြောင့် ရော်ဘင် အနေဖြင့်လည်း ဒေးဗစ်ကို တက်သုတ်ရှင် စစ်ဆေးစရာ မလိုချေ။

'ခင်ဗျား ကျန်းမာရေး အခြေအနေမှာ နည်းနည်းကလေး ချွတ်ယွင်းနေတာတော့ရှိတယ် မစ္စတာကက်စလာ၊ သွေးအား နည်းတာပါပဲ၊ ဘာမှမဖြစ်လောက်ပါဘူး။ အလုပ်ထဲမှာ အာရုံ သိပ်စိုက်နေတာရယ်... အခု ဆေးခန်းကို လာရတဲ့အတွက် နည်းနည်းလှုပ်ရှား သွားတာရယ်ကြောင့် ဒီလိုဖြစ်တာပါ။ စိုးရိမ်စရာ မလိုပါဘူး၊ ကျွန်တော် ဆေးပေးလိုက်မယ်၊ မနက်တစ်လုံး ညတစ်လုံးသောက်'

ရော်ဘင်က ဆေးစာရေးပြီး ဒေးဗစ်ကို လှမ်းပေးသည်။

'ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်အတွက် အချိန်တွေ အများကြီး ပေးတာ အားနာဖို့တောင် ကောင်းနေပြီ'

'ရပါတယ်ဗျာ၊ ကျုပ်တို့ လန်ဒန်မြို့ကို ဘယ်လိုမြင်သလဲ၊ အမေရိကားနဲ့ ဆိုယင်တော့ သိပ်ကိုခြားနားနေလိမ့်မယ် ထင်တယ်'

'အစစ်ပဲ ဒေါက်တာ၊ နေရာတွေက ကျဉ်းတယ်၊ လူတွေကလဲ ကျွန်တော်တို့ဆီမှာလို အပြေးအလွှားဖြစ်မနေကြဘူး၊ သူတို့နဲ့ သာပြိုင်ရမယ်ဆိုယင်တော့ အမြဲတမ်း ကျွန်တော်ဗိုလ်ဆွဲနေမှာပဲ ထင်တယ်'

'လန်ဒန်မှာ အပေါင်းအသင်းတွေကော တော်တော်များများ ရှိနေပြီလား'

'မရှိပါဘူး ဒေါက်တာ၊ ဟားဗတ်တက္ကသိုလ်တုန်းက ကျောင်းနေဘက် သူငယ်ချင်း တစ်ယောက်တော့ အောက်စဖို့တက္ကသိုလ်မှာ ရှိတယ်၊ လန်ဒန်မှာတော့ အဆက်အသွယ် သိပ်မရသေးပါဘူး'

သည်အတိုင်းဆိုလျှင်တော့ အတော်ဟန်ကျသွားပြီဟု ရော်ဘင်က



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေမိသည်။ သူ့ထံမှ ရေနံနှင့် ပတ်သက်သည့် အကြောင်းများကို ပိုမို သိရှိ နိုင်ရေးအကြောင်း ရှိနေသည်။

'နောက်အပတ်ထဲမှာ ကျွန်တော်နဲ့ အတူတူ နေ့လယ်စာ လိုက်စားနိုင် သေား မေးဆန်လှတဲ့ ကျွန်တော်တို့ လန်ဒန်မြို့ကြီးက ဟိုတယ်တစ်ခုကိုလဲ ပြချင်လို့ပါ'

'အားနာစရာကြီးများ ဖြစ်နေမလားဗျာ'

'ရပါတယ်၊ ဒီလိုဆိုယင် သောကြာနေ့ ခင်ဗျားအတွက် အဆင်ပြေမလား'

'ပြေပါတယ် ဒေါက်တာ'

'ဒါဆိုယင် အက်သေနီယမ်ကလပ်မှာ သောကြာနေ့ မွန်းလွဲ တစ်နာရီမှာ ဆုံမယ်'

ဒေးဗစ်က သူ့ရုံးသို့ ပြန်လာခဲ့သည်။ လန်ဒန်မှာနေရသည့်ဘဝကို သူပျော်ပိုက်မိလေပြီ၊ သူ၏ အောင်မြင်မှုများနှင့် ပတ်သက်၍လည်း ဘာနီ ဆေးလ်ဗားမင်းက ကျေနပ်နေသည်။

ပနော်စပက်တား ရေနံကုမ္ပဏီမှာ အလုပ်လုပ်ရသည့်အတွက် ဒေးဗစ်စိတ် ချမ်းသာနေသည်။ စိတ်ဝင်စားဖွယ်ကောင်းသော ပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံ ခွင့်ရနေသည်။

ထို့ကြောင့် ထိုနေ့ရက်များသည်သူ့ဘဝတွင် အပျော်ဆုံး နေ့ရက်များ ဖြစ်သည်ဟု သတ်မှတ်လိုက်မိလေတော့သည်။

သောကြာနေ့ မွန်းလွဲ တစ်နာရီ ငါးမိနစ် အချိန်တွင် အက်သေနီယမ် ကလပ်သို့ ဒေးဗစ်ရောက်သွားသည်။ ... လွန်တရာ ကျယ်ဝန်း လှလေရာ သည်လိုအခန်းမျိုးတွင် ... စားလိုက်ရပါတော့မည်မှာကောင်းချိမ့် မည်နည်းဟု တွေးမိသည်။

ဒေါက်တာရော်ဘင်နှင့် နေ့လည်စာအတူစားယင်း ပနော်စပက်တာရေနံ ကုမ္ပဏီအကြောင်း စကားစမြည်ပြောသည်။ ဒေးဗစ်က ... အစီရင်ခံစာ အကြောင်း၊ လက်ရှိ အစုရှယ်ယာ ... ဈေးသည် ၃-၁ ... ၆၀ ပေါင်ဖြစ် နေကြောင်း၊ ဆက်ပြီး ဈေးတက်နေဦး မည်ဖြစ်ကြောင်းများ ပြောပြသည်။

'ခင်ဗျား ကုမ္ပဏီထဲမှာ ငွေရင်းထည့်ထားမယ်ဆိုယင် မဆိုးဘူး၊ ဒါပေမယ့် အတော်တော့ စွန့်စားရမယ့် အလုပ်မျိုးပဲ'ဟု ဒေါက်တာ ရော်ဘင်ကပြောသည်။

'မြောက်ဘက်ပင်လယ်ပြင်မှာ ရေနံရှိနေတာတော့ သေချာပါတယ် ဒါကြောင့် စွန့်စားရတဲ့ သဘောမျိုးမရှိပါဘူး ဒေါက်တာ'





'အေးဗျာ . . . ဒီတစ်ရက် နှစ်ရက်အတွင်း ကျွန်တော် စဉ်းစားပါဦးမယ်'

စားသောက်ပြီးသောအခါ သူတို့နှစ်ယောက် လမ်းခွဲခဲ့ကြ သည်။ ဒေးဗစ်က စီးပွားရေးတိုင်း သတင်းစာကကြီးမှူးကျင်းပသည့် လောင်တာဆီ ပြသနာဆွေးနွေးပွဲ သွားတက်သည်။

ဒေါက်တာရော်ဘင်ကတော့ မြို့ပြင်မှာရှိသော သူ့အိမ်သို့ ပြန်လာသည်။ နေ့ တနင်္ဂနွေ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် သားနှစ်ယောက်လည်း အိမ်ပြန်ရောက်နေကြသည်။

ထိုသားနှစ်ယောက်ကို ကြည့်ယင်း သူ အတွေးနယ်ချဲ့နေသည်။ ဟိုတုန်းက နို့စို့ကလေး တွေ ဖြစ်သည်။ နောက် ပြေးလွှားဆော့ကစားနိုင်သောအရွယ် ရောက်လာသည်။ ယခု ကျောင်းနေကြပြီ။ မကြာမီ လူပျိုကလေးတွေ ဖြစ်ကြ တော့မည်။

သည် သားနှစ်ယောက်၏ နောင်ရေး စိတ်အေးရအောင် ဆောင်ရွက် ထားဖို့လိုသည်။ လောလောဆယ် သူရှာဖွေရရှိထား သည့်ငွေများကို ဘဏ်တိုက် မှာ ငွေစုလက်မှတ် ဝယ်ထားသည်။ ရသည့်အတိုးက မပြောပလောက်ချေ။ ငွေစုလက်မှတ်ဝယ်ထား မည့်အစား ရေနံကုမ္ပဏီ မှာ အစုရှယ်ယာများဝယ်ထား လျှင် အဆပေါင်းများစွာ တိုးပွားလာနိုင်သည်။ သူတို့ ကုမ္ပဏီက ရေနံတွေ့ပြီ ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာလိုက်မည်ဆိုလျှင် ရှယ်ယာဈေးနှုန်း များသည် အဟုန်ထိုး ခုန်တက်သွားပေတော့မည်။

ဒေါက်တာရော်ဘင် ထိုသို့စဉ်းစားနေခိုက်မှာပင် ဒေးဗစ်က ရုံးသို့ ပြန် ရောက်လာသည်။ ဘာနီဆေးလ်ဗားမင်းနှင့် သွားတွေ့ သည်။ သူတို့ကုမ္ပဏီ၏ အစုရှယ်ယာများကို ဒေါက်တာ ရော်ဘင်အုက္ကလေ ဝယ်ဖို့အလားအလာ ရှိနေကြောင်း ပြောပြသည်။

'ဝမ်းသာပါတယ်၊ ရေနံပိုက်သွယ်ဖို့အတွက် ကျုပ်တို့လဲ ငွေရင်းလိုနေတာ မောင်အသိပဲ၊ ရေနံပိုက်လိုင်းက တမိုင်ကို ဒေါ်လာ နှစ်သန်းလောက်ကျတယ်၊ အဲဒါဖြစ်ဖြစ်လေ အခု အချိန်ထိ မောင်ဆောင်ရွက်တာတွေဟာ သိပ်ကို အောင်မြင်နေတယ်၊ ဒါကြောင့် မောင့်ကို လုပ်အားခဆုအဖြစ် ဒေါ်လာ ၅၀၀၀ ဆုတ်ပေးဖို့ ရုံးချုပ်က အခုပဲ ကျုပ်ကို အကြောင်းကြား တယ်၊ ဆက်ပြီးသာ ကြိုးစားပေရော့ မောင်ရေ'

ဒေးဗစ်က ပြုံးသည်။ 'အလုပ်ကိုကြိုးစားလျှင် ထိုက်တန်သော အသီး အပွင့်ကို ခံစားရသည်'ဟူသော ဟားဗတ်စီးပွားရေး တက္ကသိုလ်၏ ဆောင်ပုဒ်ကို သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ ရေနံတွေ့နေပြီဆိုတဲ့အကြောင်း ဘယ်တော့ ကြေငြာမလဲ'

'နောက် လေးငါးရက်ကြာရင် ကြေငြာတော့မှာပါ'

ဒေးဗစ်သည် စိတ်လက်ပေါ့ပါးစွာဖြင့် ဘာနီဆေးလ်တားမင်း၏ ရုံးခန်းထဲမှ ထွက်လာခဲ့သည်။

ဘာနီက အနီရောင်တယ်လီဖုန်းဖြင့် ဟာဗေးထံသို့ ဆက်သည်။ ဒေးဗစ်၏ စွမ်းဆောင်ချက်ကြောင့် ဒေါက်တာရော်ဘင် အစုရှယ်ယာ များများစားစား ဝယ်ယူဖို့ရှိနေကြောင်း အကြောင်းကြားသည်။

ဟာဗေး၏ ပွဲစားက အစုရှယ်ယာပေါင်း ၃၅,၀၀၀ ကို ၃-ဒသမ ၄၃ ပေါင် ဈေးနှုန်းဖြင့် ထုတ်ရောင်းလိုက်ပြန်သည်။

ဒေါက်တာ ရော်ဘင်က ၃ ဒသမ ၉၀ ပေါင် ဈေးဖြင့် အစုရှယ်ယာပေါင်း ၃၅,၀၀၀ ဝယ်ယူလိုက်သည်။ ထို့ကြောင့် ဈေးကွက်မှာ ဈေးထပ်တက်သွားပြန်သည်။

ထို အစုရှယ်ယာများကို ဟာဗေးက တိတ်တဆိတ် ထုတ်ရောင်းနေကြောင်းကိုကား မည်သူကမှ မသိကြချေ။

ဒေးဗစ်က သူရသော လုပ်အားခ ဆုငွေအနက် အချို့ကို ပန်းချီကား ဝယ်ယူရန် ဆုံးဖြတ်သည်။ သူကိုယ်တိုင်က ပန်းချီကို မြတ်နိုးသည်။ ထို့ပြင် ပန်းချီကား ဝယ်ယူစုဆောင်းခြင်းသည် အလွန်ကောင်းသော ရင်းနှီးမြှုပ်နှံမှု ဖြစ်ကြောင်းကိုလည်း သဘောပေါက်ထားသည်။

ဘွန်းလမ်း၊ ကော့လမ်းနှင့် ဘာရပ်တန်လမ်းများရှိ ပန်းချီ အရောင်းဆိုင်များသို့ ရောက်လာသည်။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ကြည့်သည်။ ကောင်းနိုးရာရာ ပန်းချီကားများကို လေ့လာသည်။

နောက်ဆုံးတွင် ဘွန်းလမ်းမှာရှိသော လာမန်းပန်းချီဆိုင်သို့ ရောက်လာသည်။ လီယွန်အာန်ဒါဝုဒ် ရေးဆွဲသည့် "ပန်းခြံထဲမှ ဗီးနပ်နတ်သမီး" အမည်ရှိ ပန်းချီကားကို မျက်စိကျမိသည်။ ဈေးကလည်း ပေါင် ၈၅၀ ဆိုသဖြင့် သူ့မှာရှိသော ငွေနှင့် ခြေနိုင်လက်နိုင် ဖြစ်နေသည်။

ဆိုင်ပိုင်ရှင် ဂျင်းပီယာလာမန်းက ပန်းချီကားများအကြောင်း ဒေးဗစ်တို့ ရှင်းပြသည်။ ပီယာလာမန်းသည် ပြင်သစ်လူမျိုးဖြစ်ပြီး အသက် သုံးဆယ် ငါးနှစ် ရှိပြီ။ အိမ်ထောင်မပြုသေးဘဲ ပန်းချီ အရောင်းအဝယ် လုပ်ငန်းမှာဖြင့် အောင်မြင်ကြီးပွားနေသူ ဖြစ်သည်။ အဖိုးတန် အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဝတ်သည်။

ကိုယ်လုံးကိုယ်ထည်က ပိန်ပိန်ပါးပါး ဖြစ်သည်။ နက်မှောင်နေသော





ဆံပင်များက လှိုင်းတွန့်ကလေးများ ဖြစ်နေသည်။ ရယ်ရွှန်း ဖတ်ရွှန်း ...ကားပြောတတ်သည်။ ထို့ကြောင့် ဒေးဗစ်နှင့် ချက်ချင်း အဖွဲ့ကျသွားသည်။

ဂျင်းပီယာလာမန်း၏ ရုံးခန်းထဲမှာ သူတို့နှစ်ယောက် အတူ ထိုင်ပြီး ...ဝကီသောက်ယင်း စကားကောင်းကြသည်။

'လန်ဒန်မြို့ကိုလာပြီး ဘာအလုပ်အကိုင်များ လုပ်နေပါသလဲ မစ္စတာ ...တ်စလာ'

'ပ...ရော်စပက်တာရေနံကုမ္ပဏီကလေးမှာ အလုပ်လုပ်ပါတယ်၊ မြောက်ဘက် ...င်လယ်ပြင်မှာ ကျွန်တော်တို့ ရေနံရှာနေပါတယ်၊ အလားအလာလဲ ...ပ်ကောင်းနေပါတယ်'

'အောင်မြင်မှုရော ရနေပြီလား'ဟု ဂျင်းပီယာလာမန်းက မေးဖသည်။ ...အမကြောင်းကို သူကောင်းကောင်း နားမလည်ပါ။

'အင်း... ကျွန်တော်တို့ နှစ်ယောက်ချင်း ပြောရမယ် ဆိုယင်တော့ ...တို့ အလားအလာကောင်းနေပြီလို့ ဆိုရမယ်၊ ရလာတော့မယ့် အောင်မြင်မှု ...က် ကျွန်တော်တို့ ကုမ္ပဏီရဲ့ အစုရှယ်ယာတွေဟာ လွန်ခဲ့တဲ့ သုံးလေးပတ် ...င်းမှာပဲ နှစ်ပေါင်ကနေ လေးပေါင်နီးပါးအထိ ဈေးတက်လာတယ်၊ ...ကြောင့် ဒီလိုမတန်တဆ ဈေးတက်လာတယ်ဆိုတာကိုတော့ ဘယ်သူမှ ...ကြဘူးပေါ့ဗျာ'

'ကျွန်တော်လို ဆင်းရဲသား ပန်းချီပွဲစားလေး တစ်ယောက်အနေနဲ့ ...ယ်ယာမှာ၊ နည်းနည်းပါးပါး ဝယ်ထားမယ်ဆိုယင် အကျိုးရှိနိုင်ပါ့မလား ...'

'ကျွန်တော့်အထင်ကို ပြောရယင်တော့ အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှု ...၊ တနင်္လာနေ့ကျယင် ကျွန်တော် ဒေါ်လာ ၃၀၀၀ ဖိုးဝယ်ဖို့ ဆုံးဖြတ် ...တယ်။ ချမ်းသာတာ ကလဲ ဒါပဲရှိတယ်လေ၊ ကျွန်တော်ရပြီ၊ ဘယ် ...ကောင်းသလဲ၊ သိပ်ကိုအရေးကြီးတဲ့ ကြေငြာချက်တစ်ခုကိုလဲ မကြာ ...ကျွန်တော်တို့ ထုတ်ပြန်ကြေငြာကြတော့မှာပါ'

ဂျင်းပီယာလာမန်း၏ မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် တောက်လာ ... အတွေးလွန်နေသောကြောင့် ဒေးဗစ်ကက်စလာ ဘာတွေဆက်ပြော ...ည်ကိုပင် သူ မကြားလိုက်တော့ပေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ ရေနံရှာတွေ့နေတဲ့အကြောင်း ဘယ်တော့လောက် ကြေငြာချက် ထုတ်မလဲ ဘာနီ'

'နောက်အပတ် စောစောပိုင်းလောက်မှာတော့ ကြေငြာဖြစ်ပါလိမ့်မယ်၊ ကျုပ်တို့မှာ ပြဿနာကလေး နည်းနည်းပါးပါး ရှိနေတယ်၊ ဒါပေမယ့် လုပ်ငန်းကိုတော့ ဘယ်လိုနည်းနဲ့မှ ထိခိုက်စရာအကြောင်းမရှိပါဘူး'

ထိုစကားကို ကြားရသောအခါ ဒေးဗစ် အလွန်စိတ်ချမ်းသာသွားသည်။ ထို့ကြောင့် သူ့လက်ထဲမှာ ရှိနေသေးသော လုပ်အားခ ဆုငွေ ဒေါ်လာ ၃၀၀၀ ဖြင့် အစုရှယ်ယာ ၅၀၀ ကို ဝယ်ယူလိုက်သည်။

'မိုးရတ်ကုမ္ပဏီက စကားပြောနေပါတယ်'

'ဖရင့်ဝပ်နဲ့ စကားပြောချင်ပါတယ်၊ ကျွန်တော် ဂျင်းပီယာ လာမန်းပါ'

'ဂွဒ်မောနင်း ဂျင်းပီယာ... ကျွန်တော် ဘာတွေ ဆောင်ရွက်ပေးရမလဲ အမိန့်ရှိပါ ခင်ဗျာ'

'ပရော်စပက်တာ ရေနံကုမ္ပဏီက အစုရှယ်ယာ ၂၅,၀၀၀ လောက် ဝယ်ချင်လို့ပါ'

'ဒီကုမ္ပဏီနာမည် တစ်ခါမှ မကြားဖူးပါလား၊ ခဏကိုင်ထားဦးနော်... အင်း... ကုမ္ပဏီအသစ်ပဲ၊ ငွေအရင်းအနှီး အင်အား သိပ်နည်းတယ် တော်တော် စိတ်မချရတဲ့အလုပ်ပဲ၊ ကျွန်တော်တော့ မထောက်ခံချင်ဘူး ဂျင်းပီယာ'

'ကိစ္စမရှိပါဘူး ဖရင့်၊ ကျွန်တော့်လက်ထဲမှာ သုံးလေးပတ်လောက် ထားမှာပါ၊ ပြီးရင် ခင်ဗျား ပြန်ရောင်းပစ်လိုက်တာပေါ့၊ တစ်သက်လုံး ကျွန်တော် ဆုပ်ထားမှာ မဟုတ်ပါဘူး၊ ကျွန်တော့်ငွေစာရင်းကို ဘယ်တုန်းက ရှင်းပြီးသွားသလဲ'

'မနေ့ကပါ'

'ကောင်းတယ်၊ ဒီလိုဆိုရင် ပရော်စပက်တာ ရေနံကုမ္ပဏီရဲ့ အစုရှယ်ယာ ၂၅,၀၀၀ ကို ဒီနေ့မနက် ဝယ်ပါ၊ နောက်အပတ် လောက်ဆိုရင် သူ့ကုမ္ပဏီက ကြေငြာချက်တစ်ခု ထုတ်လိမ့်မယ်၊ ကြေငြာချက်ထွက်လာရင် တစ်စုကို ငါးပေါင်လောက်အထိ ဈေးတက်သွားလိမ့်မယ်၊ အဲဒီအခါကျရင် ပြန်ရောင်းပစ်လိုက်တာပေါ့၊ ကျွန်တော်လဲ ဒီလောက် လောဘ မကြီးပါဘူး တစ်ခုတော့ ရှိတယ် ကျွန်တော့် ကုမ္ပဏီနာမည်နဲ့ ဝယ်ပါ၊ ကျွန်တော့် နာမည်နဲ့ ဝယ်ရင် ကျွန်တော့်ကို သတင်း ဘယ်သူပေးတယ်ဆိုတာ ပေါ်သွားလိမ့်မယ်





'ကောင်းပါပြီခင်ဗျာ၊ ပရော်စပက်တာ ရေနံကုမ္ပဏီရဲ့ အစုရှယ်ယာ ၂၅,၀၀၀ကို ပေါက်ဈေးနဲ့ ဝယ်ရမယ်၊ ပြီးတော့ ညွှန်ကြားချက်အတိုင်း ပြန်ရောင်းပစ်ရမယ်၊ မှန်ပါသလား ခင်ဗျာ'

'မှန်ပါတယ်၊ နောက်အပတ်ထဲမှာ ပန်းချီကားတွေကြည့်ဖို့ ပါရီမြို့ကို ကျွန်တော် သွားစရာရှိနေတယ်၊ ဒါကြောင့် အစုရှယ်ယာ ဈေး ငါးပေါင်ရောက်တာနဲ့ တပြိုင်တည်း ဆိုင်းမနေတော့ဘဲ ရောင်းပစ်လိုက်ချင်တယ်'

'ကောင်းပါပြီ၊ ဂျင်းပီယာ၊ အောင်မြင်တဲ့ ခရီးဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ် ခင်ဗျာ'

* * *

အနီရောင် တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။

'ရိုးလတ်ကုမ္ပဏီက အစုရှယ်ယာတွေ တော်တော်များများ ဝယ်ဖို့ စုံစမ်းနေတယ်၊ ဘာကြောင့်လဲဆိုတာ သိသလား'

'ကျွန်တော်ကတော့ မသိဘူး ဟာဗေး၊ ဒေးဗစ်ကက်စလာရဲ့ စွမ်းဆောင်ချက်ပဲဖြစ်ဖို့ သေချာပါတယ်၊ သူ့ကို ကျွန်တော် မေးကြည့်ရမလား ခင်ဗျာ'

'မမေးနဲ့၊ သူ့ကို ဘာမှမပြောနဲ့၊ ၃ ဒသမ ၉၀ ပေါင်ဈေးနဲ့ နောက်ထပ် အစုရှယ်ယာ ၂၅,၀၀၀ ကို ကျုပ် ထုတ်ရောင်းလိုက်မယ်၊ ဒေးဗစ်အနေနဲ့ နောက်ထပ် တစ်ချီလောက် ကြီးကြီးကျယ်ကျယ် ဖန်လိုက်နိုင်ရင် ကျုပ်လက်ထဲမှာ ရှိနေတဲ့အစုတွေအားလုံး ကုန်သွားနိုင်တယ်၊ ကျုပ်တို့ အစီအစဉ်တွေအားလုံး ခုနစ်ရက်လောက်အတွင်း ပြီးသွားနိုင်တယ်'

'ကောင်းပါတယ် ခင်ဗျာ၊ လူတချို့ကလည်း အစုတွေကို နည်းနည်းချင်း လိုက်ဝယ်နေကြတာ သိမှာပေါ့'

'သိတယ်၊ ဟိုတုန်းက အခြေအနေတိုင်းပေါ့၊ တစ်ဆင့်စကား တစ်ဆင့်နားကြားရင်းနဲ့ လိုက်ဝယ်နေကြတာ ဖြစ်မှာပေါ့၊ ဒေးဗစ်ကို ဘာစကားမှ သွားမပြောလိုက်နဲ့နော်'

* * *

'ဒေးဗစ်... မင်းလည်း မနားတမ်း အလုပ်လုပ်နေတာ ပင်ပန်းလှပြီ၊ ဒါကြောင့် နည်းနည်းပါးပါးတော့ အနားယူလိုက်ဦး၊ ကြေငြာချက် ထုတ်ပြန်ရင် ကျုပ်တို့အားလုံး ခေါင်းမဖော် နိုင်လောက်အောင် အလုပ်ရှုပ်ကြတော့မှာ'

ရစ်ချတ်အယ်လီယော့က မနားမနေ အလုပ်လုပ်နေသော ဒေးဗစ်ကို ကြည့်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါတယ်၊ ခင်ဗျား၊ ကျွန်တော်လဲ ဒီအတိုင်း တွက်ထားပြီး သား ဒါပေမယ့် ကျွန်တော်က အလုပ်နဲ့လက်နဲ့ပြက်ပြီး နေတတ်တဲ့ အကျင့်မရှိ ကျွန်တော်အဖို့ ထူးပြီး ပင်ပန်းလှတယ် မဟုတ်ပါဘူး'

ဒေးဗစ်ကက်စလာကလည်း ရိုးရိုးသားသားပင် ပြန်ပြော သည်။

'ဒီနေ့ည မောင် အနားယူလိုက်ပါလား၊ အေနာဘယ် ဟိုတယ်မှာ ကျုပ်နဲ့အတူတူ ညစာလိုက်စားလေ'

'ကောင်းပါပြီ ခင်ဗျာ'

ရစ်ချတ်အယ်လီယော့လို အထက်အရာရှိက အရေးတယူ ဖိတ်ခေါ်ခြင်း ခံရသည့်အတွက် ဒေးဗစ်ပျော်သွားသည်။ အေနာဘယ် ဟိုတယ်သည် လန်ဒန် မြို့တွင် ထိပ်ဘန်းအကျဆုံးသော ဟိုတယ်ကြီးများထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ထို့ကြောင့် လည်း မဆိုင်းမတွ သူလက်ခံ လိုက်ခြင်း ဖြစ်လေသည်။

ထိုနေ့ညက ဖို့ကော်တီနာ မော်တော်ကားကလေး တစ်စီးကို ငှားပြီး အေနာဘယ် ဟိုတယ်သို့ ဒေးဗစ်ရောက်လာသည်။ ဟိုတယ်သို့ ရောက်သော အခါ အဖိုးတန် ဇိမ်ခံကားကြီး များ တန်းစီ ရပ်ထားလေရာ သူ့ကားကလေး သိမ်ငယ်သွားတော့သည်။

ဟိုတယ်ကြီးကို ပြင်ဆင်မွမ်းမံထားပုံမှာ အလွန်တရာ ကြီးကျယ်ခမ်းနား လှပေသည်။ လာရောက်စားသောက်ကြသူများ မှာလည်း အထက်တန်းစားများ ချည်း ဖြစ်သည်။

စားပွဲထိုးချုပ်က ရစ်ချတ်အယ်လီယော့ရှိနေသည့် စားပွဲသို့ ဒေးဗစ် လိုက်ပို့ပေးသည်။ ဒေးဗစ်ခပ်ကြောင်ကြောင် ဖြစ်နေပုံကို ကြည့်ခြင်းအားဖြင့် သည်ဟိုတယ်သို့ ပထမဆုံးအကြိမ် ရောက်မှုခြင်းဖြစ်ကြောင်း မပြောပဲနှင့် စားပွဲထိုးချုပ်က အတပ် သိပြီးဖြစ်လေသည်။

သူတို့စားသောက်ကြယင်း ရောက်တတ်ရာရာများကို ပြောကြသည်။ ခဏကြာတော့ ရစ်ချတ်အယ်လီယော့တို့ လင်မယားက က, ရန် စားပွဲမှထသွား ကြသည်။ ဒေးဗစ်က ဘားကောင်တာ ရှိရာသို့ လျှောက်လာပြီး နောက်ထပ် အရက်မှာသောက်သည်။

သူ ထိုင်နေရာသို့ လူရွယ်တစ်ယောက် လျှောက်လာပြီး သူ့ ကိုယ်သူ ဂျိမ်းစ်ဘရစ္စလေ ဖြစ်ကြောင်း မိတ်ဆက်သည်။

ဂျိမ်းစ်ဘရစ္စလေသည် အရပ်ရှည်ရှည် လူချောလူခန့် တစ်ယောက် ဖြစ်သည်။ မျက်လုံးများက အမြဲတမ်း ပြုံးရွှင်နေသည်။ နေပုံထိုင်ပုံ ပြောပုံဆိုပုံ များက မင်းဂိုက်စိုးဂိုက် ဖမ်းနေသည်။ သူ ပြောသည့် စကားအသုံးအနှုန်းများ





သည်။ အထက်တန်းစားများ၊ မင်းဆွေမင်းမျိုး မျိုးများ ပြောကြသည့် အသုံးအနှုန်းများ ဖြစ်ကြောင်း ဒေးဗစ်သတိထားမိသည်။

ဂျိမ်းစ်က အမေရိကန်နိုင်ငံသို့ သူရောက်ခဲ့သည့် အကြောင်း အမေရိကန် တို့ သူသဘော ကျကြောင်းများ ပြောပြနေသည်။

ဒေးဗစ်က သူ့အလစ်တွင် စားပွဲထိုးတစ်ယောက်အား ကပ်ပြီး သူ မည်သူ ဖြစ်ကြောင်း တိုးတိုးကျိတ်မေးကြည့်သည်။

'လော့ဒ်ဘရစ္စလေဆိုတာသူပါပဲခင်ဗျာ၊ မြို့စားကြီးလောက်ရဲ့အကြီးဆုံး သား ဖြစ်ပါတယ်'

မြို့စားကြီး ဆိုသူမှာလည်း သူလိုကိုယ်လို လူမျိုးပါပဲလားဟု ဒေးဗစ်က တွေးနေမိသည်။ အထူးသဖြင့် အရက်ကလေး နည်းနည်းမူးလာသောအခါ သာမန်အရပ်သူ အရပ်သားများနှင့် ဘာမှမခြားတော့ချေ။

မြို့စားကြီး ဂျိမ်းစ်ဘရစ္စလေက ဒေးဗစ်နှင့် ဖန်ခွက်ချင်းလာ ထိသည်။

'နောက်တစ်ခွက်လောက် ထပ်ယူပါဦးလား'

'ကျေးဇူးတင်ပါတယ် မြို့စားကြီးခင်ဗျာ'ဟု ဒေးဗစ်က ပြောသည်။

'လုပ်မနေစမ်းပါနဲ့ဗျာ၊ ကျုပ်နာမည် ဂျိမ်းစ် . . . ဒါကြောင့် ဂျိမ်းစ်လို့ပဲ ခေါ်ပါ၊ ခင်ဗျားက လန်ဒန်ကိုလာပြီး ဘာအလုပ်များ လုပ်နေတာလဲ'

'ကျွန်တော်က ရေနံကုမ္ပဏီမှာ အလုပ်လုပ်ပါတယ်၊ ကျွန်တော်တို့ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ မြို့စားကြီး ဟန်နီဆက်ကိုတော့ ခင်ဗျားသိမှာပေါ့၊ အမှန်အတိုင်းပြောရယင် ကျွန်တော် ကိုယ်တိုင်တော့ အခုအချိန်အထိ သူ့ကို မြင်ဖူးသေးပါဘူး'

'သိတာပေါ့ဗျာ၊ သူ့သားနဲ့ ကျွန်တော်နဲ့က ဟာရိုးအထက် တန်းကျောင်း မှာ ကျောင်းနေဘက်ပဲ၊ ရေနံကုမ္ပဏီမှာ ခင်ဗျားလုပ် နေတယ်ဆိုယင် ရှဲနဲ့ဘီပီ ကုမ္ပဏီမှာ ကျွန်တော်ထည့်ထား တဲ့ အစုရှယ်ယာတွေကို ဘာလုပ်ယင် ကောင်း မလဲဆိုတာ အကြံပေးစမ်း ပါဦး'

'ဒီအတိုင်းပဲထားပါ ခင်ဗျာ၊ ရေနံလုပ်ငန်းထဲမှာ မြှုပ်နှံထား လို့များတော့ ဗြိတိသျှအစိုး ရက ရေနံကုမ္ပဏီတွေကို ပြည်သူပိုင် မသိမ်းမချင်း အကျိုးကျေးဇူး ခံယူနိုင်ပါဘူး၊ အင်မတန် စိတ်ချရ တဲ့ လုပ်ငန်းပါ'

နောက်ထပ် ဝီစကီများ ရောက်လာသည်။ ဒေးဗစ်မှာ အနည်းငယ် မူးပြုလာသည်။ သို့သော်လည်း ဟန်မပျက်အောင် ထိန်းထားသည်။

'ခင်ဗျား ရေနံကုမ္ပဏီရဲ့ အခြေအနေကရော ဘယ်လိုရှိသလဲ'

ဂျိမ်းဘရစ္စလေက အမှတ်တမဲ့ စကားလှမ်းထောက်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ ကုမ္ပဏီက ခပ်သေးသေးလေးပါပဲ၊ ဒါပေမယ့် ကျွန်တော်တို့ ကုမ္ပဏီရဲ့ အစုရှယ်ယာဈေးနှုန်းတွေဟာ လွန်ခဲ့တဲ့ သုံးလအတွင်း တရှိန်ထိုးထောင်တက်နေပါတယ်၊ တခြားကုမ္ပဏီတွေတက်တဲ့ နှုန်းထက် ပိုမြင့်ပါတယ်၊ အမြင့်ဆုံးကို ရောက်သွားမှာလည်း သေချာပါတယ်၊ မြေကြီးလက်ခတ်မလွဲပါပဲ'

'ဘာကြောင့်များလဲဗျာ'

ဂျိမ်းစ်က ဆက်ပြီး စပ်စုပြန်သည်။

ဒေးဗစ်က ပတ်ဝန်းကျင်ကို လှည့်ပြီး အကဲခတ်သည်။ ပြီးတော့မှ ဂျိမ်းစ်ဘရစ္စလေ ဘက်သို့ ကိုယ်ကိုကိုင်းပြီး လေသံတိုးတိုးဖြင့် ပြောလေသည်။

'သိပ်ကိုကြီးတဲ့ ကုမ္ပဏီကြီးက ရေနံတွေ့တယ်ဆိုရင် အစုရှယ်ယာတွေရတဲ့ အမြတ်အစွန်းနှုန်းထားဟာ နည်းတတ်ပြီး ကျွန်တော်တို့လို ခပ်ငယ်ငယ် ကုမ္ပဏီလေးတွေက ရေနံတွေ့ပြီဆိုရင် အမြတ်များများ ခွဲဝေပေးတတ်တဲ့ သဘောကိုတော့ ခင်ဗျား နားလည်ထားပြီး ဖြစ်မှာပေါ့နော်၊ ဒါဟာလဲ သဘာဝပါပဲဗျာ'

'ခင်ဗျားတို့ ကုမ္ပဏီက ရေနံတွေ့ပြီလို့များ ဆိုလိုတာလား'

ဂျိမ်းစ်က ဒေးဗစ်ကို စိုက်ကြည့်နေသည်။

'အဲဒီသဘောမျိုး ပြောတယ်လို့ပဲ သဘောပေါက်လိုက်ပါတော့၊ ဒါပေမယ့် ကျွန်တော့်မှာ ထုတ်ဖော်ပြောဆိုခွင့် မရှိပါဘူး၊ ခင်ဗျားကိုလဲ မြို့စားကြီး တစ်ယောက်အနေနဲ့ ယုံကြည်လို့ ကျွန်တော် ပြောလိုက်မိတာပါခင်ဗျာ'

* * *

ထိုနေ့ညက နေအိမ်ရှိအိပ်ခန်းထဲမှ ခုတင်ပေါ်သို့ မည်နည်း မည်ပုံ ပြန်ရောက်လာကြောင်းကို ဒေးဗစ် မမှတ်မိတော့ပါ။ သူ အတော်ကလေး မူးသွားလေသည်။ ထို့ကြောင့်လည်း နောက်နေ့ နေအတော်မြင့်တော့မှပင် ရုံးသို့ ရောက်လာနိုင်တော့သည်။

'ကျွန်တော် နည်းနည်းနောက်ကျသွားတယ် ဘာနီ၊ မနေ့ညတုန်းက အေနာဘယ် ဟိုတယ်မှာ ရစ်ချတ်နဲ့ အရက်လိုက်သောက်တာ များသွားပြီး အိပ်ရာထ နောက်ကျသွားတယ်'

'အရေးမကြီးပါဘူး၊ မောင် အခုလို စိတ်လွတ်လက်လွတ် အနားယူ လိုက်ရတယ် ဆိုတာ ကြားရလို့ ဝမ်းသာပါတယ်'

'မြို့စားတစ်ယောက်နဲ့လည်း ကျွန်တော် တွေ့ခဲ့သေးတယ်၊ သူ့နာမည်ကတော့ မမှတ်မိတော့ဘူး၊ သူ့ကိုလည်း ကျွန်တော် အတော်ကလေး အာချောင်လိုက်မိတယ်၊ ကျွန်တော်တို့ ကုမ္ပဏီမှာ သူ့ငွေရင်း ထည့်ကောင်း ထည့်လိမ့်မယ်'





'ကောင်းတာပေါ့ကွယ် မင်းအလုပ်လုပ်တာလဲ သိပ်ပင်ပန်း နေပြီ၊ ရုံးပန်ရုံခါ အဲဒီလို အနားယူပါ'

* * *

ဂျိမ်းစ်ဘရစ္စလေသည် တက္ကစီကားတစ်စီးငှားပြီး သူ့ ငွေစာရင်း ထားရာ ဝီလျံနှင့် ဂလင်းဘဏ်တိုက်သို့ ထွက်လာ ခဲ့သည်။

သူ အမှန်တကယ် ဝါသနာပါသည့် အလုပ်မှာ ပြဇာတ် မင်းသားလုပ်ဖို့ ဖြစ်သည်။ ကျောင်းတုန်းကလည်း ကျောင်းကပွဲ တိုင်းမှာ သူဇာတ်လိုက် ဖြစ်ခဲ့သည်။ အထက်တန်းကျောင်းမှ အောင်သောအခါ ဇာတ်ထဲဝင်ဖို့ ကြိုးစားသည်။ သို့သော်လည်း သူ့အဖေက ကန့်ကွက်ပြီး တက္ကသိုလ်သို့ ဆက်တက်စေသည်။ ထို့ကြောင့် အောက်စဖို့ တက္ကသိုလ်မှာ ဆက်လက်ပညာ သင်ကြားခဲ့ရသည်။

တက္ကသိုလ်ရောက်ပြန်တော့လည်း ဘွဲ့ရရှိရေးထက် အနုပညာ အသင်းလုပ်ငန်း များကိုသာ ဖိဖိစီးစီး လုပ်ခဲ့သည်။ ကပွဲများမှာ ဝင်ကပြန်သည်။ ထို့ကြောင့် စာမေးပွဲ တဘုန်း ဘုန်းကျခဲ့သည်။

ဘွဲ့ရပြီး အောက်စဖို့တက္ကသိုလ်မှ ထွက်လာသောအခါ စစ်ထဲဝင်သည်။ စစ်ထဲဝင်မိသောကြောင့် အမြင်ပိုကျယ်လာသည်။ ပေါင်းသင်းဆက်ဆံရေး များ ကောင်းလာသည်။

စစ်သက် နှစ်နှစ်ပြည့်သဖြင့် တပ်မှထွက်လာပြီးလျှင် သူ့ အဖေက ဟင့်ပ်ရှိုင်းယား နယ်မှာရှိသော မြေဧက ၂၅၀ ပေးသည်။

သို့သော် တောပိုင်းမှာနေရသည့် ဘဝကို သူမကျေနပ်နိုင်ပါ။ ထို့ကြောင့် ... မြေများကို မန်နေဂျာလက်အပ်ပြီး သူကိုယ်တိုင် ကတော့ လန်ဒန်မြို့သို့ ... လာကာ စိတ်ချမ်းသာသလို နေတော့သည်။ သူ့အဖေက သူ့ကို မိန်းမ ... စားချင်သည်။ ဂျိမ်းစ်ကတော့ လူပျိုဘဝနှင့်ပင် လွတ်လပ်စွာနေချင် ... သည်။

သူ့ကို အစွမ်းအစမရှိသူအဖြစ် သူ့အဖေက မြင်နေသည့်အတွက်လည်း ... မခံသာဖြစ်နေသည်။ သူ့မှာ ဘယ်လောက် အစွမ်းအစရှိကြောင်း ပြသ ... သည့် အခွင့်အရေးကိုသာ အမြဲတမ်း ချောင်းနေခဲ့သည်။

ယခုတော့ ထိုအခွင့်အရေးပေါ်ပြီဟု ဆိုနိုင်သည်။

အေနာဘယ်ဟိုတယ်မှာ ဒေးဗစ်ကက်စလာဆိုသူနှင့် အမှတ် မထင်ဆုံ ... သည်။ အရက်ကလေး တစ်ခွက်နှစ်ခွက် ဝင်သွားရုံနှင့် သူတို့ရေနံကုမ္ပဏီ ... ရေးများကို ဖွင့်ပြောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယိုအခွင့်အရေးကို အမှီအရ ဆုပ်ကိုင်နိုင်မည်ဆိုလျှင် သူ မည်မျှအစွမ်းအစရှိကြောင်း သူ့အဖေကို လက်တွေ့ပြနိုင်ပေတော့ မည်ဟုလည်း ယုံကြည်ထားသ သည်။

ဝီလျံနှင့် ဂလင်းဘဏ်တိုက်သို့ ရောက်သောအခါ မန်နေဂျာ ၏ ရုံးခန်းထဲသို့ တောက်လျှောက်ဝင်သွားသည်။

'ဟင့်ပ်ရှိုင်းယားနယ်မှာရှိတဲ့ ကျွန်တော့်မြေတွေကို ပေါင်ချင် လို့ဗျာ'ဟု ဂျိမ်းစ်ဘာရင်စ္စလေ က ပြောသည်။

မန်နေဂျာသည် သူနှင့်ရင်းနှီးသူ ဖြစ်သည်။ သူ့အဖေနှင့် လည်း ရင်းနှီးသည်။ သူတို့ မိသားစုက သည်ဘဏ်တိုက်နှင့် ဆက်ဆံခဲ့သည်မှာ ဘိုးစဉ်ဘောင်ဆက်ကတည်းက ဖြစ်သည်။ ထို့ကြောင့် အထွေအထူး မေးမြန်းစုံစမ်းနေစရာ မလိုတော့။

'ကောင်းပါပြီ မြို့စားကြီး၊ ငွေ ဘယ်လောက်ယူမယ် စိတ်ကူး ထားပါသလဲ'

'အင်း. . . ပင့်ပ်ရှိုင်းယားမှာရှိတဲ့ မြေဈေးတွေက ဒိပ်ကောင်း နေတယ်၊ တစ်ဧကကို ပေါင် ၁၀၀၀ လောက်ရှိနေ တယ်၊ ဈေးကလဲ တရိပ်ရိပ်တက်နေတုန်းပဲ၊ ဒါကြောင့် ပေါင် ၁၅၀,၀၀၀ လောက် ရနိုင်မလား၊ ကုမ္ပဏီတစ်ခုထဲမှာ အစုဝင်ချင်လို့ဗျာ'

'စာချုပ်စာတမ်းတွေ ပါလာသလား'

'ပါပါတယ်'

'ကောင်းပါပြီ၊ ပေါင် ၁၅၀,၀၀၀ ကို အတိုးနှုန်း ၂ ရာခိုင်နှုန်းနဲ့ ချေးပါ့မယ်'

သူတို့အတိုးနှုန်းများအကြောင်းကို ဂျိမ်းစ် မသိပါ။ သို့သော်လည်း ဝီလျံနှင့် ဂလင်း ဘဏ်တိုက်ကြီးသည် နာမည်ကျော် ဘဏ်တိုက်ကြီးဖြစ်သည့်အတွက် သူ့ကိုတော့ အတိုးလိမ်ယူ မည်မဟုတ် ဟု ယုံကြည်စိတ်ချထားပြီး ဖြစ်သည်။

'ကျေးဇူးတင်ပါတယ်၊ အဲဒီငွေနဲ့ ပရော်စပက်တာ ရေနံ ကုမ္ပဏီက အစုရှယ်ယာ ၃၅,၀၀၀ လောက် ဝယ်ပေးပါ၊ အဲဒါတွေ ကို ကျွန်တော့်အတွက် ခင်ဗျားတို့ ဘဏ်တိုက်ကပဲ တာဝန်ယူပြီ ထိန်းသိမ်းပေးထားပါ'

'အဲဒီကုမ္ပဏီနဲ့ ပတ်သက်ပြီး သေသေချာချာရော စုံစမ်းပြီးပြီလား မြို့စားကြီး'ဟု မန်နေဂျာက မေးသည်။

'စုံစမ်းပြီးသားပါဗျာ'

ဂျိမ်းစ်က ခပ်ပြတ်ပြတ် ပြန်ပြောခဲ့သည်။

* * *





ဘော့စ်တွန်မြို့မှာရှိသော ဟာဗေးမက်ကော့ဖ်ကမူ ဆေးလိပ်တဲ့မင်းနှင့်ဆက်ပြောပြ နေသည်များကို နားထောင်နေသည်။

ဒေးဗစ်နှင့်အမည်မသိ မြို့စားကြီးတစ်ယောက် အေနာဘယ် ဟိုတယ်မှာ ဆုံခဲ့ကြကြောင်း၊ ဒေးဗစ်၏ ပြောစကားကြောင့် ထို မြို့စားကြီးက မိမိတို့ ကုမ္ပဏီမှ အစုရှယ်ယာ အတော်များများကို ဝယ်ယူဖို့ အလားအလာရှိနေကြောင်း ဘာနီပြောပြသည်။

ဟာဗေးက အစုပေါင်း ၄၀,၀၀၀ ကို တစုလျှင် ၄-ဒသမ ၈၀ ပေါင်ဖြင့် ...တ်ရောင်း လိုက်သည်။

ဝီလျံနှင့် ဂလင်းဘဏ်တိုက်က အစုပေါင်း ၃၅,၀၀၀ ဂျိမ်းစ် ဘာရင်စ္စလေ အတွက် ဝယ်ယူသည်။ ကျန်အစုရှယ်ယာကိုတော့ အခြား ပုဂ္ဂလိကများက နည်းနည်းချင်း ဝယ်ကြသည်။

ဟာဗေးမက်ကော့ဖ်၏ လက်ထဲတွင် အစုရှယ်ယာပေါင်း ၃၀,၀၀၀ မျှသာ ကျန်တော့သည်။ ယခုအတိုင်းဆိုလျှင် ထို လက်ကျန်များလည်း သုံးလေးရက် အတွင်း ကုန်သွားတော့မည်ဆိုတာ သေချာသည်။

သူအလုပ်လုပ်သည့် အချိန်ကာလမှာ ရက်သတ္တ ဆယ့်လေးပတ်မျှသာ ကြာမြင့်သည်။ ထိုအချိန်ကာလအတွင်း ပရော်စပက်တာ ရေနံကုမ္ပဏီအနေဖြင့် ...ငွေ ဒေါ်လာ ခြောက်သန်းကျော်ရအောင် ဖန်တီးပေးနိုင်ခဲ့လေသည်။

သောကြာနေ့ နံနက်သို့ရောက်သည်တွင် သူတို့၏ အစု ရှယ်ယာ ...နှုန်းသည် ၄-ဒသမ ၉၀ ပေါင်နှုန်းဖြင့် အရောင်း အဝယ် ဖြစ်နေသည်။

သူတို့၏ မြှုပ်ကွက်များကို နားမလည်ရှာသော လူရိုးကလေး ဒေးဗစ် ...စလော၏ ဆောင်ရွက်ချက်ဖြင့် လူလေးယောက်က အစုရှယ်ယာ အများ ...ကို ဝယ်ယူသွားကြလေပြီ။ ဟာဗေးက ထိုစာရင်းဇယားများကို သေသေ ...ာ စစ်ဆေးကြည့်နေသည်။

* * *

ပါမောက္ခ စတီဖင်ဘရက်ဒ်လေက ၆-ဒသမ ၁၀ ဒေါ်လာ နှုန်းဖြင့် ...ရှယ်ယာပေါင်း ၄၀,၀၀၀ ကိုလည်းကောင်း၊

ဒေါက်တာရော်ဘင်အုတ္တလေက ၇-ဒသမ ၂၃ ဒေါ်လာ နှုန်းဖြင့် ...ရှယ်ယာပေါင်း ၃၅,၀၀၀ ကိုလည်းကောင်း၊

ပန်းချီပွဲစား ဂျင်းပီယာလာမန်းက ၇-ဒသမ ၈၀ ဒေါ်လာ နှုန်းဖြင့် ...ရှယ်ယာပေါင်း ၂၅,၀၀၀ ကိုလည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီး ဂျိမ်းစ်အာရစ္စလေက ၈ ဒသမ ၈၀ ဒေါ်လာနှုန်းဖြင့် အစုရှယ်ယာပေါင်း ၃၅,၀၀၀ ကိုလည်းကောင်း၊

ဒေးဗစ်ကက်စလာ ကိုယ်တိုင်က ၇ ဒသမ ၂၅ ဒေါ်လာနှုန်းဖြင့် အစုရှယ်ယာပေါင်း ၅၀၀ ကိုလည်းကောင်း အသီးသီး ဝယ်ယူသွားကြလေသည်။

သူတို့ ငါးယောက် ဝယ်ယူသည့် အစုရှယ်ယာ စုစုပေါင်းမှာ ၁၃၅,၅၀၀ ရှိပြီး တန်ဖိုးအားဖြင့် ဒေါ်လာ တစ်သန်းကျော်ဖိုး ရှိလေသည်။

သူတို့က အစုလိုက် အပြုံလိုက် ဝယ်ယူနေသောကြောင့် အစုရှယ်ယာ ဈေးနှုန်းများမှာ ဘာမှန်းမသိ ညာမှန်းမသိ ထောင်တက်နေလေတော့သည်။ ဟာဗေး၏ လက်ထဲမှာရှိနေသော အစု အားလုံး ရောင်းကုန်သွားဖို့ လမ်းဖွင့်ပေးသလို ဖြစ်နေသည်။

ပရော်စပက်တာ ကုမ္ပဏီထဲမှာ ဟာဗေး၏ နာမည် လုံးဝ မပါပါ။ သူ့လက်ထဲမှာလည်း အစုရှယ်ယာလက်မှတ် လုံးဝ မရှိတော့ပါ။ ထို့ကြောင့် သူ့ကို မည်သူကမှ အရေးမယူနိုင်တော့ပါ။ တရားမဝင်သော လုပ်ငန်းများ လုပ်သည်ဟု မည်သည့်နည်းနှင့်မျှ သူ့ကို မစွပ်စွဲနိုင်တော့ပါ။

ဘူမိဗေဒအစီရင်ခံစာတွင်လည်း '. . . ဆိုလျှင်' ဟူသော စကားလုံးများ 'အကယ်၍သာ' ဟူသော စကားလုံးများ၊ 'သို့သော်လည်း' ဟူသော စကားလုံးများက အပြည့်အဝ ပါဝင်နေသည်။ ထို့ကြောင့် ရုံးတော်သို့ ရောက်လျှင်လည်း ကင်းကင်းရှင်းရှင်း ရှောင်နိုင် တိမ်းနိုင်ဖို့ သေချာသလောက် ဖြစ်နေသည်။

ဒေးဗစ်ကက်စလာ အမည်ရှိ အလွန်တရာ စိတ်ဓာတ် တက်ကြွနေသည့် လူငယ်ကလေးကိုတော့ ဟာဗေးအပြစ်မဆိုပါ။ လူငယ်ဆိုတော့ တက်ကြွရပေမည်။ သူတို့ ကုမ္ပဏီ၏ အလားအလာက အလွန်တရာ ကောင်းနေသည်ဟု ယုံကြည်ထားသော မည်သည့်လူငယ်မဆို ယခုလိုပင် တက်တက်ကြွကြွ အလုပ်လုပ်ကြမည်မှာ သေချာသည်။

ဟာဗေးသည် အကောင်းဆုံး ကရပ်ရှမ်ပိန် ပုလင်းကိုဖွင့်ပြီး အကောင်းဆုံး ရိုမီယိုဝိုင် ဂျူလိယက်တာချာချီ ဆေးပြင်းလိပ်ကို မီးညှိရှိုက်နေသည်။

ဒေးဗစ်၊ စတီဖင်၊ ရော်ဘင်၊ ဂျင်းဂီယာနှင့် ဂျိမ်းစ်တို့ကလည်း ထိုရုံးပိတ်ရက်များကို စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ကုန်ဆုံးစေခဲ့ကြသည်။

ဘာကြောင့် စိတ်မချမ်းသာရမည်နည်း။

သူတို့ ဝယ်ယူထားသည့် အစုရှယ်ယာများသည် နေ့စဉ် တရိပ်ရိပ် ဈေးတက်လာရာ ယခုအခါတွင် တစ်စုလျှင် ၄ ဒသမ ၄၀ ပေါင် ဖြစ်နေ





ခတုတ်လား။ ထိုမျှမက၊ ၁၀ ပေါင်အထိ ဈေးတက်မည်ဟုလည်း ဒေးဗစ်က သူတို့ကို အာမခံထားခဲ့သည် မဟုတ်ပါလား။

ဒေးဗစ်က အကောင်းဆုံး ဝတ်စုံတစ်စုံကို စနေနေ့ မနက်မှာ ဝယ်သည်။

စတီဖင်က ကျောင်းသား ကျောင်းသူများ၏ အတန်းတင် စာမေးပွဲ အဖြေလွှာများကို စစ်ဆေးနေသည်။

ရော်ဘင်က သူ့သားများ၏ ကျောင်းတွင် ကျင်းပသော ကျောင်းတွင်း ပြေးခုန်ပစ်ပြိုင်ပွဲ သွားကြည့်နေသည်။

ဂျင်းပီယာက ကမ္ဘာကျော် ပန်းချီဆရာကြီး ရေနွား၏ ပန်းချီကားကြီးကို ဆောင်တပ်နေသည်။

ဂျိမ်းစ်က တောထဲမှာ အမဲလိုက်ရင်း သူ့အစွမ်းအစကို သူ့အဖေ ဆုတ်လုံးပြုသွားတော့မည်ဖြစ်ကြောင်း တွေးရင်း အူမြူးနေလေသည်။

တနင်္လာနေ့ မနက် ၉ နာရီတွင် ရုံးသို့ ဒေးဗစ်လာသောအခါ ရုံးခန်းတံခါး သော့ခတ်ပိတ်ထားသည်ကို တွေ့ရသည်။

ထိုအဖြစ်ကို မြင်သောအခါ သူ နားမလည်နိုင်ပါ။ အတွင်းရေးမှူးများသည် မနက် ၈ နာရီ ၄၅ မိနစ်တွင် ရောက်ကြစမြဲ ဖြစ်သည်။

ရုံးရှေ့မှာ တစ်နာရီနီးပါးကြာအောင် သူ ရပ်စောင့်နေသည်။ မည်သူမျှ ပေါ်မလာသည့် အဆုံးတွင် အနီးဆုံးတယ်လီဖုန်းရုံးသို့ သွားကာ ဘာနီ ဆေးလ်ဗားမင်း၏ အိမ်ကို ဖုန်းဆက်ကြည့်သည်။ မည်သူမှ ပြန်မထူး။

ထို့ကြောင့် ရစ်ချတ်အယ်လီယော့အိမ်ကို ဆက်ကြည့်ပြန်သည်၊ တစ်ဖက်မှာ ခေါင်းလောင်းသံသာ ဆက်တိုက်မြည်နေသည်။ ကိုင်မည့်သူ မရှိ။

ရုံးကို ပြန်ဆက်ကြည့်သည်။ ရုံးကလည်း မထူး။

သို့ဖြင့်ပင် ရုံးရှိရာသို့ ပြန်လျှောက်လာခဲ့သည်။ တစ်ခုခုတော့ မှားနေပြီဟု ထင်သည်။ ယနေ့ တနင်္ဂနွေနေ့များ ဖြစ်နေသလားဟု တွေးကြည့်သည်။ မဖြစ်နိုင်ပါ။ လမ်းပေါ်မှာ မော်တော်ကားတွေ၊ လူတွေ ရှုပ်ယှက်ခတ်သွားလာနေကြသည်။

ရုံးသို့ ပြန်ရောက်လာသောအခါ လူငယ်တစ်ယောက်က ရုံးဝင်ပေါက် တံခါးမှာ ဆိုင်းဘုတ်တစ်ခု ချိတ်နေသည်ကို တွေ့ရလေသည်။

'စတုရန်းပေ ၂၅၀၀ အကျယ်အဝန်းရှိ ရုံးခန်းငှားရန်ရှိသည်၊ ကွန်ရက် မင်းဘာလတ် ကုမ္ပဏီတွင် စုံစမ်းနိုင်ပါသည်' ဟူသော ဆိုင်းဘုတ် ဖြစ်နေသည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟောကောင်… မင်းဒီမှာ ဘာလာလုပ်နေတာလဲ' ဟု ဒေးဗစ်က ထိုလူငယ်ကို လှမ်းမေးလိုက်သည်။

'ဒီရုံးခန်းကို ငှားထားတဲ့လူတွေ ပြောင်းသွားပြီလေဗျာ၊ ရုံးခန်း ပြန်အပ်သွားလို့ ငှားမယ်ဆိုတဲ့ ဆိုင်းဘုတ် ကျွန်တော် လာချိတ်နေတာ၊ ဘာလဲ… ခင်ဗျားက အခန်းငှားချင်လို့လား'

'မဟုတ်ပါဘူးကွာ… မဟုတ်ပါဘူး၊ ကျေးဇူးတင်ပါတယ်'

ဒေးဗစ်က ထိုမျှသာ ပြန်ပြောခဲ့ပြီး ထိုနေရာမှ သုတ်ခြေတင် ထွက်ခဲ့ရလေတော့သည်။

လမ်းမပေါ်သို့ ရောက်သောအခါ သူ့နဖူးမှာ ချွေးများနှင့် နစ်နေလေပြီ။ လမ်းဘေးရှိ တယ်လီဖုန်းရုံလေး အားနေပါစေဟုလည်း ကျိတ်ပြီး ဆုတောင်းနေမိသည်။ သူ ဆုတောင်းသည့်အတိုင်း ဖုန်းဆက်နေသူ မရှိ။ အတွင်းဝင်ပြီး တယ်လီဖုန်း လမ်းညွှန်စာအုပ်တွင် ဘာနီဆေးလ်တားမင်း၏ အတွင်းရေးမှူး ဂျူဒစ်လင်မ်ဆန်၏ ဖုန်းကို ရှာသည်။ အဆင်သင့် တွေ့သွားသည်။

'ဂျူဒစ်… ဘာတွေ ဖြစ်ကုန်ကြတာလဲ'

သူ့လေသံကို နားထောင်ခြင်းအားဖြင့် မည်မျှ စိတ်လှုပ်ရှားပြီး ပူပင်သောက ရောက်နေကြောင်းကို ဂျူဒစ်က အလွယ်တကူ အကဲခတ်လိုက်နိုင်ပါသည်။

'ကျွန်မလည်း ဘာမှ မသိဘူး၊ သောကြာနေ့ညတုန်းက ကျွန်မကို တစ်လစာ ပေးပြီး အလုပ်က ထုတ်ပစ်လိုက်တယ်၊ လခ တစ်လစာလည်း ဆောင်းပေးလိုက်တယ်၊ အကြောင်းပြချက် ဘာမှ မပေးဘူး'

ဒေးဗစ်က တယ်လီဖုန်း စကားပြောခွက်ကို ပြန်ပစ်ချလိုက်သည်။

အဖြစ်မှန်ကို သူတဖြည်းဖြည်း ရိပ်စားမိလာသည်။ အလွန်တစ်ရာ ရိုးသောလှည့်ကွက်ကလေး တစ်ခုဖြစ်ပါသည်။ မည်သူ့ကို အပြစ်တင်ရမည်နည်း။ သူ ဘာဆက်လုပ်ရမည်နည်း။ စိတ်ဓာတ် အကြီးအကျယ်ကျတာ နေအိမ်သို့ ပြန်လာခဲ့သည်။ သူ အပြင်ထွက်နေတုန်း စာပို့လုလင်က စာလာဝေသွားသည်။ အခန်းပိုင်ရှင်ထံမှ စာဖြစ်သည်။

လူကြီးမင်းခင်ဗျား၊

ယခုလကုန်လျှင် လူကြီးမင်း ရွှေ့ပြောင်းတော့မည်ဆိုသည့် အကြောင်းကို ဝမ်းနည်းစွာဖြင့် ကြားသိရပါသည်။ ထို့ကြောင့် ယခုလအတွက် ကျသင့်သော





အိမ်လခကို လမကုန်မီ ကြိုတင် ပေးသွင်းပါရန် မေတ္တာရပ်ခံပါသည်။

သက်ဆိုင်သည့် သော့များကိုလည်း လူကြီးမင်း အဆင်ပြေမည့် တချိန်ချိန်တွင် ကျွန်တော်တို့ ရုံးသို့ ပြန်အပ်စေလိုပါသည် ခင်ဗျား။

လေးစားစွာဖြင့်
စီ-ဂျေ-ကာစယ်လ်တန်၊
မန်နေဂျာ။

ဒေးဗစ်သည် အိမ်ခန်းအလယ်မှာ ငေးကြောင်ကြောင် ရပ်နေသည်။ သူ့ရှေ့မှာ ရှိနေ သော လီယွန်အန်ဒါဝုဒ်၏ ပန်းချီ ကားကြီးကိုလည်း မှုန်းတီးတီးဆုပ်စွာဖြင့် ကြည့်နေမိသည်။

နောက်ဆုံးမှာတော့ စိုးရိမ်စိတ်များ ဝင်လာသည်။ ထို့ကြောင့် သူ့ပွဲစားထံသို့ ဖုန်းလှမ်းဆက်သည်။

'ပရော်စပက်တာရေနံကုမ္ပဏီရဲ့ အစုရှယ်ယာတွေ ဒီနေ့ မနက်ပေါက်ဈေး ဘယ်လောက် ရှိသလဲ'

'၃-ဒသမ ၈၀ ပေါင်ကို ထိုးကျသွားပါတယ်ခင်ဗျာ'ဟု သူ့ ပွဲစားက ပြန်ဖြေသည်။

'ဘာကြောင့် ဈေးကျကုန်တာလဲ'

'ကျွန်တော်လဲ မသိပါဘူး ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော် စုံစမ်းပြီး ဖုန်းပြန်ဆက် ပြောပါ့မယ်'

'ကျွန်တော့်ရဲ့ အစု ရှယ်ယာပေါင်း ၅၀၀ ကို ချက်ချင်းချ ရောင်းပစ်လိုက်ပါ'

'ပရော်စပက်တာ ရေနံကုမ္ပဏီရဲ့ အစုရှယ်ယာ ၅၀၀ ကို ပေါက်ဈေးနဲ့ ချက်ချင်း ရောင်းရမယ်. . . ကောင်းပါပြီ ခင်ဗျာ'

ဒေးဗစ်က ဖုန်း ပြန်ချထားလိုက်သည်။ ခဏကြာတော့ ခေါင်းလောင်း မြည်လာသည်။ သူ့ပွဲစားက ပြန်ဆက်ခြင်း ဖြစ်သည်။

'တစုကို ၃-ဒသမ ၅၀ပေါင်ပဲ ရပါတော့တယ် ခင်ဗျာ၊ လူကြီးမင်း ဝယ်ခဲ့တဲ့ ဈေးပဲ ပြန်ရပါတယ်'

'ရောင်းရတဲ့ငွေကို ဘဏ်တိုက်မှာ အပ်လိုက်ပါ'

'ကောင်းပါပြီ ခင်ဗျာ'

ဒေးဗစ် အပြင်သို့ မထွက်တော့ပါ။ ထိုတစ်နေ့လုံး တစ်ညလုံး အခန်းအောင်းနေ လိုက်သည်။ အိပ်ရာပေါ်မှာ ပက်လက်လှန် ယင်း ခေါင်းလိပ်ဖွာလိပ်ပြီး တစ်လိပ်ဖွာကာ ဘာဆက်လုပ်ရမည်ကို စဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ ကျော်ကြည့်လိုက်သောအခါ ဘဏ်တိုက်ကြီးများ၊ အာမခံကုမ္ပဏီကြီးများ၊ အစုရှယ်ယာ အရောင်းအဝယ် ပြုလုပ်သည့် ဒိုင်များ ကုမ္ပဏီများကို လှမ်းတွေ့နေရလေသည်၊ ထိုလောကသည် သူ့လောက ဖြစ်ခဲ့ပါ၏၊ သို့သော်လည်း ယခုကား သူနှင့် မည်သို့မျှ မသက်ဆိုင်တော့ချေ၊

နောက်တစ်နေ့ မနက်ရောက်သည်တွင် နောက်ထပ် သတင်းကလေးများ ရလိုရငြား သူ့ပွဲစားထံသို့ ဖုန်းဆက်ကြည့်သည်၊

'ပရော်စပက်တာ ရေနံကုမ္ပဏီနဲ့ ပတ်သက်တဲ့ သတင်းကလေးများ ပြောပြနိုင်ဦးမလား'

ပွဲစားကို သူမေးသည့်အသံသည် အလွန်တရာ ပင်ပန်းနွမ်းနယ်နေကြောင်း သိသာထင်ရှားနေလေသည်၊

'သတင်းကတော့ အတော်ဆိုးပါတယ်ခင်ဗျာ၊ အစုရှယ်ယာတွေကို ရတဲ့ဈေးနဲ့ အတင်းတွန်းထိုး ရောင်းပစ်နေကြတယ်၊ ဒီနေ့ မနက်ဆိုရင် တစ်စုကို ပေါက်ဈေး ၂ ဒသမ ၈၀ ပေါင်ပဲ ရှိပါတော့တယ်'

'ဘာဖြစ်လို့လဲ၊ ဘာတွေ ဖြစ်ကုန်ကြတာလဲ'

သူ့အသံမှာ ဝေါသံများပါ ရောစွက်လာလေသည်၊

'ကျွန်တော်တို့တော့ ဘာမှမသိပါဘူး ခင်ဗျာ'

ပွဲစား၏ လေသံကတော့ ပုံမှန်ပင် ဖြစ်သည်၊ သူတို့အဖို့က ရှုံးရှုံးမြတ်မြတ် ၁ ရာခိုင်နှုန်း ရမည်ဆိုတော့ မပူမပင် နေနိုင်ကြသည်၊…

ဒေးဗစ်က ဖုန်းကိုပစ်ချလိုက်သည်၊ ဟားဗတ် စီးပွားရေး တက္ကသိုလ်မှာ သင်ကြား တတ်မြောက်ခဲ့သည့် ပညာများသည် တခဏချင်းမှာပင် မီးခိုးများလို လွင့်ပါးပျောက်ကွယ် ကုန်လေတော့သည်၊

လမ်းဘေးက မထင်မရှား စားသောက်ဆိုင်ကလေး တစ်ခုမှာ နေ့လယ်စာ သွားစားသည်။ ညနေထုတ် သတင်းစာကို ကောက်ကြည့်သည်၊

'ပရော်စပက်တာ ရေနံကုမ္ပဏီ၏ လျှို့ဝှက်ချက်'ဟူသော ခေါင်းစဉ်ဖြင့် အယ်ဒီတာက ဆောင်းပါးရေးထားသည်ကို ဖတ်ရသည်၊

ထိုနေ့ညနေ ဒိုင်များပိတ်ချိန်တွင် သူ့တို့ ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများသည် ၁ ဒသမ ၆၀ ပေါင် ဈေးနှုန်းသို့ ထိုးကျသွားလေသည်၊

နောက်တစ်ညတည်းဟူသောအချိန်ကို ပင်ပန်းကြီးစွာဖြင့် ကုန်ဆုံးလွန်မြောက်ခဲ့ပြန်သည်၊

သူ့အကြောင်းကို သူပြန်စဉ်းစားကြည့်နေသည်၊ လစာ ကောင်းကောင်းဖြင့် နှစ်လလုံးလုံး အလုပ်လုပ်ခွင့်ရခဲ့သည်၊ ဒေါ်လာ ၅၀၀၀ တည်းဟူသော





လုပ်အားခ ဆုငွေကိုလည်း လွယ်လွယ်ကူကူပင် ရခဲ့သည်။ သူပြောသမျှ စကားများကိုလည်း ကျန်လူများ ယုံကြည်ခဲ့ကြသည်။ လိုလိုချင်ချင် နားထောင်ခဲ့ကြသည်။

ဗုဒ္ဓဟူးနေ့သို့ ရောက်လာသည်။ ပွဲစားထံသို့ ဖုန်းဆက်ပြီး စုံစမ်းကြည့်ပြန်သည်။ အစုရှယ်ယာဈေးနှုန်းသည် တစ်ပေါင်အထိ ကျသွားကြောင်း၊ ဝယ်သူလုံးဝမရှိတော့ကြောင်း ပွဲစားက ပြန်ပြောပြသည်။

သူ ငွေစာရင်းဖွင့်ထားရာ ဘဏ်တိုက်သို့ ထွက်လာခဲ့သည်။ စာရင်းပိတ်သည်။ လက်ကျန်ငွေ ၁၃၄၅ ပေါင်ကို ထုတ်ယူသည်။ စာရေးမလေးက သူ့ကို ငွေပေးယင်း ပြုံးပြသည်။ စီးပွားရေး လုပ်ငန်းများတွင် အလွန်တရာ အောင်မြင်သည့် လူငယ်တစ်ယောက်ဖြစ်သည်ဟု စာရေးမလေးက ထင်နေသည်။

ညနေ သတင်းစာတစ်စောင်ကို ဝယ်ကြည့်သည်။ ပရော် စပက်တာရေနံ ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများသည် ၂၅ပြား သို့ ကျဆင်းသွားကြောင်း ရေးသားထားသည့် သတင်းကို ဖတ်ရသည်။

သူ့အိမ်ခန်းသို့ ပြန်လာခဲ့သည်။ အိမ်ရှင်းလင်းပေးသည့် အမျိုးသမီးနှင့် လှေကားမှာ ဆုံသည်။

'ရှင့်ကို ရဲအရာရှိတွေ လာရှာကြတယ်'ဟု အမျိုးသမီးက ပြောသည်။

'ဒေးဗစ်က မျက်နှာအမူအရာ ပျက်မသွားအောင် ဟန်ဆောင်ထိန်းသိမ်းယင်း လှေကားအတိုင်း တက်လာသည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ စည်းကမ်းမဲ့ မော်တော်ကားရပ်မိတဲ့ ဒဏ်ငွေ ဆောင်လို့ လိုက်လာတာဖြစ်မှာပါ'

ထိတ်လန့်ကြောက်ရွံ့မှုများသည် သူ့တစ်ကိုယ်လုံးမှာ ဖုံးလွှမ်းလျက် ရှိလေပြီ။ သူ့တစ်သက်တွင် ယခုတစ်ကြိမ်လောက် တစ်ခါမှ အားမငယ်ဖူးချေ။ သူ့ပိုင် ပစ္စည်းများကို သိမ်းသည်။ ပန်းချီကား ကြီးကိုတော့ နံရံပေါ်မှာ သည်အတိုင်း ချိတ်ထားလိုက်သည်။ ပြီး တော့ နယူးယောက်မြို့သို့ ပြန်ရန် လေယာဉ်လက်မှတ် ဝယ်လိုက် လေတော့သည်။

## ၄

နယူးယောက်မြို့သို့ ဒေးဗစ် ပြန်သွားသည့် နေ့မှာပင် စတီဖင်ဘရက်ဆလက အောက်စဖို့တက္ကသိုလ်တွင် တတိယနှစ် ကျောင်းသူ ကျောင်းသားများကို သင်္ချာဘာသာရပ် ပို့ချပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း တာသင်သည့် လုပ်ငန်းထဲမှာအာရုံမရှိပါ။ အဲယောင်ယောင် အမှားမှား တွေလည်း ဖြစ်နေသည်။ ကျောင်းသူ ကျောင်းသားများကလည်း သူ၏ အယောင်ယောင် အမှားမှား ဖြစ်နေသည်ကို ကျိတ်ရယ်နေကြသည်။

သူ့စိတ်ကတော့ မနက်စာ စားတုန်းက ဖတ်ခဲ့ရသည့် သတင်းစာထဲမှ သတင်းဆိုးကြီး ဆီသို့သာ ပြန်ရောက်နေသည်။

ဒေးလီးတယ်လီဂရပ် သတင်းစာထဲမှာ ပရော်ဖက်စာ ရေနံကုမ္ပဏီ ဖျက်စီးသွားသည့် အကြောင်း ရေးထားသည်။

သတင်းစာဖတ်ပြီးသည်နှင့် တပြိုင်တည်း သူ့ပွဲစားထံသို့ ချက်ချင်းဖုန်းကောက်ဆက် သည်။ ဘာဖြစ်သည်ကို စုံစမ်းပြီး အကြောင်းပြန်ပါမည်ဟု ပွဲစားက ပြောသည်။

ဒေးဗစ်ထံသို့ ဆက်ပြန်သည်။ သို့သော်လည်း သူ့ဖုန်းကို ကောက်ကိုင်မည့်သူပင် မရှိ။ ဘယ်ရောက်သွားသည်ကို ဘယ်လိုမှ ခြေရာခံလို့ မရတော့ပေ။

အတန်းချိန်ကုန်သည်နှင့် တပြိုင်တည်း သူ့အခန်းသို့ ပြန်ပြေးလာခဲ့သည်။ သူထိုင်နေကျ သားရေကုလားထိုင် အဟောင်းကြီးပေါ်မှာ ထိုင်ယင်း ဘယ်ကစပြီး စဉ်းစားရမှန်း မသိအောင် ဖြစ်နေသည်။

သူပိုင်ဆိုင်သော စည်းစိမ်အားလုံးကို ဘာကြောင့်များ တောင်းတစ်လုံးထဲမှာ စုပြုံထည့်ခဲ့မိလေသနည်း။ သူသည် အလွန်တရာ မိုက်မဲစွာပင် လောဘကြီးခဲ့မိလေသလား။

ဒေးဗစ်ကို သူ ယုံကြည်ခဲ့သည်။ ယခုလို ကလိမ်ကလည် လုပ်သည့်အထဲတွင် သူ့သူငယ်ချင်း မပါဝင်နိုင်ကြောင်းလည်း ယခုအချိန်အထိ သူယုံကြည်နေဆဲဖြစ်သည်။ သူ့ သူငယ်ချင်းသည် လူလိမ်များ အသုံးချခြင်းကို ရိုးသားစွာ ခံသွားရခြင်း ဖြစ်ပေလိမ့်မယ်ဟု သူ စဉ်းစားကြည့်နေမိသည်။

ဘာပဲဖြစ်ဖြစ် သူအလိမ်ခံလိုက်ရသည့် ငွေအားလုံး တပြား မကျန် ပြန်ရအောင်တော့ မဖြစ်မနေ လုပ်ရပေတော့မည်ဟု အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်သည်။

တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ သူ့ပွဲစားက နောက်ထပ်ခိုင်လုံသည့် သတင်းပေးဖို့ ဆက်ခြင်းဖြစ်မည်ဟု ထင်သည်။

ဖုန်းကို ကောက်ကိုင်သည်။ သူ့ လက်မှာ ချွေးစေးများဖြင့် စွဲနစ်နေကြောင်း ယခုမှပင် သတိထားမိလေတော့သည်။

'စတီဖင်ဘရက်ဒ်လေ စကားပြောနေပါတယ်'





'ဝွဒ်မောနင်းဆရာ၊ အခုလို ဆရာ့ကို အနှောင့်အယှက်ပေးရတာ ဝမ်းနည်းပါတယ်ခင်ဗျာ၊ ကျွန်တော် စကော့တလန်ယဒ် စုံထောက်အဖွဲ့က စုံထောက်အရာရှိ ကလစ်ဖို့စမစ် ဖြစ်ပါတယ်။ ဒီနေ့ ညနေပိုင်းမှာ ဆရာနဲ့များ တွေ့နိုင်ခွင့် ရမလားလို့ ဆက်တာပါ'

စတီဖင်မှာ ခဏကြာအောင် တွေဆိုင်းဆိုင်း ဖြစ်နေသည်။ ပရော်ဖက်တာ ရေနံကုမ္ပဏီ၏ ရာဇဝတ်မှုထဲတွင် မိမိလည်း ပါဝင်ပတ်သက်နေမိပြီလားဟု စိုးရိမ်တကြီး စဉ်းစားမိသည်။

'ရပါတယ်ဗျာ၊ ကျွန်တော် လန်ဒန်ကို လာခဲ့ရမှာလား'

'မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်တို့ အောက်စဖို့ကို လာခဲ့ပါ့မယ်၊ ညနေလေးနာရီ ဆိုရင် ဆရာ့အတွက် အဆင်ပြေနိုင်ပါ့မလား'

'ကောင်းပါပြီ၊ ကျွန်တော် စောင့်နေပါ့မယ်'

စတီဖင်က ဖုန်းကို ပြန်ချသည်။ သူတို့ ဘာများ သိချင်ကြသနည်း။ အင်္ဂလိပ်ဥပဒေများကို သူ များများစားစား မသိပါ။ ရဲများနှင့် ဇတ်ရှုပ်ရသည့်အတွက် မည်သို့သော အခက်အခဲများ ဖြစ်ပေါ်လာနိုင်သည်ကိုလည်း သူ မသိပါ။

အမေရိကန်ပြည်ထောင်စုမှ ဟားဗတ် တက္ကသိုလ်သို့ ပြန်ပြီး ပါမောက္ခအဖြစ် အမှုထမ်းရန် ခြောက်လမျှသာ လိုတော့သည်။ ယခုလို ဖြစ်လာသည့်အတွက် လုပ်ငန်းမှာပါ အနှောင့်အယှက် ဖြစ်နေမည်လားဟုလည်း တွေးကြည့်နေမိသည်။

* * *

ညနေ ချိန်းထားသည့် ၄ နာရီအချိန်မှာပင် စုံထောက်အရာရှိ နှစ်ယောက်ရောက်လာသည်။

ကလစ်ဖို့စမစ်ဆိုသော စုံထောက်အရာရှိက အသက် ၄၅-နှစ်ကျော် ၅၀ နီးပါးပြီ၊ အရပ်က ၅ ပေ ၁၁ လက်မခန့် ရှိသည်။ သူနှင့်အတူပါလာသော ဆပ်ကြပ်ကြီး ရိုက်ဒါဆိုသူကမူ အရပ် ၆ ပေ ၁ လက်မခန့် ရှိသည်။ အဝတ်အစားကို သပ်ရပ်စွာ ဝတ်ဆင်ထားသည်။

'ဆရာ့ကို အခုလို အနှောင့်အယှက်ပေးရတဲ့အတွက် စိတ်မကောင်းပါဘူးခင်ဗျာ'

စုံထောက်အရာရှိက စတီဖင် ထိုင်နေကျ ကုလားထိုင်မှာ နေသားတကျ ထိုင်ပြီးသောအခါ စတီဖင်ကို ပြောသည်။

'ဒါပေမယ့် ပရော်ဖက်တာ ရေနံကုမ္ပဏီနဲ့ ပတ်သက်ပြီး လိုအပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းစစ်ဆေးမှုတွေကို ကျွန်တော် လုပ်နေရပါတယ်၊ ဆရာ ဘာမှ မပြောသေးခင် ဒီကုမ္ပဏီဖွင့်ပြီး လုပ်ကိုင်နေတာတွေနဲ့ ဆရာနဲ့ ဘယ်လိုမှ မပတ်သက်ဘူးဆိုတာ ကျွန်တော်တို့ သိထားတဲ့အကြောင်းနဲ့ ကုမ္ပဏီအခုလို ပျက်စီးသွားတာထဲမှာလည်း ဆရာ ဘယ်လိုမှ မပတ်သက်ကြောင်း ကျွန်တော်တို့ သဘောပေါက်ထားပြီးသား ဖြစ်ပါတယ် ဆိုတာကိုတော့ ကြိုတင်ပြောထားပါရစေ၊ ဒါပေမယ့် ဆရာ့ဆီက အကူအညီကို ကျွန်တော်တို့ လိုချင်ပါတယ်၊ ကျွန်တော်တို့ အထိုက်အလျောက် ပံ့ပိုးယူလို့ ရမယ်ထင်ပါတယ်၊ ပြီးတော့ ကျွန်တော်တို့မေးတဲ့ မေးခွန်းတွေကို ဆရာမဖြေချင်ဘူးဆိုရင်လည်း မဖြေဘဲ နေနိုင်ခွင့်ရှိပါတယ်'

စတီဖင်က ခေါင်းညိတ်ပြသည်။

'ပထမမေးခွန်းက ဆရာ... ဒါလောက်များပြားတဲ့ ငွေတွေကို ဘာကြောင့် ပရော်စပက်တာ ရေနံကုမ္ပဏီထဲကို ထည့်လိုက်ရတာလဲ'

စုံထောက်အရာရှိ၏ ရှေ့မှာ စာရွက်ကလေးတစ်ရွက် ချထားသည်။ လွန်ခဲ့သည့် လေးလအတွင်း ကုမ္ပဏီ၏ အစုရှယ်ယာ ဝယ်ယူခဲ့သူ စာရင်းဖြစ်သည်။

'ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့ အကြံပေးချက်အရ ထည့်လိုက်တာပါပဲ'ဟု စတီဖင်က ဖြေသည်၊

'မစ္စတာ ဒေးဗစ်ကက်စလာလို့ ထင်ပါတယ်၊ မှန်ပါသလား ဆရာ'

'မှန်ပါတယ်'

'သူနဲ့ ဆရာ ဘယ်လိုလုပ်ပြီး သိတာလဲ'

'ကျွန်တော်တို့ နှစ်ယောက်က ဟားဗတ်တက္ကသိုလ်မှာ ကျောင်းနေဘက် သူငယ်ချင်းပါ၊ သူက အင်္ဂလန်ကို လာပြီး ရေနံကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်၊ သူ့ကို ဒီမှာဖိတ်ပြီး ကျွန်တော် ထမင်းကျွေးတယ်၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြတယ်'

စတီဖင်က ဒေးဗစ်နှင့် သူတို့ အကြောင်းများကို ဆက်ပြောပြသည်။ မည်သည့် ရည်ရွယ်ချက်ဖြင့် ယခုလောက်များသည့် ငွေများကို အစုရှယ်ယာအဖြစ် ထည့်ရသည့်အကြောင်းကိုပါ ရှင်းပြသည်။ ပြီးတော့ ယခု ရာဇဝတ် ထဲတွင် ဒေးဗစ်ပါ ရောပါနေသလားဟု သူက စုံထောက်အရာရှိကို မေးကြည့်သည်။

'မပါပါဘူးဆရာ၊ ကျွန်တော့်အမြင်အရ ပြောရရင်တော့ ဒေးဗစ်ကက်စလာဟာ ဒီအမှုကြီးထဲမှာ ဘာမသိဘာမသိနဲ့ ပါလာတာပါ။ ဒါကြောင့် ဘာ





ရှမှန်းမသိပဲ သူလဲ ဒီနိုင်ငံ ထဲကနေထွက်ပြေးသွားပါပြီ၊ ဒါပေမယ့် သူ့ကိုလဲ ကျွန်တော်တို့ စစ်ဆေး ကြည့်ချင်ပါသေးတယ်၊ ဆရာ့ကိုများ သူအဆက်အသွယ် လုပ်မယ်ဆိုယင် ကျွန်တော်တို့ ချက်ချင်းသိပါရစေ၊ ကျွန်တော်နာမည် တစ်ချို့ကို ဖတ်ပြပါ့မယ်၊ သူတို့နဲ့ ဆရာ တွေ့ဖူးတယ်ဆိုယင် ပြောပါ၊ ဒါမှမဟုတ် ကြားဖူးတယ်ဆိုယင်လဲ သိပါရစေ။ ဟာဒေးမက်ကော့ဖ်'

'မကြားဖူးဘူး'

စတီဖင်က ပြန်ဖြေသည်။

'ဘာနီဆေးလ်ဗားမင်း'

'သူနဲ့ တစ်ခါမှမတွေ့ဖူးဘူး၊ စကားလဲ မပြောဖူးဘူး၊ ဒါပေမယ့် ဒေးဗစ်နဲ့ ကျွန်တော် ဒီမှာ ညစာအတူတူ စားကြယင်း သူ့နာမည်ကိုတော့ ဒေးဗစ် ပြောတာ ကြားဖူးလိုက်ပါတယ်'

စတီဖင် ပြောပြသမျှများကို စုံထောက်တပ်ကြပ်ကြီးက စာနှင့် လိုက်ရေးမှတ်နေသည်။

'ရစ်ချတ်အယ်လီယော့ဆိုတဲ့ လူရော'

'ဆေးလ်ဗားမင်း အကြောင်းပြောယင်း သူ့နာမည်ကိုပါ ဒေးဗစ်က ပြောတာကြား ဖူးပါတယ်'

'ဇယ်လ်ဗင်ကူးပါးဆိုတဲ့လူရော ဆရာ'

'မကြားဖူးဘူး'

'အဲဒီကုမ္ပဏီနဲ့ ပတ်သက်နေသူတွေထဲက တစ်ယောက်ယောက်နဲ့များ ဆရာအဆက် အသွယ် လုပ်ဖူးသလား'

'မလုပ်ဖူးပါဘူး'

တစ်နာရီနီးပါးကြာအောင် မေးသမျှမေးခွန်းများကို စတီဖင်က ထိုင်ဖြေသည်။ သို့သော်လည်း စုံထောက်အရာရှိအတွက် ခိုင်မာသော အထောက်အကူ မရနိုင်ကြောင်း စတီဖင်က ရိပ်မိထားသည်။ စတီဖင်က ဘူမိဗေဒ အစီရင်ခံစာကို ထုတ်ပေးသည်။

'ကျွန်တော်တို့မှာလဲ တစ်စုံ ရှိထားပါတယ် ဆရာ၊ ဒါပေမယ့် စကားလုံးတွေကို စနစ်တကျ ရွေးချယ်သုံးနှုန်းထားတာကို တွေ့ရ ပါတယ်၊ ဒါကြောင့် သုံးလောက်တဲ့ သက်သေခံ အထောက်အထား မဖြစ်နိုင်ဘူးလို့ ကျွန်တော် ထင်ပါတယ်'

ထိုစကား ကြားသောအခါ စတီဖင်မှာ သက်ပြင်းရှည်ကြီး ကို လေးလေး ပင်ပင် ချလိုက်မိတော့သည်။ သူတို့ကို ဝီစကီ ထည့်ပေးသည်။ သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဗိုင်အရက်တစ်ခွက် ဖသောက်သည်။ ထိုအခါကျမှ အနည်းငယ် နေသာထိုင်သာ ရှိသွားသည်။

'ဘယ်သူ့ကို အရေးယူဖို့ အထောက်အထားကို ပြောတာလဲ။ ကျွန်တော့်အဖို့တော့ ရှင်းနေပါတယ်ခင်ဗျာ၊ ကျွန်တော့်မိုက်ပြစ်ပဲ၊ ကျွန်တော် လောဘကြီးလိုက်မိတာပဲ။ ကျွန်တော့်မှာ ရှိသမျှ စည်းစိမ်တွေပုံပြီး ဒီကုမ္ပဏီထဲမှာ ထည့်လိုက်မိတယ်၊ ဟိုတုန်းကတော့ သိပ်ကို သေချာနေပြီလို့ ထင်ခဲ့မိတာကိုး၊ အခုတော့ ကျွန်တော့်မှာ ကုန်းကောက်စရာ မရှိတော့အောင် ဖြစ်သွားတယ်၊ ပရော်စပက်တာ ရေနံကုမ္ပဏီရဲ့အဖြစ်က ဘယ်လိုဟာမျိုးလဲ၊ ကျွန်တော် သဘောပေါက်အောင် ရှင်းပြကြစမ်းပါဦး'

'ဖြစ်ပုံက ဒီလိုပါဆရာ၊ ဆရာ့ကို ကျွန်တော် ဖွင့်မပြောနိုင်တဲ့ အချက်တွေ ရှိနေတာတော့ ဆရာကြီးတင် သဘောပေါက်ထား စေချင်ပါတယ်၊ ရှင်းပြနိုင်တာတွေ မှန်သမျှ အားလုံးကို ရှင်းပြပါ့မယ်၊ အခြေအနေတွေကို ကျွန်တော်တို့ ရှင်းရှင်း လင်းလင်း သဘောမပေါက် သေးပါဘူး၊ ဒါပေမယ့် ဒီအမှုမျိုးဟာ အသစ်အဆန်းတော့ မဟုတ်ဘူး၊ အခုတစ်ကြိမ် လုပ်တဲ့လူဟာ အမြဲတမ်း ကလိမ်ကျနေတဲ့ လူဟောင်းတစ်ယောက်ပါပဲ၊ အင်မတန်ကို ကောက်ကျစ်စဉ်းလဲ တဲ့လူပါ၊ ဟိုတုန်းကလဲ ဒီလို သဘောမျိုးတွေ ကို သူကျူးလွန်ခဲ့ဖူးပါတယ်'

'သူတို့အလုပ်က အင်မတန် လွယ်ပါတယ်၊ သွားရည်ကျ စရာကောင်းလောက်ပဲ့ မက်လုံး တခုကိုပြပြီး ကုမ္ပဏီထောင်တယ်၊ အစုရှယ်ယာတွေကို ထုတ်ရောင်းတယ်၊ သူတို့ဟာ သူတို့ ဈေးကစားတယ်၊ ရိုးရိုးပြည်သူတွေကတော့ ဈေးတက်လာတာကို ကြည့်ပြီး ကုမ္ပဏီလုပ်ငန်းကလဲ မက်လောက်တဲ့ ထုတ်ကုန်တစ်ခုပေါ်မှာ ရပ်တည်ထားတယ်ဆိုတော့ ယုံလိုက်မိတာပေါ့၊ လောဘ သားတွေဖြစ်တဲ့အတွက် မက်လုံးတွေ့တဲ့အခါမှာ အပိုင်ထင်ပြီး လုပ်မိလိုက်ကြတာပဲ၊ သူတို့အစုရှယ်ယာတွေကို ဈေးကောင်း ကောင်းနဲ့ ရောင်းပြီးတာနဲ့ တပြိုင်တည်း သူတို့လဲ ကြက်ပျောက် ငှက်ပျောက်ပျောက်ကုန်ကြတာပဲ၊ တကယ်တမ်း သူတို့ဆက်လုပ်ယင် သူတို့ ကုမ္ပဏီတွေဟာ အောင်မြင်ကောင်း အောင်မြင်နိုင်တယ်၊ ဒါပေမယ့် အဲဒီလို ရေရှည်စားဖို့ကို မကြည့်ဘူး၊ တစ်နပ် စားကြပြီး လုပ်တတ်ကြတယ်၊ သူတို့ကို ဖမ်းမိပြန်ယင်လဲ ပိုက်ဆံ ပြန်ရဖို့ မလွယ်တော့ဘူး၊ ရထားတဲ့ အမြတ်အစွန်းအားလုံးကို သုံးဖြုန်းပစ်လိုက်ပြီ မဟုတ်လား'

စတီဖင်က စိတ်ပျက်လက်ပျက် ညည်းလိုက်သည်။

'ဖြစ်မှဖြစ်ရလေတယ်ဗျာ၊ ဒီလိုဆိုယင် ဘူမိဗေဒ အစီရင် ခံစာကြီးကလဲ အတုကြီး ဖြစ်နေတော့တာပေါ့'





'ဒီလိုတော့လည်း ပြောလို့မရဘူး ဆရာ၊ အစီရင်ခံစာကို သေသေချာချာ ဖြင်ဆင်ပြီး ရေးထားတယ် ဆိုတာကတော့ ထင်ရှားတယ်၊ သူတို့ အထဲမှာလည်း အကယ်၍တို့ သို့သော်လည်းတို့ ဆိုတဲ့ စကားလုံးတွေကို ဖောဖောသီသီ သုံးစွဲထားတယ်၊ ဒါတွေဟာ သူတို့အတွက် ရှောင်ကွက်တွေပဲ၊ မြေကြီးထဲမှာရှိနေတာကို ဘယ်သူက အတိအကျ ပြောနိုင်မှာလဲ ဆိုတဲ့ ဆင်ခြေကလည်း သူတို့ဘက်မှာ ရှိနေတယ် မဟုတ်လား ဆရာ'

စတီဖင် ခေါင်းငိုက်စိုက် ကျသွားသည်။ ဒေးဗစ်နှင့် တွေ့မိသည့်အတွက် သူ့ကိုယ်သူ ပြန်ပြီး ကျိန်ဆဲနေမိသည်။

'ကျွန်တော့်ကို တစ်ခု ပြောစမ်းပါဦးဗျာ၊ ဒေးဗစ်ကို ဒီလုပ်ငန်းကြီးထဲ ဘယ်သူ ဆွဲထည့်လိုက်တာလဲ၊ သူတို့နောက်မှာ တကယ် ကြိုးကိုင်နေတဲ့လူက ဘယ်သူများ ဖြစ်နေသလဲ'

စတီဖင် အလွန်တရာ စိတ်ထိခိုက်သွားကြောင်းကို စုံထောက် အရာရှိက အကဲခတ်လိုက်မိသည်။ အမှုပေါင်းစုံကို သူကိုင်ခဲ့ဖူးသည်။ လူပေါင်းများစွာကို စစ်ဆေးခဲ့ဖူးသည်။ ယခု စတီဖင် စိတ်ထိခိုက်သွားခြင်းလောက် ဆိုးရွားသည်ကို တစ်ခါမှ မတွေ့ဖူးသေးချေ။ ပြီးတော့ စတီဖင်က သူ့ကို ကူညီနေသည့်အတွက်သည်း ကျေးဇူးတင်နေမိသည်။

'ကျွန်တော်တို့အမှုကို အနှောင့်အယှက်မဖြစ်နိုင်တဲ့ မေးခွန်းမှန်သမျှကို ကျွန်တော် ဖြေပါ့မယ်ဆရာ၊ အခုအမှုမှာ အဓိကတရားခံကတော့ ဟာဗေးမက်ကော့ဖ် ဆိုတဲ့ လူပဲဖြစ်ရမယ်လို့ ကျွန်တော်တို့ ကောက်ချက်ချထားပါတယ်'

'အဲဒီ ဟာဗေးမက်ကော့ဖ်ဆိုတဲ့ အကောင်က ဘာကောင်လဲ'

'အမေရိကန် နိုင်ငံသားခံယူထားတဲ့ ပိုလန်လူမျိုး တစ်ယောက်ပါပဲ၊ ဆောစ်တွန်မြို့မှာ အလုပ်စလုပ်တယ်၊ အင်မတန် ကောက်ကျစ်စဉ်းလဲတယ်၊ သူ့ကိုယ်သူ သန်းပေါင်းများစွာ ချမ်းသာအောင် လုပ်နိုင်တယ်၊ တပြိုင်တည်းမှာပဲ အခြားသူတွေ မွဲကုန်အောင် လုပ်ပစ်လိုက်တယ်၊ တခြားလူတွေကို အတုံးလုပ်သွားတဲ့သဘောပါပဲ၊ ဟားဗတ် တက္ကသိုလ်မှာလည်း ခန်းမကြီးတစ်ခု ဆောက်လှူတယ်၊ သူ့ကို ပိုင်အောင် ကျွန်တော်တို့ တစ်ကြိမ်မှ မကိုင်နိုင်သေးဘူး၊ အခု တစ်ကြိမ်မှာလည်း သူ လွတ်သွားဦးမှာပဲလို့ ကျွန်တော် ထင်ပါတယ်၊ ပရော်စပက်တာ ရေနံကုမ္ပဏီ ဒါရိုက်တာအဖွဲ့ထဲမှာ သူ့နာမည် လုံးဝမပါဘူး၊ အစုရှယ်ယာတွေ ရိုက်ထုတ်တယ်၊ ပြီးတော့ ဈေးကွက်မှာ တရားဝင် ပြောင်းချရောင်းတာပဲ၊ ဒေးဗစ်ဆိုတဲ့ လူကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



သူမြင်ဖူးတာ မဟုတ်ဘူး၊ ခေါ်းလ်တားမင်းရယ်. . . အယ်လီယော့ရယ်. . . ကူးပါ်ရယ်ကို သူငှားတယ်၊ အဲဒီလူသုံးယောက်က သူ့ကိုယ်စား ကလိမ်ကျတဲ့ အလုပ်တွေကို လုပ်ပေးရတယ်၊ ဒေးဗစ်လို လူငယ်လူတော်ကလေး တစ်ယောက်ကို ရအောင်ရှာပြီး သူတို့ပြောခိုင်းတဲ့ ဇာတ်လမ်းတွေ ကို ဟိုလူက လျှောက်ပြောပေးရတော့တာပဲ၊ ဒီအမှုထဲမှာ ဆရာ့သူငယ်ချင်းရောပါနေ တဲ့အတွက်တော့ စိတ်မကောင်းပါဘူး ဆရာ'

'ကိစ္စမရှိပါဘူးဗျာ၊ ဟာဗေးမက်ကော့ဖ်ဆိုတဲ့ လူရဲ့ကိစ္စကို ဘယ်လို လုပ်မလဲ၊ ဒီတစ်ကြိမ်လဲ သူလွတ်သွားဦးမှာပဲလား'ဟု စတီဖင်က ပြန်မေးသည်။

'ကျွန်တော်လဲ ဒီလိုပဲထင်ပါတယ်ဆရာ၊ ဆေးလ်တားမင်းတို့ သုံးယောက် ကို ဖမ်းဖို့ ဝရမ်းတော့ ကျွန်တော်တို့ ထုတ်ထားပါတယ်၊ တောင်အမေရိကကို သူတို့ ထွက်သွားကြတယ်၊ ကျွန်တော်တို့ နှစ်နိုင်ငံချင်းလဲ အဖုအထစ်ကလေး တွေ ရှိနေတော့ တရားခံချင်းလဲဖို့ ဖြစ်နိုင်လိမ့်မယ်မထင်ဘူး၊ သူတို့လဲ ကလိမ် ကျတဲ့ နေရာမှာတော့ အင်မတန် တော်တဲ့လူတွေပဲ၊ လန်ဒန်မြို့မှာ ရှိနေတဲ့ ပရော်စပက်တာ ရေနံကုမ္ပဏီရုံးကို ပိတ်လိုက်တယ်၊ အခန်းတွေ ပြန်အပ်တယ်၊ ရေနံတူးစက်တွေ ပြန်အပ်တယ်၊ ပေးစရာ ကြွေးမြီတွေ အားလုံးရှင်းသွားတယ်၊ အတွင်းရေးမှူး အမျိုးသမီး နှစ်ယောက်ကို တစ်လခ လျော်ကြေးပေးပြီး အလုပ် က ရပ်ဆိုင်းခဲ့တယ်၊ အားလုံးလဲ ရှင်းပြီးရော တနင်္ဂနွေနေ့ မနက်က ရိုင်ယိုဒီ ဂျနေရိုးမြို့ကို လေယာဉ်ပျံနဲ့ ထွက်သွားကြတယ်၊ သူတို့အကျက် ဒေါ်လာ တသန်းက ဟိုမှာ စောင့်နေပြီလေ၊ နောက်ထပ် နှစ်နှစ် သုံးနှစ်လောက် အဲဒီငွေ နဲ့ ထိုင်စားကြဦးမယ်၊ ငွေကုန်ယင် နောက်ထပ် နာမည်သစ်နဲ့ လုပ်ငန်းသစ် တစ်ခုကို အကြောင်းပြုပြီး တစ်နေရာရာမှာ ကုမ္ပဏီအသစ် ထောင်ကြဦးမယ် လေ၊ ဟာဗေးမက်ကော့ဖ်က သူတို့ကိုတော့ ကောင်းကောင်းဆုပေးတယ် ဒေးဗစ်သာ ဘာမှမစား လိုက်ရပဲ ကျန်ခဲ့တာ'

'အတော်တော်တဲ့ ငတိတွေ'

စတီဖင်ကတော့ ထိုမျှသာ မှတ်ချက်ချနိုင်လေသည်။

'မှန်ပါတယ် ဆရာ၊ ပိပိရိရိကလေး လုပ်သွားကြတာပါပဲ၊ ဒါဟာလဲ ဟာဗေးမက်ကော့ဖ်ရဲ့ အစြဲအစည်တွေချည်းပဲပေါ့လေ'

'ဒေးဗစ်ကို ခင်ဗျားတို့ ဖမ်းကြမှာလား'

'မဖမ်းပါဘူးခင်ဗျာ၊ စောစောက ကျွန်တော် အစီရင်ခံခဲ့သလို သူ့တို့ စစ်ဆေးကြည့်ချင်တာပါ။ သူကိုယ်တိုင် အစုရှယ်ယာပေါင်း ၅၀၀ ဝယ်ခဲ့တယ် ဟိုလူတွေလုပ်တဲ့ ဇာတ်လမ်းကို သူ ကိုယ်တိုင်ပါ ယုံကြည်နေလို့ ဒီလိုဝယ်လိုက်





ဘာပေါ့။ တကယ်လို့ သူသာ စဉ်းစားတတ်မယ်ဆို ယင် အင်္ဂလန်ကို ပြန်လာပြီး ကျွန်တော်တို့ကို ကူညီဖို့ကောင်းတယ်၊ ဒါပေမယ့် သူကတော့ အကြောက်ကြီး ကြောက်သွားပုံပဲ၊ ဒါကြောင့်လဲ တကြိုးတည်း သူ ထွက်ပြေးသွားတာ၊ အမေ ရိကန်ရဲအဖွဲ့ကိုလဲ သူ့ကို ရှာပေးဖို့ ကျွန်တော် လှမ်းပြီး အကူအညီတောင်းထား ပါတယ်'

'နောက်ဆုံး မေးခွန်းတစ်ခုလောက် မေးပါရစေ၊ ကျွန်တော် လိုပဲ မိုက်မိုက်မဲမဲ လုပ်ခဲ့တဲ့ လူတွေရှိနေသေးသလား'

စုံထောက်အရာရှိက ချက်ချင်း ပြန်မဖြေသေးဘဲ အကြာကြီး စဉ်းစား နေသည်။ အခြားသူများကို သူသွားရောက် စစ်ဆေးစဉ်က ကူညီပူးပေါင်းမှုကို ရသင့်သလောက် မရခဲ့ချေ။ ယခု စတီဖင်နှင့်ကျတော့မှ သူစိတ်တိုင်းကျ စစ်မေးခွင့် ရနေသည်။ ကျန် လူအားလုံးက ဒေးဗစ်နှင့် ပတ်သက်သည့် အကြောင်းများ၊ ပရော်စပက်တာရေနံကုမ္ပဏီနှင့် ပတ်သက်သည့် အကြောင်း များကို ဖုံးကွယ်ထားကြသည်။ သူတို့နှင့် မည်သို့မှ ပတ်သက်ခြင်းမရှိသလို ဖြေကြ သည်။ ယခု အမှုကြီးထဲတွင် သူတို့နာမည်တွေ ရောပါနေမည်ကို စိုးရိမ်ကြသည်။

'ရှိပါတယ် ဆရာ၊ ဒါပေမယ့် ကျွန်တော်ဆီက ကြားရတယ်လို့တော့ ဘယ်သူ့ကိုမှ ဆရာ ဖွင့်မပြောပါနဲ့'

စတီဖင်က ခေါင်းညိတ်ပြသည်။

'ဒီအကြောင်းတွေကို ဆရာ့ ဘာသာ ဆရာ စုံစမ်းလို့ရတဲ့ အနေမျိုးပဲ သဘောထားပါ။ ပရော်စပက်တာရေနံကုမ္ပဏီထဲမှာ အစုရှယ်ယာ များများ စားစား ထည့်တဲ့လူအားလုံးပေါင်း ဆရာအပါအဝင် လေးယောက်ရှိပါတယ်၊ ဆရာတို့ လေးယောက်ထည့်တဲ့ အစုရှယ်ယာ တန်ဖိုးဟာ ဒေါ်လာတသန်း လောက် ရှိပါတယ်၊ တစ်ယောက်က ဟာလေလမ်းမှာ ကိုယ်ပိုင် ဆေးခန်းဖွင့် ထားတဲ့ ဒေါက်တာ ရော်ဘင်အုက္ကလေ ဖြစ်ပါတယ်၊ နောက်တစ်ယောက်က လန်ဒန်မှာ ပန်းချီအရောင်းဆိုင်ဖွင့်ထားတဲ့ ဂျင်းပီယာလာမန်း ဆိုသူ ပြင်သစ် လူမျိုး ဖြစ်ပါတယ်၊ နောက်ဆုံးတစ်ယောက်ကတော့ အင်မတန် ကံဆိုးရှာ ပါတယ်၊ သူ့မှာရှိတဲ့ မြေတွေကို ဘဏ်တိုက်မှာ ပေါင်ပြီး အစုရှယ်ယာတွေ ထည့်လိုက်တာပါ၊ ဆရာတို့ အသက်အရွယ် လောက်ပဲ ရှိပါသေးတယ်၊ သူ့နာမည်က မြို့စားကြီး ဘရစ္စလေလို့ ခေါ်ပါတယ်၊ သူ့ပါးစပ်ထဲက ငွေရွှန်း ကို ဟာဗေးမက်ကော့ဖ်က နှိုက်ယူသွားတယ်လို့ဆိုရမှာပေါ့'

'ကျွန်တော်တို့လိုပဲ ငွေများများထည့်တဲ့ တခြားလူ ရှိသေးသလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘဏ်တိုက် နှစ်ခုသုံးခုတော့ ရှိပါတယ်၊ ဒါပေမယ့် အခု ပြဿနာလည်း ပေါ်ရော သူတို့လက်ထဲမှာ ရှိနေတဲ့ အစုရှယ်ယာ လက်မှတ်တွေ အကုန်လုံးကို မီးရှို့ဖျက်ဆီးပစ်လိုက်ပါတယ်၊ တခြားလူတွေလည်း ရှိပါသေးတယ်၊ ဒါပေမယ့် ပေါင် ၁၀,၀၀၀ လောက်ထက်ပို ထည့်တဲ့လူ မရှိပါဘူး၊ နည်းနည်းပါးပါး ထည့်ကြတာပါ၊ ဆရာတို့ လေးယောက်ရယ် ဘဏ်တိုက် တချို့ရယ်နဲ့ အပြင်လူ တချို့က အစုတွေ နှင်းကန်ဝယ်ကြတော့ ဟာဗေးဟာ သူ့လက်ထဲမှာရှိတဲ့ အစုရှယ်ယာလက်မှတ်တွေကို ဈေးကောင်းကောင်းနဲ့ ရောင်းပစ်လိုက်နိုင်တာ ပါပဲ'

'အင်း... ကျွန်တော် တော်တော် မိုက်တာပဲဗျာ၊ တခြားမိတ်ဆွေတချို့ ကိုတောင် ဆွယ်တရား ဟောလိုက်မိသေးတယ်'

'အား... ဟုတ်တာပေါ့၊ ဆရာတို့ တက္ကသိုလ်က အစုရှယ်ယာလက်မှတ် ဝယ်တဲ့လူ သုံးလေးယောက် ရှိသေးတယ်' စုံထောက်အရာရှိက သူ့ရှေ့ရှိ နာမည် စာရင်းများ ရေးထားသည့် စာရွက်ကို ကြည့်ပြီးပြောသည်၊ 'ဒါပေမယ့် မပူပါနဲ့ ဆရာ၊ သူတို့ကို ကျွန်တော် မစစ်တော့ပါဘူး၊ ဒါလောက်ဆိုရင် လုံလောက်ပါ တယ်၊ နောက်ထပ် လိုအပ်ရင် ဆရာနဲ့ ထပ်တွေ့ပါရစေ၊ ဒီကြားထဲမှာ အခြေအနေထူးရင်လည်း ဆရာ့ကို အကြောင်းကြားပါ့မယ်၊ ဆရာ့ဘက်က ထူးရင်လည်း ကျွန်တော်တို့ကို အသိပေးစေချင်ပါတယ်'

'ကောင်းပါပြီဗျာ၊ ခင်ဗျားတို့ အပြန်ခရီးမှာ ချောချောမောမော ဖြစ်ကြ ပါစေ'

စုံထောက်အရာရှိနှစ်ယောက် ပြန်သွားကြသည်။

စတီဖင်သည် ကုလားထိုင်ပေါ်မှာ မလှုပ်မယှက် ထိုင်ရင်း အတွေးလွန် နေမိသည်။ အိပ်ရာပေါ်ရောက်လာပြန်တော့လည်း ထိုအကြောင်းများက သူ့ခေါင်းထဲမှ မထွက်။

ဟာဗေးမက်ကော့ဖ်၏ အကြောင်းများကို ရှာဖွေစုဆောင်းဖို့ သူ ဆုံးဖြတ်လိုက်သည်။ တစ်ပါတည်းမှာပင် သူနှင့် ဘဝတူ အလိမ်ခံရသူများ အကြောင်းကိုပါ ရှာဖွေ လေ့လာဖို့လည်း ဆုံးဖြတ်သည်။

စာသင်ဖို့ တာဝန်များ ကုန်ဆုံးနေသည့်အတွက်ကိုပင် ကျေးဇူးတင်ရသေး တော့သည်။

မနက် ၃ နာရီထိုးတော့မှ သူ အိပ်ပျော်သွားသည်။

သို့သော်လည်း သူ့နှုတ်ဖျားမှာတော့ နာမည်တစ်လုံးကို အကြိမ်ကြိမ် ရွတ်နေမိသည်။

'ဟာဗေးမက်ကော့ဖ်'





၅

မနက်ငါးနာရီခွဲမှာ အိပ်ရာမှ စတီဖင်နိုးလာသည်။ နှစ်နှစ် ခြိုက်ခြိုက်ကြီး အိပ်ပျော်ခဲ့ သောကြောင့် လန်းဆန်းနေသည်။ အိပ်မက်ကလေးပင် မမက်။

သို့သော်လည်း အိပ်ရာမှနိုးသောအခါကျမှ အိပ်မက်ဆိုးများ ကို မက်ရ သည့်ဘဝနှင့် ရင်ဆိုင်ရလေသည်။

ဟာဗေးမက်ကော့ဖ်အကြောင်း ခေါင်းထဲမှာပေါ်လာသည်။ အကြီး အကျယ် စိတ်ဆင်းရဲ သွားသည်။

ထို့ကြောင့် သူ့စိတ်ကို သူထိန်းသည်။ အာရုံများကို စုစည်းယူသည်၊ လုပ်ရတိုင်ရမည့် အစီအစဉ်များကို စဉ်းစားသည်။ ရေမြန်မြန်ချိုး အဝတ်အစား လဲပြီး နံနက်စာစားဖို့ စားသောက် ခန်းမသို့ ထွက်ခဲ့သည်။

နှုတ်ဖျားမှ တတွတ်တွတ်ရွတ်နေမိသည်ကတော့ 'ဟာဗေး မက်ကော့ဖ်'၏ အမည်သာ ဖြစ်လေသည်။

စားသောက်ပြီးသည်နှင့် တပြိုင်တည်း စက်ဘီး အဟောင်းကလေးစီးပြီး အောက်စဖို့ ဘူတာရုံသို့ ထွက်လာသည်။ ဘူတာရုံမှာ စက်ဘီးပေါင်းများ စွာနှင့် မော်တော်ကားပေါင်းများစွာ အပ်ထားသည်ကို တွေ့ရသည်။ သူကလည်း အခြားစက်ဘီးများ ကြားမှာ သူ့စက်ဘီးအဟောင်း ကလေးကို သွားအပ်ထား လိုက်သည်။

၈ နာရီ ၁၇ မိနစ်တွင် အောက်စဖို့မှ လန်ဒန်သို့ထွက်သော ရထားဖြင့် လိုက်ပါ လာခဲ့သည်။

စားသောက်တွဲ အတွင်းမှာထိုင်ပြီး နံနက်စာ စားသောက် လာကြသူများကို ကြည့်ရခြင်းအားဖြင့် နေ့စဉ်နေ့တိုင်း သည်ရထားကို စီးနေကြသူများဖြစ်ကြောင်း သိသာပါသည်။ ရထားဖြင့်ပင် ရုံးဆင်းရုံးတက် လုပ်နေကြသူများ ဖြစ်သည်၊ သူတို့ကြားထဲ ရောက်သောအခါ လူစိမ်းများကြားသို့ အဖိတ်ခေါ်မခံရပဲ ဝင်လာမိသူလို ခံစားနေရသည်။

လက်မှတ်စစ်က လက်မှတ်လာစစ်သည်။ စတီဖင်က ပထမတန်း လက်မှတ် ကို ထုတ်ပေး သည်။ သူနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်ပြီး သတင်းစာဖတ်ယင်း ကော်ဖီသောက်နေသူက ဒုတိယတန်း လက်မှတ်ကို ထုတ်ပေးသည်။ လက်မှတ် စစ်က မကျေမနပ်နှင့် ယူကြည့်သည်။

'ကော်ဖီသောက်ပြီးယင် ဒုတိယတန်းတွဲကို ပြန်သွားပါခင်ဗျာ၊ ဒီ စားသောက်တွဲဟာ ပထမတန်းအတွက် တွဲဆိုတာ လူကြီးမင်းလဲ အသိသား ပဲ' လက်မှတ်စစ်က ထိုသူကို ပြောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ထိုသူသည် စားသောက်တွဲထဲမှာပင် တလျှောက်လုံး စီးလိုက်လာခဲ့သည်။

စတီဖင်က တိုင်းသတင်းစာကို ဖြန့်ကြည့်သည်။ ပရော်စပက်တာ ရေနံ တူးစက်နှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ ရေးသားဖော်ပြထားခြင်း မရှိပေ။

လန်ဒန်မြို့ ပက်ဒင်တန် ဘူတာရုံမှာ ဆင်းသည်၊ လူတွေ ကားတွေ ကျပ်နေသည်၊ ပုရွက်ဆိတ် တစ်ကောင်လို သွားနေရသောကြောင့် ခနီးမတွင် လှချေ။ အေးချမ်းသော တက္ကသိုလ်ပရိဝုဏ်တွင်းမှာ အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့ အတွက် ကံကောင်းသည်ဟု တွေးကြည့်နေမိသည်။

ဘူတာရုံအပြင်သို့ ရောက်သောအခါ အငှားကားရှာသည်။ ဘတ်စ်ကား နှင့် မြေအောက် ရထားများစီးလျှင် မျက်စိလည်နေမည် စိုးသောကြောင့် ဖြစ်သည်၊

'တိုင်းသတင်းစာတိုက်ကို ပို့ပေးပါ'ဟု ဒရိုင်ဘာကို ပြောသည်၊

အင်္ဂလိပ် အငှားကားများက သန့်ရှင်းသည်၊ ပြောင်လက်နေအောင် တိုက်ထားသည်။ သူတို့ အငှားကားများ ညစ်ပတ်နေလျှင် ရဲက အရေးယူသည်။ စီးသူက မကျေနပ်လျှင်လည်း ကျသင့်သည့်ငွေကို မပေးဘဲ နေနိုင်သည်ဟု ကြားဖူးထားသည်။

ပါလီမန် အဆောက်အအုံနားမှ ဖြတ်မောင်းသွားသောအခါ အလံများ လွှင့်ထူထားသည်ကို မြင်ရသည်။ သတင်းစာထဲမှာ ဘာသတင်းများပါသနည်း ဟု ပြန်စဉ်းစားကြည့်မိသည်။ ခနသဟာယ နိုင်ငံခေါင်းဆောင်များ အစည်း အဝေးလုပ်နေသည့် သတင်းကို ဖတ်မိခဲ့ကြောင်း ပြန်သတိရသည်၊

ဟာဗေးမက်ကော့ဗ်အကြောင်း စုံစမ်းဖို့ ထွက်လာခဲ့သော်လည်း ရေရေ ရာရာတော့ မရှိလှ၊ အတယ်၍ ဟားဗတ်တက္ကသိုလ်မှာသာ သူ ရှိနေမည် ဆိုပါက ဒါလောက် အခက်အခဲတွေ့နိုင်စရာ အကြောင်းမရှိ၊ သူ့အပေါင်း အသင်း သတင်းစာဆရာတွေ ရှိသည်၊ သူ့မိဘများနှင့် ရင်းနှီးသည့် သတင်းစာ ဆရာတွေ ရှိသည်။ သူတို့ထဲတွင် အကူအညီတောင်းရုံသာ ဖြစ်သည်၊

ယခုလည်း သတင်းထောက်တစ်ယောက်ကို အားကိုးပြီး စတီဖင် ထွက်လာခဲ့ခြင်း ဖြစ်သည်၊ တိုင်းသတင်းစာမှ သတင်းထောက် ရစ်ချတ်ကင်ပ် တန်မေလာဆိုသူသည် စတီဖင် အလုပ် လုပ်နေရာမှ မင်္ဂဒါလင် တက္ကသိုလ်သို့ ရောက်လာဖူးသည်၊ အောက်စဖို့ တက္ကသိုလ်တွင် ကျင်းပသော မေဒေးနေ့ အကြောင်း ဆောင်းပါးရေးရန် ဖြစ်သည်၊ သူ လိုချင်သော အချက်အလက်များ ကို စတီဖင်က ကူညီစုဆောင်းပေးခဲ့ဖူးသည်၊





အင်္ဂလန်နိုင်ငံတွင် သူသိသော သတင်းစာဆရာဆိုလို့ သူတစ်ယောက် တည်းသာ ရှိလေသည်။

တိုင်းသတင်းစာတိုက်ရှိသည့် အဆောက်အအုံကြီးရှေ့မှာ မော်တော်ကား ရပ်သွားသည်။ ယင်းအဆောက်အအုံကြီးထဲတွင် တိုင်းသတင်းစာနှင့် အော့ဗ်ဇားဗား သတင်းစာတိုက်များ ဖွင့်ထားသည်။

စုံစမ်းရေးဌာနတွင် သွားစုံစမ်းကြည့်သောအခါ ရစ်ချတ်ကင်ပ်တန် မေလာ ရှိမည့်နေရာသို့ ညွှန်ပြလိုက်သည်၊ ငါးထပ်သို့ တက်လာသောအခါ ရစ်ချတ်နှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရသည်။

အဆောက်အအုံကြီးထဲမှာ လူသူရှင်းနေသောကြောင့် စတီဖင်က အံ့အား သင့်နေသည်။ သတင်းစာတိုက်ဆိုလျှင် လူတွေ တရုန်းရုန်းနှင့် ရှိနေရမည်ဟု သူထင်သည်။ ရစ်ချတ် ရှင်းပြတော့မှ သူ သဘောပေါက်သွားသည်။

သတင်းစာတိုက်များသည် ညနေ ၃-နာရီကျော်မှ အလုပ်များကြကြောင်း၊ တစ်ခါတစ်ရံ ညလုံးပေါက် ခေါင်းမဖော်နိုင်အောင် အလုပ်လုပ်ကြရကြောင်း၊ မူလထည့်ထားသော မျက်နှာဖုံး သတင်းများကို ပြန်ဖြုတ်ပြီး နောက်ထပ် အရေးကြီးသည့် မျက်နှာဖုံးသတင်းများကို အစားထိုး ထည့်ရသည်များလည်း ရှိတတ်ကြောင်း၊ ပို၍ ပို၍ အရေးကြီးသော သတင်းများ ထပ်ကာ ထပ်ကာ ဝင်လာသောကြောင့် တစ်ညတည်းမှာပင် ငါးကြိမ်လောက် ပြန်ဖြုတ်၊ ပြန်ထည့် လုပ်ရသည်များလည်း ရှိဖူးကြောင်း။

သမ္မတ ကနေဒီလုပ်ကြံခံရသည့် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ က ဆိုလျှင်လည်း ထိုအတိုင်း ကြုံခဲ့ဖူးကြောင်း၊ စောစောက သူတို့ သတင်းစာ မျက်နှာဖုံးမှ သတင်းသည် သမ္မတ ကနေဒီ လုပ်ကြံခံရသည့် သတင်းလောက် အရေးမကြီးသောကြောင့် ထိုသတင်းကို ဖြုတ်ကာ အတွင်းသို့ ပြောင်းထည့် ရကြောင်း၊ ကနေဒီ သတင်းကို မျက်နှာဖုံးမှာ ဖော်ပြခဲ့ရကြောင်းများ ရစ်ချတ်က ရှင်းပြသည်။

'အေးဗျာ… ခင်ဗျား အခုလို စောစောစီးစီး သတင်းစာတိုက်ရောက် နေတာ ကျွန်တော် ကံကောင်းသွားတာပေါ့၊ ဒီလိုမှ မဟုတ်ရင် ခင်ဗျား ရောက်မချင်း ကျွန်တော် ဘာလုပ်ရမှန်းမသိဘဲ ယောင်ချာချာ ဖြစ်နေဦးမှာ'

ရစ်ချတ်က ရယ်သည်။

'ဟုတ်တယ်၊ ခင်ဗျားတို့ သိုးနေအောင် အိပ်တဲ့အချိန်မှာ ကျွန်တော်တို့က ဒီမှာ ခေါင်းမဖော်နိုင်ကြဘူး၊ နောက်တစ်နေ့မနက် သတင်းစာမှာ ခင်ဗျားတို့ မြိန်မြိန်ယှက်ယှက် ဖတ်စရာ သတင်းကလေးတွေပါအောင် လုံးပန်းနေကြရ



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ ကဲ. . . ခင်ဗျားကို ကျွန်တော် ဘာကူညီရမလဲ'

'ဟာဗေးမက်ကာ့ဖ်ဆိုတဲ့ ကျွန်တော်တို့ အမေရိကန်နိုင်ငံသား တစ်ယောက် အကြောင်း သိချင်လို့ဗျာ၊ ကျွန်တော်အလုပ် ပြန်လုပ်မယ့် ဟားဗတ်တက္ကသိုလ်ကို သူငွေတွေအများကြီး လှူဖူးတယ်၊ ဒါကြောင့် ကျွန်တော်ဟိုပြန်မရောက်ခင် သူ့အကြောင်း တတ်နိုင်သလောက် သိထားချင်လို့ပါ'

စတီဖင်က စကားကြည့်ကောင်းအောင် မှသားကလေး စွက်ပြီး ပြောလိုက်သည်။ သို့သော်လည်း ရစ်ချတ်အတွက်တော့ ဘာမှ ထူးခြားပုံမပြပေ။

'ဒီမှာ ခဏထိုင်စောင့်လေ၊ ကျွန်တော်တို့ သုတေသနဌာနမှာ သူ့အကြောင်း ဘယ်လောက် စုံစုံလင်လင်များ ရှိနေသလဲဆိုတာ သွားကြည့်လိုက်မယ်'

ရစ်ချတ်ထွက်သွားသည်။ စတီဖင်က ရစ်ချတ်၏ စားပွဲပတ်လည်မှ အဆင်အပြင်များကို လှေ့လာကြည့်ရှုနေသည်။ နံရံ မှာ ချိတ်ထားသော ဘောပေါ်တွင် သတင်းနှင့် ပတ်သက်ပြီး ယနေ့တွေ့ရမည့် သူတို့၏နာမည်များ၊ အခမ်းအနားအစီအစဉ် များကို ရေးထားသည်။

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ ဖိုင်တွဲတစ်ခုကို ပိုက်ပြီး ရစ်ချတ် ပြန်ရောက်လာသည်။

'ကျွန်တော် အလုပ်ကလေးတစ်ခုရှိလို့ အပြင်ခဏ ထွက်လိုက်ဦးမယ်၊ ခင်ဗျား ဒီမှာ အေးအေးဆေးဆေး ထိုင်ဖတ်ပါ၊ ကျွန်တော် ပြန်လာတော့မှ ကော်ဖီသွားသောက်ကြတာပေါ့'

စတီဖင်က ဝမ်းသာအားရ ခေါင်းညိတ်ပြလိုက်သည်။ ရစ်ချတ်ထွက်သွားသည်။

ရစ်ချတ်ယူလာသော ဖိုင်တွဲထဲတွင် ဟာဗေးမက်ကာ့ဖ် အကြောင်းများကို အတော်ကလေး ပြည့်စုံအောင် ရှာဖွေစုဆောင်း ထားသည်ကို တွေ့ရသည်၊

ဟာဗေးသည် နှစ်စဉ်နှစ်တိုင်း ဥရောပတိုက်သို့ တစ်ကြိမ် လာကြောင်း၊ အင်္ဂလန်နိုင်ငံ သို့လည်း တစ်ကြိမ်မှန်မှန် လာတတ် ကြောင်း။ ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲကို နှစ်စဉ်ကြည့် လေ့ရှိကြောင်း၊ အေးစကော့မြင်းပြိုင်ပွဲတွင်လည်း သူ့မြင်းများကို ဝင်ပြိုင်စေကြောင်း။ ထိုမြင်း ပြိုင်ပွဲကိုလည်း မှန်မှန်လာကြည့် လေ့ရှိ ကြောင်း၊ အနိုင်ရဖူးခဲ့သည့် သူ့မြင်းများအကြောင်း၊

မွန်တီကာလိုတွင် သူ့ပိုင်ဂိမ်ခဲ ရွက်သင်္ဘောတစ်စီးရှိကြောင်း ထိုရွက်သင်္ဘောပေါ်တွင်လည်း တစ်နှစ်လျှင် နှစ်ပတ်သုံးပတ်ကြာမျှ အနားယူလေ့ရှိကြောင်း၊ ထိုသို့ အနားယူနေယင်း မွန်တီကာလို လောင်းကစားဝိုင်းမှာ





သွားရောက်လောင်းကစား လေ့ရှိကြောင်း များကို မှတ်တမ်းပြုစုထားလေသည်။

ဟာဗေး၏ ဓာတ်ပုံများကို တခုချင်းကြည့်နေခိုက် ရစ်ချတ် ပြန်ရောက်လာသည်။ လက်ဖက်ရည်ဆိုင်သို့ သူတို့နှစ်ယောက် ထွက်လာကြသည်။

'ရစ်ချတ်. . . ခင်ဗျားတို့ဖိုင်တွဲက သိပ်မပြည့်စုံသေးဘူးဗျ၊ ကျွန်တော်သိချင်တာတွေ ကျန်နေသေးတယ်၊ ဟားဗတ်တက္ကသိုလ် အနေနဲ့ ဒီငတိဆီက အလှူငွေများများရအောင် အလှူခံချင်တယ်၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့က အနည်းဆုံးဒေါ်လာ တစ်သန်း လောက်လိုချင် တယ်လို့ ကျွန်တော်ထင်တယ်၊ ဒါကြောင့် အခုထက် ပိုပြည့်စုံအောင် ဘယ်မှာ ထပ်ရှာယင် ရနိုင်မလဲ'

'နယူးယောက်တိုင်း သတင်းစာတိုက်ခွဲမှာ ပိုများ ပြည့်ပြည့်စုံစုံ ရနိုင်မလားသိဘူး၊ အဲဒီက တယ်ရီရှိုဘတ်နဲ့ သွားတွေ့ကြည့်ကြ ရအောင်လေ'

နယူးယောက်တိုင်း သတင်းစာတိုက်ခွဲသို့ သူတို့နှစ်ယောက် ထွက်လာခဲ့ကြသည်။ ထိုသတင်းစာ တိုက်ခွဲသည်လည်း ယခု အဆောက်အအုံ၊ ယခုအထပ်မှာပင်ရှိနေသည်ကို တွေ့ရသည်။ နယူးယောက်မြို့ ဌာနချုပ်မှာ ရှိနေသည့် နယူးယောက်တိုင်း သတင်းစာတိုက် အဆောက်အအုံကြီးနှင့်တော့ ကွာချင်တိုင်း ကွာနေလေသည်။ သည်မှာက ရုံးခွဲဆိုတော့လည်း သည်လောက်နှင့် ပင် လုံလောက်နေချေပြီ။

တိုက်ခွဲမှ တယ်ရီရှိုဘတ်က သူ့နိုင်ငံသားချင်း ပြန်တွေ့ရသောကြောင့် စတီဖင်ကို ဝမ်းပန်းတသာ ကြိုဆိုသည်၊ ထို့ကြောင့် စတီဖင်မှာ နေသာထိုင်သာ ရှိသွားသည်။

ဟာဗေးအကြောင်းကို ရစ်ချတ်အား ပြောပြသကဲ့သို့ပင် စတီဖင်က ပြောပြသည်၊ တယ်ရီက ရယ်သည်။

'ဟားဗတ်တက္ကသိုလ်က ငတိတွေဟာ ငွေရပေါက်ကလေး များ တွေ့ပြီဆိုယင် သဲကြီးမဲကြီး လိုက်ကြတော့တာပဲ နော်၊ ဟား. . . ဟား. . . အဲဒီအထိက တရားဥပဒေဘောင်ထဲက နေပြီး ဘယ်လိုငွေရအောင် ကလိမ်ကျရမယ်ဆိုတာ တဘက်ကမ်းခတ် ကျွမ်းကျင်တဲ့လူ'

'ဒီလိုတော့လဲ မပြောသင့်ပါဘူးဗျာ'

စတီဖင်က ဘာမှနားမလည်သည့် အရိုးခံပုံစံမျိုးနှင့် ပြန်ပြော သည်။

နယူးယောက်တိုင်း သတင်းစာတိုက်၏ ဖိုင်တွဲထဲမှာ ဖော်ပြထားသည့် ဟာဗေး၏ အကြောင်းများက ပိုမိုစုံလင်သည်ကို တွေ့ရ သည်။

'ဈေးလှည်းကလေးဘဝမှ သန်းကြွယ်သူဌေးကြီး ဖြစ်လာသူ ဟာဗေးမက်ကာ့ဖ်' ဟူသောခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။ စတီဖင်က သူအလိုရှိသည်များကို



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံအောင် ကူးယူသည်။

ရှပ်ပလေနှင့်သားများ ကုမ္ပဏီအကြောင်း၊ စစ်အတွင်း မှောင်ခိုလုပ်ခဲ့သည့် အကြောင်း၊ သူ့ဇနီး အာလင်းအကြောင်း၊ သူတို့၏ တစ်ဦးတည်းသောသမီး ကလေး ရိုစယ်လီအကြောင်းများကို ကူးယူသည်။

သူတို့ သားအမိ သားအဖသုံးယောက်၏ ဓာတ်ပုံကိုလည်း တွေ့ရသည်။ ထိုပုံထဲက ရိုစယ်လီမှာ အသက် ၁၅ နှစ်လောက်သာ ရှိသေးသည်။

လွန်ခဲ့သော ၂၅ နှစ်အတွင်း လိမ်လည်မှုနှင့် နှစ်ကြိမ်တရားစွဲခံခဲ့ရသည်။ သို့သော်လည်း နှစ်ကြိမ်စလုံး အမှုမှ ကွင်းလုံးကျွတ် လွတ်ခဲ့သည်။ နောက်ဆုံး သတင်းများကိုလည်း ဖော်ပြထားသည်။ ပန်းချီကားများ ဝယ်ယူစုဆောင်းသည့် အကြောင်း၊ ပြိုင်မြင်းများ အကြောင်း၊ သစ်ခွပန်းများ စိုက်ပျိုးသည့်အကြောင်း၊ သူ့သမီး ဥရောပတိုက်မှာ အလုပ်လုပ်နေသည့် အကြောင်းများ ပါသည်။

သို့သော်လည်း ပရော်စပက်တာရေနံကုမ္ပဏီနှင့် ပတ်သက်၍မူ လုံးဝ ဖော်ပြထားခြင်း မရှိချေ။

သူ့အကြောင်းများကို သတင်းစာများက သဲကြီးမဲကြီး ရေးရအောင် စွမ်းဆောင်နိုင်သည့် ဟာဗေး၏ အရည်အချင်းကိုတော့ စတီဖင် အထင်ကြီး သွားမိလေသည်။

တယ်ရီကပင် နေ့လယ်စာ ကျွေးပါရစေဆိုသဖြင့် သတင်းစာဆရာ တစ်ယောက် ဖွင့်ထားသော စားသောက်ဆိုင်သို့ သူတို့သုံးယောက် လာခဲ့ကြ လေသည်။ နေ့လယ်စာ စားရင်း ဟာဗေးအကြောင်းကိုပင် သူတို့ ဆက်ပြော ကြသည်။

ဟားဗတ်တက္ကသိုလ်ရှိ ဟာဗေးမက်ကော့စ် ခန်းမဖွင့်ပွဲ နေ့တုန်းက တယ်ရီနှင့် ဟာဗေးတို့ တွေ့ဆုံခဲ့ကြဖူးသည်။ ထိုအကြောင်းများကို တယ်ရီက ပြန်ပြောသည်။ ဟာဗေးလှူသည့် ခန်းမမှာ အားကစားရုံနှင့် တင်းနစ်ကွင်း လေးကွင်းပါသော အဆောက်အအုံကြီး ဖြစ်သည်ဟု ပြောပြသည်။

'ဒီဝတီက တစ်နေ့နေ့မှာ ဂုဏ်ထူးဆောင်ဘွဲ့များ ရမလားလို့ မျှော်လင့် နေတာ၊ ဒါပေမယ့် ဒေါ်လာသန်းပေါင်းတစ်ထောင် လှူရင်တောင် သူ့ကို ဘယ်တက္ကသိုလ်ကမှ ဂုဏ်ထူးဆောင်ဘွဲ့ ပေးမှာ မဟုတ်ဘူး'

ထိုစကားကို တယ်ရီပြောသောအခါ စတီဖင်က ငြိမ်ပြီး စဉ်းစားနေသည်။

အမေရိကန်သံရုံးကိုသွားရင် ခင်ဗျား ပိုပြီး စုံစုံလင်လင် သိရမယ် ထင်တယ်၊ အင်း... ဒါပေမယ့် လေးနာရီကျော်သွားပြီ၊ သံရုံး ပိတ်သွားပြီ ကဲ... ကျွန်တော်လည်း ရုံးကို ပြန်ဦးမှပဲ၊ အခုအချိန်လောက်ဆိုရင် အမေရိကန်





တာ လူတွေ အိပ်ရာက နိုးလောက်ကြပြီ'

ထိုနေ့ညနေတာ ၅ နာရီ ၁၅ မိနစ်ရထားဖြင့် အောက်စဖို့သို့ စတီဖင် ပြန်လာခဲ့သည်။

အခန်းသို့ ပြန်ရောက်သောအခါ တစ်နေကုန် သူလုပ်ခဲ့သည့်လုပ်ငန်းများ ကို ပြန်တွေးသည်။ အလွန်တရာလည်း ပင်ပန်းနေပါပြီ။ သို့သော် အနားမယူ နိုင်သေး။ လက်နှိပ်စက် တစ်လုံးဖြင့် ဟာဗေးမက်ကော့စ် ကိုယ်ရေးအတ္ထုပ္ပတ္တိကို တင် ပြုစုလေတော့သည်။

နောက်တစ်နေ့ မနက်တွင် ၈ နာရီ ၁၇ မိနစ် ရထားဖြင့် လန်ဒန်မြို့သို့ သူလိုက်လာပြန်သည်။ သည်တခါတော့ ဒုတိယတန်း လက်မှတ်ကိုသာ ဝယ် သည်၊ ပြီးတော့ စားသောက်တွဲထဲမှာ သွားထိုင်နေသည်။ လက်မှတ်စစ်ရောက် လာသည်။ သူ့လက်မှတ်ကို စစ်သည်။ ဒုတိယတန်း လက်မှတ်ဖြစ်သောကြောင့် စားသောက်ပြီးလျှင် ဒုတိယတန်းတွဲသို့ သွားပြန်စီးရန် လက်မှတ်စစ်က ပြောသည်။

'ပြန်မှာပေါ့ဗျာ'

စတီဖင်က ထိုမျှသာပြောသည်။ သူ့ရှေ့မှာရှိသော ကော်ဖီကို ဇိမ်ဆွဲ သောက်သည်။ လန်ဒန်မြို့သို့ ရောက်သည်အထိ ဒုတိယတန်းတွဲသို့ သူ ပြန် သွားပါ။ ပထမတန်းတွဲထဲမှာသာ မထတမ်း ထိုင်လိုက်လာခဲ့သည်။ ထိုနည်း အားဖြင့် ရထားခ ငွေနှစ်ပေါင် သက်သာသွားလေသည်။

ဟာဗေးမက်ကော့ဖ် ဆိုသူလည်း သည်အတိုင်း ပြုကျင့်ကောင်း ပြုကျင့် ခဲလိမ့်မည်ဟု သူတွေးကြည့်နေမိလေသည်။

ပက်ဒင်တန် ဘူတာရုံသို့ ရောက်သောအခါ တယ်ရီရှိဘတ် ပြောလိုက် သည့်အတိုင်း တက္ကစီကားနှင့် အမေရိကန်သံရုံးသို့ သွားသည်။ စုံစမ်းရေးဌာန သို့သွားပြီး ဟာဗေးမက်ကော့ဖ် အကြောင်းကို မည်သို့ ရှာဖွေလေ့လာရမည် နည်းဟု မေးသည်။

'သူ့အကြောင်းကို ရှင်က ဘာကြောင့် သိချင်ရတာလဲ'

စုံစမ်းရေးဌာနမှ အမျိုးသမီး အတွင်းရေးမှူးက လေသံ ခပ်ပြတ်ပြတ်ဖြင့် သူ့ကို ပြန်မေးသည်။

မမျှော်လင့်သော မေးခွန်းကြောင့် စတီဖင်က ရုတ်တရက် ပြန်မဖြေနိုင် အောင် ဖြစ်သွားသည်။ သို့သော်လည်း ချက်ချင်းပင် သူ့ကိုယ်သူ ထိန်းလိုက်နိုင် သည်။

'အခု ကျောင်းတွေ ပြန်ဖွင့်ရင် ဟားဗတ်တက္ကသိုလ်ကို ပြန်ပြီး ပါမောက္ခ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နဲ့ ကျွန်တော် အမှုထမ်းဖို့ ရှိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ တက္ကသိုလ်နဲ့ သူနဲ့ဘယ်လို အဆက်အသွယ်တွေ ရှိနေတယ်ဆိုတာ သိထားချင်လို့ပါ၊ အခု လောလောဆယ်တော့ အောက်စဖို့က မဂ္ဂဒါလင် တက္ကသိုလ်မှာ ဧည့်သည် ပါမောက္ခအဖြစ် ကျွန်တော် အလုပ်လုပ်နေပါတယ်'

စတီဖင်၏အဖြေကို အမျိုးသမီး သဘောကျသွားသည်၊ ထို့ကြောင့် မိနစ်အနည်းငယ် အချိန်တွင်းမှာပင် ဟာဗေးမက်ကော့မ်နှင့် ပတ်သက်သည့် ဖိုင်တွဲများကို ထုတ်ပေးလေတော့သည်။

သို့သော်လည်း နယူးယောက်တိုင်း သတင်းစာတိုက်ခွဲမှ ရခဲ့သည့် အချက်အလက်များထက် ပိုပြီး ထူးခြားလှသည်ကို မတွေ့ရ၊ ဒီမိုကရက်တစ်ပါတီသို့ ရန်ပုံငွေ အများအပြား လှူသည့် အကြောင်းများကိုသာ ထပ်တွေ့ရလေသည်။

ကူးယူသင့်သည်များကို ကူးယူပြီးသောအခါ စိန့်ဂျိမ်းစ်ပန်းခြံနားမှာရှိသည့် ရုံးတစ်ရုံးသို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ဘရွတ်လမ်းရှိ အစုရှယ်ယာ အရောင်းအဝယ်တစ်ခုသို့ လည်းကောင်း ဆက်သွယ်သည်၊

ပြီးတော့ မွန်တီကာလိုသို့ ဖုန်းလှမ်းဆက်သည်၊ သူ၏ စုံစမ်းလေ့လာမှုများ အားလုံး ပြီးပြည့်စုံသွားလေတော့သည်။

ညနေ ၅ နာရီ ၁၅ မိနစ် ရထားဖြင့်ပင် အောက်စဖို့သို့ ပြန်လာခဲ့သည်။

သူ့အခန်းထဲမှာ ထိုင်သည်။ ဟာဗေးအကြောင်းကို သူ့ဇနီး အာလင်းနှင့် စုံထောက် အရာရှိ ကလစ်ဖို့စမစ်တို့ နှစ်ယောက်က လွဲလျှင် သူ အသိဆုံး ဖြစ်သွားပြီဟု ထင်သည်။

ယမန်နေ့က ပြုလုပ်ထားသည့် အတ္ထုပ္ပတ္တိကို ဆက်လက်ပြုစုသည်။ လက်နှိပ်စက်ဖြင့် စာမျက်နှာ ၄၀-ကျော်သွားသည်။

အားလုံး ပြုစုပြီးသောအခါ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ နောက်တစ်နေ့စောစော အိပ်ရာမှနိုးသည်။ နံနက်စာကို အားပါးတရ စားသည်။

သူပြုစုထားသည့် အတ္ထုပ္ပတ္တိကို တက္ကသိုလ်များ အုပ်ချုပ်ရေးရုံးသို့ ယူသွားပြီး ကော်ပီလေးခုပွားသည်။ သူ့လက်ထဲမှာ မူလက ကော်ပီနှင့် ဆိုလျှင် စုစုပေါင်း ကော်ပီ ငါးခုဖြစ်သွားလေသည်။

အပြန်တွင် စာရေးကိရိယာဆိုင်သို့ ဝင်သည်။ အရောင်ချင်း မတူသော ဖိုင်တွဲ ငါးခုဝယ်သည်။

အခန်းသို့ ပြန်ရောက်သောအခါ ဖိုင်တွဲငါးခုတွင် သူပြုစုထားသော အတ္ထုပ္ပတ္တိငါးခုကို တွဲသည်။ ပြီးတော့ စားပွဲအံဆွဲထဲ ထည့်ပြီး သေသေချာချာ သော့ခတ်လိုက်သည်။





ထို့နောက် စုံထောက်အရာရှိနှင့် ဆွေးနွေးခဲ့သည့်အကြောင်း များရေးမှတ်ထားသော စာရွက်ကလေးကို ထုတ်ကြည့်သည်။

တယ်လီဖုန်း စုံစမ်းရေးဌာနသို့ ဖုန်းလှမ်းဆက်သည်။ ဒေါက်တာ ရော်ဘင်အက္ကလေ၊ ဂျင်းပီယာလာမန်းနှင့် မြို့စားကြီး ဘရစ္စလေတို့၏ ဖုန်းနံပါတ်များနှင့် အိမ်လိပ်စာများကို တောင်းသည်။

စုံစမ်းရေးဌာနက တစ်ကြိမ်ဆက်လျှင် ဖုန်းနံပါတ် နှစ်ခုကို သာ ပြောပြနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တတိယလူ၏ ဖုန်းနံပါတ်ကို နောက်တစ်ကြိမ် ပြန်ဆက်မေးပါဟု ပြန်ပြောသည်။

အင်္ဂလိပ်လူမျိုးတို့၏ တယ်လီဖုန်းဌာနက လောဘတကြီး ငွေရှာပုံကို တွေးကြည့်ယင်း စတီဖင် တော်တော်အောင့်သက် သက်ဖြစ်သွားသည်။ အမေရိကန်ပြည်မှာတော့ ထိုသို့မဟုတ် တစ်ကြိမ်ဆက်ပြီး ဖုန်းနံပါတ်ပေါင်း တစ်ထောင်လောက်ကို မေးမည်လား။ 'အခက်အခဲရှိယင် အချိန်မရွေး ပြောပါနော်'ဟု၍ပင် အော်ပရေတာက ပြန်ပြောလိုက်ချေသေးသည်။

ဒေါက်တာရော်ဘင်အက္ကလေ ၁၂၂၊ ဟာလေလမ်း၊ လန်ဒန် ဒဗ်ဗယ်လ်ယူ-၁။

ဂျင်းပီယာလာမန်း၊ လာမန်းပန်းချီပန်းပုအရောင်းဆိုင်၊ ၄၀- နယူးဘွန်းလမ်း၊ လန်ဒန်၊ ဒဗ်ဗယ်လ်ယူ-၁။

စတီဖင်က စုံစမ်းရေးဌာနသို့ ဒုတိယအကြိမ်ပြန်ဆက် ရလေသည်။ မြို့စားကြီး ဘရစ္စလေ၏ ဖုန်းနံပါတ်နှင့် အိမ်လိပ်စာ ကို တောင်းရပြန်သည်။

'ကျွန်မတို့စာရင်းထဲမှာတော့ ဘရစ္စလေဆိုတဲ့ နာမည်နဲ့ မရှိပါဘူး၊ လမ်းညွှန်စာအုပ် အကောင်းထဲမှာ ရှိကောင်းရှိပါလိမ့်မယ်၊ ဒါလဲ သူက တကယ် မြို့စားစစ်ဆိုယင်ပေါ့လေ'ဟု အော်ပရေတာ အမျိုးသမီးက ငေါ့တော့တော့ ပြောသည်။

စတီဖင်က တယ်လီဖုန်းချခဲ့ပြီး စာကြည့်တိုက်ရှိရာသို့ ထွက်လာသည်။ နောက်ဆုံးထုတ် 'နာမည်ကြီး ပုဂ္ဂိုလ်များ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိများ'စာအုပ်ကို ယူကြည့်သည်။ သူ တွေ့လိုသူကို အလွယ်တကူပင် တွေ့ရပါသည်၊

ဘရစ္စလေ၊ မြို့စားကြီး ဂျိမ်းစ်ကလားရင့်စ်စပင်ဇာ ၁၉၄၂-ခု၊ အောက်တိုဘာ ၁၁-ရက်နေ့မွေး။ ပဉ္စမမြောက် လောက်မြို့စား ကြီး၏ အကြီးဆုံးသား ဖြစ်ပြီး အရိုက်အရာခံမည့်သူ။ ဟာရိုး အထက်တန်းကျောင်းနှင့် ခရိုင်စ်ချပ်ချ်တက္ကသိုလ်၊ အောက်စဖို့တွင် ပညာသင်ကြား။ ဘီအေဘွဲ့ရ။ အောက်စဖို့တက္ကသိုလ် အနုပညာ အသင်းတွင် ဥက္ကဋ္ဌ လုပ်ခဲ့ဖူးသည်။ ၁၉၆၆-



www.burmeseclassic.com

www.burmeseclassic.com



၆၈ တွင် စစ်တပ်တွင်းဝင်၊ ပြန်တမ်းဝင်အရာရှိဗိုလ်ဖြစ်။ ပိုလိုကစားခြင်း၊ အမဲလိုက်ခြင်းများ ဝါသနာပါသည်။ လိပ်စာ- တပ်သိဝဲလ် စံအိမ်၊ လောက်မြို့၊ ပါဝင်သည့်ကလပ်များ-ဂါးရစ်နှင့် စစ်တပ်အရာရှိများ ရိပ်သာ။

ထိုအချက်များကို တွေ့သည်နှင့်တပြိုင်တည်း စတီဖင်သည် ခရိုက်စ်ချပ်ချ် တက္ကသိုလ်သို့ တန်းပြေးရပြန်သည်။ အမှုတွဲထိန်း စာရေးမကလေးကို အကူအညီတောင်းရပြန်သည်။ ဂျိမ်းစ် ဘရစ္စလေ ဆယ်တန်းအောင်သည့် မှတ်တမ်းများကို ပြန်ရှာကြည့် သည်။

လန်ဒန်အိမ်လိပ်စာကို တွေ့ရပါပြီ။

အမှတ် ၁၁၉-ကင်းလမ်း၊ လန်ဒန်၊အက်စ်ဒဗ်ဘယ်လ်ယူ-၃

စတီဖင်က စိတ်ထဲမှကျိတ်ပြီး ဟာပေးမက်ကာ့ဖ်ကို စစ်ကြေငြာ လိုက်လေ တော့သည်။

ခရိုက်ချပ်ချတက္ကသိုလ် အဆောက်အအုံထဲမှ သူပြန်ထွက်လာသည်၊ ဘောင်းဘီအိတ် နှစ်ဘက်ထဲမှာ လက်နှိုက်ပြီး ခပ်ကြွား ကြွားလျှောက်လာသည်။ လျှောက်လာယင်းဖြင့်လည်း သူရေးမည့် စာများကို စိတ်ကူးဖြင့်စီကုံးလာသည်။ အခန်းသို့ပြန်ရောက်သည် နှင့် တပြိုင်တည်း စားပွဲမှာထိုင်ပြီး စိတ်ကူးခဲ့သည့် စာများကို ရေးချ လေသည်။

မဂ္ဂဒါလင်တက္ကသိုလ်၊
အောက်စဖို့၊
မေ- ၁၅ ရက်၊

လေးစားအပ်ပါသော ဒေါက်တာရော်ဘင်အုက္ကလေ ခင်ဗျား၊

ရှေ့အပတ် ကြာသပတေးနေ့ ညဦးပိုင်းတွင် ကျွန်တော်၏ အခန်း၌ ညစာစားပွဲကလေး တစ်ခု ကျင်းပရန်စီစဉ်ထားပါသည်။ ဧည့်သည်အနည်းငယ် ကိုသာ အသေအချာ စိစစ်ရွေးချယ် ဖိတ်ကြားထားပါသည်။

လူကြီးမင်း ကြွရောက်နိုင်မည်ဆိုပါက အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါမည်။ ကျွန်တော်၏ ညစာစားပွဲသို့ ကြွရောက်သည့်အတွက် လူကြီးမင်းအဖို့ အကျိုးဖြစ်ထွန်းဖွယ်ရာ ရှိပါသည်။

လေးစားစွာဖြင့်
စတီဖင်ဘရက်ဒ်လေ

စာကြွင်း။ ။ ကျွန်တော်တို့နှင့်အတူတူ ဒေးဗစ်ကတ်စလာ ကြွရောက်ပြီး ညစာမစားနိုင်သည့်အတွက် ဝမ်းနည်းပါသည်။

စတီဖင်က နောက်ထပ်စာရွက်တစ်ရွက်ကို လက်နှိပ်စက်ထဲ ထည့်သည်။





ဒေါက်တာ ရော်ဘင်နေရာတွင် ဂျင်းပီယာလာမန်း အမည်ကိုရေးသည်၊ ကျန်သည့် စာသားများကတော့ အတူတူပင်ဖြစ်သည်။ ပြီးပြန်တော့ နောက် စာတစ်ရွက်လဲပြီး မြို့စားကြီး ဂျိမ်းစ်ဘရစ္စလေ အမည်ကို ရေးသည်။

အားလုံးပြီးသွားသောအခါ ထိုင်ပြီး စဉ်းစားပြန်သည်။ ခဏကြာတော့ တယ်လီဖုန်း ကောက်ကိုင်သည်။ အဆောင်ဒရဝမ်ချုပ် ကို လှမ်းဆက်သည်။

'ဟာရီ . . . တစ်ယောက်ယောက်များ မင်းကိုဖုန်းဆက်ပြီး ဒီတက္ကသိုလ် မှာ စတီဖင်ဘရက်ဒ်လေဆိုတဲ့ လူရှိသလားလို့မေးယင် "ရှိပါတယ်ခင်ဗျာ၊ ဟားဗတ် တက္ကသိုလ်က ရောက်လာတဲ့ သင်္ချာပါရဂူသစ် ဖြစ်ပါတယ်၊ ကျွန်တော်တို့ တက္ကသိုလ်တစ်ခုလုံး မှာတော့ သူကျင်းပမယ့် ညစာစားပွဲကလေး အကြောင်းကို အားလုံးက စိတ်ဝင်တစား ပြောနေကြပါ တယ်"လို့ ပြန်ဖြေပါ။ ဆရာပြောတာ မှတ်မိရဲ့လား ဟာရီ'

'မှတ်မိပါတယ် ဆရာ'

ဒရဝမ်ချုပ်ဟာရီမှာ တော်တော်ခေါင်းရှုပ်သွားသည်။ အမေရိကန် လူမျိုးများ အကြောင်းကို သူနားမလည်နိုင်တော့ပါ။ အထူးသဖြင့် ပညာတတ် အမေရိကန်လူမျိုးများသည် ပို၍ပြီးနားမလည်နိုင်အောင် ဖြစ်ရသည်။ ၎င်းအထဲတွင် စတီဖင်ကို နားမလည်နိုင်ဆုံး ဖြစ်လေသည်။

စတီဖင် မျှော်လင့်ထားသကဲ့သို့ပင် သူ့စာများ ရောက်သွား သည်နှင့် တပြိုင်နက် သူတို့ သုံးယောက်စလုံးက ဖုန်းဆက်ပြီး စတီဖင်ဘရက်ဒ်လေဆိုသူ ရှိမရှိ စုံစမ်းကြသည်။ ဒရဝမ်ချုပ်ကလည်း စတီဖင်မှာထားသည့်အတိုင်း အသေအချာ မှတ်မိ ပြန်ဖြေသည်။

'ဒီဆရာတွေနဲ့ ကြာကြာပေါင်းယင် ငါလဲရူးမှာသေချာတယ်' ဟု ဒရဝမ်ချုပ် ဟာရီက ညည်းမိလေသည်။

ဖိတ်ကြားချက်ကို လက်ခံကြောင်း စတီဖင်ထံသို့ အကြောင်း ကြားကြ သည်၊ ဂျိမ်းစ် ဘရစ္စလေ၏ အကြောင်းပြန်ကြားချက်က နောက်ဆုံးမှ ရောက် လာသည်။

စတီဖင်က စားဖိုမှူးကိုခေါ်ပြီး အကောင်းဆုံးညစာစားပွဲ ဖြစ်အောင်စီစဉ် သည်၊ အကောင်းဆုံးဝိုင်အရက်များ၊ ဝီစကီ အရက်များကို ကြိုတင် မှာယူထားစေသည်။

အားလုံးပြင်ဆင်ပြီးသွားလေပြီ။ ရက်ချိန်းသို့ ရောက်အောင် အေးအေး ဆေးဆေး ထိုင်စောင့်နေရုံသာ ရှိတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားသည့် ကြာသပတေးနေ့ ညဦး ၇ နာရီခွဲတိတိတွင် ဂျင်းဗီယာလာမန်းက ပထမဦးဆုံး ရောက်လာသည်။

အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်၊ နှုတ်ခမ်းမွေးကိုတော့ ကော့နေအောင် ပြင်ဆင်ထားသည်။ ပုံစံကို ကြည့်ခြင်းအားဖြင့် ရိုးသားသူဖြစ်ကြောင်း စတီဖင် အကဲခတ်လိုက်မိသည်။ သည်လို လူမျိုး တစ်ယောက်ကိုမှ ပရော်ဖက်ဆာ ရေနံကုမ္ပဏီက လိမ်လိုက်သည့်အတွက် စတီဖင် ပိုပြီး စိတ်နာသွားလေသည်။

သူ့နောက် ဆက်တိုက်ရောက်လာသူမှာ ဒေါက်တာရော်ဘင်အုတ္တလေ ဖြစ်သည်။ တစ်လနှစ်လအတွင်း သူ့ကိုယ်အလေးချိန် ပေါင် အနည်းငယ် လျော့ကျသွားသည်။ လူချော ဖြစ်သည်။ ဟာလေလမ်းမှာ ကိုယ်ပိုင်ဆေးခန်း ဖွင့်ပြီး အမျိုးသမီးလူနာများနှင့် ကြီးပွားချင်တိုင်း ကြီးပွားနေသည်မှာ အံ့ဩစရာ မဟုတ်ဟု စတီဖင်က ကောက်ချက်ချမိသည်။

စတီဖင်က သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

ရော်ဘင်က မိမိတို့ချင်း တစ်ကြိမ်တစ်ခါမှ မတွေ့မဆုံဖူးပါလျက်နှင့် ဘာကြောင့် ထမင်းစားဖိတ်ရကြောင်းကို မေးရန် ဟန်ပြင်လိုက်သေးသည်။ ပြီးတော့မှ စတီဖင် ရေးလိုက်သည့် စာထဲတွင် ဒေးဗစ်ကတ်စလာနာမည်ကို ထည့်ရေးထားကြောင်း ပြန်သတိရသဖြင့် မမေးဘဲ တိတ်တိတ်နေလိုက်ရန် ဆုံးဖြတ်လိုက်ရလေသည်။

ခဏကြာတော့ မြို့စားကြီး ဂျိမ်းစ်ဘရစ္စလေ ရောက်လာသည်၊ စတီဖင်က သူ့ဆီသို့ လျှောက်သွားသည်။ ဦးညွှတ် အရိုအသေပြုရမည်လား၊ လက်ဆွဲနှုတ်ဆက်ရမှာလား၊ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

သို့သော်လည်း ဂျိမ်းစ်က ဟန်မပျက် ဝင်လာသည်။ အခန်းထဲမှာ ရှိနေသူ အားလုံးကို သူ မသိပါ။ သို့သော်လည်း တွန့်ဆုတ်ဆုတ် လုပ်မနေ၊ အားလုံး သူနှင့် သက်တူရွယ်တူတွေချည်း ဖြစ်သည်။ ရှေးစဉ်ကတည်းက ပေါင်းသင်း လာခဲ့ကြသူများလို ရင်းရင်းနှီးနှီး ဝင်လာခြင်း ဖြစ်သည်။ ပျော့ပျော့နေတတ် သည့် ပုံစံမျိုးလည်း ဖြစ်သည်။ ရုပ်က ချောသည်၊ သူ့အမူအရာများကြောင့် စတီဖင်က သူ့ကို အထင်ကြီးသွားသည်။

သူတို့ချင်းကို စတီဖင်က မိတ်ဆက်ပေးသည်။ ပြီးတော့ ညစာ စားကြသည်။ အကောင်းဆုံး အစားအစာများ၊ အရက်ကောင်းများ တည်ခင်းသဖြင့် အားလုံးက နားမလည်နိုင်အောင် ဖြစ်နေကြသည်။ သူတို့ချင်း တစ်ယောက် နှင့် တစ်ယောက် မသိကျွမ်းပါပဲလျက် ယခုလို ထူးထူးဆန်းဆန်း





ဖိတ်ကျွေးခြင်းသည် ဘာအကြောင်းကြောင့်နည်းဟူသော မေးခွန်းကိုမူ မေးလိုသော်လည်း မည်သူကမျှ မမေးပဲနေကြသည်။

စားသောက်ပြီးသောအခါ စားပွဲထိုးများက ပန်းကန် ခွက် ယောက်များကို သိမ်း သွားသည်။ သူတို့အားလုံး ကုလားထိုင်များ မှာ အသီးသီး ပြန်ထိုင်ကြသည်။ ရော်ဘင်မှာ ထိုထက်ပိုပြီး သည်းခံမနေနိုင်တော့။ ထို့ကြောင့် အားလုံး သိချင်နေသော မေးခွန်းကို သူကပင် စတင် မေးမြန်းလေတော့သည်။

'ရိုင်းတယ်လို့တော့ မထင်ပါနဲ့ဗျာ၊ တစ်ခုလောက် မေးပါရစေ ဒေါက်တာ ဘရက်ဒ်လေ'

'ကျွန်တော့်ကို စတီဖင်လို့ပဲ ရင်းရင်းနှီးနှီးခေါ်ပါ'

'ကောင်းပါပြီ စတီဖင် . . . အခုလို ကျုပ်တို့ကို ရွေးဖိတ်ပြီး ဘာကြောင့်များ ညစာကျွေး ရတာလဲဆိုတာ သိပါရစေ'

မျက်စိခြောက်လုံးက စတီဖင်ကို ဝိုင်းကြည့်နေကြသည်။ ကျန်သည့် နှစ်ယောက်ကလည်း ထိုမေးခွန်းကိုပင် မျက်လုံးအမူ အရာများဖြင့် မေးနေကြသည်။

စတီဖင်က ထိုင်ရာမှထသည်။ သူ့ ဧည့်သည်များကို မျက်လုံးဝေ့ကြည့်ပြီး အကဲခတ် သည်။ စားပွဲကို ပတ်ပြီး နှစ်ခါလျှောက်သည်။

ပြီးတော့မှ ယခုအခန်းထဲမှာပင် ဒေးဗစ်ကက်စလာနှင့် တွေ့ ခဲ့သည့် အကြောင်းမှစ၍ နောက်ဆုံး သူဘာတွေလုပ်ခဲ့သည်အထိ ဇာတ်စုံရှင်းပြတော့သည်။ စုံထောက်အရာရှိများ လာရောက် စစ်ဆေးသည်ကိုပါ ပြောပြသည်။

'လူကြီးမင်းများခင်ဗျာ၊ ကျွန်တော်တို့ လေးယောက်စလုံး ဘဝတူတွေ ဖြစ်နေကြပါပြီ'

စတီဖင်၏ စကားမဆုံးမီမှာပင် ဂျင်းဗီယာက ကြားဖြတ် ပြောသည်။

'ကျုပ်ကိုထည့်မတွက်ပါနဲ့၊ ခင်ဗျား စာရင်းထဲ ဖယ်ပစ်လိုက်ပါ၊ ဒါလောက် သယ်စရာ ကောင်းတဲ့ အမှုကြီးထဲမှာ ကျုပ်ဆက်ပါ မနေချင်ဘူး၊ ကျုပ်က ရိုးရိုးသားသား ပန်းချီပန်းပု ရောင်းစားတဲ့ အကောင်၊ စိတ်ကူးယဉ်နေတတ်တဲ့ အကောင်မဟုတ်ဘူး'

သူ့စကားကို စတီဖင် အဖြေပြန်ပေးချိန် မရမီမှာပင် ရော်ဘင်က ဆက်တိုက်ပြော ပြန်သည်။

'ခင်ဗျား ပြောတာတွေ ကျုပ် တခါမှ မကြားဖူးဘူး၊ ပရော် ဖက်ဆာရေနံ ကုမ္ပဏီဆိုတာလဲ မသိဘူး၊ ဒေးဗစ်ကတ်စလာဆိုတာလဲ မသိဘူး၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



လုမှားနေပြီ ထင်တယ်၊ ကျုပ်က ဟာလေလမ်းမှာ ဆေးခန်းဖွင့်ထားတဲ့ ဆရာဝန်ပါ၊ ရေနံဆိုတဲ့ အကြောင်းကိုတောင် ကျုပ် လုံးဝမကြားဖူးပါဘူး'

သူတို့နှစ်ယောက်ကို စုံထောက်အရာရှိများ သွားရောက် စစ်ဆေးစဉ်က ဘာကြောင့် အခက်အခဲတွေ့ခဲ့ရကြောင်းကို စတီဖင် ချက်ချင်းသဘော ပေါက်သွားသည်။ သူတို့နှစ်ယောက် "ဘူး" ကွယ်ခဲ့ကြသောကြောင့်လည်း စုံထောက်အရာရှိက အိတ်သွန်ဖာမှောက် ပြောပြသည့် စတီဖင်ကို ကျေးဇူး တင်ခြင်း ဖြစ်ပေသည်။

သူတို့သုံးယောက်စလုံးက ဂျိမ်းစ်ဘရစ္စလေကို ဝိုင်းကြည့်ကြသည်။ ဂျိမ်းစ်က သူတို့ကို မော်ကြည့်ပြီး အလွန်တရာ တည်ငြိမ်စွာဖြင့် တလုံးချင်း ပြောပြသည်။

'ဒေါက်တာဘရက်ဒ်လေ. . . ခင်ဗျား ပြောတာတွေ အားလုံးတစ်လုံး မကျန် မှန်ပါတယ်၊ အမှန်အတိုင်းဝန်ခံရယင် ကျုပ်အဖြစ်က ခင်ဗျားထက်ဆိုး ပါတယ်၊ ဟင့်ပ်ရှိုင်းယားနယ်မှာ ရှိတဲ့ ကျုပ်မြေတွေကို ပေါင်ပြီး ဘဏ်တိုက်က ငွေ ပေါင်တသိန်းခွဲ ချေးခဲ့တယ်၊ ဘဏ်တိုက်က သူတို့ငွေတွေကို ကြာကြာထား မှာ မဟုတ်ဘူး၊ ပြန်တောင်းတော့မှာပဲ၊ တကယ်လို့ သူတို့ကြွေး တွေကို ပြန်တောင်းယင် ကျုပ်အဖေက သိတော့မယ်၊ ဒီလိုသိသွားယင် ဆဋ္ဌမမြောက် လောက် မြို့စားကြီး အရိုက်အရာဆက်ခံဖို့ ကျုပ်ရဲ့အခွင့်အရေးတွေ အားလုံး ဆုံးရှုံးသွားမှာ သေချာတယ်'

'ကျေးဇူးတင်ပါတယ်ဗျာ'

စတီဖင်က ထိုသို့ပြောပြီး ကုလားထိုင်မှာ ဝင်ထိုင်သည်။

'ကဲ . . . ဘယ်နှယ့်ရှိစ'ဟူသော အမူအရာမျိုးဖြင့်လည်း ရော်ဘင်ကို လှမ်းကြည့်နေလိုက် သည်။

ရော်ဘင် မနေတတ် မထိုင်တတ်ဖြစ်သွားပြီး ပြန်ပြောသည်။

'အင်း . . . ဒုက္ခပဲ၊ မှန်ပါတယ်ဗျာ၊ ခင်ဗျားပြောတာတွေ အားလုံးမှန် တယ်၊ ဒီအမှုကြီးထဲ မှာ ကျုပ်လဲပါတယ်၊ ဒေးဗစ် ကုတ်စလာက ကျုပ်ရဲ့လူနာ ပဲ၊ သူပြောစကားကို ယုံပြီး ပရော် စပက်တာရေနံ ကုမ္ပဏီက အစုရှယ်ယာတွေ ပေါင် တသိန်းဖိုး ကျုပ်ဝယ်လိုက်မိတယ်၊ ငွေစုလက်မှတ်တွေကို ရောင်းပြီးဝယ် လိုက် မိတာပဲ၊ ဘာကြောင့် ဒီလိုလုပ်မိတယ်ဆိုတာ ကျုပ်လည်း မပြောတတ် တော့ဘူး၊ အခုလဲ ကျုပ်တို့ဝယ်ထားတဲ့ အစုရှယ်ယာတွေဟာ ပြား ၅၀-တောင် မတန်တော့ဘူး၊ မြို့ပြင်မှာရှိတဲ့ ကျုပ်အိမ်ကြီးကိုလဲ ပေါင်လိုက်ရတယ်၊ ဟာလေ လမ်းမှာ ဖွင့်ထားတဲ့ ဆေးခန်းကလဲ အိမ်ခန်းလခသိပ်ကြီးတယ်၊ ကျုပ်မိန်းမက





အသုံး အဖြုန်းကြီးတယ်၊ ကျုပ်သားနှစ်ယောက်ကို ဈေးအကြီးဆုံး ကျောင်းမှာ ထားတယ်၊ အခုတော့ အားလုံး ဒုက္ခရောက်ကုန်ပြီ၊ စုံထောက် အရာရှိ သာစစ်သွားပြီး ကတည်းက ကျုပ်အိပ်လို့ မပျော်တော့တာ နှစ်ပတ်ရှိသွားပြီ'

ရော်ဘင်၏ မျက်နှာမှာ သွေးရောင်ပျောက်သွားသည်။ သူ့ကိုယ်သူ အလွန်အထင်ကြီးခဲ့ သည့်၊ အလွန်ယုံကြည် စိတ်ချ ခဲ့သည့် စိတ်များလည်း လွင့်ပါးပျောက်ကွယ် ကုန်တော့သည်။

ရော်ဘင်စကားဆုံးသွားသောအခါ အားလုံးက ဂျင်းပီယာ ကို ဝိုင်းကြည့် နေကြပြန်သည်။

'အေးလေ. . . ခင်ဗျားတို့က ဖွင့်ဝန်ခံနေကြမှတော့ ကျုပ်လဲ မငြင်းချင် တော့ပါဘူး၊ ဟုတ်တယ်ဗျာ၊ ကျုပ်လဲ အဆော်ခံရတယ်၊ ကျုပ် ပါရီမြို့ကိုသွား နေတုန်း ဒီနောက်ပိုင်းမှာ ကျုပ်ဝယ်ထားတဲ့ အစုရှယ်ယာတွေ စက္ကူစုတ် ဖြစ်ကုန်တော့တာပဲ၊ ကျုပ်ရဲ့ ပန်းချီ ပန်းပုအရောင်းဆိုင်ကို အပေါင်ထားပြီး ဘဏ်တိုက်က ပေါင် ၈၀,၀၀၀ ချေးခဲ့တယ်၊ အဲဒီငွေနဲ့ အစုတွေဝယ်မိတယ်၊ ဒီထက် ဆိုးတာက ကျုပ် သူငယ်ချင်း တချို့ကိုပါ ဆွယ်တရားဟောမိခဲ့ တာပဲ'

အခန်းထဲမှာ အတန်ကြာအောင် ငြိမ်သက်တိတ်ဆိတ်သွားသည်။ အကြာ ကလေးကြာတော့မှ ဂျင်းပီယာ၏အသံ ထွက်လာသည်။

'အဲဒီတော့ ကျုပ်တို့ကို ခင်ဗျားက ဘာအကြံပေးချင်တာလဲ ပါမောက္ခကြီး၊ ကျုပ်တို့ လေးယောက်စလုံး ကမ်းကုန်အောင် တုံးခဲ့တာကို ပြန်လည်သတိရ အောင်လို့ပဲ အခုလို ဂုဏ်ပြုညစာစားပွဲ တည်ခင်းလိုက်တာလား'ဟု စတီဖင်ကို လှမ်းမေးသည်။

'ဒီလိုမဟုတ်ပါဘူး၊ ကျုပ် စိတ်ကူးထားတာက ဒီလိုမဟုတ်ပါ ဘူး'

စတီဖင်ကဆက်မပြောသေးဘဲ တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ သူပေးမည့် အကြံကို လက်ခံနိုင် မခံနိုင် ချိန်ဆနေသည်။ ထို့နောက် ထိုင်ရာမှ မတ်တတ် ရပ်ပြန်သည်။

'ကျုပ်တို့ငွေ အားလုံးကို အင်မတန်တော်တဲ့ လူတစ်ယောက်က အကွက် ချပြီး ခိုးယူသွားတာ ကျုပ်တို့လေးယောက်စလုံး ခံလိုက်ကြရတယ်၊ အစု ရှယ်ယာတွေအကြောင်းကို ကျုပ်တို့ အားလုံး နကန်းတစ်လုံးမှ သိကြတာ မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်တို့ လေးယောက်စလုံးဟာ ကျုပ်တို့နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေမှာတော့ လူတော်တွေ ချည်းဖြစ်တယ်၊ လူကြီးမင်းများ ခင်ဗျာ. . . ဒါကြောင့် ကျွန်တော်အကြံပေးချင်တာကတော့ ကျွန်တော်တို့ လက်ထဲ ခိုးသွား တဲ့ငွေတွေကို ပြန်ရအောင် ပြန်ခိုးယူဖို့ပါပဲ၊ တပြားမှလဲ မပိုစေရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တပြားမှလဲ အလျှော့ မခံနိုင်ဘူး'

စက္ကန့်အနည်းငယ်ကြာအောင် တိတ်သွားသည်။

ပြီးတော့မှ တစ်ယောက်တစ်ပေါက် ပြောကြသည်။

'သူ့ဆီကို လိုက်သွားပြီး 'ပေးပိုက်ဆံ'လို့ ပြန်တောင်းရမှာ လား'ဟု ရော်ဘင်က ပြောသည်။

'ဒီကောင်ကြီးကို ပြန်ပေးဆွဲဟာ'

ဂျိမ်းစ်က တစ်မျိုးအကြံဝင်ပေးသည်။

'အဲဒီ ခွေးသားကြီးကို သတ်ပစ်ပြီး သူ ရသင့်ရထိုက်တဲ့ အသက်အာမခံငွေထုတ်ယူရယင် မကောင်းဘူးလား'ဟု ဂျင်းပီယာက တင်ပြသည်။

အားလုံးတိတ်သွားကြသည်။ ကိုယ့်အတွေးနှင့် ကိုယ်ငြိမ်နေ ကြသည်။ အတော်ကြာ တော့မှ စတီဖင်က အံဆွဲထဲမှာ သော့ခတ်သိမ်းထားသော ဖိုင်တွဲများကို ထုတ်ယူသည်။ မျက်နှာဖုံးတွင် 'ဟာပေးမက်ကော့ဖ်'ဟု ရေးသားထားသည်။ ထိုအောက်တွင် သူပေးရမည့် သူများ၏ နာမည်ကိုပါ ရေးထားသည်။

အစိမ်းရောင် ဖိုင်တွဲအား ရော်ဘင်ကိုပေးသည်။ ဂျိမ်းစ်အတွက် အပြာရောင်၊ ဂျင်းပီယာအတွက် အဝါရောင်နှင့် သူ့အတွက် အနီရောင် ဖိုင်တွဲများ အသီးသီး ခွဲဝေပေးလိုက်သည်။ ထိုဖိုင်တွဲများကို မြင်သောအခါ အားလုံးက စတီဖင်ကို အထင်ကြီး သွားကြသည်။ သည်မျှထိ အောင် အပင်ပန်းခံပြီး ကြိုးစားပမ်းစား လုပ်ထားသောကြောင့် ပို၍ လေးစားသွားကြသည်။

ဖိုင်တွဲများ ဝေပြီးသောအခါ စတီဖင်ကပင် စကား,စ ပြောသည်။

'အဲဒီအစ္စုပ္ပတ္တိကို သေသေချာချာ ဖတ်ကြည့်ပါ၊ ဟာပေးမက်ကော့ဖ် အကြောင်း ခင်ဗျားတို့ ကောင်းကောင်းသိသွားမယ်၊ သူ့အကြောင်းတွေကို သေသေချာချာ လေ့လာပြီး သူ့ဆီက ငွေတစ်သန်းကို ဘယ်လိုရအောင် ပြန်ယူမယ်ဆိုတာ ခင်ဗျားတို့ တစ်ယောက် အစီအစဉ် တစ်မျိုးစီရေးဆွဲပါ၊ သူ့ဆီက ငွေတသန်းကို ကျုပ်တို့ပြန်ယူနေကြောင်း သူမသိအောင် သတိထားရမယ်၊ တစ်ယောက်ရေးဆွဲတဲ့ အစီအစဉ်ကို အကောင်အထည်ဖော်ရာမှာ ကျန်တဲ့ လူတွေ အားလုံးက လိုအပ်သလိုဝိုင်းကူပေးရမယ်၊ ဒီနေ့ ကစပြီး ၁၄-ရက်တိတိ ပြည့်တဲ့နေ့မှာ ကျုပ်တို့အားလုံး ဒီမှာပြန်ဆုံ ကြမယ်၊ ကျုပ်တို့ စီမံကိန်းတွေ အကောင်အထည်ဖော်ဖို့အတွက် တစ်ယောက်ကို ဒေါ်လာတစ်သောင်း ရန်ပုံငွေ ထည့်ရမယ်၊ ကျုပ်က သင်္ချာပါရဂူဖြစ်တယ်၊ ဒါကြောင့် စာရင်းတွေ အားလုံး ကျုပ်ကိုင်မယ်၊ ကျုပ်တို့ ကုန်ကျစရိတ် တွေအားလုံး ဟာပေး





ဘူခံရမယ်၊ သူ့ဆီက ရရန်ရှိတဲ့ ငွေစာရင်းထဲမှာ ကုန်ကျစရိတ်တွေ ထပ်ပေါင်းထည့်မယ်၊ ဒီကနေ့ ခင်ဗျားတို့ အားလုံး ဒီကို လာရတဲ့ စရိတ်နဲ့ အခုည ခင်ဗျားတို့ စားတဲ့ ညစာစရိတ်တွေပါ ထည့်ပေါင်းရမယ်'

ဂျင်းပီယာနှင့် ရော်ဘင်က ကန့်ကွက်စကားပြောဖို့ ဟန်ပြင်သည်။ သို့သော်လည်း ဂျိမ်းစ်က ဖြတ်ပြောသောကြောင့် သူတို့ ဘာမှ ပြောခွင့်မရလိုက်တော့ချေ။

'ကျုပ်သဘောတူတယ်၊ ကျုပ်တို့အဖို့ ဘာမှ အရှုံးပေါ်စရာ မရှိဘူး၊ စီစဉ်တဲ့အတိုင်း မအောင်မြင်ရင်လည်း အရင်းပဲလို့ သဘောထားရမယ်၊ တခြားနည်းသည်း ဘာမှ လုပ်စရာမရှိတော့ဘူး ဒါကြောင့် အဲဒီခွေးသားကြီးကို ကျုပ်တို့ လေးယောက် ဝိုင်းပြီး အပိုင်တွယ်မယ်'

ရော်ဘင်နှင့် ဂျင်းပီယာက တစ်ယောက်ကို တစ်ယောက် ပြန်ကြည့်သည်။ ပြီးတော့ ပခုံးနှစ်ဖက်ကို တွန့်ကာ ခေါင်းညိတ်ပြလိုက်ကြလေသည်။

လွန်ခဲ့သည့်ရက်များအတွင်း စတီဖင် ဆောင်ရွက်ခဲ့သည်များ လေ့လာခဲ့သည်များကို သူတို့လေးယောက် အသေးစိတ် ထိုင်ဆွေးနွေးကြသည်၊ အမြင်ချင်း ဖလှယ်ကြသည်။ ထင်မြင်ချက်များ ပေးကြသည်။

ယနေ့မှစပြီး ဆယ့်လေးရက်တိတိ ပြည့်သောနေ့တွင် စတီဖင်၏ အခန်းမှာပင် သူတို့အားလုံး ပြန်ဆုံကြရန် သဘောတူကြသည်။ ထိုသို့ ဆုံသည့်အခါတွင် ဟာပေးထံမှ ငွေတစ်သန်းပြန်ရအောင် မည်နည်းမည်ပုံဆောင်ရွက်ရမည်ကို မိမိတို့ ရေးဆွဲထားသည့် စီမံကိန်းများ တင်ပြရန်ကိုပါ သဘောတူညီကြသည်။

ညသန်းခေါင်ကျော်တော့မှပင် သူတို့အားလုံး လူစုခွဲ ဖြစ်ကြသည်။ စတီဖင်၏ အခန်းထဲမှ ပြန်လည်ထွက်ခွာသွားကြသော သူတို့ သုံးယောက်စလုံး မှာ စိတ်လက် ပေါ့ပါးသွားကြသည်။

ဘာပဲဖြစ်ဖြစ် ကိုယ်တစ်ယောက်တည်း ကျိတ်မှိတ်ခံစားနေရခြင်း မဟုတ်တော့ဘဲ ဘဝတူများ ရှိလာကြောင်း၊ ဘဝတူအချင်းချင်းလည်း ပူးပေါင်းမိပြီ ဖြစ်ကြောင်း၊ ကိုယ်ပိုင်အစီအစဉ်များကို ဝိုင်းဝန်းအကောင်အထည်ဖော်ကြတော့မည် ဖြစ်ကြောင်း သဘောပေါက် နားလည်သွားပြီး စိတ်ချမ်းသာသွားကြခြင်း ဖြစ်သည်။

စတီဖင်ကလည်း သူစိတ်ကူးထားသည့်အတိုင်း စတင်အကောင်အထည်ဖော်နိုင်ပြီ ဖြစ်သည့်အတွက် စိတ်ချမ်းသာသွားတော့သည်၊ ကျန်အားလုံးက စိတ်အားထက်သန်စွာဖြင့် ကိုယ်ပိုင်အစီအစဉ်များ ရေးဆွဲတင်ပြလာဖို့ကိုသာ မျှော်လင့်စောင့်စားရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ပေါ်မှာ သူထိုင်နေသည်။ မျက်နှာကြက်ကို မော်ကြည့်ယင်း စဉ်းစားခန်းဝင် နေမိသည်။

၆

ရော်ဘင်က လမ်းဘေးမှာ ရပ်ထားသော သူ့ မော်တော်ကား ဆီသို့ ပြန်လာသည်။ မော်တော်ကား ရှေ့မှန်ပေါ်တွင် 'ဆရာဝန် ဆေးကုနေသည်' ဟူသော စာတန်းကလေး ချိတ်ထားသည်။

ဆရာဝန်ဖြစ်ရသည်မှာ တစ်မျိုးတော့ ကောင်းသည်။ ထို စာတန်းကလေး ချိတ်ထား ခြင်းအားဖြင့် မော်တော်ကားကို စည်းမဲ့ကမ်းမဲ့ ရပ်ချင်တိုင်း ရပ်နိုင်သည်။ အချိန်လည်း မည်မျှကြာကြာ မီတာမတက်။ ငွေကြေး တစ်ပြား တစ်ချပ်မှ မကုန်ပဲ ရပ်ထားနိုင် ခွင့်ရှိသည်။

လန်ဒန်သို့ ကားမောင်းပြန်လာယင်း လမ်းတစ်လျှောက်လုံးလည်း အတွေးထဲ နစ်မျော လာသည်။

ဘာပဲဖြစ်ဖြစ် စတီဖင် တင်ပြသည့်အတိုင်း တခုခု စီစဉ်ပြီး ကြိုးစားကြည့် ရတော့မည်။ သူ့မှာ ငွေရေးကြေးရေး အခက်အခဲက အကြီးအကျယ်ပေါ် နေသည်။ သည်အတိုင်းသာ ဆက်သွားနေရ မည်ဆိုလျှင် ဘဏ်တိုက်ကိုဝင် ဓါးပြဝင်တိုက်ရတော့မည့် ကိန်းဆိုက်နေသည်။ ဓါးမြတိုက်မှုဖြင့် ဆေးကောင်စီ က သူ့လိုင်စင်ကို သိမ်းချင်လည်း သိမ်းပေရော့ဟု သဘောထားရမည့် ဖြစ်နေသည်။

အိမ်ပြန်ရောက်လာသောအခါတွင်လည်း စိတ်ကူးဖြင့် အလုပ်ရှုပ်နေ သည်။ ဟာဗေး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို တစ်လုံးချင်း အေးအေးဆေးဆေး ပြန်ဖတ်သည်။ စာမျက်နှာ နံပါတ် ၁၆တွင်၊

'ဟာဗေးမက်ကော့ဖ် ပူပင်သောကရောက်တတ်သည့် အရာ များအနက်' ဟူသော အပိုဒ်ကို ဖတ်ရာတွင် အသံထွက်သွားသည်။

'ဘာတွေ ဖတ်နေတာလဲ မောင်'

သူ့ဇနီးက လှမ်းမေးလိုက်သောကြောင့် ရော်ဘင် သတိပြန်လည်လာ သည်။ သူ ဖတ်နေ သည့် ဖိုင်တွဲကြီးကို မြန်မြန်ပိတ်ကာ လက်ကိုင်အိတ်ထဲသို့ ကမန်းကတမ်း ပြန်ထည့်ထား လိုက်ရသည်။

'အိပ်မပျော်သေးဘူးလား မေရီ'

'အိပ်ပျော်နေယင် စကားပြောပါ့မလား မောင်ရယ်'





ရော်ဘင်က အပြေးအလွှား စဉ်းစားရပြန်သည်။ ပရော်ဖက်ဆာ တာရေန့ အမှုကိစ်မှာ သူအစုရှယ်ယာထည့်သည့်အကြောင်းများကို မေရီအားပြောမပြရ သေး၊ ဆက်ပြီး အသိမပေးပဲ ထားလိုက်ခြင်းသာလျှင် အကောင်းဆုံးဖြစ်မည်ဟု သူတွေးမိသည်။ သို့သော်လည်း အောက်စဖို့ မှာ ယနေ့ည ညစာသွားစားသည့် အကြောင်းကိုတော့ ပြောပြမှုဖြစ်ပေလိမ့်မည်။ သို့သော်လည်း ပရော်ဖက်ဆာ နေ့ကုမ္ပဏီနှင့် ပတ်သက်သည့်အကြောင်းကိုတော့ ခြွင်းချန် ထားရမည်။

မောင့် မိန်းမက အပြောင်အပြက် တယ်ပြောတာပဲ၊ ကင်းဘရစ်ချ် တက္ကသိုလ်မှာ မောင်နဲ့ အတူတူ ကျောင်းနေခဲ့တဲ့ သူငယ်ချင်း တစ်ယောက်က အခု အောက်စဖို့တက္ကသိုလ်မှာ ဆရာ လုပ်နေတယ်၊ သူထမင်းစားဖိတ်တာနဲ့ မောင်တို့သူငယ်ချင်းတွေ သွားစားကြတာ၊ ဂျင်မ်နဲ့ ဖရက်လဲပါတယ်၊ သူတို့နှစ်ယောက်ကို မင်း မှတ်မိမှာ မဟုတ်ဘူး ထင်တယ်'

'ကောင်မချောချောကလေးတော့ မပါပါဘူးနော်'

'ဂျင်မ်နဲ့ ဖရက်ကို ကောင်မချောချောလေးလို့တော့ ပြောလို့မရဘူး ထင်တယ်၊ သူတို့မိန်းမတွေကတောင် အဲဒီလိုထင်မှာ မဟုတ်ဘူး'

'တိုးတိုးပြော မောင်၊ သားတွေ နိုးသွားလိမ့်မယ်'

'နောက်နှစ်ပတ်ကြာယင် မောင်ထပ်ပြီးတော့. . .'

'လာအိပ်ပါတော့ မောင်ရယ်. . . မနက်ကျမှ ပြောပါတော့'

ထိုစကားကြောင့် ရော်ဘင် စိတ်သက်သာရာ ရသွားသည်။ တောင်မေး မြောက်မေး လုပ်နေလျှင် အိုးနင်း ခွက်နင်းတွေ ဖြစ်ချင် ဖြစ်ကုန်နိုင်သည်။

ဘာစကားမှ မပြောတော့ပဲ သူ့မိန်းမဘေးမှာ အသာကလေး ဝင်အိပ်လိုက်တော့သည်။

* * *

ဂျင်းပီယာက လန်ဒန်မြို့သို့ မပြန်ပဲ အိစ်ဂိတ်ဟိုတယ်မှာ သွားတည်း သည်။ မနက်ဖြန် မနက်တွင် ခရိုက်ချပ်ချ်တက္ကသိုလ် ကျောင်းသူ ကျောင်းသား များ၏ ပန်းချီပြပွဲရှိသည်။ ထိုပန်းချီပြပွဲ ကြည့်ဦးမည်။ လက်ရာကောင်း ကလေးများ တွေ့လျှင်ဝယ်ဦးမည်။ ကမ္ဘာကျော် ပန်ချီဆရာများ ၏ လက်ရာများချည်းမဟုတ်ပဲ တက်သစ်စ ပန်းချီဆရာ ကလေးများ၏ ပန်းချီကားများကိုလည်း တခါတရံတွင် မြိုးမြိုးမြက်မြက်ကလေး အမြတ်အစွန်း ထွက်တတ် သည်။

သို့သော်လည်း ပန်းချီပြပွဲအကြောင်းကို သူမစဉ်းစားနိုင်ပါ။ ပန်းချီကား အစ်များ ဝယ်ယူရေးကို အာရုံမစိုက်နိုင်ပါ။

www.burmeseclassic.com



စတီဖင်နှင့် ဆွေးနွေးခဲ့သည့်အကြောင်းများကိုသာ အပြန်ပြန် အလှန်လှန် စဉ်းစားနေမိသည်။

ဟိုတယ်အိပ်ခန်းထဲသို့ ရောက်သောအခါ စတီဖင်ပေးလိုက်သည့် ဟာပေး၏ အတ္ထုပ္ပတ္တိကို အသေးစိတ်ဖတ်နေမိသည်။ မိုးလင်းခါနီးတော့မှ အိပ်ပျော်သွားသည်။

* * *

ဂျိမ်းစ်က လန်ဒန်သို့ ပြန်ရန် အောက်စဖို့ဘူတာရုံသို့ လာသည်။ လက်မှတ်ဝယ်ပြီးသောအခါ လူရှင်းသည့်တွဲကို လိုက်ရှာသည်။ လူရှင်းသည့်တွဲတစ်တွဲတွင်ထိုင်ပြီး စတီဖင်ပေးလိုက်သည့် ဟာပေး၏ အတ္ထုပ္ပတ္တိကို ဖတ်ဖို့ စိတ်ကူးသည်။

သို့သော်လည်း လူရှင်းသည့် တွဲတစ်တွဲမှ မရှိ။ တွဲရှာရင်းနှင့်လည်း စတီဖင် အကြံပေးလိုက်သည်များကို စဉ်းစားနေမိသည်။ ကျန်လူသုံးယောက်တို့က အလွန်ကောင်းမွန်သည့် အကြံဉာဏ်များ တင်ပြနိုင်ကြမည်မှာ ယုံမှားသံသယ ဖြစ်စရာအကြောင်း မရှိချေ။ သူတို့ အားလုံးထဲတွင် မိမိအစီအစဉ်များက ညံ့ဖျင်းနေလျှင် မျက်နှာပျက်စရာ ဖြစ်မည်ဟု တွေးမိရင်းလည်း စိတ်သောက ရောက်လာပြန်ပါသည်။

ဟင့်ပ်ရှိုင်းယားအရပ်မှ မြေများကို ပေါင်ထားကြောင်း သူ့အဖေသိသွား လျှင် ပိုပြီး ဒုက္ခရောက်ရတော့မည်။ သူ့ကို အစွမ်းအစမရှိသော သားအဖြစ် မှတ်ယူထားသည့်အဖေကို အစွမ်းအစ မည်မျှရှိကြောင်း ပြသလိုသဖြင့် အရဲစွန့် လိုက်ကာမှ အားလုံး ဒုက္ခဖြစ်ကုန်ရတော့သည်။

ဘာပဲဖြစ်ဖြစ် ယခုစိမ်ကိန်းကြီးထဲတွင် ဇာတ်ခုံပေါ်မှာ ဇာတ်လိုက်လုပ်ပြီး ကခဲ့ဖူးသည့် အတွေ့အကြုံများက တစ်နည်းမဟုတ် တစ်နည်းတော့ အထောက် အကူပြုကောင်းပါရဲ့ဟုသာ တွေးရလေတော့သည်။

ပလက်ဖောင်းပေါ်မှာ တွေ့ရသည့် လက်မှတ်စစ်ကို လူလွတ်သည့်တွဲ ရှိမရှိ မေးကြည့်သည်။ တွဲတိုင်းမှာ လူရှိကြောင်း လက်မှတ်စစ်က ပြန်ပြော သည်။

လူလွတ်သည့်တွဲမရှိလျှင် မိန်းကလေးချောချော ပါသည့်တွဲပဲ ရှာတော့ မည်ဟု ဆုံးဖြတ်လိုက်သည်။ ယခုလို သန်းခေါင်ကျော် အချိန်ကြီးတွင် ဖိုင်တွဲ ကြီးကို ဖွင့်မဖတ်နိုင်သည့် အတူတူ အိပ်ချင်ပြေကလေးပါသော တွဲမှာ ထိုင် လိုက်ရခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်တော့မည်။

တွေ့ပါပြီ မိန်းမပျို ချောချောကလေးတစ်ယောက် ထိုင်နေသည့်တွဲကို





အလွယ်တကူပင် တွေ့ပါသည်။ မိန်းမပျိုကလေး ဘေးတွင် အသက်လေးဆယ် ကျော် အမျိုးသမီးတစ်ယောက် ထိုင်နေသည်ကိုလည်း တွေ့ရသည်။ ထိုတွဲကိုပင် ရွေးလိုက်သည်။

ဂျိမ်းစ်က မီးရထားခေါင်းတွဲဘက်ကို ကျောခိုင်းပြီး ပြောင်းပြန် ခုံမှာ ဝင်ထိုင်သည်။ မိန်းမပျိုကလေးနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ သို့သော်လည်း မိန်းမပျိုက ပြတင်းပေါက် ဘက်သို့ လှည့်ထိုင် နေသောကြောင့် သူ့ဘေးတစောင်းပုံကိုသာ မြင်ရ သည်။

သူ့ဘေးမှာ ထိုင်နေသော အမျိုးသမီးကြီးက "ဗော့"မဂ္ဂဇင်း ကို ဖတ်နေသည်။ မိန်းမပျို၏ အဖော်ဖြစ်ပုံမရ။ တခြားစီလာကြပုံ ပေါ်သည်။

ဂျိမ်းစ်က မိန်းမပျိုကလေး၏ ဘေးတစောင်းပုံကို ကြည့် သည်။

အလွန်တရာ ချောမောလှပသော မိန်းကလေးဖြစ်နေသည်ကို တွေ့ရသည်။ အသက်က နှစ်ဆယ်ကျော်လောက်ပင် ရှိပေဦးမည်။ ဆံပင်များက ပိတုန်းရောင်လို နက်မှောင်နေသည်။ မျက်လုံးအစုံက ဝိုင်းစက်ပြီး နှံ့လုံးလို တောက်ပနေသည်။ ရင်သားကလည်း ဖွံ့ထွားလှသည်။ အသားအရေ က ညက်ညောနေသည်။

ခြေထောက်ကိုကြည့်သည်။ သူ့ခြေတံများ ဘယ်လောက် လှမည်နည်းဟု တွေးကြည့် သည်။ သို့သော်လည်း ဘွတ်ဖိနပ် အရှည်ကြီးကို စီးထားသော ကြောင့် ခြေထောက်များ၏ အလှကို ခံစားခွင့်မရလိုက်တော့ပါ။

ထို့ကြောင့် လှပသည့် မျက်နှာကလေးကို ပြန်ငေးသည်။ ထိုအခိုက် အမျိုးသမီးက သူ့ကို ပြန်ကြည့်လိုက်သဖြင့် ကမန်းကတန်း မျက်လုံးလွှဲ လိုက်ရသည်။

ဘေးမှာထိုင်နေသော အမျိုးသမီးကြီးဆီသို့ မျက်လုံးရောက် သွားသည်။ အမျိုးသမီးကြီးက ပတ်ဝန်းကျင်ကို လုံးဝ အာရုံစိုက်ပုံမရ။ လက်ထဲမှ "ဗော့"မဂ္ဂဇင်းကို သဲကြီး မဲကြီးဖတ်နေသည်။

မဂ္ဂဇင်းအဖုံးကို ဂျိမ်းစ်က လှမ်းကြည့်သည်။ အလွန်ချောသည့် မျက်နှာဖုံး မယ်ကလေး ဖြစ်သည်။

ဟိုက်. . . မိမိရှေ့မှာထိုင်နေသည့် မိန်းမပျိုလေးသည်ပင်လျှင် ထိုမျက်နှာဖုံးရှင် ဖြစ်နေပါပေါ့ကလား။

ဂျိမ်းစ်က မိန်းမပျိုကိုလှမ်းကြည့်သည်။ မိန်းမပျိုက သူ့ကိုပြန်ကြည့်သည်။ မဂ္ဂဇင်းအဖုံး ကို လှမ်းကြည့်သည်။ သေချာပါ သည်။ သည်မိန်းမပျိုပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ယခုအပြင်မှာ လူကိုယ်တိုင်ကို တွေ့ရသော မိန်းမပျိုက မျက်နှာဖုံးဓာတ်ပုံထက် ပိုချောနေသည်။

ဂျိမ်းစ်က မဂ္ဂဇင်းအဖုံးနှင့် သူ့ရှေ့မှာထိုင်နေသော မိန်းမပျို ကို အပြန်ပြန် အလှန်လှန် ကြည့်နေသည်။ မိန်းမပျိုနှင့် မျက်လုံး ချင်း ဆိုင်သွားပြန်သည်။ သည်တချီမှာတော့ မိန်းမပျိုက သူ့ကို မသိမသာ ပြုံးပြသည်။

ဂျိမ်းစ်က ဣန္ဒြေမဆောင်နိုင်တော့ဘဲ အမျိုးသမီးကြီးထံမှ မဂ္ဂဇင်းကို ခဏငှားသည်။

'ဘူတာရုံ စာအုပ်ဆိုင်တွေကလဲဗျာ တနေ့တခြား ပိတ်ချိန် ပိုပိုစောလာတော့တာပဲ၊ သွားယင်းလာယင်း ဖတ်ဖို့ စာအုပ်ကလေး ဘာလေး ဘယ်လိုမှ ဝယ်လို့မရတော့ဘူး'

အမျိုးသမီးကြီးက တုံ့ဆိုင်းဆိုင်းလုပ်နေပြီး မပေးချင်ပေးချင် နှင့် ပေးသည်။ ဂျိမ်းစ်က စာမျက်နှာ နံပါတ်နှစ်ကို တန်းလှန် သည်။

'မျက်နှာဖုံး ဓာတ်ပုံရှင် အယ်နီ၊ ရိုက်ကူးသူ လက်ခ်ဖီး၊ ကင်မရာ ဟက်ဇယ်ဘလက်'

ဂျိမ်းစ်က မိန်းမပျိုကို လှမ်းကြည့်သည်။ သူ့နာမည် အယ်နီ ဖြစ်ကြောင်းတော့ သိရပြီ။ မိန်းမပျိုကလည်း သူ့ကိုမော့်ကြည့်သည်။ မျက်နှာဖုံးရှင်၏ အမည်ကို ဖတ်နေကြောင်း သိသွားသည်။ မသိမသာပြုံးပြပြန်သည်။ ပြီးတော့ သူ့ ပေါင်ပေါ်မှာတင်ထားသော စာအုပ်ကို ဖွင့်ဖတ်နေသည်။ ဂျိမ်းစ်ကတော့ မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

ရီးဒိန်းဘူတာရုံသို့ ရောက်သောအခါ အမျိုးသမီးကြီး ဆင်းသွားသည်။ မဂ္ဂဇင်းကို ပြန်ပေးလိုက်ရသည်။

မိန်းမပျိုသည် တွဲထဲမှာ သူတို့နှစ်ယောက်တည်း ကျန်တော့မည်ကို သိသည်။ ထို့ကြောင့် အခြားခရီးသည်များ တက်လာလိုလာငြား ငေးမျှော်နေသည်။ ဂျိမ်းစ်ကတော့ မည်သူမှ တက်မလာပါစေနှင့်ဟု ကျိတ်ပြီးဆုတောင်းနေမိသည်။ သူ့ဆုတောင်းပြည့် သွားပါသည်။ ရထားဆက်ထွက်လာသည်။ တွဲထဲမှာ သူတို့နှစ်ယောက်တည်းသာ ရှိတော့သည်။

'ဇော့မဂ္ဂဇင်း မျက်နှာဖုံးမှာ ကျုပ် သူငယ်ချင်း ပက်ထရစ်လစ်ချ်ဖီး ရိုက်တဲ့ဓာတ်ပုံ ကောင်းလိုက်တာဗျာ၊ မျက်နှာဖုံးမယ်ကလဲ ချောမှချောပဲ'

အယ်နီဆမ်မာတန်က ဂျိမ်းစ်ကို မော်ကြည့်သည်။

သူ့အလှကိုပိုပြီး သတိထားမိပြန်သည်။ ဆံပင်များသည် ခပ်တိုတို ဖြတ်ထားသည်။ အသားအရေကလည်း အလွန်တရာ၊ ကြည်လင်သန့်ရှင်း





သည်။ ကိုယ်လုံးကိုယ်ထည် သွယ်သွယ်လျလျ ဖြစ်သည်။ သူ့ကိုပြန်မော့်ကြည့်သည့်အတွက် ဂျိမ်းစ်၏ ရင်ထဲမှာ လှုပ်ရှားပြန် သည်။ မိမိကို တစ်စုံတစ်ရာ ပြန်ပြောလျှင် မည်မျှ ကောင်းချိမ့်မည်နည်းဟုလည်း တွေးမိသည်။

အယ်နီသည် အတွေ့အကြုံမရှိသော မိန်းမပျိုကလေးမဟုတ်ပါ။ သည်အသက် သည်အရွယ်ရောက်ပြီဆိုတော့လည်း အတွေ့အကြုံက အထိုက်အလျောက် ရင့်ကျက်ပြီး ဖြစ်သည်။ သို့သော်လည်း ဓာတ်ပုံဆရာ လစ်ချ်ဖီးအကြောင်းဖော်ပြောသည့် အတွက် မသိလိုက်မသိဘာသာ နေလိုက်ရလျှင် ကောင်းမည်လားဟု စဉ်းစားကြည့်နေမိသည်။

ဂျိမ်းစ်၏ ရုပ်ကတော့ အမျိုးသမီးများ ကျလောက်သည့် ရုပ်ဖြစ်ကြောင်းနှင့် ယဉ်ကျေး သိမ်မွေ့သူ ဖြစ်ကြောင်းတော့ အယ်နီ အကဲခတ်လိုက်မိပါသည်။

'စံပြမယ် လုပ်ရတာ သိပ်ကို ပင်ပန်းမှာပဲနော်'

ဂျိမ်းစ်က စကားဆက်ပြန်သည်။ သို့သော်လည်း ထိုစကားကို ပြောလိုက်မိသည့်အတွက် သူ့ကိုယ်သူ အတော်မကျေမနပ် ဖြစ်မိသည်။ အမှန်တော့ "မင်း သိပ်လှတာပဲကွာ"ဆိုသည့် စကား မျိုးကိုသာပြောသင့်သည်။ ယခုတော့ အတော်အောက်သည့် စကားလုံးကြီးကိုသာ ပြောထုတ်လိုက်မိသည်။

'ကိုယ်နဲ့ ဆက်ဆံရတဲ့ ဓာတ်ပုံဆရာက ကောင်းယင် ဒါလောက် မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီနေ့တော့ ကျွန်မတော်တော် ပင်ပန်းသွားတယ်'

အယ်နီက ဖြေးဖြေးဆေးဆေး ပြန်ပြောသည်။ သူ့ အသံကလေးကလည်း အလွန်တရာ သာယာချိုအေးသည်ကို သတိထားလိုက်မိပြန်သည်။

'သွားတိုက်ဆေး ကုမ္ပဏီကြော်ငြာအတွက် အောက်စဖို့မှာ ဓာတ်ပုံသွားရိုက်တာ၊ တနေ့လုံး သွားဖြဲပြနေရတာနဲ့ ပါးတွေတောင် ညောင်းနေပြီ၊ ဓာတ်ပုံဆရာကလဲ ရိုက်လို့ကို အားမရနိုင်ဘူးနဲ့ တူတယ်၊ နောက်တစ်ပုံရိုက်ယင် ရှေ့ကပုံတွေ မကြိုက်တော့ဘူး၊ မကြိုက်တိုင်း ထပ်ရိုက်၊ ထပ်ရိုက်ယင်း မကြိုက်နဲ့ ချာချာကိုလည်နေတာပဲ၊ ပက်ထရစ်လစ်ချ်ဖီးကို ရှင် ဘယ်လို လုပ်သိသလဲ'

'ဟာရိုး အထက်တန်းကျောင်းမှာ ကျုပ်တို့အတူတူ နေခဲ့ဖူးတယ်၊ သူ့ကြောင့် ကျုပ်တော် တော် ဒုက္ခရောက်ခဲ့ရသေးတယ်'

အယ်နီကရယ်သည်။ ရယ်ပြန်တော့လည်း သူ့အသံကလေးက သာယာ သာယာနေသည်။ ပြီးတော့ ဟန်လုပ်ရယ်ခြင်း မဟုတ်၊ အားပါးတရ ရှင်းရှင်းနှီးနှီး ပုံစံမျိုးဖြင့်ရယ်ခြင်း ဖြစ်သည်။

'သူနဲ့ရော ရှင်တွေ့လေ့ တွေ့ထ ရှိသလား'



www.burmeseclassic.com

www.burmeseclassic.com



'တစ်ခါတစ်ရံမှပဲ တွေ့တတ်ပါတယ်၊ မှန်မှန်တွေ့တာမျိုးတော့ မဟုတ်ပါဘူး၊ မင်းဓာတ်ပုံတွေကို သူတော်တော်များများ ရိုက်ဖူးသလား'

'မရိုက်ဖူးပါဘူး၊ တော့မဂ္ဂဇင်းမျက်နှာဖုံးအတွက် တစ်ကြိမ်ပဲ ရိုက်ဖူးပါတယ်'

လန်ဒန်မြို့သို့ ရောက်ရန် နောက်ထပ် သုံးဆယ့်ငါးမိနစ်ခန့် လိုသေးသည်။ ထိုလမ်းတစ်လျှောက်လုံး သူတို့နှစ်ယောက် စကားကောင်းလာခဲ့ကြသည်။ ပက်ဒင်တန်ဘူတာရုံသို့ ရောက်သောအခါ ရထားပေါ်မှ အတူတူဆင်းခဲ့ကြသည်။

'မင်းကို အိမ်လိုက်ပို့ပေးရမလား၊ ပေါဟိုဘက်လမ်းထောင့်မှာ ကိုယ့်ကားရပ်ထားခဲ့တယ်'

ဂျိမ်းစ်၏ ကမ်းလှမ်းချက်ကို အယ်နီက လက်ခံလိုက်သည်။ ယခုလိုအချိန်မတော်ကြီးမှာ တက္ကစီကားရှာနေရသည့် ဒုက္ခကတော့ အနည်းဆုံးလွတ်ကင်းသွားပေမည်။

ဂျိမ်းစ်က အယ်လ်ဖာရိုမီယို ကားကလေးကို မောင်းပြီး အယ်နီ၏ အိမ်သို့ လိုက်ပို့ပေးသည်။ ဇိမ်ခံကားကြီးများကို သူမစီးတော့ဖို့လည်း ဆုံးဖြတ်ထားသည်။ လက်ထဲမှာ ငွေကလည်း ပါးရှားလာသည်။ ဓာတ်ဆီဈေးတွေကလည်း မြင့်တက်လာသည်။ ထို့ကြောင့် ဆီစားသက်သာသည့် ကားကလေးများကိုသာ စီးတော့သည်။

မော်တော်ကားမောင်းလာကြရင်းလည်း သူတို့နှစ်ယောက် ရောက်တတ်ရာရာများကို ပြောလာခဲ့ကြသည်။

အယ်နီ၏ အိမ်ရှေ့သို့ ရောက်လာသောအခါ ဂျိမ်းစ်က နှုတ်ဆက်ပြီး ပြန်ထွက်သွားသောကြောင့် အယ်နီ အံ့အားသင့်သွားသည်။

ထုံးစံအတိုင်းဆိုလျှင် ယောကျ်ားတစ်ယောက်ယောက်က သည်လိုအချိန်မျိုးကြီး အိမ်လိုက်ပို့ပေးပြီးပါက စကားရောဖောရောဖြင့် အိမ်ပေါ်သို့ တက်လိုက်ရမည်။ ပြီးတော့ အခြေအနေကို ကြည့်ပြီး အီစီကလီ ဖြစ်ရမည်။

ယခုမူ သည်လိုမဟုတ်။ အယ်နီ၏ နာမည်အပြည့်အစုံကိုလည်း မမေး၊ တယ်လီဖုန်းနံပါတ်လည်း မမေး။ နောက်ထပ် တွေ့ဆုံကြဖို့လည်း မကမ်းလှမ်း။ အခွင့်အရေး ရပါလျက်နှင့် ရသည့်အခွင့်အရေးကို မယူသော ဂျိမ်းအား အယ်နီ သနားသွားမိသည်။ ပြီးတော့မှ ဂျိမ်းစ်၏ နာမည်ကိုလည်း သူ မသိလိုက်ရကြောင်း အမှတ်ရသည်။

ထိုသို့ အမှတ်ရသောအခါ 'ဘယ်လိုသတ္တဝါကြီးပါလိမ့်'ဟု မှတ်ချက်ချရင်း အိမ်ခန်းတံခါးကို ပိတ်လိုက်မိသည်။





ဂျိမ်းစ်ကတော့ သူ ဘာတွေလုပ်နေကြောင်းကို တိတိကျကျ သဘောပေါက် နားလည်နေသည်။ အယ်နီ၏ အိမ်ပေါ်သို့ လိုက်သွားပြီး အကြံအဖန်လုပ်မည်ဆိုလျှင် ထိုသူငယ်မက စိတ်ကြီး ဝင်သွားဦးမည်။ ဒါမျိုးတွေလည်း သူ ကြုံခဲ့ဖူးသည်။

ထို့ကြောင့် အယ်နီလို အလွန်တရာလှပသည့် မိန်းမပျို ကလေးကိုတော့ နည်းပရိယာယ် တစ်မျိုးသုံးပြီး ချဉ်းကပ်ရပေမည်။ ဘယ်လိုနည်းမျိုးဖြင့် ချဉ်းကပ်ရမည်ကိုလည်း သူ စဉ်းစားထားပြီး ဖြစ်သည်။

အယ်နီကို ချထားပေးခဲ့ပြီး ကင်းလမ်းရှိ နေအိမ်သို့ ကား မောင်းပြန်ခဲ့သည်။ ကားမောင်းလာယင်းလည်း အယ်နီကို အပိုင်ကြံဖို့ ယတိပြတ် ဆုံးဖြတ်လိုက်သည်။ နည်းလမ်းများကိုလည်း ရှာဖွေစဉ်းစားလာသည်။

စတီဖင်၊ ရော်ဘင်၊ ဂျင်းပီယာတို့နှင့်ကား အကွာကြီး ကွာ ပါသည်။ ထိုလူတွေက ဟာဗေးမက်ကာ့ဖ်နှင့် ပတ်သက်သည့် အကြောင်းများကိုသာ စဉ်းစားနေကြသည်။ သူ့ထံမှ ငွေပြန်ရ အောင် မည်နည်းမည်ပုံ လုပ်ရမည်ကိုသာ နည်းလမ်းရှာဖွေ နေကြ သည်။

ဂျိမ်းစ်ကမူ အယ်နီကို အပိုင်ချိုင်ဖို့ နည်းလမ်းကိုသာ စဉ်းစား နေလေတော့သည်။

* * *

နောက်တစ်နေ့ မနက် ခပ်စောစောမှာပင် စတီဖင် အိပ်ရာမှ နိုးလာသည်။ နံနက်စာ စားပြီးသည်နှင့် တပြိုင်တည်း သူ့စိတ်ကူးထဲမှာ ရှိနေသော လေ့လာမှုကလေးများကို စတင်ပြုလုပ်တော့ သည်။

တက္ကသိုလ်များဖွဲ့စည်းပုံ၊ အုပ်ချုပ်ပုံများကို လေ့လာသည်။

ဒုတိယ ဗာစီပတီရုံးသို့ သွားသည်။ ခပ်ကြောင်ကြောင် မေးခွန်းများကို မေးသည်။ ဒုတိယအဓိပတိ၏ အတွင်းရေးမှူး အမျိုးသမီးခမျာ အတော်ခေါင်းရှုပ်သွားသည်။

ထိုမှတစ်ဆင့် မော်ကွန်းထိန်းရုံသို့ သွားပြန်သည်။ ခပ် ကြောင်ကြောင် မေးခွန်းများကိုပင် မေးပြီး သူသိချင်နေသော အချက်အလက်များကို စုဆောင်းသည်။

စာကြည့်တိုက်သို့လည်း ရောက်သည်။ တက္ကသိုလ်များနှင့် ပတ်သက်သော လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ စည်းကမ်း၊ နည်းလမ်းများကို ရှာသည်။

အုပ်ချုပ်ဆိုင်သို့လည်း ရောက်သည်။ ဘွဲ့ဝတ်ရုံများ ချုပ် လုပ်မှုကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်၊ ဈေးနှုန်းများကို လေ့လာသည်။

ရှယ်လ်ဒိုနီယံဇာတ်ရုံထဲတွင် ဘွဲ့ယူသည့် အခမ်းအနား အစမ်းလေ့ကျင့်နေသည်။ ထိုအစမ်းလေ့ကျင့် အခမ်းအနားသို့လည်း သွားကြည့်သည်။

အောက်စဖို့နယ်မြေတွင် အကြီးဆုံးဖြစ်သော ရန်းဒေါ့ဖ် ဟိုတယ်ကိုလည်း သွားကြည့်သည်။ တောင်မေး မြောက်မေး မေးသည်များကို ဟိုတယ်မန်နေဂျာက ခပ်ကြောင်ကြောင် ပြန်ဖြေသည်။

ဟိုတယ်ကို စိတ်တိုင်းကျ လေ့လာပြီးသောအခါ ဘဏ္ဍာတော်ထိန်းအဖွဲ့သို့ သွားပြန်သည်။ အတွင်းရေးမှူး အမျိုးသမီးကို မေးခွန်းတပြုံကြီးဖြင့် ပစ်ပေါက်ပြန်သည်။

အင်ကေးနီးယား ပွဲတော်နေ့တွင် အမေရိကန်လူမျိုး တစ်ယောက်ကို ကျောင်းအတွင်း လှည့်လည်ပြဖို့ စီစဉ်ကြောင်းဖြင့် အလုပ်သမားတစ်ယောက်ကို ပြောသည်။ ထိုဧည့်သည်အတွက် ထိုင်ခုံရရန်၊ ဖိတ်စာရရန်များကို စီစဉ်သည်။

'ဒါကတော့ သိပ်မဖြစ်နိုင်လှဘူးထင်တယ် ဆရာ…'

သက်ဆိုင်သည့် အလုပ်သမားက တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

သို့သော်လည်း တပေါင်တန် ငွေစက္ကူတစ်ရွက်ကို စတီဖင်က အလုပ်သမားလက်ထဲသို့ ထည့်ပေးလိုက်သည်နှင့် တပြိုင်တည်း အဖြေက တစ်မျိုးဖြစ်သွားလေတော့သည်။

'ဒါပေမယ့် တနည်းနည်းနဲ့ အဆင်ပြေအောင်တော့ ကျွန်တော် စီစဉ်ပေးပါ့မယ် ဆရာ'

လေ့လာစုံစမ်းမှုများကို ပြုလုပ်ရင်း တစ်နေကုန်သွားသည်။

သူ့အခန်းသို့ ပြန်လာပြီး စားပွဲမှာ ထိုင်စဉ်းစားသည်။ ပြီးတော့ စာရွက်များဖြင့် လိုအပ်သည်များကို မှတ်တမ်းတင် ရေးမှတ်သည်။

နောက်ဆယ့်သုံးရက်ကြာလျှင် သူ့အစီအစဉ်များအားလုံး ပြီးပြည့်စုံသွားတော့မည်။ ကျန်သုံးယောက်ကလည်း သီးခြား အစီအစဉ်များကို အသီးသီးတင်ပြလာကြမည် ဖြစ်ကြောင်း သူယုံကြည်ထားပြီးသား ဖြစ်သည်။

ဟာဗေးမက်ကာ့ဖ်သည် သူတို့လက်ထဲမှ လွတ်အောင်ရုန်းနိုင်လျှင် ရုန်းပေတော့ဟုလည်း စိတ်ထဲမှ ကြုံးဝါးလိုက်လေသည်။

* * *

ရော်ဘင်လည်း နောက်တစ်နေ့ မနက်တွင် အိပ်ရာမှ အစောကြီး နိုးထသည်။ နံနက်စာ စားကြရင်း သူ့မိန်းမက တောင်မေးမြောက်မေး လုပ်…





…သေးသည်။ သူကလည်း ကြည့်ကောင်းအောင် ပြန်ဖြေသည်။

စားပြီးသည်နှင့် တပြိုင်တည်း လန်ဒန်မြို့ထဲရှိ ဆေးခန်းရှိရာသို့ သုတ်ခြေတင် ထွက်လာခဲ့တော့သည်။ သူ့အတွင်းရေးမှူး အမျိုးသမီး မစ္စမီကယ်လ်က သူ့ကို ဆီးကြိုသည်။

မစ္စမီကယ်လ်သည် အလုပ်ကို အလွန်ရိုသေသည့် အမျိုးသမီး ဖြစ်သည်။ ရော်ဘင်ကိုလည်း ကျိုးနွံသည်။

'မစ္စမီကယ်လ်… နောက် ဆယ့်လေးရက်လောက် အတွင်းမှာ လူနာနည်းနိုင်သမျှ နည်းနည်းပဲ လက်ခံချင်တယ်'

'ကောင်းပါပြီ ဒေါက်တာ'

'ကျုပ် သုတေသနလုပ်စရာကလေး တစ်ခုရှိနေတယ်၊ ဒါကြောင့် ကျုပ်စာကြည့်ခန်းထဲ ဝင်နေပြီဆိုရင် လုံးဝ မနှောင့်ယှက်ပါနဲ့'

ထိုစကားကို ကြားသောအခါ မစ္စမီကယ်လ်က အံ့အားသင့်သွားလေသည်။ ဒေါက်တာ ရော်ဘင်အုတ္တလေသည် သုတေသန လုပ်ငန်းများကို အလေးထား ပြုလုပ်နေတတ်သူ မဟုတ်။ အလွန်တော်သည့် သမားတော်ကြီးတစ်ယောက်ဖြစ်သည်ကတော့ သေချာသည်။ ယခု သုတေသနလုပ်စရာရှိသည်ဆိုတော့ ဘာတွေများ လုပ်မည်နည်းဟု စဉ်းစားကြည့်နေမိသည်။

ထိုနေ့က လူနာများကို တက်သုတ်နှင်ကြည့်ပေးသည်။ ယခင်တုန်းက လူနာတစ်ယောက်ကို အချိန်များများယူကာ အေးအေးဆေးဆေး စစ်ဆေးကြည့်ပေးလေ့ရှိသော်လည်း ယခု တက်သုတ်နှင်နေသောကြောင့် မစ္စမီကယ်လ်မှာ နားမလည်နိုင်အောင် ဖြစ်နေမိပြန်သည်။

ထိုနေ့က နေ့လယ်စာကိုလည်း မစား။ တယ်လီဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ သူ့ အလုပ်သင်ဆရာဘဝတုန်းက သင်ကြားပြသခဲ့သော ပါရဂူကြီးများထံသို့ ဖုန်းဆက်သည်။ ဝမ်းဗိုက်နှင့်ပတ်သက်သည့် ပါရဂူများထံ ဖုန်းဆက်ပြီး သူသိချင်သည်များကို မေးမြန်းသည်။

ထို့နောက် မစ္စမီကယ်လ်ကို လှမ်းခေါ်သည်။

'စာအုပ်ဆိုင်ကို တဆိတ်ပြေးပေးစမ်းပါကွယ်၊ စာအုပ် နှစ်အုပ်လောက် ဝယ်ပေးပါ၊ ဝမ်းဗိုက်နဲ့ ကျောက်ကပ်အကြောင်း ရေးထားတဲ့ ဟာဒင်းရိန်းရဲ့ စာအုပ်နဲ့ တက်တာဆောလ်ရဲ့ ဆေးဝါး ဗေဒစာအုပ်နှစ်အုပ် ဝယ်ပေးပါ'

'ကောင်းပါပြီ ဒေါက်တာ'

မစ္စမီကယ်လ်မှာ နေ့လယ်စာစားသောက်နေရင်း တန်းလန်းကပင် သူခိုင်းသည့်အတိုင်း စာအုပ်ဆိုင်သို့ ထပြေးရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရော်ဘင် တယ်လီဖုန်းများ ဆက်မပြီးမှာမိပင် သူအလိုရှိသော စာအုပ်နှစ်အုပ် စားပွဲပေါ်သို့ ရောက်လာသည်။ ပြီးတော့ ထိုစာအုပ်များကို ခေါင်းမဖော်ပဲ ဖတ်နေသည်။

နောက်တစ်နေ့တွင် ဆေးခန်းကို ပိတ်ထားသည်။ စိန့် သောမတ်စ်ဆေးရုံသို့ သွားသည်။ သူ့ မိတ်ဆွေ ဆရာဝန်များ ခွဲစိတ်ကုသသည်များကို ကြည့်ရှုလေ့လာသည်။

သူ၏ အစီအစဉ်များ အတော်ကလေး ပြည့်စုံသွားပြီ ဖြစ် ကြောင်း သိလိုက်သည်နှင့် တပြိုင်တည်း အတော်စိတ်ချမ်းသာ သွားသည်။

ဟာလေလမ်းမှာရှိသော ဆေးခန်းသို့ ပြန်လာသည်။ နောက်ထပ်လိုအပ်နေသေးသည့် လေ့လာမှုများကို ဆက်လုပ်သည်။ မှတ်သင့်မှတ်ရာများကို ရေးမှတ်သည်။

'ဟာဗေးမက်ကာ့ဖ် ဘယ်လိုတွေးမယ်ဆိုတာကို စဉ်းစားပါ၊ သူတွေးသလိုတွေးပါ၊ သူ စဉ်းစားသလို စဉ်းစားပါ၊ ဒီအလုပ်တွေ လုပ်နေတဲ့အချိန်မှာ ခင်ဗျားကိုယ်ခင်ဗျား ဆရာဝန်လို့ မတွေးနဲ့ တော့၊ ဟာဗေးလိုပဲ ကလိမ်ကျနေတဲ့ စီးပွားရေးသမားအဖြစ် သဘောထားပါ'ဟု စတီဖင် ပြောလိုက်သည့် စကားကို ပြန်လည် ကြားယောင်နေမိသည်။

သူ့ အစီအစဉ်များကို ပြန်စဉ်းစားယင်း ကျေနပ်နှစ်သိမ့်မှုဖြင့် လေချွန်နေမိသည်။ အမေရိကန်တစ်ယောက်၊ ပြင်သစ်လူမျိုး တစ်ယောက်နှင့် မြို့စားကြီးက မည်သို့ အစီအစဉ်များ တင်ပြလာ ပေမည်နည်းဟုလည်း စဉ်းစားကြည့်နေမိလေသည်။

* * *

ဂျင်းပီယာသည် နောက်တနေ့ကျမှ တောက်စဖို့မှ ပြန် ရောက်လာသည်။ တက္ကသိုလ်မှာ ကြည့်ခဲ့ရသည့် ပန်းချီပြပွဲတွင် မက်လောက်သည့် ပန်းချီကားကို မတွေ့ခဲ့ရ။ ထို့ကြောင့် တစ်ကား မှ မဝယ်ဖြစ်ခဲ့ပဲ လက်ချည်းပြန်လာခြင်း ဖြစ်လေသည်။

လန်ဒန်မြို့သို့ ပြန်ရောက်သောအခါ သူသည်လည်း ရော်ဘင်နှင့် စတီဖင်ကဲ့သို့ပင် လိုအပ်သည့် သုတေသနလုပ်ငန်း များကို စတင်လုပ်ကိုင်လေတော့သည်။ အိစ်ဂိတ်ဟိုတယ်မှာ တည်းခိုမနေခိုက် စိတ်ကူးထားခဲ့သည့် အကြံအစည်ကို ပြန်စဉ်းစား သည်။

ပန်းချီ ပန်းပုအရောင်းအဝယ်လုပ်ငန်းကို နှစ်ပေါင်းနှစ်ဆယ်ခန့် လုပ်ကိုင်လာခဲ့သူ ဖြစ်လေရာ ပန်းချီ ပန်းပုများအကြောင်း နောကျေနေတောင်





သူကျွမ်းကျင်နေသည်။

ယခုလည်း သူ့အစီအစဉ်ကို လူတစ်ယောက်၏ အကူအညီဖြင့် ပြုလုပ်ရမည်ဖြစ်သည်။ သူအကူအညီယူရမည့်သူမှာ ဒေးဗစ်စတိန်းဖြစ်သည်။ လန်ဒန်မြို့မှာ ဒေးဗစ်စတိန်း ရှိနေသည့် အတွက် သူ့အဖို့အဆင်ပြေသွားသည်။ သို့သော်လည်း သူတောင်းသည့် အကူအညီကို ပေးမည် မပေးမည်အား မသေချာသေးပေ။

မွန်းလွဲပိုင်းတွင် သူ့ထံသို့ ဒေးဗစ်စတိန်း ရောက်လာသည်။ လာမန်းပန်းချီပန်းပု အရောင်းဆိုင်၏ ရုံးခန်းတံခါးကို အလုံပိတ် ပြီး သူတို့နှစ်ယောက်နှစ်နာရီကျော်ကြာအောင် စကားပြောကြ သည်။

ဒေးဗစ်စတိန်း ပြန်သွားသောအခါ ဂျင်းပီယာသည် ခလကလေးတချွန်ချွန်မြည်နေသည်။

ထို့နောက် ဂျာမန်သံရုံးသို့ သွားသည်။ လိုအပ်သော စုံစမ်းမှုများပြုလုပ်သည်။

သံရုံးမှ ပြန်လာသောအခါ ဘာလင်မြို့ရှိ ပန်းချီပါရဂူ တစ်ယောက်ထံသို့ ဖုန်းလှမ်းဆက် သည်။ အဆင်သင့်တွေ့သည်။ သူသိချင်သည်များ မေးသည်။ ထို့နောက်တစ်ဆင့် ဟိတ်မြို့မှာ ရှိသော အမျိုးသမီး ပန်းချီပါရဂူ တစ်ယောက်ထံသို့ ဖုန်းဆက်ပြန်သည်။ အဆင်သင့်ပင် တွေ့ရသည်။ သူသိချင်သည်များ သိရသည်။

အားလုံး ပြီးပြည့်စုံသွားပြီ။ သူ စီစဉ်ထားသည့်အတိုင်း ဆိုလျှင် [illegible]ကာ့ဖ်သည် ဘယ်နည်းနှင့်မှ သူ့လက်ထဲက လွတ်ထွက်မသွားနိုင်တော့။

သူ့အစီအစဉ်များကို တင်ပြသောအခါ ကျန်အဖွဲ့သားများ က ဘယ်လို[illegible] သဘောထား ကြလေမည်နည်းဟု စိတ်ကူးယင်း ပြင်သစ်လူမျိုး ဂျင်းပီယာသည် အပျော်ကြီး ပျော်သွားလေတော့သည်။

* * *

ဂျိမ်းစ်သည်လည်း အများနည်းတူပင် နောက်တနေ့ မနက် စောစောမှာ[illegible]ရာ နိုးလာသည်။ အိပ်ရာမှ နိုးလျှင်နိုးချင်းသူ ပထမဦးဆုံး သတိရသော[illegible]သည် ဟာဗေး မက်ကာ့ဖ် ဖြစ် သည်။

သို့သော်လည်း သူ့အဖို့ ထိုအရာထက် ပိုအရေးကြီးသည့် အကြောင်းကို[illegible]သွားပြန်သည်။ ထို့ကြောင့် ပက်ထရစ် လစ်ချ်ဖီး၏ အိမ်သို့ ဖုန်း[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



'ပက်ထရစ်လား'

'ဟုတ်ပါတယ်'

တဘက်မှ အိပ်ချင်မူးတူးဖြင့် ဗလုံးဗထွေး ပြန်ပြောသည်။

'ပက်ထရစ် . . . ငါ ဂျိမ်းဘာရစ္စလေပါကွ'

'အို . . . ဟော့ကောင် . . . ဂျိမ်းစ် . . . မင်းနဲ့မတွေ့ရတာ အတော်ကြာနေပြီပဲ နေစမ်းပါဦးကွ၊ ဒါလောက် စောစောစီးစီးကြီး ဘာကိစ္စ ဖုန်းဆက်ရတာလဲ၊ ငါ အိပ်ရာကတောင် မနိုးသေးဘူး'

'ဘယ်က စောစောစီးစီးရမှာလဲကွ၊ ဆယ်နာရီတောင် ထိုးနေပြီ ခွေးကောင်'

'ဟုတ်လား . . . မနေ့ညက ကပွဲမှာ ငါ နည်းနည်းများသွားတယ်ကွာ၊ မနက်လေးနာရီကမှ အိမ်ပြန်ရောက်တာ၊ ကဲ . . . ငါ ဘာလုပ်ပေးရမလဲ ပြော'

'ဗော့ မဂ္ဂဇင်း မျက်နှာဖုံးအတွက် အယ်နီဆိုတဲ့ ကောင်မ ကလေး တစ်ယောက်ကို မင်း ဓာတ်ပုံရိုက်ပေးတယ် မဟုတ်လား'

'အယ်နီဆမ်မာတန် . . . ဟုတ်တယ်၊ စတက်ပူးလ် ဂျေင်စီ က တစ်ဆင့် ငှားတာ'

ပက်ထရစ်ကလည်း ဘာမေးချင်သည်ကို ကြိုတင်သိနေသည့် အလား မဆိုင်းမတွ ပြန်ဖြေသည်။

'အဲဒီကောင်မလေးက ဘယ်လိုနေသလဲ'

'ငါ ဘယ်သိမလဲကွ၊ ဒါပေမယ့် ကောင်မကတော့ အပျံစားထဲကပဲ ငါ့ကိုတော့ သိပ်သဘောတွေ့ပုံမရဘူး၊ ငါလိုအချိုးမျိုး သူ မကြိုက်ဖူးနဲ့ တူတယ်'

'မိန်းမတစ်ယောက်က ဘယ်လိုအချိုးမျိုးမှ ကြိုက်တယ်ဆို တာ အကဲခတ်ရ လွယ်ပါတယ် ကွာ၊ ကဲ . . . ဟော့ကောင် . . . မင်း ပြန်အိပ်တော့'

ဂျိမ်းစ်က ပြောပြောဆိုဆို ဖုန်းပြန်ချလိုက်သည်။

တယ်လီဖုန်း လမ်းညွှန်စာအုပ်ထဲမှာ အယ်နီဆမ်မာတန် ဆိုသော အမည်ကိုရှာကြည့် သည်။ မတွေ့။

ဂျိမ်းစ်သည် အိပ်ရာထဲမှ မထသေးပဲ မေးစေ့ကိုပွတ်ပြီး စဉ်းစားနေသည်။ ခဏကြာတော့ သူ့မျက်လုံးများ အရောင်တောက် လာသည်။ တယ်လီဖုန်း လမ်းညွှန်စာအုပ်ကို ကောက်ကိုင်ပြန် သည်။ သူလိုချင်သော ဖုန်းနံပါတ်ကို ရှာသည်။ အလွယ်တကူ တွေ့သည်။ ကောက်ဆက်သည်။

'စတက်ပူးလ်ဂျေင်စီက စကားပြောနေပါတယ်'

'မန်နေဂျာနဲ့ စကားပြောချင်လို့ပါ'





'အခုပြောနေတာ ဘယ်သူပါလဲရှင်'

'မြို့စားကြီး ဂျိမ်းစ်ဘာရစ္စလေ'

'ကျွန်မ အခုပဲ လိုင်းဆက်ပေးလိုက်ပါ့မယ် မြို့စားကြီး၊ ခဏကိုင်ထားပါနော်'

ဖုန်းလိုင်းဆက်ပေးသံကို ကြားရသည်။ ချက်ချင်းဆိုသလိုပင် မန်နေဂျာ၏ အသံ ပေါ်ထွက်လာသည်။

'ကောင်းသော မနက်ခင်းပါ မြို့စားကြီး၊ မိုက်ကယ် စတက်ပူးလ် စကား ပြောနေပါတယ်၊ မြို့စားကြီးအတွက် ကျွန်တော် ဘယ်လိုအမှုမျိုးကို ထမ်းဆောင် ပေးနိုင်ပါမလဲ ခင်ဗျာ'

'ခင်ဗျား တတ်နိုင်မယ့် အကူအညီကလေးတစ်ခုလောက် တောင်းချင်လို့ပါ မစ္စတာ စတက်ပူးလ်၊ ရှေးဟောင်း ပစ္စည်း အရောင်းဆိုင်တစ်ခု ဖွင့်ဖို့ ကျွန်တော့်မှာ အစီအစဉ် ရှိပါတယ်၊ အဲဒီ ဖွင့်ပွဲအတွက် စံပြမယ်တစ်ယောက် လောက် လိုချင်တယ်၊ ဘယ်လိုမိန်းကလေးမျိုးနဲ့ သင့်တော်မယ်ဆိုတာ ခင်ဗျား နားလည်ပါလိမ့်မယ်'

ထိုသို့ ပြောပြီး ဂျိမ်းစ်က သူအလိုရှိသည့် အမျိုးသမီးမျိုး၏ ပုံပန်းသဏ္ဌာန်ကို ပြောပြသည်၊ အားလုံး အယ်နီ၏ ပုံစံအတိုင်း ဖြစ်သည်။ သို့သော်လည်း သူနှင့် အယ်နီ မြင်ဖူးတွေ့ဖူးခဲ့သည့် အကြောင်းကိုတော့ နည်းနည်းကလေးမှ မဟ။

'ကျွန်တော် သဘောပေါက်ပြီ ခင်ဗျာ၊ မြို့စားကြီး လိုချင်တဲ့ ပုံပန်းသဏ္ဌာန်မျိုးရှိတဲ့ အမျိုးသမီးနှစ်ယောက် ကျွန်တော်တို့ဆီမှာ အဆင်သင့် ရှိနေပါတယ်၊ တစ်ယောက်က ပေါလင်းစတုန်းဖြစ်ပြီး၊ နောက်တစ်ယောက်က အယ်နီ ဆမ်မာတန် ဖြစ်ပါတယ်၊ ပေါလင်းကတော့ ဒီကနေ့ ဘာမင်ဂမ်ကို ရောက်နေပါတယ်၊ မော်တော်ကား အသစ်တစ်မျိုးအတွက် ဓာတ်ပုံအရိုက်ခံနေပါတယ်၊ အယ်နီကတော့ လန်ဒန်ကို ပြန်ရောက်နေပါပြီ၊ မနေ့တုန်းက အောက်စဖို့ကိုသွားပြီး သွားတိုက်ဆေးကြော်ငြာအတွက် ဓာတ်ပုံ အရိုက်ခံခဲ့ပါတယ်'

'ကျွန်တော် ဒီနေ့ပဲ မိန်းကလေးတစ်ယောက် ရမှ ဖြစ်မယ်'

ဂျိမ်းစ်က အတည်ပေါက် ပြန်ပြောသည်။ ထိုသို့ ပြောရင်းဖြင့်လည်း အယ်နီ အမှန်တကယ် လန်ဒန်မြို့သို့ ပြန်ရောက်ကြောင်း ပြောပြလိုက်မိသလို ဖြစ်သွားသည်။

'သူတို့နှစ်ယောက် စီစဉ်ကြည့်စမ်းပါဦး၊ ဘယ်သူ ရရပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်တော့ မရလို့မဖြစ်ဘူး။ အဆင်ပြေတယ်ဆို ယင် ကျွန်တော့် ဖုန်းနံပါတ် ၇၃၅-၇၂၂၇ ကို ပြန်ဆက်ပါ'

ဂျိမ်းစ်က ဖုန်းပြန်ချလိုက်သည်။ အယ်နီကို မရပဲ တလွဲချော်ပြီး ပေါလင်းကိုရလျှင် အခက်ဟုတွေးယင်း အနည်းငယ် စိတ်မသက်မသာ ဖြစ်လာသည်။

မနေ့ညတုန်းက ရထားပေါ်မှာ အယ်နီကိုမတွေ့ခဲ့လျှင် ဟာဗေး မက်ကာ့ဗ်နှင့် ပတ်သက်သည်များကို သူ စိစဉ်နေမိပေလိမ့်မည်။ ယခုတော့ အယ်နီကို အာရုံထဲမှ မဖျောက်နိုင်သည့်အတွက် ဟာဗေးမက်ကာ့ဗ်ကို ဘေးဖယ်ထုတ်ပစ်လိုက်မိသည်။

ရှောက်တတ်ရာရာများကို စဉ်းစားနေခိုက်မှာပင် တယ်လီဖုန်း ခေါင်းလောင်း မြည်လာသည်။

'စတက်ပူးလ် ဇေဂျင်စီက စကားပြောနေပါတယ် မစ္စတာ စတက်ပူးလ်က မြို့စားကြီး ဘရစ္စလေနဲ့ စကားပြောပါရစေတဲ့'

'ဘရစ္စလေ စကားပြောနေပါတယ်'

'ကျွန်မ လိုင်းဆက်ပေးလိုက်ပါ့မယ် မြို့စားကြီး'

"မြို့စားကြီး ဘရစ္စလေပါလား ခင်ဗျာ'

'ဟုတ်ပါတယ်'

'စတက်ပူးလ် စကားပြောနေပါတယ် မြို့စားကြီး၊ အယ်နီ ဆမ်မာတန် ဒီကနေ့ အားနေပါ တယ်၊ မြို့စားကြီးရဲ့ ဆိုင်ကို ကျွန်တော် ဘယ်အချိန် လွှတ်ပေးလိုက်ရမလဲ ခင်ဗျာ'

'အိုး. . .'

ဂျိမ်းစ်က ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ် သွားသည်။ အမြန်ဆုံးစဉ်းစား သည်။ ပြီးတော့မှ ဟန်မပျက် ပြန် ပြောလိုက်လေသည်။

ကျွန်တော်တို့ဆိုင်က ဘာတယ်လေလမ်းမှာ ရှိတယ်၊ အင်း ပရက်စ် စားသောက်ဆိုင်နဲ့ ကပ်လျက်ပဲ၊ အယ်လ်ဘီမားလ် ရှေးဟောင်းပစ္စည်းဆိုင်လို့ ခေါ်တယ်၊ ၁၂-နာရီ ၄၅ မိနစ်ကျယင် အဲဒီဆိုင်မှာ တွေ့ယင် ဖြစ်မလား'

'အင်ပတန် ဖြစ်နိုင်ပါတယ် မြို့စားကြီး။ ဆယ်မိနစ်အတွင်း မှာ ကျွန်တော် ဖုန်းပြန်မဆက်ယင် အားလုံးအဆင်ပြေသွားပြီလို့ ယူဆလိုက်ပါခင်ဗျာ၊ ကျွန်တော်လွှတ်လိုက်မယ့် အမျိုးသမီးကို တွေ့ပြီးယင် မြို့စားကြီးနဲ့ သူ့အလုပ် ဖြစ်နိုင် မဖြစ်နိုင် ကျွန်တော်တို့ကိုတော့ ပြန်အကြောင်း ကြားပါဦး ခင်ဗျာ၊ ကျွန်တော်တို့ လုပ်နည်းလုပ်ထုံးအရဆိုယင်တော့ ကျွန်တော်တို့ ဇေဂျင်စီကို လာဖို့လိုပါတယ်၊ ဒါပေမယ့် မြို့စားကြီးအတွက်တော့ ကျွန်တော်တို့ ဒီ





စည်းကမ်းအတိုင်း မလုပ်တော့ပါဘူး၊ မြို့စားကြီးကိုယ်တိုင် ကျွန်တော်တို့ ဇေဂျင်စီကို လာရမယ်ဆိုတော့ အားနာစရာကြီး ဖြစ်နေလို့ပါ ခင်ဗျာ'

'ကျေးဇူးတင်ပါတယ်ဗျာ'

ဂျိမ်းစ်က ဖုန်းပြောချလိုက်သည်။ အလွန်တရာလည်း စိတ်ချမ်းသာ သွားသည်။

ဘာကယ်လေလမ်းမှာရှိသော မေဖဲယားဟိုတယ် အပေါက်ဝတွင် ဂျိမ်းစ် ရပ်နေသည်။ သူ ညွှန်ပြခဲ့သည့်နေရာကို အယ်နီ လျှောက်လာလျှင် မြင်နိုင် သော နေရာဖြစ်သည်။

၁၂-နာရီ မိနစ် ၄၀-အချိန်တွင် ပစ်ကယ်ဒလီ အဆောက်အအုံဘက်မှ အယ်နီ လျှောက်လာသည်ကို လှမ်းတွေ့လိုက်ရသည်။ နောက်ဆုံးပေါ် ဂါဝန်ကို ဝတ်ထားသည်။ ယခုတစ်ကြိမ်တွင်မူ ဘွတ်ဖိနပ်ရှည်ကြီးကို စီးမထားသော ကြောင့် အယ်နီ၏ လှပသော ခြေထောက်များကို မြင်နေရသည်။ ခြေတံများက ဖြောင့်စင်းနေသည်၊ သူ့ကိုယ်လုံးကဲ့သို့ပင် သွယ်သွယ်ကလေး ဖြစ်သည်။

အယ်နီသည် ဘာကယ်လေလမ်းအတိုင်း လျှောက်လာပြီး အင်းပရက်စ် စားသောက်ဆိုင် ရှေ့မှ ရပ်သည်၊ တစ်ဖက်ကို လှမ်းကြည့်သည်၊ ဘရာဇီးလ် နိုင်ငံ ကုန်သွယ်ရေးရုံးကို တွေ့ရသည်၊ ကျန်တစ်ဖက်ကို ကြည့်ပြန်သည်၊ မော်စ်ရှိုက်စ်ကုမ္ပဏီ၏ ပြခန်းကို တွေ့ရသည်။

သူတွေ့ရမည်ဖြစ်သော "အယ်လ်ဘီမားလ် ရှေးဟောင်း ပစ္စည်းဆိုင်"ကို မတွေ့သောကြောင့် အတော်စိတ်ရှုပ်နေပုံရသည်။

ဂျိမ်းစ်က လမ်းကို ဖြတ်ပြီး အယ်နီဆီသို့ လျှောက်သွားသည်၊ သူ့မျက်နှာ အကြီးအကျယ် ပြုံးနေလေရာ ပါးစပ်က နားရွက်နှစ်ဖက်မှာ သွားချိတ် နေသလား ထင်မှတ်ရသည်။

'ဂွဒ်မောနင်း'

ဂျိမ်းစ်က ပုံမှန်နှုတ်ဆက်သည့်အနေဖြင့် ဟန်မပျက် လှမ်းနှုတ်ဆက် သည်။

'အိုး... ဟဲလို... ရှင်ကိုး၊ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရတာလေတယ် နော်' ဟု အယ်နီက ပြန်ပြောသည်၊ အတော်ကလေးလည်း အံ့အားသင့်သွားပုံ ရသည်။

'မင်းတစ်ယောက်တည်း ဒီမှာ ဘာလာလုပ်နေတာလဲ၊ တစ်ခုခု ပျောက်လို့ များ ရှာနေသလား'

'အယ်လ်ဘီမားလ် ရှေးဟောင်းပစ္စည်း အရောင်းဆိုင် ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



လာရှာတာ၊ ရှင်မျှား ကြားဖူးသလား၊ အင်းပရက်စ် စားသောက်ဆိုင်နဲ့ ကပ်လျက်လို့ပြောတယ်၊ အခုဒီမှာလဲ မတွေ့ဘူး၊ ကျွန်မ လမ်းမျှားမှားနေပြီလား မဆိုနိုင်ဘူး၊ ပိုင်ရှင်က မြို့စားကြီးလို့ ပြောတယ်၊ မြို့စားကြီး ဘရစ္စလေတဲ့၊ ရှင်မျှားကြားဖူးသလား ဟင်'

ဂျိမ်းစ်က အားပါးတရပြုံးသည်။

'မြို့စားကြီးဘရစ္စလေဆိုတာ ကိုယ်ပဲလေ'

အယ်နီကသူ့ကို အံ့သြတကြီး ကြည့်သည်။ ပြီးတော့မှ ဝါးလုံးကွဲအောင် ရယ်ချလိုက် သည်။ မည်သို့သော ရည်ရွယ်ချက် ဖြင့် ဂျိမ်းစ်က ယခုလို မရှိသည့်ဆိုင်နာမည်ပြောပြီး သူ့ကို အရောက်ခေါ် လိုက်ခြင်း ဖြစ်ကြောင်းကိုပါ သဘောပေါက်သွားသည်။ သည်လို လှည့်ကွက်ကလေးအတွက်လည်း သူ့ အပျော်ကြီး ပျော်သွားမိလေသည်။

.အင်းပရက်စ် စားသောက်ဆိုင်တွင်းသို့ဝင်ပြီး သူတို့ နှစ်ယောက် နေ့လယ်စာ စားကြသည်။ သည်ဆိုင်သည် ဂျိမ်းစ် အကြိုက်ဆုံးသော စားသောက်ဆိုင် ဖြစ်သည်။ ထို့မျှမကသေး မြို့စားကြီး ကလာရင်ဒန် အနှစ်သက်ဆုံးသော စားသောက်ဆိုင် ဖြစ်ကြောင်းလည်း ဂျိမ်းစ်က အယ်နီကို ပြောပြလေသည်။

'သန်းကြွယ်သဌေးကြီးတွေက နည်းနည်းဝတယ်၊ သူတို့ မိန်းမတွေက နည်းနည်းပိန်တယ်၊ ဒီမြို့ထဲမှာရှိတဲ့ စားသောက်ဆိုင် တွေ အားလုံးမှာတော့ ဒီဆိုင်ဟာ သူတို့အတွက် အကောင်းဆုံး နေရာပဲ'

ထိပ်တန်း အစားအစာများကို သူတို့မှာ စားကြသည်။ တွေ့ဖူးသမျှ အမျိုးသမီးထဲတွင် အယ်နီသည် အချောဆုံး အလှဆုံး ဖြစ်ပြီး မြင်လျှင် မြင်ချင်း ချစ်မိပြီ ဖြစ်ပါကြောင်းဖြင့်လည်း ဂျိမ်းစ်က ပြောသည်။

စားသောက်ပြီးသောအခါ သူ၏ သရုပ်ဆောင်ခအတွက် သူတို့ရော့ေင်စီက မည်သူ့ထံတွင် ငွေတောင်းခံလွှာတင်သွင်းရမည်နည်းဟု အယ်နီက မေးသည်။

'ရှေ့ရေးအတွက် ကိုယ်စဉ်းစားပေးထားတဲ့အတိုင်း ပြောရ မယ်ဆိုယင်တော့ မင်းနဲ့ကိုယ် တွေ့တိုင်း ငွေတောင်းခံလွှာတင်ဖို့ အကြွေးစာရင်းစာအုပ် အထူကြီးတစ်ခု သူတို့လုပ်ထားယင် ကောင်းမယ်ထင်တယ်'ဟု ဂျိမ်းက ပြန်ဖြေလိုက်လေသည်။

၃

ချိန်းထားသည့်နေ့တွင် စတီဖင်၏ အခန်းသို့ ပထမဦးဆုံး ရောက်လာသူမှာ ဂျိမ်းစ် ဖြစ်သည်။ စတီဖင်က ဝမ်းသာ အားရ ဆီးကြိုပြီး ဝီစကီအရက်





ဆည့်လိုက်သည်။

ဂျိမ်းစ်မှာ အတော်ကြီး ဂနာမငြိမ် ဖြစ်နေသည်။ ဝီစကီကို တကျိုက်တည်း သောက်ချပြီး တော့မှ အနည်းငယ် နေသာထိုင်သာ ရှိသွားပုံရသည်။

ခဏကြာတော့ ဂျင်းပီယာနှင့် ရော်ဘင်တို့နှစ်ယောက် ရှေ့ဆင့် နောက်ဆင့် ရောက်လာကြသည်။ အားလုံး ဟာဗေး၏ အတ္ထုပ္ပတ္တိ ခိုင်တွဲကလေးများ ကိုယ်စီနှင့်ဖြစ်သည်။

အစားအသောက်များ ပြင်ဆင်ထားသည့် စားပွဲသို့ သူတို့ အားလုံးကို စတီဖင်က ခေါ်လာ သည်။ ယခုတစ်ခါ ပြင်ဆင်ထား သည့် အစားအသောက်များမှာ ယခင် တစ်ကြိမ်တုန်းကလို အကောင်းစားများမဟုတ်။ စားပွဲထိုးများလည်း ယခင်လိုမရှိ။ သူတို့ဘာသာ သူတို့ယူစား ကြရမည့် ပုံစံမျိုးဖြစ်သည်။

'အရေးကြီးတဲ့ စကားတစ်ခုကို အယင်ပြောရမယ်'

စတီဖင်က စကားဝိုင်းကို စလိုက်သည်။ အားလုံးက သူ့ကို ဝိုင်းကြည့် နေကြသည်။

'တို့အားလုံးဟာ သက်တူရွယ်တူတွေ ဖြစ်တယ်၊ ပြီးတော့ လူတစ်ယောက ရဲ့ အလိမ်ကို ခံလိုက်ကြရလို့ ဒုက္ခရောက်နေကြတဲ့ ဘဝတူတွေလဲ ဖြစ်တယ်၊ တို့ငွေတွေ ပြန်ရအောင် ကြီးမားတဲ့ လုပ်ငန်းကြီးတွေကို အတူတကွ လုပ်ကြရမယ့် လူတွေလဲ ဖြစ်တယ်၊ စံရယင်လဲ အတူတူစံရမယ်၊ ခံရယင်လဲ အတူတူခံ ရမယ်၊ တစ်ယောက်ရဲ့ဘဝ ကောင်းကျိုး ဆိုးကျိုးကို တစ်ယောက သက် ဝကွက်အပ်ထားရတဲ့ သဘောလဲ ဖြစ်တယ်၊ ဒါကြောင့် ငါတို့ ဂုဏ်ပုဒ တွေကို ဘေးချထားပြီး ရင်းရင်းနှီးနှီး ပေါင်းဖို့ လိုတယ်၊ ငယ်သူငယ်ချင်းတွေလို နာမည်ရင်းတွေပဲခေါ်ပြီး ချစ်ချစ်ခင်ခင် ပေါင်းသင်းကြဖို့လိုတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ခင်ဗျားနဲ့ ကျွန်တော်လုပ် နေယင် စိမ်းသလိုဖြစ်တယ်၊ ဒါကြောင့် မင်းနဲ့ ငါနဲ့ပဲ ပြောကြေး၊ ဘယ်လိုသဘောရသလဲ'

အားလုံးက သဘောတူကြောင်း ပြောကြသည်။ စတီဖင်ကပင် ဆက် ပြောသည်။

'ကောင်းတယ်၊ အခု ဒီမှာပြင်ဆင်ထားတဲ့ ညစာဟာ သာမန် အလုပ်သမား တစ်ယောက်စားတဲ့ အစားအစာမျိုးပဲ၊ ဒီ ညစာအတွက် ကုန်ကျစရိတ်ကိုလည်း ဟာဗေးဆီမှာ ရစရာရှိတဲ့ စာရင်းထဲကို ပေါင်းရမယ်၊ ဒါ့ ပိုက်ဆံတွေနဲ့ အစားကောင်း အသောက်ကောင်း တွေချည်း ပါးဖြိုနားဖြိုး စားနေလို့ မဖြစ်ဘူး၊ ထမင်းတစ်ခါစားတိုင်း ရာနဲ့ချီကုန်နေမယ်ဆိုယင် တော့ ရဘူး'

www.burmeseclassic.com



ထိုအချက်ကိုလည်း အားလုံး သဘောတူကြသည်။ သာမန် အစားအသောက်များကိုပင် ကျေကျေနပ်နပ် စားကြသည်၊ စားသောက်ပြီးသောအခါ ဧည့်ခန်းမှာ ပြန်ထိုင်ကြသည်။ စတီဖင်က သပ်ရပ်စွာ လက်နှိပ်စက်ရိုက်ထားသော စာရွက်များကို ထုတ်သည်။ သူကပင် စကားစပြောသည်။

'လာမယ့် နှစ်လသုံးလအတွင်း ဟာဗေးမက်ကော့ဖ် ဘာတွေ လုပ်မယ်ဆိုတာ ငါထပ်ပြီးတော့ သုတေသန လုပ်ထားတယ်၊ ခါတိုင်းနှစ် နွေရာသီတွေမှာ လုပ်ခဲ့တဲ့အတိုင်းလည်း ဒီနှစ် လုပ်လိမ့်မယ်လို့ ထင်တယ်၊ သူလုပ်နေကျ ကိုင်နေကျ အလုပ်တွေ အကြောင်း မင်းတို့လက်ထဲက ဖိုင်တွဲတွေမှာ ပါပြီးပြီ၊ နောက်ထပ် ရှာဖွေလို့ရထားတဲ့ အချက်တွေကို ဟောဒီစာရွက်ထဲမှာ ငါရေးထားတယ်၊ စာမျက်နှာ ၃၈ (က) လို့ ထိုးပြီး မင်းတို့ ဖိုင်တွဲထဲမှာ ဆက်ထည့်ထားပါ၊ ဒီပေါ်မှာ ရေးထားတာတွေကို ငါဖတ်ပြမယ်'

ဟာဗေးမက်ကော့ဖ်သည် ဇွန်လ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ဆောက်သင်မ်တန် သင်္ဘောဆိပ်သို့ ဆိုက်ကပ်မည့် အယ်လီဇဘတ်ဘုရင်မ ၂ အမည်ရှိ ပင်လယ်ကူးသင်္ဘောကြီးဖြင့် အင်္ဂလန်နိုင်ငံသို့ ရောက်ရှိပေလိမ့်မည်။ ကလားရစ်ဟိုတယ်တွင် အကောင်းဆုံးသော အခန်းစုံကြီးကို ကြိုတင်ငှားရမ်းထားပြီး ဖြစ်သည်။ အင်္ဂလန်နိုင်ငံတွင် ရှိနေခိုက် သူစီးရန် ရိုးစ်ရွိုက်စ် ဇိမ်ခံကားကြီး တစ်စီးကိုလည်း အသင့်ငှားရမ်းထားပြီး ဖြစ်သည်။ ထို ဇိမ်ခံကားကြီးကို မောင်းနှင်မည့်သူ၏ အမည်မှာ ဆော်လ်မွန် ဖြစ်သည်။

ကလားရစ်ဟိုတယ်မှာ ရက်သတ္တပတ်နှစ်ပတ်ကြာအောင် နေထိုင်မည်။ ထိုအခိုက် ဝယ်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ ကြည့်မည်။ သူအတွက် သီးသန့်နေရာကိုလည်း လက်မှတ်နှစ်စောင် ဝယ်ယူထားပြီး ဖြစ်သည်။ နေ့တိုင်း သွားကြည့်မည်ဟု ယူဆရသည်။

ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲ ပြီးဆုံးသောအခါ မွန်တီကာလိုသို့ လေယာဉ်ပျံဖြင့် သွားမည်။ သူ၏ ကိုယ်ပိုင်ဇိမ်ခံ ရွက်သင်္ဘောဖြစ်သော "ရုံးလုလင်ကလေး" အမည်ရှိ သင်္ဘောပေါ်တွင် ရက်သတ္တပတ် နှစ်ပတ်ကြာ နေထိုင်မည်။

ထိုသို့ အနားယူပြီးလျှင် လန်ဒန်သို့ ပြန်လာပြီး ကလားရစ် ဟိုတယ်မှာပင် တည်းခိုမည်။ ဆဌမမြောက် ဂျော့ဘုရင်နှင့် အယ်လီဇဘတ်ဘုရင်မကြီး တို့၏ ဆုဖလားမြင်းပြိုင်ပွဲတွင် ရိုစယ်လီ အမည်ရှိ သူ့မြင်းဝင်ပြိုင်မည်။ အေးစကော့ မြင်းပြိုင်ပွဲ ငါးရက်ပြုလုပ်မည်ဖြစ်ရာ ငါးရက်အတွင်း သီးသန့်နေရာကို ကြိုတင် ပြင်ဆင်ထားပြီး ဖြစ်သည်။





အမေရိကန်နိုင်ငံသို့ပင် အမေရိကန်လေကြောင်း ကုမ္ပဏီပိုင် ဂျမ်ဘိုဂျက် လေယာဉ်ပျံ ကြီးဖြင့် လန်ဒန် ဟီသရိုးလေဆိပ်မှ တဆင့် ဂျူလိုင်လ ၂၉ ရက်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်အချိန် တွင် ပြန်လည်ထွက်ခွာသွားမည်။ လေယာဉ်ပျံသန်းမှု ခရီးစဉ် အမှတ်မှာ ၀၀၉ ဖြစ်သည်။ လေယာဉ်ပျံက ဘော့စ်တွန်မြို့ရှိ လိုဂန်နိုင်ငံတကာ လေဆိပ်တွင် ဆင်းသက်မည်။

စတီဖင်က စာရွက်ကို ဖတ်ပြပြီး သူတို့အားလုံးသို့ တစ်ရွက်ဆီ ဝေပေးသည်။ စာမျက်နှာ ၃၈(က)ဟု ရေးထိုးပြီး သူတို့ဖိုင်တွဲများထဲမှာ အသီးသီးထည့်ကြသည်။ စတီဖင်၏ အလွန်တိကျ သော စုံစမ်းလေ့လာမှုများကို တွေ့ကြရသဖြင့် အားလုံးက သူ့ကိုအထင်ကြီး လေးစားသွား ကြသည်။

ဂျိမ်းစ်ကမူ အတော်ကလေး မနေတတ် မထိုင်တတ် ဖြစ်လာသည်။ ဆာစောက စားထားသည့် အစားအသောက်များ ကြောင့် မဟုတ်သည်ကတော့ သေချာပါသည်။

စတီဖင်ကပင် ဆက်ပြောပြန်သည်။

လန်ဒန်နဲ့ ဥရောပတိုက်ကို ဟာဗေးမက်ကော့ဖ် ရောက်နေတုန်း ဒီတို့အစီအစဉ်တွေကို အကောင်အထည် ဖော်ဖို့လိုတယ်၊ ဒါကြောင့် ဘယ်သူ က ဘယ်အပိုင်းကို တာဝန်ယူမယ်ဆိုတာ ခွဲဝေဖို့လိုတယ်၊ ရော်ဘင် . . . မင်း ဘယ်အပိုင်းကို တာဝန်ယူမလဲ'

မွန်တီကာလို ရော်ဘင်က မဆိုင်းမတွပင် ပြန်ဖြေသည်။ 'ခွေးသားကြီးကို သူ့တိုင်းပြည်နဲ့ ဝေးနေတုန်း အပိုင်ဆော်ရမယ်'

'မွန်တီကာလိုကို ယူချင်တဲ့လူ ရှိသလား'

မည်သူကမှ ပြန်မဖြေ။

'ဂျင်းပီယာ . . . မင်းက ဘယ်အပိုင်းကို တာဝန်ယူမလဲ'

'ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ လုပ်နေတဲ့ အချိန်ကိုယူမယ်'

'အဲဒီအချိန်ကို လိုချင်တဲ့လူများ ရှိသေးသလား'

အားလုံးက ငြိမ်နေကြပြန်သည်။ ထို့ကြောင့် စတီဖင်က ဆက်ပြောသည်။

'ငါကတော့ အေးစကော့ မြင်းပြိုင်ပွဲ လုပ်နေတဲ့ အချိန်နဲ့ သူ အမေရိကန်ကို ပြန်ခါနီး အချိန်ကလေးကို ယူမယ်၊ ဂျိမ်းစ် . . . မင်းကရော'

'မင်းတို့နဲ့ လွဲယင် ပြီးရောမဟုတ်လား၊ ငါကြိုက်တဲ့ တချိန်ချိန်ကိုယူယင် မဖြစ်နိုင်မလား'

ဂျိမ်းစ်က မလုံမလဲ လေသံဖြင့် ပြန်ပြောသည်။

'ဖြစ်တယ်'ဟု စတီဖင်က ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျိမ်းစ်ကလွဲပြီး ကျန်သုံးယောက်စလုံးမှာ သူ့အစီအစဉ်နှင့် သူတို့ အား ကျေနပ်နေကြသည်။

'ကုန်ကျစရိတ်ကိစ္စ ဆွေးနွေးရမယ်၊ မင်းတို့အားလုံး ဒေါ်လာ တစ်သောင်း စီ ပါလာကြပြီ မဟုတ်လား၊ ဟာဗေးက ဒေါ်လာနဲ့ပဲ သုံးစွဲနေတာဆိုတော့ တို့လဲဒေါ်လာနဲ့ပဲ တွက်တာ ပိုကောင်းတယ် လို့ ငါသဘောရတယ်'

တသောင်းတန် ချက်လက်မှတ်များကို အသီးသီးက ထုတ်ပြီး စတီဖင် လက်သို့ အပ်ကြသည်။ အနည်းဆုံး သူများနည်းတူ ငွေ တသောင်း ထုတ်ပေး နိုင်သည့်အတွက် တော်ပါသေးရဲ့ဟု ဂျိမ်းစ်က ကျိတ်တွေးလိုက်မိသည်။

'ဒီနေ့ထိ ကုန်ကျစရိတ်တွေပြောမယ်'

စတီဖင်က ထိုသို့ပြောပြီး ဂဏာန်းပေါင်းစက် သေးသေးကလေးဖြင့် တွက်နေသည်။ အခန်းထဲမှာ မီးရောင်က ခပ်မှိန်မှိန် သာ ရှိနေလေရာ သူ့ ဂဏာန်းပေါင်းစက်မှ အနီရောင် မီးပွင့် ကလေးများ ပွင့်သွားသည်ကို အားလုံးက မြင်နေရသည်။

'ငါတို့ လေးယောက်ပေါင်း အလိမ်ခံရတဲ့ အစုရှယ်ယာတွေရဲ့ တန်ဖိုး စုစုပေါင်းက ဒေါ်လာတစ်သန်းရှိတယ်၊ ဒီနေ့အထိ တို့ရဲ့ အသုံးစရိတ်က ၁၄၂ ဒေါ်လာရှိတယ်၊ ဒါကြောင့် ဟာဗေးဆီမှာ တို့ ရစရာအကြွေးပေါင်း ၁၀,၀၀,၁၄၂ ဒေါ်လာတိတိရှိတယ်၊ တစ်ပြားမှလဲ ပိုမယူဘူး၊ တစ်ပြားမှလဲ လျှော့မယူနိုင်ဘူး၊ ကိုင်း. . . ငါတို့ တစ်ဦးစီရဲ့ အစီအစဉ်တွေ ဆွေးနွေး အောင်၊ ဘယ်သူပြီး ဘယ်သူ ဆိုတာ ငါအစီအစဉ်လုပ်ထားတယ်၊ ပထမဆုံး ဂျင်းပီယာ ပြောပါ၊ ပြီးယင် ရော်ဘင်၊ ငါ တတိယပြောမယ်၊ ဂျိမ်းစ်က နောက်ဆုံး ပြော၊ ဂျင်းပီယာ. . . မင်း စပြောတော့'

ဂျင်းပီယာ စာအိတ်ကြီးတစ်လုံး ဖွင့်သည်။ ဓာတ်ပုံများ၊ မေဖဲယားတဝိုက်မှ လမ်းပြမြေပုံများ ဆွဲထုတ်သည်။ လမ်းများကို နံပါတ်များ ထိုးထားသည်၊ မည်သည့်နေရာမှ မည်သည့်နေရာသို့ သွားလျှင် မိနစ်ပေါင်းမည်မျှ ကြာကြောင်းများကိုလည်း တိတိ ကျကျ ရေးထားသည်။

ဂျင်းပီယာက သူ့အစီအစဉ်များကို အသေးစိတ် ရှင်းပြ သည်။ ဒေးဗစ် စတိန်းနှင့် သူ တွေ့ခဲ့သည့်အကြောင်းများကိုပါ ရှင်းပြသည်။ သူ့အစီအစဉ် ထဲတွင် ကျန်လူများက မည်နည်းမည်ပုံ တာဝန်ယူရမည်ကိုပါ ဆက်ရှင်း ပြသည်။

'ငါ့အစီအစဉ်နေ့မှာ မင်းတို့အားလုံး ဝိုင်းကူဖို့လိုတယ်၊ ရော်ဘင်က သတင်းထောက် ယောင်ဆောင်ရမယ်၊ ဂျိမ်းစ်က ဆိုဘီ ပန်းချီပန်းမှ





ဆောင်းဆိုင်က ကိုယ်စားလှယ်ယောင် ဆောင်ရမယ်၊ စတီဖင်က ပန်းချီကား တဲ့လူ လုပ်ရမယ်၊ အင်္ဂလိပ် စကားကို ဂျာမန်သံနဲ့ ဝဲပြောတတ်အောင် ဖင်က လေ့ကျင့်ထားပါ၊ ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲ ဝင်ကြည့်ဖို့ လက်မှတ် စောင် လိုတယ်၊ ဟာဗေးထိုင်မယ့် သီးသန့်နေရာနဲ့ မျက်နှာချင်းဆိုင်လောက် ဆိုင်ခုံလိုချင်တယ်'

ဂျင်းပီယာက သူ့မှတ်စုများကို ပြန်လည် စစ်ဆေးကြည့် နေသည်။

'ဟာဗေးရဲ့ သီးသန့်နေရာက ခုံနံပါတ် ၁၇၊ အဲဒီနေရာနဲ့ မျက်နှာချင်း င်က ခုံကိုရအောင် မင်း စီစဉ်ပေးနိုင်မလား ဂျိမ်းစ်'

'ဒါလောက်တော့ အကင်းပါကွာ၊ ဝင်ဘယ်လ်ဒန် ကလပ်က ဒိုင်လူကြီး ဂစ်ဘ်ဆန်ကို တခွန်းပြောလိုက်ယင် ပြီးသွားတာပဲ' ဟု ဂျိမ်းစ်က ပြောသည်။

'ကောင်းတယ်၊ နောက်ဆုံးတော့ ဟောဒီဟာကလေးတွေကို ဘယ်လို ရမယ်ဆိုတာ မင်းတို့အားလုံး လေ့ကျင့်ထားရမယ်၊ ဒါတွေက လမ်းလျှောက် းပြောစက်ပဲ၊ ဝိုင်းပေါ့ကက်ဖုန်းလို့ ခေါ်တယ်၊ ဒါတွေကို ပိုင်ဆိုင်ခွင့် စွဲခွင့်ဟာ လုံးဝ တရားမဝင်ဘူး ဆိုတာကိုတော့ မင်းတို့အားလုံး မမေ့ပါနဲ့'

ဂျင်းပီယာက လမ်းလျှောက် စကားပြောစက် သေးသေးကလေး တစ်ခု တ်ပြီး စတီဖင်ကို လှမ်းပေးသည်။ သူ့လက်ထဲ မှာ တစ်ခုချန်ထားသည်။

'ဘာမေးစရာ ရှိသေးသလဲ'

သဘောတူညီကြောင်း အားလုံးက ဝိုင်းငန်းပြောကြသည်။

ဂျင်းပီယာ၏ အစီအစဉ်ထဲမှာ ဟာကွက်၊ အားနည်းချက် ဟူ၍ မရှိကြောင်းလည်း သူတို့သဘောပေါက်ကြသည်။

'ချီးကျူးပါတယ်၊ ဒီအတိုင်းဆိုယင်တော့ တို့ အစကောင်းပြီလို့ ပြောရ ယ်၊ ရော်ဘင်. . . မင်းကရော'

ရော်ဘင်က ၁၄ ရက်အတွင်း သူစီစဉ်ခဲ့သည်များ၊ အထူးကု ဆရာဝန်ကြီး များ ပါရဂူကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပုံများ၊ သူ သုံးစွဲမည့် ဆေးဝါး၏ ွမ်းထက်မြက်ပုံများကို အသေးစိတ် ရှင်းပြသည်။

'ဒီအလုပ်က တော်တော်ကလေးကို သတိထားရမယ်၊ တစ်ချက်မှ အလွဲ ခံနိုင်ဘူး၊ တိကျမှန်ကန်တဲ့အချိန်ကို ရောက်အောင် စိတ်ရှည်ရှည်ထားပြီး ပ်ရမယ်၊ ဒါပေမယ့် မွန်တီကာလိုမှာ ဟာဗေးရှိနေတဲ့အချိန်အတွင်း သေးစိတ်အစီအစဉ်တွေကို တို့ပြင်ဆင် ထားရမယ်'

'မွန်တီကာလိုကိုရောက်ယင် တို့ဘယ်မှာတည်းမှာလဲ၊ ငါက မက်ထရိုပိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှာ တည်းနေကျဆိုတော့ အဲဒီမှာ သွားတည်းလို့တော့ မဖြစ်ဘူး'ဟု ဂျိမ်းစ်က ဝင်ပြောသည်။

'အဲဒီမှာ မတည်းပါဘူး၊ ဟိုတယ် ဒီပါရီမှာ ဇွန်လ ၂၉ ရက်နေ့က ဇူလိုင် ၁၄ ရက်နေ့အထိ ငါ အခန်းငှားထားပြီးပြီ၊ အဲဒီရက်မတိုင်ခင် မင်းတို့အားလုံး စိန့်သောမတ်စ် ဆေးရုံမှာ လိုအပ်တဲ့ သင်တန်းတွေ တက်ရမယ်'

ဒိုင်ယာရီများကို ဖွင့်ပြီးရေးမှတ်ကြသည်။ ထိုနေ့များတွင် အခြားအစီအစဉ်နှင့် တိုက်မတိုက် စစ်ဆေးကြသည်။

'ဟောဒီမှာ ဟူစတန်ရေးတဲ့ 'ဆေးပညာအကျဉ်း'စာအုပ်၊ မင်းတို့တစ်ယောက် တစ်အုပ် စီယူ၊ ငါအမှတ်အသား လုပ်ပေးထားတဲ့ အခန်းတွေကို သေသေချာချာ ဖတ်ပါ၊ တခြားဟာတွေ လျှောက်ဖတ်နေစရာမလိုဘူး မင်းတို့အားလုံး ဆေးဝါးအကြောင်း နကန်းတစ်လုံးမှ မသိပဲ ဖြစ်နေယင် အားလုံးဒုက္ခရောက်ကုန်မယ်၊ စတီဖင် နောက်အပတ်ကစပြီး ဟာလေလမ်းက ငါ့ဆေးတိုက်ကို မင်းလာပါ၊ မင်းကိုယ်မင်း ဆရာဝန်လို့ ထင်သွားအောင် ရက်တိုသင်တန်း ပေးရမယ်'

စတီဖင်ကို ရော်ဘင်ရွေးရသည့် အကြောင်းရှိပါသည်။ စတီဖင်က ကျန်လူများနှင့် စာလျှင် ဉာဏ်ပိုကောင်းသည်။ ထို့ကြောင့် သူ့ကို ရက်တိုတိုနှင့် သင်တန်းပေးဖို့ပို လွယ်မည်။

'ဂျင်းပီယာ. . . မင်းက နောက်လကျယင် လောင်းကစားဒိုင်တွေကို ညနေတိုင်းသွားပါ၊ ဇန်လပ် ကစားနည်းနဲ့ တခြားဖဲကစား နည်းတွေကို လေ့လာပါ၊ အရှုံးမရှိပဲ နာရီပေါင်းများစွာ ကြာအောင်ကစားနိုင်တဲ့နည်းကို ရအောင်လေ့လာပါ၊ ပီတာအာရေးနိုးရေးတဲ့ လောင်းကစား နည်း စွယ်စုံကျမ်းကို ရှာဖတ်ပါ၊ ဂျိမ်းစ်. . . မင်းကတော့ မော်တော်ကား အသွားအလာ လူအသွားအလာ ရှုပ်ထွေးတဲ့ လမ်းပေါ်မှာ မော်တော်ကား သေးသေးကလေးနဲ့ အမြန်ဆုံး မောင်းနိုင်အောင် လေ့ကျင့်ထားပါ၊ ကျွမ်းကျွမ်း ကျင်ကျင် မောင်းနိုင်ပြီဆိုယင် ဟာလေလမ်းက ငါ့ဆေးခန်းကို လာပြီး သတင်းပို့ပါ၊ မင်း ဘယ်လောက် သေချာအောင် မောင်း နိုင်သလဲဆိုတာ ငါစမ်းကြည့်မယ်'

ကျန်လူအားလုံး မျက်လုံးပြူးနေကြသည်။ အလွန် အန္တရာယ်ကြီးကြောင်းကိုလည်း သိကြသည်။ သူတို့ စိုးရိမ်ပူပန်သွားကြ သည်ကို ရော်ဘင်က ရိပ်မိသွားသည်။

'မပူပါနဲ့ကွာ၊ ငါ သေသေချာချာ တွက်ထားပြီးသားပါ၊ မင်းတို့ကို ကျကျနန လေ့ကျင့် ပေးလိုက်ယင် ဘာပြဿနာမှ မပေါ်နိုင်ပါဘူး၊ ဒါကြောင့်





စတီဖင် တစ်ယောက်ကို ဆရာဝန် တစ်ယောက်လို ဖြစ်သွားအောင် လေ့ကျင့်ပေးရမယ်လို့ ငါပြောခဲ့ တာပေါ့'

စတီဖင်က ဖြည်းဖြည်းချင်း ခေါင်းညိတ်နေသည်။ ပညာတတ်ဆိုသော သူကောင်တွေ အားလုံးခပ်ကြောင်ကြောင်ချည်းပါပဲလားဟုလည်း တွေးနေမိသည်။ ထို့ကြောင့်လည်း ပရော်ဖက်ဆာ ရေနကုမ္ပဏီ အမည်ဖြင့် သူတို့အားလုံး အလိမ်ခံလိုက်ရခြင်းလည်း ဖြစ်သည်။

'ဟာဗေးရဲ့ အတ္ထုပ္ပတ္တိ စာမျက်နှာ ၃၃ အောက်နားမှာ စတီဖင် ရေးထားတဲ့ မှတ်ချက်ကို မင်းတို့အားလုံး ပြန်သတိရပါ၊ ဟာဗေးမက်ကော့ဖ ဘယ်လိုတွေးမယ်ဆိုတာ စဉ်းစားပါ၊ သူတွေး သလို တွေးပါ၊ သူစဉ်းစားသလို စဉ်းစားပါလို့ ရေးထားတယ် မဟုတ်လား'

ရော်ဘင်က အသေးစိတ် အချက်အလက်များကို ဆက်လက် ရှင်းပြသည်။ ရှင်းပြီးသောအခါ အားလုံးပိုင်းမေးသည့် မေးခွန်းများ ကို တစ်ခုချင်း ကြည်ကျက်အောင် ပြန်ဖြေသည်။ စုစုပေါင်း ၂၈ မိနစ်ကြာသွားသည်။

ဂျင်းပီယာက ပြောသည်။

'မင်းတို့ အစီအစဉ်တွေအားလုံး ငါ့လောက် ကောင်းမှာ မဟုတ်ဘူးလို့ ငါ ထင်ထားတာ၊ အခု ရော်ဘင့် အစီအစဉ်က သိပ်ကို ကောင်းနေတာပဲကွာ၊ စီစဉ်ထားတဲ့ အချိန်တွေအတိုင်း အတိအကျလုပ်နိုင်ယင် သိပ်ကိုသေချာတာ ပဲကွာ'

ဂျိမ်းစ်ကမူ သူ့အလှည့် နီးလာပြီဖြစ်သည့်အတွက် အနေရ အထိုင်ရ ခက်လာသည်။ မျက်စိမျက်နှာ မပျက်အောင် အတော် သတိထားနေရသည်။

စတီဖင် ပထမဆုံး ညစာဖိတ်ကျွေးတုန်းက လက်မခံဘဲ ငြင်းလိုက်မိလျှင် အကောင်းသားဟု စဉ်းစားမိလာသည်။ နောက်ပြီးတော့ စတီဖင် တင်ပြသည့် အစီအစဉ်များကို ဂျင်းပီယာနှင့် ရော်ဘင်တို့ နှစ်ယောက်က ငြင်းခဲ့သည်။ လက်ခံအောင် သူက လျှာရှည်ပြီး ဝင်တိုက်တွန်းခဲ့မိသည်။ သူ မတိုက်တွန်းခဲ့လျှင် ဒီည်ဘဝသို့ ရောက်ချင်မှရောက်မည်။ ယခုမူ နောင်တ အကြီးအကျယ် ရနေမိသည်။

သို့သော်လည်း ဂျင်းပီယာနှင့် ရော်ဘင်တို့တင်ပြသည့် အစီအစဉ်ထဲတွင် သူပါဝင် တာဝန်ယူရမည့် အပိုင်းများက ခြေနိုင် လက်နိုင်များ ဖြစ်နေသော ကြောင့် တော်တော့သည်။

'ကောင်းပါပြီ လူကြီးမင်းများ. . . မင်းတို့နှစ်ယောက် တင်ပြတဲ့ အစီအစဉ်တွေက တော်တော် ကောင်းပါတယ်၊ ငါတင်ပြမယ့် အစီအစဉ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ရဲ့ အကူအညီတွေ အများကြီးယူဖို့ လိုနေတယ်၊ မင်းတို့အပေါ် အများကြီး မူတည်နေတယ်'

လွန်ခဲ့သည့် နှစ်ပတ်အတွင်း သူပြင်ဆင်ခဲ့သည့် အကြောင်း များကို စတီဖင်က ပြန်ရှင်းပြသည်။ သူပြောနေသော လေသံမှာ စာသင်ခန်းထဲတွင် ဆရာတစ်ယောက်က ကျောင်းသားများကို စာသင်ကြားပေးနေသည့် လေသံမျိုး ဖြစ်နေသည်။ အမူအရာကလည်း ကျောင်းဆရာတစ်ယောက်၏ အမူအရာများ ပြန်ပေါ် လာသည်။

တက္ကသိုလ်များတွင် ကျင်းပမည့် အခမ်းအနားများ၏ အစီအစဉ်များကို ထုတ်ပေးသည်။ အဓိပတိ၊ ဒုတိယ အဓိပတိ မော်ကွန်းထိန်းနှင့် ဘဏ္ဍာတော် ထိန်းတို့၏ တာဝန်ဝတ္တရားများကို ရှင်းပြသည်။

သူကလည်း ဂျင်းပီယာကဲ့သို့ပင် မြေပုံများ ထုတ်ပေးသည်။ အောက်စဖို့ နယ်မြေကြီး၏ မြေပုံများဖြစ်သည်။ အသေးစိတ် အချက်အလက်များကို ရေးမှတ်ထားပေသည်။ ရှယ်လ်ဒို နီယန် ဇာတ်ရုံမှ လင်ကွန်းကောလိပ်သို့ သွားရာလမ်း၊ လင်ကွန်းကောလိပ် မှ ရန်းဒေါ့ဖ်ဟိုတယ် သို့ သွားရာလမ်းများကို ရေးဆွဲပေးထားသည်။ ဟာဗေးမက်ကေ့ဗ်က သူ့ကားနှင့် သူလာမည် ဟုဆိုလျှင် မည်နည်းမည်ပုံ ပြုလုပ်ရမည်များကိုပါ မှတ်ချက်ရေးပေးထားသည်။

'ရော်ဘင်. . . အင်ဇေးနီးယား ပွဲတော်နဲ့ ဘွဲ့နှင်းသဘင်မှာ ဒုတိယ အဓိပတိကြီး ဘာတွေ လုပ်ရတယ်ဆိုတာကို သေသေ ချာချာ လေ့လာထားပါ၊ အဲဒီနေ့မှာ သူဘယ်လမ်းက သွားတတ်သလဲ၊ သူ့ကိုယ်ပေါ်က ဝတ်ရုံကြီးကို ဘယ်လိုဝတ်ဆင်တတ်သလဲ လေ့လာထားပါ၊ လင်ကွန်း တက္ကသိုလ်မှာ မင်းတို့ အတွက် အခန်းတစ်ခန်းရအောင် ငါစီစဉ်ထားပြီးပြီ၊ ဂျင်းပီယာ ကတော့ မော်ကွန်းထိန်းရဲ့ တာဝန်ဝတ္တရားတွေကို လေ့လာရမယ်။ အဲဒီ မြေပုံထဲမှာ မင်းသွားရမယ့် လမ်းတွေကို ရေးပေးထားတယ်။ မင်းနဲ့ ရော်ဘင် ဘယ်နည်းနဲ့မှ မျက်နှာချင်းဆိုင် မဆုံဘူး။ ဂျိမ်းစ်. . . မင်းက ဘဏ္ဍာတော်ထိန်းရဲ့ တာဝန်တွေကို လေ့လာပါ၊ သူ့ရုံးတည်နေရာကို သွားကြည့်ပါ၊ ဘယ်ဘဏ်တိုက်တွေနဲ့ သူ ဆက်ဆံသလဲ၊ ကျောင်း ရန်ပုံငွေထုတ်ယူယင် ဘယ်လိုထုတ်ယူတတ်သလဲ ဆိုတာတွေ လေ့လာပါ၊ မင်းအဖေရဲ့ ခြံတွေထဲမှာ မင်းနှံ့စပ်သလို အောက်စဖို့ တက္ကသိုလ်နယ်မြေကြီး တစ်ခုလုံးကို ကျွမ်းကျင်နှံ့စပ်အောင် လုပ်ထားပါ၊ အဲဒီ နေ့မှာတော့ ငါက အသက်သာဆုံး တာဝန်ကိုယူမယ်၊ ဘာကြောင့်လဲဆိုတော့ ငါက ငါ့အနေနဲ့ပဲ သူ့ကိုရင်ဆိုင်မယ်၊ နာမည်တော့ ပြောင်းရမှာပေါ့ကွာ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုခေါ်ပြီး ဘယ်လိုစကားမျိုးတွေ ပြောတဲ





ဘယ်ဆိုတာ သေချာအောင် လေ့လာထားပါ၊ နီးယင်တို့ ဝတ်စုံပြည့် လေ့ကျင့် မယ်၊ ဘာမေးစရာ ရှိသေးသလဲ'

အားလုံး တိတ်နေကြသည်။ စတီဖင်၏ အစီအစဉ်က ကောင်းလွန်း အားကြီး သောကြောင့် အထင်ကြီးသည့် စိတ်ခံစားဖြင့် တိတ်နေကြခြင်း ဖြစ်သည်။ အတော်ပိရိအောင်တော့ လေ့ကျင့် ကြရမည်ဖြစ်ကြောင်း သဘောပေါက်သည်။ သို့သော်လည်း စတီဖင် စီစဉ်ထားသည့်အတိုင်း အတိအကျ လုပ်နိုင်မည် ဆိုလျှင် အားလုံးကွက်တိ ဝင်သွားမည် ဖြစ်ကြောင်း သဘောပေါက်ကြလေ သည်။

'အေးစကော့ မြင်းပြိုင်ပွဲထဲမှာ ငါ တာဝန်ယူရမယ့်အပိုင်း ကတော့ နည်းနည်းကလေးပါပဲ၊ ဂျင်းပီယာနဲ့ ဂျိမ်းစ်တို့နှစ်ယောက်က မြင်းပွဲအုပ်ချုပ်ရေး လူကြီးတွေ ကြည့်နေတဲ့နေရာကို ရောက်နေဖို့ လိုတယ်၊ လက်မှတ်နှစ်စောင် လိုတယ်၊ ဂျိမ်းစ် စီစဉ်ပေးနိုင်မလား'

'လက်မှတ်မခေါ်ဘူး၊ ရင်ဘတ်မှာချိတ်တဲ့ တံဆိပ်လိုတာ၊ ဒါလဲ ငါ့အတွက တော့ အကင်းပဲ'ဟု ဂျိမ်းစ်က ပြန်ပြောသည်။

'အိုး. . . ဟုတ်လား၊ ငါက ဒါတွေ နားမလည်ဘူး၊ ဘာဖြစ် ဖြစ်ပေါ့ကွာ အထဲဝင်လို့ရယင် ပြီးရော၊ လန်ဒန်မြို့ကနေပြီး တစ်ယောက်ယောက်က ကြေးနန်းရိုက်ပေးဖို့လဲ လိုသေးတယ်၊ အဲဒီ တာဝန်ကို ရော်ဘင်ယူပါ'

'သဘောတူတယ်ကွာ'ဟု ရော်ဘင်က မဆိုင်းမတွ ပြန်ပြော သည်။

တစ်နာရီနီးပါးမျှ ကြာအောင် ကျန်လူများက မေးခွန်းများကို ဝိုင်းမေး ကြသည်။ စတီဖင်ကလည်း အားလုံးသဘောပေါက်အောင် အသေးစိတ် ပြန်ရှင်းပြသည်။

သို့သော်လည်း ဂျိမ်းစ်ကတော့ မေးခွန်းတစ်ခွန်းမှ ဝင်မေးခြင်းမရှိ။ သူ့အတွေးနှင့်သူ လုံးလည်ချာလပတ်လည်နေသည်။ ယခုနေ မြေမျိုခံလိုက် လျှင် ဘယ်လောက် ကောင်းလိမ့်မည်နည်း ဟုလည်း တွေးမိသည်။

အယ်နီနှင့် ဟိုနေ့ညက သွားမတွေ့မိလျှင် အကောင်းသားဟုလည်း တွေးတား မိပြန်သည်။ တကယ်ဆိုတော့ အယ်နီမှာ ဘာအပြစ်မှ မရှိပါ။ အယ်နီ နှင့် မဆိုင်ကြောင်းလည်း သူ သဘောပေါက်ပါသည်။ နောက်တစ်ကြောင်းက လည်း အယ်နီကို သူအသည်းစွဲ ချစ်မိပြီဖြစ် သောကြောင့် အချိန်မဆွဲနိုင်ခဲ့ခြင်း ဖြစ်သည်။ အကယ်၍ သူတို့က မေးလာလျှင် မည်သို့ပြန် ဖြေရမည်ကိုပင် တွေးတား တတ်အောင်. . .

'ဂျိမ်းစ်. . . ဘာငိုင်နေတာလဲကွ၊ မင်း အစီအစဉ်ကို နားထောင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တို့အားလုံး စောင့်နေတာ မတွေ့ဘူးလား'

စတီဖင်က ခပ်ပြတ်ပြတ် လှမ်းမေးသည်။

မျက်စိအောက်လုံးက သူ့ကိုဝိုင်းကြည့်နေကြသည်။ အားလုံးက အစီအစဉ်များကို အသီးသီး တင်ပြသွားကြပြီ။ သူမှာတော့ ဘာမှ တင်ပြစရာမရှိ လှုပ်ရှားနေသော စိတ်ကို ထိန်းသည့်အနေဖြင့် အရက်ပုလင်းကိုဆွဲပြီး ဖန်ခွက်အပြည့်ထည့်သည်။ တစ်ချီ တစ်မောင်း မော့်ချပစ်သည်။

'ခွေးကောင်ကြီး သိပ်ဟန်လုပ်မနေနဲ့၊ မင်းမှာ ဘာအစီအစဉ်မှ မရှိဘူး မဟုတ်လား'

ဂျိမ်းစ်က ဇေ့လည်ကြောင်ပတ် လုပ်နေသည်ကို ဂျင်းပီယာ ထ သည်းမခံနိုင်တော့သဖြင့် လှမ်းဆဲသည်။

'အမှန်အတိုင်း ဝါခံပါ့မယ်ကွာ၊ ဒီကိစ္စကို ငါအပြင်းအထန် စဉ်းစား ခဲ့ပါတယ်၊ ဒါပေမယ့် ဘာအကြံအစည်မှ ထွက်မလာဘူး၊ ခေါင်းထဲက ဘာမှ ထွက်မလာဘူး'

ဂျိမ်းစ်က မျက်နှာငယ်လေးနှင့် မရွံ့မရဲ ပြန်ပြောသည်။

'ဝတုံး. . . အတုံးဆုံးကောင်တောင် မင်းလောက် မတုံးဘူး' ဟု ရော်ဘင်က မညှာမတာ လှမ်းပြောသည်။

ဂျိမ်းစ်က အားကိုးရာမဲ့သူလို ကျိုးကြည့်ကြောင်ကြည့် ဖြစ်နေသည်။ ပြီးတော့ သူ အပြင်းအထန် စဉ်းစားခဲ့သည်မှာ အမှန်ဖြစ်ကြောင်း၊ မအိပ်မနေ စဉ်းစားခဲ့ကြောင်း၊ သို့သော်လည်း ဘာကစပြီး စီစဉ်ရမည်ကို သူမသိကြောင်း ရှင်းပြယင်း အသနားခံနေသည်။

စတီဖင်က သူ့စကားကို ဝင်ဖြတ်ပြောသည်။

'ဒီမှာ သေသေချာချာနားထောင် ဂျိမ်းစ်၊ နောက်နှစ်ဆယ့်တစ်ရက် တိတိကြာယင် တို့ဒီနေရာမှာ ထပ်ဆုံကြဦးမယ်၊ တို့အစီအစဉ်တွေ အားလုံးကို ပြန်ဆွေးနွေးမယ်၊ တစ်ချက်မှား ယင် အားလုံးပျက်စီးကုန်မယ် နားလည်ရဲ့လား'

ဂျိမ်းစ်က မျက်နှာငယ်လေးနှင့် ခေါင်းညိတ်ပြသည်။ သူ့ ကြောင့်တော့ အစီအစဉ်များ မပျက်စေရဟုလည်း အခိုင်အမာ သန္နိဋ္ဌာန်ချမိသည်။

'နောက်တစ်ခုက အဲဒီနေ့ တို့ ဒီမှာပြန်တွေ့ကြယင်တော့ မင်း အစီအစဉ် ကို တင်ပြနိုင်အောင် ကြိုးစားပါ၊ တို့အားလုံး ဝိုင်းစစ်ဆေးမယ်၊ ငါပြောတာ မင်း နားလည်တယ် မဟုတ်လား'

'နားလည်ပါတယ်'

ဂျိမ်းစ်က စိတ်မချမ်းမသာဖြင့် မပွင့်တပွင့် ပြန်ပြောသည်။





'ဘာမေးစရာ ရှိသေးသလဲ'ဟု စတီဖင်က မေးသည်။

အားလုံး ငြိမ်နေသည်။

'ကောင်းပြီ၊ တို့အစီအစဉ်တွေကို နောက်ထပ်တစ်ကြိမ် ပြန် ပြောမယ်၊ ဘာဝန်ယူရမယ့် အပိုင်းတွေကို တစ်ခုချင်း ပြန်ရှင်းမယ်'

ကျန်လူများက ကန့်ကွက်စကား ပြောကြသေးသည်။ သို့ သော်လည်း စတီဖင်က မည်သူ့ ကန့်ကွက်ချက်ကိုမှ လက်မခံ။

'ဘယ်သူဆော်တာကိုမှ မခံရဖူးသေးတဲ့ လူတစ်ယောက်ကို တို့ဝိုင်းဆော်ဖို့ ပြင်ဆင်နေတယ်ဆိုတာ အမြဲတမ်းသတိရနေပါ၊ တို့နောက်ထပ် အခွင့် အရေး ထပ်မရနိုင်တော့ဘူး ဆိုတာကိုလဲ သဘောပေါက်ပါ'

နောက်ထပ် တစ်နာရီခွဲမျှ ကြာအောင် တစ်ဦးချင်း၏ အစီ အစဉ်များကို ပြန်တင်ပြ ကြသည်။ ထိုအစီအစဉ်ထဲမှာ သူတို့ တာဝန်ယူရမည့် အပိုင်းများ ပြန်လည်သုံးသပ်ကြသည်။

ဂျင်းပီယာက ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲကာလအတွင်း တာဝန်ယူမည်ဆိုသည့် အကြောင်းကို ပထမဆုံး ပြန်ရှင်းသည်။

ရော်ဘင်က မွန်တီကာလိုမှ တာဝန်ယူမည့်အကြောင်း ဒုတိယပိုင်းအဖြစ် ပြန်ရှင်း ပြသည်။

စတီဖင်က အေးစကော့မြင်းပြိုင်ပွဲ ကျင်းပနေချိန်နှင့် မြင်းပြိုင်ပွဲ ကျင်းပပြီး နောက်ပိုင်းအချိန်များတွင် တာဝန်ယူမည်။

အသေးစိတ် ဆွေးနွေးပြီးသောကြောင့် စားပွဲမှ ထကြသည့် အချိန်မှာ အလွန်ညဥ့်နက်နေ ပေပြီ။ လေးယောက်စလုံးလည်း ပင်ပန်းနွမ်းနယ်နေ ကြသည်။

အိပ်ချင်မူးတူးဖြင့် စတီဖင်၏အခန်းထဲမှ ထွက်ခွာသွားကြသည်။ နောက်တစ်ကြိမ် အစည်းအဝေးမလုပ်မီ စပ်ကြားတွင် သူတို့လုပ်ကိုင်ရမည့် အလုပ်တွေက အများကြီး ရှိနေ သည်။ လေ့ကျင့်စရာတွေ ရှိသည်။ လေ့လာစရာတွေ ရှိသည်။

ကိုယ့်လမ်း ကိုယ်သွားကြသည်။ သို့သော်လည်း လာမည့်သောကြာနေ့တွင် ဝိန့်သောမတ်စ်ဆေးရုံ ခွဲစိတ်ခန်းထဲတွင် သူတို့အားလုံးပြန်ဆုံကြဖို့ကိုတော့ သဘောတူလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၈

နောက်ရက်နှစ်ဆယ်လုံးလုံး သူတို့လေးယောက်မှာ အစီ အစဉ်များဖြင့် ပြည့်နေသည်။ မိမိအစီအစဉ် သေချာအောင် ပြင်ဆင်ယင်း တစ်ချိန်တည်း မှာပင် သူများအစီအစဉ်ထဲမှာ ပါဝင် ထမ်းဆောင်ပေးရမည့် အပိုင်းများကို လည်း လေ့ကျင့်ရသည်။

သောကြာနေ့တွင် စိန့်သောမတ်စ်ဆေးရုံမှာ ဆုံကြသည်။ ထိုသို့ပြန်ဆုံ သည့်အခါတွင် ဂျိမ်းစ်မှာ မနေတတ် မထိုင်တတ် ဖြစ်နေသည်။ သူ့မှာ ကိုယ်ပိုင်အစီအစဉ် ဘာမှမရှိသေးသည့် အကြောင်းကို ပြောမပြဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားရှောင် နေသည်။

နောက်အပတ်မှာ သူတို့ အချိန်ပြည့် အလုပ်လုပ်ကြရသည်။ စတီဖင်က ဟာလေလမ်းမှာ ရှိသော ရော်ဘင်၏ ဆေးခန်းသို့သွား က ဆရာဝန်သင်တန်း တက်ရသည်။ ဆေးဝါးများ အကြောင်းကို လေ့လာရသည်။

ဂျိမ်းစ်က မော်တော်ကားကုမ္ပဏီတခုမှာ ကားကလေးတစီးကို ငှားပြီး မော်တော်ကားနှင့် လူသွားလူလာများသော လမ်းများမှာ တရကြမ်းမောင်းနှင် လေ့ကျင့်နေရသည်။ စိန့်သောမတ်စ် ဆေးရုံ နှင့် ဟာလေလမ်းရှိ ဆေးခန်းကို ခေါက်တုံ့ခေါက်ပြန် မောင်းသည်။ မွန်တီကာလိုမှာ နောက်ဆုံးအစစ်ဆေးခံဖို့ အသင့်ပြင်ဆင်ရသည်။

ကောင်းစွာလေ့ကျင့်ပြီးပြီ ဖြစ်သောကြောင့် မွန်တီကာလိုမှာ အောင်မြင်စွာ အစစ်ဆေးခံ နိုင်လိမ့်မည်ဟု ယုံကြည်နေသည်။

မော်တော်ကား အမောင်းလေ့ကျင့်ပြီးသောအခါ အောက်စဖို့ တက္ကသိုလ် သို့ တပတ်ကြာ သွားရောက် လေ့လာရသည်။ ဘဏ္ဍာတော်ထိန်း မစ္စတာ ကတ်စတန် မည်သို့မည်ပုံ နေထိုင် ကြောင်း၊ မည်သည့်လမ်းမှ ရုံးတက်ဖို့ လာတတ်ကြောင်း၊ မည်သည့် တာဝန် များကို ထမ်းဆောင် တတ်ကြောင်း အသေးစိတ် လေ့လာသည်။

ဂျင်းပီယာဟာပေး၏ စရိတ်ဖြင့် လောင်းကစားကလပ်တခု မှာ ဝင်ကြေး ၂၅ ဒေါ်လာပေးပြီး ဝင်သည်။ ဗန်လပ်ကစားနည်းနှင့် အခြားဖဲကစားနည်းများ ကို ညနေတိုင်း သွားရောက် လေ့လာသည်။ သူဝင်သည့် ကလပ်က လန်ဒန်မြို့ တွင် အကောင်းဆုံး ကလပ်ဖြစ်နေသည်။ ထို့ကြောင့် ပေါင် ၁၀၀၀ အနည်းဆုံး ရှိမှ ဝင်ကစားနိုင်သည်။

သို့ဖြင့်ပင် ခပ်သေးသေးကလပ် တခုသို့ ပြောင်းဝင်ရပြန်သည်။ ထို





ကလပ်မှာက ငွေ ၅ ပေါင်လောက်နှင့် ကစားနိုင်သည်။ ထိုလကုန်သော အခါတွင် ဖဲဝိုင်းမှာ ထိုင်ကစားသည့် အချိန်ပေါင်း ၅၆ နာရီတိတိ ရှိသွားလေပြီ၊ အချိန်ကြာကြာ ထိုင်ပြီး အရှုံးနည်း နည်းဖြစ်အောင် ကစားနည်းကိုလည်း လေ့ကျင့်ပြီး ဖြစ်သွားသည်။

ဂျိမ်းစ်ကတော့ သူ့ဘက်မှ အစီအစဉ်တင်ပြနိုင်ခြင်းမရှိသေးသည့် အတွက် အကြီးအကျယ် စိတ်ဆင်းရဲနေရသည်။ စိတ်ဆင်းရဲလေ ဘာအကြံမှ ထွက်မလာလေ၊ ဘာအကြံမှ မထွက်လေ ပိုပြီး စိတ်ဆင်းရဲလေ ဖြစ်နေသည်။

အရှုပ်ဆုံးသော လမ်းပေါ်တွင် မော်တော်ကား အမြန်မောင်း လေ့ကျင့် နေယင်းမှာလည်း ထိုအကြောင်းကိုပင် အပြင်းအထန် စဉ်းစားနေမိသည်။

တညတွင် လေ့ကျင့်ဖို့ငှားထားသည့် ကားကလေးကို ကုမ္ပဏီသို့ပို့ပြီး သူ့ပိုင် အယ်လ်ဖာရိုမီယို ကားကလေးကို မောင်းကာ အယ်နီအိမ်သို့ ထွက်လာ ခဲ့သည်။ အယ်နီကို ဖွင့်ပြောပြပြီး အကူအညီတောင်းရလျှင် ကောင်းလေမည် လားဟုလည်း တလမ်းလုံး စဉ်းစားလာသည်။

အယ်နီက သူ့အတွက် အကောင်းဆုံး အစားအစာများကို ပြင်ဆင်ချက် ပြုတ်နေသည်။ အစားကောင်း အသောက်ကောင်း ဂျိမ်းစ် မက်တတ်ကြောင်းကို လည်း အယ်နီက သိထားပြီး ဖြစ်သည်။

အယ်နီကလည်း ဂျိမ်းစ်ကို အသည်းအစွဲကြီးစွဲ နေမိပြီ။ သူ့ စိတ်ထဲမှာ ဂျိမ်းစ်သည် သူ၏ အချစ်ဦးဖြစ်သည်ဟုလည်း ထင်မှတ်နေမိသည်။ လန်ဒန် မြို့ပြင်သို့ထွက်ပြီး သရုပ်ဆောင်ရမည့် အလုပ်များကို လက်မခံတော့။ ဂျိမ်းစ် နှင့် ကြာကြာ ခွဲမနေနိုင်သောကြောင့် ဖြစ်သည်။

ဂျိမ်းရောက်လာသောအခါ ဝိုင်အရက် တစ်ပုလင်းပါလာသည်။ သူတို့ နှစ်ယောက် ညစာ အတူစားကြသည်။ သို့သော် လည်း ဂျိမ်းဂ် မပျော်နိုင်ပါ။

အယ်နီကို လှမ်းကြည့်လိုက်သောအခါ အနက်ရောင် ဂါဝန် ကလေးနှင့် အလွန်တရာလှပ နေသည်ကို တွေ့ရသည်။ နက်မှောင်သည့် ဆံပင်များ ကလည်း ဖယောင်းတိုင် မီးရောင်အောက်မှာ ဖိတ်ဖိတ်တောက်နေသည်။ အယ်နီကိုကြည့်နေယင်း သူ၏ အချစ်ဒီဂရီ တရိပ်ရိပ် တက်လာသည်။

အယ်နီကလည်း ထိုနည်းအတူပင်။

ညစာစားပြီးသောအခါ ဧည့်ခန်းထဲမှာ သွားထိုင်ကြသည်။ အယ်နီက ဂျိမ်းစ်၏ ခြေထောက်နား ကြမ်းပြင်ပေါ်မှာ ထိုင်သည်။ သူ့ပေါင်ပေါ်မှာ ခေါင်း မေးတင်ထားပြီး သူ့မျက်နှာကို မော့်ကြည့်နေသည်။

ဂျိမ်းစ်ကလည်း သူ့ကိုငုံ့ကြည့်နေသည်။ အယ်နီက ဂျိမ်းစ်၏ လည်ပင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူ လိုက်သည်။ မျက်နှာချင်း ထိသွားသည်။ နှုတ်ခမ်းချင်း ဆက်သွားသည်။ ဂျိမ်းစ်၏ လက်များက လှုပ်ရှားလာ သည်။

'ချစ်လိုက်တာ မောင်ရယ်'ဟု တိုးတိုးကလေး ပြောသည်။

* * *

အိပ်ရာပေါ်မှာ သူတို့နားနေကြသည်။ အယ်နီက ဂျိမ်းစ် လက်မောင်း ပေါ်မှာ ခေါင်းအုံး အိပ်နေသည်။

'ဘာဖြစ်မှန်းမသိဘူးမောင်ရယ်၊ ကျွန်မမောင်နဲ့ကျတော့ရှက်သလိုလိုပဲ၊ ဒါပေမယ့် လေ. . '

'မင်း သိပ်လှတာပဲ အယ်နီရယ်၊ တကယ်ပါပဲ၊ မင်း တစ်ကိုယ်လုံးမှာ အပြစ်အနာအဆာ ဆိုလို့ ဘာတခုမှ မရှိပါဘူးကွယ်၊ ဒါက ပြဿနာ မဟုတ်ပါ ဘူးလေ၊ အယ်နီ. . . မင်းကို မောင်ပြောပြ စရာ တစ်ခုရှိနေတယ်၊ ငြိမ်ငြိမ် ကလေး အိပ်ပြီးနားထောင်နော်'

'မောင့်မှာ မိန်းမကြီး ရှိနေလို့လား'

'မဟုတ်ပါဘူးကွယ်၊ အဲဒီထက်ကို ဆိုးတဲ့အကြောင်း ရှိနေလို့'

ဂျိမ်းစ်က ဘာမှ ဆက်မပြောသေးပဲ ငြိမ်နေသည်။ စီးကရက် တစ်လိပ်ကို ညှိသည်။ အားပါးတရ ဖွာရှိုက်သည်။ ဘာကနေစ ပြောရမည်ကို စဉ်းစား နေသည်။

'အယ်နီ. . . အမိုက်မဲဆုံး အလုပ်တစ်ခုကို မောင်လုပ်ခဲ့မိတယ်၊ လူလိမ် တွေ စုထောင်ထားတဲ့ ကုမ္ပဏီတခုထဲကို မောင် အစုငွေတွေ အများကြီးထည့်ခဲ့ မိတယ်။ အဲဒီငွေတွေ အားလုံး အလိမ်ခံလိုက်ရတယ်၊ မောင် မိဘတွေကိုလဲ ပြန်မပြောရဲဘူး၊ ဒီ အကြောင်းကိုသိယင် သူတို့ အကြီးအကျယ် ဒေါသကြမှာ၊ အခုတော့ မတတ်နိုင်တော့ဘူး၊ ကောင်းကောင်းဆိုးဆိုးဆိုပြီး တခြားသုံးယောက် နဲ့ မောင်ပေါင်းလိုက်တယ်၊ သူတို့လဲ မောင့်လိုပဲ အဲဒီ ကုမ္ပဏီရဲ့ အလိမ်ကို ခံလိုက်ကြရတယ်၊ မောင်တို့အလိမ်ခံရတဲ့ ငွေတွေပြန်ရဖို့ မောင်တို့ အစီ အစဉ်တွေ လုပ်နေကြတယ်၊ သူတို့အားလုံး သိပ်ကောင်းတဲ့ အစီအစဉ်တွေကို တင်ပြတယ်၊ မောင်ကတော့ ဘာအစီ အစဉ်မှ တင်မပြနိုင်ဘူး၊ မောင်အလိမ်ခံ လိုက်ရတာက ပေါင်တသိန်းခွဲတောင်ဆိုတော့ ရူးမတတ်ခံစားနေရတော့ ဘာမှ စိတ်ကူးလို့ မရတော့ဘူး၊ ခေါင်းထဲက ဘယ်လို အကြံအစည်မှ ထွက်မလာ တော့ဘူး၊ လွန်ခဲ့တဲ့ လထဲတုန်းက မင်းနဲ့ သာ မောင် မတွေ့ခဲ့ယင် သေချာ ပေါက် ရူးသွားမှာပဲ'

'ဂျိမ်းစ်. . . အစကနေပြီ ပြန်ပြောပြပါဦး၊ ဒီတစ်ခါတော့ ခပ်ဖြည်းဖြည်း





တစ်လုံးချင်းပြောနော်. . .'ဟု အယ်နီက ပြော သည်။

ထို့ကြောင့် ဂျိမ်းစ်က ပရော်စပက်တာ ရေနံကုမ္ပဏီနှင့် ပတ်သက်ခဲ့သည့် အကြောင်းကို ဒေးဗစ်ကက်စလာဆိုသူနှင့် အေနာဘယ်လ်ဟိုတယ်မှာ စတင် တွေ့ဆုံခဲ့ကြောင်းမှစပြီး စတီဖင် ဘရက်ဒ်လေထံမှ ညစာစားဖို့ ဖိတ်စာရောက် လာသည့် အကြောင်းများကိုလည်းကောင်း၊ မော်တော်ကားကလေး တစ်စီး တိုက်မိပြီး မည်သည့်အတွက်ကြောင့် လူရှုပ်သော လမ်းပေါ်မှာ အမြန်မောင်း လေ့ကျင့်နေရသည့် အကြောင်းကိုလည်းကောင်း အသေးစိတ် ရှင်းပြသည်။

ဟာပေးမက်ကာ့ဖ်၏ နာမည်ကိုတော့ သူထုတ်ဖော်ပြောဆိုခြင်း မရှိပါ။ သည်အကြောင်း များ မည်သူ့ကိုမှ မပြောဖို့ ကျန် လူများနှင့် ကတိကဝတ် ပြုခဲ့သည်။ ထို့ကြောင့် ဟာပေးမက် ကော့ဖ်၏ အမည်ကို ထုတ်ဖော်မပြောပဲ ထားခြင်းအားဖြင့် တစုံတရာသော အတိုင်းအတာအထိ ကတိကဝတ်ကို ထိန်းသိမ်းထား နိုင်သည်ဟု စိတ်သန့်သွားလေသည်။

အယ်နီက သက်ပြင်းရှည်ကြီး ချသည်။

'ကျွန်မတော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး မောင် ရယ်၊ မောင့် အတ်လမ်းက မယုံကြည်နိုင်စရာ ကောင်းလောက် အောင်ကို ဆိုးတာပဲနော်၊ ဒါပေမယ့် မောင်ပြောတာတွေ အားလုံး ကို ကျွန်မ ယုံပါတယ်'

'တစ်ယောက်ယောက်ကို အခုလို ဖွင့်ပြောလိုက်ရတဲ့အတွက် မောင့်ရင်ထဲ မှာ ပေါ့သွားတယ် အယ်နီ၊ ဒါပေမယ့် မောင် ဒီလို ဖွင့်ပြောပြတဲ့အကြောင်း ကျန်တဲ့လူတွေ သိသွားယင် မောင့်အခြေ အနေတွေက ပိုဆိုးသွားနိုင်တယ်'

'ဂျိမ်းစ်. . . ကျွန်မ ဘယ်သူ့ကိုမှ ဒီအကြောင်း ပြန်ပြောပြမှာ မဟုတ် ပါဘူး မောင်ရယ်၊ စိတ်ချပါ၊ မောင် ဒါလောက် ဒုက္ခ ရောက်နေတယ်ဆိုတာကို သိရတော့ မောင့်အတွက် ကျွန်မ သိပ်ကို စိတ်မချမ်းမသာ ဖြစ်မိပါတယ်၊ ဒီကိစ္စကို ကျွန်မလဲ စဉ်းစားကြည့်ပါဦးမယ်၊ ဘယ်လိုလုပ်ရယင် ကောင်းမလဲ ဆိုတဲ့ အကြံဉာဏ် မောင်နဲ့ ကျွန်မတို့နှစ်ယောက်တည်း ဝိုင်းစဉ်းစားကြယင် ကောင်း ဘူးလား ဟင်. . .'

ဂျိမ်းစ်မှာ အတော်ကလေး သက်သာရာ ရသွားလေသည်။

ဟာပေးမက်ကော့ဖ်ကို ဘယ်လိုအနိုင်ယူရမည်နည်းဟု စဉ်းစားယင်း နောက် မိနစ်နှစ်ဆယ်ခန့်အကြာတွင် သူတို့နှစ်ယောက်စလုံး မောမောနှင့် အိပ်ပျော်သွားကြ လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



၉

မက်ဆာချူးဆက်ပြည်နယ်မှာရှိသော လင်ကွန်းဘဏ်တိုက်ထဲတွင် ဟာဗေးမက်ကော့ဖ်က လန်ဒန်သို့ သွားမည့် သူ၏ ခရီးစဉ်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပြင်ဆင်နေလေသည်၊

သည်ခရီးကို ခမ်းကြီးနားကြီး သွားချင်သည်။ ဆွစ်ဇာလန်နိုင်ငံမှာ ရှိနေသော ငွေအချို့ကိုလည်း လန်ဒန်မြို့မှာရှိသည့် ဘာကလေဘဏ်တိုက်သို့ ပြောင်းထည့်ခိုင်းထားသည်၊ လန်ဒန်မှာ ပြိုင်မြင်း မျိုးကောင်းတစ်ကောင် ဝယ်ဖို့လည်း သူ စိတ်ကူးထားသည်၊

သည်ခရီးတွင် အာလင်းက သူနှင့် မလိုက်တော့ဖို့ ဆုံးဖြတ်သည်၊ အာလင်းကိုယ်တိုင်က မြင်းပွဲကို ဝါသနာမပါ။ မွန်တီကာလို အရပ်ကိုလည်း မကြိုက်။

ဟာဗေး ခရီးထွက်နေခိုက် မကျန်းမာသည့် သူ့အမေထံ သွားဖို့လည်း ဆုံးဖြတ်ထားသည်၊ ဟာဗေး ယခုလောက် ချမ်းသာလာသော်လည်း သူ့ ယောက္ခမများကတော့ ဟာဗေးကို သိပ်မျက်နှာကြော မတည့်ချင်သေး၊

အတွင်းရေးမှူး ပြင်ဆင်ထားသည့် သူ့ခရီးစဉ်များနှင့် ပတ်သက်သော အစီအစဉ်များကို တစ်ကြိမ်ပြန်လည် စစ်ဆေးကြည့်သည်။ အမှားအယွင်း တစုံတရာ မရှိပါ။

တကယ်ဆိုတော့လည်း သူ့အတွင်းရေးမှူး မစ္စဖစ်ရှ် ပြင်ဆင်သည်ဆိုလျှင် စစ်ဆေးနေရန် မလိုပေ၊ မစ္စဖစ်ရှ်သည် အလုပ်လုပ်ရာတွင် အလွန်တိကျ သေချာသည့် အမျိုးသမီး ဖြစ်သည်၊

ဟာဗေးနှင့် အတူတူ လုပ်ခဲ့သည်မှာ နှစ်ပေါင်း အစိတ်ရှိသွားပြီ၊ လင်ကွန်း ဘဏ်တိုက်ကို ဟာဗေးဝယ်သည့် အချိန်ကတည်းက တွေ့ခဲ့ကြခြင်း ဖြစ်သည်၊

ဟာဗေးဝယ်လိုက်သည်ဆိုသောအခါ သူနှင့် အလုပ်အတူတူ မလုပ်ချင် သူများက ထွက်သွားကြသည်၊ အချို့ကလည်း ခဏ လုပ်ကြည့်ကြသေးသည်၊ နောက်ပိုင်းကျမှ ထွက်သွားကြသည်၊

ထိုသို့ ထွက်သွားကြသူများထဲတွင် မစ္စဖစ်ရှ်တော့ မပါချေ။ မစ္စဖစ်ရှ်က ဟာဗေးကို အပိုင်ဖမ်းဖို့ စိတ်ကူးသည်။ ထိုစိတ်ကူးဖြင့် အလုပ်မထွက်ဖြစ်ခြင်း ပင်။

သို့သော်လည်း နောက်ပိုင်းတွင် အာလင်းနှင့် ဟာဗေးတို့ တွေ့ကြသည်၊ ဟာဗေးက အာလင်းနှင့် လက်ထပ်လိုက်သည်။ ထို့ကြောင့် မစ္စဖစ်ရှ်မှာ





အျန်ရစ်ဖြစ်သွားသည်၊ ကိုယ်မရလိုက်သော်လည်း သူနှင့် နီးနီးကပ်ကပ် အလုပ် လုပ်နေရလျှင် တော်သေး သည်ဟူသော စိတ်ကူးဖြင့် အလုပ်မထွက်ဖြစ်တော့ ပေ။

ဟာဗေး နယူးယောက်မြို့သို့ လေယာဉ်ပျံဖြင့် သွားရန်၊ နယူးယောက်မြို့မှ တဆင့် အယ်လီဇဘက် ဘုရင်မ-၂-ဇိမ်ခံ ပင်လယ်ကူးသင်္ဘောကြီးဖြင့် လိုက်ပါရန် အားလုံး အဆင်သင့် လုပ်ပေးထားသည်။ အတ္တလန္တိတ် သမုဒ္ဒရာ ထဲမှာ ရှိနေခိုက် သူ့ထံသို့ တယ်လီဖုန်း မလာနိုင်။ ကြေးနန်းမလာနိုင်။ ဘဏ်တိုက်မှာ ရှိနေသည့် အမှုထမ်းများ အားလုံးကို အသေအချာမှာထားခဲ့ပြီး ဖြစ်သည်။ သေရေးရှင်ရေးမှတပါး သူ့ထံသို့ မည်သည့် ကြေးနန်း မှ မရိုက်ရန်။

သူ့အနေဖြင့် အပြည့်အဝ အနားယူနိုင်သည့် အချိန်သည် ယခု တစ်ချိန် သာ ရှိလေသည်။

အင်္ဂလန်နိုင်ငံ ဆောက်သင်မ်တန်ဆိပ်ကမ်းသို့ ရောက်သောအခါ နီးစ်ရွိုက်စ် မော်တော်ကားကြီးက သူ့ကို အဆင်သင့် စောင့်နေမည်။ ကလား ရစ်ဟိုတယ်သို့ ထိုကားကြီးက သူ့ကိုခေါ်သွား မည်။ ကလားရစ်ဟိုတယ်မှာ လည်း အကောင်းဆုံးသော အခန်းစုံ ကြီးကို အသင့်ငှားရမ်းထားပြီး ဖြစ်သည်။

လောကကြီးတွင် ငွေရှိလျှင် ဘာမဆို ဖြစ်နိုင်သည်ပဲ မဟုတ်လား။

အယ်လီဇဘက်ဘုရင်မ ၂-သင်္ဘောကြီးပေါ်သို့ရောက်သော အခါ ဇာလိန်မှူးကိုယ်တိုင်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ သင်္ဘောပေါ်တွင် ဟာဗေးယူထားသည့်အခန်းက တစ်နေ့လျှင် ဒေါ်လာ၂၅၀ ကျသည်၊ သည်မျှ ဈေးကြီးပေးရသော အခန်း ကို စီးသည့် ခရီးသည်ဖြစ်သော ကြောင့် အရေးတယူ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်း ဖြစ်ပါသည်။

သင်္ဘောပေါ်မှာရှိသည့် ရေကူးကန်တွင် မှန်မှန်ရေသွားကူးသည်၊ အားကစားရုံတွင် လေ့ကျင့်ခန်း မှန်မှန်သွားလုပ်သည်။ ထို့ကြောင့် ငါးရက်မျှ သော ခရီးတွင် သူ့ကိုယ်အလေးချိန် ၁၁- ပေါင် လျော့သွားသည်။ သူ့အရပ်က ၅-ပေ ၇-လက်မမျှသာရှိ သည်။ ကိုယ်အလေးချိန်က ၂၂၇ပေါင်ရှိနေသည်။ ထို့ကြောင့် လည်း အရပ်နှင့် ကိုယ်လုံးကိုယ်ထည်မှာ မလိုက်နိုင်အောင် ဖြစ် နေသည်။

ငါးရက်ခရီး ပြီးဆုံး၍ အင်္ဂလန်နိုင်ငံ ဆောက်သင်မ်တန် ဆိပ်ကမ်းသို့ ဆိုက်ရောက်ရာတွင် လည်း အားလုံးချောချော မောမောပင် ဖြစ်ပါသည်။ ငွေစက္ကူများကို ဆို့ဆို့ပို့ပို့ပေးလိုက် သည်နှင့် အကောက်ခွန်ဝန်ထမ်းများက သူနှင့်ပတ်သက်သော ရှင်းလင်းဖွယ်ရာများကို အတိုအတောင်းဆုံးအချိန်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့ကြလေသည်။

အပြုရောင် ရိုးစ်ရှိုက်ကားကြီးက အဆင်သင့် စောင့်နေသည်။ ဒရိုင်ဘာက တံခါးအသင့်ဖွင့်ပေးသည်။

ကလားရစ်ဟိုတယ်သို့ ရောက်သောအခါတွင်လည်း အားလုံး ခမ်းကြီးနားကြီးပင် ဖြစ်သည်။ အနေးတယူ ကြိုဆိုကြသည်။ ကျယ်လွင်သားနားသည့် အခန်းကြီးတွင် နေရာချထားပေးကြသည်။

အဝတ်အစားလဲသည့် အခန်းတစ်ခန်း၊ အိပ်ခန်းတစ်ခန်း၊ ရေချိုးခန်းတစ်ခန်း၊ နားနေခန်း၊ ဧည့်ခန်းများဖြင့် ဖွဲ့စည်းထားသည်။ သည်အခန်းထဲမှာပင် လူအတော်များများကို ဖိတ်ပြီး ဧည့်ခံပွဲ ကျင်းပနိုင်လောက်အောင် ကျယ်လွင်သည်။

ဂရိနိုင်ငံမှ ကွန်စတင်တိုင်ဘုရင်၊ မိုနာကိုနိုင်ငံမှ ဂရေ့စ်ကယ်လီ မင်းသမီး၊ အီသီယိုးပီးယားနိုင်ငံ ဘုရင် ဟေးဆယ်လာဆီတို့လည်း သည်အခန်းမှာပင် တည်းလေ့ရှိကြသည်။

လွန်ခဲ့သည့်အပတ်အတွင်းကပင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီ ကင်ဆင်းဂျားက ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဟာရိုးဝီလ်ဆင်ကို သည်အခန်းထဲမှာ ဧည့်ခံခဲ့သေးသည်။

ထိုအကြောင်းများကို စဉ်းစားကြည့်ယင်း ဟာဗေး အလွန် စိတ်ချမ်းသာသွားသည်။

သူ့အခန်းက ပထမထပ်တွင် ရှိသည်။ ထို့ကြောင့် ဟာဗေးသည် အတက်တွင် ဓာတ်လှေကားကို အသုံးပြုပြီး အဆင်းတွင်မူ ရိုးရိုးလှေကားမှပင် ပြန်ဆင်းလေ့ ရှိလေသည်။

အခန်းထဲသို့ ရောက်သောအခါ တရေးတမော အိပ်သည်။ အိပ်ရာမှ နိုးသည်တွင် ရေချိုး အဝတ်အစားလဲသည်။ ပြီးတော့ အောက်ထပ် ထမင်းစားခန်းမကြီးထဲတွင် သူ့အတွက် အသင့်ပြင်ပေးထားသည့် စားပွဲရှိရာသို့ ဆင်းလာပြီး ညစာ မှာစားသည်။

ထိုထမင်းစားခန်း၏ တဘက်စွန်းတွင် လူရွယ်လေးယောက် ညစာစားနေကြသည်တို့မူကား ဟာဗေး သတိမပြုမိပါချေ။

* * *

စတီဖင်၊ ရော်ဘင်၊ ဂျင်းပီယာနှင့် ဂိုမ်းစ်တို့ လေးယောက်က ဟာဗေးကို ကောင်းကောင်း လှမ်းမြင်နေရသည်။ သူ့အမူအရာ၊ သူ့ လှုပ်ရှားမှုများကို ထမင်းစားခန်း တဘက်စွန်းမှနေပြီး အကဲခတ်ကြည့်နေကြသည်။





‘ငါ ထင်ထားသလိုတော့ မဟုတ်ဘူးကွ’ဟု စတီဖင်က ပြော သည်။

‘မင်း ရှာထားတဲ့ ဓာတ်ပုံတွေထဲက ကိုယ်လုံးကို အသားနည်း နည်း ဆပ်ဖြည့်ပေးလိုက်ယင် သူ ချွတ်စွပ်ဖြစ်သွားတာပေါ့ကွာ’ ဟု ဂျင်းပီယာက ပြောသည်။

တို့တွေ ဒါလောက်တောင် အကြီးအကျယ် ပြင်ဆင်ပြီးတော့မှ ဒီငတိကြီးကို အခုလိုလာတွေ့နေရတာ သူ အစစ်မှ ဟုတ်ရဲ့လားလို့တောင် စဉ်းစားရော ဖြစ်လာပြီ’ဟု ရော်ဘင်က ဝင်ပြောပြန် သည်။

‘ဒီခွေးသူခိုးကြီး ဟုတ်ကြောင်း သေချာပါတယ်ကွာ၊ တို့ အားလုံး တုံးချင်းတုံး တုံးလိုက်ကြလို့ သူ့ ငွေတသန်း ပိုချမ်းသာ သွားပြီလေ’ဟု ဂျင်းပီယာက ပြန်ပြောသည်။

ဂိုမ်းစ်ကတော့ ဘာမှမပြောပဲ နှုတ်ပိတ်နေသည်။ ယခု အချိန်အထိ သူ့ဘက်က ဘာအစီအစဉ်မှ တင်ပြနိုင်ခြင်း မရှိ သေး။ ထို့ကြောင့်လည်း သူ မျက်နှာငယ်နေရသည်။ အခြားသူ များ၏ အစီအစဉ်ထဲမှာ သူပါဝင်ရမည့် အခန်းများကိုတော့ ပိုင် နိုင်အောင် ပြင်ဆင်ထားပြီးဖြစ်သည်မှာ မှန်သည်။ သို့အချက် ကလေးကိုပင် အားကိုးနေရသည်။

ယခုတော့ သူတို့သားကောင်သည် သူတို့ မျက်စိအောက်သို့ အရှင်လတ်လတ် ရောက်လာပြီ။ သို့သော်လည်း သူ ဘာလုပ်ရ မှန်း မသိသေး။

‘ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲ မနက်ဖြန် စတော့မယ်၊ သူနဲ့ တို့နဲ့ စတွေ့မယ့် ပထမပွဲမှာ ဘယ်သူများ အနိုင်ရမလဲလို့ ငါ စဉ်းစားနေမိတယ်ကွာ’ဟု ဂျင်းပီယာက ပြောသည်။

‘ပထမဆုံးပွဲမှာ မင်း နိုင်မှာပါကွာ၊ မပူပါနဲ့’

ဂိုမ်းစ်က ဝင်ပြောသည်။ သူ့ဘက်က ဘာအစီအစဉ်မှ မဟင်ပြနိုင်သေးသည့်အတွက် လေပြေထိုးခြင်းလည်းဖြစ်သည်။ ထို့ပြင်မကသေး၊ စိတ်လှုပ်ရှားနေသည့် ဂျင်းပီယာကို အားပေး သည့် သဘောလည်း ဖြစ်ပါသည်။

‘မင်းနဲ့ကျမှတို့နိုင်မှာနဲ့ တူပါတယ်ကွာ၊ ဒါပေမယ့် အခုအချိန်အထိ မင်းက ဘာအစီအစဉ်မှ တင်ပြမလာသေးတော့ နိုင်မယ် မနိုင်ဘူးဆိုတာဝေးလို့ စိတ်ကူးကလေးတောင် ယဉ်လို့ မရနိုင်ဘူး’

ဂျင်းပီယာပြန်ပြောသည့် စကားကြောင့် ဂိုမ်းစ် ကုပ်သွားသည်။ မျက်နှာအောက်ချပြီး ငြိမ်ငြိမ်ကလေး ထိုင်နေရတော့သည်။

‘ဒီကောင်ကြီးရဲ့ ခန္ဓာကိုယ်က ပြိတ္တာကြီးလောက် ဖြစ်နေတော့ မင်း အစီအစဉ် ဖြစ်နိုင်ပါ့မလား ရော်ဘင်’ဟု စတီဖင်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ အစီအစဉ် မအောင်မြင်သေးခင်တော့ ဒီကောင်ကြီး အသည်းရောင် တဲ့ရောဂါနဲ့ အသေမခံနိုင်သေးဘူး၊ မင်း အောက်စဖို့မှာလုပ်မယ့် အစီအစဉ် ရော ဖြစ်နိုင်ချေရှိရဲ့လား စတီဖင်'ဟု ရော်ဘင်က ပြန်မေးသည်။

'အခု လောလောဆယ်တော့ မပြောနိုင်သေးဘူးကွာ၊ အေးစကော့ မြင်း ပြိုင်ပွဲအထိ စောင့်ရတော့မှာပဲ၊ သူစကားပြောတဲ့ အသံကို နားထောင်ကြည့်ချင် တယ်၊ သူ့သာမန် ပတ်ဝန်းကျင်ကို ကြည့်ချင်တယ်၊ အနီးကပ် လေ့လာခွင့်မရရင် နဲ့တော့ သိပ်မလွယ်ဘူး ထင်တယ်'

'သိပ် မစောင့်ရပါဘူး သူငယ်ချင်းရာ၊ မနက်ဖြန် ဒီအချိန်လောက်ဆိုယင် မင်း သိချင်တာတွေ အားလုံးသိရတော့မှာပါ၊ ဒါမှမဟုတ်ယင်လဲ တို့အားလုံး အချုပ်ခန်းထဲ ရောက်နေကြ လောက်ရောပေါ့၊ အာမခံတင်ဖို့ ငွေကလေး ဘာလေးရှာထားယင် ကောင်းမယ်'

ရော်ဘင်က ပြန်ပြောသည်။

'ဖမ်းယင်လဲခံလိုက်ရုံပဲ၊ အာမခံကြေးတော့ မတင်နိုင်ဘူးကိုယ့်လူ"ဟု ဂျင်းပီယာ ပြန်ပြောသည်။

* * *

ဟာဗေးက အကောင်းဆုံး အရက်များကို အရသာခံပြီး သောက်နေသည်၊ စားသောက် ပြီးသောအခါ စားပွဲမှ ထသည်။ စားပွဲထိုးကို တပေါင်တန် ငွေစက္ကူအသစ် တစ်ရွက် ထုတ်ပေး သွားသည်ကို မြင်လိုက်ကြရသည်။

'ခွေးသားကြီး တို့ငွေတွေကို သူခိုးသွားတာ သိရရုံနဲ့တောင် စိတ်အတော် ထိခိုက်နေရပြီ။ ဒါနဲ့ မရပ်သေးပဲ ခိုးသွားတဲ့ တို့ငွေ တွေနဲ့ သူက ဇိမ်ရှိရှိ ဖြုန်းနေတာကို အခုလို မြင်ရတော့ စိတ်နာ လွန်းလို့ကွာ'

ဂျင်းပီယာက နာကျည်းသော လေသံနှင့် ပြောသည်။

သူတို့ ဂိုဏ်းသားလေးယောက်လည်း စားပွဲမှထကြသည်။ သူတို့ သားကောင်နောက်သို့ နောက်ယောင်ခံ လိုက်ရဦးမည်။

လေးယောက်စားသောက်သည့် ကျသင့်ငွေကို စတီဖင်က ထုတ်ပေး သည်။ ဟာဗေးထံမှ ရစရာရှိသော ငွေစာရင်းထဲသို့ သေချာစွာ ထပ်ပေါင်း ထည့်သည်။

ဟိုတယ် စားသောက်ခန်းထဲမှ မသိမသာလစ်ထွက်ကြသည်။ သို့သော် လည်း ဂျိမ်းစ်အဖို့ကတော့ ထင်သလောက်မလွယ်ချေ။ သူ့ကို လှမ်းတွေ့သော စားပွဲထိုးတိုင်းက "ကောင်းသော မင်္ဂလာညပါ မြို့စားကြီး"ဟု လှမ်းနှုတ်ဆက် လိုက်ကြသောကြောင့် ခပ်ကုပ်ကုပ်ကလေး ထွက်လာခဲ့ရသည်။





ဟာဗေးက ဘာကယ်လေပန်းခြံနား တဝိုက်မှာ လမ်းလျှောက်နေသည်။ သူ့ကို နောက်ယောင်ခံလိုက်နေသည့် လူလေးယောက် ကိုမူ သတိမထားမိချေ။ ည ၁၁-နာရီ ၁၅ မိနစ်ကျတော့မှ ကလားရစ်ဟိုတယ်သို့ ပြန်ရောက် သည်။ ရေချိုးပြီး ကြီးမားသည့် နှစ်ယောက်အိပ် ခုတင်ကြီးပေါ် တက်အိပ်လိုက် သည်။

သူ့စိတ်ထဲမှာ ပူပင်သောကဆိုလို့ မြူမှုန်ကလေးလောက်ပင် မရှိချေ။

၁၀

နံနက် ခုနစ်နာရီခွဲတွင် အိပ်ရာမှ ဟာဗေးနိုးလာသည်။ မည်သည့် အကြောင်းအရာပင် ရှိစေကာမူ သူ့အကျင့်ကိုတော့ သူဖျက်လေ့မရှိ။

မျက်နှာမသစ် ရေမချိုးသေးပဲ နံနက်စာကိုမှာစားသည်။ သူ့ဇနီးနှင့် ...ိုတို့အတွက် တကျက်ကျက်ဖြစ်ခဲ့ရသည်မှာလည်း များပြီ။ မျက်နှာမသစ် ...မချိုးပဲ နံနက်စာ စားရပါ မည်လားဆိုပြီး အမြဲ ဆူပူလေ့ရှိသည်။ သို့သော် ...ာဗေးကတော့ သူ့အကျင့်ကို သူ မဖျက်။

နံနက်စာ စားယင်း သတင်းစာများကို ဖတ်သည်။ စီးပွားရေး သတင်း ...များကို ပထမဦးဆုံး ဖတ်သည်။

ထို့နောက် အစုရှယ်ယာဈေးနှုန်းများကို ဖတ်သည်။ ပရော်စပက်တာ ...ရေနံကုမ္ပဏီ၏ အစုရှယ်ယာ ဈေးနှုန်းများကို ဖော်ပြခြင်းကားမရှိချေ။ အမှန် ...တ်ဈေးသည် ဆယ့်နှစ်ပြား ခွဲလောက်သာ ရှိတော့သည်။ သို့သော်လည်း ...ရောင်းအဝယ်ကား မဖြစ်တော့။ ရောင်းမည့်သူ များသာရှိသည်။ ဝယ်မည့်သူ ...သောကြောင့် ပရော်စပက်တာ ရေနံကုမ္ပဏီ အစုရှယ်ယာ များကို ဈေးကွက် ...င် ပိတ်ထားလိုက်သည်မှာကြာပြီ။

ပြီးတော့ အားကစားသတင်းများကို ဖတ်သည်။ ဝင်ဘယ်လ်ဒန် တင်းနစ် ...ပွဲများ ယနေ့ စတော့မည်။ အလားအလာ ကောင်းသော အားကစားသမား ...အကြောင်းကို သတင်းစာက ဝေဖန် ရေးသားထားသည်။

အားကစားသတင်း ဖတ်ပြီးသည်တွင် ပန်းချီပန်းပုသတင်းများကို ...သည်။ နွေရာသီပန်းချီပြပွဲကို ပစ်ကယ်ဒီလီ အဆောက်အအုံကြီးမှာ ...ပနေသည်။ လွန်ခဲ့သည့် တလခန့် ကတည်းက ထို ပြပွဲကြီးကို ဖွင့်ခဲ့ရာ ...ိုယ်စားလှယ်က သူ့အတွက် ပန်းချီကား အချို့ကို ဝယ်ယူပေးထားခဲ့ပြီး ...သည်။

နံနက်စာ စားပြီးသောအခါ ရေချိုးသည်။ အဝတ်အစားလဲသည်။



www.burmeseclassic.com

www.burmeseclassic.com



ပစ်ကယ်ဒီလီ အဆောက်အအုံမှာ သူတည်းနေသည့် ကလားရစ်ဟိုတယ်နှင့် အနီးကလေး ဖြစ်သည်။ ထို့ကြောင့် ဒေးဗီး လမ်းဘက်သို့ ထွက်သော အပေါက်မှ သူ ထွက်လာခဲ့သည်။

'ဒေးဗီးလမ်းဘက်သို့ ထွက်တဲ့အပေါက်က သူထွက်လာပြီ၊ ဂျိမ်းစ်. . . မင်းဘက်ကို သူ လျှောက်လာနေပြီကွ'

စတီဖင်က ပိုင်းပေါ့ကက်ဖုန်းခေါ် လမ်းလျှောက်စကားပြော စက်ကလေးဖြင့် ဂျိမ်းစ်ကို လှမ်းပြောသည်။

'ငါ ဘာကယ်လေ ပန်းခြံနားက စောင့်နေတယ်၊ ဒီဘက်ကို လာယင်တော့ ငါနဲ့ ဘယ်နည်းနဲ့မှ မလွဲနိုင်ဘူး စတီဖင်၊ ရော်ဘင် ရော်ဘင်. . . တို့ပြောနေတာ မင်းကြားရဲ့လား'

'ကြားတယ်'

'သူ့ကို ငါလှမ်းမြင်တာနဲ့ တပြိုင်တည်း မင်းကို အကြောင်း ကြားမယ် နှိုင်ရယ်အကယ်ဒမီ ရှေ့ကနေ မင်းစောင့်နေ'ဟု ဂျိမ်းစ် က ပြောသည်။

'ကောင်းပြီ ဂျိမ်းစ်'ဟု ရော်ဘင်က ပြန်ဖြေသည်။

* * *

ဟာဗေးသည် ဘာကယ်လေပန်းခြံနားမှ ဖြတ်လျှောက်သွားသည်။ ပြီးတော့ ပစ်ကယ်ဒီလီ အဆောက်အအုံဘက်သို့ လျှောက် သွားသည်။

ပန်းချီပြပွဲ ဝင်ကြည့်မည့်သူတွေ တန်းစီနေကြသည်။ ဟာဗေးက လက်မှတ်ရုံသို့သွားပြီး လသုံး လက်မှတ်ဝယ်သည်။ လသုံး လက်မှတ်ဝယ်သည်ကို ကြည့်ခြင်းအားဖြင့် သည်ပန်းချီပြပွဲသို့ အနည်းဆုံး လေးငါးခေါက်တော့ သူ လာကြည့်မည်ဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

အဝင်ပေါက်ဝနားတွင် သတင်းစာနှင့် မျက်နှာကွယ်ပြီး သတင်းစာ ဖတ်ချင်ယောင် ဆောင်နေသည့် လူရွယ်တစ်ယောက်ကိုတော့ သူ သတိမထားမိခဲ့။

လက်မှတ်ဝယ်ပြီးသောအခါ တန်းစီနေသည့် လူများကြားမှ သူလည်း တန်းဝင်စီသည်။ မည်သည့်ပြပွဲမှာမှ မပြရသေးသော ပန်းချီကားများကို ပြသထားသည်။ ဆက်လက် ပြသရန်လည်း ကားပေါင်း ၅၀၀၀ ကျော် ကျန်သေးသည်။

ထိုနေ့ နံနက်ပိုင်းက ပန်းချီကားပေါင်း ၁၁၈၂ ကားကို သူ ကြည့်ခဲ့သည်။ စိတ်ကြိုက်တွေ့လှသည်တော့ မဟုတ်။

မွန်းလွဲ တစ်နာရီတွင် ပန်းချီပြပွဲထဲမှ သူထွက်လာသည်။ အဖြူရောင်





နိုင်စ်ရှိုက်စ် မော်တော်ကားကြီးက အဆောက်အအုံ အပြင်ဘက်တွင် အဆင်သင့် စောင့်နေသည်။ ကားထဲသို့ သူ ဝင်ထိုင်သည်။

'ဝင်ဘယ်လ်ဒန်ကိုမောင်း' ဟု ဒရိုင်ဘာအား အမိန့်ပေးသည်။

'ရှိုးတဲ့မှပဲ' ဟု ရော်ဘင်က ရေရွတ်သည်။

'ဘာပြောတယ်ကွ' ဟု စတီဖင်က ပြန်မေးသည်။

'ရကောက်ဟာထိုးလုံးကြီးတင်ဆန်ခတ်ဝစ္စနှစ်လုံးပေါက် လို့ ပြောတာကွ၊ ခွေးသားကြီး ဝင်ဘယ်လ်ဒန်ကို သွားပြီ။ တို့အဖို့ ဒီနေ့ ဘာမျှော်လင့်ချက်မှ မရှိတော့ဘူး'

ရော်ဘင်က စိတ်အချဉ်ပေါက်ပေါက်ဖြင့် ပြန်ရှင်းပြသည်။

ဟာဗေးသည် ည ခုနစ်နာရီ ရှစ်နာရီ မထိုးမချင်း ကလားရစ် ဟိုတယ်သို့ ပြန်မလာတော့မည့် သဘော ဖြစ်သည်။

ရော်ဘင်က သူငှားထားသည့် မော်တော်ကားကလေးပေါ်သို့ တက်ပြီး ဝင်ဘယ်လ်ဒန် တင်းနစ်ကွင်းသို့ မောင်းလာခဲ့သည်။ ဟာဗေး၏ ထိုင်ခုံနှင့် မျက်နှာချင်းဆိုင်မှာရှိသော လက်မှတ်နှစ်စောင်ကို ဂျိမ်းစ်က ဝယ်ပေးထားပြီး ဖြစ်သည်။ ပွဲအစမှာ အဆုံးအထိ ဝယ်ထားလိုက်ခြင်း ဖြစ်သည်။

သူ့ထိုင်ခုံမှာ ဟာဗေး ဝင်ထိုင်ပြီး မိနစ်အနည်းငယ် အကြာမှာပင် ရော်ဘင်လည်း ကွင်းထဲသို့ ရောက်လာသည်။ မျက်နှာချင်းဆိုင်မှာရှိသော ဟာဗေးကို လှမ်းကြည့်ကာ အကဲခတ်နေမိသည်။

ပြိုင်ပွဲ စတင်ဖွင့်လှစ်သည့်နေ့ဖြစ်သောကြောင့် ပရိသတ် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ အလဇန္ဒရားမင်းသမီးနှင့် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်တို့လည်း သူတို့၏ သီးသန့်နေရာများမှာ ရောက်နှင့်နေသည်ကို တွေ့ရသည်။

'ခဏကြာတော့ အားကစားသမားနှစ်ယောက် ဆင်းလာသည်။ လူတွေက ဝိုင်းဝန်းသြဘာပေးကြသည်။ သူတို့နှစ်ယောက်စလုံး အဖြူရောင် အဝတ်အစားများကို ဝတ်ဆင်ထားကြသည်။ ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲဝင်မည့်သူများသည် အဖြူရောင်မှတပါး အခြား မည်သည့်အရောင်ကိုမှ ဝတ်ဆင်ခွင့်မပြု၊ အမျိုးသမီးများကိုတော့ ဘောင်းဘီအနားနှင့် အင်္ကျီအနားများကို အရောင်တစ်ခုခုနှင့် ကွပ်ခွင့်ပေးလေသည်။

ပထမ တစ်ယောက်ချင်းပွဲ ပြီးသွားသည်။ ဒုတိယပိုင်း နှစ်ယောက်ချင်းပွဲ ဆက်ယှဉ်ပြိုင်သည်။ ပွဲကြည့်ကောင်းနေတုန်းမှာပင် ဟာဗေးက ထိုင်ရာမှ ထသည်။ ရော်ဘင် အတော်စိတ်ပျက်သွားသည်။

သို့သော်လည်း မတတ်နိုင်ပြီ။ တာဝန်ဝတ္တရားက ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကားကလေးပေါ်သို့ တက်ပြီး ဟာဗေး၏နောက် မလှမ်းမကမ်းမှ မောင်းလိုက်လာခဲ့သည်။ ဟာဗေးက ကလားရစ် ဟိုတယ် သို့ တန်းပြန်သွားသည်။

ရော်ဘင်က ကင်းလမ်းမှာရှိနေသော ဂျိမ်းစ်၏ အိမ်ခန်းသို့ ဖုန်းလှမ်းဆက်သည်။ လောလောဆယ်တွင် သူတို့၏ ရှေ့တန်း ဌာနချုပ်ရုံးအဖြစ် ထိုအိမ်ကို သတ်မှတ်ထားသည်။ စတီဖင်က ဖုန်းပြန်ထူးသည်။ ရော်ဘင်က အခြေအနေများကို အစအဆုံး ရှင်းပြသည်။

'ဒီနေ့တော့ ဒါလောက်နဲ့ပဲ ရပ်ကြသေးတာပေါ့ကွာ၊ မနက်ဖြန် ကျမှ ဆက်ကြိုးစားမယ်၊ ဂျင်းပီယာတော့ သနားစရာဖြစ်နေပြီ၊ သူ့အစီအစဉ် မအောင်မှာလန့်နေတယ်၊ ဒီနေ့မနက် ဒီကောင့် နှလုံးခုန်နှုန်းက ၁၅၀-တောင် ဖြစ်သွားတယ်၊ ရက်ကြာသွားယင် တော့ ဒီကောင်နှလုံးသွေးရပ်ပြီး သေမှာပဲ'ဟု စတီဖင်က ပြန်ပြော သည်။

* * *

နောက်တနေ့မနက်တွင် ဟာဗေးသည် ကလားရစ်ဟိုတယ် မှ ထွက်လာပြီး ဘာကယ်လေ ပန်းခြံကို ဖြတ်လျှောက်သည်။ ဘရူတန် လမ်းသို့သွားသည်။ ထိုမှတဆင့် ဘွန်းလမ်းသို့သွား သည်။

ဘွန်းလမ်းပေါ်သို့ရောက်သောအခါ ဂျင်းပီယာ၏ ပန်းချီ ပန်းပု အရောင်းဆိုင်နှင့် ကိုက် ၅၀-ခန့်အကွာမှာ သူ ရပ်သည်။

သို့သော်လည်း အရှေ့ဘက်သို့ ဆက်မသွားတော့ပဲ အနောက်ဘက်သို့ ပြန်ချိုးကာ အဂ္ဂညူ၏ ပန်းချီပန်းပု အရောင်းဆိုင်ထဲသို့ ဝင်သွားလေသည်။ ထိုဆိုင်ထဲမှာ ဆာဂျော် ဖရေနှင့် သူတွေ့ဖို့ ချိန်းထားသည်။ ပန်းချီအကြောင်း ပြောရန် ဖြစ်သည်။

ဆာဂျော်ဖရေက အခြားအချိန်းအချက် တခုရှိနေသေးသည်။ ထို့ကြောင့် ဟာဗေးနှင့် အချိန်ယူပြီး ကြာကြာစကားမပြောနိုင်။

ဆာဂျော်ဖရေထွက်သွားပြီး မကြာမီမှာပင် ဟာဗေးလည်း ထိုဆိုင်ထဲမှ ထွက်လာ လေသည်။

'ဆိုင်ထဲက သူထွက်လာပြီ၊ ညာဘက်ကိုချိုးပြီး တည့်တည့် သွားနေတယ်'

ကြိုးမဲ့ ကြေးနန်းစကားပြောစက်မှ ရော်ဘင်၏အသံ ပေါ်လာသည်။ ဂျင်းပီယာမှာ အသက်ကိုပင် ရဲရဲမရှူဝံ့တော့။

ဟာဗေးကရပ်ပြန်သည်။ ယခု တစ်ကြိမ်တွင်မူ မာလ်ဘိုရို ပန်းချီပန်းပု အရောင်းဆိုင် ရှေ့မှာ ရပ်ခြင်းဖြစ်သည်။ ပြီးတော့ ဆိုင်ထဲဝင်သွားသည်။ ပန်းချီဆရာမကြီး ဘာဘရာဟက်ဝပ် ၏ ပန်းချီကားများကိုကြည့်သည်။





ပန်းချီကားတွေကတော့ ကောင်းပါသည်။ သို့သော်လည်း စျေးနှုန်းများက ကြောက်ခမန်း လိလိကြီး မြင့်နေသည်။ လွန်ခဲ့သော ဆယ်နှစ်လောက်တုန်းက ပန်းချီဆရာမကြီး ဘာဘရာ၏ ပန်းချီကားနှစ်ချပ်ကို သူ ဝယ်ယူခဲ့ဖူးသည်။ ထိုစဉ်က တစ်ကားလျှင် ပေါင် ၈၀၀-သာပေးရသည်။

ယခုတော့ တစ်ကားလျှင် အနည်းဆုံးပေါင် ၇၀၀၀-မှ အများဆုံး ပေါင် ၁၀၀၀၀ အထိ ဖြစ်နေပြီ။ အဆပေါင်းများစွာ တက်လာခြင်းဖြစ်သည်။ ထိုဆိုင်ထဲမှာ တစ်နာရီလောက် အချိန်ဖြုန်းပြီး ပြန်ထွက်လာသည်။ ဘွန်းလမ်း အတိုင်း လျှောက်နေသည်။

'ဂျင်းပီယာ. . .'

'ဟုတ်တယ်'

ကြိုးမဲ့ကြေးနန်းစက်ထဲမှာ ပြန်ပေါ်လာသည့် ဂျင်းပီယာ၏ လေသံမှာ အလွန်တရာ လှုပ်ရှားနေသည်။ စိတ်လှုပ်ရှားမှုကို အတန်တန် ထိန်းသိမ်းနေသော်လည်း ထင်သလောက် အောင်မြင်ပုံမရ။

'ကောင်ဒုလမ်းထောင့်ကို သူ ရောက်နေပြီ၊ မင်းဆိုင်ဝနဲ့ဆိုယင် ကိုက် ငါးဆယ်လောက်ပဲ ဝေးတော့တယ်'

ဂျင်းပီယာက သူ့ပြခန်းကို ကမန်းကတန်း မြင်ဆင်သည်။ စောစောက ချိတ်ထားသော ဂရေဟမ်ဆူသာလင်၏ ရေဆေးပန်းချီကားကို ပြန်ဖြုတ်သိမ်းသည်။

'ဗယ်ဘက်ကို ပြန်ချိုးသွားပြန်ပြီကွာ၊ ခွေးသားငြ. တော်တော် ဒုက္ခပေးတာပဲ'

လမ်းတဘက်ခြမ်းရှိ ပန်းချီပန်းပု အရောင်းဆိုင်ရှေ့မှာ နေရာယူထားသော ဂျိမ်းစ်က စိတ်ပျက်လက်ပျက် ပြောသည်။

'ဘရူတန်လမ်းအတိုင်း ညာဘက်ပလက်ဖောင်းက သူလျှောက်သွားနေတယ်'ဟုလည်း ဂျိမ်းက သတင်းဆက်ပို့သည်။

ဂျင်းပီယာက ဂရေဟမ်ဆူသာလင်၏ ရေဆေးပန်းချီကားကို စောစောက နေရာမှာ ပြန်ထားသည်။ မကျေမနပ်ဖြင့်လည်း ဆဲဆိုရေရွတ်နေသည်။ ပြီးတော့ ထိုင်ခုံပေါ်မှာ အရုပ်ကြိုးပြတ် ကျသွား တော့သည်။

ဟာဗေးက ဘရူတန်လမ်း အထက်ပိုင်းမှာရှိသည့် တုသ်ပန်းချီ ဆိုင်ထဲသို့ ဝင်သွားသည်။ ဆိုင်ထဲမှာ ချိတ်ထားသော ကလီး၏ကားတစ်ကား၊ ပီကာဆို၏ ကားတစ်ကားနှင့် ဆာလ်ဗေဒိုဒါလစ်၏ ကားနှစ်ကားကို ကြည့်သည်။ သူ့အိမ်မှာလည်း သူတို့၏ ကားများ ရှိပြီးနေပြီမို့ အာရုံသိပ်မစိုက်တော့။

www.burmeseclassic.com



'ဆိုင်ထဲက ပြန်ထွက်လာပြန်ပြီကွ၊ ဒီတခါတော့ ကလားရစ် ဟိုတယ်ကို ပြန်တော့မယ်နဲ့ တူတယ်'

'ဂျိမ်းစ်က လမ်းလျှောက်စကားပြောစက်ဖြင့် ကျန်သုံးယောက်ကို သတင်းပေးသည်။ ကလားရစ်ဟိုတယ်သို့ မပြန်ပဲ ဂျင်းပီယာ၏ ပန်းချီပန်းပုဆိုင် ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ပါစေတော့ဟုလည်း ဆုတောင်းမိသည်။

သို့သော်လည်း ဟာပေးကတော့ ဘာကယ်လေ ပန်းခြံဆီသို့ ဦးတည်ပြီး လျှောက်သွားသည်။ ပန်းခြံသို့ မရောက်မီ ဟိုဟာနာ ပန်းချီဆိုင်ထဲဝင်ပြန်သည်။ ရေးနွား၏ ကားတကား ရှိကြောင်း ဆိုင်အရောင်းစာရေးက ပြောသည်။

သူပြသည့်ကားကို ဟာပေးကကြည့်သည်။ သို့သော်လည်း လက်စသတ်မထားသော ပန်းချီကားဖြစ်နေသည်။ ရေးနွားသည် ထိုကားကို စိတ်မပါတော့သောကြောင့် ပြီးအောင်ဆက် မဆွဲခြင်းလော၊ လေ့ကျင့်သည့်အနေဖြင့် ဆွဲထားခြင်းလော၊ မည်သူမှ တပ်အပ်မပြောနိုင်ချေ။

ဟာပေးက ဈေးနှုန်းကိုတော့ စုံစမ်းကြည့်သေးသည်။

'ပေါင်သုံးသောင်းပါ ခင်ဗျာ'

လက်ထောက်မန်နေဂျာက ပြောသည်။ ဟာပေးက သဘောကျသည့်အလား လေတစ် ချက်ချွန်မိသည်။ နာမည် မကျော်သေးသော ပန်းချီဆရာကလေးများ၏ အလွန်ကောင်းသည့် ပန်းချီကားများမှာ တစ်ရာနှစ်ရာ ရဖို့ကိုပင် အာပေါက်အောင် ပြောရောင်းနေရသည်။ ရေးနွားလို ကမ္ဘာကျော် ပန်းချီဆရာကြီး ကျတော့ ဖြစ်ကတတ်ဆန်းဆွဲထားသော မပြီးဆုံးသည့် ပန်းချီကားကိုပင် ပေါင် ၃၀,၀၀၀ ဈေးခေါ်နေကြလေသည်။

ကျေးဇူးတင်စကားပြောပြီး ဆိုင်ထဲမှထွက်ခဲ့သည်။

'နောင်လဲ အချိန်မရွေးကြွပါ မစ္စတာမက်ကော့ဇ်'

လက်ထောက်မန်နေဂျာက သူ့ကိုနှုတ်ဆက်လိုက်သည်။ သူ့ နာမည်ကို ခေါ်ပြီး နှုတ်ဆက်ခံရလျှင် ဟာပေး အလွန်သဘောကျသည်။ လက်ထောက်မန်နေဂျာကလည်း သူ့နာမည်ကို ကောင်း ကောင်းမှတ်မိရပေမည်။ သူတို့ဆိုင်မှ မိုနေး၏ ပန်းချီကား တစ်ချပ်ကို ပေါင်၆၂,၀၀၀ ပေးကာ သူဝယ်ယူခဲ့ဖူးသည် မဟုတ်လော။

'ဒီတခါတော့ ဟိုတယ်ပြန်သွားတာ သေချာသွားပြီ'ဟု ဂျိမ်းစ် က သူ့လူများထံသို့ ကြိုးမဲ့ကြေးနန်းစက်ဖြင့် သတင်းပို့လိုက် သည်။

ဟာပေးက ကလားရစ်ဟိုတယ်ထဲမှာ မိနစ်အနည်းငယ်သာနေသည်။ သူ့အတွက် အထူးပြင်ဆင်ထားသော နေ့လယ်စာ ဘူးကိုယူကာ ဝင်ဘယ်လ်ဒန်





တင်းနစ်ကွင်းသို့ တောက်လျှောက် ထွက်သွားလေသည်။

ဂျိမ်းစ်က သူ့နောက်မှ မော်တော်ကားတစ်စီးဖြင့် ထက်ကြပ်မကွာ လိုက်သွားသည်။ အယ်နီကိုလည်း ဝင်ခေါ်သွားဖို့ ဆုံးဖြတ် လိုက်သည်။

ယနေ့ အမျိုးသမီး ပြိုင်ပွဲနေ့ဖြစ်သည်။ အမေရိကန် အမျိုးသမီး ချန်ပီယံ နှစ်ယောက် ဖြစ်သော ဘီလီဂျင်းကင်းနှင့် ကေသီမေတို့ ယှဉ်ပြိုင် ကစားကြမည့်နေ့ ဖြစ်သည်။

နောက်တစ်ကြောင်းကလည်း အယ်နီကို သူတို့ဇာတ်လမ်း အစအဆုံး ပြောပြထားပြီး ဖြစ်နေသည်မို့ သူ့ကိုခေါ်သွားခြင်းအား ဖြင့်လည်း မည်သို့မှ အနှောင့်အယှက်မတွေ့နိုင်ပါ။ အယ်နီ သိထားသည့်အကြောင်း ကျန် သုံးယောက် မသိဖို့သာ အရေးကြီးသည်။

ကွင်းထဲသို့ သူတို့ရောက်လာကြသည်။ ကြိုတင်ဝယ်ယူ ထားသော ခုံမှာထိုင် ကြသည်။ ဟာပေးထိုင်နေရာသို့ လှမ်းကြည့် လိုက်သောအခါ ဥရောပတိုက် သားဟု ထင်ရသော လူကြီး တစ်ယောက်နှင့်အတူ ထိုင်နေသည်ကို တွေ့ရ သည်။

'မောင်တို့ လိုက်ဖမ်းနေတဲ့ အမဲကောင်က ဘယ်ဟာလဲဟင်'

အယ်နီက ဂျိမ်းစ်ကို ကပ်မေးသည်။

'ဟောဟိုမှာ မောင်တို့နဲ့ မျက်နှာချင်းဆိုင် ထိုင်နေတာ၊ အညိုနုရောင် ဝတ်စုံ ဝတ်ထားတဲ့ လူတစ်ယောက်နဲ့ စကားပြော နေတယ်လေ၊ အညိုနုရောင် ဝတ်ထားတဲ့လူက ဓနသဟာယနိုင်ငံ တွေထဲက အရာရှိလိုပုံစံမျိုး'

'ခပ်ပုပုနဲ့ ဝဝ လူကြီးလား'

'ဟုတ်တယ်'ဟု ဂျိမ်းစ်က ပြန်ဖြေသည်။

ယှဉ်ပြိုင်ရမည့် အမျိုးသမီးတင်းနစ်ချန်ပီယံ နှစ်ယောက် ကွင်းထဲဆင်းလာ ကြသောကြောင့် ပရိသတ်၏ အော်ဟစ်နှုတ်ဆက်သံကြီးက ဆူညံသွားသည်။ ထို့ကြောင့် အယ်နီ မည်သို့မှတ်ချက်ချသည်ကို ဂျိမ်းစ်က မကြားလိုက် တော့ပါ။

ပြီးတော့ ပြိုင်ပွဲစသည်။ မွန်းလွဲ ၂ နာရီတိတိ ရှိချေပြီ။

* * *

'ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲကို ဖိတ်တဲ့အတွက် ကျေးဇူးတင်ပါတယ် ဘာပေး၊ အခု တစ်လော ကျွန်တော် နည်းနည်းကလေးမှ နားချိန်မရှိဘူးဗျာ၊ အလုပ်စားပွဲကနေ ခဏကလေး တောင်ထလို့မရနိုင်ဘူး'

ဘဏ်သဌေးကြီး ယိုးဘာရာက ဟာပေးကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားစိတ်ထဲမှာ အဲဒီလို ခံစားလာရပြီဆိုယင် အလုပ်က အနားယူလိုက်တာ အကောင်း ဆုံးပဲ'ဟု ဟာဗေးက ပြန်ပြောသည်။

'ကျွန်တော့်နေရာကို ဆက်ခံနိုင်မယ့်လူ အခုထက်ထိ မတွေ့သေးဘူး ဘဏ်တိုက်ဉက္ကဋ္ဌ တာဝန်တွေကို ကျွန်တော်ယူလာတာ ဆယ်နှစ်ကျော်သွားပြီ၊ ကျွန်တော့်နေရာကို ဆက်ခံနိုင်မယ့် အရည်အချင်းရှိတဲ့လူ ရှာရတာဟာ အခက်ခဲဆုံး အလုပ်ပဲ'

'ပထမပွဲ. . . မစွက်ကင်းက တစ်မှတ် သုညမှတ်နဲ့ ဦးဆောင်ပါတယ်'

'ကဲ. . . ဟာဗေး၊ အပျင်းပြေ တင်းနစ်ပြိုင်ပွဲကလေး ကြည့်ဖို့အတွက်တော့ ကျွန်တော့်ကို ခင်ဗျား ဖိတ်တာမဟုတ်ပါ ဘူးနော်'ဟု ယိုးဘာရာက မေးသည်။

'ခင်ဗျားက ဘာအကြောင်းကြောင့်လို့ ထင်နေသလဲ ယိုး'

'အလုပ်အကြောင်းကလွဲပြီး ဘာဖြစ်ရမှာလဲဗျာ'

'ကျွန်တော့်ငွေစာရင်းသုံးခုရဲ့ အခြေအနေတွေကို သိချင်တယ်၊ သိပြီးယင် နောက်သုံးလေး လမှာ ဘာတွေဆက်လုပ်ရမယ် ဆိုတာ ခင်ဗျားကို ကျွန်တော် ညွှန်ကြားချက်ပေးနိုင်လိမ့်မယ် ထင်တယ်'ဟု ဟာဗေးက ပြန်ပြောပြသည်။

'ပထမပွဲ. . . မစွက်ကင်းက နှစ်မှတ် သုညမှတ်နဲ့ ဦးဆောင် နေပါတယ်'

'ခင်ဗျားရဲ့ တရားဝင် ငွေစာရင်းနံပါတ် ၁ ထဲမှာ ဒေါ်လာ သုံးလေးထောင်လောက် လိုငွေပြနေတယ်'

ယိုးဘာရာက ထိုသို့ပြောယင်း သပ်သပ်ရပ်ရပ် ခေါက်ထားသော စာရွက်ကလေးတစ်ခုကို အိတ်ထဲမှထုတ်သည်။ ဂဏန်းများကို လက်နှိပ်စက်ဖြင့် ရိုက်ထားသည်။ သာမန်ကြည့်မည်ဆိုလျှင် ဘာစာရွက်ဖြစ်မည်ကိုမသိနိုင်။ ထိုစာရွက်ကလေးကိုဖြန့်ပြီး ယိုးဘာရာက ဆက်ပြောသည်။

'နဂိုကရှိနေတဲ့ ဒေါ်လာ ၃၇,၂၆,၀၀၀ ကုန်သွားပြီ၊ ဒါပေမယ့် ရွှေအောင်စပေါင်း ၃၇,၀၀၀ ခင်ဗျား ပိုင်နေတယ်၊ ဒီနေ့ ပေါက်ဈေးနဲ့ ပြန်ရောင်းမယ်ဆိုယင် တအောင်စကို ၁၃၅ ဒေါ်လာ ရမယ်'

'အဲဒါနဲ့ ပတ်သက်ပြီး ခင်ဗျား ဘယ်လိုအကြံပေးချင်သလဲ'

'ရွှေတွေကို ဆက်ထိန်းထားပါ ဟာဗေး၊ ခင်ဗျားတို့ အမေရိကန် သမ္မတက ရွှေစံချိန် စနစ်သစ်တစ်ရပ်ကို ကြေငြာလိမ့်မယ်ထင်တယ်၊ အမေရိကန်နိုင်ငံသားတွေ ရွှေ လွတ်လွတ်လပ်လပ် ဝယ်ခွင့်ကိုလဲပေးလိမ့်မယ်လို့ ထင်တယ်'

'ကျွန်တော်လဲ ဒီအတိုင်းထင်တယ်၊ ဒါပေမယ့် လူတွေ ရွှေနောက်ကို သဲကြီး မဲကြီး မလိုက်သေးခင် ကျွန်တော်တို့က ချရောင်းပစ်လိုက်ဖို့လိုတယ်





ဒါနဲ့ ပတ်သက်ပြီး ကျုပ်မှာ အတွေ့အကြုံတွေ အများကြီးရှိခဲ့ပြီးပြီ'

'ထုံးစံအတိုင်းပဲ ခင်ဗျား မှန်ပြန်ပြီလို့ ကျွန်တော်ထင်တယ် ဟာဗေး'

'ပထမပွဲ. . . မစွက်ကင်းက သုံးမှတ် သုညမှတ်နဲ့ ဦးဆောင် နေပါတယ်'

'ကျွန်တော့်ကို ထုတ်ချေးထားရတဲ့ ငွေပေါ်မှာ အတိုးနှုန်း ဘယ်လောက်သုံမှာလဲ ယိုး'

'၁-ခွဲ ရာခိုင်နှုန်းက သတ်မှတ်ထားတဲ့နှုန်းပဲ၊ ဒါပေမယ့် တစ်နှစ်ကို ၁၄-ဒသမ ၇၅ ရာခိုင်နှုန်းပဲ ကျွန်တော်တို့ယူပါမယ်၊ ရွှေဈေးက တစ်နှစ်ကို ရာခိုင်နှုန်း ၇၀ လောက် တက်နေတာပါ၊ နောက်ပြီးတော့ ရွှေတွေ ပြန်ရောင်းဖို့ အချိန်လည်း သိပ်စောင့်ရ တော့မှာ မဟုတ်ဘူးလေ'

'ကောင်းပြီ ယိုး၊ နိုဝင်ဘာ ၁ရက်နေ့အထိ ဒီအတိုင်းထိန်းထားပါ၊ ကျွန်တော်တို့ ပြန်ပြီးလေ့လာကြသေးတာပေါ့၊ ကျွန်တော့်ဆီက လျှို့ဝှက်သင်္ကေတနဲ့ပဲ တဲလက်စ်ရိုက်ပါ၊ ခင်ဗျားတို့ ဆွစ်ဇာလန်ဘဏ်တိုက်တွေသာ မရှိယင် ဒီကမ္ဘာကြီး ဘယ်လို လုပ်စခန်းသွားနေမယ် ဆိုတာ စဉ်းစားလို့တောင် မရတော့ဘူး'

'ဒါပေမယ့် ခင်ဗျားအနေနဲ့တော့ သိပ်ကိုသတိထားရလိမ့်မယ် ဟာဗေး၊ သိမ်လည်မှုတွေကို ဖော်ထုတ်ဖို့ ကျုပ်တို့ဆီမှာ စုံထောက်အဖွဲ့တွေကို အင်အားထပ်တိုးထားတယ်'

'ခင်ဗျား ကိစ္စအတွက် ခင်ဗျားပူပါ ယိုး၊ ကျွန်တော်ကလဲ ကျွန်တော့်အလုပ်အတွက်ပဲ ပူမယ်၊ ခင်ဗျားတို့ဆီက ငွေမက်တဲ့ အကောင်တွေကို ကျုပ်နိုင်ပြီဆိုတဲ့ တစ်နေ့မှာ ခင်ဗျားကို ပြောမယ်၊ ကဲ နေ့လယ်စာစားယင်း ပြိုင်ပွဲကြည့်ကြတာပေါ့၊ ကျန်တဲ့ ငွေစာရင်းတွေအကြောင်း ကိုတော့ ခဏနေတော့မှ ပြောတာပေါ့'

'ပထမပွဲ. . . မစွက်ကင်းက လေးမှတ် သုညမှတ်နဲ့ ဦးဆောင် နေပါတယ်'

'သူတို့နှစ်ယောက် အကြိတ်အနယ် စကားပြောနေကြတာပဲ တင်းနစ်ပြိုင်ပွဲကိုတောင် သိပ်ပြီးစိတ်ဝင်စားပုံမရဘူးနော်'

အယ်နီက ဂျိမ်းစ်ကို ကပ်ပြောသည်။

'ဝင်ဘယ်လ်ဒန် တင်းနစ်ကွင်းကြီးကို ပေါက်ဈေးနဲ့များ ဝယ်မလို့ ကြံစည်နေသလား မသိပါဘူးကွာ၊ ဟား. . . ဟား. . . လူတစ်ယောက်တည်းကိုပဲ နေ့တိုင်းထိုင်ကြည့်နေရတာတော့ လေးစားချင်သလိုလိုတောင် ဖြစ်လာပြီ၊ ကောင်တွေ့ခဲ့ဖူးသမျှ လူတွေထဲမှာတော့ အသိုက်အဝန်းကြီးကြီးနဲ့ ပိပိရိရိ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တတ်ဆုံးလူပဲ၊ အနားယူဖို့ ထွက်လာတဲ့အချိန်မှာတောင် အခုလို အလုပ်တွေ လုပ်နေတယ်ဆိုယင် သူတကယ်အလုပ်လုပ်တဲ့ နေ့တွေမှာ ဘယ်လိုများ နေမယ် မသိဘူး'

'ကျွန်မလဲ မစဉ်းစားတတ်တော့ဘူး မောင်'ဟု အယ်နီက ပြန်ပြောသည်။

'ပထမပွဲ. . . မစ္စမေ တစ်မှတ်စရပါပြီ၊ မစ္စက်ကင်း လေးမှတ် တစ်မှတ်နဲ့ ဦးဆောင် နေပါတယ်'

ဂျိမ်းစ်က ဟာပေးကို မှန်ပြောင်းဖြင့် လှမ်းကြည့်သည်။

'ဒီငတိကြီး ဒါလောက် ပြိုင်ပွဲကိုယ်လုံးဖြစ်နေတာ အံ့သြစရာတော့ မဟုတ်ပါဘူးကွာ၊ ဟိုမှာ ပလုတ်ပလောင်း စားနေတာကို ကြည့်စမ်းပါဦး အင်း. . . သူ စားနေတာကို မြင်တော့မှပဲ သတိရတော့တယ် အချစ်ရေ. . . မောင့်တို့စားဖို့ ဘာများယူလာသလဲ'

အယ်နီက လက်ကိုင်အိတ်ထဲမှာ ထည့်ယူလာသည့် နေ့လယ်စာ အထုပ်များကို ထုတ်ယူ သည်။ ဆင်းဒဝစ်များကို ဂျိမ်းစ်အား ကျွေးသည်။ သူကိုယ်တိုင်ကမူ တို့ကနန်းဆိတ်ကနန်း လုပ်နေသည်။

'ကျွန်မ တော်တော်ဝလာတယ်မောင်၊ ဒီအတိုင်းသာ ဆက်ဝနေမယ်ဆို ယင် နောက်အပတ်မှာ ဘယ်နည်းနဲ့မှ ကိုယ်ဟန်ပြလို့ ရမှာ မဟုတ်တော့ဘူး အဝတ်တွေလဲ ကျပ်ကုန်ပြီ၊ ကျွန်မ သိပ်ကို ပျော်နေလို့ အခုလို ဝလာတာ ဖြစ်မှာပဲ မောင်'

အယ်နီက ဂျိမ်းစ်၏ ဒူးကို ပုတ်ပြီး ပြောသည်။ ချစ်စရာ အပြုံးကလေး တစ်ခုကိုလည်း ပြုံးပြလိုက်သေးသည်။

'ဟုတ်လား. . . ဒီလိုဆိုယင် သိပ် အပျော်မကြူးလိုက်ပါနဲ့ ဦးကွာ၊ မင်း ပိန်နေတာကိုပဲ မောင် ပိုသဘောကျပါတယ်'

'ပထမပွဲ. . . မစ္စက်ကင်းက ငါးမှတ် တစ်မှတ်နဲ့ ဦးဆောင် နေပါတယ်'

'ပွဲက တဘက်စောင်းနင်းကြီး ဖြစ်နေတယ်ကွာ၊ ကွင်းဖွင့်စနေ့ တွေမှာ ဒီလိုပဲ ဘယ်တော့မှ ကြည့်လို့မကောင်းဘူး၊ လာကြည့်တဲ့ ပရိသတ်ကလဲ ချန်ပီယံတွေ ဘယ်လို ကိုယ်လုံး ကိုယ်ပေါက်မျိုး ရှိနေသလဲဆိုတာ သိချင်လို့ လာကြည့်ကြတာကများတယ်၊ မစ္စက်ကင်းကို အလွယ်တကူနဲ့ နိုင်နိုင်မှာ မဟုတ်ဘူး'

ဂျိမ်းစ်က အယ်နီကို ပြောပြသည်။

'ပထမပွဲငယ်မှာ မစ္စက်ကင်းက ခြောက်မှတ် တစ်မှတ်နဲ့ မစ္စမေကို အနိုင်ရ သွားပါတယ်၊ ဒါကြောင့် တစ်ပွဲ ပွဲမရှိနဲ့ မစ္စက်ကင်းက ဦးဆောင်နေပါတယ်'





ကျေးဇူးပြုပြီး အောလုံးအသစ် ပေးပါ၊ စ,ပေး တောက မစ္စမေရဲ့ အလှည့် ဖြစ်ပါတယ်'

'မောင်. . . ကျွန်မတို့က ဟိုလူကြီးကို တစ်နေ့လုံး ထိုင်ကြည့်နေကြရမှာ အားဟင်'ဟု အယ်နီက ဂျိမ်းစ်ကို ကပ်မေး ပြန်သည်။

'မဟုတ်ပါဘူး၊ သူဘယ်ကိုပြန်မယ်ဆိုတာ သေချာအောင်လုပ်ဖို့ပဲ လိုပါ တယ်၊ ဟိုတယ်ကို တန်းပြန်သွားမယ်ဆိုယင်တော့ အကြောင်းမဟုတ်ဘူး၊ ဒါပေမယ့် မောင်တို့အလစ်မှာ ဂျင်းပီယာ ရဲ့ ပန်းချီအရောင်းဆိုင်ထဲကို သူ ဝင်သွားယင် အားလုံးဒုက္ခ ဖြစ်ကုန်ပြီ၊ မဝင်ယင်လဲ ဒုက္ခဖြစ်ပြီပဲ၊ နောက်ထပ် ဒီလို အခွင့်အရေးမျိုး မောင်တို့ မရနိုင်တော့ဘူးလေ'

'သူ့ အစီအစဉ်တွေကို ပြောင်းပစ်ဖို့ ဆုံးဖြတ်လိုက်ယင် မောင်တို့ ဘယ်လိုလုပ်မလဲ'

'ဘုရားသခင်မှပဲ သိတော့မှာပဲ၊ မောင်တော့ ဘာမှ မပြောတတ်တော့ဘူး၊ မောင်တို့ ဂိုဏ်းမှာက စတီဖင်က ဆရာကြီးလေ၊ ဒါတွေ အားလုံး သူ့အကြံ အစည်ချည်းပဲ၊ ဒါကြောင့် ဘာလုပ်ရမယ်ဆိုတာ သူကပဲ စီစဉ်ပေးပါလိမ့်မယ်'

'ဒုတိယပွဲ. . . မစ္စက်ကင်းက တစ်မှတ် စ,ရပါတယ်၊ ဒါကြောင့် မစ္စက် ကင်းက တစ်မှတ် သုညမှတ်နဲ့ ဦးဆောင်နေပါ တယ်'

'မစ္စမေ သနားပါတယ်၊ သူကလဲ မောင့်လိုပဲ ကံမကောင်းရှာ ပါဘူးနော်၊ ဂျင်းပီယာရဲ့ အစီအစဉ်က ဘယ်လိုနေသလဲ၊ အဆင်ပြေဖို့ရော အလားအလာ ကောင်းရဲ့လား မောင်'

'အခြေအနေက နည်းနည်းတော့ ဆိုးနေတယ်၊ သူ့ဆိုင်နားကို ဟာပေး တစ်ခေါက်မှ မရောက်သေးဘူး၊ ကိုက်ပေါင်း သုံးဆယ်လောက်နီးတဲ့ နေရာအထိတော့ လျှောက်သွားတယ်၊ ဒါပေမယ့် အဲဒီနားရောက်တော့မှ တခြား ဘက်ကို လှည့်ပြီးထွက်သွားပြန်ရော၊ ဂျင်းပီယာကလဲ သနားပါတယ်၊ နှလုံးသွေး ခုန်ပြီး သေတော့မယ်၊ ဒါပေမယ့် မနက်ဖြန်တော့ အဆင်ပြေမယ်လို့ မျှော်လင့်ရ တာပဲ၊ ပစ်ကယ်ဒီလီမှာ ပြနေတဲ့ ပြပွဲကို သူ့အားရအောင် ကြည့်ပြီးယင် တော့ မောင်တို့ဘက်ကို လှည့်လာကောင်းပါရဲ့လို့ ထင်ရတယ်'

'မောင်တို့ လေးယောက် ဒေါ်လာတသန်းနဲ့ အသက်အာမခံထားယင် ကောင်းမယ် ထင်တယ်၊ အမွေစား အမွေခံကို အချင်းချင်း လှည့်ပေးထားပေါ့၊ ဒါမှ မောင်တို့ထဲက တစ်ယောက်ယောက် နှလုံးသွေးရပ်ပြီး သေသွားယင် ကျန်တဲ့သုံးယောက်က ငွေတသန်း ပြန်ရမှာ'

'ရယ်စရာမပြောပါနဲ့ အယ်နီရယ်. . . မောင်တို့ မရယ်နိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေတဲ့ သူ့ခြေလှမ်းတွေကြည့်ပြီး မောင်တို့အားလုံး ဘုရား တ,ယင် ရင်တမမနဲ့ စိတ်လှုပ်ရှားနေရတာ၊ ဘယ်ဆိုင်ခန်းထဲကို သူဝင်မယ်ဆိုတာ စောင့်ကြည့်နေရတဲ့ အလုပ်က ဘယ်လောက် စိတ်လှုပ်ရှားရတယ်ဆိုတာ ကိုယ်တွေ့ကြုံမှ မင်း သိမယ်'

ဂျိမ်းစ်က စိတ်ပျက်လက်ပျက်ဖြင့် ပြန်ပြောသည်။

'ဒုတိယပွဲ. . . မစ္စက်ကင်းက နှစ်မှတ် သုညမှတ်နဲ့ ဦးဆောင် နေပါတယ် တပွဲ ပွဲမရှိနဲ့လဲ အနိုင်ရထားပါတယ်'

'မောင့်ရဲ့ အစီအစဉ်ကရော ဘယ်လိုလဲ'

'ဘာမှ မစီစဉ်ရသေးဘူး၊ မောင်လဲ တစ်စက်မှ အသုံးမကျ တော့ဘူး နဂိုကတည်းက ဘာမှကြံစည်လို့ မရရတဲ့အထဲမှာ တခြားလူတွေရဲ့ အစီအစဉ် တွေ အောင်မြင်အောင် ဝိုင်းလုပ်ပေးနေရတာနဲ့ ကိုယ့်အတွက်ကိုယ် ဘာမှ မလုပ်နိုင်တော့ဘူး'

'သူ့ကို ကျွန်မအပိုင်ချိုင်ပြီး သိုက်တူးလိုက်ရယင် ဘယ်လို နေမလဲမောင်'

'ဒီအကြံမဆိုးဘူး၊ ဒါပေမယ့်သူ့ဆီကပေါင်တသန်းလောက်ရအောင် မင်းလုပ်ဖို့မလွယ် ဘူး ထင်တယ်၊ သူတည်းနေတဲ့ နေရာမှာ ကောင်မတွေ သိပ်ပေါတာ၊ တစ်ကောင်မှ ပေါင် ၃၀-ပဲ ပေးရတယ်၊ မင်းက သူ့ကိုချိုင်လို့ရ ပြီပဲထား၊ တနေ့မှ ပေါင် ၃၀-ရမယ်၊ မောင်ထည့်ထားတဲ့ အစုရှယ်ယာ တန်ဖိုးတွေ ပြန်ရအောင် ဆယ့်ငါးနှစ်လောက် လုပ်ယူရမယ်၊ ကျန်တဲ့အကောင် တွေက ဒါလောက်ကြာအောင် စောင့်နိုင်ကြမှာမဟုတ်ဘူး၊ ဆယ့်ငါးနှစ်ထား လို့ ဆယ့်ငါးရက်တောင် စောင့်နိုင်ကြမှာ မဟုတ်တာသေချာတယ်'

'ကျွန်မတို့ စဉ်းစားကြသေးတာပေါ့ မောင်ရယ်၊ မပူပါနဲ့၊ စိတ်အေးအေး သာထားပါ'ဟု အယ်နီက သူ့ကိုနှစ်သိမ့်သည်။

'ဒုတိယပွဲ. . . မစ္စမေ တစ်မှတ် စ,ရပါပြီ၊ ဒါကြောင့် မစ္စက် ကင်းက နှစ်မှတ် တစ်မှတ်နဲ့ ဦးဆောင်နေပါတယ်၊ တပွဲ ပွဲမရှိနဲ့ လဲ အနိုင်ရထားပါတယ်'

'အင်း. . . တော်ပါသေးရဲ့ . . . တော်ပါသေးရဲ့၊ ဒီအတိုင်း ဆိုယင် မစ္စမေက ဒီပွဲမှာ နိုင်ကောင်းပါရဲ့၊ နေ့လယ်စာတွေက ကောင်းလှချည့်လား ဟာဖေး'

နေ့လယ်စာထုပ်ကို ဖြေစားယင်း ယိုးဘာရာက ပြောသည်။

'ကလားရစ် ဟိုတယ်ရဲ့ စပါယ်ရှယ်လေ. . . တင်းနစ်ပြိုင်ပွဲကိုလဲ မကြည့် ရ၊ စားသောက်ခန်းထဲမှာလဲ လူတွေတရုံးရုံးနဲ့ ထိုင်စား နေရမှာစိုးလို့ အခုလို စီစဉ်ခိုင်းခဲ့ရတာ'





'မစ္စက်ကင်းကတော့ ဟိုကောင်မလေးကို အမဲဖျက်သလို ဖျက်နေပြီ၊ ...မေခမှာ တစ်မှတ် လောက်ရဖို့ မနည်းရိုက်နေရ တယ်'

'ကျုပ် ထင်ထားတဲ့အတိုင်း အတိအကျ ဖြစ်လာတာပါပဲဗျာ၊ ကဲ. . . ...း. . . ကျွန်တော့် ဒုတိယငွေစာရင်းအကြောင်း ပြောပါ ဦး'

ယိုးဘာရာက နောက်ထပ်စာရွက်ခေါက်ကလေး တစ်ခုကို ထုတ်ပြန် ...ည်။ စာစာက စာရွက်ကလေးလိုပင် ဘာတွေ ရေးမှတ်ထားမှန်း မသိနိုင် ...သာ စာရွက်ကလေး ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံမှ ဘဏ်သဌေးကြီးများသည် ထိုသို့သော အပြုအမူများ ...ကြောင့်လည်း ယခုလို ဘဏ်ဆမတန် အောင်မြင်နေ ကြခြင်း ဖြစ်လေသည်။ ...ဂုဏ်မှုနှင့် ပတ်သက်လာလျှင် အလွန်တိကျပြီး စည်းကမ်းလည်းကြီးသည်။ ...စီးပွားရေးသမားကြီးများ အားကိုး လောက်မည်ဆိုလျှင်လည်း ...အားကိုးလောက်ပါပေသည်။

'ဧပြီလ ၁-ရက်နေ့က အင်း. . . အဲဒီနေ့ကို ခင်ဗျားရွှေ့လိုက်တာပဲ၊ ခင်ဗျား ...ဒုတိယ ငွေစာရင်းထဲကို ဒေါ်လာ ၇၄,၈၆,၀၀၀ ခင်ဗျားထည့်ပေးလိုက်တယ် ...ဖေး၊ ဧပြီလ ၂-ရက်နေ့မှာ ခင်ဗျားရဲ့ ညွှန်ကြားချက်အရ ဒေါ်လာတသန်း ...မစ္စတာ ဆေးလ်ဗားမင်းနဲ့ မစ္စတာအယ်လီယော့တို့ နှစ်ယောက်နာမည်နဲ့ ...ကိုဒိုမီးနပ်စ်ဂျနေးရီးစ် ဘဏ်တိုက်ထဲကို ထည့်ပေးလိုက်ရပါတယ်၊ ရိုးဒီနီး ...ဘိတ် ကုမ္ပဏီက ငှားထားတဲ့ ရေနံတူးစက်အတွက် ဒေါ်လာ ၄၂၀,၀၀၀ ...ချေရတယ်၊ တခြားငွေ တောင်းခံလွှာတွေကိုပါ ရှင်းပေးလိုက်ရတဲ့အတွက် ...ဒေါ်လာ ၁၀၄,၁၁၂- ကုန်သွားပါတယ်၊ ဒါကြောင့် နောက်ဆုံးစာရင်း ...ကျန်ငွေဟာ ဒေါ်လာ ၈၇,၅၃,၃၁၆ ကျန်ပါတယ်'

'ဒုတိယပွဲ. . . မစ္စက်ကင်း သုံးမှတ် တစ်မှတ်နဲ့ ဦးဆောင် နေပါတယ်၊ ...စ်ပွဲ ပွဲမရှိနဲ့လဲ အနိုင်ရထားပါတယ်'

'သိပ်ကောင်းတယ်'ဟု ဟာဖေးက ပြောသည်။

'တင်းနစ်ကစားတာလား. . . ငွေစာရင်းကိစ္စလား'ဟု ယိုး ဘာရာက ...ည့်မေးသည်။

'နှစ်ခုစလုံးကို ပြောတာပါ၊ ကဲ. . . ယိုး. . . နောက် လေးငါးခြောက်ပတ် ...လောက်အတွင်း ကျုပ်ဒေါ်လာနှစ်သန်း လိုချင် တယ်၊ ကလီးရဲ့ ပန်းချီကား ...စ်ခုကို တွေ့ထားတယ်၊ တခြား ပန်းချီအရောင်းဆိုင်တွေကိုလဲ ကျုပ်သွားကြည့် ...ကျန်နေသေးတယ်၊ ပရော်စပက်တာ ရေနံကုမ္ပဏီက ဒါလောက် အောင်မြင် ...ဆိုတာများ စောစောကြိုသိခဲ့ရမယ်ဆိုယင် ဆုသ်ဘီဆိုင်က ဗင်ဂိုရဲ့ ပန်းကို



www.burmeseclassic.com

www.burmeseclassic.com



မနှစ်တုန်းက ကျွန်တော်မှယ်မိတယ်၊ နောက်ပြီး တော့ ပြိုင်မြင်းလဲ ထပ်ဝယ်ချင်တယ်၊ ကျွန်တော့်မှာ လက်ကျန် မြင်းတွေနည်းနေပြီ၊ နောက်ပြီးတော့ ကျုပ်ရဲ့ အကြီးမားဆုံး ရည်မှန်းချက်ဟာ ဆငွှမပြောက် ဂျော့ဘုရင်နဲ့ အယ်လိဇဘက် ဘုရင်မကြီးရဲ့ ဆုဖလားပွဲမှာ အနိုင်ရဖို့ပဲ၊ [ထိုစကားကို ဂျိမ်းစ်သာ ကြားလိုက်ရမည်ဆိုလျှင် .အကြီးအကျယ် မျက်လုံးပြူးသွားပေလိမ့်မည်]၊ ခင်ဗျား သိထားတဲ့အတိုင်းပဲ၊ အခုအချိန်အထိ ကျွန်တော့် မြင်းတွေ ပန်းဝင်နိုင်တာဟာ တတိယလောက်ပဲ ရှိသေးတယ်. ဒါလောက်နဲ့တော့ ကျေနပ်နေလို့ မဖြစ်သေးဘူး၊ ဒီနှစ်ပြိုင်ပွဲမှာတော့ ရိုစယ်လီဆိုတဲ့ ကျုပ် မြင်းနဲ့ ဝင်ပြိုင်မယ်၊ ကျုပ် လက်ကျန်မြင်းတွေထဲမှာတော့ အကောင်းဆုံးပဲ ဒီပွဲမှာ ကျုပ်ရှုံး ယင်တော့ ရှိနေတဲ့ မြင်းတွေအားလုံးကို ထုတ်ရောင်းပစ်ပြီး နောက်ထပ် မျိုးကောင်းတွေ စုဆောင်းရဦးမယ်၊ ဘာပဲဖြစ်ဖြစ် ဒီနှစ်တော့ သေချာပေါက်နိုင်မယ်လို့ တွက်ထားတယ်ဗျာ'

'ဒုတိယပွဲ. . . မစွက်ကင်းက လေးမှတ် တစ်မှတ်နဲ့ ဦးဆောင်နေပါတယ် တစ်ပွဲ ပွဲမရှိနဲ့လဲ အနိုင်ရထားပါတယ်'

'အင်း. . . ဒီအတိုင်းဆိုယင်တော့ မစွက်ကင်းပဲ နိုင်ဦးတော့မှာပဲ'ဟု ယိုးဘာရာက ပြောသည်။ 'နောက်သုံးလေးပတ်အတွင်း ခင်ဗျားအတွက် ဒေါ်လာနှစ်သန်းလွှဲပေးဖို့ ကျွန်တော့် လက်ထောက်တွေကို အကြောင်းကြားလိုက်ပါ့မယ်'

'ကျန်တဲ့ငွေတွေ ဒီအတိုင်း ငွေသေဖြစ်နေတာလဲ ကျုပ်မလိုချင်ဘူး ဒါကြောင့် နောက်နှစ်လသုံးလလောက် ဆက်ပြီး ရွှေတွေဆက်ဝယ်ပေးထားပါ ပြန်ရောင်းဖို့ အချိန်တန် ပြီဆိုယင် အကြောင်းကြားမယ်'

'ခင်ဗျား ဒါလောက် ဆေးပြင်းလိပ်တွေ ဖိသောက်နေယင်တော့ အဲဒီ ငွေတွေ ခင်ဗျားသုံး ခွင့်လဲရလိုက်မှာ မဟုတ်ပါဘူး ဟာဗေး'

'အိုး. . . လုပ်မနေစမ်းပါနဲ့ဗျာ၊ ခင်ဗျားက ကျုပ်ဆရာဝန်ကျနေတာပဲ နောက်နှစ်ကျယင် ကျုပ်အနားယူတော့မယ်ဆိုတဲ့အကြောင်း ခင်ဗျားကို ပြောပြတာ အကြိမ်တစ်ရာ မကတော့ဘူး၊ လုပ်ငန်းတွေ အားလုံးက ကျုပ်အနားယူလိုက်တော့မယ်'

'ဒါလောက် အပြိုင်အဆိုင် လုပ်နေရတဲ့ လုပ်ငန်းတွေကို လွယ်လွယ်ကလေးနဲ့ ခင်ဗျား ကျောခိုင်းသွားနိုင်မှာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျား ဘယ်လောက် ချမ်းသာနေပြီလဲဆိုတာ ကျုပ်စဉ်းစား ကြည့်တိုင်း ဦးနှောက်ခြောက်ရတယ်'

ထိုစကားကို ကြားသောအခါ ဟာဗေးက ရယ်သည်။





'ကျုပ်လဲ ခင်ဗျားကို ပြောပြတတ်မှာ မဟုတ်ဘူး ယိုး. . . အရစ္စတိုတယ် အိုနာဝစ်က ပြောတယ်မဟုတ်လား၊ ကိုယ့်လက်ထဲမှာ ဘယ်လောက် ချမ်းသာနေပြီဆိုတာ ရေတွက်နိုင်ယင် အဲဒီလူ လက်ထဲမှာ ဘာမှမရှိသေးဘူးလို့ ပြောရမယ်တဲ့'

'ဒုတိယပွဲ. . . မစွက်ကင်းက ငါးမှတစ် တစ်မှတ်နဲ့ ဦးဆောင် နေပါတယ်၊ တစ်ပွဲ ပွဲမရှိနဲ့လဲ အနိုင်ရထားပါတယ်'

'ခင်ဗျားသမီး ရိုစယ်လီကိစ္စရော ဘယ်လိုလုပ်ရမှာလဲ၊ သူ့မှာ ပြဿနာ တစ်ခုခု တက်လာပြီဆိုယင် သူ့ငွေစာရင်းတွေ ဘော့စ်တွန်မြို့ကို ပြောင်းပေးလိုက်ရမယ်ဆိုတဲ့ ခင်ဗျားရဲ့ ညွှန်ကြားချက်ကြီးက ဒီအတိုင်းရှိနေသေးတယ်နော်'

'ကျုပ် သမီး အခြေအနေကောင်းနေပါတယ်၊ ဒီနေ့ မနက်ပဲ ကျုပ်ဆီကို ဖုန်းလှမ်းဆက် သေးတယ်၊ သူ့မှာ အလုပ်ကိစ္စ ချိန်းထားပြီးသားရှိနေတဲ့အတွက် ကျုပ်နဲ့အတူတူ ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲ လာမကြည့်နိုင်တော့ဘူးလို့ ပြောတယ်၊ အမေရိကန် လူမျိုး တစ်ယောက်ယောက်နဲ့ သူလက်ထပ်လိုက်ယင် အားလုံးအဆင် ပြေသွားမှာပါဗျာ၊ သူ့ငွေစာရင်းကိုလဲ ပြောင်းနေစရာ မလိုတော့ပါဘူး၊ သူ့ကို တမ်းလှမ်းနေတဲ့လူတွေလဲ အများကြီးပါပဲ၊ ဒါပေမယ့် သူ့ကို ဘာကယ်ကြိုက်တာလား. . . ကျုပ်ငွေတွေကို မက်သလား ဆိုတာ မသေချာသေးဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ကျုပ်တို့ သားအဖ အယူအဆချင်း တော်တော်လွဲခဲ့ကြတယ်၊ အခုအချိန်အထိ ကျုပ်ကို သမီးက စိတ်ဆိုးမပြေသေးဘူး ထင်တယ်'

'ဒုတိယပွဲ ပြီးဆုံးသွားပါပြီ၊ မစွက်ကင်းက နှစ်ပွဲစလုံးကို ၆-၁၊ ၆-၁ နဲ့ အနိုင် ရသွားပါတယ်'

ဟာဗေး၊ ယိုး၊ ဂျိမ်းစ်နှင့် အယ်နီတို့သည် အခြားပရိသတ်များ နှင့်အတူ အမျိုးသမီး အားကစားနှစ်ယောက်ကို လက်ခုပ်တီး အားပေးကြလေသည်။

ဟာဗေးနှင့် ယိုးဘာရာက နောက်ထပ် ဆက်လက် ယှဉ်ပြိုင်သည့် နှစ်ယောက်တွဲပွဲကို ဆက်ကြည့်နေကြသည်။ ဂျိမ်းစ်နှင့် အယ်နီကလည်း ဆက်ကြည့်နေရသည်။

ဟာဗေးနှင့် ယိုးတို့နှစ်ယောက် ကလားရစ်ဟိုတယ်ကို ပြန်သောအခါကျမှ သူတို့နှစ်ယောက်လည်း ဂျိမ်းစ်၏ ကင်းလမ်း ရှိ အိမ်ခန်းသို့ ပြန်လာကြတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



'စတီဖင်... ငါ ပြန်ရောက်ပြီ၊ ဟာဗေးကတော့ ကလားရစ်၊ ဟိုတယ်ကို ပြန်အိပ်နေပြီ၊ မနက်ဖြန်မနက် ရှစ်နာရီခွဲမှာ ပြန်ဆုံမယ်'

'ကောင်းတယ် ဂျိမ်းစ်... မနက်ဖြန်တော့ တို့ ငါးမျှားချိတ်ကို သူဟပ်တော့မှာပါပဲကွာ'

'ဒီလိုပဲ ဆုတောင်းရတော့မှာပေါ့ သူငယ်ချင်းရာ'

ရေကျနေသည့်အသံကို ကြားရသဖြင့် အယ်နီ ဘယ်နေရာမှာ ရှိနေသည်ကို ဂျိမ်းစ်က ပင်ပင်ပန်းပန်း ရှာနေစရာမလိုပါ။ မီးဖိုချောင်ထဲသို့ ဝင်လာခဲ့သည်၊ သံဘရပ်ရှ်တစ်ခုနှင့် မီးဖိုခန်း ကြမ်းပြင်ကို အယ်နီက တိုက်ချွတ် ဆေးကြောနေသည်။

'မောင်ရေ... နေ့တိုင်း မောင့်ကို ရန်မတွေ့ချင်ပါဘူး၊ ဒါပေမယ့် ဒါလောက် ညစ်ပတ်တဲ့ မီးဖိုခန်းကြီးထဲမှာတော့ ကျွန်မ မချက်တတ် မပြုတ်တတ်ဘူး'

အခန်းဝမှာ သွားရပ်သော ဂျိမ်းစ်ကို အယ်နီက ဆီးပြောသည်၊

'သိပါတယ်ကွယ်၊ အိမ်ရှင်းတဲ့ အမျိုးသမီးက ရှင်းပြီးသား နေရာကလေးတွေကိုပဲ ဝတ်ကျေတန်းကျေ ရှင်းရှင်းသွားကြတယ်၊ ကြာလေ ပေါ့လျော့လာလေပဲ'

ဂျိမ်းစ်က ကုလားထိုင်မှာ ဝင်ထိုင်သည်၊ သွယ်လျသော အယ်နီ၏ ကိုယ်လုံးကလေးကို မြတ်နိုးစွာ ကြည့်နေမိသည်။

ထို့နောက် သူတို့နှစ်ယောက် အိပ်ခန်းထဲသို့ ရောက်လာကြသည်၊

'မောင့်အစီအစဉ်တွေ ဘယ်လို အခြေအနေ ရောက်နေပြီလဲ'ဟု အယ်နီက မေးသည်၊

'အခုလောလောဆယ် ဘာမှ မသိသေးဘူးကွာ၊ နောက် မိနစ်နှစ်ဆယ်လောက်ကျမှ ပြောပြတော့မယ်'

သူတို့နှစ်ယောက် နာရီဝက်လောက်ကြာအောင် တိတ်သွားကြသည်၊

'မောင် အပြင်ထွက်တော့၊ မီးဖိုထဲက ပေါင်မုန့်တွေ ကျွမ်းကုန်တော့မယ်၊ ကျွန်မ အိပ်ရာတွေ ရှင်းလိုက်ဦးမယ်'

'ရှင်းမနေပါနဲ့တော့ကွာ၊ ဒီအတိုင်းပဲ ထားလိုက်စမ်းပါ နောက်လဲ ပြန်ရှုပ်ကုန်ဦးမှာပဲ'

'ဒီအတိုင်းထားလို့ ဖြစ်မလား။ ညတုန်းကလည်း ကျွန်မ မအိပ်ရဘူး၊ စောင်ကို မောင်တစ်ယောက်တည်း ဆွဲခြုံထားတယ်၊ အားကြီး တစ်ကိုယ်ကောင်းဆန်တာပဲ၊ ဒီမှာဖြင့် ချမ်းလွန်းလို့ သေခဲပြီး သေတော့မယ်'





'ကဲ... မင်းလျှာရှည်ချင်တိုင်း ရှည်ပြီးယင် နာရီနှိုးစက်ကို မနက်ခုနစ်နာရီမှာ ပေးထားလိုက်'

'အို... ဘယ်က ခုနစ်နာရီလဲ၊ မောင်တို့ ချိန်းထားကြတာက ရှစ်နာရီခွဲ မဟုတ်ဘူးလား'

'သိပါတယ်ကွာ၊ မင်းတို့အတွက် ကြက်ဥထကြော်ပေးမလို့'

'တော်တော်တုံးတဲ့ ပြက်လုံးပဲ'

'ဟ... ဒါမရယ်ရဘူးလား'

'ရယ်ရပါတယ်ရှင်... ရယ်ရပါတယ်၊ ထွက်တော့ ဟိုမှာ ကျွမ်းကုန်တော့မယ်'

* * *

မနက် ၈ နာရီ ၂၉ မိနစ်တိတိအချိန်တွင် ကလားရစ် ဟိုတယ် အနီးတာဝန်ကျရာနေရာသို့ ဂျိမ်းစ်ရောက်လာသည်။ သူ့ဘက်က ဘာ အစီအစဉ်မှ တင်ပြမပေးနိုင်သေးမီ အခြားသူများ၏ အစီအစဉ် ချောချောမောမော အောင်မြင်စေရန် သူက ကြိုးစားပေးရပေမည်။

စတီဖင်နှင့် ရော်ဘင်တို့ နှစ်ယောက်ကို လမ်းလျှောက် ကြိုးမဲ့ကြေးနန်းကော်ဖြင့် အဆက်အသွယ် လုပ်သည်။ စတီဖင်က သတ်မှတ်ထားသည့်အတိုင်း ဘာကယ်လေ ပန်းခြံမှာ ရှိနေပြီး ရော်ဘင်က ဘွန်းလမ်းမှာ ရှိနေသည်၊

'ဂွဒ်မောနင်း... ညက အဆင်ပြေရဲ့လား'ဟု စတီဖင်က ပြန်မေးသည်၊

'မတရား အဆင်ပြေပေါ့ မောင်ရာ'ဟု ဂျိမ်းစ်က ပြန်ဖြေသည်၊

'ကောင်းကောင်းရော အိပ်လို့ ပျော်ရဲ့လား'

စတီဖင်က ထပ်မေးပြန်သည်။

'ယောင်လို့တောင် မနိုးပါဘူးဗျာ၊ အိပ်ပျော်လိုက်တာမှ တုံးကနဲပဲ'

'ဟော့ကောင်တွေ... မနာလိုချင်စရာ အကြောင်းတွေ စောစောစီးစီး ပြောမနေကြစမ်းနဲ့ကွာ၊ ဟာဗေးမက်ကော့ဖ် ကိစ္စကို အာရုံစိုက်'

ရော်ဘင်၏ အသံက သူတို့စက်ထဲမှာ ပေါ်လာသည်။

ဂျိမ်းစ်က သူတာဝန်ကျသည့် သိုးမွေးဆိုင်ရှေ့မှာ သွားရပ်သည်။ ရုံးခန်းများကို ရှင်းလင်းသည့် သန့်ရှင်းရေး အလုပ်သမားများ ထွက်လာကြသည်၊ အတော်ကလေးကြာတော့ ရုံးအမှုထမ်းများ သက်ဆိုင်ရာရုံးများသို့ အသီးသီး ရောက်လာကြသည်။

ဟာဗေးကတော့ သူ့ ထုံးတမ်းစဉ်လာအတိုင်း နံနက်စာစားခြင်း၊ သတင်းစာဖတ်ခြင်း၊ ရေချိုးခြင်း၊ အဝတ်အစားလဲခြင်းများကို ပုံစံမပျက် ပြုလုပ်နေသည်၊



www.burmeseclassic.com

www.burmeseclassic.com



မန္တေညာက အိပ်ရာမဝင်မီ ဘော့စ်တွန်မြို့မှာရှိသော ဇနီး အာလင်းက ဖုန်းလှမ်းဆက် သည်။

ယနေ့ မနက် နံနက်စာ စားနေတုန်းမှာတော့ သူ့သမီး ရှီစယ်လီက ဖုန်းလှမ်းဆက် ပြန်သည်။

အားလုံးပြီးစီးသွားသောအခါ အင်ပရက်ရှင်းနစ် ပန်းချီကား တစ်ချပ် ဝယ်ယူရေးအတွက် ပြင်ဆင်သည်။ သူ မကြည့်ရသေးသော ပန်းချီအရောင်း ဆိုင်များသို့ သွားကြည့်ရဦးမည်။

ကလားရစ်ဟိုတယ်မှ နံနက် ၉ နာရီ ၄၇ မိနစ် တိတိတွင် သူ ထွက်လာ ခဲ့သည်။

'အားလုံး အသင့်ပြင်'

ဂျိမ်းစ်က လမ်းလျှောက်စကားပြောစက်ဖြင့် ကျန်လူများ အားလုံးကို တပ်လှန့်လိုက်သည်။ စိတ်ကူယဉ်နေသော စတီဖင်နှင့်ရော်ဘင်တို့ နှစ်ယောက် ခေါင်းထောင်လာကြသည်။

'ဘရူတန်လမ်းထဲကို သူဝင်လာပြီ၊ အခု ဘွန်းလမ်းဘက် ကို ဦးတည် သွားနေတယ်'

ကလားရစ်ဟိုတယ်နှင့် အနီးဆုံးနေရာမှာတာဝန်ကျသည့် ဂျိမ်းစ်က ဟာဗေး၏ လှုပ်ရှား မှုများကို စတင် သတင်းပို့လိုက် သည်။

ဟာဗေးက ဘွန်းလမ်းအတိုင်း ခြေလှမ်းမှန်မှန်နှင့် လျှောက် လာသည်၊ ယမန်နေ့များက သူ ဝင်ကြည့်ခဲ့ပြီးဖြစ်သော ဆိုင်များကို ကျော်လျှောက် လာသည်။

ဂျိမ်းစ်က အသံလွှင့် စကားပြောခွက်ကလေးထဲသို့ ပြောပြန်သည်။

'ဂျင်းပီယာ. . . မင်း ဆိုင်ကိုရောက်ဖို့ ကိုက်ငါးဆယ် လောက်ပဲ လိုတော့ တယ်. . . အခု ကိုက်လေးဆယ်လောက်ပဲ လိုတော့တယ် သူ ဆက်လျှောက်နေ တယ်၊ ကိုက်သုံးဆယ်ပဲ လိုတော့တယ်၊ မင်းဆိုင်တည့်တည့်ကို သူတန်းတန်းကြီး လျှောက်လာနေပြီ၊ ကိုက်နှစ်ဆယ်. . . ဟာ. . . ခွေးသားကြီး. . . သွားပြန်ပါပြီ ကွာ၊ ဆုသ်ဘီဆိုင်ထဲကို ဝင်သွားပြီ၊ အဲဒီ ဆိုင်ထဲမှာ ချိတ်ထားတဲ့ ပန်းချီကား တွေက သူစိတ်ဝင်စားစရာမှ မရှိတာ၊ ဒီ ခွေးသားကြီး ဘာတွေ စိတ်ဝင်စား နေတယ်ဆိုတာ ငါမပြောတတ် တော့ဘူး'

စတီဖင်ရှိနေရာသို့ ဂျိမ်းစ် လှမ်းကြည့်သည်။ စတီဖင်က အသက်ပိုကြီး သည်ဟု ထင်ရအောင် မိတ်ကပ်လုပ်ထားသည်။ ချမ်းသာကြွယ်ဝသော လုပ်ငန်း ရှင်ကြီး ဂိုက်မျိုးဖမ်းကာ ဝတ်စားပြင်ဆင်ထားသည်။ သူ့မျက်မှန်နှင့် သူ့





အဝတ်အစား ပုံစံများကို ကြည့်ခြင်းအားဖြင့် ဂျာမနီ လူမျိုးတစ်ယောက်ဟု ထင်မှတ်ရ လောက်သည်။

အသံလွှင့်စက်ထဲမှာ စတီဖင်၏အသံပေါ်လာသည်။

'ဂျင်းပီယာရဲ့ ဆိုင်ထဲကို ငါဝင်တော့မယ်၊ ဂျိမ်းစ်. . . ဆုသ်ဘီဆိုင်ရဲ့ ဆိုဘက် ခပ်လှမ်းလှမ်းက ပလက်ဖောင်းပေါ်မှာ မင်း. . . နေရာယူပါ၊ ဆယ့်ငါးမိနစ်တစ်ကြိမ် သတင်းပို့၊ ရော်ဘင်. . . ဆုသ်ဘီဆိုင်ထဲကို မင်း ဝင်လိုက်သွား၊ ဟာဗေး ပါးစပ်ပေါက်နားမှာ ငါးများချိတ်ကို အသာထားပြီး နားပေတော့'

'ဟ. . . နဂိုက အစီအစဉ်ထဲမှာ အဲဒါမှ မပါပဲ စတီဖင်'

ရော်ဘင်က ပြန်အော်သည်။

'မင်း ဦးနှောက်ကလေး နည်းနည်းပါးပါး သုံးဦးမှပေါ့ကွ၊ ဒါလောက်မှ လေပ်ချင်ယင် ဂျင်းပီယာ နှလုံးရောဂါဖြစ်ပြီး အိပ်ရာထဲ လဲနေတာကို မင်း ထတမ်း ထိုင်ပြီး ကုပေးနေရလိမ့် မယ်၊ ဆေးကုခတော့ တပြားမှ ရမှာ မဟုတ်ဘူး၊ ဟုတ်ပြီလား'

'ဟုတ်ပါပြီကွာ'

ရော်ဘင်က စိတ်ဖျက်လက်ဖျက် ပြန်ပြောသည်။ ပြီးတော့ ဟာဗေးဝင် သွားသည့် ဆုသ်ဘီ၏ ပန်းချီဆိုင်ထဲသို့ ဟန်မပျက် ဝင်လိုက်သွားသည်။ အနီးဆုံး မှန်တစ်ချပ်မှာလည်း သူ့ကိုယ်သူ ကြည့်လိုက်သေးသည်။

အပေါ်ထပ်က အရောင်းခန်းနားမှာ ဟာဗေးရပ်နေသည်ကို တွေ့ရသည်။ သူနှင့် အနီးဆုံးနေရာသို့ရောက်အောင် ရော်ဘင်က မသိမသာချဉ်းကပ်သွား သည်။ ခင်းကျင်းပြသထားသော ပန်းချီကားများကို စိတ်ဝင်တစား ကြည့်နေ သည့် ပုံမျိုးလုပ်သည်။ ဟာဗေးအနား သို့ရောက်သောအခါ ဟာဗေးကြား လောက်အောင် သူ့ဘေးကလူကို ခပ်တည်တည် လှမ်းပြော သည်။

'ဒီမှာ ပြထားတဲ့ပန်းချီကားတွေကတော့ ကောင်းမှကောင်းပဲဗျာ၊ ဒါပေမယ့် ပန်းချီကား ရေးဆွဲနည်းကိုတော့ ကောင်းကောင်းအရသာမခံစားဘူး၊ ခေတ်ပေါ် ပန်းချီကားတွေပဲ ကြိုက်တယ်ဗျာ၊ ကျွန်တော်တို့ သတင်းစာဖတ်ပရိသတ် အတွက် ဒါတွေကို လိုက်ကြည့်ပြီး ရေးပေးနေရတာ'

'ပန်းချီကား လေလံပွဲတွေ အားလုံးကို ခင်ဗျားရောက်တာပဲလား'

ရော်ဘင်၏ စကားကြောင့် သူ့ဘေးမှလူက ခေါင်းထောင်သွားသည်။ ဟာဗေး သေသေ ချာချာ ကြားလိုက်ရမည်မှာလည်း သေချာသည်။

'ကျွန်တော့်သတင်းစာဖတ် ပရိသတ်အတွက် ရေးပေးနေရတော့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သည်ရှိ မကြိုက်သည်ရှိ အားလုံးလိုလိုကို ရောက်အောင်သွားရတော့တာ ပေါ့ဗျာ၊ ဒီဆိုင်မှာရှိတဲ့ ပန်းချီမျိုးကတော့ ဆိုင်တိုင်းမှာရှိတာပဲဗျာ၊ ဒါပေမယ့် ကျုပ်ဒီနေ့မနက်ပဲ သတင်းတစ်ခုကြား ထားတယ်၊ လာမန်းပန်းချီဆိုင်မှာ အင်မတန်ကြီးကျယ် တဲ့ အင်ပရက်ရှင်းနစ် ပန်းချီကားကြီး တစ်ခု ရှိနေတယ်လို့ သူတို့လက်ထောက်တစ်ယောက်က ကျွန်တော့်ကို ပြောလိုက်တယ်'

ရော်ဘင်က ထိုစကားကို ဟာဗေး၏နားထဲသို့ တည့်တည့် ဝင်သွားအောင် ပြောထည့် လိုက်သည်။ ပြီးတော့ နောက်သို့ အနည်းငယ်ဆုတ်ပြီး ဟာဗေး၏ တုံ့ပြန်မှုကို မသိမသာ ကြည့်နေမိလေသည်။

ခဏအကြာမှာပင် သူမျှားလိုက်သော ငါးမျှားချိတ်ကို ဟာဗေး ဟပ်တော့မည်ဖြစ်ကြောင်း အကဲခတ်မိလေတော့သည်။ ဟာဗေးသည် ဆုသ်ဘီဆိုင်ထဲမှ အပြင်ထွက်သွားသည်။ ရော်ဘင်က ခဏစောင့်နေသေးသည်။ ပြီးတော့မှ ဟန်မပျက် ထွက်လာခဲ့သည်။

အပြင်မှာ စောင့်နေသော ဂျိမ်းစ်ကလည်း ဆယ့်ငါးမိနစ် တစ်ကြိမ်ကျ သတင်းပို့ရမည်ဆိုသောကြောင့် သူ့ ကြေးနန်းစက် ဖြင့် မှန်မှန်သတင်းပို့နေသည်။

'ဆယ်နာရီခွဲပြီ၊ သူ့ အရိပ်အရောင်ကို မတွေ့ရသေးဘူး'

'ဆက်စောင့်ပါ'

'ဆယ်နာရီ လေးဆယ့်ငါးမိနစ်. . . အခုအချိန်အထိ မမြင်သေးဘူး'

'စိတ်ရှည်ရှည်ထားပါ'

'ဆယ့်တစ်နာရီထိုးပြီ၊ ဆိုင်ထဲမှာပဲ သူ ရှိနေသေးတယ်'

'သည်းခံစောင့်ပါ'

'ဆယ့်တစ်နာရီနဲ့ ဆယ့်နှစ်မိနစ်. . . အားလုံးအသင့် ပြင်. . . အားလုံး အသင့်ပြင်'

ဂျိမ်းစ်က ထိုမျှသာပြောပြီး ဂျင်းပီယာ၏ဆိုင်ထဲသို့ ကတိုက်ကရိုက် ဝင်ပြေးလာခဲ့သည်။

ဂျင်းပီယာက ဂရေဟမ်ဆူသာလင်၏ ရေဆေးပန်းချီကားကို အလုပ်ခန်းထဲမှ ဖြုတ်ယူလိုက်ပြန်သည်။ ထိုနေရာမှာ ကမ္ဘာကျော် ပန်းချီဆရာကြီး ဗင်ဂိုး၏ ပန်းချီကားကြီးကို အစားထိုးချိတ်လိုက်သည်။

သူတို့၏ သားကောင်ကလည်း ဂျင်းပီယာ၏ ဆိုင်ဘက်သို့ ဘွန်းလမ်း အတိုင်း တန်းတန်း မတ်မတ် လျှောက်လာသည်။

အဆိုပါ ဗင်ဂိုး၏ ပန်းချီကားကြီးကို ရေးဆွဲသူမှာ ဒေးဗစ် စတိန်း





ဖြစ်သည်။

ဒေးဗစ်စတိန်းသည် ကမ္ဘာကျော် အင်ပရက်ရှင်းနစ် ပန်းချီ ကားပေါင်း သုံးရာကျော်ကို အောင်မြင်စွာ အတုရေးဆွဲခဲ့သူ ဖြစ်သည်။ ထိုသို့ အတုများ ရေးဆွဲပြီး ရောင်းချခဲ့သောကြောင့်လည်း ဒေါ်လာ ၈၆၃,၀၀၀ ရရှိခဲ့ပြီး ဖြစ်လေသည်။

၁၉၆၉-ခုနှစ်တုန်းက နယူးယောက်မြို့ မက်ဒီဆန်စကွဲယားတွင် ပန်းချီ ပြပွဲကြီးတစ်ခု ကျင်းပခဲ့ဖူးသည်။ ဒေးဗစ်စတိန်းကလည်း ထုံးစံအတိုင်း ချာဂေါ၏ ပန်းချီကားတစ်ချပ်ကို အတုရေးဆွဲတင်သည်။

သို့သော် ဒေးဗစ်စတိန်းကံဆိုးသွားလေသည်။ ကမ္ဘာကျော် ပန်းချီ ဆရာကြီး ချာဂေါ ကိုယ်တိုင် နယူးယောက်မြို့သို့ ရောက်နေကြောင်းကို သူမသိလိုက်။ ပန်းချီပြပွဲသို့ ချာဂေါ ကိုယ်တိုင် လာကြည့်ပြီး သူ့ပန်းချီကား အတုကြီးကို တွေ့သွားလေသည်။ ချက်ချင်းတရား စွဲသည်။ ထိုကစပြီး ပြဿနာများ ရှုပ်သွားတော့ သည်။

ဒေးဗစ်စတိန်းသည် ချာဂေါ၏ ပန်းချီကားအတုကြီး တစ်ချပ်ကိုဆွဲကာ ဒေါ်လာ ၁၀၀,၀၀၀ ဖြင့်လည်း အောင်မြင်စွာ ရောင်းခဲ့ဖူးပြီ။ သူရေးဆွဲသော ချာဂေါ၏ကားများ၊ ပီကာဆို၏ ကားများ၊ မိုနေ၏ကားများ၊ စေးဇန်း၏ ကားများကို အမှန်တကယ် ထင်ပြီး ဝယ်ယူသွားကြသူတွေလည်း အနမတဂ္ဂ ရှိသည်။

ယခုလောလောဆယ်မှာတော့ ပန်းချီကားအတုများကို သူမဆွဲတော့ပါ။ ရိုးရိုးသားသားပင် အင်ပရက်ရှင်းနစ်ပန်းချီကား များကို ဆက်လက်ရေးဆွဲနေသည်။ ထိုကားများပေါ်တွင်လည်း ဒေးဗစ်စတိန်းဆိုသော သူ၏ကိုယ်ပိုင်လက်မှတ်ကို ရေးထိုးရောင်းချနေသည်။ သူ့လက်ရာများက ကောင်းပြီးသားမို့ သွက်သွက် ရောင်းနေရသည်။ ထိုဝင်ငွေဖြင့်ပင် မတောင့်မတ နေနိုင်သည့် အဆင့်ရှိနေသည်။

ယခုကိစ္စမှာတော့ ဒေးဗစ်စတိန်းကိုပင် ဂျင်းပီယာက အကူ အညီတောင်းတော့သည်။ ပရော်စပက်တာ ရေနံကုမ္ပဏီကို အကြောင်းပြုပြီး သူတို့ လိမ်ခံလိုက်ရသည့်အကြောင်းကို ဂျင်းပီယာက ရှင်းပြသည်။ သူတို့ နှစ်ယောက် နှစ်ပေါင်းများစွာ ပေါင်းသင်းဆက်ဆံလာကြပြီး ခင်မင်ရင်းနှီး ရှိသည်တကြောင်း၊ ဂျင်းပီယာ၏ ကျေးဇူးများလည်း ရှိသည်တကြောင်းတို့ကြောင့် ဒေးဗစ်စတိန်းက ကူညီရန်သဘောတူသည်။

ဗင်ဂိုး၏ကားတကားကို ရေးဆွဲပေးပြီး အောက်တွင် ဗင်ဂိုး လက်မှတ်ထိုး



www.burmeseclassic.com

www.burmeseclassic.com



နေကျအတိုင်း 'ဗင်းဆင့်'ဟူလည်း လက်မှတ်ရေးထိုး ပေးလိုက်သည်။ ထိုသို့ ရေးဆွဲခအဖြစ် ဂျင်းပီယာက ဒေါ်လာ ၁၀,၀၀၀ သူ့ကိုပေးသည်။

ထိုကိစ္စအတွက် ဂျင်းပီယာကလည်း စိတ်ရှည် လက်ရှည် သုတေသန လုပ်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီတုန်းက ဂျာမနီနိုင်ငံ ဘာလင်ပြတိုက်တွင် ဗင်ဂိုး ၏ပန်းချီကားကြီးသုံးကား ချိတ်ဆွဲထားခဲ့ဖူးသည်။ ပန်းချီကားနံပါတ် ၄၈၅-ချစ်သူများ၊ ပန်းချီကားနံပါတ် ၆၂၈-ကောက်ရိတ်ချိန်နှင့် ပန်းချီကား နံပါတ် ၇၆၆-ဒူဘီနီ ပန်းဥယျာဉ် အမည်ရှိသော ကားသုံးကားဖြစ်သည်။

စစ်အတွင်းမှာပင် ထိုကားသုံးကား ပျောက်ဆုံးသွားသည်။ အခိုးခံရ သလိုလို၊ ပျက်စီးသွား သလိုလို၊ ဟစ်တလာကိုယ်တိုင်က စစ်ရန်ပုံငွေလိုနေသော ကြောင့် သူ့တပည့်များအား ရောင်းခိုင်းခဲ့ သလိုလို မရေမရာ သတင်းတွေကို သာ ကြားရသည်။

စစ်ပြီးသွားသောအခါ 'ဒူဘီနီ၏ ပန်းဥယျာဉ်'အမည်ရှိ ပန်းချီ ကားကို နယူးယောက်မြို့မှာ ဘွားကနဲတွေ့ရသည်။ အစစ် ဟုတ်မဟုတ် အငြင်းပွား နေကြသည်။ နောက်ဆုံးတွင် တိုကျို နီချီဒို ပန်းချီအရောင်းဆိုင်က ထိုကားကို ဝယ်ယူသွားသည်။

ကျန်သည့် ကောက်ရိတ်ချိန်နှင့် ချစ်သူများပန်းချီကားနှစ်ချပ် ကိုတော့ စုံစမ်း၍ မရတော့ပေ။ ဘာဖြစ်သွားသည်ကိုလည်း မည်သူမှ အတိအကျ မပြောနိုင်။ သို့သော် ကတ်တလောက်ထဲ မှာတော့ ထိုပန်းချီကားပုံများ ရှိနေသည်။ ဆေးရောင်စုံမဟုတ်ပါ။ အဖြူအမည်း ကူးယူထားခြင်း ဖြစ်သည်။

ဘာလင်မြို့နှင့် ဟိတ်မြို့များတွင်ရှိနေသော ပန်းချီပါရဂူကြီး နှစ်ယောက်ဆီသို့ ဖုန်းဆက်ပြီး ထိုအကြောင်းများကို စုံစမ်းခဲ့သည်။

အားလုံးပြီးသောအခါ "ကောက်ရိတ်ချိန်"ပန်းချီကားကို အတုရေးဆွဲရန် ဆုံးဖြတ်သည်။ ဒေးဗစ်စတိန်းအား အဖြူအမည်း ပုံကိုပြသည်။ ဗင်ဂိုးရေးဆွဲ နည်းများ၊ အရောင်သုံးစွဲပုံများကိုလည်း ဒေးဗစ်စတိန်းက ကောင်းကောင်းသိ ထားသည်။ ထို့ကြောင့် ဘာ အခက်အခဲမှ မပေါ်ပါ။

သတင်းအစအန ကလေးမျှပင် မရတော့လောက်အောင် ပျောက်ဆုံး နေသော ဗင်ဂိုး၏ "ကောက်ရိတ်ချိန်"ပန်းချီကားကြီး ရက်သတ္တခြောက်ပတ် အတွင်း အောင်မြင်စွာ ရေးဆွဲပြီးစီး သွား တော့သည်။

ဂျင်းပီယာက ဗင်ဂိုးကိုယ်တိုင် ၁၈၈၉-ခုနှစ်က ရေးဆွဲခဲ့သော ပန်းချီကား ဟောင်းနှင့် တူအောင် လေးရက်တိုင်တိုင် ဖာရင်ဟိုက် ဒီဂရီ ၈၅-အပူချိန်





ပေးထားသည်။ အလွန်ခန့်ညား ထည်ဝါသည့် ဘောင်တပ်သည်။ ပန်းချီကား၏ နောက်ဘက်မှာ လိုအပ်သော အမှတ်အသား ပြုလုပ်သည်။

ဟာဗေးမက်ကော့ဖ်ကို အပိုင်ချည်ဖို့ ပန်းချီကားကြီး ပြီးပြည့်စုံ သွားလေတော့သည်။

ဆုသ်မန်းချီဆိုင်ထဲမှာ သတင်းထောက်တစ်ယောက် ပြော လိုက်သည့် စကားအရ ဟာဗေးက လာမန်းပန်းချီပန်းပု အရောင်း ဆိုင်သို့ တန်းတန်း မတ်မတ်လျှောက်လာသည်။

ဆိုင်နှင့် ငါးပေခန့်အကွာသို့ရောက်သောအခါ ပြခန်းထဲမှာ ချိတ်ထား သော ပန်းချီကားကြီး တစ်ချပ်ကို တစ်စုံတစ်ယောက် က ဖြုတ်ယူသွားသည်။

ဟာဗေးမှာ သူ့မျက်စိကိုပင် သူမယုံကြည်နိုင်လောက်အောင် ဖြစ်သွား သည်။

ဗင်ဂိုး၏ ပန်းချီကားဖြစ်ပါသည်။ ဘာမှ ယုံမှားသံသယ ဖြစ်နေစရာ အကြောင်း မရှိပါ။ "ကောက်ရိတ်ချိန်" အမည်ရှိ ပန်းချီကား ဖြစ်သည်။ ထိုပန်းချီကား အကြောင်းကို သူ ကောင်း ကောင်း သိထားသည်။

ယခုတော့ သူ့မျက်စိနှင့် တပ်အပ်မြင်လိုက်ရသော ဗင်ဂိုး၏ "ကောက်ရိတ်ချိန်" ပန်းချီကားကြီးကို ပြခန်းထဲမှာ ၂-မိနစ်မျှသာ ပြထားပြီး ချက်ချင်းဖြုတ် သွားသည်မှာ ဘာသဘောနည်း။

ဟာဗေးက ဆိုင်တွင်းသို့ မပြေးရုံ တမည် တက်သုတ်ရိုက် ဝင်လာခဲ့သည်။

ဆိုင်ရှင် ဂျင်းပီယာလာမန်းသည် စတီဖင်၊ ဂျိမ်းစ်တို့နှင့် ခေါင်းချင်းဆိုင်ပြီး အရေးတကြီး စကားပြောနေကြသည်။ ဆိုင်ထဲ သို့ အူယားဖားယားနှင့် ဝင်လာသော ဟာဗေးကို မည်သူကမှ သတိမထားမိသယောင် ဟန်ဆောင် နေကြသည်။

စတီဖင်က လေ့ကျင့်ထားသည့်အတိုင်း ဂျာမန်သံ ဝဲဝဲဖြင့် အင်္ဂလိပ်လို ပြောသည်။

'ဂိနီ တသိန်းခုနှစ်သောင်းဆိုတာတော့ များပါတယ်ဗျာ၊ ပန်းချီကားက ကောင်းနေတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ၁၉၃၇-ခုနှစ်တုန်းက ဘာလင် ပြတိုက်က ပျောက်ဆုံးသွားတဲ့ ပန်းချီကား ဖြစ်ကြောင်း ခင်ဗျား အာမခံ နိုင်ရဲ့လား"

'ဒါလောက်သေချာတာ ဘာရှိဦးမလဲဗျာ၊ ဟောဒီကျောဘက်မှာ ကြည့် ပါဦး တံဆိပ်တုံး တွေ၊ အမှတ်အသားတွေ အထင်အရှား ပါနေတာပဲ၊ မူလ ပိုင်ရှင် ဘာဟိန်းဂျွန်းက ၁၉၂၇-ခုနှစ်မှာ ဂျာမနီအစိုးရကို ရောင်းလိုက်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အမှတ်အသားတွေ• အတိအကျ ပါတယ် လေဗျာ၊ ၁၈၉၀-ခုနှစ်မှာ ဗင်ဂိုးကိုယ်တိုင် ရောင်းလိုက်တာ ၊ ဒါလဲအမှတ်အသားတွေ ပါနေတာပဲ။ ဒီကားကို ဆွဲပြီးတာက ၁၈၈၉-ခုနှစ်မှာ၊ ဒီမှာ ကြည့်ပါခင်ဗျာ၊ ဒုတိယ ကမ္ဘာ့စစ် ဖြစ်နေတုန်း ဗရုတ်ဗရက် ကာလမှာ အလုခံသွားရတာနဲ့ တူပါတယ်'

ဂျင်းပီယာကလည်း အတည်ပေါက် ပြန်ရှင်းပြနေသည်။

'ခင်ဗျားလက်ထဲကို အဲဒီပန်းချီကား ဘယ်လိုလုပ်ရောက်လာတာလဲ' စတီဖင်က ဂျာမန်သံဝဲဝဲဖြင့် မေးပြန်သည်။

'အင်္ဂလိပ် မင်းဆွေမင်းမျိုး တစ်ယောက်က သူ့ကိုယ်ပိုင် ပန်းချီခန်း အတွက် ဝယ်ထားတာပါ၊ သူ့ဆီက ကျွန်တော် ပြန်ဝယ်တာပါ၊ ဒါပေမယ့် သူ့ နာမည်ကိုတော့ ဖော်မပြောဖို့ ကျွန်တော်တို့ သဘောတူညီချက် ထားခဲ့ ရပါတယ်'

'ဒီအတိုင်းဆိုယင်တော့ ကောင်းပါပေ့ဗျာ၊ ဒါပေမယ့် ညနေ လေးနာရီ လောက်အထိ ခင်ဗျားစောင့်စေချင်ပါတယ်၊ ဂီနီ တသိန်းခုနှစ်သောင်းကို ဒရက်စ်နာ ဘဏ်တိုက်က ကျွန်တော်ထုတ်ယူရမှာ မို့လို့ပါ၊ အဲဒီအချိန်လောက် အထိ ခင်ဗျားဘက်က စောင့်နိုင်ပါ့ မလား'

'စောင့်ရမှာပေါ့ ခင်ဗျာ၊ ရောင်းပြီးကြောင်း အနီဝိုင်းကလေး ကပ်ထား လိုက်ပါ့မယ်'ဟု ဂျင်းပီယာက ပြန်ပြောသည်။

သားသားနားနား ဝတ်ထားသော ဂျိမ်းစ်က စတီဖင်နားသို့ ကပ်သွားသည်။

'ဗင်ဂိုးဆွဲခဲ့တဲ့ ကားတွေထဲမှာတော့ အကောင်းဆုံး ကားလို့ တောင် ဆိုနိုင်လောက်ပါပေ တယ်ဗျာ'ဟု ဂျိမ်းစ်က စတီဖင်ကို လှမ်းပြောသည်။

'ဟုတ်ပါတယ်၊ ကျွန်တော်လဲ ဆုသဘီဆိုင်ထဲကို ရောက်တုန်း အဲဒီအ ပြောပြလိုက်လို့ တန်းလာခဲ့တာပါပဲ'

ဂျိမ်းစ်က နောက်နားသို့ မသိမသာဆုတ်သွားသည်။ သူက ပွဲစားအဖြစ် တာဝန်ယူရ သည်ဖြစ်သောကြောင့် သည်ထက်ပိုပြီး အာလူးများနေလျှင် မကောင်း။ ထိုအချိန်ကလေးမှာပင် ရော်ဘင်က ဆိုင်ထဲသို့ ဝင်လာသည်။ ဘောင်းဘီအိတ်ထဲမှ ဂါဒီယန် သတင်းစာကို ဆွဲထုတ်သည်။

'မစ္စတာ လာမန်း. . . မင်္ဂလာပါ၊ ဗင်ဂိုးရဲ့ ပန်းချီကား တစ်ချပ် ခင်ဗျား ဆိုင်မှာ ရှိနေတယ်ဆိုတဲ့ သတင်းတစ်ခု ဆုသဘီ ဆိုင်က ကြားခဲ့လို့၊ အဲဒီကား က ရုရှပြည်မှာပဲ ရှိနေတယ်လို့ ကျွန်တော်ထင်နေတာဗျာ၊ ဒီကားကြီး ခင်ဗျား လက်ထဲ ဘယ်လို ရောက်လာတယ်ဆိုတဲ့ သမိုင်းကြောင်းလေး မနက်ဖြန် သတင်းစာထဲမှာ ရေးထည့်ချင်ပါတယ်၊ ခင်ဗျား ခွင့်ပြုနိုင်ပါ့မလား'





ရော်ဘင်က ဂျင်းပီယာကို တည့်တည့်သွားမေးသည်။

'ဝမ်းသာစရာကြီးပေါ့ဗျာ၊ ဒါပေမယ့် ပန်းချီကားကို ကျွန်တော် ရောင်းပြီး သွားပြီဗျ၊ ဝယ်တဲ့လူကတော့ ဟောဒီက ဟားဒရိဇာပါပဲ၊ ဂျာမနီနိုင်ငံမှာ အင်မတန် နာမည်ကြီးတဲ့ ပန်းချီကုန်သည်ကြီး တစ်ဦးပေါ့၊ ဂီနီ တသိန်းခုနှစ် သောင်းနဲ့ ကျွန်တော်တို့ အရောင်း အဝယ် ဖြစ်သွားပါတယ်'

'တန်ပါတယ်. . . အင်မတန် တန်ပါတယ်၊ ဗင်ဂိုးရဲ့ "ရီဗော အပျိုစင်" ဆိုတဲ့ ပန်းချီကားကို ဒီလန်ဒန်မှာပဲ ကျွန်တော်တွေ့ခဲ့ဖူး တယ်။ အဲဒီ အချိန်ကစပြီး တွေ့ဖူးခဲ့သမျှတွေထဲမှာ တော့ ဒီကားဟာ အကောင်းဆုံးပဲဗျာ၊ ဒီလို သမိုင်းဝင် ပန်းချီကားမျိုးကို ကျွန်တော့်ဆိုင်မှာတင်ပြီး ရောင်းခွင့်မရ လိုက်တာတော့ တဖူ မကဘူး၊ ဆယ်ဖူလောက် နာသွားတယ်၊ မစ္စတာဒရိဇာ . . . ခင်ဗျားကတော့ သိပ်ကို ကံထူးတဲ့သူပါပဲ၊ တကယ်လို့ ပြန်ရောင်းဖို့များ စိတ်ကူးတယ်ဆိုယင် ကျွန်တော့်ကို အယင်ဆုံး အသိပေးပါဗျာ၊ ခင်ဗျား ဆောင်းတဲ့ ဈေးမငြင်းပါဘူး"

ဂျိမ်းစ်က အတည်ပေါက် ဝင်ပြောယင်း သူ၏လိပ်စာ ကတ်ပြားကလေးကို စတီဖင်၏ လက်သို့ တမ်းပေးလိုက်လေ သည်။

ဂျင်းပီယာက ဂျိမ်းစ်၏ အမူအရာကိုကြည့်ပြီး အကဲခတ်နေသည်။ အလွန် သရာ မှင်သေသည်ကို တွေ့နေရသည်။ ထို့ကြောင့်လည်း သူ့အရည် အချင်းကို အထင်ကြီးလိုက်မိ လေသည်။

ရော်ဘင်က မှတ်စုစာအုပ်ထုတ်သည်။ ဂျင်းပီယာကို လှမ်းမေးယင်း မှတ်စုစာအုပ်ထဲမှာ ရေးမှတ်နေသည်။ လက်ရေးတို နှင့် ရေးမှတ်နေပုံမျိုး ဖြစ်သည်။

'အဲဒီပန်းချီကားကို ဓာတ်ပုံရိုက်ထားတာများ မရှိဘူးလား မစ္စတာ လာမန်း'

'သိပ်ရှိတာပေါ့ဗျာ၊ ဒါလောက်ကြီးကျယ်တဲ့ ပန်းချီကားကို ဓာတ်ပုံ ရိုက်မထားပဲ နေပါ့မလား'

ဂျင်းပီယာက အံဆွဲကိုဖွင့်သည်။ ရောင်စုံဓာတ်ပုံ တစ်ခုကို ထုတ်သည်။ ဓာတ်ပုံတွင် လက်နှိပ်စက်ဖြင့် သပ်ရပ်စွာ ရိုက်ထားသော ပန်းချီကား အကြောင်း ဖော်ပြချက်ပါ ပူးတွဲထားလေ သည်။ ရော်ဘင်ကို ဓာတ်ပုံလှမ်းပေး သည်။

'လာမန်းဆိုတဲ့ နာမည်စာလုံးပေါင်းကလေးကိုတော့ မမှားပါစေနဲ့ဗျာ၊ ချုပ်အမည်ကို ပြင်သစ်မော်တော်ကား ပြိုင်ပွဲ နာမည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အမြတ်မှားရေးတာခံရဖန်များတော့ တော်တော် စိတ်ကုန်နေပြီ'

ဂျင်းပီယာက ရော်ဘင်ကို လှမ်းပြောပြီး စတီဖင်ဘက်သို့ လှည့်သွား ပြန်သည်။

'ကျွန်တော်တို့ စကားကောင်းနေတာကို ရပ်စောင့်နေရတာ အားနာ လိုက်တာ ဟာဒရီ၊ ကျွန်တော်တို့ ဒီပန်းချီကားကို ဘယ်လို ပို့ပေးရမလဲ ခင်ဗျာ'

'မနက်ဖြန် မနက်ကျယင် ဒိုချက်စတာဟိုတယ် အခန်း နံပါတ် ၁၂၀တို့ ကျေးဇူးပြုပြီး ပို့ပေးပါ'

'စိတ်ချပါ ခင်ဗျာ'

စတီဖင်က ဆိုင်ထဲမှထွက်ဖို့ ခြေလှမ်းပြင်သည်။

'စိတ်မရှိပါနဲ့ဗျာ၊ လူကြီးမင်းရဲ့ နာမည်စာလုံးပေါင်းကလေးများ တဆိတ်လောက် ကျွန်တော့်ကို ပြောပြနိုင်ပါသလား'ဟု ရော်ဘင်က စတီဖင်တို့ လှမ်းမေးသည်။

'ဒဒွေး-ရကောက်လုံးကြီးတင် ချောင်းငင်-ဇကွဲဝိုက်ချ'

'ကျွန်တော့် သတင်းဆောင်းပါးထဲမှာ လူကြီးမင်း နာမည်ကိုရော ထည့်ရေးခွင့်ပြု နိုင်ပါသလား ခင်ဗျာ'

'ရေးပါ. . . ရေးပါ. . . ကျွန်တော်လဲ ဒါလောက်ကြီးကျယ် တဲ့ ပန်းချီကားကို ဝယ်ခွင့်ရလိုက်လို့ သိပ်ကို စိတ်ချမ်းသာသွား ပါတယ်၊ ကဲ. . . အားလုံးကိုပဲ နှုတ်ဆက်ခဲ့ ပါတယ်'

စတီဖင်က စတိုင်ကျကျ ဦးညွှတ်အရိုအသေပေးပြီး အပြင် သို့ ထွက်သွား သည်။

လမ်းပေါ်သို့ သူရောက်လာသည့် အချိန်မှာပင် ရော်ဘင်၊ ဂျိမ်းစ်နှင့် ဂျင်းပီယာတို့သုံးယောက် မျက်လုံးပြူးသွားကြလေတော့ သည်။

ဂျင်းပီယာမှာ မျက်လုံးပြူးရုံသာ မဟုတ်၊ နှလုံးသွေးရပ် မတတ် ဖြစ်သွားပြန်လေသည်။

စတီဖင် လမ်းပေါ်သို့ ရောက်သည်နှင့်တပြိုင်တည်း ဟာဗေးကပါ ဆိုင်ထဲ မှ ပြန်ထွက်သွားသောကြောင့် ဖြစ်သည်။ နောက်ကြောင်းကိုပင် လုံးဝ ပြန်လှည့် မကြည့်တော့။

ဂျင်းပီယာမှာ ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ်ကျသွားသည်။ ဂျိမ်းစ် နှင့် ရော်ဘင် ကိုလည်း တုန်လှုပ်ချောက်ချားစွာ မော့်ကြည့်နေသည်။

'သွားပြီ. . . သွားပြီ. . . အားလုံးကာလနာတိုက်ကုန်ပြီ၊ ခြောက်ဖင် လုံးလုံး ဒီပန်းချီကားကြီး ဖြစ်မြောက်အောင် ငါမနားမနေ လုပ်ခဲ့ရတယ်





ငါ့ဆိုင်ထဲ ဝင်လာနိုး ဝင်လာနိုးနဲ့ နှလုံးသွေး ရပ်မတတ် သုံးရက်လုံးလုံး အသက် မရှူနိုင်ပဲ စောင့်ခဲ့ရတယ်၊ အခု တော့ နောက်ကြောင်းတောင် လှည့်မကြည့် တော့ဘဲ သူ ထွက်သွား ပြီ'

ဂျင်းပီယာက ထိုသို့ပြောယင်း ဗင်ဂိုး၏ "ကောက်ရိတ်ချိန်" ပန်းချီကား အတုကြီးကို မုန်းတီးစက်ဆုပ်စွာဖြင့် မျက်တောင်မခတ် ငေးကြည့်နေလေသည်။

'ဒီကားကိုတွေ့ယင် ဟာဗေးက အလုအယက် ဝယ်တော့မယ်လို့ စတီဖင် က အပိုင်တွက် ထားတာပဲကွာ၊ ဒါကလဲ သူ့စရိုက်ပဲ မဟုတ်လား၊ သူ လိုချင်မိပြီ ဆိုယင် မျက်စိအောက်က အပျောက် မခံတော့ပဲ မရမကဝယ်တတ်တယ်လို့ စတီဖင်က ပြောတာပဲ'ဟု ဂျိမ်းစ်ကလည်း ညှိုးနွမ်းအားငယ်သည့် လေသံ ကလေးဖြင့် ပြောသည်။

'နံဂိုက အစီအတိုင်းမဟုတ်ဘဲ ဘယ်ကောင်က အစီအစဉ်ကို ရုတ်တရက် ပြောင်းပစ်လိုက် ရတာလဲ၊ စတီဖင်က ဇွတ်ဝယ်သွားဖို့ ဘယ်ကောင်က ဆုံးဖြတ်လိုက်တာလဲ'ဟု ရော်ဘင်က ဒေါသတကြီး မေးသည်။

'စတီဖင်ပဲ လုပ်တာ'

ကျန်နှစ်ယောက်က တပြိုင်တည်း ဗိုင်းအော်သည်။

'ဒီခွေးသား လုပ်လိုက်ယင် သောက်တလွဲချည်းပဲ၊ အခု ချက်ချင်း လိုက်ခေါ်'

သူတို့သုံးယောက်စလုံး ပြတင်းပေါက်ရှိရာသို့ ပြေးသွားကြသည်။

'ဟယ်. . . ဟင်နရီမိုးရဲ့ မြားနတ်မောင် ရုပ်ကလေးက လှ လိုက်တာ၊ ဒါလေး ဈေးဘယ်လောက်လဲ ဟင်. . .'

ထိုအခိုက်မှာပင် အထက်တန်းလွှာထဲမှဟု ယူဆရသော အမျိုးသမီးကြီး တစ်ယောက် ဝင်လာပြီး စင်ပေါ်မှာ တင်ထားသည့် ဟင်နရီမိုး၏ မြားနတ်မောင် ပန်းပုရုပ်ကလေးကို ကိုင်ကြည့်နေ သည်။ သူ့ကိုယ်ပေါ်မှာလည်း အဖိုးတန် အဝတ်အစားများကို ဝတ်ဆင်ထား လေသည်။

ရော်ဘင်တို့သုံးယောက်ကတော့ ထိုအမျိုးသမီးကြီးကို လုံးဝစိတ်မဝင်စား နိုင်ပါ၊ အမျိုးသမီးကြီးပြောသည့် စကားကိုလည်း မကြားပါ။ စတီဖင်ကို ပြန်ခေါ်ရန် ပြတင်းပေါက်ဆီ သို့သာ သူ့ ထက်ငါကောင်း ပြေးသွားကြသည်၊

'ဟိုက်. . . အားလုံး သောက်ကျိုးနည်းကုန်ပြီ၊ စတီဖင် နောက်ကို ဘိုကောင်ကြီး လိုက်နေပြီဟ၊ လုပ်ကြပါဦး. . . လုပ်ကြပါဦး. . . ရော်ဘင် . . . စတီဖင်ကို ကြိုးမဲ့ကြေးနန်း စက်နဲ့ ဆက်စမ်းပါဦး'

ဂျင်းပီယာက အလန့်တကြားအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရော်ဘင်က အိတ်ဆောင်ကြိုးမဲ့ကြေးနန်းစက်ကို ချက်ချင်း ဖွင့်သည်။

'စတီဖင် ငါခေါ်တာကြားသလား၊ စတီဖင်. . . မင်းကို ငါခေါ်နေတယ် ကြားသလား။ ကြားယင် နောက်လှည့်မကြည့်နဲ့၊ ဘာအကြောင်းနဲ့မှ နောက်လှည့်မကြည့်နဲ့၊ မင်း နောက်ကို ဟို ကောင်ကြီး လိုက်လာနေပြီ၊ လေးငါးဆယ် ကိုက်လောက်ပဲ မင်းနဲ့ ဝေးတော့တယ်'

'မင်းမို့လို့ ရှုးပေါ်ပေါ် စကားတွေ ပြောနေရတာလား၊ ဟာဗေးတ ငါ့နောက်ကို ဘာလုပ်ဖို့ လိုက်လာရမှာလဲ၊ ဗင်ဂိုးပန်းချီ ကားကို သူ ဝယ်ဖို့ မင်းတို့နဲ့ ဆိုင်ထဲမှာ စကားပြော ကျန်နေရစ်ခဲ့တာ မဟုတ်ဘူးလား၊ နောက်တီး နောက်တောက်တွေ လုပ်မနေ နဲ့၊ ဒါ နောက်စရာကိစ္စ မဟုတ်ဘူးကွ'

စတီဖင်က ဒေါသတကြီးဖြင့် သူတို့ကို ပြန်ဆဲသည်။

'အဲ့ဒီခွေးကောင်ကြီး တို့ကို စကားတစ်ခွန်းမှ ပြောမသွားဘူး၊ မင်းလဲ ဆိုင်ထဲက ထွက်ရော သူလဲ ထွက်လိုက်သွားတာပဲ၊ တို့အစီအစဉ်အတိုင်း ဘာတစ်ခုမှ မလုပ်လိုက်ရဘူး'

'ငါက အခု ဘာဆက်လုပ်ရမှာလဲ'

ဂျင်းပီယာက ရော်ဘင်၏လက်ထဲမှ ကြိုးမဲ့ ကြေးနန်းစက်ကို ဆွဲယူသည်၊

'စတီဖင်. . . မတတ်နိုင်တော့ဘူး၊ ဗိုချက်စတာ ဟိုတယ်ကို ရောက်အောင်သာ ဆက်သွားတော့၊ ဒီကောင်ကြီး မင်း နောက်ကို တကယ် လိုက်နေတာ ဖြစ်ချင်ဖြစ်မှာ'

'မင်းအဘကြီးလားကွ၊ ဗိုချက်စတာဟိုတယ် ဘယ်နားမှာ ရှိတယ်ဆိုတာမှ ငါမသိတာ'ဟု စတီဖင်က ပြန်အော်သည်။

'ဟော့ကောင်. . . ငါ့စက်ပြန်ပေး၊ မင်းစက်နဲ့ မင်းပြော'

ရော်ဘင်က ပြောပြောဆိုဆို ဂျင်းပီယာ၏ လက်ထဲမှ စကား ပြောခွက်ကို ဆွဲယူသည်။

'စတီဖင်. . . ပထမဆုံးတွေ့တဲ့ လမ်းကျယ် ညာဘက်ကို ကွေ့၊ အဲဒါဟာ ဘရွတန် လမ်းပဲ၊ ဘာကယ်လေပန်းခြံ မရောက်မချင်း တည့်တည့် ဆက်လျှောက်၊ မင်းစက်ကို တောက်လျှောက်ဖွင့်ထား၊ ဒါပေမယ့် နောက်ပိုင်း ကိုတော့ လုံးလုံးလှည့်မကြည့်နဲ့၊ လှည့်ကြည့် ယင် တို့အားလုံး ကာလနာ တိုက်ကုန်ပြီ'

'ဂျိမ်းစ်'

ဂျင်းပီယာက အလန့်တကြား အော်ပြန်သည်၊

'တက္ကစီတစီးငှား၊ ဗိုချက်စတာဟိုတယ်ကို ချက်ချင်းပြေး၊ အခန်းနံပါတ်





၁၂၀ ကို ဒရိုဗာ နာမည်နဲ့ ငှား၊ အခန်းသော့ကို ကိုင်ပြီး စတီဖင် ရောက်လာတဲ့ အချိန်အထိ ဟိုတယ်အဝင်ဝ နားကစောင့်၊ ကျန်တာတွေ မင်းဟာမင်း ကြည့်ရှင်း စတီဖင်. . . မင်းစက်ကို ဖွင့်ထားသလား'

'ဖွင့်ထားတယ်'

'တို့ပြောတာတွေ ကြားသလား'

'ကြားတယ်၊ ဂျိမ်းစ်ကိုပြောလိုက်၊ အခန်းနံပါတ် ၁၂၀ မအားဘူးဆိုယင် ၁၁၉ နဲ့ ၁၂၁ ရရာကို ငှားထားလို့'

'ကောင်းပြီ၊ ဟေ့ကောင်. . . ဂျိမ်းစ်. . . မင်းပြေးတော့လေ၊ ဘာလုပ်နေတာလဲ'

ဂျင်းပီယာက ဂျိမ်းစ်ကို လှည့်အော်သည်။

ဂျိမ်းစ်တ အခန်းတံခါးကို ဆောင့်ဖွင့်ကာ အပြေးထွက်သွားသည်၊ ဆိုင်ရှေ့ ရောက်သောအခါ အမျိုးသမီး တစ်ယောက်က တက္ကစီတစီးကို ဖမ်းတားထားသည်ကို တွေ့ရသည်။ အမျိုးသမီးကို ကျော်ပြီး ထိုတက္ကစီကားပေါ်သို့ လုတက်ခဲ့သည်။

'ဗိုချက်စတာ ဟိုတယ်ကိုမောင်း၊ အမြန်တကာ့ အမြန်ဆုံး နှုန်းနဲ့ မောင်းကွာ'

တက္ကစီကားက ကျည်ဆန်လို ခုန်ထွက်သွားသည်။

'စတီဖင်. . . ဗိုချက်စတာမှာ အခန်းငှားဖို့ ဂျိမ်းစ်ထွက်သွားပြီ၊ မင်း နောက်ကို ရော်ဘင် လိုက်လာနေပြီ၊ ဗိုချက်စတာဟိုတယ်ကို ရောက်အောင် မင်း နောက်က သူ လိုက်လာပြီး လမ်းညွှန်ပေး လိမ့်မယ်၊ ငါ စက်ပိတ်လိုက် တော့မယ် ကျန်တာတွေအားလုံး အဆင်ပြေနေတယ် မဟုတ်လား'

'မပြေဘူးကွ၊ မင်းတို့ ဘုရားသခင်ရှေ့မှာ ဆုတောင်းကြပေတော့၊ ဘာ ကယ်လေ ပန်းခြံကို ငါရောက်နေပြီ၊ ဘယ်ဆက်သွား ရမှာလဲ'

'ပန်းခြံထဲကို ဖြတ်လျှောက်၊ ဟိုဘက်ခြမ်းမှာ တောင်ကုန်း လမ်းဆိုတာ တွေ့လိမ့်မယ်၊ အဲဒီလမ်းအတိုင်း ဆက်လျှောက်'

ရော်ဘင်က ဆိုင်ထဲမှ ပြေးထွက်ခဲ့သည်။ ဘရွတန်လမ်း အတိုင်း ပြေး လိုက်သွားသည်။ ဟာဗေး၏ နောက် ကိုက် ၅၀ခန့် အကွာသို့ ရောက်တော့မှ အပြေးရပ်ပြီး ဟာဗေး လျှောက်နေသည့် အမြန်နှုန်းအတိုင်း ဆက် လျှောက်သည်။

'ဒီမှာ ပြောပါဦး. . . ဟင်နရီမိုးရဲ့ ပန်းပုရုပ်က ဘယ်ဈေးလဲ'

ဝတ်ကောင်းစားလှနှင့် အမျိုးသမီးကြီးက ဂျင်းပီယာကို လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'သေလိုက်ဟာ. . . သေလိုက်ဟာ. . . ဘယ်က နင့်လင် ဟင်နရီမိုးလဲ'

ဂျင်းပီယာက သူ့ ပတ်ဝန်းကျင်ကို လုံးဝလှည့်မကြည့်ပဲ ဟင်နရီမိုး ဟူသောအသံကို ကြားသည်နှင့်တပြိုင်တည်း ပြောမိပြောရာ ပြောချလိုက်မိသည်။ သူ့စိတ်က စတီဖင်နှင့် ဟာဗေး ဆီသို့သာ ရောက်နေသည်။

'ဒီမှာသူငယ်. . . မင်း ရှိုင်းစိုင်း. . .'

အမျိုးသမီးကြီး၏ စကားမဆုံးမီမှာပင် ဂျင်းပီယာက ရုံးခန်း ထဲသို့ ဝင်ခဲ့ပြီး တံခါးကို ဆောင့်ပိတ်လိုက်လေသည်။

* * *

'စတီဖင်. . . မင်းအခု တောင်ပိုင်း အော်ဒလေလမ်းကို ဖြတ်လျှောက်နေပြီ၊ အဲဒီလမ်း လွန်ယင် ဒီးနရီးလမ်းကို တွေ့လိမ့်မယ်၊ အဲဒီအတိုင်း ဆက်လျှောက်၊ ဘေးနှစ်ဘက်ကို မကြည့်နဲ့၊ တည့်တည့်သွား၊ နောက်ကိုတော့ ဘာအကြောင်းနဲ့မှ ပြန်မကြည့်နဲ့၊ ဟိုကောင်ကြီး မင်းနောက်ကို ဂိုက်ငါးဆယ် လောက်အကွာမှာ ရောက်နေတယ်၊ ငါက သူ့နောက် ဂိုက်ငါးဆယ်လောက်က နေ လိုက်နေတယ်၊ ကြားတယ်မဟုတ်လား'

ရော်ဘင်က အဆက်မပြတ်ပြောနေသည်။ ဖြတ်သွား ဖြတ်လာများက တစ်ယောက်တည်း ဘာတွေပြောနေသလဲ'ဟု သမင်လည်ပြန် လှည့်ကြည့် သွားကြလေသည်။

* * *

'အခန်းနံပါတ် ၁၂၀ အားသလား'

'အားပါတယ်ခင်ဗျာ၊ ဒါပေမယ့် တည်းနေတဲ့ လူတွေက ဒီနေ့ မနက်ပဲ ထွက်သွားကြတာပါ၊ ဒါကြောင့် အထဲမှာ မရှင်းရသေးတဲ့အတွက် အားနာစရာကြီး ဖြစ်နေပါတယ်၊ အလုပ်သမားက ရှင်း နေတုန်း တန်းလန်းလို့ ထင်ပါတယ်၊ ကျွန်တော် မေးကြည့်လိုက် ပါ့မယ် ခင်ဗျာ'

စာရေးက ပြန်ပြောသည်။ သူ့ ယူနီဖောင်းကို ကြည့်ရခြင်းအားဖြင့် မြေညီထပ် တာဝန်ခံ ဖြစ်ပုံရသည်။

'အိုး. . . ဒါအတွက် မပူစမ်းပါနဲ့၊ ဒီအခန်းမှ ကျုပ် အမြဲ တည်းနေကျပဲ၊ တညအတွက် စာရင်းသွင်းလိုက်ပါ၊ ကျုပ်နာမည် ဒရီဖာ၊ ဟာ. . . အဲ. . . အဲ. . . ဟဲလ်မတ်ဒရီဖာ'

ဂျိမ်းစ်ပြောသည့်လေသံက စတီဖင်ထက် ပိုပြီး ဂျာမန်လို ဝဲနေသည်ကို တွေ့ရသည်။ တဆက်တည်းလည်း စာရေးကို တပေါင်တန် ငွေစက္ကူတစ်ရွက် ထုတ်ပေးလိုက်သည်။





'ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် စာရင်းသွင်းထားလိုက်ပါ့ မယ်'

* * *

'အဲဒီရှေ့ကဟာ ပန်းခြံလမ်းပဲ စတီဖင်၊ ညာဘက်ကို ကြည့်လိုက်၊ ဒေါမဟိုတယ် အဆောက်အအုံကြီးရဲ့ အဝင်ဝကို လှမ်းတွေ့ရလိမ့်မယ်၊ အဲဒါ ဒိုချက်စတာ ဟိုတယ်ပဲ၊ စက်ဝိုင်းခြမ်း လို လုပ်ထားတဲ့နေရာဟာ ဝင်ပေါက်၊ အဲဒီ လှေကားထစ်တွေ အတိုင်း တက်သွား၊ အစိမ်းရောင်ကုတ်အကျီရှည်ကြီး ဝတ်ထားတဲ့ တံခါးစောင့်ကို တွေ့ရလိမ့်မယ်၊ သူ့ဘေးနား ဆုံလည်တံခါး ရှိတယ်၊ အဲဒီက ဝင်သွား၊ ညာဘက်ကို ကြည့်လိုက်ယင် ဧည့်ကြို စာရေး ထိုင်နေရတာ တွေ့ရလိမ့်မယ်၊ အဲဒီနား တနေရာရာကနေပြီး မင်းကို ဂျိမ်းစ် စောင့်နေလိမ့်မယ်'

ဘုရင့်သမားတော်များအသင်း နှစ်ပတ်လည် ညစာစားပွဲကို ယခု ဒိုချက် စတာဟိုတယ်မှာ ကျင်းပခဲ့သည်။ ထို ညစာစားပွဲကို တက်ခဲ့မိသည့်အတွက် ရော်ဘင်က သူ့ကိုယ်သူပြန်ပြီး ကျေးဇူး တင်နေမိတော့သည်။ ထို့ကြောင့်လည်း စတီအကျ ညွှန်ကြား ပေးနိုင်ခြင်း ဖြစ်လေသည်။

'ဟာဗေး ဘယ်မှာလဲ'

စတီဖင်က စူးစူးဝါးဝါးအသံဖြင့် ပြန်မေးသည်။

'မင်း နောက်မှာ ဂိုက်လေးဆယ်လောက်ပဲ ဝေးတယ်'

စတီဖင်က ခြေကုန်သုတ်သည်။ ဒိုချက်စတာ အဝင်ပေါက် သို့ရောက်သောအခါ လှေကားထစ်များအတိုင်း အပြေးတက်သွား သည်။ ဆုံလည် တံခါးကြီးကို ဆောင့်တွန်းဖွင့် လိုက်သည်။

ဘုရားသခင်ကိုပင် ကျေးဇူးတင်ရသေးတော့သည်။ ထိုနေရာ မှ ဂျိမ်းစ်က ဟိုတယ်ခန်း သော့တွဲကလေးကို ကိုင်ပြီး ရပ်စောင့်နေသည်ကို တွေ့လိုက် သည်။

'ဓာတ်လှေကား ဟောဟိုနားမှာ ရှိတယ်၊ မင်း နေရမယ့် အခန်းကတော့ ဟိုတယ်မှာ တန်ဖိုးအကြီးဆုံး အခန်းပဲ'

စတီဖင်က ဂျိမ်းစ် ညွှန်ပြသည့်နေရာသို့ လှမ်းကြည့်သည်။ ပြီးတော့ ကျေးဇူးတင်စကား ပြောရန် ဂျိမ်းစ်ဘက်သို့ ပြန်လှည့်သည်။ သို့သော်လည်း ဟာဗေးနှင့် မျက်နှာချင်းဆိုင် မတွေ့ရန် ဘားခန်းရှိရာသို့ လျှောက်သွားနေပြီ သော တွေ့ရလေတော့ သည်။

ပထမထပ်သို့ရောက်သောအခါ ဓာတ်လှေကားထဲမှ စတီဖင်ထွက် သည်၊ သူ တကြိမ်တခါမှ မရောက်ဖူးသော ဒိုချက်စတာ ဟိုတယ်အကြောင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာရပေပြီ။

အခန်းထဲသို့ ရောက်သည်နှင့် တပြိုင်တည်း အရုပ်ကြိုးပြတ် ကျသွားသည်။ ဘာတွေ ဆက်တွေ့ကြုံရဦးမည်ကို မခန့်မှန်းတတ်။ စီစဉ်ထားသည်များအားလုံး တလွဲတချော် ဖြစ်ကုန်ရသည့်အတွက် စိတ်မချမ်းမသာ ဖြစ်နေမိသည်။

* * *

ဂျင်းပီယာက သူ့ပန်းချီအရောင်းဆိုင်ထဲမှာ ထိုင်စောင့်နေသည်။ အသက်ရှုမှန်အောင် အတော်ကြိုးစားနေရသည်။

ဂျိမ်းစ်က ဒိုချက်စတာဟိုတယ် ဘားခန်းထဲမှာ ထိုင်ပြီး အရက်တစ်ခွက်မှာသောက် နေသည်။

ရော်ဘင်က ဘာကလေ ဘဏ်တိုက်အနီးရှိ ပန်းခြံလမ်းမှာ ရပ်နေသည်။ ဒိုချက်စတာ ဟိုတယ်နှင့် ဂိုက်ငါးဆယ်လောက်သာ ကွာသည်။

* * *

'ခင်ဗျားတို့ ဟိုတယ်မှာ မစ္စတာဒရိုဇာ ဆိုတဲ့လူတစ်ယောက် တည်းနေတယ် မဟုတ်လား၊ အခန်းနံပါတ် ၁၂၀ မှာလို့ ထင်တယ်'ဟု ဟာဗေးက ဧည့်ကြိုစာရေးအား မေးသည်။

ဧည့်ကြိုစာရေးက အခန်းနံပါတ်ကတ်ပြားများကို လှန်လှော ရှာဖွေကြည့်သည်။

'မှန်ပါတယ် ခင်ဗျာ၊ လူကြီးမင်းနဲ့ ချိန်းထားလို့လား ခင်ဗျာ'

'မဟုတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့ ဟိုတယ်တွင်း တယ်လီဖုန်းနဲ့ ကျွန် စကားတစ်ခွန်းနှစ်ခွန်းလောက် ပြောချင်တယ်'

'ကောင်းပါပြီခင်ဗျာ၊ ကျေးဇူးပြုပြီး ဟောဟိုနားကို ကြွပါ၊ ဗယ်ဘက် ချိုးလိုက်တာနဲ့ တပြိုင်တည်း တယ်လီဖုန်း ငါးလုံး တန်းစီထားတာ တွေ့ရ လိမ့်မယ်၊ တလုံးက ကျွန်တော်တို့ ဟိုတယ်တွင်း ပြောတဲ့ဖုန်းဖြစ်ပါတယ်'

တယ်လီဖုန်းများ ရှိရာသို့ ဟာဗေးက လျှောက်သွားသည်။

'အခန်းနံပါတ် ၁၂၀ ပေးပါ'

ကုလားထိုင် တလုံးမှာ အစိမ်းရောင် ယူနီဖောင်း ဝတ်ပြီး ထိုင်နေသော တယ်လီဖုန်း အော်ပရေတာကို သူက လှမ်းပြော သည်။

'အဲဒီဘက်နားက နံပါတ်တစ်ဖုန်းကို ကိုင်ပါ ရှင်'

'မစ္စတာဒရိုဇာလား'

'စကားပြောနေပါတယ်'





စတီဖင်က ပြန်ဖြေသည်။ လေသံကိုလည်း ဂျာမန်လို ဝဲနိုင် သမျှ အဝဲဆုံး ဖြစ်အောင် သတိထား ကြိုးစားနေရသည်။

'ကျွန်တော့်နာမည် ဟာဗေးမက်ကော့ဖ်လို့ ခေါ်ပါတယ်၊ ခင်ဗျားနဲ့လာပြီး စကားတစ်ခွန်း နှစ်ခွန်းလောက်များ ပြောလို့ရ မလား၊ ခင်ဗျား ဒီနေ့မနက် ဝယ်သွားတဲ့ ဗင်ဂိုးပန်းချီကားနဲ့ ပတ်သက်ပါတယ်'

'အင်း. . . ကျွန်တော့်ဘက်က အဆင်မပြေတာလေး နည်းနည်းရှိ နေပါတယ် ခင်ဗျာ၊ ကျွန်တော်ရေချိုးတော့မလို့ပါ၊ နောက်ပြီးတော့ နေ့လယ်စာ စားပွဲတစ်ခုတက်ဖို့ ချိန်းထားတာလဲ ရှိနေပါတယ်'

'တစ်မိနစ် နှစ်မိနစ် ပိုမကြာပါဘူး'

စတီဖင် ဘာမှ ပြန်မပြောနိုင်သေးမီမှာပင် သူ့လက်ထဲမှ တယ်လီဖုန်း အသံတိတ်သွားတော့သည်။

ခဏကြာတော့ သူ့ တံခါးကို လာခေါက်သံ ကြားရသည်။ စတီဖင်၏ ခြေထောက်များ တဆတ်ဆတ်တုန်ပြီး မတ်မတ်မရပ် နိုင်အောင် ဖြစ်နေပေ သည်။ ချောက်ချောက်ချားချား ဖြင့်ပင် တံခါးသွားဖွင့်ပေးသည်။

သူ့ကိုယ်ပေါ်မှာ ဟိုတယ်မှ ထုတ်ပေးသည့် ဝတ်ရုံကြီးကို ဝတ်ထားသည်။ သူ့ ဆံပင်များက လည်ပင်ကို အရောင်မဟုတ်။ ပြောင်းဆိုးထားသည်။ အကယ်၍ မျက်နှာချင်းဆိုင်များ ကြုံခဲ့ရ·မည်ဆိုလျှင် မမှတ်မိနိုင်အောင် လိုရမည်ရ ရုပ်ဖျက်ခဲ့မိသဖြင့် တော်ပေသေးတော့သည်ဟု သတိရလိုက်သည်။

'အခုလို လာပြီး နှောင့်ယှက်ရတာ ဝမ်းနည်းပါတယ် မစ္စတာ ဒရိုဇာ၊ ဒါပေမယ့် ခင်ဗျားနဲ့ ကျွန်တော် ချက်ချင်းတွေ့မှဖြစ်မှာမို့ ပါ၊ လာမန်းပန်းချီဆိုင်က ဗင်ဂိုးရဲ့ ပန်းချီကား တစ်ချပ်ကို ခင်ဗျား ဝယ်သွားတယ် မဟုတ်လား၊ ခင်ဗျားဟာ ပန်းချီကားတွေ အရောင်း အဝယ်လုပ်နေတဲ့ ပန်းချီကုန်သည်လို့လဲ ကျွန်တော် သိခဲ့ရပါတယ်၊ ဒါကြောင့် ချက်ချင်း အမြတ်ရမယ်ဆိုယင် ခင်ဗျား ပြန်ရောင်းနိုင် လိမ့်မယ်လို့ ထင်ပြီး လိုက်လာတာပါ'

ယနေ့အဖို့ ပထမဦးဆုံးအကြိမ်အဖြစ်နှင့် စတီဖင်က အကြီး ·အကျယ် စိတ်သက်သာရာ ရသွားတော့သည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ မရောင်းနိုင်ပါဘူး၊ မြူနစ်မြို့မှာ ရှိတဲ့ ကျွန်တော့် ပန်းချီအရောင်းဆိုင်မှာ ဗင်ဂိုးရဲ့ ပန်းချီကား တစ်ချပ် ချိတ်နိုင်အောင် ကြိုးစားခဲ့တာ နှစ်ပေါင်း မနည်းတော့ပါ ဘူး၊ ဝမ်းနည်းပါတယ် မစ္စတာ မက်ကော့ဖ်၊ ဒီကားက ရောင်းဖို့ မဟုတ်ပါဘူး'

'ကျုပ်ပြောတာကို နားထောင်ပါဦး၊ ခင်ဗျား ဂီနီငွေ တသိန်း ခုနှစ်သောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ခဲ့တာ မဟုတ်လား၊ ဒေါ်လာငွေနဲ့ တွက်ကြည့်ယင် ဘယ်လောက် တန်ဖိုးရှိမလဲ'

စတီဖင်က ခဏဆိုင်းနေသည်။

'အိုး. . . ဒေါ်လာနဲ့ဆိုယင် ၄,၃၅,၀၀၀ ရှိမှာပေါ့'

'အဒီကား ကျွန်တော့်ကို အခုပြန်ရောင်းနိုင်မယ်ဆိုယင် ခင်ဗျားကို အမြတ်ဒေါ်လာ တသောင်းခွဲပေးမယ်၊ ခင်ဗျား လုပ်ဖို့ ကတော့ လာမန်းပန်းချီ အရောင်းဆိုင်ကို အခု ဖုန်းလှမ်းဆက်ပြီး အဲဒီ ပန်းချီကားကို ကျုပ်ပိုင်သွားပြီ ဆိုတာ ပြောပေးဖို့ပဲ၊ ဟိုမှာ ကျသင့်တဲ့ငွေကို ချေပေးလိုက်မယ်'

စတီဖင်က ဘာမှုပြန်မပြောပဲ ငြိမ်ပြီးထိုင်နေသည်။ ရုတ်တရက် ကြုံတွေ့ လာသည့် အခြေအနေများကို မည်သို့ရင်ဆိုင် ရမည်ဖြစ်ကြောင်း မစဉ်းစား တတ်အောင် ဖြစ်နေသည်။

သို့သော်လည်း 'ဟာဗေးမက်ကော့ဖ်တွေးသလို တွေးပါ'ဟု စိတ်ထဲမှ ကြိတ်ပြီး သူ့ကိုယ်သူ ပြန်ပြောလိုက်မိသည်။ ထိုအခါ ကျတော့မှပင် ဘာလုပ် ရမည်ကို ချက်ချင်း သိလေတော့သည်။

'ဒေါ်လာနှစ်သောင်း လက်ငင်းပေးနိုင်ယင် ရောင်းမယ်ဗျာ'

ဟာဗေးက တုံ့ဆိုင်းဆိုင်း ဖြစ်သွားပြန်သည်။ စတီဖင်၏ ခြေထောက်များ သာခွေယိုင် ဖြစ်လာကြပြန်သည်။ အတောင်း ကြမ်းသဖြင့် ငြင်းများငြင်း လိုက်လျှင် ဒုက္ခဟု စဉ်းစားမိသည်။

'ကောင်းပြီ၊ သဘောတူတယ်၊ ပန်းချီဆိုင်ကို ဖုန်းလှမ်းဆက် ပါ'ဟု ဟာဗေးက ရုတ်တရက် ပြောချလိုက်လေသည်။

စတီဖင်က ဖုန်းကောက်ကိုင်သည်။

'ဘွန်းလမ်းမှာရှိတဲ့ လာမန်းပန်းချီဆိုင်ကို အမြန်ဆုံး ဆက်ပေးစမ်းပါ ကျုပ် ခန့်လယ်စာ စားဖို့ ချိန်းထားတဲ့အချိန် နီးနေလို့'

စက္ကန့်အနည်းငယ်ကြာသောအခါ ဖုန်းအဆက်အသွယ် ရသည်။

'လာမန်းပန်းချီဆိုင်က စကားပြောနေပါတယ်'

'မစ္စတာလာမန်းနဲ့ စကားပြောချင်လို့'

'ဟကောင်. . . စတီဖင်. . . မင်းဘက်မှာ ဘာတွေ ဖြစ်ကုန်ပြီလဲ အကုန်လုံး ကာလနာတိုက်ကုန်ကြပြီ မဟုတ်လား'

တဘက်မှ ဂျင်းပီယာက အခြေအနေကို မသုံးသပ်ပဲ စွတ် အော်မေး နေသည်။ တယ်လီဖုန်းအသံက မထွက်သဖြင့် တော်သေး တော့သည်။

'အား. . . မစ္စတာလာမန်း. . . ကျွန်တော် ဟာဒရိုဇာပါ၊ ခင်ဗျား





မှတ်မိမှာပေါ့၊ စောစောတုန်းက ခင်ဗျား ပန်းချီဆိုင်ကို ကျွန်တော် ရောက်ခဲ့တယ်လေဗျာ'

'မင်းကို မမှတ်မိပဲ နေပါ့မလားကွ၊ ခွေးသူခိုး. . . သောက်ရူး၊ ဘာတွေ လျှောက်ကြောင်နေတာလဲ၊ ငါဂျင်းပီယာကွ၊ မင်းဘက်မှာ ကာလနာတွေ အတုံးလိုက် အတစ်လိုက် တိုက်ကုန်ပြီ မဟုတ်လား'

'မစ္စတာ လာမန်း. . . ကျွန်တော်နဲ့အတူတူ မစ္စတာ မက်ကော့ဖ် ရှိနေပါတယ် ခင်ဗျား'

'ဟိုက်. . . သောက်ကျိုးနဲ့. . . ဘုရား. . . ဘုရား. . . စတီဖင်. . . ဟ်မဆိုးပါနဲ့ကွာ၊ ငါ မသိ. . .'

'နောက် ဆယ့်လေးငါးမိနစ်လောက်ကြာယင် ခင်ဗျားဆီကို သူ ရောက် ာပါလိမ့်မယ် မစ္စတာ လာမန်း'

စတီဖင်က ထိုစကားကို ပြောယင်း ဟာဗေးအား လှမ်းကြည့်သည်။ ာဗေးက သဘောတူညီကြောင်း ခေါင်းညိတ်ပြသည်။

'ဒီနေ့မနက် ခင်ဗျားဆီက ကျွန်တော်ဝယ်ယူခဲ့တဲ့ ဗင်ဂိုးရဲ့ ပန်းချီကားကြီး ငွေကာမက်ကော့ဖ်ကို လွှဲပေးလိုက်ပါ ခင်ဗျာ၊ ကျသင့်တဲ့ငွေ ဂီနီ တသိန်းခုနှစ် သောင်းကို သူအပြည့်အဝ ချေသွားပါလိမ့်မယ်'

'ဩ. . . ဘားလုံးကာလနာတိုက်ခါနီးတော့မှ အောင်ပွဲက ရတော့တာ ဲ'ဟု ဂျင်းပီယာက တလုံးချင်း ရေရွတ်လိုက်လေ သည်။

'ဒါလောက် ကြီးကျယ်တဲ့ကားကြီးကို ကျွန်တော် မပိုင်ရတော့ တဲ့အတွက် ်ကို စိတ်မကောင်း ဖြစ်မိပါတယ် ခင်ဗျာ၊ ဒါပေမယ့် အမေရိကန်လူမျိုးတွေ ဆိုရိုးစကားလိုပါပဲ၊ စို့စို့ပို့ပို့ပေးပြီး ကမ်းလှမ်းလာတော့လဲ ကျွန်တော့်အနေ မငြင်းနိုင်တော့ဘူးပေါ့ ခင်ဗျာ၊ အခုလို ကူညီဆောင်ရွက်ပေးတဲ့အတွက် ျေးဇူးတင်ပါ တယ်'

စတီဖင်က ထိုစကားကို မြန်မြန်ပြောပြီး ဖုန်းကို ကမန်း ကတန်းပစ်ချ သည်။

'ဟာဗေးက ငွေသား ဒေါ်လာနှစ်သောင်း ထုတ်ပေးရန် ချက်လက်မှတ်မှာ ပြီး လက်မှတ်ထိုးနေသည်။

'ကျေးဇူးတင်ပါတယ် မစ္စတာဒရိုဇာ၊ ကျွန်တော် သိပ်ပျော် သွားအောင် ား လုပ်လိုက်တာပါပဲ'

'အေးပါဗျာ၊ ကျွန်တော့်ကိုယ် ကျွန်တော်လဲ အပြစ်မတင် တော့ပါဘူး'

စတီဖင်က ထိုမျှပြောပြီး ဟာဗေးကို အခန်းဝသို့ လိုက်ပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။

'သွားခွင့်ပြုပါ ခင်ဗျာ'

'မင်္ဂလာရှိတဲ့အချိန်ဖြစ်ပါစေ မစ္စတာမက်ကော့ဖ်'

တံခါးပိတ်ပြီးသောအခါ စတီဖင်က ကုလားထိုင်ရှိရာသို့ ဒယိမ်းဒယိုင်ဖြင့် ပြန်လာခဲ့ သည်။ တလက်မလောက် ရွေ့ဖို့ကိုပင် သူ့မှာ ကြီးစွာ အခက်အခဲ တွေ့နေရလေသည်။

* * *

ဒိုချက်စတာဟိုတယ်ထဲမှ ဟာဗေး ပြန်ထွက်သွားသည်ကို ရော်ဘင်နှင့် ဂျိမ်းစ်တို့ နှစ်ယောက်က လှမ်းမြင်လိုက်ကြရသည်။

ဟာဗေးက ဂျင်းပီယာ၏ ပန်းချီဆိုင်ရှိရာသို့ ဦးတည်လျှောက် နေသည်။ ရော်ဘင်က သူ့နောက်မှ လိုက်သွားသည်။ ပန်းချီဆိုင် ဘက်သို့ ပိုနီးလာ လေလေ၊ ရော်ဘင်၏ မျှော်လင့်ချက် များသည်လည်း ပိုမို ကြီးမားလာလေလေ ဖြစ်နေတော့သည်။

ဂျိမ်းစ်က စတီဖင်ရှိသည့် အခန်းနံပါတ် ၁၂၀ သို့ အူယားဖားယား ပြေးတက်လာသည်။ တံခါးကို တဒုန်းဒုန်းထုသည်။ တံခါးထုသံကြောင့် စတီဖင် စိတ်ကူးပျက်သွားသည်။

တပြိုင်တည်းမှာပင် ဟာဗေးနှင့် နောက်ထပ် သူ ပြန်တွေ့ဖို့ ဝန်လေး သွားသည်။ ကြောက်ကြောက်လန့်လန့်ဖြင့်ပင် တံခါးဖွင့် ပေးလိုက်သည်။

'ဂျိမ်းစ်. . . မင်းကိုးကွ၊ အခန်းပြန်အပ်လိုက်တော့၊ တည တွတ် ငွေရှင်းလိုက်၊ ဘားခန်းထဲမှာ ငါနဲ့လာတွေ့'

'ဘာကွ. . . ဘာဖြစ်လို့လဲ'

'အကောင်းဆုံး ရှမ်ပိန်သွားသောက်ကြမယ်လေကွာ'

* * *

တစ်ယောက်ကတော့ တာဝန်ကျေပွန်သွားလေပြီ။ ကျန် သုံးယောက်က ဆက်လက် အကောင်အထည်ဖော်ကြရဦးမည်။

၁၁

ကင်းလမ်းမှာ ရှိသော ဂျိမ်းစ်၏ အိမ်သို့ နောက်ဆုံးမှရောက် လာသူမှာ ဂျင်းပီယာ ဖြစ်လေသည်။ နောက်ဆုံးမှ သူ ရောက်လာပြီး သူ့အလျှင်ရောက် နှင့်သူများက သူ့ကို ခမ်းကြီးနားကြီး ကြိုဆို သင့်သည်ဟု သူ့စိတ်ထဲမှာ ခံစားနေရလေသည်။





သူ့ အစီအစဉ်ဖြင့် ဟာဗေးထံမှ ဒေါ်လာပေါင်းများစွာကို ရလိုက်သည်။ ယခုအခါတွင် လာမန်းပန်းချီပန်းပု အရောင်းဆိုင် စာရင်းဖြင့် ဘဏ်ထဲသို့ ဒေါ်လာပေါင်း ၄၊ ၄၇၊ ၅၆၀ ရောက် သွားလေပြီ။ ဗင်ဂိုးပန်းချီကား အတုကြီးသည်လည်း ဟာဗေး လက်ထဲသို့ ရောက်သွားလေပြီ။

ထိုမျှသောငွေကို တရားသဖြင့် ရှာဖွေခဲ့စဉ်က ဆယ်နှစ်ကြာမျှ ရှာခဲ့ရ သည်။ ယခုတော့ တထိုင်တည်းနှင့် အိတ်ဖောင်းသွား သည်။

သူ့အလျှင်ရောက်နှင့်ကြသော သုံးယောက်က သူ့ကို ဝမ်းပန်းတသာ ကြိုဆိုကြပါသည်။ ဂျိမ်းစ်ကလည်း အကောင်းဆုံး ရှမ်ပိန်ပုလင်းကို ဖွင့်ပြီး ငှဲ့ခဲ့သည်။

'လုပ်ငန်းတစ်ခု အောင်မြင်သွားတာ တို့သိပ်ကံကောင်းတယ်ကွာ'ဟု ရော်ဘင်က ပြောသည်။

'ကံကောင်းတယ် ထင်မနေနဲ့ဦး၊ နှလုံးရောဂါနဲ့ သေမကုန်တာ တော်သေး တယ်၊ နောက်တစ်ခုက ဟာဗေးက အစီအစဉ်တွေကို ကမောက်ကမ ဖြစ် အောင် ပြောင်းပစ် တတ်တယ်ဆိုတဲ့ သင်ခန်းစာ တစ်ခုတော့ တို့ရလိုက် တယ်'ဟု စတီဖင်က ဝင်ပြောသည်။

'နည်းနည်းပါးပါးပြောင်းလိုက်တာ မဟုတ်ဘူး ကိုယ့်လူ၊ အားလုံးပြောင်း ပြန် ဖြစ်ကုန်အောင် လုပ်ပစ်လိုက်တာ'

'ဒါကြောင့် နောက်လုပ်ငန်းတွေမှာ တို့အများကြီး သတိထား ရတော့မယ်၊ ထမအကြိမ် တို့ အနိုင်ရလိုက်ပေမယ့် တို့ မဟာရန်သူကြီးကို လျှော့တွက်လို့ မရတော့ဘူး'ဟု စတီဖင်က နဖူးကြောကြီးများ တွန့်အောင် စဉ်းစားယင်း ပြောသည်။

'ပါမောက္ခကြီး. . . စိတ်လျှော့ထားလေ၊ နှလုံးရောဂါနဲ့ ငါမသေဘဲ မင်းသေလိမ့်မယ်၊ ညစာစားပြီးတော့မှ ဒီအကြောင်း ဆက်ပြောကြတာပေါ့၊ နေ့ခင်းတုန်းက အယ်နီလာတယ်၊ တို့အတွက် အကောင်းဆုံး ညစာကို ချက်ပြုတ် ပြင်ဆင်ပေးသွား တယ်၊ ဒါကြောင့် စိတ်ညစ် စရာကောင်းတဲ့ ဟာဗေးအကြောင်း ပြောနေကြယင် ငါ့အချစ်ကလေး ချက်ထားတဲ့ ညစာ အရသာ ပျော့သွားပါဦးမယ်ကွာ' ဂျိမ်းစ်က ဝင်တားသည်။

'မင်း ကောင်မလေးနဲ့ ငါ့ကို ဘယ်တော့ တွေ့ခွင့်ပေးမှာလဲ ဂျိမ်းစ်' ဂျင်းပီယာက လှမ်းမေးသည်။

'တို့ အစီအစဉ်တွေ အားလုံး ပြီးသွားမှ တွေ့တာပေါ့ကွာ'

'မင်း အဲဒီကောင်မကို မယူပါနဲ့ကွာ၊ မင်းကောင်မက တို့ငွေတွေကို



www.burmeseclassic.com

www.burmeseclassic.com



အပြတ်ဖျောင် ချင်လို့ မင်းကို ချစ်ဟန်ဆောင်နေတာပါ'ဟု ဂျင်းပီယာက ဆက်ပြောသည်။

အားလုံးက ဝိုင်းရယ်ကြသည်။

ကိစ္စအားလုံးပြီးသွားလျှင်တော့ သည်ကိစ္စကို အစမှအဆုံးထိ အယ်နီ ကောင်းကောင်း သိထားကြောင်း ပြောပြရပေလိမ့်မည်ဟု ဂျိမ်းစ်က တွေးနေ မိသည်။

ထမင်းစားဝိုင်းမှာ သူတို့ဝိုင်းထိုင်ကြသည်။ ဂျင်းပီယာက ချဉ်ရည်ကို နမ်းကြည့်သည်။ ပြီးတော့ နှာခေါင်းရှုံ့သွားသည်။

'ချဉ်ရည်ကို ဒါလောက်နံအောင် ဖျော်ထားတာကြည့်ရယင် မင်းကောင်မ တော်တော် ညစ်ပတ်မယ့်ပုံမျိုးပဲ'

'မတွေ့ခင်တော့ ပြောသေးတာပေါ့ကွာ၊ တွေ့တော့မှ မင်း ရှုးသွားမယ်'

စတီဖင်က သူတို့စကားလမ်းကြောင်းများ ပြောင်းသွားအောင် ဝင်ဖောက်သည်။

'ဂျိမ်းစ် . . . ဒီနေ့မနက်တော့ မင်း အကောင်းဆုံး သရုပ်ဆောင် ပြလိုက် တာပဲ။ မင်း ဇာတ်မင်းသားပဲ လုပ်ဖို့ကောင်းတယ်၊ မြို့စားကြီး အရိုက်အရာခံဖို့ စောင့်နေတာဟာ မင်းရဲ့အရည်အချင်းတွေကို အလကားသက်သက် ဖြုန်းတီး ပစ်နေတာနဲ့ အတူတူပဲ'

'ငါကလဲ ဇာတ်မင်းသား ဖြစ်ချင်တဲ့ အကောင်ပါပဲကွာ၊ ငယ်ငယ်ကလေး တည်းကဖြစ်ဖို့ ကြိုးစားလာတာ၊ ဒါပေမယ့် ငါ့အဘိုးကြီးက ဘယ်လိုမှ နားချလို့ မရဘူး။ သူ့ဆီက မြို့စား တွေနဲ့ အမွေတွေ အများကြီးရမှာဆိုတော့ သူ့ကို အာမခံရဲဘူးလေ'

'မွန်တီကာလိုမှာလုပ်မယ့် တို့အစီအစဉ်တွေ အားလုံးကို သူ့တစ်ယောက် တည်း ခိုင်းရယင် မကောင်းဘူးလားလို့'ဟု ရော်ဘင် က အကြံပြုသည်။

မွန်တီကာလိုဟူသော အမည်ကို ကြားလိုက်ရသည်နှင့် တပြိုင်တည်း သူတို့အားလုံး မျက်နှာများတည်သွားကြတော့သည်။

ညစာစားပြီးသောအခါ ဧည့်ခန်းထဲမှာ ဝိုင်းထိုင်ကြသည်။

'အလုပ်ကိစ္စ စ,ကြစို့၊ အခုအချိန်အထိ တို့ရလိုက်တဲ့ ငွေဟာ ဒေါ်လာပေါင်း ၄,၄၇,၅၆၀ ရှိတယ်၊ ပန်းချီကား အတုရေးဆွဲလို့ ကုန်စရိတ်နဲ့ မမျှော်လင့်ဘဲ ဒိုချက်စတာဟိုတယ်မှာ အခန်းငှား လိုက်ရတဲ့ စရိတ်ဒေါ်လာ ၁၁,၁၄၂ ကို နုတ်ယင် ဟာဗေးဆီမှာ တို့ရစရာ ဒေါ်လာ ၅၆၃,၅၈၂ ကျန်သေး တယ်၊ ဒါကိုကြည့်ယင် တို့အရှုံးပေါ်နေဆဲပဲ ရှိသေးတယ်ဆိုတာ ထင်ရှားတယ်





ဒါကို မျက်ခြည်မပြတ်ပါနဲ့၊ မွန်တီကာလို အစီအစဉ်ကိုလဲ စဉ်းစား၊ တစ်စက္ကန့် အလွဲမခံနိုင်ဘူး၊ အဲဒီအကြောင်း နောက်ဆုံးအခြေအနေ အထိ ပြောပြစမ်းပါဦး ရော်ဘင်'ဟု စတီဖင်က ပြောသည်။

ရော်ဘင်က အစိမ်းရောင် ဖိုင်တွဲကို သူ့လက်ကိုင်အိတ်ထဲမှ ထုတ်သည်၊ ဖိုင်တွဲထဲမှာ သူ ရေးထားသည့် မှတ်စုများကို ခဏကြာအောင် ဖတ်ကြည့် သည်။

'ဂျင်းပီယာ. . . မင်းရဲ့ မုတ်ဆိတ်မွေးနဲ့ ပါးမြိုင်းမွေးတွေကို အရှည်ထား ပါ၊ ဒီနေ့ကစပြီး လုံးလုံးမရိတ်နဲ့တော့၊ အဲဒီလို ထားလိုက်ယင် နောက်ဆုံးသုံး ပတ် ကြာတဲ့အခါမှာ မင်းကို ဘယ်နည်းနဲ့မှ မှတ်မိနိုင်တော့မှာမဟုတ်ဘူး၊ မင်း ဆံပင်ကိုလဲ ဒီထက်တိုအောင် ညှပ်ပစ် လိုက်ပါ'

ရော်ဘင်၏ စကားကြောင့် ဂျင်းပီယာ၏ မျက်နှာ အကြီးအကျယ် ပျက် သွားသည်။ ထို့ကြောင့် ရော်ဘင်က ပြုံးသည်။

'ဟုတ်တယ်ကွ၊ ဒါမှ မင်းရုပ် သေသေချာချာ ပြောင်းသွားမှာ'

'ဒါလောက်လဲ မဟုတ်ပါဘူးကွာ၊ ငါက အချောင်ဆံပင်ဆုံး ရဦးမှာပေါ့ လေ'ဟု ဂျင်းပီယာက စိတ်မသက်မသာသည့် လေသံ မျိုးဖြင့် မေးသည်။

ရော်ဘင်က ဘာမှပြန်မပြောပဲ မေးစရာရှိသည်ကိုသာ ဆက် မေးသည်။

'မင်း ဖဲကစား လေ့ကျင့်နေတာ ဘယ်အခြေအနေ ရောက် နေပြီလဲ'

'ရက်သတ္တ ငါးပတ်အတွင်း ငါ ၃၇ ဒေါ်လာ ရှုံးသွားပြီ၊ ကလပ်နှစ်ခုကို အသင်းဝင်အဖြစ် ဝင်တဲ့ ဝင်ကြေးပါပါတယ်'

'အဲဒါတွေတို့လဲ တို့ စရိတ်ထဲမှာ ပေါင်းထည့်ရမယ်၊ ဒါကြောင့် ဟာဗေး ဆီမှာ တို့ရစရာ ဒေါ်လာ ၅,၆၃,၆၁၉ ဖြစ်သွား ပြန်ပြီ'ဟု စတီဖင်က ပြော သည်။

အားလုံးက ဝိုင်းရယ်ကြသည်။ သို့သော်လည်း စတီဖင်၏ မျက်နှာက အည်တည်ကြီး ဖြစ်နေသည်။ သူ့ စာရင်းထဲမှာ ရေးမှတ်နေသည်။

'ဂျိမ်းစ် . . . မင်း မော်တော်ကားမောင်း လေ့ကျင့်နေတာ အခြေအနေ ဘယ်လိုရှိနေပြီလဲ'

'စိန့်သောမတ်စ် ဆေးရုံကနေပြီး ဟာလေလမ်းမှာရှိတဲ့ မင်း ဆေးခန်းကို ဆယ့်လေးမိနစ်နဲ့ ရောက်အောင် ငါမောင်းနိုင်ပြီ၊ မွန်တီကာလိုကိုရောက်ယင် အဲဒီလောက် ခရီးကို ဆယ့်တစ်မိနစ် နဲ့ ရောက်အောင်မောင်းနိုင်လိမ့်မယ်လို့ ထင်တယ်၊ ဟိုမှာတော့ ထပ်ပြီး လေ့ကျင့်ရဦးမှာ ပေါ့လေ၊ တို့ဆီမှာက ဘယ် ကောင်၊ သူတို့ ဆီက လက်ယာကပ်မောင်း၊ အဲဒါ ကျင့်သားရအောင် လုပ်ရဦး မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ အင်္ဂလိပ်လူမျိုးတွေပဲ ဘယ်မောင်း မောင်းနေတာ တော်တော်တုံးတာပဲကွ၊ တကမ္ဘာလုံး လက်ယာကပ်မောင်း မောင်း ကုန်ကြပြီ'ဟု ဂျင်းပီယာက ဝင်ပြောသည်။

'ဂျိမ်းစ်က သူ့စကားကို မကြားချင်ယောင်ဆောင်နေသည်'

'နောက်ပြီးတော့ သူတို့ဆီက လမ်းညွှန်ဆိုင်းဘုတ်တွေ အကြောင်းလဲ ငါ သေသေချာချာ မသိသေးဘူး'

'မင်းကို ငါပေးထားတဲ့ လမ်းညွှန် စာအုပ်ထဲမှာ အားလုံး ပါပါတယ်ကွာ၊ သေသေ ချာချာလဲ ပြန်များကြည့်စမ်းပါဦး'

'ဟုတ်ပါတယ်၊ ဒါပေမယ့် စာအုပ်ထဲက ပုံတွေကို ကြည့်ပြီး မောင်းမယ့်အစား တကယ့်လမ်းပေါ်မှာ မောင်းကြည့်တော့ ပို သေချာတာပေါ့ကွာ၊ မွန်တီကာလိုမှာ တစ်လမ်းမောင်းတွေလဲ ရှိတယ်၊ တော်တော်ကြာ အဲဒီတစ်လမ်းမောင်းတွေ ပြောင်းပြန် မောင်းမိတော့မှ အားလုံးဟုတ်ပေ့ ဖြစ်ကုန်မယ်၊ ပြောင်းပြန်မောင်း သွားတဲ့ကား နောက်ခန်းထဲမှာ သတိလစ်နေတဲ့ ဟာဗေးကလဲ ပါလာဦးမှာ မဟုတ်လား'

'မပူပါနဲ့ကွာ၊ ဖြစ်လာမှာပေါ့၊ တို့ ဟိုရောက်သွားယင် မင်းအဖို့ လေ့ကျင့်ချိန်ရှိပါတယ်၊ ဒါဆိုယင် စတီဖင်ရဲ့ ပြဿနာပဲ ရှိတော့တယ်၊ ငါ တွေ့ခဲ့ဖူးသမျှ ဆေးကျောင်းသားတွေ ထဲမှာတော့ စတီဖင်ဟာ အတော်ဆုံးကျောင်းသားပဲ၊ မင်းကိုယ်မင်း အတော်ကြီး ယုံကြည် စိတ်ချမှုရနေပြီ မဟုတ်လား စတီဖင်'

'အမေရိကန်လေသံနဲ့ မင်းစကားပြောနိုင်တာပေါ်မှာ ယုံကြည်သလောက်ပဲ ငါ့မှာလဲ ရှိပါတယ်ကွာ၊ ဒါပေမယ့် ဟာဗေးဆိုတဲ့အကောင်ကြီး သတိလစ်နေပြီဆိုယင်တော့ နည်းနည်း ပါးပါး အမှားအယွင်းကလေးတွေရှိလဲ စိုးရိမ်စရာ မရှိဘူး ထင်ပါရဲ့'

'ဒါကိုလဲမပူနဲ့ စတီဖင်၊ ငါ့ကိုယုံကြည်ပါ၊ ဗင်ဂိုးရဲ့ ပန်းချီ ကား အတုကြီးကို လိမ်ရောင်း လိုက်တာ ကျွန်တော်ပါပဲလို့ မင်း ပြောယင်တောင်မှ ဟာဗေး ဘာကိုမှ သတိရနိုင်တော့မှာ မဟုတ်ပါ ဘူး'

ရောင်ဘင်က သူ၏ အစီအစဉ်များကို အသေးစိတ် ပြန် ရှင်းပြသည်၊ သူတို့လေ့ကျင့် ထားသည့် အကြောင်းများကိုလည်း ပြန်လည်စစ်ဆေးကြည့်သည်။ ထို့နောက်မှ သူ့လက်ထဲရှိ အစိမ်းရောင် ဖိုင်တွဲကို ပြန်လှန်ကြည့်နေပြန်သည်။

'ဟိုတယ် ဒီပါရီမှာ အခန်းလေးခန်း ငါစာရင်းသွင်းထားတယ်၊ တထပ်စီမှာခွဲပြီး စာရင်းသွင်းထားတယ်၊ ဂရောစ် မင်းသမီး ဆေးရုံမှာလည်း လိုအပ်တဲ့





အချိန်းအချက်တွေ လုပ်ထား ပြီးပြီ၊ အားလုံး အဆင်သင့်ဖြစ်နေကြောင်းလည်း အကြောင်းပြန်ကြားချက် ရပြီးပြီ၊ တို့ တည်းမယ့် ဟိုတယ်ဟာ ကမ္ဘာပေါ်မှာ အကောင်း ဆုံး ဟိုတယ်တွေထဲမှာ တစ်ခုအပါအဝင်ပဲ၊ ကစားဝိုင်းတွေလဲ ရှိတယ်၊ ဈေးလဲကြီးတယ်၊ တနင်းလာနေ့ကျယင် နိစ်မြို့ကို လေယာဉ်ပျံနဲ့ တို့သွားမယ်၊ ဟာဗေးက တို့ထက်တစ်ရက်စောပြီး သူ့ ဇိမ်ခံသင်္ဘောပေါ်မှာ ရောက်နှင့် နေလိမ့်မယ်'

'အဲဒီရက်မတိုင်ခင် ဒီကြားထဲမှာ တို့ ဘာတွေလုပ်နေရမှာ လဲ'

ဂျိမ်းစ်က နားမလည်သလို ဝင်မေးသည်။

စတီဖင်ကပင် ဝင်ရှင်းသည်။

'တို့ အစီအစဉ်တွေကို ဖင်ပြန်ခေါင်းပြန် ပြန်စီစစ်မယ်၊ လေ့ကျင့်မယ်၊ သောကြာနေ့ကျ ယင် စတ်စုံပြည့် လေ့ကျင့်မယ်၊ ဂျိမ်းစ်. . . အရေးကြီးဆုံးက မင်းပဲ၊ အခုထက်ထိ မင်း အစီအစဉ်ကို တင်မပြသေးဘူး'

စတီဖင်၏စကားကြောင့် ဂျိမ်းစ် ပုသွားလေသည်။ ဘာမှ ပြန်မပြောတော့ဘဲ ကုပ်နေလိုက်သည်။

စတီဖင်က သူ့ဖိုင်တွဲ အနီကို ပိတ်သည်။

'ဒီနေ့ညအဖို့တော့ ဒါလောက်ပါပဲ'

'နေဦး စတီဖင်. . . မင်းကို တို့တခါလောက်ထပ်ပြီး အဝတ်အစား ချွတ်ကြည့်ဦးမယ်၊ စက္ကန့်ကိုးဆယ်အတွင်း ပြီးအောင် လုပ်နိုင်မလုပ်နိုင် ငါ ကြည့်ချင်သေးတယ်'ဟု ရော်ဘင် က ဝင်တားသည်။

စတီဖင်က အခန်းလယ်မှာ အိပ်ပေးသည်။ ဂျိမ်းစ်နှင့် ဂျင်းပီယာက သူ့ကိုယ်ပေါ်မှ အဝတ်များကို ချွတ်သည်။ ရော်ဘင် က အချိန်ကိုက်နာရီကို ကိုင်ကြည့်သည်။

'ရှစ်ဆယ့်ခုနှစ်စက္ကန့်ကြာတယ်၊ သိပ်ကောင်းတယ်'

ရော်ဘင်က ကိုယ်တုံးတုံးကလေး ဖြစ်နေသော စတီဖင်ကို ငုံ့ကြည့်ပြီး ပြောသည်။ ပြီးတော့မှ လက်မှနာရီကို မြှောက်ကြည့် သည်။

'ဟ. . . တော်တော်တောင် အချိန်းနည်းသွားပြီ၊ ငါ လစ်တော့မှ ဖြစ်မယ်၊ မိန်းမက မယားငယ်နဲ့ ထင်နေဦးမယ်၊ မင်း တို့နဲ့နေရတာလဲ ကျက်သရေ နည်းနည်းမှ ရှိတာမဟုတ်ဘူး'

အားလုံးပြန်ကြဖို့ ပြင်ဆင်သည်။ စတီဖင်က ကြမ်းပေါ်မှ အဝတ်များကို ပြန်ကောက် ဝတ်သည်။ ခဏကြာတော့ တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကြသည်ကို ဂျိမ်းစ်က အိမ်ပေါက်ဝမှ ရပ်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး သူ့မြင်ကွင်းမှ ပျောက်သွားသောအခါကျမှ အောက်ထပ်မှာရှိသော မီးဖိုချောင်အတွင်းသို့ ဆင်းလာခဲ့သည်။

'မောင်တို့ ပြဿနာတွေ မင်းအကုန်ကြားရတယ် မဟုတ်လား'

'ကြားတယ်မောင်၊ သူတို့ သိပ်ကိုတော်ကြတာပဲ၊ မောင့်ကို သူတို့ ဝိုင်းအပြစ်တင်နေကြတာ အပြစ်ပြောစရာတောင် မရှိပါဘူး၊ ဒီလုပ်ငန်းမှာ သူတို့က ကျွမ်းကျင်ပြီးသား လုပ်နေကိုင်နေကျလို ဖြစ်နေတယ်၊ မောင်ကတော့ အပျော်တမ်းသမားလောက်ပဲ ရှိတယ်၊ သူတို့ကို မောင်အမီလိုက်နိုင်အောင်တော့ ကျွန်မတို့ ကြံကြဦးမှ ဖြစ်မှာပေါ့၊ ဟာဗေးမက်ကော့ဖ် မွန်တီကာလို မသွားခင် အချိန်တစ်ပတ်လုံးလုံး ကျန်နေသေးတာပဲ၊ ဒီ အချိန်တွေကို တန်ဖိုးရှိရှိ သုံးကြတာပေါ့'

ဂျိမ်းစ်က သက်ပြင်းချသည်။

'ဒီနေ့ည မောင်တို့ ပျော်ပျော်နေလိုက်ကြတာပေါ့ကွာ၊ မနက် တုန်းက အောင်ပွဲတစ်ခု ရလိုက်ပြီမဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါပေမယ့် မောင့် အစီအစဉ်ကြောင့် ရတဲ့ အောင်ပွဲမှ မဟုတ်ပဲ၊ ဒါကြောင့် မနက်ဖြန်က စပြီး အလုပ်လုပ် ကြမယ်'

၁၂

ခရီးစဉ်အမှတ် ၀၁၇-နဲ့ နီစ်မြို့ကို လိုက်ပါမယ့် ခရီးသည်များ ဂိတ်နံပါတ် ၇-က ထွက်ပြီး လေယာဉ်ပေါ် တက်ဖို့ မေတ္တာရပ်ခံပါတယ်ရှင်'

ဟီသရိုးလေဆိပ်ထဲတွင် အသံချဲ့စက်မှ အသံများ ပေါ်ထွက် လာလေသည်။

'ဒါ တို့စီးရမယ့် လေယာဉ်ပျံပဲ'ဟု စတီဖင်က ပြောသည်။

သူတို့လေးယောက်သည် လူချင်းခွဲကာ လေယာဉ်ရှိရာသို့ ဂိတ်ပေါက်မှ ထွက်လျှောက်လာ ခဲ့ကြသည်။

လေယာဉ်ပေါ်ရောက်သောအခါတွင်လည်း နေရာခွဲထိုင် ကြသည်။ တစ်ယောက်ကို တစ်ယောက်လည်း လှမ်းကြည့်ခြင်း မပြု။ သည်လေယာဉ်ပေါ်တွင် ဟာဗေး၏ မိတ်ဆွေများ ပါလာနိုင်ကြောင်း၊ ကိုယ့်ဘေးမှာ ထိုင်နေသူပင်လျှင် ဟာဗေး၏ မိတ်ဆွေ ဖြစ်ချင်ဖြစ်နေ နိုင်ကြောင်း စတီဖင်က သူတို့ကို သတိပေးကာ တင်းတင်းကျပ်ကျပ် စည်းကမ်းထုတ်ထားသည်။

ဂျိမ်းစ်ကတော့ ပြတင်းပေါက်ကိုကျော်ပြီး တိမ်မရှိသော ကောင်းကင်ကြီးကို ငေးကြည့်နေမိသည်။

သူနှင့် အယ်နီသည် လိမ်နည်းစာအုပ်ပေါင်းများစွာကို ရှာဖွေ ဖတ်ခဲ့ကြ





သည်။ သို့သော် သူတို့အတွက် နည်းကောင်းတစ်ခုမှမရ။ ဖြစ်နိုင်သည့် အကြောင်းအရာများကို စဉ်းစားကြ သည်။ သို့သော်လည်း အကြောင်းမထူး၊

ယခုတော့ ဒုတိယအစီအစဉ်ကိုပင် အကောင်အထည်ဖော်ကြတော့မည်။ ဒုတိယ အစီအစဉ်မှ မတင်ပြနိုင်သောကြောင့် သူတို့လေးယောက်ဂိုဏ်းထဲမှာ မျက်နှာငယ်နေရ လေသည်။

ဘာပဲဖြစ်ဖြစ် ရော်ဘင်၏ အစီအစဉ်ကို ပါဝင်အကောင် အထည်ဖော်ဆေးဖို့အတွက် စိန့်သောမတ်စ် ဆေးရုံမှာ သူစိတ်ရော ကိုယ်ပါ ကူညီ လေ့ကျင့်ပေးခဲ့ပါသည်။

မွန်းလွဲ ၁-နာရီ မိနစ်၄၀ တွင် နီစ်မြို့လေဆိပ်မှာ လေယာဉ် ဆင်းသက်ခဲ့သည်။ မွန်တီကာလိုသို့ရောက်အောင် မိနစ်နှစ်ဆယ် သွားရသည်။

ကြိုတင်စာရင်းပေးသွင်းထားသည့် အခန်းများမှာ အသီးသီး ဝင်ရောက်နေရာယူကြသည်။ ည ၇-နာရီတိတိ အချိန်တွင် အခန်း အမှတ် ၂၁၇-မှာ သူတို့လေးယောက် ဆုံကြလေသည်။

'အခန်းထဲမှာ နေသားတကျ ဖြစ်ပြီမဟုတ်လား'ဟု စတီဖင်က မေးသည်။

ကျန်သုံးယောက်က ခေါင်းညိတ်ပြကြသည်။ ရော်ဘင်က အစီအစဉ်ကို ထင်ရှင်းသည်။

'ကောင်းပြီ၊ တို့ အချိန်နဲ့ ပတ်သက်ပြီး ပိုတိကျအောင် ထပ်လုပ်ကြဦးစို့၊ ဂျင်းပီယာ. . . ဒီနေ့ည တစားဝိုင်းကို မင်းသွားပါ၊ ဝင်ကစားပါ၊ ပတ်ဝန်းကျင်အနေအထားတွေကို လေ့လာပါ၊ သူတို့ ကစားဝိုင်းက စည်းကမ်းတွေနဲ့ ဒီလန်မှာ မင်းလေ့လာထားတဲ့ စည်းကမ်းတွေ ကွဲလွဲမှုရှိမရှိ လေ့လာပါ၊ အင်္ဂလိပ်စကားကို လုံးဝ မပြောနဲ့၊ ဘာကိုမဆို ပြင်သစ်လိုပဲ ပြောပါ၊ ပြဿနာတစ်ခုခု ပေါ်လာနိုင်တယ်လို့ မင်းထင်သလား'

'အခုအချိန်အထိတော့ ဘာမှမပြောနိုင်သေးဘူး ရော်ဘင်၊ အခုပဲဆင်းသွားပြီး လေ့ကျင့်ယင် ကောင်းမယ် ထင်တယ်'

'ငွေတွေ နင်းကန်ရှုံးအောင်တော့ လုပ်မပစ်နဲ့နော်'ဟု စတီဖင်က လှမ်းသည်။

မုတ်ဆိတ်မွေး ပါးမြိုင်းမွေး ဗရဗျစ်နှင့် ဂျင်းပီယာက စတီဖင်ကို ပြန်ပြုံးပြီး အခန်းထဲမှ ထွက်သွားလေတော့သည်။ အောက်ထပ်သို့ ဆင်းရာတွင် ဓာတ်လှေကားကိုမသုံးပဲ ရိုးရိုး လှေကားမှ ဆင်းခဲ့သည်။ ပြီးတော့ မွန်တီကာလို၏ ကမ္ဘာကျော် ကစားဝိုင်းများရှိရာသို့ လျှောက်သွားလေသည်။

အခန်းအမှတ် ၂၁၇-ထဲမှာ ရော်ဘင်က ဆက်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဂျိမ်းစ်. . . တက္ကစီတစ်စီးငှားပြီး ကစားဝိုင်းရှိတဲ့ နေရာကနေ ဆေးရုံကို သွားပါ၊ ဆေးရုံရောက်ယင် မော်တော်ကားကို ခဏစောင့် ခိုင်းပြီး ကစားဝိုင်းတွေ ရှိရာကို အဲဒီကားနဲ့ပဲ ပြန်လာပါ၊ အနီးဆုံး လမ်းက မောင်းဖို့ ဒရိုင်ဘာကို ပြောပါ၊ သူမောင်းတဲ့ လမ်းဟာလဲ အနီးဆုံးလမ်းဟုတ်မဟုတ် သေချာအောင် လေ့လာပါ၊ ဒါဆိုယင် ဘယ်လမ်းက သူမောင်းတယ်ဆိုတာ မင်းတွေ့မယ် ကစားဝိုင်းကို ပြန်ရောက်ပြီးယင် ဆေးရုံကို ကုန်းကြောင်းတစ်ခေါက် လျှောက်သွားပါ၊ ဟိုရောက်ပြီးယင်ကုန်းကြောင်းပြန်လာပါ၊ ဒါလောက် လုပ် လိုက်ယင် အချိန် ဘယ်လောက်ကြာတယ်ဆိုတာ မင်းတွက်လို့ရပြီ၊ အားလုံးပြီး ယင် ဆေးရုံနဲ့ ဟာဖေးရဲ့ ဇိမ်ခံသင်္ဘောကို အဲဒီအချိန်အတိုင်း စံချိန်ယူပါ၊ ဒီလို စံချိန်ယူနေတဲ့အခါမှာ ကစားဝိုင်း ထဲကိုမဝင်ပါနဲ့၊ ဇိမ်ခံသင်္ဘောနားကို မကပ်ပါနဲ့၊ မလိုအပ်ပဲ မင်းကို မှတ်မိသွားတာမျိုး အဖြစ်မခံနိုင်ဘူး'

'ကစားဝိုင်းထဲကို မဝင်ရယင် တို့ လုပ်ငန်းစမယ့် ညကျတော့ ကစားဝိုင်းရဲ့ အနေအထားကို ငါဘာမှမသိပဲ ဖြစ်နေမှာပေါ့၊ အဲဒီအခါကျတော့ ဒုက္ခရောက် မကုန်နိုင်ဘူးလား'

'ဒီအတွက် မပူပါနဲ့၊ ဂျင်းပီယာ အားလုံးတာဝန်ယူလိမ့်မယ်၊ မင်းကို ဂျင်းပီယာက အဝင်ပေါက်ကနေပြီး လာကြိုလိမ့်မယ်၊ စတီဖင်က ဟာဖေးအနား က ခွာလို့ရမှာ မဟုတ်ဘူး၊ မင်းဟာ လူနာထမ်းစင်တင်လာတာတစ်ကြောင်း ဆေးရုံယူနီဖောင်း ဝတ်ထားတာ တစ်ကြောင်းကြောင့် ဟိုတယ်ထဲကို ပိုက်ဆံ မပေးပဲ မင်းကို ဝင်ခွင့်ပြုလိမ့်မယ်၊ ဒါအတွက် စိတ်ချပါ၊ မင်း လေ့ကျင့်မှုတွေ အားလုံးပြီးပြီဆိုယင်တော့ ဟိုတယ်က မင်းအခန်းကို ပြန်အပ်ပါ၊ မနက်ဖြန် မနက် ၁၁-နာရီမှာ တို့အစည်းအဝေး ထပ်လုပ်မယ်၊ အဲဒီအချိန်အထိ အခန်း ထဲကနေ ဘယ်ကိုမှမထွက်ပါ နဲ့၊ စတီဖင်နဲ့ငါ ဆေးရုံကိုသွားမယ်၊ လန်ဒန်ကနေ တို့ လှမ်းစီစဉ်ခိုင်း တာတွေ အဆင်သင့်ဖြစ်မဖြစ် သွားကြည့်မယ်၊ တို့နဲ့မျှော် တစ်နေရာရာမှာ ဆုံမယ်ဆိုယင် မမြင်ချင်ယောင်ဆောင် နေပါ'

ဂျိမ်းစ်က အခန်းနံပါတ် ၂၁၇ တွင်းမှ ထွက်သွားသည်။

ကစားဝိုင်းများရှိရာသို့ ဂျင်းပီယာ ရောက်သွားသည်။

ကစားဝိုင်းများ အခြေအနေကို လေ့လာကြည့်သည်။ ဥပဒေ များသည် လန်ဒန်ကစားဝိုင်းများနှင့် အတူတူဖြစ်သည်။ မွန်တီ ကာလိုကစားဝိုင်းများ အတုခိုးပြီး ပြုလုပ်ရခြင်း ဖြစ်သောကြောင့် လန်ဒန်ကစားဝိုင်းများနှင့် ဥပဒေတူနေခြင်း ဖြစ်သည်။

အာရပ်လူမျိုးများနှင့် ဂျူးလူမျိုးများသည် သူတို့ တိုင်းပြည် များမှာသာ





အဖောင်းစေးနှင့် မျက်ချေး ဖြစ်နေကြသော်လည်း ကစားဝိုင်းများမှာတော့ အတူတူ ယှဉ်တွဲထိုင်ကာ ကစားနေကြ သည်ကို တွေ့ရသည်။

ဖန်လပ်ဝိုင်းများက ည ၁၀-နာရီထိုးမှ စသည်ဟု သိရ သည်။ ဟာဖေး သည် ဖန်လပ်ကိုသာ အဓိကထားကစားပြီး ဝိုင်း အမှတ် ၂-ရှိ ကုလားထိုင် နံပါတ် ၃ တွင် အမြဲတမ်း ထိုင်လေ့ရှိကြောင်းကိုလည်း သိရှိခဲ့ရသည်။

လိုအပ်သည်များကို လေ့လာပြီးသောအခါ ဂျင်းပီယာက ဟန်မပျက် သည်းနည်း လောင်းကြည့်သည်။

ည ၁၀-နာရီကျော်ကျော်တွင် ဟာဖေးရောက်လာသည်။ ကစားဝိုင်းများ ရှိရာ အခန်းထဲသို့ သူဝင်လာသည်နှင့် တပြိုင်တည်း ရှုတ်ရှုတ်သဲသဲ ဖြစ်သွား သည်။ စားပွဲထိုးများက သူ့ကို တလေးတစား ဝိုင်းဝန်းနှုတ်ဆက်ကြသည်။ ဟာဖေးထိုင်နေကျ ဝိုင်းအမှတ် ၂-ရှိ ကုလားထိုင် နံပါတ် ၂-သို့ လိုက်ပို့ ပေးကြသည်။

ဟာဖေး ကစားသည်ကို ဂျင်းပီယာက မလှမ်းမကမ်းမှ မသိ မသာအကဲ ခတ်ကြည့်နေသည်။

ဂျင်းပီယာသည် ၁၁-နာရီ ၂၇-မိနစ်တွင် ထိုနေရာကို ကျောခိုင်းခဲ့ပြီး သူ့အခန်းသို့ ပြန်လာသည်။ မည်သူ့ကိုမှ ဖုန်းဆက်မနေတော့ပဲ ခုတင်ပေါ်မှာ ဘက်အိပ်လိုက်သည်။

ဂျိမ်းစ်၏ လေ့ကျင့်မှု အစီအစဉ်များကလည်း အားလုံး ချောချောမောမော အောင်မြင်မြင် ဖြစ်သွားသည်။ "အရေးကြီးသည်"ဟု ပြောလိုက်ရုံဖြင့် တက္ကစီကားက အတိုဆုံး လမ်းအတိုင်း အမြန်ဆုံး မောင်းလာသည်။ ဆေးရုံသို့ ၁ မိနစ် ၄၄ စက္ကန့်နှင့် ရောက်သွားသည်။

'ကစားဝိုင်းတွေရှိရာကို ပြန်သွားမယ်၊ ဒီတစ်ခါတော့ ခပ် ဖြည်းဖြည်းပဲ မောင်းပါ'

ဆေးရုံထဲသို့ ဟန်မပျက်ဝင်ပြီး ပြန်ထွက်လာသော ဂျိမ်းစ် က ဒရိုင်ဘာကို ပြောသည်။ အပြန်ခရီးက ၁၁ မိနစ်ကြာသည်။

မော်တော်ကားနှင့် စံချိန်ယူပြီးသောအခါ ရော်ဘင်က ပြောသည့်အတိုင်း ကုန်းကြောင်းလျှောက်ပြီး စံချိန်ယူပြန်သည်။ တနာရီကျော်ကျော် ကြာအောင် လျှောက်ရသည်။ လမ်း တစ်လျှောက်လုံးတွင်လည်း ကမ္ဘာလှည့် ခရီးသည်များ ကိုလည်း တွေ့နေရသည်။ သူတို့၏ အဓိက ဝင်ငွေသည် ကမ္ဘာလှည့် ခရီးသည် များထံမှ ရသော ငွေဖြစ်သည်။

ဆေးရုံနှင့် ကစားဝိုင်းကို ကုန်းကြောင်းလျှောက်ပြီးသောအခါ ဆေးရုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဟာပေး၏ ဇိမ်ခံသင်္ဘော အသွားအပြန် စံချိန်ဆက်ယူ သည်။ အားလုံးပြီး သောအခါ ဟိုတယ်မှာရှိသော သူ့အခန်းသို့ ပြန်လာခဲ့သည်။

သန်းခေါင်မတိုင်မီ အခန်းထဲသို့ ပြန်ရောက်သည်။ ပထမ အဆင့် လေ့ကျင့်မှုကတော့ ပြီးဆုံးသွားချေပြီ။

ရော်ဘင်နှင့် စတီဖင်က ဟိုတယ်မှ ဆေးရုံသို့ လမ်းလျှောက် သွားကြ သည်။ ဆေးရုံသို့ရောက်သောအခါ စုံစမ်းရေးဌာနသို့ သွားပြီး ဆေးရုံအုပ်ကြီး နှင့် တွေ့လိုကြောင်း ရော်ဘင်က ပြောသည်။

'ညပိုင်း တာဝန်ကျတဲ့ ဆေးရုံအုပ်ကြီး ရောက်နေပါပြီရှင်၊ ဘယ်သူ့ကို တွေ့ချင်တယ်လို့ ပြောလိုက်ရမလဲ အမိန့်ရှိပါ'

အမျိုးသမီး၏ အင်္ဂလိပ်စကားပြောသည့် လေသံက အလွန် တရာ သည်။ သို့သော်လည်း "ဘယ်သူကတွေ့ချင်တယ်လို့ ပြောလိုက်ရမလဲ"ဟု ပြောရမည့်အစား "ဘယ်သူ့ကို တွေ့ချင် တယ်လို့ ပြောလိုက်ရမလဲ"ဟု အင်္ဂလိပ်လို အမှားမှားအယွင်းယွင်း ပြောသည်။ ရော်ဘင်နှင့် စတီဖင်က မပြုံး အောင် သတိထား ထိန်းလိုက်ကြရသည်။

'ကာလီဖိုးနီးယား တက္ကသိုလ်က ဒေါက်တာဝီလီဘာကာက တွေ့ချင်တဲ့ အကြောင်း ပြောပေးပါ'

ဒေါက်တာဝီလီဘာကာကို ဆေးရုံအုပ်ကြီး မမြင်ဖူးပါစေနှင့် ဟု ရော်ဘင် က ကျိတ်ပြီး ဆုတောင်းနေရသည်။ ဒေါက်တာ ဘာကာသည် သမ္မတနစ်ဆင် ၏ သမားတော်ကြီးနှင့် ခွဲစိတ်တုပါရဂူကြီး ဖြစ်သည်။ ကမ္ဘာပေါ်တွင် လေးစား ခြင်း အခံရဆုံးသော ဆရာဝန်ကြီးများ ထဲတွင် တစ်ဦးအပါအဝင် ဖြစ်ေ သည်။ ယခုအခါ ဩစတြေးလျနိုင်ငံသို့ သွားရောက်လည် ပတ်နေပြီး တက္ကသိုလ်ကြီးများမှာ လိုအပ်သည့် သင်ခန်းစာများ ပို့ချပေးနေ ခိုက်ဖြစ်သည်။

စာရေးမက ဆေးရုံအုပ်ကြီး ဒေါက်တာ ဘားတိုက်ထံသို့ ဖုန်းဆက်သည်။ မကြာ ခဏတော့ ဆေးရုံအုပ်ကြီးနှင့် သူတို့တွေ့ ကြလေသည်။

'ကျွန်တော်စီစဉ်ခိုင်းထားတဲ့ ခွဲစိတ်ခန်းကို စစ်ဆေးကြည့် ချင်လို့ လာတာပါ၊ ပြီးတော့ မနက်ဖြန်ကစပြီး ငါးရက်တိတိ ကျွန်တော်တို့အတွက် သီးသန့်လုပ်ထားပေးဖို့လဲ ပြောချင်လို့ပါ။ နေ့တိုင်း ည ၁၁-နာရီကနေ မနက် ၄-နာရီအထိ ကျွန်တော်တို့ အတွက် သပ်သပ်ထားပေးပါ'ဟု ရော်ဘင်က ပြောသည်။

'ဖြစ်ပါတယ် ဒေါက်တာ ဘာကာ၊ ခွဲစိတ်ခန်းက ဟိုဘက်နားတွင် ကျွန်တော်နဲ့ တဆိတ်လိုက်ခဲ့ပါ ခင်ဗျာ၊ ကျွန်တော်လိုက် ပြပါ့မယ်'





'ဆေးရုံအုပ်ကြီး ဒေါက်တာ ဘားတိုက်က ကမ္ဘာကျော် ဆရာဝန်ကြီး ဒေါက်တာ ဘာကာ အစစ်ထင်ပြီး တလေးတစားဖြင့် အရေးတယူ ပြန်ပြော သည်။

ခွဲစိတ်ခန်းကို သွားကြည့်ကြသည်။ လန်ဒန် စိန့်သောမတ်စ် ဆေးရုံမှာရှိ သော ခွဲစိတ်ခန်းနှင့်တော့ ပုံစံချင်းမတူပါ။ သည်မှာ ရှိသော ခွဲစိတ်ခန်းက အလွန်ကောင်းနေသည်။ သူတို့ဆေးရုံက ခုတင် ၂၀၀ဆံ့ ဆေးရုံသာ ဖြစ် သော်လည်း ခွဲစိတ်ခန်းက အလွန် ကောင်းနေသည်။ အလွန်တရာ ချမ်းသာ ကြွယ်ဝသည့် သူဌေးကြီးများသာ တက်ရောက် ကုသနိုင်သော ဆေးရုံဖြစ်သဖြင့် သည်း အကောင်းဆုံး မွမ်းမံခြယ်လှယ်ထားခြင်း ဖြစ်လေသည်။

'မေ့ဆေးဆရာဝန် လိုဦးမလားခင်ဗျာ၊ နောက်ပြီးတော့ ဒေါက်တာ့ကို ကူညီဖို့ သူနာပြုဆရာမပါ ကျွန်တော်တို့ စီစဉ်ပေးရမလား'ဟု ဒေါက်တာ ဘားတိုက်က မေးသည်။

'မလိုပါဘူး ဒေါက်တာ၊ ကျွန်တော့်မှာ မေ့ဆေးဆရာဝန်နဲ့ ခွဲစိတ်ကုအဖွဲ့ ပါလာပြီးသားပါ၊ ဒါပေမယ့် လိုအပ်တဲ့ ခွဲစိပ်ကု ကိရိယာတွေတော့ လိုလိမ့်မယ်၊ သူတို့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားပေးပါ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အနည်းဆုံး အချိန် တနာရီတော့ ကျွန်တော်ကြိုတင် အကြောင်းကြားပါ့မယ်၊ အဲသာက် အချိန်အတွင်းမှာ လိုအပ်တာတွေ ပြည့်စုံသွားအောင် ပြင်ဆင် ပေးနိုင်မယ် မဟုတ်လား'

'ဒါဆိုယင် နည်းတဲ့အချိန်မှ မဟုတ်ပဲခင်ဗျာ၊ ကောင်းကောင်း လုံလောက် သွားပါပြီ၊ နောက်ထပ် ဘာများ အလိုရှိပါသေးသလဲ'

'တစ်ခုတော့ လိုသေးတယ်၊ သီးသန့်လူနာတင် မော်တော်ကား တစ်စီး လိုပါတယ်၊ မနက်ဖြန်နေ့ခင်းမှာ ကျွန်တော့်ဒရိုင်ဘာ လာကြည့်ဖို့ အဆင့်သင့် ဖြစ်အောင် စီစဉ်ပေးနိုင် မလား'

'စီစဉ်ပေးပါ့မယ် ဒေါက်တာဘာကာ၊ ကျွန်တော်တို့ ဆေးရုံ နောက်က ကားရပ်တဲ့နေရာမှာ လူနာတင်ကားကလေးတစ်စီးရပ်ထားပါတယ်၊ ညဉ့်ကြီး မင်းရေးမဆီမှာ ကားသော့တောင်းယူနိုင် ပါတယ်'

'လူနာကို ခွဲစိပ်ပြီးတဲ့နောက် စောင့်ဖို့ သူနာပြုဆရာမ တစ်ယောက်လိုပါ တယ်၊ ကျွမ်းကျင်တဲ့ ဆရာမတစ်ယောက်ကို ဘယ်မှာ များငှားယင် ရနိုင်မလဲ'

'ဒါလဲ ဖြစ်ပါတယ် ခင်ဗျာ၊ နိစ်မြို့မှာ သူနာပြုဆရာမတွေ ငှားတဲ့ ဧဂျင်စီ တစ်ခုရှိပါတယ်၊ ဈေးကတော့ နည်းနည်းကြီးမယ် ဒေါက်တာ'

'ကြီးပါစေဗျာ၊ အရေးမကြီးပါဘူး၊ ဒေါက်တာ ပြောတော့မှပဲ သတိရတယ်၊ ခင်ဗျားတို့ ဆေးရုံအတွက် ကျသင့်တဲ့ငွေတွေ ရပြီး ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'ရပြီးပါပြီ ဒေါက်တာ၊ ကယ်လီဖိုးနီးယားက ပို့လိုက်တဲ့ ဒေါ်လာ ခုနှစ်ထောင် ကြာသပတေးနေ့က ရောက်လာပါတယ်'

ထိုစကားကို ကြားရသောအခါ ရော်ဘင် စိတ်ချမ်းသာသွား လေသည်။ ထိုသို့ဖြစ်အောင် စီစဉ်ဖို့မှာ သူတို့အတွက် အလွန် တရာ လွယ်ကူပါသည်။ ဟားဗတ်တက္ကသိုလ်မှာရှိသည့် ဘဏ် တိုက်နှင့် စတီဖင် အဆက်အသွယ် လုပ်သည်။ သူ့ငွေထဲမှ ဒေါ်လာ ၇၀၀၀ ကို စန်ဖရန်စစ္စကိုမြို့ရှိ ဘဏ်တိုက်သို့ လွှဲပေးရန်၊ ထိုဘဏ်တိုက်မှတဆင့် မွန်တီကာလိုမှာရှိသော ဆေးရုံသို့ ထပ်ဆင့် လွှဲပေးရန် ညွှတ်ကြားလိုက်ရုံဖြင့် အားလုံး ချောချော မောမော ပြီးစီးသွား လေသည်။

'အခုလို လိုလေးသေးမရှိ ကူညီတာ ကျေးဇူးတင်ပါတယ် ဒေါက်တာ ဘားတိုက်၊ ကျွန်တော့်လူနာကို ဘယ်နေ့ဘယ်အချိန် မှာ ခေါ်လာနိုင်မယ်ဆိုတာ မသေချာကြောင်း ဒါလောက်ဆိုယင် ဒေါက်တာလဲ သဘောပေါက်လောက် ရောပေါ့နော်၊ သူက တော်တော် နေမကောင်းဖြစ်နေတယ်၊ ဒါကြောင့် သူ့ကို ခွဲစိတ်ကုသဖို့ လိုလေသေးမရှိအောင် ကျွန်တော်စီစဉ်နေရတာပါ'

'မှန်ပါတယ် ဒေါက်တာ၊ ကျွန်တော် သဘောပေါက်ပါတယ်'

'နောက်ဆုံးတစ်ခု ကျွန်တော်မေတ္တာရပ်ခံချင်တာက ဒီ အကြောင်းကို အတတ်နိုင်ဆုံး လူနည်းနည်းပဲ သိစေချင်ပါတယ်၊ ကျွန်တော် မွန်တီကာလိုကို ရောက်နေကြောင်း တတ်နိုင်ယင် ဖုံးပေးထားပါ။ ကျွန်တော်အနားယူရအောင် ထွက်လာတာပါ။ အခု လူနာကတော့ မလွှဲမရှောင်သာလို့ လက်ခံလိုက်ရတာပါ'

'ကျွန်တော်နားလည်ပါတယ် ဒေါက်တာ၊ ကျွန်တော့်ဘက်ကတော့ နှုတ်လုံပါ့မယ်၊ ဒီအတွက် စိတ်ချပါ'

ရော်ဘင်နှင့်စတီဖင်သည် အငှားကားတစ်စီး ငှားကာ ဟိုတယ်သို့ ပြန်လာကြလေသည်။

'ပြင်သစ်တွေ အင်္ဂလိပ်စကားပြောတာ တို့ ပြင်သစ်စကား ပြောတာထက် ပိုပီတာတော့ အံ့သြစရာပဲ'ဟု စတီဖင်က ပြော သည်။

'မင်းတို့ အမေရိကန်တွေက အသုံးမှမကျပဲကိုးကွ'ဟု ရော်ဘင်က ပြန်ပြောသည်။

ဟိုတယ်သို့ သူတို့ပြန်ရောက်လာကြသည်။ ရော်ဘင်က အေးအေး ဆေးဆေး နေနိုင်သလောက် စတီဖင်က စိတ်လှုပ်ရှား နေသည်။ ရော်ဘင်၏ အစီအစဉ်သည် အလွန်တရာ အန္တရာယ် ကြီးကြောင်း ပို၍ပို၍ သဘော ပေါက်လာသည်။

* * *





ဟာပေးမက်ကာ့ဖ်သည် သူ့ဇိမ်ခံသင်္ဘောပေါ်မှာ နေပူစာ လှုံယင်း ပြင်သစ်သတင်းစာ များကို အဘိဓာန် အကူအညီဖြင့် ဖတ်နေသည်။

မနေ့ညတုန်းက အတော်ကလေး ညဥ့်နက်အောင် ကစားဝိုင်းမှာ သူ ကစားနေခဲ့သည်။ ယခုနေရောင်အောက်မှာ အနားယူနေရသဖြင့် သူ့ ကျန်းမာရေးအခြေအနေက အလွန်ကောင်း နေ ပြန်သည်။ ခန္ဓာကိုယ် တောင့်တဆ ဝနေခြင်းသာ ပြောစရာရှိသည်။

နံနက် ၁၁-နာရီထိုးသောအခါ ဟာပေးက တဘက်သို့ စောင်းပြီး ကြီးမား သော သူ့ ဝမ်းဗိုက်ကြီးကို ကြည့်နေခိုက် ဂျိမ်းစ်က အခန်းအမှတ် ၂၁၇- သို့ ဝင်သွားလေသည်။ ကျန်သည့် အဖွဲ့သားများ အစုံအလင်ရောက် နေကြသည်ကို တွေ့ရသည်။

ဂျင်းပီယာက သူလေ့လာခဲ့သော လောင်းကစားဝိုင်းများ အခြေအနေနှင့် ဟာပေး၏ အကျင့်စရိုက်များ အကြောင်းကို ပြန် ရှင်းပြသည်။

ဂျိမ်းစ်ကလည်း သူယူခဲ့သည့် စံချိန်များအကြောင်း ပြန်ပြော ပြသည်။ သူကိုယ်တိုင် ကားမောင်းရမည်ဆိုလျှင် ဆယ့်တစ်မိနစ်ထက် လျော့နည်းအောင် မောင်းနိုင်မည်ဖြစ် ကြောင်းလည်း တင်ပြသည်။

'ကောင်းတယ်၊ စတီဖင်နဲ့ငါ ဆေးရုံကနေ ဟိုတယ်ကို တက္ကစီ ကားနဲ့ ပြန်လာတာ ဆယ့်ငါးမိနစ်ပဲ ကြာတယ်၊ ဒါကြောင့် ကစားဝိုင်းမှာ ပွဲဖောင်းကြီး ပေါ်တက်သွားပြီဆိုတာ ဂျင်းပီယာ အကြောင်းကြားတာနဲ့ တပြိုင်တည်း အားလုံး အဆင်ပြေအောင် စီစဉ်နိုင်မှာပါပဲ' ရော်ဘင်က ပြောသည်။

'ပွဲဖောင်းကြီး အပေါ်တက်မှာ မဟုတ်ဘူးကွ၊ အောက်ထိုး ကျသွားမှာ'ဟု ဂျင်းပီယာက ပြန်ပြောသည်။

'သူနာပြုဆရာမကိုလဲ ဒီနေ့ကစပြီး ငှားထားလိုက်ပြီ၊ ဆေးရုံမှာလည်း အပ်တာတွေ အားလုံး စီစဉ်ထားပြီးပြီ၊ ဆေးရုံအဝကနေ ခွဲစိတ်ခန်းကို ရောက်အောင် နှစ်မိနစ်ပဲ လျှောက်ရမယ်၊ ဂျိမ်းစ်က မော်တော်ကားကို ဆေးရုံ နောက်မှာ သွားပြန်ထားနေရဦးမှာနဲ့ဆိုယင် ငါအဖို့ ပြင်ဆင်ချိန် ဆယ့်ခြောက် မိနစ်ရမယ်၊ ဂျိမ်းစ် ဆေးရုံနောက်မှာရှိတဲ့ မော်တော်ကားကို သွားယူပါ၊ ညော်ကြို အနေမဆီမှာကားသော့တောင်း၊ ဒေါက်တာဘာကာဆိုတဲ့ နာမည်နဲ့ ကား ဆင်သင့်လုပ်ထားဖို့ ပြောထားမြီးသား၊ ဆေးရုံနဲ့ ကစားဝိုင်းကို နှစ်ခေါက် လမ်းမောင်း ကြည့်ပါ၊ ပိုမမောင်းနဲ့၊ ဟိုလူ ဒီလူ သတိထားမိသွားတာမျိုး ဖြစ်မခံနိုင်ဘူး၊ နောက်ပြီးတော့ ဟောဒီ အထုပ်ကို ကားနောက်ထဲမှာ အသင့်ထည့်ထား'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက ဘာကြီးလဲ'

'တာဝန်ထမ်းဆောင်ချိန်မှာဝတ်ဖို့ အဝတ်အစားသုံးစုံနဲ့ စတီဖင်အတွက် နားကျပ်၊ မင်း လူနာတင်မော်တော်ကားကို ရောက်ယင် ထမ်းစင်ကို အလွယ်တကူ ဖြန့်လို့ရမရ စမ်းသပ် ကြည့်ပါ၊ အစမ်းမောင်းကြည့်ပြီးယင် ဆေးရုံမှာ ကားပြန်ထားပါ၊ မင်း အခန်းမှာ မင်းပြန်နေပါ၊ မင်းတို့ လမ်းလျှောက် စကားပြော စက်တွေကို အားလုံးကို ဓာတ်ခဲအသစ်လဲပါ၊ ဆယ်ပြားတန် ဓာတ်ခဲကလေး နှမြောမိတာနဲ့ တို့အစီအစဉ်ကြီး တစ်ခုလုံးပျက်စီးသွားတာမျိုး ငါ အဖြစ်မခံနိုင်ဘူး၊ စစ်ဆင်ရေး စ,မယ့် အချိန်အထိ ဂျင်းပီယာနဲ့ ဘာမှလုပ် စရာမလိုဘူး၊ ဒါကြောင့် မင်းအခန်းမှာ မင်းပြန်နားနေပါ၊ ဖတ်စရာစာအုပ်လေး ဘာလေး ယူလာတယ် မဟုတ်လား'

'ငါ ရုပ်ရှင်သွားကြည့်ချင်တယ်ကွာ၊ ဂျက်ကလင်းဘစ်ဆက် ပါတဲ့ ရုပ်ရှင်ကား ပြနေတယ်၊ ဒီကောင်မကို ငါ သိပ်သဘောကျ တာ'ဟု ဂျင်းပီယာက ပြန်မေးသည်။

'သူငယ်ချင်း ဂျင်းပီယာ... ဂျက်ကလင်း ဘစ်ဆက်ဆိုတာ ပိတ်ကား ပေါ်က တရုပ်ပါကွ၊ စာဖတ်နေရတာက ပိုမကောင်းပေဘူးလား'ဟု ဂျိမ်းစ်က လှမ်းပြောသည်။

'မဆိုင်ပါဘူးကွာ၊ ဒီကောင်မရုပ်ကို မြင်ရယင်ပြီးရောပေါ့' ဟု စတီဖင်က ဝင်ပြောသည်။

'နေစမ်းပါစေကွာ၊ သူ ကြည့်ချင်လဲ ကြည့်ပါစေ၊ သူ့မှာ ဘာတာဝန်မှ ရှိတော့တာ မဟုတ်ပါဘူး'

သည်စစ်ဆင်ရေးတွင် ခေါင်းဆောင်ဖြစ်သူ ရော်ဘင်က ခွင့်ပြုလိုက်သည်။ ဂျင်းပီယာ အခန်းထဲမှ ထွက်သွားသည်။

'ဂျိမ်းစ်... မင်း မော်တော်ကား အစမ်းမောင်းကြည့်ဖို့ကို အဆင်ပြေတဲ့ အချိန်မှာ သွားယူပါ၊ ဒါပေမယ့် ဒီည အိပ်ရေးဝနေဖို့တော့ လိုတယ်'

'ရပါတယ်၊ ငါ အခုပဲကားသွားယူပြီး မောင်းကြည့်မယ်၊ တကယ် အရေးကြုံလာတဲ့ အခါကျယင် ချောချောမောမော ဖြစ်မှာ ပါကွာ'

ဂျိမ်းစ် ထွက်သွားသည်။

'ကဲ... စတီဖင်... မင်းနဲ့ ငါနဲ့ အသေးစိတ် ပြန်တိုင်ပင်ကြ အောင်...၊ တစ်ခုခု မှားသွားယင် တို့ ငွေတွေဆုံးခဲ့တာထက် ပိုကြီးကျယ်တဲ့ ဆုံး ရှုံးမှုတွေနဲ့ ရင်ဆိုင်ရမယ်၊ ဒါကြောင့် အစကနေ ပြန်စစ်ရအောင်၊ နိုက်ထရော့ အောက်ဆိုက် ဓာတ်ငွေ့ ငါးလစ်တာ အောက်ကို လျော့ကျ သွားမယ်ဆိုယင်...

* * *





'ဟာပေး စစ်ဆင်ရေး... ဟာပေး စစ်ဆင်ရေး... တာဝန် ချထားတဲ့ နေရာတွေကို စစ်ဆေးနေတယ်၊ ကြားယင် အကြောင်းပြန်ပါ၊ ဂျင်းပီယာ ကောပြောနေတယ်၊ ကစားဝိုင်းတွေရှိတဲ့ နေရာကို သွားတဲ့လှေကားပေါ်ကို ငါရောက်နေပြီ၊ ငါပြောတာ ကြားရ သလား ဂျိမ်းစ်'

'ကြားတယ်၊ ဆေးရုံနောက်က လူနာတင်ကားထဲမှာ ငါ ရောက်နေတယ် ဒါပဲ'

'ရော်ဘင် စကားပြောနေတယ်၊ ဟိုတယ်က အခန်းအမှတ် ၂၁၇- လသာဆောင်မှာ ငါ ရှိနေတယ်၊ ဂျင်းပီယာ... မင်းနဲ့ အတူတူ စတီဖင် ရှိနေသလား'

'ရှိတယ်၊ ဘားခန်းထဲမှာထိုင်ပြီး၊ အချိုရည်သောက်နေတယ်'

'ကောင်းပါစေ၊ ဒါပဲ'

ဂျင်းပီယာသည် ညဉ့်ဦးပိုင်း ၇ နာရီမှစကာ ၁၁-နာရီထိုး သည်အထိ တစ်နာရီလျှင် တစ်ကြိမ်ကျ သူ့လူများကို ကြိုးမဲ့ ကြေးနန်းစက်ဖြင့် စစ်ဆေး ကြည့်နေသည်။ ၁၁-နာရီထိုးသော် လည်း ဟာပေးရောက်မလာသေးကြောင်း ရော်ဘင်နှင့် ဂျိမ်းစ် ထံသို့ သတင်းပို့သည်။

ည ၁၁-နာရီ ၁၆ မိနစ်ကျမှ ဟာပေး ရောက်လာသည်။ သူ့အတွက် သီးသန့်ထားသော ကုလားထိုင်မှာ သွားထိုင်သည်။

စတီဖင်က အချိုရည်ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချထား လိုက်သည်။

ဂျင်းပီယာက ဟာပေးထိုင်ခုံဘေးမှလူ ထသွားမည့်အချိန်ကို စိတ်ရှည် ရှည်ဖြင့် စောင့်နေသည်။ လက်ဝဲ-လက်ယာမှာ ရှိနေကြသူ နှစ်ယောက်စလုံးက သဲကြီးမဲကြီး ကစားနေကြသည်။ တစ်နာရီ ကျော်ကြာလာသည်။ ထိုနှစ် ယောက်က ထတော့မည့်ပုံ မပေါ်။ ဂျင်းပီယာ အတော်စိတ်ပျက်လာသည်။

'ဟာပေးကလည်း အနည်းငယ်ရှုံးနေသည်။ သို့သော်လည်း ဟန်မပျက် ဆက်လက်ကစား နေသည်။

သူ့ဘယ်ဘက်မှာ ပြင်သစ်လူမျိုးတစ်ယောက် ဖြစ်သည်။ ညာဘက်မှာ အမေရိကန်လူမျိုး တစ်ယောက်ရှိသည်။ နောက်ထပ် တစ်နာရီမျှ ဆပ်ကြာသွားပြန်သည်။ သူတို့ တုတ်တုတ်မှ မလှုပ်သေး။

အတော်ကြာတော့မှ ဘယ်ဘက်မှာ ထိုင်နေသော ပြင်သစ် လူမျိုးက စားပွဲပေါ်ရှိ သူပိုင်သည့် ပိုက်ဆံများကို ကျုံးယူကာ ထိုင်ရာမှ ထပြီး ထွက်သွား လေတော့သည်။

ဂျင်းပီယာက ထိုနေရာသို့ ကမန်းကတန်း ပြေးဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းနည်းပါတယ် မွန်ဖွား၊ အဲဒီခုံကို နောက်ထပ် လူကြီးမင်း တစ်ယောက်က ကြိုတင် ငှားရမ်းထားပြီး ဖြစ်ပါတယ်ခင်ဗျာ၊ ဟောဟိုဘက်က စားပွဲမှာ ကြိုတင်ငှားမထားတဲ့ ကုလားထိုင် နေရာလွတ်တွေ ရှိပါတယ်'

ဂျင်းပီယာ ဝင်ထိုင်မည်အပြုတွင် ကစားဝိုင်းတာဝန်ခံက လှမ်းပြောသည်။

'ရပါတယ် အရေးမကြီးပါဘူး'

ဂျင်းပီယာက သူ့ကိုမည်သူမှမမှတ်မိနိုင်ခင် နောက်ကြောင်း ပြန်လှည့်ခဲ့သည်။ သင်္ဘေးတွေကိုမှ အရေးတယူ ဆက်ဆံကြသည့် မွန်တီကာလို ကစားဝိုင်းများကိုလည်း စိတ်ထဲက ကျိတ်ပြီးဆဲနေ သည်။

ဘားခန်းမှာ ထိုင်နေသော စတီဖင်ကလည်း ဘာတွေ ဖြစ်ကုန်ပြီကို လှမ်းမြင်နေရသည်။ ထို့ကြောင့် ထိုနေရာမှ ထွက်သွားရန် မသိမသာ အချက်ပြပြီး ထွက်လာခဲ့ကြသည်။

သန်းခေါင်ကျော် ၂ နာရီထိုးပြီးစ၊အချိန်တွင် အခန်းအမှတ် ၂၁၇ ထဲသို့ သူတို့နှစ်ယောက် ဝင်လာကြသည်။

* * *

'မှားလိုက်တာကွာ၊ ဒါတွေဟာ ငါ့အပြစ်ပဲ၊ ဟုတ်တယ် ငါ့ အပြစ်ပဲ၊ ကုလားထိုင်တွေကို ကြိုတင်ငှားရမ်းထားရတယ်ဆိုတာ စောစောကတည်းက ငါ သိထားဖို့ ကောင်းတယ်၊ ဟာဗေး ငှားတာကို တွေ့ကတည်းက ငါသိဖို့ ကောင်းတယ်'

ဂျင်းပီယာက စိတ်မချမ်းမသာဖြင့် ညည်းသည်။

'မင်းအမှားမဟုတ်ဘူး သူငယ်ချင်း၊ ငါ့အမှား၊ ကစားဝိုင်းတွေအကြောင်းကို ငါဘာမှ မသိခဲ့ဘူး၊ ဒါကြောင့် တို့လေ့ကျင့် မှုတွေ လုပ်ခဲ့ကြတုန်းက ဒီဟာမျိုးတွေ ထည့်မလုပ်မိခဲ့တာပါ၊ ဒါကြောင့် ဒါဟာ ငါ့အမှားပါ'

ရော်ဘင်က ဂျင်းပီယာကို နှစ်သိမ့်သည်။ ရှည်စပြုနေပြီ ဖြစ်သော သူ့နှုတ်ခမ်းမွေး ကိုလည်း လက်နှင့်ပွတ်ကြည့်နေသည်။

'ဘယ်သူကိုမှ အပြစ်တင်နေစရာ မလိုပါဘူးကွာ၊ တို့မှာ အချိန်သုံးညတောင် ကျန်နေ သေးတာပဲ၊ ဘာမှ စိတ်ပျက်မနေကြ ပါနဲ့၊ မနက်ဖြန်ကျတော့ ထိုင်ခုံကိစ္စစီစဉ်ကြတာပေါ့၊ အခု လောလောဆယ် ပြန်အိပ်ကြယင် ကောင်းမယ်၊ မနက်ဖြန် မနက် ဆယ်နာရီ ဒီအခန်းမှာ ပြန်ဆုံမယ်'

စတီဖင်က နောက်ဆုံး အဆုံးအဖြတ်ကို ဝင်ပေးသည်။

သူတို့အားလုံး စိတ်ပျက်လက်ပျက်ဖြင့် အခန်းထဲမှ ထွက်ခွာ သွားကြသည်။





ရော်ဘင်သည် လသာဆောင်မှာထွက်ပြီး လေးနာရီလုံးလုံး ထိုင်စောင့်ခဲ့ရသည်။

ဂျိမ်းစ်ကလည်း ဆေးရုံနောက်မှာရှိသည့် လူနာတင် ကားထဲမှာ နာရီပေါင်းများစွာ ချမ်းချမ်းစီးစီးနှင့် ထိုင်စောင့် နေခဲ့ရ သည်။

စတီဖင်ခမျာလည်း အချိုရည်များကို တစ်ခွက်ပြီး တစ်ခွက် ထိုင်သောက်နေခဲ့ရလေရာ သူ့ ဗိုက်ထဲမှာ ဘာတွေဖြစ်ကုန်ပြီ မသိ။

ဂျင်းပီယာ ကိုယ်တိုင်ကလည်း ထိုင်ခုံကလေးရဖို့ အရေးကို နာရီပေါင်းများစွာ တမတ်တတ်တတ်နှင့် နေခဲ့ရသည်။

ယခုတော့ အားလုံးလွဲချော်သွားလေပြီ။

* * *

ဟာဗေးက သူ၏ ဇိမ်ခံသင်္ဘောပေါ်မှာ နေပူဆာလှုံနေပြန်သည်။ သည်အတိုင်း တပတ်လုံးလုံးဆက်ပြီး နေပူဆာလှုံလိုက် ရမည်ဆိုလျှင် သူ့အသားအရေတွေ မည်းမှောင်သွားမည် ဖြစ်ကြောင်းကိုလည်း တွေးကြည့်နေလေသည်။

နယူးယောက်တိုင်း သတင်းစာထဲမှာ သူဖတ်ခဲ့ရသည့် စီးပွားရေး သတင်းတစ်ပုဒ် အကြောင်းကို ပြန်စဉ်းစားနေသည်။ ရွှေဈေးတွေ ခုန်တက်နေသည့် သတင်းဖြစ်သည်။ သူဝယ်ထားသည့် ရွှေတွေကလည်း အမြောက်အမြားဖြစ်နေလေရာ သူမည်မျှ ချမ်းသာသွား ပြီကို သူ့ဘာသာသူ သိဖို့ပင် မလွယ်တော့ချေ။

ထိုအချိန်တွင် သူ့ဘေးမှာရှိသော တယ်လီဖုန်းက ခေါင်းလောင်းသံ မြည်လာသည်။ နိုင်ငံခြား တယ်လီဖုန်းခေါင်းလောင်းသံ များကို သူ နည်းနည်း ကလေးမှ ကျင့်သားမရနိုင်။

'ဟိုင်း. . . လွှိုက်. . . ခင်ဗျား မွန်တီကာလို ရောက်နေတာ ကျွန်တော် မသိပါလား၊ ညစာအတူတူ စားကြရအောင်လေဗျာ၊ ရှစ်နာရီလား၊ ကောင်းသားပဲ. . . ကျွန်တော့်အသား အရေတွေ တော်တော်ညိုလာပြီ. . . ဘာပြောတယ်ဗျ. . . သိပ်ကောင်းတာ ပေါ့၊ ဒါဖြင့် အဲဒီတော့မှ တွေ့ကြတာ့မယ်နော်'

ဟာဗေးက တယ်လီဖုန်းကို ပြန်တပ်သည်။ ပြီးတော့ ဝီစကီ အရက်ယူလာပေးရန် လှမ်းတောင်းလိုက်လေသည်။

* * *

'ဒီအတိုင်းဆိုယင်တော့ အားလုံးအဆင်ပြေသွားမှာ သေချာသလောက်ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



အခန်းအမှတ် ၂၁၇-ထဲမှာ ပြန်ဆုံကြသောအခါ စတီဖင်က စ၍ပြောသည်။ အားလုံးက သဘောတူညီကြောင်း ခေါင်းညိတ်ပြကြ သည်။

'ဂျင်းပီယာတ ဟာဗေးထိုင်နေကျ ကုလားထိုင်ဘေးက ခုံတိုရအောင် လှမ်းစီစဉ်ပါ၊ ခုံရပြီဆိုယင် တို့ စီစဉ်ထားတဲ့အတိုင်း ဆက်လုပ်ကြတာပေါ့'

ဂျင်းပီယာက ဖုန်းကောက်ကိုင်ပြီး ကစားဝိုင်းတာဝန်ခံထံ လှမ်းဆက်သည်။ ပြင်သစ် လိုပြောသည်။

'ဖန်လပ်ဝိုင်း စားပွဲနံပါတ် ၂က-ကုလားထိုင် တစ်လုံးလောက် ကြိုတင် ဝယ်ထား ချင်လို့ဗျာ၊ ရနိုင်မလား'

'ရနိုင်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် အလယ်တည့်တည့်က ကုလားထိုင် ကိုတော့ မရနိုင်ပါဘူး၊ တပတ်လုံးလုံး ယူထားတဲ့လူ ရှိနေပါပြီ ခင်ဗျာ'

'ဆိုးတာပေါ့၊ ဒီလိုဆိုယင် ကုလားထိုင် နံပါတ် ၂ကိုရော ရနိုင်မလား'

'အဲဒီကုလားထိုင်ဆိုယင်တော့ ဖြစ်နိုင်ပါတယ်ခင်ဗျာ၊ ကြိုတင် ငှားထား တဲ့လူ မရှိသေးပါဘူး'

'ကျေးဇူးတင်ပါတယ်၊ အဲဒီ ကုလားထိုင်ကို သီးသန့်ထားလိုက် ပါ'

ဂျင်းပီယာက ဖုန်းချပြီး ကျန်လူများဘက်သို့ လှည့်သည်။

'ကုလားထိုင်ကိစ္စတော့ ပြီးသွားပြီ'

ဂျင်းပီယာမှာ ထိုသို့ပြောသော်လည်း ဇောချွေးတွေ ပြန်နေသည်ကို တွေ့ရ သည်၊ ပြီးတော့ သူတို့ အခန်းများသို့ အသီးသီး ပြန်သွားကြသည်။

* * *

ည ၁၂ နာရီတိတိထိုးပြီ။ ရော်ဘင်က အခန်း ၂၀၇-ရှိ လသာဆောင်မှာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေသည်။

ဂျိမ်းစ်က ဆေးရုံနောက်မှာရှိသည့် လူနာတင် မော်တော်ကားထဲမှာ 'မင်းမပါယင်တော့ မောင်တစ်ယောက်တည်း ဒုက္ခရောက် တော့မယ်'သီချင်းကို လေချွန်နေသည်။

စတီဖင်က ဘားခန်းထဲမှာထိုင်ပြီး အချိုရည်သောက် နေသည်။

ဂျင်းပီယာက စားပွဲနံပါတ် ၂၊ ကုလားထိုင်နံပါတ် ၂မှာ ထိုင်ပြီး ဖန်လပ်ကစားနေသည်။

ကစားဝိုင်းခန်းအတွင်းသို့ ဟာဗေးဝင်လာသည်ကို စတီဖင်ရော ဂျင်းပီယာပါ လှမ်းမြင် လိုက်ကြရသည်။

သို့သော်လည်း ဟာဗေးသည် တစ်ယောက်တည်း ဝင်လာခြင်းမဟုတ်၊ တက်ဆပ် ပြည်နယ်သားနှင့် တူသူတစ်ယောက်ပါ သူနှင့် အတူတူ ပါလာသည်။





အခြားကစားဝိုင်းတစ်ခုမှာ နှစ်ယောက်အတူတူ သွားထိုင်နေကြသည်၊

ဂျင်းပီယာက ဘားခန်းထဲသို့ ခပ်သွက်သွက် ဝင်လာသည်။

'သွားပါပြီကွာ၊ ငါလက်မြှောက်လိုက်ပြီ'

'ဟုတ်တယ်၊ လုပ်လို့မဖြစ်ဘူး၊ ဟိုတယ်ကိုပြန်'

စတီဖင်က လေသံဖြင့် ခပ်တိုးတိုး ပြောသည်။

* * *

အခန်းနံပါတ် ၂၁၇-ထဲမှာ လူစုံကြသောအခါ သူတို့ အားလုံး အတော် စိတ်ဓာတ် ကျနေကြသည်ကို တွေ့ရသည်၊

သို့သော်လည်း စတီဖင်၏ အဆုံးအဖြတ် မှန်ကန်ကြောင်း၊ အဖော် တစ်ယောက်ပါလာသည့်အချိန်တွင် သူတို့မစွန့်စားသင့်ကြောင်း အားလုံး သဘောတူညီကြလေသည်။ ဟာဗေး၏ မိတ်ဆွေသည် ဟာဗေးဒုက္ခဖြစ်လျှင် လွှဲမသွေ စောင့်ရှောက်ပေလိမ့်မည်၊

'လန်ဒန်မှာလုပ်ခဲ့တဲ့ ပထမအစီအစဉ်ကလေးတာမှ ချောချောမောမော ဖြစ်သွားသေးတယ်ကွာ'ဟု ရော်ဘင်က စိတ်လျှော့သည့် လေသံဖြင့် ပြော သည်၊

စတီဖင်က လှမ်းငေါက်သည်၊

'မကြောင်စမ်းပါနဲ့ကွာ၊ အဲဒီတုန်းကလဲ စီစဉ်တဲ့အတိုင်း ဘယ်မှာဖြစ် သို့လဲ၊ အခြေအနေ ကြည့်ပြီး လုပ်ခဲ့ကြရတာပဲ မဟုတ်လား၊ အနားရောက် တော့မှ အစီအစဉ်တွေ အားလုံး ပြောင်းပစ်လိုက်ရတာမဟုတ်လား၊ တို့ဆီကို အန်းတန်းမတ်မတ် လျှောက်လာပြီး တို့ပိုက်ဆံတွေကို သူက ပြန်ပေးလိမ့် မယ်လို့ မျှော်လင့်မနေနဲ့၊ ကိုယ့်ငွေ ကိုယ်ပြန်လိုချင်ယင် ဒုက္ခခံ ကြိုးစားရမှာပဲ၊ ဒါကို မေ့ပစ်လိုက်တော့၊ မင်းတို့အားလုံး ကိုယ့်အခန်း ကိုယ်ပြန်အိပ်ပြီး အနားယူကြ'

လူစုခွဲပြီး ကိုယ့်အခန်းသို့ ကိုယ်ပြန်လာကြသည်၊ သို့သော်လည်း မည်သူ မှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်နိုင်ကြပါ။

အပြင်းအထန် အာရုံစူးစိုက်မှုများက သူတို့အားလုံးကို ဒုက္ခပေးလျက် ရှိနေသည်။

* * *

'တော်လောက်ပြီထင်တယ် လွှိုက်. . . , ဒီနေ့ည အခြေအနေ သိပ်မဆိုးဘူး'

'ခင်ဗျား အတွက်တော့ ဟုတ်တာပေါ့ ဟာဗေး၊ ကျွန်တော့် အတွက်တော့ မဟုတ်ဘူး၊ ခင်ဗျားကတော့ မွေးလာကတည်းကိုက နိုင်တဲ့ဘက်ကချည်းနေရဖို့ မွေးလာသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဟာဗေးက သူ့မိတ်ဆွေ၏ ပခုံးကို လှမ်းပုတ်သည်။ အမှန်တော့ သူ့အောင်မြင်မှုကြောင့် သူ ကျေနပ်နှစ်သိမ့်နေရခြင်းထက် အခြားလူများ ရှုံးနိမ့်ခြင်းကိုကြည့်ပြီး သူ ကျေနပ်နေခြင်း ဖြစ်ပါသည်။

'ခင်ဗျား ကျွန်တော့်သဘော်ပေါ်မှာ လိုက်အိပ်မလား လွိုက်'

'မအိပ်တော့ဘူးဗျာ၊ ကျွန်တော်နိစ်မြို့ကို ပြန်ရမယ်၊ မနက်ဖြန်ကျယင် ပါရီမြို့မှာ အစည်းအဝေးတစ်ခု တက်စရာရှိနေတယ်၊ ခင်ဗျားနဲ့ မကြာခင် ပြန်တွေ့ကြဦးမှာပဲလေ၊ သွားတော့မယ် နော်'

'ဂွဒ်နိုက် လွိုက်'

ဟာဗေးက သာမန်လေသံဖြင့်ပင် ပြန်ပြောလိုက်လေသည်။

* * *

နောက်တစ်နေ့ညတွင် ၁၁-နာရီထိုးသည်အထိ ကစားဝိုင်းရှိ ရာသို့ ဂျင်းပီယာရောက်မလာသေး။ ဟာဗေးကတော့ ရောက်နှင့် နေပြီ။ ယခုညတွင်မူ လွိုက်ဆိုသောသူ ပါမလာပဲ သူ တစ်ယောက် တည်း ရောက်လာခြင်း ဖြစ်သည်။ သို့သော်လည်း ဗန်လပ်ဝိုင်း မှာ ဝင်မထိုင်သေးပဲ အခြားဝိုင်းမှာ သွားကစား နေသည်။

ဂျင်းပီယာဝင်လာသည်။စတီဖင်က ဒေါသတကြီး လှမ်းကြည့်သည်။ ဂျင်းပီယာက တောင်းပန်သည့် အမူအရာဖြင့် ကြည့်ပြီး သူကြိုတင်ငှားရမ်းထားသည့် ဗန်လပ်ဝိုင်း အမှတ် ၂ စားပွဲမှ ကုလားထိုင်နံပါတ် ၂မှာ ဝင်ထိုင်သည်။ လေးငါးလက်ခန့် ဟန်မပျက် ထိုင်ကစားနေသည်။

ဟာဗေးက သူကစားနေသည့် ဝိုင်းမှခွာပြီး ဗန်လပ်ဝိုင်းသို့ ကူးလာသည်။ သူ့အတွက် သီးသန့်ထားသော ကုလားထိုင်နံပါတ် ၃ မှာ ဝင်ထိုင်သည်။

ဂျင်းပီယာ၏ နှလုံးသွေးများ အခုန်မြန်လာပြန်သည်။ တကိုယ်လုံး ပူချင် သလိုလို ချမ်းချင်သလိုလို ဖြစ်လာသည်။

ကုလားထိုင် ၂မှာ ဂျင်းပီယာ၊ ၃ မှာ ဟာဗေး၊ ၄ မှာ လူငယ် တစ်ယောက် ထိုင်ကြသည်။ လူငယ်သည် စည်းမဲ့ကမ်းမဲ့ အတော် ကစားသူဖြစ်သည်။ ဖဲ ချိုးရမည့်နေရာတွင် မချိုးပဲ ဆက်ဆွဲ သည်။ မချိုးရမည့်နေရာမှာ ချိုးသည်။

'ကော်ဖီကြမ်းတအိုး ပေးစမ်းဟေ့'

ဟာဗေးက စားပွဲထိုးတစ်ယောက်ကို လှမ်းမှာသည်။

မွန်တီကာလို ကစားဝိုင်းများမှာ အရက်သောက်ခွင့် မပြုပါ။ အမျိုးသမီး စားပွဲထိုးများကိုလည်း ထားမပေးပါ။ ထိုစည်းကမ်း ကတော့ လတ်စ်ဗီဂတ်စ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်၊ ဟိုမှာကတော့ အရက်တွေတသောသော





မိန်းကလေးတွေ တရှုံးရှုံး နှင့် ဖြစ်နေသည်။

လောင်းကစားဝိုင်းသည် ဉာဏ်ကိုသုံးရသည့် နေရာဖြစ်သည်။ အရက်ကြောင့် ထုံထိုင်းနေ၍မဖြစ်။ အမျိုးသမီးများကြောင့် မှုန်နေ၍ မဖြစ်။

ခဏကြာတော့ အငွေ့တထောင်းထောင်း ထနေသော ကော်ဖီအိုး ရောက်လာသည်။ ကော်ဖီထည့်သည့် အိုးကရွှေအစစ်ဖြင့် ပြုလုပ်ထားသောအိုးဖြစ်သည်။ ဟာဗေးလို ပုဂ္ဂိုလ်ကြီးတွေ အတွက် သီးသန့်ထားသော အိုး ဖြစ်နိုင်သည်။

ကော်ဖီအိုးကို ဟာဗေးက ဂျင်းပီယာ ဘက်ခြမ်းမှာချသည်။ ဂျင်းပီယာက ကော်ဖီအိုးကို မသိမသာ ငုံ့စောင်းပြီး အကဲခတ် သည်။

ဂျင်းပီယာက ငွေ ၃ ဖရန့်ကို ချထိုးသည်။ ဟာဗေးက ၁၀၀ ထိုးသည်။ အနည်းဆုံး ခွင့်ပြုငွေမှာ ၃ ဖရန့်ဖြစ်ပြီး အများဆုံး ခွင့်ပြုငွေမှာ ဖရန့် ၁၀၀ ဖြစ်လေသည်။

ဒိုင်လုပ်သူက ဗူးထဲမှာ ထည့်ထားသော ဖဲချပ်များကို ထုတ် ဝေသည်။

ဂျင်းပီယာအတွက် ကင်း။

ဟာဗေးအတွက် ၄။

ကုလားထိုင် နံပါတ် ၄မှ လူငယ်အတွက် ၅။

ဒိုင်အတွက် ၆။

ဒုတိယဖဲချပ်များကို ဒိုင်က ဆက်ဝေပြန်သည်။

ဂျင်းပီယာအတွက် ၇။ စောစောက ကင်းဖဲနှင့် ပေါင်းလျှင် ၁၇ ဖြစ်သွားသောကြောင့် သူက ချိုထားလိုက်သည်။

ဟာဗေးအတွက် ဆယ်ဖဲထွက်လာသည်။ သူကလည်း ၁၄နှင့်ပင် ချိုထား လိုက်သည်။

သူ့ ဘယ်ဘက်မှာရှိသော လူငယ်က ၁၀ ဖဲကို ဆွဲယူသည်။ စောစောက ၅ ဖဲနှင့် ဆိုလျှင် ၁၅ဖဲ ဖြစ်နေပြီ။ သို့သော်လည်း သူက ထိုမျှနှင့် မချိုပဲ ဆက်ဆွဲသည်။ ၇ ဖဲ တက်လာသည်။ စုစု ပေါင်း ၂၃ ဖြစ်ပြီး သေသွားသည်။

ဟာဗေးက လူငယ်ကို မသိမသာ စောင်းကြည့်သည်။ သည်လို မိုက်မဲစွာ ကစားပုံမျိုးကို သူ နည်းနည်းကလေးမှ သဘောမကျပါ။

ထိုအလက်က ဒိုင်လည်းသေသည်။ ထို့ကြောင့် ဂျင်းပီယာ နှင့် ဟာဗေးတို့ အလျော်ရကြသည်။

ဒုတိယအလက် စကြပြန်သည်။ ဂျင်းပီယာက ၉ဖဲ နှစ်ချပ် ၁၈ ရသည်၊ ဟာဗေးကလည်း ၈ဖဲ တစ်ချပ် ဂျက်ဖဲ တချပ်နှင့် ၁၈ ပင် ဖြစ်သည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်မှ လူငယ်သေပြန်သည်။ ဒိုင်က ၁၀ဖဲ တစ်ချပ်၊ ကုလားဖဲ တချပ်ဖြင့် ၁၅နဲ့လပ်ကျပြီး ဝိုင်းလုံးကျွတ် စားသွားတော့သည်။

ထိုအတိုင်း လေးငါးလက် ဆက်ကစားနေကြသည်။ လူငယ် ကတော့ ဆက်တိုက်လို ရှုံးနေသည်။ ဗူးထဲမှာဖဲကုန်သွားသည်။ ဒိုင်က ဖဲလေးချပ်ကိုယူပြီး ကုလားဖန်ထိုးသည်။ စိတ် ကျေနပ် သောအခါ ဟာဗေးကို ချိုးခိုင်းသည်။ ဆက်ဝေပြန်သည်။

ဂျင်းပီယာ ၁၀။

ဟာဗေး ၅။

လူငယ် ၆။

ဒိုင် ၄။

ဂျင်းပီယာက ဆွဲသည်။ ၈ဖဲ ထွက်လာသည်။ ၁၈ ဖြစ် သွားသည်။

ဟာဗေး ဆွဲသည်။ ၁၀ ဖဲရသည်။ ၁၅ ဖြစ်သွားသည်။

လူငယ်ဆွဲသည်။ ၁၀ဖဲရသည်။ ၁၆ ဖြစ်သွားသည်။ သို့သော် မချိုးသေးပဲ နောက်ထပ် တစ်ချပ်တောင်းသည်။ ဂျင်းပီယာနှင့် ဟာဗေးမှာ လူငယ်ကို မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ ဟာဗေးက မသိမသာ လေချွန်သည်။ သူတောင်းသဖြင့် ထပ်ပေးသော ဖဲသည် ကင်းဖြစ်သည်။ ၂၆ ဖြင့် သေသွားတော့သည်။

ဒိုင်ဆွဲသောအခါ ဂျက်ဖြစ်သည်။ ထို့ကြောင့် ၁၄ ဖြစ်သွား သည်။ တစ်ချပ် ထပ်ဆွဲရပြန်သည်။ ၈ဖဲ ထွက်လာသည်။ ၂၂ ဖြင့် ဒိုင်လည်း သေသွားသည်။

လူငယ်သည် ထိုသို့ ဖဲအသွားအလာကိုလည်း လေ့လာပုံမရ။

ဟာဗေးက လူငယ်ကို စိတ်ဝင်စားနေသည်။ ထိုအခွင့်အရေးကို အရယူရ တော့မည်ဖြစ်ကြောင်း ဂျင်းပီယာက သိသည်။

အိတ်ထဲကို နှိုက်သည်။ ရော်ဘင်ပေးထားသည့်ဆေးပြားကို မသိမသာ နှိုက်ယူသည်။ နှာချေချင်ယောင်ဆောင်သည်။ လက်ကိုင်ပဝါ ဆွဲထုတ် ပြန်သည်။ ဟာဗေးအလစ်မှာပင် ဟာဗေး ၏ ကော်ဖီခွက်ထဲသို့ ဆေးပြား ကလေးကို မသိမသာ ထည့်လိုက် သည်။ သူတို့အကြိမ်ကြိမ်လေ့ကျင့်ထား သည့်အတိုင်း လွယ်လွယ် ကလေးပင် ဖြစ်ပါသည်။

သေချာသွားပါပြီ။ ရော်ဘင်ကလည်း သူတို့ကို အသေအချာ ပြောပြ ထားသည်။ ထိုကော်ဖီကို သောက်မိလျှင် ဟာဗေး နေမကောင်းချင်သလိုလို ဖြစ်လာမည်။ ထို့နောက် မခံမရပ်နိုင်အောင် နာလာမည်။ ပြီးတော့ သတိလစ်





သွားမည်။

ဂျင်းပီယာက ဘားခန်းဘက်သို့ မသိမသာ လှည့်ကြည့် သည်။ ညာဘက် လက်ကို အခြားသူများ မမြင်အောင် ဆုပ်ချီ ဖြန့်ချီ သုံးကြိမ် လုပ်ပြသည်။ ထို့နောက် အိတ်ထဲမှာ ပြန်နှိုက် ထားသည်။

စတီဖင်ကလည်း မြင်လိုက်သည်။ ချက်ချင်း အပြင်သို့ ထွက်သွားသည်။ စားဝိုင်းများ အပြင်သို့ ရောက်လျှင် ရော်ဘင် နှင့် ဂျိမ်းစ်ကို အကြောင်းကြား မည်။ ဟာဗေး၏ ကော်ဖီထဲသို့ ရော်ဘင်ထည့်ခိုင်းသည့်ဆေး ထည့်ပြီးသွားပြီ ဖြစ်ကြောင်း။

ယခုအချိန်မှစပြီး နှလုံးခုန်ရတော့မည်သူမှာ ရော်ဘင် ဖြစ်ချေသည်။

ရော်ဘင်က ဆေးရုံသို့ ပထမဆုံး ဖုန်းလှမ်းဆက်သည်။ ခွဲစိတ်ခန်း အသင့်ပြင်ထားပြီး မပြီး တာဝန်ကျ ဆရာမကို မေးသည်။

ထို့နောက် သူနာပြုဆရာမများ ငှားသည့် ဇရပ်စီကို ဆက်သည်။ သူ ပြောထားသည့် သူနာပြုဆရာမကို ဆေးရုံခေည့်ခန်းထဲ တွင် နောက်မိနစ် ၉၀ အတိကြာသည့်အချိန်မှစ၍ ထိုင်စောင့်နေရန် ညွှန်ကြားလိုက်သည်။

ဖုန်းဆက်ပြီးသောအခါ စိတ်လှုပ်ရှားစွာဖြင့် ထိုင်စောင့်နေရ ပြန်သည်။ စားဝိုင်းမှ နောက်ထပ်ပေးပို့မည့်သတင်းကို စောင့်ရခြင်းဖြစ်သည်။ သူလည်း ရင်းသွေးရပ်ပြီး အချိန် မရွေး သေသွားနိုင်သော အခြေအနေမှာ ရှိနေသည်။

စတီဖင်က ဘားခန်းသို့ ပြန်လာခဲ့သည်။

ဟာဗေးမှာ အနည်းငယ် နေမထိ ထိုင်မသာ ဖြစ်စ,ပြုနေပြီ။

ထိုအချိန်မှာပင် သူ့ဖဲကအလွန်ကောင်းနေ၏။ လောဘ မသတ်နိုင သောကြောင့် ဆက်ကစားနေသည်။ တဖြည်းဖြည်း ပိုနာ လာသည်။

လက်ကျန်ကော်ဖီများကို အကုန်မော့လိုက်သည်။နောက်ထပ် ကော်ဖီထပ် မှာသည်။ ကော်ဖီသောက်လိုက်လျှင် သက်သာသွား မည်ဟု သူ ထင်သည်။ သို့သော်လည်း သူ ထင်သလို ဖြစ်မလာပါ။ ပို၍ပို၍ ဆိုးလာသည်။

ထိုအခိုက် ၂၁-ရသည်။ နိုင်သည်။ နောက်ထပ် ကုလားနှစ်ကောင် ရပြန်သည်။ ၂၀-ဖြစ်ပြီး အလျော်ရပြန်သည်။ တဖန် ဗန်လပ်ကျပြန်သည်။ နိုင်ပြန်သည်။

ဂျင်းပီယာက သူ့ လက်မှ နာရီကို မြောက်မကြည့်ဖြစ်အောင် အတော် ထိန်းနေရသည်။

ဒိုင်က ဖဲဝေပြန်သည်။

ဂျင်းပီယာအတွက် ၇။



www.burmeseclassic.com

www.burmeseclassic.com



ဟာဗေးအတွက် တစ်ဖဲ။

လူငယ်အတွက် ၂။

ထိုအချိန်မှာပင် ဟာဗေးခံစားရသော ဝေဒနာက မခံမရပ် နိုင်အောင် ဖြစ်လာသည်။ ထို့ကြောင့် ထိုင်ရာမှ ထသည်။ အပြင်သို့ ထွက်ရန် ခြေလှမ်း ပြင်သည်။

'တလက်ပြီးသွားအောင် ဆက်ကစားဖို့ လိုပါတယ် ခင်ဗျာ'

ဖိုင်လုပ်သူက ထုံးစံကို လှမ်းပြောသည်။

'မင်း ဘိုးအေကြီး တလက်ပြီးအောင် ကစား. . .'

ဟာဗေးသည် စကားကိုဆုံးအောင် မပြောနိုင်တော့ပါ။ ထိုနေရာမှာပင် ကြမ်းပြင်ပေါ်သို့ တုံးကနဲ လဲကျသွားတော့သည်။ သူ့ဗိုက်ကို လက်နှစ်ဘက် ဖြင့် ဖိထားသည်။ မျက်နှာမှာလည်း ရှုံ့မဲ့နေသည်။

အခန်းထဲမှာရှိနေသောသူများ ဗရုန်းသုန်းကား ဖြစ်ကုန်သည်။ ဟာဗေး လဲကျသွား သည့်နေရာသို့ ပြေးလာသူတွေက ပြေး လာနေကြသည်။ ကစားဝိုင်း တာဝန်ရှိသူများနှင့် စားပွဲထိုးများ ချက်ချင်းရောက်လာသည်။

ဂျင်းပီယာက ထိုင်မြဲ ကုလားထိုင်မှာ မလှုပ်မရှက် ထိုင်နေ သည်။

ဘားခန်းမှာ ထိုင်နေသော စတီဖင်က ခြေလှမ်းကျဲကြီးများ ဖြင့် လျှောက် လာသည်။ ဝိုင်းအုံနေသည့်လူများကို တွန်းဖယ်ယင်း ခပ်ကျယ်ကျယ် အော်ပြော သည်။

'ကျေးဇူးပြုပြီး လမ်းဖယ်ပေးကြပါ။ ကျွန်တော် ဆရာဝန်ပါ'

လူအုပ်ကြီးက ဘေးသို့ ရွှဲပေးသည်။ ယခုအချိန်မျိုးတွင် သည် နေရာမှာ ဆရာဝန်တစ် ယောက်ရှိနေသည့်အတွက် စိတ်သက်သာ ရာ ရသွားကြသည်။

'ဘာဖြစ်တာလဲ ဒေါက်တာ'

စတီဖင်ကို ဟာဗေးက အားကိုးတကြီး မေးရှာသည်။ ဝေဒနာ ကိုလည်း မချိမဆံ့ ခံစားနေရပုံ ရသည်။

'ဘာဖြစ်တယ်ဆိုတာ ချက်ချင်းမပြောနိုင်သေးဘူး။ နည်းနည်း စမ်းကြည့်ရ မယ်'

ရော်ဘင်က စတီဖင်ကို အသေအချာ မှာထားပြီး ဖြစ်သည်။ ယခု[...] လဲကျသွားပြီဆိုလျှင် မကြာခင် သတိမေ့သွားတော့မည်။ အချိန်ဆယ်[...] လောက်ပဲရမည်။ ထို့ကြောင့် လုပ်စရာရှိသည် များကို တက်သုတ်နှင်လုပ်ရန် ပြောစရာရှိသည်များကို တိုတို နှင့် လိုရင်းပြောရန် အထပ်ထပ်အခါခါ မှာကြားထားသည်။





စတီဖင်က ဟာဗေး၏ လည်စည်းကို ဖြေသည်။ သွေးစမ်း ကြည့်သည်။ [...]အင်္ကျီ ကြယ်သီးများကို ဖြုတ်သည်။ ဝမ်းဗိုက်ကို လက်နှင့် စမ်းကြည့်သည်။

'ဗိုက်ထဲက နာသလား'

'ဟုတ်ကဲ့'

ဟာဗေးက မပီမသ ပြောသည်။ ညည်းသံနှင့် ရောသွား သည်။

'အကောင်းပကတိကနေပြီး ချက်ချင်းကောက်ကာ ငင်ကာ နာလာ သလား'

'ဟုတ်ပါတယ်'

'နာပုံနာနည်း ကျွန်တော့်ကို ပြောပြနိုင်မလား၊ ထိုးထိုးပြီး နာတာလား၊ [...]နာတာလား၊ ဆွဲဆုပ်ထားသလို နာတာလား'

'ဆွဲဆုပ်ထားသလို နာတာ'

'ဘယ်နေရာက ပိုနာသလဲ'

ဟာဗေးက သူ့ဗိုက် ညာဘက်ဘေးကိုတို့ပြသည်။ စတီဖင်က ညာဘက်မှ [...]အာက်ဆုံး နံရိုးကို စမ်းကြည့်သည်။ ခပ်သာသာကလေး ဖိကြည့်သည်။ [...]ဗေးက အသံကုန် အော်လိုက်သည်။

'အင်း. . . ခင်ဗျား ကျောက်ကပ်နဲ့သကြီး သိပ်ရောင်နေပြီ၊ [...]အထင်တော့ ကျောက်တည်နေတာပဲ'

စတီဖင်က ထိုသို့ပြောယင်း ဝမ်းဗိုက်ကို ခပ်သာသာကလေး စမ်းကြည့် [...]သည်။

'တည်နေတဲ့ ကျောက်က သကြီးထဲကနေဆင်းလာတာ ဖြစ်ရမယ်၊ [...]သမ်းကြောင်းအတိုင်း ဆင်းလာတယ်၊ ဒါပေမယ့် ကျောက်က သိပ်ကြီးနေ [...] တောက်လျှောက် ဆင်းမလာနိုင်ဘူး။ တစ်နေတယ်၊ ဒါကြောင့် မခံနိုင် [...]င် ဆွဲဆုပ်ထားသလို နာနေတာပဲ၊ ခင်ဗျားကျောက်ကို ချက်ချင်း ခွဲစိတ် [...]နိုင်တဲ့ ဆရာဝန် တစ်ယောက်ယောက်မှ ရှိပါ့မလား မသိဘူး'

သည်နေရာမှာ ဂျင်းပီယာ၏ အခန်းကဏ္ဍဖြစ်သည်။ ထို့ကြောင့် သူရှေ့ [...]ဘိုးလာသည်။

'ကျွန်တော် တည်းနေတဲ့ ဟိုတယ်မှာပဲ ဒေါက်တာဝီလီ ဘာကာဆိုတဲ့ [...]ဝန်ကြီးလည်း တည်းနေပါတယ်ဒေါက်တာ' ဟု စတီဖင်ကို လှမ်းပြော [...]ည်။

'အမေရိကန် ခွဲစိတ်ကု ပါရဂူကြီး ဒေါက်တာဝီလီဘာကာကို ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်ခင်ဗျာ... ဟုတ်ပါတယ်၊ သမ္မတနစ်ဆင်ကို ခွဲစိတ်ကုသ ပေးခဲ့တဲ့ ပါရဂူကြီးပါပဲ'ဟု ဂျင်းပီယာက ပြန်ဖြေသည်။

'ဘုရားရေ... ကံကောင်းလိုက်လေဗျာ၊ သူ့ထက်တော်တဲ့ ခွဲစိတ် ပါရဂူကြီးမျိုး ကျွန်တော်တို့ မရနိုင်တော့ဘူး၊ ဒါပေမယ့် မလွယ်ဘူး ထင်တယ် ငွေတွေ ပုံပေးရလိမ့်မယ်'

'ငွေ ဘယ်လောက်ပုံပေးရပေးရ ကျုပ် ဂရုမစိုက်ဘူး'

ဟာဗေးက ငိုသံပါကြီးနှင့် ပြောသည်။ ဝေဒနာကို အပြင်းအထန် ခံစား နေရချေပြီ။

'ဒီလိုဆိုယင်တော့ ကောင်းပါလေ့ဗျာ၊ ဒေါ်လာငါးသောင်း လောက်တော့ တောင်းလိမ့်မယ် ထင်တယ်'ဟု စတီဖင်က ဆက် ပြောပြန်သည်။

'တသိန်းပေးရလဲ ဂရုမစိုက်ဘူး'

ဟာဗေးက ရှိသမျှအားများကို ညှစ်ထုတ်ပြီး ပြန်ပြောသည်၊ မှန်ပါသည် ယခုအချိန်တွင် သူ့မှာရှိသော စည်းစိမ်အားလုံး ပေးရမည်ဆိုလျှင်လည်း ငြင်းတော့မည် မဟုတ်ပါ။

'ဒါဆိုကောင်းပြီလေ၊ လူကြီးမင်းခင်ဗျာ...'

စတီဖင်က ဟာဗေးကို ပြန်ဖြေယင်း ဂျင်းပီယာကို မော့်ကြည့် သည်။

'လူကြီးမင်း ကူညီနိုင်မယ်ဆိုယင် ဆေးရုံကို ဖုန်းဆက်ပြီး လူနာတင်ကား ခေါ် ပေးပါ၊ ပြီးတော့ လူကြီးမင်းတည်းနေတဲ့ ဟိုတယ်မှာ တည်းနေတယ်ဆို ပါရဂူကြီး ဒေါက်တာဘာကာ ကိုလဲ မေတ္တာရပ်ခံပေးပါ၊ သိပ်အရေးကြီး ကေ့စ် ဖြစ်နေလို့ ဆေးရုံက ချက်ချင်း သွားစောင့်ဖို့ပါ တဆိတ်လော ပြောပေးပါဗျာ၊ ဒီက လူနာဟာ ချက်ချင်းကို ခွဲစိတ်မှ ဖြစ်မယ့်အခြေအနေ ကို ရောက်နေပါတယ်၊ ပြီးတော့ ကမ္ဘာပေါ်မှာ အတော်ဆုံး ခွဲစိတ်ကု ပါရဂူ ရဲ့ ခွဲစိတ်မှုကိုလဲ လူနာက အလိုရှိပါတယ်လို့'

'ဒေါက်တာပြောတာ သိပ်မှန်တာပေါ့'

ဟာဗေးက ထိုမျှသာပြောနိုင်ပြီး သတိလစ်သွားလေတော့ သည်။

ဂျင်းပီယာက ကစားဝိုင်းများ အပြင်သို့ ထွက်သွားသည်။ အိတ်ဆော ကြိုးမဲ့ ကြေးနန်း စက်ကလေးကို ဖွင့်သည်။

'ဟာဗေးစစ်ဆင်ရေး... ဟာဗေးစစ်ဆင်ရေး... မူလ အစီအစ အတိုင်း ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်ကြတော့'

ဆော်ဘင်က တက္ကစီကားတစ်စီးကို ငှားပြီး ဆေးရုံသို့ မောင်းခိုင်းသည် ကားပေါ် ရောက်သည်နှင့် တပြိုင်တည်း ဒေါ်လာတသိန်းလောက်ဆေး





ကားသမားနှင့် နေရာချင်း လဲလိုက်ချင်စိတ် ပေါက်လာသည်။ သို့သော်လည်း ကားကအရှိန်ရနေပြီ။ သူ့မှာ နောက် ကြောင်းပြန်ဖို့ အများကြီး နောက်ကျ သွားလေပြီ။

ဂိုမ်းစ်က လူနာတင်ကားကို ဆေးရုံဝင်းထဲမှနေ၍ တရကြမ်း မောင်းထွက် လာသည်၊ အချက်ပေးဥသြကို အဆက်မပြတ် ဆွဲလာသည်။ သူဘာလုပ်နေ သည်ကို သူ့ဘာသာသူလည်း မသိတော့ပါ။ သိအောင် စဉ်းစားချိန်လည်း မရှိတော့ပါ။

၁၁ မိနစ် ၄၁ စက္ကန့်တိတိဖြင့် ကစားဝိုင်းများရှိရာသို့ သူ ရောက်လာ သည်။ ကားမောင်းသူ နေရာမှ ဆင်းသည်။ ကား နောက်ဘက်ကို သွားဖွင့် သည်။ ထမ်းစင်ကို ဆွဲထုတ်သည်။ ကစား ဝိုင်းများရှိရာသို့ ပြေးတက်သွား သည်။ သူ့ကိုယ်ပေါ်မှာ အဖြူရောင် ဂျူတီကုတ်ကြီးကို ဝတ်ထားသည်။

လှေကားထိပ်မှာ ဂျင်းပီယာရပ်စောင့်နေသည်ကို တွေ့ရသည်။ တစ်ယောက် နှင့် တစ်ယောက် ဘာစကားမှ မပြောကြပါ။ ဂိုမ်းစ်ကို ဦးဆောင်ခေါ် သွားသည်။

ကြမ်းပေါ်မှာလဲကျပြီး သတိလစ်နေသည့် ဟာဗေးနားမှာ စတီဖင် ရှိနေသည်။

၂၂၇ ပေါင်လေးသော ဟာဗေး၏ ကိုယ်လုံးကြီးကို ထမ်းစင်ပေါ် သို့ သူတို့ သုံးယောက် မ,တင်ကြသည်။ စတီဖင်နှင့် ဂိုမ်းစ်က ထမ်းစင်ရှေ့နောက် မ,ကာ အပြင်သို့ သုတ်ခြေတင် ထွက်သွား ကြသည်။ ဂျင်းပီယာက သူတို့နောက်မှ လိုက်သွားသည်။

'ကျွန်တော့်ဆရာကို ခင်ဗျားတို့ ဘယ်သယ်သွားကြမလို့လဲ'

လှမ်းအော်သည့်အသံကြားရသည်။ သုံးယောက်စလုံး လန့်သွားသည်၊ အသံကြားရာသို့ လှမ်းကြည့်သည်။ ဟာဗေး၏ ဒရိုင်ဘာဖြစ်နေသည်ကို တွေ့ရသည်။ အဖြူရောင် ရိုးစ်ရွိုက်စ် မော်တော်ကားကြီးနားမှာရပ်နေသည်။ သုံးယောက်စလုံး တုံ့ဆိုင်းဆိုင်း ဖြစ်နေကြသည်ကို တွေ့ရသည်။ နောက်ဆုံး တော့ မှ ဂျင်းပီယာက အခြေအနေကို ဝင်ဖြေရှင်းပေးလိုက် နိုင်သည်။

'မင်းဆရာ လဲကျပြီး သတိလစ်သွားတယ်၊ ဆေးရုံကို ယူသွားပြီး အရေးပေါ် ခွဲစိတ်ကုသရမယ်၊ သင်္ဘောကို ချက်ချင်းပြန်ပါ၊ သင်္ဘောမှာရှိနေတဲ့ လူတွေ အားလုံး အသင့်စောင့်နေပါ၊ ဟာဗေး ရဲ့ အခန်းကို ရှင်းထားပါ၊ လိုအပ်သလို နောက်ထပ် ညွှန်ကြားချက် ပေးမယ်'

ဒရိုင်ဘာက အလေးပြုကာ မော်တော်ကားကြီးဆီသို့ ပြန်လှည့် ပြေးသွားသည်။

www.burmeseclassic.com



ဟာဖေးကို ကားနောက်ပိုင်းမှာ တင်သည်။ ဂျင်းပီယာနှင့် စတီဖင်က ဟာဖေးနှင့်အတူ နောက်ပိုင်းမှာ ဝင်ထိုင်သည်။ ဂိုမ်းစ် က မော်တော်ကားမောင်းသူနေရာမှာ သွားထိုင်သည်။ ပြီးတော့ တရကြမ်း မောင်းထွက်လာခဲ့သည်။

'သောက်ကျိုးနည်း. . . နောက်ဆုံးအချိန်ကလေး ကျတော့မှ သူ့ဒရိုင်ဘာနဲ့တွေ့ပြီး အားလုံးဒုက္ခရောက်ကြတော့မလို့၊ သီသီ ကလေး လိုတော့တယ်၊ ဂျင်းပီယာ. . . မင်း လုပ်လိုက်တာ သိပ်ကောင်းတယ်ကွာ၊ အရမ်းပိရိတာပဲ၊ ငါဖြင့် ဘာပြန်ပြောရမှန်းကို မသိတော့ ဘူး'ဟု စတီဖင်က သက်ပြင်းမှုတ်ထုတ်ယင်း ပြောသည်။

'ဂိုမ်းစ် ပြောသလို ပြောရမယ်ဆိုယင် ဒါလောက်ကလေးကတော့ အကင်းရှိပါသေးတယ်ကွာ'

ဂျင်းပီယာက အတည်ပေါက် ပြန်ပြောသည်။ ပြီးတော့မှ သူ့နဖူးပေါ်မှာ စွဲနေသည့် ချွေးများကို စတီဖင် မမြင်အောင် တိတ်တိတ်ကလေး ခိုးသုတ်လိုက်ရလေသည်။

လူနာတင်ကားက အမြင့်ဆုံး အမြန်နှုန်းဖြင့် မောင်းလာသည်။ နောက်ခန်းမှာ ဟာဖေးနှင့် အတူရှိနေသော စတီဖင်နှင့် ဂျင်းပီယာတို့ နှစ်ယောက်က သူတို့ကိုယ်ပေါ်မှ အဝတ်များကို ချွတ်ကာ ဂျူတီကုတ်အဖြူများနှင့် လဲဝတ်နေကြသည်။

စတီဖင်က ဂျင်းပီယာထက်တော့ တခုပိုသည်။ နားကျပ်တစ်ခုကို လည်ပင်းမှာ သိုင်းတင်လိုက်ခြင်း ဖြစ်သည်။

'ဒီ ခွေးသူခိုးကြီး သေသွားပြီနဲ့ တူတယ်ကွ'ဟု ဂျင်းပီယာက ပြောသည်။

'ရော်ဘင်က ပြောတော့ မသေနိုင်ပါဘူးလို့ ပြောတာပဲ'

'သူက တို့နဲ့ လေးမိုင်လောက် ဝေးတဲ့နေရာမှာ ရောက်နေတာ ဘယ်လိုလုပ် သိနိုင်မှာလဲကွ'

'မပြောတတ်ပါဘူးကွာ၊ သူပြောတာ ယုံရတော့မှာပါပဲ'

ဂိုမ်းစ်က ဆေးရုံ အဆောက်အအုံ တံခါးပေါက်မှာ ကားကို ထိုးရပ်သည်။ စတီဖင်နှင့် ဂျင်းပီယာက သူတို့လူနာကို ခွဲစိတ်ခန်းသို့ ကမန်းကတန်း သယ်သွားသည်။

ဂျမ်းစ်က မော်တော်ကားကို ဆေးရုံနောက်သို့ မောင်းယူသွားပြီး ချက်ချင်းဆိုသလိုပင် ကျန်လူများဆီသို့ ပြန်ရောက်လာလေ သည်။

ရော်ဘင်က ခွဲစိတ်ခန်းအဝမှာ နေပြီး သူတို့ကို စောင့်နေ သည်။ သူတို့ရောက်သွား သောအခါ ခွဲစိတ်ခန်းနှင့် ကပ်လျက်မှာရှိသော အခန်းကလေး





ထဲသို့ ဟာဖေးကို သွင်းဖို့ ပြောသည်။ အခန်းကလေးထဲရောက်သောအခါ စားပွဲတစ်လုံးပေါ်သို့ ပြောင်းတင်သည်။ ဟာဖေး၏ ကိုယ်လုံးပေါ်မှ အဝတ်အစားများကို လေ့ကျင့်ထားကြသည့်အတိုင်း ချွတ်သည်။

'ကဲ. . . မင်းတို့ကိုယ်ပေါ်က အဝတ်အစားတွေ လဲကြတော့၊ ဂျင်းပီယာ. . . ငါပြောထားတဲ့အတိုင်းလုပ်ပါ'ဟု ရော်ဘင်က ပြောသည်။

သူတို့အားလုံး ပိုးသတ်ထားသည့် အဝတ်အစားများကို ပြောင်းဝတ်ကြရပြန်သည်။ ဂျင်းပီယာက သူ့လက်များကို ပိုးသတ် ဆေးရည်များဖြင့် ကျကျနန ဆေးသည်။

အားလုံးပြီးသောအခါ လူနာကို ခွဲစိတ်ခန်းထဲသို့ သွင်းလိုက်သည်။ သူတို့လုပ်ငန်း စဖို့ အားလုံးအသင့်ဖြစ် နေကြလေပြီ။

'ကိုင်း. . . စိတ်အေးအေးထားကြ၊ ဒီအလုပ်ကို တို့ ကိုးကြိမ်တိုင်တိုင် လေ့ကျင့်ထားပြီးသား၊ စိန့်သောမတ်စ် ဆေးရုံတုန်းက တို့ လေ့ကျင့်ခဲ့ကြသည့်အတိုင်း တသွေမတိမ်း လုပ်ကြ'ဟု ရော်ဘင်က ပြောသည်။

စတီဖင်က မေ့စေးပေးသည့် စက်နားသို့ သွားသည်။ မေ့ဆေးဆရာဝန် အဝန်ကို သူက ယူရမည်။ စိန့်သောမတ်စ် ဆေးရုံတုန်းက ဂျင်းပီယာ အကြောက်အကန် ငြင်းဆန်နေသည့် ကြားထဲက သူ့ကို နှစ်ကြိမ်တိုင်တိုင် မေ့ဆေးပေး စမ်းသပ်ခဲ့ဖူးပြီး လည်း ဖြစ်သည်။ ယခုတော့ ဟာဖေးအစစ်ကို သူ မေ့ဆေး ပေးရပေတော့မည်။

ရော်ဘင်က ဟာဖေး၏ လက်မောင်းထဲသို့ ဆေးတစ်လုံး ထိုးသွင်းသည်။ ဂျင်းပီယာနှင့် ဂိုမ်းစ်က ဟာဖေး၏ ကိုယ်ပေါ်သို့ အဝတ်ဖြူနှင့် ဖုံးသည်။ စတီဖင်က ဟာဖေး၏ မျက်နှာပေါ်သို့ မေ့ဆေးအုပ်ဆောင်း အုပ်သည်။

'သွေးခုန်နှုန်း စမ်းကြည့်စမ်း'ဟု ရော်ဘင်က ပြောသည်။

စတီဖင်က ဟာဖေး၏ နားရွှေ့ဘက် နားထင် အောက်နားကို လက်နှင့် ထောက်စမ်းသည်။

'၇၀ ရှိတယ်'

ဟာဖေး၏ ဝမ်းဗိုက်ပေါ်မှ အဝတ်ကို အောက်ဘက်သို့ ဆွဲချ သည်။ အပေါ်ပိုင်းကို မေးအောက်သို့ ဆွဲတင်သည်။ အလွန်တရာ ကြီးမားသည့် ဗိုက်ကြီးတစ်လုံးကို သူတို့တွေ့နေကြရသည်။

ဗိုက်ပေါ်တွင် တပေပတ်လည်ခန့် အဝတ်လှပ်ပြီး ဂျင်းပီယာ က လေ့ကျင့်ထားသည့်အတိုင်း သန့်ရှင်းရေးလုပ်သည်။

'ဓားပေး'



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ကိရိယာများ တင်ထားသည့်စားပွဲပေါ်မှ ခွဲစိတ်ဓားကို ဂျင်းပီယာက ယူပြီး ရော်ဘင်၏ လက်ထဲသို့ ထည့်သည်။

ရော်ဘင်က ဓားကို ကိုင်ပြီး ခဏကြာအောင် တုံ့ဆိုင်းဆိုင်း လုပ်နေသေးသည်။

ပြီးတော့မှ ကြီးမားလှသည့် ဝမ်းဗိုက်ကြီးကို ငါးလက်မခန့် ခွဲချလိုက်သည်။

သို့သော်လည်း အတွင်းသို့ ပေါက်အောင် ခွဲချလိုက်ခြင်း မဟုတ်ပါ။ အရေပြားသာသာ အနက်ထိရောက်အောင် ခွဲခြင်းဖြစ် သည်။

ထွက်လာသော သွေးများကို သုတ်ပစ်သည်။

ပြီးတော့ ထိုဓားရာကို ပြန်ချုပ်သည်။ စုစုပေါင်း ဆယ်ချက် တိတိ ချုပ်ခြင်းဖြစ်သည်။

'တပတ်အတွင်း သူ့အနာပျောက်သွားလိမ့်မယ်'ဟုလည်း ရော်ဘင်က သူ့လူများကို ရှင်းပြသည်။

ချုပ်ပြီးသောအခါ ပတ်တီးစည်းသည်။ ဂျိမ်းစ်က ကိုယ်ပေါ် မှာ ဖုံးထားသည့် အဝတ်များနှင့် မျက်နှာသုတ်ပဝါများကို ဖယ်ပြီး အနီးရှိခြင်းထဲသို့ ပစ်ထည့်သည်။ ဆေးရုံအဝတ်ကြီး ဝတ်ပေးထား သည်။ ဟာဗေး၏ ကိုယ်ပေါ်မှ ချွတ်လိုက်သော အဝတ်များကိုမူ ပလတ်စတစ်အိတ်တလုံးထဲမှာ သပ်သပ်ရပ်ရပ် ထည့်သည်။

'ဟ. . . ဟ. . . သတိပြန်ရတော့မယ် ဟ. . . လုပ်ကြပါ ဦး'

မေ့ဆေးဆရာဝန်အဖြစ် တာဝန်ယူရသော စတီဖင်က ကြောက်လန့်တကြား ထအော်သည်။

ရော်ဘင်က နောက်ထပ် ဆေးတလုံး ထိုးပေးလိုက်သည်။ ဟာဗေး ပြန်ငြိမ်ကျသွားသည်။

'အနည်းဆုံးနာရီဝက်လောက်တော့ သူအိပ်ပျော်နေလိမ့်မယ်၊ ပြန်နိုးလာယင်လည်း အရေးမကြီးပါဘူး၊ မေ့ဆေးအရှိန်နဲ့ အနည်း ဆုံး သုံးနာရီလောက်တော့ သူ ဘာဖြစ်တယ်ဆိုတာ စဉ်းစားလို့ရမှာ မဟုတ်ဘူး၊ ဂျိမ်းစ်. . . လူနာတင်ကား သွားယူ ဆေးရုံရှေ့ ဘက်ကို မောင်းလာခဲ့'

ဂျိမ်းစ်က အခန်းထဲမှ ထွက်သွားသည်။ လူနာတင်ကားဆီသို့ ရောက်သောအခါ သူ့ မူလ အဝတ်အစားများကို ပြန်လဲသည်။ အကြိမ်ကြိမ် လေ့ကျင့်ထားခဲ့လေရာ စက္ကန့် ၉၀ အတွင်း အားလုံး ပြီးသွားသည်။ မော်တော်ကားကို ဆေးရုံရှေ့ဘက်သို့ မောင်းယူလာခဲ့သည်။

'မင်းတို့နှစ်ယောက် အဝတ်ပြန်လဲကြတော့၊ ပြီးယင် ဟာဗေးကို





ဖြည်းဖြည်းတင်၊ ဂျင်းပီယာ. . . မင်း လူနာနဲ့အတူ ကားထဲမှာ နေ၊ စတီဖင်. . . မင်းတာဝန် မင်းလုပ်'

စတီဖင်နှင့် ဂျင်းပီယာ အဝတ်အစား မြန်မြန်လဲသည်။ ဟာဗေးကို လူနာတင် မော်တော်ကားရှိရာသို့ ညင်ညင်သာသာ ယူလာသည်။ ကားပေါ်သို့ တင်သည်။

ပြီးသည်နှင့် တပြိုင်တည်း ဆေးရုံရှေ့မှာရှိသော အများသုံး တယ်လီဖုန်းရှိရာသို့ စတီဖင်က ပြေးသွားသည်။ သူ့အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ကြည့်သည်။ ဂဏန်းများကို စတင်လှည့် ကြည့်သည်။

'ဟဲလို. . . နိစ်မာတင် သတင်းစာတိုက်ကလား၊ ကျွန်တော် နယူးယောက်ဘိုင်း သတင်းစာတိုက်က တယ်ရီရိုဘတ်ပါ၊ ကျွန်တော်ခွင့်ယူပြီး ဒီမှာအနားလာယူနေပါတယ်၊ ခင်ဗျားတို့ အတွက် သတင်းကောင်းကလေး တစ်ခုကြုံတုန်း ပေးချင်လို့ပါဗျာ'

ရော်ဘင်က ခွဲစိတ်ခန်းထဲသို့ ပြန်သွားသည်။ သူသုံးထားခဲ့သည့် ပစ္စည်းများကို ပြန်ရှင်းသည်။ ဟာဗေး၏ အဝတ်များ ထည့်ထားသည့် ပလတ်စတစ်အိတ်ကို ကောက်ယူကာ အဝတ်အစားလဲသည့် အခန်းထဲသို့ သွားသည်။ ခွဲစိတ်စဉ်က ဝတ်ထား သော သူ့ ကိုယ်ပေါ်မှ အဝတ်များကို လဲသည်။

ပြီးတော့မှ ဟာဗေး၏ အဝတ်အိတ်ကို ကောက်ယူပြီး ခွဲစိတ်ခန်းတာဝန်ကျ သူနာပြုဆရာမကို သွားရှာသည်။ ဆရာမကို တွေ့တော့ အားပါးတရ ပြုံးပြသည်။

'အားလုံးပြီးသွားပြီ ဆရာမ၊ ကျွန်တော် အသုံးပြုခဲ့တဲ့ ပစ္စည်း တွေ အားလုံး ပိုးသတ်ဆေးထဲ ထည့်ထားခဲ့တယ်၊ ဒေါက်တာ ဘားတိုက်ကို သိပ်ကျေးဇူးတင်ကြောင်း တဆိတ်လောက် ပြောပြပေးပါနော်'

'ကောင်းပါပြီ ဒေါက်တာ၊ ဒေါက်တာ မှာထားတဲ့ သူနာပြု ဆရာမလဲ အဆင်သင့် ရောက်နေပါပြီ'

ခဏကြာတော့ လူနာတင် ကားဆီသို့ ရော်ဘင် လျှောက် လာ သည်၊ သူတို့ငှားထား သည့် သူနာပြုဆရာမလည်း သူနှင့် အတူတူပါလာသည်၊ ဆရာမကို ကားနောက်ပိုင်းပေါ်သို့ တက်စေသည်။

'ဆိပ်ကမ်းကို သတိထားပြီးတော့ ခပ်ဖြည်းဖြည်းမောင်းပါ'

ရော်ဘင်က လှမ်းပြောသည်။ ဂျိမ်းစ်က ခေါင်းညိတ်ပြသည်။

'ဆရာမ ဖောဘတ်'

'ဟုတ်ကဲ့. . . အမိန့်ရှိပါ ဒေါက်တာ'



www.burmeseclassic.com

www.burmeseclassic.com



-သူနာပြုဆရာမက တစ်လေးတစား ပြန်ဖြေသည်။ သူ့အသံ က အတော် သာယာသည်။ သည်ဆရာမမျိုးကို တွေ့လျှင် ဟာဖေးတော့ အတော် သဘောကျသွားမည်ဟု ရော်ဘင်က တွေးမိလေ သည်။

'ကိုယ့်လူနာရဲ့ ကျောက်ကပ်ထဲမှာ ကျောက်တည်နေလို့ ခွဲထုတ်လိုက်ရ တယ်၊ သူ့ကို ကောင်းကောင်း အနားပေးထားဖို့ လိုလိမ့်မယ်'

ရော်ဘင်က ထိုသို့ပြောပြီး သူ့အိတ်ထဲမှ ကျောက်တုံးကြီး တစ်တုံးကို ဆွဲထုတ်သည်။ ကျောက်တုံးကြီးက လိမ္မော်သီး အရွယ်လောက်ရှိသည်။ "ဟာဖေးမက်ကာ့ဖ်"ဆိုသော စာတန်းကလေး တစ်ခုရေးပြီး ထိုကျောက်တုံးနှင့် တွဲထားသည်။

အမှန်တော့ ထိုကျောက်တုံးကြီးကို စိန့်သောမတ်ဆေးရုံမှ ရော်ဘင် ယူလာခဲ့ခြင်း ဖြစ်သည်။ ပိုင်ရှင်အစစ်မှာ အရပ် ခြောက်ပေ ခြောက်လက်မရှိ ကုန်တင်ကား ဒရိုင်ဘာ တစ်ယောက် ဖြစ်သည်။

စတီဖင်နှင့် ဂျင်းပီယာ မယုံကြည်နိုင်သလို ငေးကြည့်နေကြသည်။

သူနာပြုဆရာမက သူ့လူနာ၏ သွေးခုန်နှုန်းကို စမ်းနေ သည်။

'ဆရာမ. . . ကျွန်တော်သာ ခင်ဗျားရဲ့ လူနာဖြစ်ရမယ်ဆိုယင် ရောဂါ ဘယ်တော့မှ မပျောက်အောင် အပြင်းအထန် ကြိုးစား မိမှာ အမှန်ပဲဗျာ'

ဂျင်းပီယာက အမှောင်ထဲမှာပင် ဆရာမကို ရိမိအောင် ရိလိုက်သေးသည်။

ဟာဖေး၏ ဇိမ်ခံသဘောသို့ သူတို့ ရောက်လာကြသည်။

လူနာကို မည်သို့ပြုစုရန်၊ မည်သည့်အစားအစာများကို ကျွေးရန် ရော်ဘင်က ဆရာမကို မှာသည်။ မနက်ဖြန်မနက် ၁၁- နာရီတွင် တစ်ခေါက် လာကြည့်ပေးမည်ဟု ပြောပြီး ဟာဖေးကို သူ့ ခုတင်ပေါ်သို့တင်ကာ ပြန်ထွက်လာကြသည်။

ဂျိမ်းစ်က လူနာတင်ကားကို ဆေးရုံသို့ ပြန်မောင်းယူသွား သည်။ ထားနေကျနေရာမှာ သွားထားသည်။ ဆရာမထံမှာ သော့ ပြန်အပ်ခဲ့သည်။

ထို့နောက် ကိုယ့်အစီအစဉ်နှင့်ကိုယ် ဟိုတယ်သို့ပြန်ကြ သည်။ မနက် ၃-၃၀နာရီတွင် အခန်းအမှတ် ၂၁၇ သို့ သူတို့ အားလုံးပြန်ရောက်ကြသည်။ ရော်ဘင်က ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

'စတီဖင်. . . ငါ အရက်သောက်ခွင့်ရှိသလားကွာ'ဟုလည်း မောပန်း နွမ်းနယ်သည့် လေသံဖြင့် လှမ်းမေးသည်။

'ရတာပေါ့ကွာ၊ သိပ်ကို သောက်ခွင့်ရှိတာပေါ့'

ရော်ဘင်က ဂျော်နီဝါကား ဝီစကီကို ဖန်ခွက်အပြည့်ထည့်သည်။ ပြီးတော့





မှ ဂျင်းပီယာ ဘက်သို့ ပုလင်းကမ်းပေးသည်။

'အဘိုးကြီး ဘာမှမဖြစ်နိုင်ပါဘူးနော်၊ တခုခုများ ဖြစ်သွား နိုင်သလား'ဟု ဂျိမ်းစ်က လှမ်းမေးသည်။

'မင်း မေးတဲ့လေသံကြီးက ဒီငတိကြီးအတွက် တော်တော် စိုးရိမ်ပူပန်နေပုံ မျိုးပဲ၊ အသားရှုပ်လို့တာပါကွ၊ ဘာဖြစ်နိုင်မှာလဲ၊ တပတ်ကြာယင် ချုပ်ရိုးဖြေ မယ်ကွာ၊ သူ့မိတ်ဆွေ တွေကို ဗိုက်လှန် ပြဖို့ အမာရွတ်တစ်ခုတော့ ရသွားတာ ပေါ့ကွာ၊ ငါ အိပ်ချင်ပြီ ဟေ့၊ မနက်ဖြန် မနက် ၁၁-နာရီထိုးယင် လူနာကို ငါသွားကြည့်ရဦးမှာ၊ သူနဲ့ မျက်နှာချင်းဆိုင် စကားပြောရတာက သူ့ဗိုက် အပေါ်ယံရှုပ်ပြီး ခွဲချင်ယောင်ဆောင်ရတာထက် ပိုပင်ပန်းမယ်၊ မင်းတို့ အားလုံး ဒီနေ့ည တာဝန်ယူကြတာ သိပ်ကောင်းတာပဲ၊ ဘာမှ အမှားအယွင်းမရှိဘူး၊ စိန့်သောမတ်စ် ဆေးရုံမှာ တို့ အပြင်း အထန်လေ့ကျင့်ခဲ့ကြတဲ့ ကျေးဇူးပေါ့ကွာ၊ မင်းတို့သာ တစ်ခုခု လွဲလိုက်ယင်တော့ ငါ့ဘဝ တစ်ချီတည်း ဇာတ်သိမ်းသွားပြီ'

အားလုံးအခန်းထဲမှ ထွက်သွားကြသည်။ ရော်ဘင်သည် ခုတင်ပေါ်တွင် အရုပ်ကြိုးပြတ် ကျသွားသည်။

နောက်တနေ့ မနက် ၈-နာရီ ထိုးတော့မှ အိပ်ရာက နိုးလာသည်၊ သူ့ကိုယ်ပေါ်မှ အဝတ်များကို မချွတ်ပဲ ဝတ်စုံပြည့်နှင့် အိပ်ပျော်သွားခြင်းဖြစ်ကြောင်း တွေ့ရသည်။ အလုပ်သင်ဆရာဝန် လုပ်ခဲ့သည့် အချိန်မှစ၍ ယခု လောက် တစ်ကြိမ်တစ်ခါမှ မပင်ပန်း ဖူးသေးချေ။

ရေနွေးပူပူနှင့် စပ်ပြီး အားပါးတရ ရေချိုးပစ်လိုက်သည်။ အဝတ်အစား လဲသည်။ ဟာဖေးနှင့် မျက်နှာချင်းဆိုင်တွေ့ဖို့ အဆင်သင့်ဖြစ်သွားသည်။

ယခုမှ အရှည်ထားသော မုတ်ဆိတ်မွေး၊ ကိုင်းမပါသော မျက်မှန်များ ကြောင့် သူ့ပင်ကိုယ်ပုံ ပျောက်သွားပြီး အလွန်တော်သော ခွဲစိတ်ကု ဆရာဝန် ကြီး ပုံစံမျိုး ဖြစ်သွားလေသည်။

နောက်တစ်နာရီခန့်ကြာသောအခါ အခြားအဖွဲ့ဝင် သုံး ယောက်ရောက် လာကြသည်။ ဟာဖေးနှင့် သွားတွေ့ရာတွင် အစစ အရာရာ အဆင်ပြေ ပါစေဟု ဝိုင်းဝန်းဆုတောင်းကြသည်။ ရော်ဘင်ပြန်လာသည့်အချိန်အထိ အခန်းအမှတ် ၂၁၇ထဲက စောင့်နေကြမည်ဟု ပြောသည်။

စတီဖင်က ဟိုတယ်တည်းခိုခကျသင့်သည်များကို ရှင်းပေးပြီး ဖြစ်ကြောင်း၊ မိမိတို့ လေးယောက်စလုံး လန်ဒန်သို့ ယနေ့ပြန်ရန် လေယာဉ်ပျံလက်မှတ်များလည်း စီစဉ်ပြီးဖြစ်ကြောင်း ပြောပြသည်။

အခန်းထဲမှ စတီဖင် ထွက်ခဲ့သည်။ ဓာတ်လှေကားကို မသုံးပဲ



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးလှေကားမှတဆင့် အောက်သို့ဆင်းခဲ့သည်။ ဟိုတယ် အပြင်သို့ ရောက်သောအခါ တွေ့ရာ တက္ကစီ တစီးကို ဖမ်းတားပြီး ထွက်လာခဲ့သည်။

ဟာဗေး၏ 'ရုံးလုလင်ကလေး'ဖိမ်ခံ ရွက်သင်္ဘောကို ခက်ခက် ခဲခဲ ရှာမနေရပါ။ ဆေးအသစ်သုတ်ထားသဖြင့် တောက်ပြောင်နေ သော ရွက်သင်္ဘောကို အလွယ်တကူပင် ရှာတွေ့လေသည်။ ပနားမား နိုင်ငံအလံကို လွှင့်ထားသည်။

ကုန်းဘောင်အတိုင်း တက်လာသောအခါ သူနာပြုဆရာမ ဖောဘတ်က ကြိုနေသည်ကို တွေ့ရသည်။

'မင်္ဂလာပါ ဒေါက်တာ ဘာကာ'

'ကောင်းသော မနက်ခင်းပါ ဆရာမ၊ လူနာ ဘယ်လိုနေ သလဲ'

'ညတုန်းက ကောင်းကောင်းအိပ်ရပါတယ်၊ အခု မနက် အစား နည်းနည်းစားတယ်၊ အခု တယ်လီဖုန်း စကားပြောနေပါ တယ်၊ ဒေါက်တာ သူနဲ့တွေ့တော့မလား'

'တွေ့လိုက်တာပေါ့'

ခမ်းနားကြီးကျယ်လှသော ကေဗင်ခန်းကြီးထဲသို့ ရော်ဘင် ဝင်ခဲ့သည်။ အကြံအဖန်တစ်ခုအတွက် ရက်သတ္တပတ် ရှစ်ပတ်လုံး လုံး သူစီစဉ်ခဲ့ရသည့် လုပ်ငန်းကြီး၏ အဓိကသားကောင်က အခန်းထဲမှာ ထိုင်နေသည်။ ဖုန်းပြောနေဆဲ တန်းလန်းဖြစ်သည်။

'ဟုတ်တယ်၊ ကိုယ်နေကောင်းပါတယ်၊ ဒါပေမယ့် အဲဒီ ဖြစ်တဲ့အချိန်တုန်းကတော့ အရေးအကြီးဆုံး လူနာအဆင့်ကို ရောက်ခဲ့တယ်၊ မပူပါနဲ့ကွယ်၊ ကိုယ် ဘာမှမဖြစ်နိုင်တော့ပါဘူး'

ဟာဗေးက ဖုန်းပြန်ချသည်။ ရော်ဘင်ကို လှိုက်လှိုက်လှဲလှဲ ဆီးကြိုသည်။

'ဒေါက်တာ ဘာကာ၊ မက်ဆာချူးဆက်မှာ ရှိနေတဲ့ ကျွန်တော့် မိန်းမနဲ့ အခုပဲ စကားပြောနေတာပါ၊ ကျွန်တော့် အသက်ဟာ အဖေ ဘမေရဲ့ အသက် မဟုတ်တော့ပဲ ဒေါက်တာရဲ့ အသက်ဖြစ်သွားပြီဆိုတဲ့အကြောင်း အခုပဲ ပြောပြနေရတယ်၊ ဟိုမှာ မနက် ၅-နာရီပဲ ရှိသေးတယ်လေ၊ ဒါပေမယ့် သူ သိပ်ကို စိတ်ချမ်းသာသွားပါတယ်၊ ကျွန်တော့်ကို အထူးခွဲစိတ်ကုသပေး ကြောင်း အထူးလူနာတင်ကားကိုပါ စီစဉ်ပေးကြောင်းနဲ့ ကျွန်တော့် အသက်ကို ဒေါက်တာကယ်တင်လိုက်ကြောင်း ကျွန်တော် သိရတဲ့အတွက် ဝမ်းသာလို့ မဆုံးပါဘူးခင်ဗျာ၊ နိစ်မာတင် သတင်းစာထဲမှာ ရေးထားတဲ့ သတင်းကို ကျွန်တော် ဖတ်ပြီးပါပြီ'





သူ့ဘေးမှာ ယနေ့ထုတ် နိစ်မာတင်သတင်းစာကို ချထား သည်။ ကောင်းဘိတို ဝတ်ထားသည့် ဟာဗေး၏ ဓာတ်ပုံဟောင်း တစ်ပုံကို ဖော်ပြထားသည်။ ခေါင်းစဉ်က 'ကစားဝိုင်းတွင် သတိလစ် လဲကျသွားသော အမေရိကန် သန်းကြွယ်သဌေးကြီး အား အရေးပေါ် ခွဲစိတ်ကုသပေးလိုက်ရခြင်း'ဟူ၍ ဖြစ်လေသည်။

'ပြောစမ်းပါဦး ဒေါက်တာရယ်. . . ကျွန်တော့်အခြေအနေ က အသက် အန္တရာယ်ကိုတောင် စိုးရိမ်ရတဲ့ အခြေအနေမျိုးလား' ဟု ဟာဗေးက ယခုအထိ အကြောက် မပြေသေးပုံမျိုးဖြင့် မေး သည်။

'အင်း. . . အခြေအနေကတော့ တော်တော်ဆိုးတယ်လို့ ပြောရမယ်၊ အဲဒီ ကျောက်ကိုသာ ကျွန်တော်တို့ ချက်ချင်း ခွဲစိတ်ပြီး ထုတ်မပစ်လိုက်ရင်ဘူး ဆိုယင်တော့ အတော်ကြီးကို အသက်နဲ့နီးတယ်လို့ ပြောရမှာပါပဲ'

'ဟာဗေးမက်ကော့ဇ်'ဟု အမည်ရေးထိုး ချိတ်ဆွဲထားသော လိမ္မော်သီး အရွယ်ခန့်ရှိ ကျောက်တုံးကြီးကို ရော်ဘင်က ထုတ်ပြ ပြန်သည်။

ဟာဗေး၏ မျက်လုံးအစုံမှာ လက်ဖက်ရည် ပန်းကန်ပြား လောက် ပြူးကျယ်သွားသည်ဟု ထင်လိုက်ရလေသည်။

'ဘုရား. . . ဘုရား. . . ဒါလောက်ကြီးတဲ့ ကျောက်တုံးကြီး ကို ဗိုက်ထဲထည့်ပြီး ကျွန်တော် လှည့်လည်သွားလာနေတာကိုး. . . ဒေါက်တာ ကားလုတွေ ကျေအောင် ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ၊ ကျွန်တော် တတ်နိုင်တာများ ရှိမယ်ဆိုယင် အချိန်မရွေးခိုင်းပါ ဒေါက်တာ၊ ကာကနာပါနဲ့၊ နောက်ပြီးတော့ ကျွန်တော် ကင်းကင်းရှင်းရှင်း ပျောက်တဲ့အထိ ကျွန်တော့်ကို ကြည့်ပေးစေချင်ပါတယ်'

ထိုစကားကြောင့် ရော်ဘင်မှာ အပြေးအလွှား စဉ်းစားရ လေတော့သည်။

'အဲဒီလောက်တော့ ကျွန်တော်အချိန်ပေးနိုင်လိမ့်မယ်လို့ မထင်ဘူး၊ ကျွန်တော်အနားယူရက်တွေလဲ ကုန်သွားပြီလေ၊ ဒီနေ့ပဲ ကာလီဖိုးနီးယားကို ကျွန်တော်ပြန်ဖို့ လေယာဉ်ပျံ စီစဉ်ပြီးပါပြီ၊ သိပ်အရေးကြီးတဲ့ ကိစ္စရယ်လို့တော့ မဟုတ်ပါဘူး၊ ခွဲစိတ်ဖို့ ကိစ္စ နည်းနည်းပါးပါး ရှိတယ်၊ နောက်ပြီးတော့ ဆေးခန်းတွေကိုလဲ ပြန်ဝင်စရာ ရှိနေသေးတယ်'

'ဟာဗေးက ကိုယ်ကို မတ်မတ်ထိုင်သည်။ သူ့ဗိုက်ကိုလည်း လက်နှင့် အသာအယာ အုပ်ထားလိုက်သည်။

'ကျွန်တော်ပြောတာကို တဆိတ်လောက် နားထောင်ပါဦး ဒေါက်တာ ဘာကာ၊ ကျောင်းသားလေးငါးဆယ် ယောက်လောက်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်နိုင်ပါဘူး၊ ကျွန်တော်က ခွဲစိတ်ကုသခံထားရ တဲ့ လူနာပါ။ ဒေါက်တာ ဒီမှာရှိနေမှ ဖြစ်မယ့်လူပါ၊ ဒေါက်တာ ဒီမှာနေယင် ထိုက်ထိုက်တန်တ ကန်တော့ပါ့မယ်၊ ကျွန်တော့် ကျန်းမာရေးနဲ့ ပတ်သက်လာယင် ငွေဘယ်လော ကုန်ကုန် ကျွန်တော် ဂရုမစိုက်ပါဘူး၊ ဆရာ့အတွက် ဘယ်လောက် ကုန်ကျ ရမယ်ဆိုတာသာ အမိန့်ရှိပါ ဒေါက်တာ'

ရော်ဘင်က မနေတတ် မထိုင်တတ် ဖြစ်သွားပြီး ချောင်းဆိုး ချင်ယော ဆောင်နေရသည်။ အမေရိကန် ဆရာဝန်များ ဆေးဖိုး ဝါ မည်မျှတောင်းမည်ကို သူ အတိအကျမသိပါ။ ထို့ကြောင့် အတောင်းများသွားမည်ကို စိုးရိမ်ရသေး သည်။

'ကျွန်တော်ဒီမှာနေရမယ်ဆိုယင် စရိတ်က တော်တော်များ သွားနိုင် တယ်၊ ဒေါ်လာ ရှစ်သောင်းလောက် ကျသွားလိမ့်မယ်'

ရော်ဘင်က အသက်အောက်ထားမိသည်။

'ဖြစ်ပါတယ်ဒေါက်တာ၊ ဒေါက်တာဟာ အတော်ဆုံးပါပဲ၊ အသက်က တန်ဖိုးရှိပါတယ်၊ ငွေက တန်ဖိုးမရှိပါဘူး'

'ကောင်းပါပြီလေ ဒီလိုဆိုယင် လိုအပ်တဲ့ အစီအစဉ်တွေ လုပ် ကျွန်တော် ဟိုတယ်ကို ခဏပြန်လိုက်ဦးမယ်'

ရော်ဘင်က အခန်းထဲမှထွက်ခဲ့သည်။ ဟာဗေးငှားထားသည့် ရိုးစ်ရွိုး မော်တော်ကား ကြီးစီးပြီး ဟိုတယ်သို့ ပြန်ခဲ့သည်။ အခန်းအမှတ် ၂၁၇-ထဲ သူတို့ လေးယောက်ဂိုဏ်း ပြန်ဆုံကြ ပြန်သည်။

ရော်ဘင်က ပြန်ပြောပြသည့်အကြောင်းများကို ကျန်လူများ မယုံနိုင်အောင် ဖြစ်နေကြသည်။

'စတီဖင်. . . အဘိုးကြီးက ငါ့ကို ဒီမှာ နေစေချင်တယ်၊ ဒီကိစ္စ တို့အားလုံး ဘယ်သူမှ ကြိုတင်စီစဉ်ထားတာ မဟုတ်ဘူး'

စတီဖင်က အေးတိအေးစက်ဖြင့် မော့်ကြည့်သည်။

'ဒီလိုဆိုယင်လည်း နေခဲ့ပေါ့ကွာ၊ သူ့စရိတ်နဲ့ နေရတာပဲ၊ နေ မနက်တိုင် သူ့ဆီကိုသွားပြီး လက်ကလေး ကိုင်ကိုင်ပြီး ကြည့်ပေါ့ကွာ၊ ကတော့ မင်းမပါပဲ လန်ဒန်ကို ပြန်တော့မယ်၊ တို့မရှိယင် ဟိုတယ်ခ သက်သာသွားမယ် မဟုတ်လား'

ရော်ဘင်က ဖုန်းကောက်ကိုင်သည်။

* * *





ဟိုတယ် ဒီပါရီရှိ အခန်းအမှတ် ၂၁၇ထဲမှာ နေ့လယ်စာ စားပြီးသောအခါ ဦးသုံးယောက်တို့သည် နီစ်လေဆိပ်သို့ လူစုခွဲကာ သွားကြသည်။ ညနေ နာရီ ၁၀ မိနစ်တွင် ခရီးစဉ် အမှတ် ၀၁၂-လေယာဉ်ဖြင့် လန်ဒန်ဟီသရိုး ဆိပ်သို့ပြန်လာ ကြသည်။

လေယာဉ်ပေါ်ရောက်သောအခါတွင်လည်း တစ်ယောက်ကို တစ်ယောက် ကြည့်ဘဲ ခပ်ဝေးဝေး ထိုင်ခုံများမှာ ထိုင်ကြသည်။

စတီဖင်ကတော့ ရော်ဘင်နှင့် ဟာဗေးတို့ ပြောခဲ့ကြသည့် စကားများ က် တစ်ခွန်းကို နားထဲမှာ ပြန်လည်ကြားယောင် နေမိသည်။

'ကျွန်တော်တတ်နိုင်တာများရှိမယ်ဆိုယင် အချိန်မရွေး ခိုင်းပါ ဒေါက်တာ၊ းမနာပါနဲ့'ဟူသော စကားဖြစ်လေသည်။

* * *

ရော်ဘင်က သူ့လူနာထံသို့ တစ်နေ့လျှင် တစ်ခေါက်ကျ မှန်မှန်သွား က် ကြည့်ရှုပေးလေသည်။ သူ့အသွားအပြန်ကို ဟာဗေးငှားထားသည့် ရွိုက်စ် မော်တော်ကားကြီးက အကြို အပို့ တာဝန်ယူပေးသည်။

တတိယမြောက်နေ့ ရော်ဘင်ရောက်သွားသောအခါ သူနာပြုဆရာမက ရေးကြီးသောစကား ပြောလိုပါသည်ဟု ပြောသဖြင့် အခန်းပြင်သို့ ယောက်ထွက်ခဲ့ကြသည်။

'ဒေါက်တာ. . . ကျွန်မလူနာရဲ့ အခြေအနေကို ကြည့်ရတာ တစ်မျိုးပဲ၊ ကို အဝတ်အစားလဲပေးပြီး ရေပတ်တိုက်ပေးတော့ သူဟာ သိပ်ကိုသန်စွမ်း တယ် ဒေါက်တာ၊ သူ့ကို လုပ်ထားတာကလဲ မေဂျာအော်ပရေးရှင်း တ်လား၊ မေဂျာအော်ပရေး ရှင်း လုပ်ထားတဲ့လူနာက ဒီလောက် ရက် လေးနဲ့ ဒါလောက်တောင် သန်စွမ်းတယ်ဆိုတော့. . .'

ရော်ဘင်က မျက်နှာပိုးကိုသေအောင် ကြိုးစားထားနေရ သည်။

'ဒါမျိုးတွေ ဟိုတုန်းကလဲ မင်းတွေ့ခဲ့ဖူးမှာပေါ့ ဆရာမရယ်'

'တွေ့ဖူးပါတယ် ဒေါက်တာ၊ ဒါပေမယ့် မေဂျာအော်ပရေးရှင်း လုပ်ထား နာလဲ ဖြစ်ပြန်. . . ခွဲစိတ်ပြီးတာလဲ သိပ်မကြာသေး ဘူးဆိုတော့. . .'

'နောက်နှစ်ရက်လောက်ကြာယင် သူ့ချုပ်ရိုးကို ဖြေမယ်၊ ချုပ် ရိုးဖြေပြီး ခင်းကို ကျုပ်ညစာ ဖိတ်ကျွေးမယ်၊ မင်းလဲ ဒီမှာ နေ့ရော ညပါ တာဝန် ဆောင်နေရတော့ ငြီးငွေ့ရောပေါ့၊ ဒါကြောင့် အပြောင်းအလဲကလေး ာမျိုး ဖြစ်သွားတာပေါ့ကွယ်'

'ကောင်းပါတယ် ဒေါက်တာ၊ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် သူလဲ အခု



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းကျန်းမာနေပြီပဲ'

'ဒီလိုဆိုယင် ဒီနေ့ည သူ အိပ်ပျော်သွားပြီးတဲ့ နောက်ပိုင်းမှာ ကျွန်ုပ် ညစာအတူတူ လိုက်စားပါလား။ နှစ်ရက်ကြာအောင် စောင့်မနေနဲ့တော့'

'ဖြစ်ပါတယ် ဒေါက်တာ'

'ဟိုတယ်ဒီပါရီ အခန်းနံပါတ် ၂၁၇-ကို ဒီနေ့ည ၉ နာရီမှာ လာခဲ့'

'ကောင်းပါပြီ ဒေါက်တာ'

* * *

ထိုနေ့ည အခန်းအမှတ် ၂၁၇-တွင် သူနာပြုဆရာမ အင်ဂျလင်း ဖောဘတ်နှင့် ရော်ဘင်တို့တွေ့ကြသည်။ ညစာအတူ စားကြသည်။

ထိုညက သူနာပြုဆရာမ အင်ဂျလင်းဖောဘတ် အိမ်သို့မပြန်ဖြစ် လူနာရှိရာ 'ရှုံးလုလင်ကလေး'ဖိမ်ခံသင်္ဘောပေါ်သို့ လည်း မသွားနိုင်တော့

* * *

ဟာဗေးက စကားကို ဖောင်လောက်အောင် ပြောနေသည်။ ရော်ဘင်က ချုပ်ရိုးများ ဖြေပေးနေသည်။

'ချုပ်ရိုးကလဲ အင်မတန် သပ်ရပ်ပါတယ်၊ အနာလဲ ကျက်နေပြီ နောက်အပတ်ဆိုယင် လုံးလုံးပျောက်သွားတော့မှာပါ'

'ကောင်းလိုက်တာဗျာ၊ ကျွန်တော်က အေးစကော့ မြင်းပြိုင်ပွဲ အတွက် လန်ဒန်ကို သွားဖို့ရှိနေပါတယ်၊ ဒီနှစ် ပြိုင်ပွဲမှာ ဖေးဖရိတ်ဖြစ်နေတဲ့ ကျွန်တော့ မြင်း၊ ရှိုစယ်လီကို ဒေါက်တာ ကြားဖူးမှာပေါ့၊ ကျွန်တော့်ရဲ့ အထူးဧည့်သည် တော်အဖြစ်နဲ့ မြင်းပွဲကို ဒေါက်တာ လာကြည့် နိုင်ယင် သိပ်ကောင်းမှာ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မြင်း ဖလားရယင် ကျွန်တော်ပြန်ပြီး သေ လစ်လဲယင် လဲသွားနိုင်သေးတယ်လေ'

ရော်ဘင်က မပြုံးမိအောင် အတော်ကြိုးစားနေရသည်။

'မစိုးရိမ်ပါနဲ့ဗျာ၊ ခင်ဗျား အင်မတန်ကျန်းမာနေပါပြီ၊ အေးစကော့ မြင်းပြိုင်ပွဲမှာ ခင်ဗျား မြင်း ရှိုစယ်လီ ဘယ်လိုပြေးမယ် ဆိုတာမကြည့်နိုင်တော့ တာကိုတော့ စိတ်မကောင်းပါဘူးဗျာ'

'ကျွန်တော်လဲ စိတ်မကောင်းပါဘူးဗျာ၊ ဘာပဲဖြစ်ဖြစ်လေ ဒေါက်တာ ကျေးဇူး တင်ပါတယ်၊ ဒေါက်တာလို တော်တဲ့ ဆရာဝန်မျိုးတော့ တစ်ခါမှ မမြင်ဖူးသေးပါဘူး'

'နောက်ထပ်လည်း တွေ့ရတော့မှာ မဟုတ်တော့ပါဘူးဗျာ'ဟု ရော်ဘင်က စိတ်ထဲမှ ကျိတ်ပြောလိုက်မိသည်။ စိတ်လှုပ်ရှားလာသောကြောင့် အမေရိ





သံဝဲပြီး ပြောနေရသော သူ့လေသံမှာ ပျက်ချင်သလိုလို ဖြစ်လာသည်။ ထို့ကြောင့် သူ့ကိုနှုတ်ဆက်ပြီး မြန်မြန် ပြန်ပြေးခဲ့ရသည်။

အခန်းအပြင်သို့ ရောက်သောအခါ သူနာပြုဆရာမ အင်ဂျလင်း ဖောဘတ်ကိုတွေ့ရသောကြောင့် လိုက်လိုက်လှဲလှဲ နှုတ်ဆက် ခဲ့ရပြန်ပါသည်။

မိသားစုနှင့်အတူ ဩစတြေးလျနိုင်ငံမှာ အနားယူနေသည့် ကမ္ဘာကျော် ခွဲစိတ်ကု ပါရဂူကြီးလည်းဖြစ်၊ သမားတော်ကြီးလည်း ဖြစ်သော ဒေါက်တာဝီလီ ဘာကာကိုတော့ စိတ်ကူးဖြင့်ပင် အကြိမ်ကြိမ်တောင်းပန်လိုက်ရလေ တော့သည်။

ခွဲစိတ်ကုသခနှင့် ခွဲစိတ်ပြီးကြည့်ရှုစောင့်ရှောက်ခငွေ ဒေါ်လာ ၈၀,၀၀၀ ကို မစ္စတာဟာ ဗေးမက်ကော့မ်ထံမှ ဒေါက်တာဝီလီဖရင်ကလင်ဘာကာ က ရရန်ရှိကြောင်းလေးစားစွာဖြင့် တင်ပြအပ်ပါသည်။

တစ်နာရီအတွင်းမှာပင် ဟာဗေး၏ ဒရိုင်ဘာပြန်ရောက်လာ သည်၊ သူနှင့်အတူ ဒေါ်လာ ၈၀,၀၀၀-တန် ချက်လက်မှတ် တစ်စောင် ပြန်ပါလာ သည်။

ရော်ဘင်က အောင်မြင်စွာဖြင့်ပင် လန်ဒန်မြို့သို့ ပြန်လည် ထွက်ခွာလာ ခဲ့လေတော့သည်။

* * *

ဒုတိယတစ်ယောက်ကတော့ တာဝန်ကျေပွန်သွားပြန်လေပြီ။ ကျန် နှစ်ယောက်က ဆက်လက်အကောင်အထည် ဖော်ကြရပေဦးမည်။

၁၃

နောက်တစ်ရက်ဖြစ်သော သောကြာနေ့တွင် စတီဖင်သည် ဟာလေလမ်းရှိ ရော်ဘင်၏ ဆေးခန်းထဲမှ လူနာခုတင်ပေါ်မှာထိုင်ပြီး အဖွဲ့သားများကို ရှင်းပြ နေသည်။

'မွန်တီကာလို စစ်ဆင်ရေးကြီးဟာ အဘက်ဘက်က အောင်မြင်သွား တယ်၊ ခေါင်းအေးအေးထားပြီး ဦးဆောင်မှုပေးနိုင်ခဲ့တဲ့ ရော်ဘင်ကို ကျေးဇူးတင် ပါတယ်၊ အဲဒီ စစ်ဆင်ရေး အတွက် ကုန်ကျစရိတ်ကတော့ နည်းနည်းများတယ်၊ ဆေးရုံကိုပေးရတဲ့ ငွေရော၊ ဟိုတယ်ခပါ ပေါင်းလိုက်ယင် ဒေါ်လာ ၁၁,၃၅၀ ကုန်သွား တယ်၊ ဟာဗေးဆီက တို့ရလိုက်တာက ဒေါ်လာ ရှစ်သောင်း၊ ဒါကြောင့် သူ့ဆီက တို့ပြန်ရတဲ့ငွေဟာ စုစုပေါင်း ဒေါ်လာ ၅၂၇,၅၆၀ ရှိသွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ကုန်ကျစရိတ်စုစုပေါင်းက ဒေါ်လာ ၂၂,၅၃၀ ရှိတယ်၊ ဒါကြောင့် ဟာဗေးဆီက တို့ရစရာ ဒေါ်လာ ၄၉၄,၉၇၀ ကျန်သေးတယ်၊ ဒီငွေစာရင်းကို ကန့်ကွက်မယ့်လူ ရှိသေးသလား'

ကန့်ကွက်ရန် မရှိကြောင်း အားလုံးက တညီတညွတ်တည်း ဝိုင်းပြောကြသည်။ စတီဖင်သည် သင်္ချာပါရဂူဖြစ်သောကြောင့် သူတို့အနေဖြင့် ယုံကြည်စိတ်ချထားပြီးလည်း ဖြစ်ပါသည်။ ယခုကိစ္စကိုလည်း သူကစိတ်ပါလက်ပါဖြင့် ရိုးရိုးသားသား ပြုလုပ်နေခြင်း ဖြစ်သည်။

'တစ်ခုမေးရဦးမယ် ရော်ဘင်... လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့က မင်း ညစာစားတာ ၇၃ ဒေါ်လာနဲ့ ဆင့် ငါးဆယ်တောင် ကျတယ်၊ မင်းဘာတွေများ စားပစ်လို့ ဒါလောက်တောင် ကုန်ရတာလဲ'

'သာမန်ထက် နည်းနည်းပို ထူးခြားသွားတဲ့ အခြေအနေလေးကြောင့် ပါကွာ၊ ဒါကြောင့် နည်းနည်း ပိုကုန်သွားတာပါ'ဟု ရော်ဘင်က မလုံမလဲ ပြောသည်။

'ငါ သိပါတယ်ကွာ၊ မင်း တစ်ယောက်တည်း စားတာမဟုတ်ပါဘူး၊ မင်း ဘယ်သူ့ကို ခေါ်ပြီး လောကွတ်တွေချော့လိုက်တယ် ဆိုတာ မသိတာမှတ်လို့၊ မင်းလောက် လည်လို့များ တော့ ရော်ဘင်ရယ်... ငါပန်းချီကား ရောင်းစားမနေဘူးကွ၊ မင်းဟိုနာ့စ်မလေးနဲ့ အကြည် ဆိုက်ပြီး ကိုယ့်ငွေ မဟုတ်တိုင်း လုပ်ပစ်လိုက်တာ မဟုတ်လား'

ဂျင်းပီယာကလှမ်းပြောသည်။ ရော်ဘင်က ပြုံးဖြဲဖြဲ လုပ်နေသည်။ ဂျင်းပီယာက ပိုက်ဆံ အိတ်ဖွင့်ပြီး ငွေအချို့ကို စတီဖင် အား ထုတ်ပေးသည်။

'ဒီမှာ စတီဖင်၊ ဖဲဝိုင်းမှာ ငါနိုင်ခဲ့တဲ့ငွေ ၂၁၉ ဖရန့်၊ အဲဒီညတုန်းကသာ ငါဖဲဆက်ကစား ရယင် ဟာဗေးဆီက တို့ ရစရာ ငွေတွေအားလုံး ပြန်ရနိုင်တယ်၊ ဒါလောက် အပင်ပန်းခံပြီး စီစဉ်နေဖို့မလိုဘူး၊ ဘာပဲဖြစ်ဖြစ်ကွာ မင်း နာ့စ်မလေး ဖောဘတ်ရဲ့ တယ်လီဖုန်းနံပါတ် ကလေးလောက်တော့ ငါ့ကို အသိပေးထားဖို့ ကောင်းပါတယ်'

ဂျင်းပီယာ ထုတ်ပေးသည့်ငွေကို စတီဖင်က လှမ်းယူသည်။

'မင်း လုပ်တာမဆိုးဘူး ဂျင်းပီယာ... ဘာပဲဖြစ်ဖြစ် ဟိုကောင်ဖြုန်းပစ်လိုက်တဲ့ငွေ အစားပြန်ထိုးနိုင်တာပေါ့၊ နေဦး... ဒီနေ့ ငွေလဲနှုန်းနဲ့ဆိုယင်...'

စတီဖင်က အိတ်ထဲမှ ဂဏန်းပေါင်းစက်ကလေးကို ထုတ်ပြီး တွက်နေသည်။

'၂၁၉ ဖရန့်ဟာ ဒီနေ့နှုန်းနဲ့ဆိုယင် ၄၆ ဒေါ်လာနဲ့ ၇၆ ဆင့်ကျတယ်





ဒါကြောင့် တို့ရဲ့ ကုန်ကျစရိတ်ထဲက ထပ်လျှော့ရမယ်၊ ကုန်ကျစရိတ် စုစုပေါင်း ၂၂,၄၈၃ ဒေါ်လာနဲ့ ၂၄ဆင့်ပဲ ကျန်တော့တယ်'

ကျန်သုံးယောက်က မပြုံးမိအောင် ဣန္ဒြေဆည်ထားကြရ သည်။

'ကဲ... ငါ့အစီအစဉ်ပြောမယ်၊ အေးစကော့ မြင်းပြိုင်ပွဲကိစ္စကတော့ ရိုးရိုးကလေးပါပဲ၊ အထူးတန်း လက်မှတ်နှစ်စောင်ကို ဂျိမ်းစ် ဝယ်ပေးထားပြီးပြီ၊ ဒီ့စီစဉ်ထားတာတွေ အားလုံးအချိန်ကိုက်ဖြစ်ယင် ဟာဗေး ဘယ်လိုမှ ပြေးမလွတ်ဘူး၊ ဂျိမ်းစ်က ဟာဗေးရောက်လာတဲ့ အချိန်ကစပြီး သူ့လှုပ်ရှားမှုတွေ အားလုံးကို ကြိုးမဲ့ကြေးနန်းစက်နဲ့ အမြဲသတင်းပို့နေရမယ်၊ ဂျင်းပီယာက အပေါက်ဝက စောင့်ရမယ်၊ ဟာဗေးရောက်လာယင် သူ့နောက်ကနေပြီး ခသိမသာ လိုက်သွားရမယ်၊ မွန်းလွဲ ၁ နာရီတိတိမှာ ဟီသရိုး လေဆိပ်ကနေပြီး ရော်ဘင်က ကြေးနန်းရိုက်ရမယ်၊ အဲဒီ အချိန်ရိုက်ယင် ဟာဗေး နေ့လယ်စာစားတဲ့အချိန်နဲ့ အံကိုက် ဖြစ်မယ်၊ အဲဒီအပိုင်းတွေကတော့ လွယ်လွယ်ကလေး ဆွေ့ပါပဲ၊ အောက်စဖို့အပိုင်းကတော့ အရေးကြီးတယ်၊ တစ်ချက်ကလေး အလွဲမခံနိုင်ဘူး၊ အေးစကော့ မြင်းပြိုင်ကွင်းထဲမှာ ပထမပိုင်း အဆင်ပြေသွားပြီဆိုယင် နောက် ဒုတိယဆင့်ကို ဆက်လုပ်ရမယ်'

စတီဖင်က ပြောယင်း အားပါးတရ ပြုံးသည်။

'အောက်စဖို့ ကိစ္စကတော့တို့ ထပ်ပြီး လေ့ကျင့်ကြရဦး မယ်၊ အစစ သေချာအောင် လုပ်ရမယ်၊ ဘာမေးစရာ ရှိသေးသလဲ'

'ပထမပိုင်းတော့ မလိုတော့ပါဘူး၊ ဒုတိယပိုင်းကိစ္စကို ထပ်ပြီး ရှင်းပြပါဦး' ဟု ရော်ဘင်က ပြောသည်။

'ဟုတ်တယ်၊ ပထမပိုင်းကတော့ ငါ့ဟာငါ လုပ်မယ်၊ အဲဒီ ပထမညမှာ မင်းတို့အားလုံး လန်ဒန်မှာပဲနေကြပါ၊ လက်ရှောင် နေကြတဲ့ သဘောပေါ့ကွာ၊ နောက်ပြီးတော့ ဂျိမ်းစ် အခုထက်ထိ သူ့အစီအစဉ်ကို မတင်ပြနိုင်သေးဘူး၊ အဲဒီအတွက်လဲ ငါစိတ်ပူတယ်၊ ဘာကြောင့် လဲဆိုတော့ အမေရိကားကို ဟာဗေး ပြန်သွားယင် လုပ်ရကိုင်ရ ပိုခက်သွားမယ်၊ အခုကတော့ တို့နယ်မြေထဲကို သူရောက်နေတယ်၊ တို့ကြိုက်သလို လုပ်နိုင်တယ်၊ သူ့နိုင်ငံ သူပြန်ရောက်သွားယင် တို့အဖို့ ဘာမှ မလွယ်တော့ဘူး'

ဂျိမ်းစ်က သက်ပြင်းချိုက်သည်။ ပြီးတော့ မျက်နှာအောက်ချ ထားလေသည်။

'သနားစရာကောင်းလိုက်တဲ့ အကောင်ကွာ၊ ဒါပေမယ့် မပူနဲ့ ဂျိမ်းစ်၊ မင်း လူနာတင်ကား မောင်းတာတော့ အင်မတန်တော်တာပဲ၊ အခုညီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအလုပ်လောက်တော့ လုပ်စားနိုင်တာ ပေါ့ကွာ၊ မြို့စားကြီး အရိုက်အရာကို မဆက်ခံရယင်လဲ အရေးမကြီးပါဘူး' ဟု ရော်ဘင်က လှမ်းပြောသည်။

'မင်း လေယာဉ်ပျံ အမောင်းသင်ပါလားကွ၊ ဟာဗေးစီးသွားတဲ့ လေယာဉ်ပျံကို ပြန်ပေးဆွဲရအောင်လေ'ဟု ဂျင်းပီယာက လှမ်းနှိမ် သည်။

* * *

ဒေါက်တာရော်ဘင်အုတ္တလေ၏ အခန်းထဲမှ ရယ်သံများ ထွက်လာသည်။ သို့သော်လည်း ရော်ဘင်၏ အတွင်းရေးမှူး မစ္စမီကယ်လ်က ဘာမှနားမလည်။ ဟိုလူသုံးယောက်နှင့် သူ့ဆရာ ပေါင်းနေခြင်းကိုလည်း သိပ်မကြိုက်။ သူ့ဆရာ လူပေါင်းများနေပြီ ဟုထင်သည်။ ထိုလူတွေနှင့် ပေါင်းသည့်အချိန်မှစ၍ ဆေးခန်းမှာဖင်မြဲအောင်မထိုင်။

ရော်ဘင်၏ အခန်းထဲမှ ထိုလူသုံးယောက် ထွက်သွားသောအခါကျမှ သူလည်း သက်ပြင်း ချနိုင်တော့သည်။

မစ္စမီကယ်လ်က ရော်ဘင်၏ အခန်းထဲသို့ ဝင်သွားသည်။

'လူနာတွေ တွေ့တော့မလား ဒေါက်တာ'

'တွေ့မှဖြစ်မယ်ဆိုယင်လဲ တွေ့လိုက်တာပေါ့လေ'

ထိုစကားကြောင့် မစ္စမီကယ်လ်က ရော်ဘင်မမြင်အောင် မဲ့လိုက်သည်။ သူ ဘာတွေ ဖြစ်နေသည်ကိုလည်း လုံးဝမသိတော့။

'မစ္စက်ဘရူးစတား . . . ဆရာဝန် အဆင်သင့် ဖြစ်ပါပြီ ရှင်၊ ရှင့်အတွက်ဆေးကို ကျွန်မ အဆင်သင့်လုပ်ထားလိုက်ပါ့မယ်၊ ပြန်ထွက်လာယင် ပေးမယ်နော်'

* * *

စတီဖင်က မဂ္ဂဒါလင် တက္ကသိုလ်သို့ ပြန်ပြီး ရက်အနည်း ငယ်ခန့် နားနေသည်။ သူ့အစီအစဉ်များကိုလည်း ပြန်လည် လေ့လာသည်။

ရော်ဘင်နှင့် ဂျင်းပီယာတို့၏ အစီအစဉ်များ မျှော်မှန်းထားသည်ထက် ပိုမိုအောင် မြင်သွားသောကြောင့်လည်း သူ အများကြီး စိတ်ချမ်းသာနေသည်။

သို့သော်လည်း သူ့ အစီအစဉ်က သူတို့နှစ်ယောက်ထက် တော့ သာရမည်ဟုလည်း ယုံကြည်စိတ်ချထားလေသည်။

ဂျင်းပီယာက ဘွန်းလမ်းမှာရှိနေသော သူ့ဆိုင်သို့ ပြန်လာသည်။ စတီဖင်၏ အစီအစဉ်အတွက် မှန်တစ်ချပ် ထောင်ပြီး လိုအပ်သော လေ့ကျင့်မှုများကို ပြုလုပ်သည်။

ဂျိမ်းစ်က အယ်နီကို ခေါ်ပြီး တောဘက်သို့ ထွက်ခဲ့သည်။ တောရွာ





လေး တစ်ရွာမှာ စနေ တနင်္ဂနွေ နားကြသည်။

အယ်နီ၏ လက်မှာဝတ်ထားသည့် စိန်လက်စွပ် ကလေးမှာ ဆိုင်မှာအလှပြထားတုန်းကထက် ပိုပြီး လှနေသည်ဟုထင်နေသည်။

ဘွန်းလမ်းမှာ ဟာဗေးကို သူတို့ အမဲဖမ်းကြစဉ်က အရောင်းဆိုင်တခုတွင် အလှပြထားသည်ကို သူ မြင်ခဲ့သည်။ ထို့ကြောင့် ထိုစိန်လက်စွပ်ကလေးကို ယူပြီး အယ်နီအား ပေးလိုက်ခြင်းဖြစ်သည်။ ယခုတော့ သွယ်လျသော သူ့လက်ချောင်းကလေးများနှင့် အလွန် ကြည့်ကောင်းနေလေသည်။

သို့သော်လည်း ထင်ထားသလောက် ဂျိမ်းစ် မပျော်နိုင်ပါ။ သူ့ဘက်က တာဝန်ကျေပွန်အောင် မည်သည့်အစီအစဉ်ကိုမှ တင်ပြနိုင်ခြင်း မရှိသောကြောင့် သူတို့အဖွဲ့ထဲမှာ မျက်နှာငယ် နေရသည်။

မိမိဘက်က နောက်ကျနေသဖြင့် နောက်ဆုံး တင်ပြနိုင်ပြီ ဆိုသည့်အခါတွင်လည်း အားလုံးအံ့အားသင့်သွားအောင် အကောင်းဆုံး ဖြစ်ဖို့လိုသည်။

အယ်နီနှင့်သူ အကြိမ်ကြိမ်ဆွေးနွေးသည်။ နည်းမျိုးစုံကို စဉ်းစားကြည့်သည်။ သို့သော်လည်း မည်သည့်နည်းမှ ပေါ်မလာ။

အယ်နီကတော့ သူ့ဟာသူ ကြိတ်ပြီး အကြံအစည်တစ်ခုကို စဉ်းစားလျက်ရှိနေပြီ။ ဂျိမ်းစ်ကိုတော့ လုံးဝအသိမပေးသေး။

## ၁၄

တနင်္လာနေ့တွင် ဂျိမ်းစ်နှင့် အယ်နီတို့ လန်ဒန်မြို့သို့ ပြန်လာကြသည်။ အယ်နီက သူ့အလုပ်များကို ပြန်လုပ်ရဦးမည်။

အေးစကော့မြင်းပြိုင်ပွဲသို့လိုက်ဖို့ ဂျိမ်းစ်က ခေါ်သေးသည်။ သို့သော်လည်း အယ်နီ မလိုက်တော့ပါ။ ကျန်သုံးယောက်က မသင်္ကာ ဖြစ်သွားနိုင်သည်၊ သူတို့အကြောင်းတွေကို ဂျိမ်းစ် ဖွင့်ပြောထားကြောင်း သိသွား၍ ချင်သေး။

မွန်တီကာလိုမှာ ဖြစ်ခဲ့သည့်အကြောင်း အသေးစိတ်ကို ဂျိမ်းစ်က ပြောမပြ သော်လည်း အေးစကော့မြင်းပြိုင်ပွဲနှင့် အောက်စဖို့တက္ကသိုလ်အစီအစဉ် အသေးစိတ်ကိုတော့ ပြောပြထားပြီး ဖြစ်သည်။

ထိုအစီအစဉ်နှင့်ပတ်သက်ပြီး ဂျိမ်းစ်အလွန်တရာ စိတ်လှုပ် ရှားနေသည်။ ထို့ကြောင့်လည်း စိတ်သက်သာရာ ရလိုရငြား အယ်နီကို ပြောပြခြင်း ဖြစ်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျိမ်းစ်ဘက်က ဘာအစီအစဉ်မှ မတင်ပြနိုင်သည့်အတွက် သူစိတ်မချမ်းမသာ ဖြစ်နေသည်ကို မြင်ရသောအခါ အယ်နီ စိတ်မချမ်းမသာဖြစ်ရသည်။ စတီဖင်၊ ရော်ဘင်နှင့် ဂျင်းပီယာ တို့သုံးယောက်က သူတို့အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်နေသောကြောင့်သာ တော်တော့သည်။

အယ်နီစိတ်ကူးနေသည့် အစီအစဉ် အကောင်အထည်ပေါ် လာမည်ဆိုလျှင် သူတို့အားလုံး အကြီးအကျယ်အံ့အားသင့်သွားမည်ကို အယ်နီက ကြိုမြင်နေမိသည်။ အံ့အားသင့်ရုံမက၊ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားကြမည်မှာလည်း သေချာသည်။

စတီဖင်က အိပ်ရာမှ စောစောထသည်။ သူ့ ဆံပင်ကို အဖြူရောင် ဆေးဆိုးထားရာ မှန်ထဲမှာ သေသေချာချာ ပြန်ကြည့်သည်။ မျက်နှာပေါ်တွင် မိတ်ကပ်ပါ မသိမသာ လိမ်းလိုက်သောကြောင့် သူ့အသက်ပိုကြီးသွားသည်ဟု ထင်ရသည်။

အကောင်းဆုံး အဝတ်ကိုထုတ်ဝတ်သည်။ ပုံကတော့ သိပ်မကျလှ သို့သော်လည်း သည်အဝတ်မျိုးဝတ်မှ ပိုအဆင်ပြေ မည်။

အောက်စဖို့မှ အေးစကော့ မြင်းပြိုင်ကွင်းသို့ ရထားစီးလာခဲ့သည်။ ဂျင်းပီယာက လန်ဒန်မြို့မှနေ၍ မော်တော်ကားဖြင့်လာသည်။ မြင်းပြိုင်ကွင်းနှင့် တမိုင်လောက် ဝေးသည့် နေရာမှ စားသောက်ဆိုင် တစ်ခုမှာ သူတို့ဆုံကြသည်။ ၁၁-နာရီ ထိုးသော အခါ ဂျိမ်းစ်ပါ ရောက်လာသည်။

စတီဖင်က ရော်ဘင်ထံသို့ ဖုန်းဆက်ကာ သူတို့သုံးယောက်ဆုံပြီ ဖြစ်ကြောင်း သတင်းပို့သည်။ တဆက်တည်း ရော်ဘင်ရိုက်ရမည့် ကြေးနန်းကိုလည်း ဖတ်ပြသည်။

'ဒါဆိုယင် ဖြစ်ပြီရော်ဘင်၊ မင်း ဟိသရိုး လေဆိပ်ကို သွားတော့၊ နေ့ခင်း တစ်နာရီတိတိမှာ အဲဒီကြေးနန်းကိုရိုက်'

'ကံကောင်းကြပါစေ စတီဖင်၊ ခွေးသားကြီးကို ကောင်း ကောင်း အရှေ့ လိုက်စမ်းပါကွာ'

စတီဖင်က စားပွဲသို့ ပြန်လာသည်။ လန်ဒန်မှာရှိနေသော ရော်ဘင်ဘက်က အစစ အသင့်ဖြစ်နေကြောင်း ပြန်ပြောပြသည်။

'ဂျိမ်းစ် . . . မင်းသွားတော့၊ ဟာဗေးရောက်လာတာနဲ့ တပြိုင်တည်း တို့ကို အကြောင်း ကြား'

ဂျိမ်းစ်က ဖန်ခွက်ထဲမှ လက်ကျန်အရက်ကို ရှင်းပြီး ထွက်သွားသည်။





မွန်းတည့်ပြီးသည်နှင့် တပြိုင်တည်း ဟာဗေးရောက်လာသည်၊ အကောင်းဆုံး ဝတ်စုံသစ်ကို ဝတ်လာသည်။ ရင်ဘတ်မှာ ဇော်မွှားပန်းတပွင့်လည်း ထိုးလာသည်။ ဦးထုပ် ဆောင်းထားသောကြောင့် ပြောင်နေသည့် သူ့ခေါင်းကို မမြင်ရချေ။

ဂျိမ်းစ်က လူမှားသွားသည်။ ပြောင်လက်နေသော ရိုးစ်ရွိုက်စ် မော်တော်ကားကြီးကို တွေ့တော့မှ မှတ်မိသည်။ သူ့နောက် မလှမ်းမကမ်းမှနေ၍ ကွင်းထဲသို့ ဝင်လိုက်သွားသည်။ ဟာဗေးဝင်သွား သည့်နေရာကိုလှမ်းကြည့်သောအခါ 'မစ္စတာ ဟာဗေးမက်ကော့ဖ် နှင့် ဧည့်သည်တော်များ'ဟု ဆိုင်းဘုတ်ချိတ်ပေးထားသည်ကို မြင်ရသည်။

'သူ့အတွက် သီးသန့် လုပ်ထားတဲ့နေရာကို ဝင်သွားပြီ'ဟု ဂျိမ်းစ်က ကြေးနန်းစက်ဖြင့် သူ့လူများကို လှမ်းအကြောင်းကြား သည်။

'မင်း ဘယ်ရောက်နေသလဲ'ဟု ဂျင်းပီယာက ပြန်မေးသည်။

'သူ့ အောက်တည့်တည့်မှာ၊ ဆမ်ဝိုဖလာဟာတီရဲ့ အုပ်ဒိုင်မှာ ရပ်နေတယ်'

'ခဏကြာယင် မင်းဆီကို တို့ ရောက်လာမယ်'

ဂျိမ်းစ်က ပတ်ဝန်းကျင်ကို လှမ်းကြည့်သည်။ လူနှစ်သောင်း ခွဲလောက် အေးအေး ဆေးဆေး ကြည့်နိုင်အောင် ကျယ်လွင့်သော ကွင်းကြီးထဲမှာ လူတွေ ပြည့်ကျပ်နေသည်။ သည် ပရိသတ်ထဲမှာ သူ့ကိုသိသူများနှင့်မတိုးအောင် သတိထားရှောင်ရမည်ကိုလည်း သဘောပေါက်ထားသည်။

ဂျိမ်းစ်က အုပ်ဒိုင်ဆမ်အိုဖလာဟာတီနှင့် သွားစကားပြောသည်။ မြင်းပွဲ အခြေအနေကို စုံစမ်းသည်။ အဌမမြောက် ဂျော့ ဘုရင်နှင့် အယ်လီဇဘက် ဘုရင်ကြီး၏ ဖလားပွဲက ၃ နာရီ မိနစ် ၂၀တွင် စပြေးမည်ဖြစ်ကြောင်း သိရသည်။ မြင်းများ အခြေအနေကို မေးကြည့်သည်။

'ရိုစယ်လီဆိုတဲ့ မြင်းဖေ့ဖရိတ် ဖြစ်နေတယ်၊ ဟာဗေးမက် ကော့ဖ်း အမေရိကန် လူမျိုးတစ်ယောက် ပိုင်တာ၊ ပက်အက်ဒရီ စီးလိမ့်မယ်'

အက်ဒရီသည် တဟုန်ထိုး နာမည်ကျော်ကြားလာသော လူငယ်ဂျော်ကီ ဖြစ်သည်။ သူစီးသည့် မြင်းတိုင်း နိုင်နေသည်။ ထို့ကြောင့်လည်း ဟာဗေးက သူ့ကိုစီးခိုင်းခြင်း ဖြစ်ပေလိမ့်မည်။ ဟာဗေးသည် အကောင်းဆုံးများကိုသာ သုံးတတ်သူ ဖြစ်လေသည်။

ခဏကြာတော့ စတီဖင်နှင့်ဂျင်းပီယာတို့ ရောက်လာသည်။ အုပ်ဒိုင်နားမှာ သူတို့သုံးယောက် ယောင်လည်လည် လုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ သုံးယောက် ဘယ်မြင်းလောင်းမလဲ'ဟု အုပ်ဒိုင်က လှမ်းမေးသည်။

စတီဖင်က ကန့်ကွက်ဖို့ ဟန်ပြင်သည်။ သို့သော်လည်း ဂျိမ်းစ်က မယိချင်ယောင် ဆောင်ပြီး အုပ်ဒိုင်နားသို့ ကပ်သွားသည်။

'ရှိစယ်လီကို ဝင်း ငါးပေါင်၊ ပလေးငါးပေါင်ဆုတ်ဗျာ'

ငွေဆယ်ပေါင်ထုတ်ပေးသည်။ အုပ်ဒိုင်က လက်မှတ်များ ပြန်ပေးသည်။ သူ့နာမည်ကို လည်း လက်မှတ်ပေါ်မှာ ဖြတ်ရိုက် ထားသည်။

'ဂျိမ်းစ် . . . တို့ကို ပြောမပြသေးတဲ့ မင်းရဲ့ စစ်ဆင်ရေးထဲမှာ တခုလုပ်တာလဲ ပါတယ်ဆိုတာ ငါ သိပါတယ်ကွ၊ သိပ်လဲ လျှို့ဝှက် မနေပါနဲ့ နေစမ်းပါဦး၊ အဲဒီ မြင်းနိုင်ယင် မင်းဘယ်လောက် ရမှာလဲ'ဟု ဂျင်းပီယာက လှမ်းနောက်သည်။

'ကိုးပေါင်နဲ့ ဆယ်ပဲနီ မြတ်မယ်'ဟု အုပ်ဒိုင်က ဝင်ပြော သည်။

ဒေါ်လာ တစ်သန်းနဲ့ ယှဉ်ရင်တော့ ကလေး ကစားစရာ လောက်တောင် မရှိပါဘူးကွာ၊ ကဲ . . . တို့ သွားတော့မယ်၊ ဟာဗေး အပြင်ကို ထွက်လာပြီ ဆိုယင် ချက်ချင်းအကြောင်းကြား'

* * *

စားပွဲထိုးက နောက်ထပ် ရှမ်ပိန်တစ်လုံးကို ထပ်ဖောက်သည်။ ဟာဗေးနှင့် သူ့ဧည့်သည်များ၏ ဖန်ခွက်များထဲသို့ လိုက် ထည့်ပေးသည်။

ဟာဗေးနှင့်အတူ ထိုင်နေကြသော ဧည့်သည်များမှာ ဘဏ်သဌေးကြီး သုံးယောက်၊ စီးပွားရေး ပါရဂူနှစ်ယောက်၊ သင်္ဘော ကုမ္ပဏီပိုင်ရှင် ညီအစ်ကို နှစ်ယောက်နှင့် နာမည်ကြီး သတင်းစာ ဆရာတစ်ယောက်တို့ ဖြစ်သည်။

ဟာဗေးသည် အမြဲတမ်း နာမည်ကြီးပုဂ္ဂိုလ်များကိုသာ ရွေးချယ် ပေါင်းသင်းလေ့ရှိသည်။ မြင်းပြိုင်ပွဲသို့လည်း ထိုကဲ့သို့သော နာမည်ကြီးများ ကိုသာ ဖိတ်ကြားလေ့ရှိသည်။

'ကြေးနန်းလာပါတယ် ခင်ဗျာ'

စားပွဲထိုးတစ်ယောက်က ဟာဗေးအတွက် ကြေးနန်းတစ်စောင် ယူလာ ပေးသည်။ ဟာဗေးတို့အုပ်စုသည် သူ၏ သီးသန့်နေရာမှာ နေ့လယ်စာ စားနေ ကြခြင်း ဖြစ်သည်။ ဟာဗေး က ကြေးနန်းစာအိတ်ကို ဖောက်သည်။

'ကျွန်တော့်သမီး ရိုစယ်လီဆီက ကြေးနန်း၊ ဒီနေ့ ပြိုင်မယ့် ကျွန်တော့် မြင်းကို သမီးနာမည် မှည့်ထားတာလေ၊ ကဲ . . . သုံးဆောင်ကြပါ၊ ဘာမှ အားမနာပါနဲ့'





သူတို့ဆက်စားကြသည်။ သို့သော်လည်း ဟာဗေးက မတည်မငြိမ် ဖြစ်နေသည်။ သူ့ မြင်းနိုင်ရေးအတွက် စိတ်လှုပ်ရှားနေခြင်း ဖြစ်သည်။ ကျန်လူများ ကတော့ သတိမထားမိကြချေ။

'အလျင် နှစ်တွေနဲ့စာယင် ဒီနှစ်တော့ ခင်ဗျားအဖို့ အခွင့်အရေး ပို ကောင်းနေတယ် ဟာဗေး'ဟု ဘဏ်သဌေးတစ်ယောက်က ပြောသည်။

'အင်း . . . ခင်ဗျားလဲ သိတဲ့အတိုင်းပဲ၊ မြို့စားကြီးရဲ့ အိမ်ရှေ့ မင်းသမီး ဆိုတဲ့ မြင်းကို ဂျော်ကီပစ်ဂေါ့ စီးမယ်၊ ဘုရင်မကြီးရဲ့ ဟိုက်ကာလဲယားဆိုတဲ့ မြင်းကိုလဲ လျှော့တွက်လို့မရဘူး။ အဲဒီ မြင်းတွေအားလုံး ကျွန်တော့်မြင်းနဲ့ အတူတူ ဖေးဖရိတ်ဖြစ်နေကြတာ၊ ကျွန်တော့်မြင်းကလဲ နှစ်ကြိမ်တိုင်တိုင် ဒုတိယ ဝင်ထားဖူးတယ်၊ ပြောရတော့ အတော်ခက်တယ်ဗျ'

'နောက်ထပ် ကြေးနန်းတစောင် ထပ်ရောက်လာပြန်ပါတယ် ခင်ဗျာ'

ဟာဗေးက ကြေးနန်းစာအိတ်ကို ဖောက်ရပြန်သည်။

'ဘုရင့်ဖလားပွဲတွင် အနိုင်ရပါစေဟု ဆုမွတောင်းလိုက်ပါသည်တဲ့၊ ခင်ဗျား ဘဏ်တိုက် အမှုထမ်းတွေက ရိုက်လိုက်တဲ့ ကြေးနန်း'ဟု ဟာဗေးက ဘဏ် သဌေးတစ်ယောက်ကို လှမ်းပြော သည်။

'ရှမ်ပိန် ထပ်ထည့်ကြပါဦး'

နောက်ထပ် ကြေးနန်းတစ်စောင် ရောက်လာပြန်သည်။

'ဒီနှုန်းအတိုင်းသာ သွားနေမယ်ဆိုယင်တော့ ခင်ဗျား အတွက် စာတိုက်နဲ့ ကြေးနန်းရုံးတခု သပ်သပ် ဖွင့်ပေးထားဖို့တောင် လိုနေပြီ ဟာဗေး'

တစ်ယောက်ကဝင်ပြောသည်။ ကျန်လူအားလုံးက ဝိုင်းရယ်ကြသည်။ ဟာဗေးက ကြေးနန်းကိုဖောက်ပြီး ခပ်ကျယ်ကျယ် ဖတ် သည်။

'အေးစကော့ မြင်းပြိုင်ပွဲကို ခင်ဗျားနဲ့အတူတူ လာမကြည့် နိုင်သည့် အတွက် စိတ်မကောင်း ဖြစ်မိပါသည်။ ကျွန်တော်၏ သူငယ်ချင်း အောက်စဖို့ ဘတ္တသိုလ်မှ နိုဘယ်ဆုရ ပါမောက္ခကြီး ရော့ဒ်နေပိုတာကို မြင်ကွင်းထဲမှာ တွေ့ပြီး ဧည့်ခံပေးနိုင်မည် ဆိုလျှင် အလွန်ကျေးဇူးတင် ဝမ်းမြောက်ပါမည်။ ဒီဘာကာ . . . ခေတ္တ ဟီသရိုးလေဆိပ်။ ဩ . . . ဒေါက်တာ ဘာကာဆီက ကြေးနန်းပဲ၊ မွန်တီကာလိုတုန်းက ကျွန်တော့်ကို ခွဲစိတ်ကုသပေး ခဲ့တဲ့ ဆရာဝန်ပေါ့၊ ကျွန်တော့်အသက်ကို သူကယ်လိုက်တာပဲ၊ ကျွန်တော့် ဗိုက်ထဲက ကျောက်တုံးကြီး တစ်တုံးကို သူခွဲထုတ်ပေး တယ်လေဗျာ၊ နည်းတဲ့ ကျောက်တုံး မဟုတ်ပါဘူး၊ အခု ခင်ဗျား စားနေတဲ့ ပေါင်မုန့်အလုံးလောက် ရှိတယ်၊ အင်း . . . ပါမောက္ခ ပိုတာကို ဘယ်လိုလုပ်ရှာရပါ့မလဲ'ဟာဗေးက ပြောပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုဆို စားပွဲထိုးကို လှမ်းကြည့်သည်။ "ငါ့ ဒရိုင်ဘာကို သွား ခေါ်စမ်း'

ခဏအကြာမှာပင် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော ဒရိုင်ဘာ ရောက်လာသည်။

'အောက်စဖို့ တက္ကသိုလ်က ပါမောက္ခရော့ဒ် နေပိုတာ ဆိုတာ ဒီကွင်းထဲမှာ ရှိနေတယ်၊ သွားရှာပြီး ခေါ်လာခဲ့'

'ဘယ်လိုပုံမျိုးပါလဲ ခင်ဗျာ'

'ငါက ဘယ်လိုလုပ် သိမလဲကွ၊ ပါမောက္ခပါဆိုမှပဲ ပါမောက္ခ နဲ့ တူမှာပေါ့'

ဟာဗေးတို့ လူသိုက်က ပြန်အော်သည်။ ဒရိုင်ဘာမှာ စိတ် မသက်မသာဖြင့် ပြန်ထွက်လာခဲ့ရတော့သည်။

ဟာဗေးတို့ လူသိုက်ကတော့ တဝါးဝါး တဟားဟားဖြင့် ဆက်လက် စားသောက်နေကြသည်။ ကြေးနန်းစာများကလည်း ထပ်ကာ ထပ်ကာ ရောက်နေသည်။

'ခင်ဗျား မြင်းနိုင်ယင် ဘုရင်မကြီး ကိုယ်တိုင်က ဆုဖလား ချီးမြှင့်မှာနော် သိတယ် မဟုတ်လား'ဟု သတင်းစာ ဆရာက ပြောသည်။

'ဒါဆိုယင် ကျုပ်ဘဝအဖို့ အလွန်ကြီးကျယ်တဲ့ အခွင့်အရေး ကြီးပေါ့ဗျာ တကယ်လို့ ရှိစယ်လီဆိုတဲ့ ကျုပ်မြင်းနိုင်ယင် ကျုပ်သမီး ရှိစယ်လီကို အိမ်ရှေ့မင်းသား ချားလ်စ်နဲ့ လက်ထပ်နိုင်းရမယ်၊ သူတို့နှစ်ယောက် အသက်ချင်း အတူတူလောက် ရှိတယ်'

'နိုင်ယင် ဆုငွေပေါင် ၈၁,၀၀၀-ရမယ်၊ အဲဒီ ငွေကိုရော ခင်ဗျား ဘာလုပ်မလဲ ဟာဗေး'

'လှူပစ်လိုက်တာပေါ့ဗျာ'

ဟာဗေးက ဘာမှအရေးမကြီးသလို ပြောသည်။ သူ့ လူတွေက သူ့ကို အထင်ကြီးသွားသည်။

ဒရိုင်ဘာ ပြန်လာသည်။ ပါမောက္ခ ရော့ဒ်နေပိုတာ ဆိုသူကို မည်သို့မျှ ရှာမတွေ့ကြောင်း ပြောသည်။

'ငါ ကိုယ်တိုင်ထွက်ရှာမယ်၊ ခဏနေကြပါဦးနော်၊ ကြိုက်ရာ မှာစားကြပါ'

ဟာဗေးက ထိုင်ရာမှ ထသည်။ ဒရိုင်ဘာနှင့်အတူ အပြင်သို့ ထွက်လာသည်။

'လူတစ်ယောက်ကိုမှ တွေ့အောင်မရှာနိုင်ယင် မင်းအလုပ် ထွက်တော့ အလားကား အကောင်'ဟုလည်း ဒေါ်သည်တွေနှင့် ဝေးလာသောအခါ ဒရိုင်ဘာကို ကျိတ်ကြိမ်းသည်။





'သူ့ ထိုင်ခုံကနေ ထပြီး အပြင်ထွက်သွားပြီဗျော့'

ဂျိမ်းစ်က သူ့လူများကို လမ်းလျှောက်စကားပြောစက်ဖြင့် သတင်းပို့သည်။

'မင်း ဘာတွေပြောနေတာလဲ၊ မင်းဟာမင်း တစ်ယောက်တည်း စကားပြောနေသလား ဂျိမ်းစ်'

ပိုင်စိုးပိုင်နင်း မေးသံကိုကြားရသည်။ ထိုအသံကို ဂျိမ်းစ် မှတ်မိပါသည်။ လှည့်ကြည့်သောအခါ လော့ဒ်ဆွမ်းမားဆက် ဖြစ် နေသည်ကို တွေ့ရသည်။ ထေမ ကမ္ဘာစစ်ကြီးအတွင်းက သူရဲကောင်းဘွဲ့များကို အကြိမ်ကြိမ်ရခဲ့သူ ဖြစ်သည်။ သူ့မိဘများ နှင့် ရင်းနှီးသည်။ အရေးကြီးကာမှ ထိုအဘိုးကြီးနှင့် ခုချင်း ကပ်လျက် ထိုင်မိနေလေတော့သည်။

'ဟုတ် . . . ဟုတ် . . . အဲ . . . အဲ မဟုတ်ပါဘူး ခင်ဗျာ၊ ချောင်းဆိုးတာပါ'

ဂျိမ်းစ်က အထစ်ထစ် အငေါ့ငေါ့ ပြန်ပြောသည်။

'ဘုရင့်ဖလားပွဲမှာ မင်း ဘယ်မြင်းကို လောင်းထားသလဲ'

'ရှိစယ်လီကို ဝင်း ငါးပေါင် ပလေး ငါးပေါင် လောင်းထား ပါတယ် ခင်ဗျာ'

* * *

'ဟိုကောင် ဘာမှလဲဆက်မပြောဘူး၊ ခေါ်တာလဲ ပြန်မထူးဘူး၊ စက်ကိုများ ပိတ်ထား လိုက်သလား မသိဘူး'

စတီဖင်က မကျေမနပ် ပြောသည်။

'ထပ်ပြီး နာနာလှည့်ဟာ . . . ဒီကောင် နားပွင့်ထွက်သွား အောင်'

ဂျင်းပီယာက အကြံပေးသည်။

* * *

'တဂျစ်ဂျစ်နဲ့ ဘာအသံတွေလဲကွ ဂျိမ်းစ် မင်းက နားကျပ်ကြီး တပ်လို့ နားလေးနေပြီလား၊ မင်းအသက် အငယ်ကလေးရှိသေး တာပဲ'

'မဟုတ်ပါဘူး ခင်ဗျာ၊ နားမကြားရလို့ပါ၊ အဲ . . . မဟုတ်ဘူး ခင်ဗျ၊ ဟိုဘက်က . . . ဟိုဘက်က တအားလုပ် . . . ဟို . . . ထရန်စစ္စတာ ရေဒီယို ဖွင့်ထားတာပါ၊ အသံနည်းနည်း စူးသွားလို့ပါ ခင်ဗျာ'

'ဒီဟာတွေအားလုံး ဥပဒေနဲ့ ပိတ်ပစ်ဖို့ ကောင်းတယ်၊ တခြား လူတွေရဲ့ ငြိမ်းချမ်းစွာ နားထောင်ခွင့်ကို သိပ်အနှောင့်အယှက်ပေးတယ်'

'သိပ်ကို မှန်ပါတယ် ခင်ဗျာ'

* * *



www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင် ဘာဖြစ်နေတာလဲ၊ စတီဖင်... ပြန်မထူးဘူးလား နာနာလှည့်ကွာ'

'ဘာဖြစ်နေမှန်း မသိဘူး၊ တခုခုတော့ ပြဿနာပေါ်နေပြီ ထင်တယ်'

'ဟိုက်... ခွေးသားကြီး တို့ဆီကို တန်းလာနေပြီ၊ မင်းဟိုဘက်ကို အသာကလေး လစ်တော့ စတီဖင်၊ မင်းနောက်က ငါ မသိမသာ လိုက်လာခဲ့မယ် တို့ကို သူသေသေချာချာ မြင်ဖူးတာ မဟုတ်ပါဘူးကွာ၊ စိတ်အေးအေးသာ ထားပါ'

စတီဖင်က တစ်ဖက်သို့ လှည့်သည်။ ဂျင်းပီယာက မယောင်မလည် လိုက်သွားသည်။

ဟာဗေးက အဆောက်အအုံ အပြင်သို့ ထွက်လာသည်။ သတင်းထောက် တစ်ယောက်က သူ့ကို ဓာတ်ပုံရိုက်သည်။ အကယ်၍ သူ့မြင်းအနိုင်ရ သွားပါက အသုံးချနိုင်ရန် ဖြစ်သည်။ ဟာဗေးက ဘုရင့်ဖလားပွဲဝင်မည့် မြင်းများထားရာသို့ သွားသည်။ စတီဖင်က သူ့နားသို့ မသိမသာ ကပ်သွားသည်။

သူတို့နှစ်ယောက် အတော်ကလေးနီးသောအခါ ဂျင်းပီယာက ခြေလှမ်း ကျဲကြီးဖြင့် သူတို့ဆီသို့ လျှောက်သွားသည်။ စတီဖင်ကို လက်ဆွဲနှုတ်ဆက် သည်။ ပြီးတော့ အသံခပ်ကျယ်ကျယ်ဖြင့် အားပါးတရ ပြောသည်။

'နေကောင်းပါသလား ပရော်ဖက်ဆာပိုတာ၊ မြင်းပွဲကို ပရော်ဖက်ဆာကြီး ဝါသနာပါတယ် ဆိုတာ ကျွန်တော် မကြားဖူးပါဘူး'

'ဝါသနာပါတယ်ရယ်လို့ မဟုတ်ပါဘူးဗျာ၊ လန်ဒန်မှာ နှီးနှောဖလှယ်ပွဲ တစ်ခုတက်ပြီး အပြန်ကြုံတာနဲ့ ဝင်ကြည့်တာပါ၊ မြင်းပွဲဆိုတာ ဘယ်လို...'

ဟာဗေးက သူတို့နှစ်ယောက်ဘက်သို့ လှည့်ပြီး ဝမ်းသာအားရ အော်သည်။

'ပရော်ဖက်ဆာပိုတာလားခင်ဗျာ၊ အခုလိုတွေ့ရတာ အများကြီး ဂုဏ်ယူ ပါတယ်၊ ကျွန်တော့်နာမည် ဟာဗေးမက်ကော့ဖ် ပါ။ မက်ဆာချူးဆက်ပြည်နယ် ဘော့စ်တွန်မြို့က ဖြစ်ပါတယ် ခင်ဗျားဒီကို ရောက်နေလိမ့်မယ်လို့ ဒေါက်တာ ဝီလီဘာကာက ကျွန်တော်ဆီကို စောစောကပဲ ကြေးနန်းရိုက်လိုက်ပါတယ် ဒေါက်တာဘာကာက ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့ ဆရာဝန်ပါ။ ကျွန်တော် နဲ့အတူတူ လာထိုင်ဖို့ ဖိတ်ခေါ်ပါရစေ'

ဂျင်းပီယာက အသာကလေးလစ်ထွက်လာခဲ့သည်။ ဒါလောက် လွယ်လွယ် ဖြစ်သွားသည်ကို မယုံနိုင်အောင်ပင် ဖြစ် သွားမိလေသည်။ ဟိသရိုးလေဆိပ်မှ နေ၍ ရော်ဘင်ရိုက်လိုက်သည့် ကြေးနန်းကား အစွမ်းထက်လှပါတကား။





'ဘုရင်မကြီး၊ ကြင်ယာတော် အီဒင်ဘာမြို့စားကြီး၊ ဘုရင်မရဲ့ မယ်တော်နဲ့ မင်းသမီးလေး အင်န်တို့ ကြွရောက်လာပါပြီ ခင်ဗျား' အသံချဲ့စက်မှ ကြေငြာ သံ ပေါ်ထွက်လာသည်၊ ဘင်ခရာဝိုင်းက နိုင်ငံတော်သီချင်းကို စတင်တီး မှုတ်သည်။ ကွင်းထဲမှာ ရှိနေသူများအားလုံး ထိုင်ရာမှ ထကြသည်၊ ပြီးတော့ တီးဝိုင်းနှင့် အတူ နိုင်ငံတော် သီချင်းကို တစ်ယောက်တစ်သံစီ ဝိုင်းဆိုကြသည်၊

'ကျုပ်တို့ အမေရိကန်မှာလဲ အဲဒီလိုဘုရင်စနစ် လုပ်ထားယင် ကောင်း မယ်၊ ဝါးတားဂိတ် အရေးအခင်းနဲ့ သမ္မတနစ်ဆင် ပြုတ်ကျသွားတာမျိုး မဖြစ် နိုင်တော့ဘူးပေါ့'

'ဟာဗေးက စတီဖင်ကို လှည့်ပြောသည်။

'ကျွန်တော့်သီးသန့်နေရာကို လိုက်ထိုင်ပါ ပရော်ဖက်ဆာ၊ ပြီးတော့ တခြားဧည့်သည်တွေ နဲ့လဲ မိတ်ဆက်ပေးပါရစေ၊ ဒီနေရာ အတွက် တစ်နေ့ကို ပေါင် ၇၅၀-တောင် ပေးရတယ်ဗျာ၊ နေ့လယ် စာရောစားခဲ့ပြီလား'

'စားခဲ့ပါပြီ'

စတီဖင်ကလိမ်ပြောလိုက်မိသည်။ အမှန်တကယ်ကတော့ ဟာဗေးကို တွေ့ရန် အထူးတန်း အပြင်ဘက်မှာ တစ်နာရီကျော်ကျော် သူရပ်စောင့် နေခဲ့ရ သောကြောင့် စိတ်တွေလည်း ဂယောင်ချောက်ချား ဖြစ်နေလေသည်။

'ဒါဆိုယင်လဲ ရှမ်ပိန်သုံးဆောင်တာပေါ့ ခင်ဗျာ'

ဗိုက်ထဲတွင် အစာမရှိပဲ ရှမ်ပိန်သောက်လျှင်တော့ ဒုက္ခပဲဟု စတီဖင်က တွေးနေမိသည်။

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ဟာဗေး၏ သီးသန့်နေရာသို့ ရောက်လာသည်။

'ကျွန်တော့်ရဲ့ အင်မတန်ထင်ရှားတဲ့ ဧည့်သည်တော်ကြီး တစ်ဦးနဲ့ ခင်ဗျား တို့ အားလုံးကို မိတ်ဆက်ပေးရဦးမယ်၊ သူက ပါမောက္ခရော့ဒ်နေပိုတာပါ၊ နိုဘယ်ဆုရ ပါမောက္ခကြီးပေါ့၊ ခင်ဗျားတို့လဲ ကြားဖူးကြမှာပေါ့၊ ကျွန်တော်နဲ့ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေပါ၊ ဒါနဲ့ စကား မစပ်... ခင်ဗျားက ဘယ် ဘာသာရပ်နဲ့ နိုဘယ်ဆုရတာလဲ ရော့ဒ်'

'ဇီဝဗေဒဘာသာရပ်'

စတီဖင်ကလည်း ပြောမိပြောရာ ပြောချလိုက်သည်။

အတော်ကလေး ကြာတော့မှ နေသားတကျ ဖြစ်သွားသည်။ စားပွဲပေါ်မှာ ခင်ထားသော ဆင်းဒဝစ်များကို လူမမြင်အောင် အလစ်မှာ ဖွဲ့ယူစား လိုက်ရသည်။ တော်တော်စားမိတော့မှ တကြုတ်ကြုတ်မြည်နေသော ဗိုက်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



အသံများ တိတ်သွားတော့သည်။ သည်တော့မှပင် ရှမ်ပိန်ကို သောက်ရဲတော့သည်။

မြင်းပွဲ နှစ်ပွဲပြီးသွားသည်။ ဘုရင့်ဖလားပွဲ ကျင်းပဖို့ အချိန်နီးကပ်လာသည်။

ဂျင်းပီယာနှင့် ဂျိမ်းစ်တို့နှစ်ယောက်က ခပ်လှမ်းလှမ်းမှ ကြည့်ပြီး အကဲခတ်နေကြသည်။

'အဆင်မှ ပြေရဲ့လား မသိဘူး'ဟု ဂျင်းပီယာက ပြောသည်။

'ပြေပါလိမ့်မယ်၊ ဟိုတေ မျက်နှာကြည့်ပါလား၊ အစားကောင်း အသောက်ကောင်းတွေကို ပါးဖြဲနားဖြဲစားလို့. . . လာကွာ၊ တို့လဲ တစ်ခုခု သွားသောက်ကြရအောင်'

သူတို့နှစ်ယောက် ဘားခန်းရှိရာသို့ လျှောက်သွားကြသည်။

ဟာပေးကလည်း သူ့ လူများကိုခေါ်ပြီး ပြိုင်ပွဲဝင်မည့် မြင်းများကို သွားကြည့်သည်။

'ကျွန်တော့် မြင်းမကလေး မလှဘူးလား ပရော်ဖက်ဆာ၊ ကျွန်တော့် သမီးလိုပဲ အင်မတန်လှတဲ့ မြင်းမလေး၊ ဒီနေ့ပွဲမှာသာ မနိုင်ယင်တော့ ကျွန်တော် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး'

ဟာပေးက သူ့ ဂျော်ကီ ပက်အက်ဒရီနှင့် ထရိန်နာ တို့ကို စကားသွားပြောနေသည်။ စတီးဝပ် လူကြီးများက ပြိုင်ပွဲဝင်မည့် မြင်းများကို စစ်ဆေးကြည့်ရှုနေသည်။

ဘီဘီစီ ရုပ်မြင်သံကြား အသံလွှင့် သူက ဟာပေးဆီသို့ လျှောက်လာသည်။ ကင်မရာ ဆရာများက သူ့ပတ်လည်မှာ ပါလာသည်။ မြင်းကွင်းထဲမှ နေ၍ တိုက်ရိုက်လွှင့်နေခြင်း ဖြစ်ပါ သည်။

'အခုဆိုယင် အမေရိကန် လူမျိုးဖြစ်တဲ့ ဟာပေးမက်ကော့ဖ်နဲ့ ကျွန်တော်တွေ့နေပါပြီ ခင်ဗျာ၊ မစ္စတာမက်ကော့ဖ်ဟာ သိပ်ကို ဖေးဗရိတ်ဖြစ်နေတဲ့ ရိုစယ်လီ မြင်းပိုင်ရှင်ဖြစ်ပါတယ်၊ သူ့မြင်းက အခု မကြာမီကျင်းပတော့မယ့် ဘုရင့်ဖလားပွဲမှာ ဝင်ပြိုင်မှာ ဖြစ်ပါတယ်၊ မစ္စတာ မက်ကော့ဖ် ခင်ဗျား. . . အင်္ဂလန်ကို ရောက် လာတဲ့အတွက် ကျွန်တော်တို့ ဘီဘီစီက ဝမ်းပန်းတသာ ကြိုဆိုပါတယ်၊ အခုလို အင်မတန် ကြီးကျယ်တဲ့ မြင်းပြိုင်ပွဲကြီးနဲ့ ပတ်သက်လို့ ဘယ်လို ခံစားရပါသလဲ ခင်ဗျာ'

'ကြီးကျယ်တဲ့ ပြိုင်ပွဲကြီးမှာ ထပ်ပြီး ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် စိတ်ထဲမှာ လှုပ်ရှားနေ ပါတယ်၊ အင်မတန် ကြီးမားတဲ့ အခွင့်အရေး ကြီးကို ရိုစယ်လီ





ရလိုက်တာပါပဲ၊ အနိုင်ရဖို့ဆိုတာ ကျွန်တော့် အတွက် အဓိကမဟုတ်ပါဘူး ပါဝင်ယှဉ်ပြိုင်ရေးသည်သာ အဓိက ဖြစ်ပါတယ်'

စတီဖင်က မျက်မှောင်ကုပ်လိုက်သည်။ ၁၈၉၆-ခုနှစ်တုန်းက ပထမ အကြိမ် အိုလံပစ်ပြိုင်ပွဲ ကျင်းပခဲ့ရာ ဖွင့်ပွဲ အခမ်းအနားတွင် ဘေရွန်ဒီ ကူဘာတင်း ပြောခဲ့ဖူးသည့် စကားလုံးကို ခိုးချလိုက် ခြင်း ဖြစ်ကြောင်း သူ ချက်ချင်း သိလိုက်လေသည်။ ဟိုကများ ကြားလျှင် သူလိုလူက မတန်တရာ ပြောရပါမည်လားဆိုကာ သေရာမှထလာပြီး သူ့ကို နားရင်းအုပ်မှာ သေချာသည်။

'နောက်ဆုံးအခြေအနေအရ ရိုစယ်လီဟာ ဘုရင်မကြီးရဲ့ မြင်း ဟိုက်ကလဲယားနဲ့ အတူတူ ဖေးဗရိတ် ဖြစ်နေပါတယ်၊ မစ္စတာ မက်ကော့ဖ် စိတ်ထဲမှာ ဘယ်လို ခံစားရပါသလဲ'

'ကျွန်တော်က မြို့စားကြီးရဲ့မြင်း အိမ်ရှေ့မင်းသမီးကိုပဲ လန့်နေတာပါ၊ သူ့ ဂျော်ကီကလည်း ကောင်းနေတယ် မဟုတ်လား၊ သူစီးတိုင်း နိုင်တယ် လေဗျာ'

'အခု ပြေးမယ့် တစ်မိုင်ခွဲတာဟာ ရိုစယ်လီအတွက် ဘယ်လို နေပါသလဲ'

'သူ့အတွက် အကောင်းဆုံး အကွာအဝေးပါပဲ'

'တကယ်လို့ နိုင်မယ်ဆိုယင် ဆုကြေးငွေပေါင်း ၈၁,၂၄၀ကို ဘယ်လို အသုံးချမယ် ရည်စူးထားပါသလဲ'

'ပိုက်ဆံကိစ္စက အရေးမကြီးပါဘူးဗျာ၊ ကျွန်တော့် ခေါင်းထဲကို လုံးလုံး ဝင်မလာပါဘူး'

သို့သော်လည်း စတီဖင်၏ ခေါင်းထဲကိုတော့ ပိုက်ဆံကိစ္စချည်း အမြဲတမ်း ဝင်နေလေ သည်။

'ကျေးဇူးတင်ပါတယ် မစ္စတာ မက်ကော့ဖ်၊ ကံကောင်းပါစေလို့ ဆုတောင်း လိုက်ပါတယ်'

'သောတရှင်များ ခင်ဗျာ. . . အခုအချိန်ကစပြီး နောက်ဆုံး ရထားတဲ့ ခေါင်းကြေးများ စာရင်းကို ဆက်လက်ကြေငြာ သွားပါ့မယ်'

ဟာပေးက သူ့လူများဆီသို့ ပြန်လှည့်လာသည်။ ထိုမှတဆင့် ဟာပေး၏ သီးသန့်နေရာ သို့ ပြန်လာကြသည်။ ထိုင်ခုံများမှာ မထိုင်တော့ပဲ လသာဆောင် သက်တန်းသို့ ထွက်လာခဲ့ သည်။ မြင်းပွဲစတော့မည်။ တာလွှတ်မည့်အချိန်ကို စောင့်ယင်း ဟာပေး ဂနာမငြိမ် ဖြစ်နေသည် ကိုလည်း စတီဖင်က သတိထား မိသည်။

www.burmeseclassic.com



'တာစလွှတ်လိုက်ပါပြီ ခင်ဗျား'

အသံချဲ့စက်မှ ကြေငြာသံ ပေါ်ထွက်လာသည်။ ကွင်းထဲမှာ ရောက်နေသော ပရိသတ် နှစ်သောင်းခွဲက မှန်ပြောင်းများနှင့် လှမ်းကြည့်ကြသည်။

'တာထွက်တော့ ကောင်းပြီဗျို့၊ လမ်းကြောင်းယူထားတာလဲ မှန်နေပြီ'ဟု ဟာဗေးက သူ့ လူများကို ပြောသည်။

အသံချဲ့စက်ကလည်း ကြေငြာပေးသည်။

'အခုဆိုယင် မိုင်ဝက်ခရီးကို ရောက်လာပါပြီ ခင်ဗျာ၊ မင်နောင်းက ခေါင်းဆောင်နေပါတယ်၊ သူ့နောက်က ကပ်လိုက် နေတာတော့ ဘွိုင်းနဲ့ ဒင်ကာရို ဖြစ်ပါတယ်၊ သူတို့နောက်မှာ ပါလာတာကတော့ အိမ်ရှေ့မင်းသမီး၊ ရိုစယ်လီနဲ့ ဟိုက်ကလဲယား ...'

'ခြောက်ဖာလုံကို ရောက်လာပါပြီ၊ ရိုစယ်လီနဲ့ အိမ်ရှေ့မင်းသမီး တက်လာပါပြီ၊ သူတို့ နောက်မှာ ဟိုက်ကလဲယား ကပ်ပါလာတယ်'

'ပန်းဝင်ဖို့ ငါးဖာလုံ လိုပါသေးတယ်၊ မင်နောင်းက တလျားလောက် သာနေတုန်းပါပဲ၊ ဒါပေမယ့် အိမ်ရှေ့မင်းသမီးနဲ့ ဘွိုင်း လိုက်လာတဲ့အတွက် အခြေအနေကို မပြောနိုင်သေးပါဘူး'

'မိုင်ဝက်ခရီး ကျန်ပါသေးတယ်ခင်ဗျာ၊ မင်နောင်းက ဦးဆောင်နေတုန်းပါပဲ၊ သူ့နောက်မှာ ဘွိုင်း ကပ်ပါနေပါတယ်၊ အခုဆိုယင် ခေါင်းတစ်လုံးပဲ သာပါ တော့တယ်'

'ပန်းဝင်ဖို့ သုံးဖာလုံပဲ လိုပါတော့တယ်၊ ပြိုင်ပွဲဝင်နေတဲ့ မြင်းအားလုံး ခြေကုန်သုတ်နေ ကြပါပြီ၊ ဟောဗျာ... ရှေ့က ခေါင်းဆောင်နေတဲ့ မင်နောင်း ပိုင်းတန်းနဲ့ ရိုက်မိသွားပါတယ်၊ ဘွိုင်းနဲ့ ဒင်ကရူး ရှေ့တက်လာပါတယ်၊ သူတို့ နောက် တလျားလောက်အကွာမှာ ရိုစယ်လီ ရှိနေပါတယ်၊ အိမ်ရှေ့ မင်းသမီးနဲ့ ဟိုက်ကလဲယားက ရိုစယ်လီနောက်မှာ ကပ်ပါနေပါတယ်၊

'နှစ်ဖာလုံထဲကို ရောက်လာပါပြီ၊ ဟိုက်ကလဲယားနဲ့ ရိုစယ်လီ ရှေ့တက်လာပါတယ်၊ ဘွိုင်းကို မီလာပါပြီ၊ အိမ်ရှေ့မင်းသမီး နောက်မှာ ကျန်ခဲ့ပါပြီ'

'ပန်းဝင်ဖို့ တဖာလုံပဲ ကျန်ပါတော့တယ်'

ကြေငြာသူ၏ အသံက ပိုကျယ်လာသည်။ ပိုလှုပ်ရှားလာ သည်။

'ဟိုက်ကလဲယားကို စီးနေတဲ့ ဂျော်ကီ ဂျိုးမာစာက ဟိုက်ကလဲယားကို ကြိမ်နဲ့ဖိရိုက်နေပါပြီ၊ သူနဲ့ ကပ်ပါလာတဲ့ ရိုစယ်လီကိုလဲ ဂျော်ကီ ပက်အက်ဒရီက တအားဖိရိုက်နေပါတယ်၊ အခုဆိုယင် ဟိုက်ကလဲယားက ခေါင်းတစ်လုံးပဲ သာပါတော့တယ်၊ ဂိုက်နှစ်ရာပဲ ကျန်ပါ တော့တယ်၊ ခေါင်းချင်းယှဉ်





နေကြပါပြီ၊ ဂိုက်တစ်ရာပဲ ကျန်ပါတော့တယ်၊ ဟိုက်ကလဲယားနဲ့ ရိုစယ်လီ ပြိုင်တူ ဝင်သွားပါပြီ ခင်ဗျာ... ဓာတ်ပုံနဲ့ အဆုံးအဖြတ် ပေးရပါတော့ မယ်၊ ဘုရင်မကြီးရဲ့ မြင်းဖြစ်တဲ့ ဟိုက်ကလဲယားနဲ့ ဟာဗေးမက် ကာ့ဖ်ပိုင်တဲ့ ရိုစယ်လီ တို့ ဘယ်သူ ဆုဖလားယူမယ်ဆိုတာကို ဓာတ်ပုံနဲ့ ဆုံးဖြတ်ရပါတော့မယ်၊ မစ္စတာ မောဆက်ရဲ့ ဒင်ကရူးက တတိယ ဝင်လာပါတယ်'

ရပ်နေသော ဟာဗေးမှာ လေဖြတ်သွားပြီလားဟု ထင်ရသည်။ စကားလည်း မပြော၊ လှုပ်လည်း မလှုပ်၊ အသက်မှ ရှူသေးရဲ့လား မသေချာ။

သည်အဖြစ်ကို မြင်တော့လည်း စတီဖင်က ကရုဏာ သက် သွားမိလေသည်။

ဟာဗေး၏ ညှိသည်များလည်း ငြိမ်နေကြသည်။ မည်သူမှ စကားမပြောခဲ့ကြ။

'ဆင်ဒွမ်မြောက် ကျော့ဘုရင် မင်းမြတ်နဲ့ ဘုရင်မကြီးရဲ့ ဆုဖလား မြင်းပြိုင်ပွဲ အနိုင်အရှုံးကို ကြေငြာပါတော့မယ် ခင်ဗျာ'

အသံချဲ့စက်မှ အသံပေါ်ထွက်လာပြန်သည်။

'နံပါတ် ၅ ရိုစယ်လီ ပထမ တန်းဝင်သွားပါတယ်'

တကွင်းလုံး ကျွက်ကျွက်ညံသွားသည်။ ဟာဗေးပတ်လည်မှာ ရှိသူများသည် ထခုန်ကြ သည်။ ဟာဗေးက ဒေါက်ထပ်သို့ ဆင်းသွားသည်။ သူ့ ညှိသည်များလည်း ကပ်ပါသွားကြသည်။

ခဏကြာတော့ 'ပထမ'ဟု စာတန်းရေးထားသော နေရာသို့ ရိုစယ်လီကို ဂျော်ကီ ပက်အက်ဒရီက စီးယူလာသည်။ ပရိသတ်က ဩဘာပေးကြသည်။

ထိုနေရာသို့ ဟာဗေးရောက်လာသည်။ ကွင်းမှ တာဝန်ရှိသူက ဆုယူ နည်းများ ပြောပြ နေသည်။

'ဆင်ဒွမ်မြောက် ကျော့ဘုရင်မင်းမြတ်နဲ့ ဘုရင်မကြီး အယ်လီဇဘက် ရွှေဖလား ပြိုင်ပွဲမှာ အနိုင်ရသွားတဲ့ ရိုစယ်လီ မြင်းပိုင်ရှင် ဟာဗေးမက်ကာ့ဖ် ... ဘုရင်မကြီးထံမှ ဆုယူဖို့ ကြွပါ ခင်ဗျား'

ဟာဗေးက သူ့ကိုယ်သူ အိပ်မက်မက်နေသလားဟု ထင်နေသည်။ ဓာတ်ပုံတွေကလည်း တဖျပ်ဖျပ်ရိုက်နေကြသည်။ ရုပ်မြင်သံကြားနှင့် ရုပ်ရှင် ကင်မရာများကလည်း ဝိုင်းရိုက်နေ ကြသည်။

ဘုရင်မကြီးက ဆုပေးယင်း စကားတခွန်း နှစ်ခွန်း ပြောသည်။ ဟာဗေးက ပြန်ပြော ရမှန်းမသိ။ သူ့ဘဝတွင် ပထမဦး ဆုံးအကြိမ် အာစေးထည့်ခံလိုက်ရခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်နှစ်ဆယ်လုံးလုံး သူတို့လေးယောက်မှာ အစီ အစဉ်များဖြင့် ပြည့်နေသည်။ မိမိအစီအစဉ် သေချာအောင် ပြင်ဆင်ယင်း တစ်ချိန်တည်းမှာပင် သူများအစီအစဉ်ထဲမှာ ပါဝင် ထမ်းဆောင်ပေးရမည့် အပိုင်းများကိုလည်း လေ့ကျင့်ရသည်။

သောကြာနေ့တွင် စိန့်သောမတ်စ်ဆေးရုံမှာ ဆုံကြသည်။ ထိုသို့ပြန်ဆုံသည့်အခါတွင် ဂျိမ်းစ်မှာ မနေတတ် မထိုင်တတ် ဖြစ်နေသည်။ သူ့မှာ ကိုယ်ပိုင်အစီအစဉ် ဘာမှမရှိသေးသည့် အကြောင်းကို ပြောမပြဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားရှောင် နေသည်။

နောက်အပတ်မှာ သူတို့ အချိန်ပြည့် အလုပ်လုပ်ကြရသည်။ စတီဖင်က ဟာလေလမ်းမှာ ရှိသော ရော်ဘင်၏ ဆေးခန်းသို့သွား ကာ ဆရာဝန်သင်တန်း တက်ရသည်။ ဆေးဝါးများ အကြောင်းကို လေ့လာရသည်။

ဂျိမ်းစ်က မော်တော်ကားကုမ္ပဏီတခုမှာ ကားကလေးတစီးကို ငှားပြီး မော်တော်ကားနှင့် လူသွားလူလာများသော လမ်းများမှာ တရကြမ်းမောင်းနှင်လေ့ကျင့်နေရသည်။ စိန့်သောမတ်စ် ဆေးရုံ နှင့် ဟာလေလမ်းရှိ ဆေးခန်းကို ခေါက်တုံ့ခေါက်ပြန် မောင်းသည်။ မွန်တီကာလိုမှာ နောက်ဆုံးအစစ်ဆေးခံဖို့ အသင့်ပြင်ဆင်ရသည်။

ကောင်းစွာလေ့ကျင့်ပြီးပြီ ဖြစ်သောကြောင့် မွန်တီကာလိုမှာ အောင်မြင်စွာ အစစ်ဆေးခံ နိုင်လိမ့်မည်ဟု ယုံကြည်နေသည်။

မော်တော်ကား အမောင်းလေ့ကျင့်ပြီးသောအခါ အောက်စဖို့ တက္ကသိုလ်သို့ တပတ်ကြာ သွားရောက် လေ့လာရသည်။ ဘဏ္ဍာတော်ထိန်း မစ္စတာကတ်စတန် မည်သို့မည်ပုံ နေထိုင် ကြောင်း၊ မည်သည့်လမ်းမှ ရုံးတက်ဖို့လာတတ်ကြောင်း၊ မည်သည့် တာဝန် များကို ထမ်းဆောင် တတ်ကြောင်း အသေးစိတ် လေ့လာသည်။

ဂျင်းပီယာဟာပေး၏ စရိတ်ဖြင့် လောင်းကစားကလပ်တခု မှာ ဝင်ကြေး ၂၅ ဒေါ် လာပေးပြီး ဝင်သည်။ ဗန်လပ်ကစားနည်းနှင့် အခြားဖဲကစားနည်းများကို ညနေတိုင်း သွားရောက် လေ့လာသည်။ သူဝင်သည့် ကလပ်က လန်ဒန်မြို့တွင် အကောင်းဆုံး ကလပ်ဖြစ်နေသည်။ ထို့ကြောင့် ပေါင် ၁၀၀၀ အနည်းဆုံးရှိမှ ဝင်ကစားနိုင်သည်။

သို့ဖြင့်ပင် ခပ်သေးသေးကလပ် တခုသို့ ပြောင်းဝင်ရပြန်သည်။ ထို





ကလပ်မှာက ငွေ ၅ ပေါင်လောက်နှင့် ကစားနိုင်သည်။ ထိုလကုန်သောအခါတွင် ဖဲဝိုင်းမှာ ထိုင်ကစားသည့် အချိန်ပေါင်း ၅၆ နာရီတိတိ ရှိသွားလေပြီ၊ အချိန်ကြာကြာ ထိုင်ပြီး အရှုံးနည်း နည်းဖြစ်အောင် ကစားနည်းကိုလည်း လေ့ကျင့်ပြီး ဖြစ်သွားသည်။

ဂျိမ်းစ်ကတော့ သူ့ဘက်မှ အစီအစဉ်တင်ပြနိုင်ခြင်းမရှိသေးသည့်အတွက် အကြီးအကျယ် စိတ်ဆင်းရဲနေရသည်။ စိတ်ဆင်းရဲလေ ဘာအကြံမှ ထွက်မလာလေ၊ ဘာအကြံမှ မထွက်လေ ပိုပြီး စိတ်ဆင်းရဲလေ ဖြစ်နေသည်။

အရှုပ်ဆုံးသော လမ်းပေါ်တွင် မော်တော်ကား အမြန်မောင်း လေ့ကျင့်နေယင်းမှာလည်း ထိုအကြောင်းကိုပင် အပြင်းအထန် စဉ်းစားနေမိသည်။

တညတွင် လေ့ကျင့်ဖို့ငှားထားသည့် ကားကလေးကို ကုမ္ပဏီသို့ပို့ပြီး သူ့ပိုင် အယ်လ်ဖာရိုမီယို ကားကလေးကို မောင်းကာ အယ်နီအိမ်သို့ ထွက်လာခဲ့သည်။ အယ်နီကို ဖွင့်ပြောပြပြီး အကူအညီတောင်းရလျှင် ကောင်းလေမည်လားဟုလည်း တလမ်းလုံး စဉ်းစားလာသည်။

အယ်နီက သူ့အတွက် အကောင်းဆုံး အစားအစာများကို ပြင်ဆင်ချက်ပြုတ်နေသည်။ အစားကောင်း အသောက်ကောင်း ဂျိမ်းစ် မက်တတ်ကြောင်းကိုလည်း အယ်နီက သိထားပြီး ဖြစ်သည်။

အယ်နီကလည်း ဂျိမ်းစ်ကို အသည်းအစွဲကြီးစွဲ နေမိပြီ။ သူ့ စိတ်ထဲမှာ ဂျိမ်းစ်သည် သူ၏ အချစ်ဦးဖြစ်သည်ဟုလည်း ထင်မှတ်နေမိသည်။ လန်ဒန်မြို့ပြင်သို့ထွက်ပြီး သရုပ်ဆောင်ရမည့် အလုပ်များကို လက်မခံတော့။ ဂျိမ်းစ်နှင့် ကြာကြာ ခွဲမနေနိုင်သောကြောင့် ဖြစ်သည်။

ဂျိမ်းရောက်လာသောအခါ ဝိုင်အရက် တစ်ပုလင်းပါလာသည်။ သူတို့နှစ်ယောက် ညစာ အတူစားကြသည်။ သို့သော် လည်း ဂျိမ်းဂ် မပျော်နိုင်ပါ။

အယ်နီကို လှမ်းကြည့်လိုက်သောအခါ အနက်ရောင် ဂါဝန် ကလေးနှင့် အလွန်တရာလှပ နေသည်ကို တွေ့ရသည်။ နက်မှောင်သည့် ဆံပင်များကလည်း ဖယောင်းတိုင် မီးရောင်အောက်မှာ ဖိတ်ဖိတ်တောက်နေသည်။ အယ်နီကိုကြည့်နေယင်း သူ၏ အချစ်ဒီဂရီ တရိပ်ရိပ် တက်လာသည်။

အယ်နီကလည်း ထိုနည်းအတူပင်။

ညစာစားပြီးသောအခါ ဧည့်ခန်းထဲမှာ သွားထိုင်ကြသည်။ အယ်နီက ဂျိမ်းစ်၏ ခြေထောက်နား ကြမ်းပြင်ပေါ်မှာ ထိုင်သည်။ သူ့ပေါင်ပေါ်မှာ ခေါင်းတင်ထားပြီး သူ့မျက်နှာကို မော့ကြည့်နေသည်။

ဂျိမ်းစ်ကလည်း သူ့ကိုငုံ့ကြည့်နေသည်။ အယ်နီက ဂျိမ်းစ်၏ လည်ပင်းကို



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ရဲ့ သန်းကြွယ်သူဌေးကြီးဆီက နောက်ထပ်သိရတဲ့ အချက်တစ်ခု ရှိသေးတယ်၊ သူ ပတ်ဝန်းကျင် မဟုတ်ပေမယ့် အရာရာကို သူ သိသယောင် ဆောင်တတ်တယ်၊ ဒါကြောင့် သူ ဘာမှမသိသေးဘူးဆိုတာ တို့ပြရတော့မယ် ပရော်စပက်တာ ရေနံကုမ္ပဏီဆိုပြီးတော့ တို့ကို သူတစ်ပတ်ရိုက်သွားသလို တို့ကလဲ သူ့ကိုတပတ်ပြန်ရိုက်ရမယ်၊ ဒါပေမယ့် ဟိုတုန်းက သူက တို့ရှေ့မှာ ခြေတလှမ်းသာတယ်၊ အခု တို့အလှည့်ကျတော့ တို့က သူ့ရှေ့မှာ ခြေနှစ်လှမ်း သာကြောင်းပြရမယ်၊ ဒါကြောင့် ဒီနေ့ ဇာတ်တိုက်မယ်၊ မနက်ဖြန်ကျတော့ ဝတ်စုံပြည့် ဇာတ်တိုက်မယ်'

'စစ်ဆင်ရေးမစခင် ကင်းထောက်တာဟာ ဘယ်တော့မှ အချည်းနှီး မဖြစ် ပါဘူး'ဟု ဂျိမ်းစ်ကပြောသည်။ စစ်ထဲဝင်စဉ်က သူတတ်ခဲ့သည့် ပညာတစ်ခုကို ထုတ်ပြီးကြွားဝါလိုက်ခြင်းဖြစ်ကြောင်း အားလုံးကလည်း သဘောပေါက် ကြလေသည်။

'မင်းရဲ့ စီမံကိန်းကြီးအတွက်တော့ တို့ ဘာတစ်ခုမှ ကင်း မထောက်ရသေး ပါလားကွ'ဟု ဂျင်းပီယာက ပြန်ပက်သည်။

စတီဖင်က သူတို့ပြောသည်ကို ပေယျာလက် လုပ်လိုက်သည်။

'ငါပြောတာကို နားထောင်ဦး၊ အဲဒီနေ့မှာ ငါက အချိန် ခုနစ်နာရီ တာဝန်ယူရမယ်၊ မင်းတို့က လေးနာရီလောက် လုပ်ရမယ်၊ ရုပ်ပြောင်း ရုပ်လွှဲ လုပ်တဲ့အချိန်လဲပါတယ်၊ အဲဒါနဲ့ ပတ်သက်ပြီး ဂျိမ်းစ်က ပိုအရေးကြီးတယ် ဒါကြောင့် သူ့ကို ပိုလေ့ကျင့်ရမယ်'

'ငါ့သား နှစ်ယောက်က ဘယ်နှစ်ခန်း ပါရမှာလဲ'

'ဗုဒ္ဓဟူးနေ့မှာ တကြိမ်တည်းလုပ်ရမှာပါ၊ သူတို့ကို များများ ခိုင်းနေယင် ပုံပျက်ပန်းပျက် ဖြစ်ကုန်လိမ့်မယ်'

'ဟာဗေးက လန်ဒန်ကို ဘယ်အချိန်ပြန်မယ် ထင်သလဲ'ဟု ဂျင်းပီယာက ဝင်မေးသည်။

'သူ့ ဒရိုင်ဘာကို ငါအစ်ကြည့်ပြီးပြီ၊ အဲဒီနေ့ည ကလားရစ် ဟိုတယ်ကို ခုနစ်နာရီ အရောက်ပြန်ရမယ်တဲ့၊ ဒါကြောင့် ဒီကနေ သူ ငါးနာရီခွဲလောက် သူထွက်ယင် ရပါတယ်'

'ကောင်းပါ့လေကွာ'ဟု ရော်ဘင်က ပြောသည်။

'ကဲ... တို့ တစ်ကြိမ်လောက် ဇာတ်တိုက်လိုက်ကြဦးစို့၊ မင်းတို့ ဖိုင်တွဲ စာမျက်နှာ ၁၆ ကို လှန်ပါ'

* * *





တနင်္ဂနွေနေ့နှင့် တနင်္လာနေ့ နှစ်ရက်စလုံး သူတို့ အပြင်းအထန် ဇာတ်တိုက်ကြသည်။ ဟာကွက်မရှိအောင် လေ့ကျင့်ကြသည်။

မွန်တီကာလိုတုန်းက နှစ်ကြိမ်တိုင်တိုင်လွဲပြီး တတိယအကြိမ်ကျမှ အောင်မြင်ခဲ့သည်။ ယခုတစ်ခါမူ တကြိမ်လွဲလျှင် အားလုံး ပျက်စီးသွားပြီ၊ နောက်ထပ်အခွင့်အရေး မည်သည့်နည်း နှင့်မှ မရနိုင်တော့။

ထို့ကြောင့် ဝတ်စုံပြည့်ဖြင့် နောက်ဆုံးအကြိမ်ကို ပီပြင်အောင် လေ့ကျင့် ကြပြန်သည်။

'ငါ့တသက်မှာ ဒါလောက် စုတ်ပြတဲ့အဝတ်မျိုး တခါမှ မဝတ်ခဲ့ဖူးပါ ဘူးကွာ'ဟု ဂျင်းပီယာ က ပြောသည်။

'အဲဒီနေ့ကျယင် ဘယ်သူကြည့်ကြည့် ဒါမျိုးတွေချည်းပါပဲကွာ၊ ဆပ်ကပ် ထဲက ဖေါင်းယိမ်း က သလိုနေတာပါ၊ ဘယ်ဖေါင်း ကြည့်ကြည့် အတူတူပဲ မဟုတ်လား၊ ဘယ်ကောင်ကမှ မင်းကို နှစ်ခါပြန်မကြည့်ပါဘူး'ဟု စတီဖင်က ပြန်ပြောသည်။

သူတို့အားလုံး စိတ်လှုပ်ရှားနေကြပြန်သည်။

လေ့ကျင့်ပြီးသောအခါ သူတို့နားနေကြသည်။ စတီဖင်က အနုပညာ သင်းမှ ပြဇာတ်သွား ကြည့်သည်။

ရော်ဘင်က သူ့ဇနီးနှင့် သားနှစ်ယောက်ကို ခေါ်ပြီး မြို့ပြင် ထွက်လည် သည်။

ဂျင်းပီယာက 'ပီကာဆိုသို့ရှုတ်ဆက်ခြင်း'စာအုပ်ကို ဖတ်နေသည်။

ဂျိမ်းစ်က ဘယ်နီကို သူ့အဖေရှိရာ လင်ကွန်ရှိုင်းယားသို့ ခေါ်သွားပြီး အဖေနှင့် တွေ့ပေးသည်။

ထိုရက်များအတွင်းက ဘယ်နီကိုယ်တိုင်လည်း အကြီး အကျယ် စိတ်လှုပ်ရှားနေသည်။

* * *

'ဟာရီ'

'အမိန့်ရှိပါ ဆရာ'

'ဒီနေ့ည အမေရိကန်လူမျိုး ဧည့်သည်တစ်ယောက် ဆရာနဲ့ အတူတူ ညစာလာစား လိမ့်မယ်၊ သူ့နာမည်က ဟာဗေးမက်ကော့ဖ်လို့ခေါ်တယ်၊ သူရောက်လာယင် ဆရာ့အခန်းကို လာပို့ပေးပါ'

'ကောင်းပါပြီ ဆရာ'

'နောက်ပြီးတော့ ပြဿနာလေးတစ်ခု ရှိသေးတယ်၊ သူက ဆရာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထရိန်တီ ကောလိပ်ကျောင်းက ပရော်ဖက်ဆာ ပိုတာလို့ ထင်နေတယ်၊ သူ
အမှားကို ပြင်မပေးနဲ့တော့၊ ရယ်စရာပေါ့ကွယ်'

'စိတ်ချပါ ဆရာ'

ဟာရီက စတီဖင်၏ အခန်းမှထွက်ခဲ့သည်။ ခေါင်းကိုလည်း အကြိမ်ကြိမ်
ယမ်းခါနေမိ သည်။ ပါမောက္ခတိုင်း ခပ်ကြောင်ကြောင် ဖြစ်သည်ကို
တွေ့ဖူးသည်မှာ မရေမတွက်နိုင် တော့ပြီ။

* * *

ည ၈ နာရီတိတိတွင် ဟာဗေးရောက်လာသည်၊ အင်္ဂလန်တွင် စတီဖင်
နေခိုက် သူ့ အလွန်အချိန်တိကျသည်ကို တွေ့ရသည်။ ဟာရီက စတီဖင်
အခန်းသို့ လိုက်ပို့ပေးသည်။

'မစ္စတာမက်ကော့ဖ် ရောက်လာပါပြီ ဆရာ'

'ကောင်းပါတယ်၊ မစ္စတာ မက်ကော့ဖ် ခင်ဗျား အချိန် တယ်တိကျတာ'

'အချိန်တိကျခြင်းဟာ မင်းညီမင်းသားတွေရဲ့ နူးညံ့သိမ်မွေ့ မှုပေါ့ဗျာ'

'အချိန်တိကျမှုဟာ ရှင်ဘုရင်တွေရဲ့ နူးညံ့သိမ်မွေ့မှုလို့ ဆိုရမယ်
ဘာကြောင့်လဲဆိုတော့ ဆယ့်ရှစ်ဆက်မြောက် လူဝီဘုရင် ဟာ. . .'

ဟာဗေးသည် သူ၏ကျောင်းသားမဟုတ်ကြောင်း စတီဖင် မေ့သွားသည်
ကို့ကြောင့် သင်ခန်းစာပို့ချမိတော့မလို ဖြစ်သွား သည်။ တပိုင်းတန်းလန်းမှာ
သတိရသောကြောင့် စကားကို ကမန်းကတန်း ဖြတ်လိုက်ရသည်။

'ခင်ဗျား ပြောတာမှန်ပါတယ် ပရော်ဖက်ဆာ'

စတီဖင်က ဧည့်သည်အတွက် အရက်စပ်ပေးသည်။ ဟာဗေးက စတီဖင်
၏ စားပွဲပေါ်သို့ မျက်စိရောက်သွားသည်။

'အောင်မယ်. . . ဟိုဓာတ်ပုံတွေ တယ်ကြီးကျယ်ပါလား၊ ခင်ဗျား
သမ္မတ ကနေဒီနဲ့၊ ခင်ဗျားနဲ့ ဘုရင်မကြီးနဲ့၊ ခင်ဗျားနဲ့ ပုပ်ရဟန်းမင်းကြီး
တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေပါလား'

ထိုဓာတ်ပုံများသည် ဂျင်းပီယာ၏ စွမ်းဆောင်ချက်များ ဖြစ်သည်။ ထို
ပန်းချီကား အတုရေးဆွဲသူ ဒေးဗစ်စတိန်း ထောင်ကျစဉ်က ပန်းချီဆရာ
တစ်ယောက်နှင့် ထောင်ထဲမှာ သွားတွေ့သည်။ ထိုပန်းချီဆရာ၏ အကူအညီ
ဖြင့် စတီဖင်၏ ဓာတ်ပုံများကို ကွယ်လွန်သူ သမ္မတ ကနေဒီ၊ အယ်လီဇဘက်
ဘုရင်မကြီး၊ ပုပ်ရဟန်းမင်းကြီးတို့၏ ဓာတ်ပုံများနှင့်ဆက်ပြီး ကူးပေးထားခြင်း
ဖြစ်သည်။ သူတို့အစီအစဉ်ပြီးသွားလျှင် ထိုဓာတ်ပုံများကို မီးရှို့ ဖျက်ဆီးပစ်ရန်
လည်း စတီဖင် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ရတနာပုံစာအုပ်တိုက်



'ခင်ဗျား ဓာတ်ပုံတွေထဲကို ကျွန်တော်လဲ တခု ထပ်ဖြည့်လိုက် ဦးမယ်'

ဟာဗေးက သူ့အိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်သည်။ မြင်းပြိုင်ပွဲတွင်
ရိုက်ထားသော ပုံ တစ်ပုံ ဖြစ်သည်။ အယ်လီဇဘက် ဘုရင်မ၏ ပုံပေါ်ဖြတ်ပြီး
လက်မှတ်ထိုးသည်။ စတီဖင် ပြောချိန် မရလိုက်မီမှာပင် သူက လှမ်းပေး
သည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ ဟိုပုံတွေနဲ့အတူတူ ကျွန်တော် ရှိရှိ သေသေ
ထားပါ့မယ်၊ အချိန်မအားတဲ့ကြားထဲက ကျွန်တော် တို့ ကျောင်းကို အခုလို
လာလည်တဲ့အတွက် အများကြီး ဂုဏ်ယူ ပါတယ် မစ္စတာ မက်ကော့ဖ်'

'အလည်လာခွင့်ရတဲ့ ကျွန်တော်ကလဲ ဂုဏ်ယူပါတယ်ဗျာ၊ ခင်ဗျားတို့
ကျောင်းက အင်မတန်လှတာပဲ'

ထိုစကားကို ဟာဗေး အမှန်တကယ်ပြောခြင်း ဖြစ်ကြောင်း စတီဖင်
ကြည့်ပါသည်။

ဟာဗေးက စတီဖင်၏ စာအုပ်များကို ငေးကြည့်နေသည်။ စာအုပ်များကို
ကိုင်ကြည့် လျှင် အားလုံးအလိမ်ပေါ်ကုန်တော့ မည်။ 'ဝိဝေဒ'ပညာရပ်
ပတ်သက်သော စာအုပ်တစ် အုပ်မှ မရှိ။ အားလုံး သင်္ချာနှင့် ပတ်သက်
သော စာအုပ်များချည်း ဖြစ်လေသည်။

'မနက်ဖြန်အကြောင်းရှင်းပြပါဦး'

'ပြောမှာပေါ့ဗျာ'

စတီဖင်က ထိုသို့ပြန်ဖြေယင်း လူတိုင်းကို သူရှင်းပြနေလေရာ ဟာဗေးကို
ဘာကြောင့် ရှင်းမပြနိုင်ရမည်နည်းဟု တွေးနေမိသည်။

'ကျွန်တော်တို့ ညစာသုံးဆောင်လိုက်ကြရအောင်လေ၊ ညစာသုံးဆောင်
ပြီး မနက်ဖြန် အစီအစဉ်တွေကို ကျွန်တော် ရှင်းပြ ပါ့မယ်'

'ကောင်းပါပြီ ပရော်ဖက်ဆာ၊ ကျွန်တော်ဒီတစ်ခေါက် ခရီးထွက်ရတာ
တော် အကျိုးရှိတယ်၊ လူလဲ ဆယ်နှစ်လောက်များ အသက်ပြန်ငယ်သွား
သလို့ ထင်ရတယ်'

မနက်ဖြန် ခုနှစ်နာရီလုံးလုံး သူနှင့်အတူတူ နေနိုင်ပါ့မလား ဟု စတီဖင်က
တွေးနေမိ သည်။ သို့သော်လည်း သူ့ထံမှ နောက်ထပ် ဒေါ်လာနှစ်သိန်းခွဲ
ကောင် ဖန်တီးလိုက်နိုင်မည်ဆိုလျှင် သူတို့လေးယောက်ဂိုဏ်းထဲမှာ သူ့
သိက္ခာ အများကြီး မြင့်တက်သွားပေမည်။

ကောလိပ်ကျောင်း စားပွဲထိုးများက စားသောက်ဖွယ်ရာများကို ပြင်ဆင်
သည်။ ဟာဗေးက ကြည့်ပြီး အံ့သြနေသည်။

ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'အားလုံး ကျွန်တော့်အကြိုက်တွေချည်းပါပဲလား ပရော်ဖက်ဆာ၊ ကျွန်တော့် အကြိုက်တွေ ကို ဘယ်လိုလုပ်များ သိထားပါ သလဲ'

ခင်ဗျားအကြောင်း ကျုပ်မသိတာ မရှိတော့ပါဘူးဗျာဟု စတီဖင်က ပြောလိုက်ချင်သည်။ သို့သော်လည်း မျက်နှာပိုးသတ် ထားရသည်။

'ခင်ဗျားဟာ အင်မတန် ကံထူးတဲ့ ဧည့်သည်ပါပဲ၊ ဘာကြောင့် လဲ ဆိုတော့ မနက်ဖြန်ဟာ ကျွန်တော်တို့ ကျောင်းရဲ့ အထူးခြားဆုံး ပွဲတော်နေ့ပါပဲ၊ အင်ကေးနီးယားပွဲတော်လို့ ခေါ်ပါ တယ်၊ အဲဒီ ပွဲတော်ကို မနက်ဖြန်မနက် ဆယ်နာရီမှာ ခင်ဗျားတက်ခွင့်ရမယ်'

'အင်ကေးနီးယား ပွဲတော်ဆိုတာ ဘာပါလိမ့်'

'ကျွန်တော်တို့ ကျောင်းမှာ တစ်နှစ်တစ်ကြိမ် ကျင်းပပါတယ်၊ အတန်းတင် စာမေးပွဲကြီး တွေစစ်ပြီး ကျောင်းမပိတ်ခင်မှာ စာသင်နှစ် တစ်နှစ်ပြီးဆုံးသွားကြောင်း အထိမ်းအမှတ်သဘောနဲ့ ကျင်းပတဲ့ ပွဲတော်ဖြစ်ပါတယ်၊ အခမ်းအနားတွေ အများကြီးရှိတယ်၊ ဥယျာဉ်ပွဲတော်တခုလဲ ပါတယ်၊ တက္ကသိုလ်ရဲ့ အဓိပတိနဲ့၊ ဒုတိယ အဓိပတိလဲ တက်တယ်၊ အဓိပတိက ဗြိတိသျှ အစိုးရ ဝန်ကြီးချုပ်ဟောင်း ဟာရိုးမက္ကမီလန် ဖြစ်ပါတယ်၊ ဒုတိယ အဓိပတိကတော့ မစ္စတာ ဟာဘက်ကပ်ပါပဲ၊ မနက်ဖြန် သူတို့နှစ်ယောက်စလုံးနဲ့ ခင်ဗျားတွေ့ကြုံလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်၊ ပြီးတော့ လန်ဒန်ကို ည ခုနှစ်နာရီ မထိုးခင်လဲ အချိန်မီပြန်ရောက်သွားမှာ ပါ'

'ခုနှစ်နာရီမထိုးခင် ကျွန်တော်အရောက်ပြန်ရမယ်ဆိုတာ ခင်ဗျားဘယ်လိုလုပ်သိသလဲ'

'မြင်းပြိုင်ပွဲနေ့တုန်းက ခင်ဗျားပြောတာလေ'

စတီဖင်က ကမန်းကတန်း စကားဖာလိုက်ရသည်။ စကားပြော လောကြီးမှုကြောင့် သူ့ဆီက ငွေတသန်း ပြန်မရမီ ရာဇဝတ်မှုနှင့် အရေးယူခံရမည်ဘေးက အလွန်နီးနေသည်။

ညစာကို ဟာဗေးက အားရပါးရ စားသည်။ ကောင်းကြောင်းလဲ ချီးကျူးသည်။ စတီဖင်ကတော့ 'ခင်ဗျား ပိုက်ဆံနဲ့ ခင်ဗျားကို ပြန်ကျွေးနေတာ မကောင်းပဲ ရှိပါ့မလား'ဟု စိတ်ထဲက ပြောနေ သည်။

စားပြီးသောအခါ ဟာဗေးတည်းမည့် ရန်းဒေါ့ဟိုတယ်သို့ နှစ်ယောက်အတူတူလျှောက် လာကြသည်။ လမ်းမှာတွေ့ရသည့် အဆောက်အအုံများအကြောင်းကို စတီဖင်က ရှင်းပြ လေသည်။

ဟိုတယ်သို့ ရောက်သည်။ စတီဖင်က နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ သူ





အခန်းပြန် ရောက်သည်နှင့် တပြိုင်တည်း ရော်ဘင်ထံသို့ ဖုန်းလှမ်းဆက်သည်။

'အခုထက်ထိတော့ အားလုံးချောချောမောမောပဲ၊ မနက်ဖြန် ကျယင်သာ အယောင် ယောင်အမှားမှားတွေ မလုပ်မိဖို့ အရေးကြီး တယ် ရော်ဘင်'

ဂျင်းပီယာနှင့် ဂျိမ်းစ်တို့ထံလည်း ဖုန်းဆက်ပြီး အလားတူ ရှင်းပြသည်။

မနက်ဖြန် ဘယ်လိုကြုံရမည်ကို သူတို့ အတပ်မပြောနိုင် သေးပါတကား။

၁၆

နောက်တစ်နေ့ မနက်တွင် စတီဖင် အစောကြီး အိပ်ရာမှ နိုးနေသည်။ သူ့ နှလုံးခုန်သံကို သူကိုယ်တိုင် ပြန်ကြားနေရသည်။

သည်တော့မှပင် ရော်ဘင်နှင့် ဂျင်းပီယာတို့ နှစ်ယောက် ခံစားခဲ့ရသော စိတ်ဒုက္ခကို သူ ကိုယ်ချင်းစာနိုင်လေတော့သည်။

ရေချိုးသည်၊ အဝတ်အစားလဲသည်။ မှန်ရှေ့မှာ အချိန်အကြာကြီး ထိုင်ရသည်။ သူ့လက်ရှိအသက်ထက် ဆယ့်ငါးနှစ်လောက် ပိုကြီးသွားအောင် ပြင်ဆင်ရသည်။ အမျိုး သမီးများ ဘာကြောင့် မှန်ရှေ့မှာ ကြာကြာထိုင်ကြောင်းသည်း ယခုမှ သူ သဘောပေါက်လာသည်။

သို့သော်လည်း အမျိုးသမီးများ မှန်ရှေ့မှာ ကြာကြာထိုင်ခြင်းက သူ့လို ဟုတ်။ သူတို့ရုပ် ပိုငယ်သွားအောင် ပြုပြင်ကြခြင်း ဖြစ်သည်။ သူကတော့ အမျိုးသမီးများနှင့် ပြောင်းပြန်ဖြစ် နေလေသည်။

ဘွဲ့ဝတ်စုံကြီးကို ဝတ်သည်။ အောက်စဖို့တက္ကသိုလ်၏ ဒဿနိကဘာပါရဂူ ဘွဲ့ဝတ်စုံ ဖြစ်သည်။ အလွန်တရာလည်း ခန့်ညားလှသည်။

'ဒါကြီးကို ကြည့်လို့မှ ဟာဗေးအထင်မကြီးဘူးဆိုယင် ဘာကိုမှ အထင်ကြီးတော့မှာ မဟုတ်ဘူး'ဟုလည်း တစ်ယောက်တည်း အသံထွက် ပြောမိသည်။

အားလုံးပြင်ဆင်ပြီးသောအခါ စားပွဲမှာထိုင်ပြီး ဗိုင်တွဲအနီကို ဖွင့်ဖတ်ပြန်သည်၊ ထိုအထဲမှာ ရေးထားသည်များအားလုံးကို သူ အလွတ်ရနေပြီ ဖြစ်သော်လည်း ပိုသေချာအောင် ထပ်ဖတ်ပြန်သည်။

ယနေ့ အင်ကေးနီးယားပွဲတော်သို့ လာကြည့်မည့် လူတစ်ထောင်ကျော်သည် သူကဲ့သို့သော ဘွဲ့ဝတ်စုံများကို ဝတ်ဆင်ကြမည် ဖြစ်လေသည်။ ရောင်တူ အသွေးတူတွေထဲမှာ တစ်ယောက်ကို တစ်ယောက် ရှုတ်တရုတ်ဖြင့်မိကြမည် မဟုတ်။ ထို့ကြောင့်လည်း ဒီနေ့ကို တမင်တကာ ရွေးချယ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

နံနက် ၉-နာရီ ၅၅ မိနစ်အချိန်တွင် ဟာဝေးတည်းနေသည့် ဟိုတယ်သို့ သူ ရောက်သွားသည်။ ဟိုတယ်အလုပ်သမားကို အကြောင်းကြားခိုင်းလိုက်သည်။

ခဏကြာတော့ ဟာဝေးရောက်လာသည်။

'ဂွဒ်မောနင်း၊ ပရော်ဖက်ဆာ၊ ဒီနေ့ ဘယ်လို အခမ်းအနား တွေကို ကျွန်တော်တက်ရမယ် ဆိုတာ ပြောပါဦး'

ကုလားထိုင်မှာ ဝင်ထိုင်ယင်း ဟာဝေးက မေးသည်။

'ပြောပါ့မယ် ခင်ဗျာ၊ အင်ကေးနီးယား ပွဲတော်ကို တက်တဲ့ ပုဂ္ဂိုလ်တွေကတော့ 'လေးစားလောက်တဲ့ ပညာရှင်ကြီးတွေပါပဲ၊ ပွဲတော်ကို နံနက်စာနဲ့စပြီး ဖွင့်ကြရပါတယ်၊ အဲဒီ နံနက်စာ စားပွဲ ကတော့ လော့ဒ်နသန်ယယ်ခရူဝီကို ဂုဏ်ပြုကျင်းပတဲ့ နံနက်စာ စားပွဲပါပဲ'

'လော့ဒ်ခရူဝီ ဆိုတာ ဘယ်သူလဲ၊ ဒီနေ့ နံနက်စာ စားပွဲကို သူရော တက်လာမှာလား'

'လူ ကိုယ်တိုင်တော့ မတက်နိုင်တော့ပါဘူး၊ သူ့ရဲ့ ဝိညာဉ်ပဲ တက်နိုင်တော့မှာပါ၊ သူ ကွယ်လွန်သွားတာ နှစ်ပေါင်း သုံးရာ လောက် ရှိပါပြီ၊ လော့ဒ်နသန်ယယ်ခရူဝီဟာ တက္ကသိုလ် ဆရာဝန်ကြီး ဖြစ်ပါတယ်၊ ဂိုဏ်းအုပ်ဘုန်းတော်ကြီးလည်း ဖြစ်ပါတယ်၊ သူ မကွယ်လွန်မီ အခုလို နံနက်စာစားပွဲကြီးတွေ နှစ်စဉ်လုပ်ဖို့ ငွေ ၂၀၀ ထားခဲ့ပါတယ်၊ အဲဒီငွေပေါ်ကရတဲ့ ဘဏ်တိုးနဲ့ လုပ်ရတာပေါ့ခင်ဗျာ၊ နှစ်ပေါင်းသုံးရာကြာပြီးတဲ့ ဒီနေ့ခေတ်ကာလကျတော့ ငွေနှစ်ရာပေါ်ကရတဲ့ အတိုးဟာ ဘာမှမသုံးလောက်တော့ပါဘူး၊ ကုန်ဈေးနှုန်းတွေကယ်လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာနဲ့ဆိုယင် အဆပေါင်း မရေမတွက်နိုင်အောင်ကြီးမြင့်လာတာ မဟုတ်လား၊ ဒါကြောင့်ကျွန်တော်တို့ တက္ကသိုလ် ရန်ပုံငွေတွေကနေ စိုက်ထုတ် ပြီး အစဉ် အလာမပျက်အောင် သူ့ကို ရည်စူးပြီး နံနက်စာစားပွဲကို မှန်မှန်ကျင်းပခဲ့ပါတယ်၊ နံနက်စာစားပြီးသွားယင် ရှယ်လ်ဒိုနီယံဇာတ်ရုံကြီးရှိရာကို အခမ်းအနားနဲ့ စီတန်းသွား ကြရပါ့မယ်'

"အဲဒီနောက်တော့ရော"

'အဲဒီလို စီတန်းသွားပြီးတဲ့နောက်မှာတော့ ဒီတစ်နေ့လုံးအဖို့ အဓွေအကြီးဆုံးနဲ့ စိတ်ဝင်စားစရာ အကောင်းဆုံးကိုတွေ့ရပါလိမ့်မယ်၊ ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်းတဲ့ အခမ်း အနား ရပါတယ်'

'ဘယ်လိုဂုဏ်ထူးဆောင်ဘွဲ့လဲ'





ဟာဝေးက နားမလည်သလို ပြန်မေးပြန်သည်။

'ထူးခြားထင်ရှားတဲ့ အမျိုးသမီး အမျိုးသားတွေကို တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့က ရွေးချယ်ပါတယ်၊ သူတို့ကို ဂုဏ်ထူးဆောင်ဘွဲ့တွေ ချီးမြှင့်ပါတယ်'

စတီဖင်က လက်ပတ်နာရီကို မြောက်ကြည့်သည်။

'ကျွန်တော်တို့ အခုသွားကြယင် ကောင်းမယ်ထင်တယ်၊ ဒါမှ နေရာကောင်းကောင်း ရနိုင်မယ်'

စတီဖင်က ဦးဆောင်ပြီး ဟာဝေးကို ခေါ်လာခဲ့သည်။ ရှယ်လ်ဒိုနီယံဇာတ်ရုံကြီးရှေ့သို့ ရောက်သည်။ စတီဖင် ဝတ်ထား သည့် ဘွဲ့ဝတ်စုံကြီးကြောင့် နေရာကောင်းကောင်းရကြသည်။ ရဲတပ်ဖွဲ့ဝင်များက အခြားလူများကို ရှင်းပေးနေသည်။ စတီဖင် တို့ကိုတော့ ရှေ့နားသို့ ဝင်ခွင့်ပြုသည်။

'ရှေ့ဆုံးက တင်းပုတ်ကြီးတွေ ကိုင်လာတာက ဘာလဲ'ဟု ဟာဝေးက ပြန်လှည့်မေးသည်။

'အလွယ်ပြောရယင် သူတို့က တက္ကသိုလ်ရဲတပ်ဖွဲ့ ဆိုပါတော့ ခင်ဗျာ နောက်မှာပါလာတဲ့ အဓိပတိရဲ့ လုံခြုံရေးအတွက် တာဝန်ယူပြီး ရှေ့က ဦးတက်လာတာပါ'

'ဖြစ်မှဖြစ်ရလေဗျာ၊ ဒီမှာ မလုံခြုံစရာ ဘာအကြောင်းရှိမှာလဲ အသုံးယောက်မြို့က ဗဟိုပန်းခြံမှ မဟုတ်ဘဲ'

'မှန်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာ ကတည်းက လုပ်ခဲ့ကြတဲ့ အစဉ်အလာပါ၊ အင်္ဂလန်နိုင်ငံမှာ အစဉ်အလာကောင်းတွေကို ဖျက်ပစ်လေ့ မရှိပါဘူး၊ အတတ်နိုင်ဆုံး ထိန်းသိမ်းထားကြပါတယ်'

'သူတို့နောက်က ဘယ်သူတွေလဲ'

'ရွှေနားကွပ်ထားတဲ့ ဝတ်ရုံနက်ကြီး ဝတ်ထားတဲ့ ပုဂ္ဂိုလ်ကတော့ အဓိပတိကြီး ဟာရိုးမက္ကမီလန်ပါပဲ၊ သူနဲ့ အတူတူ ကလေး ကိုယ်ရံတော်ကလေးနှစ်ယောက် ပါလာပါတယ်၊ ၁၉၅၀ ခုနှစ် နောက်ပိုင်းကနေ ၁၉၆၀ ခုနှစ် နောက်ပိုင်းရောက်အောင် ဗြိတိန် နိုင်ငံရဲ့ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်'

'အင်း. . . ကျုပ်မှတ်မိပြီ၊ ဗြိတိန်နိုင်ငံကို ဥရောပတိုက်ထဲ သွင်းဖို့ ကြိုးစားပေမယ့် ပြင်သစ်သမ္မတ ဒီဂေါလ က ပုတ်ထုတ်တာကို ခံလိုက်ရတဲ့ ဝန်ကြီးချုပ်ပေါ့'

'ဟုတ်ပါတယ်၊ သူ့ကို အဲဒီအကြောင်းနဲ့ တွဲဖက်ပြောယင် မေ့ပစ်လိုက်မိနိုင်ပါတယ်၊ သူ့နောက်က ကပ်ပါလာတာဟာ ဒုတိယ အဓိပတိကြီး



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဟာဘက်ကပ် ဖြစ်ပါတယ်၊ ဂိုးဖေ့ကောလိပ် ကျောင်းရဲ့ ကျောင်းအုပ်ကြီးလဲ ဖြစ်ပါတယ်'

'ကျွန်တော်တော့ နားရှုပ်ကုန်ပြီ ပရော်ဖက်ဆာ'

'ဒီလိုလေ . . . အဓိပတိရတဲ့ ပုဂ္ဂိုလ်ဟာ ထင်ရှားတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်ရမယ် အောက်စဖို့ တက္ကသိုလ်မှာ ပညာသင်ကြားဖူးတဲ့ လူလဲ ဖြစ်ရမယ်၊ ဒုတိယ အဓိပတိကြီးကျတော့ ကောလိပ်ကျောင်းအုပ်ကြီးတွေရှိတဲ့အနက် ဝါအရင့်ဆုံး ကျောင်းအုပ်ကြီး တစ်ယောက်ကို ရွေးခန့်ရတယ်၊ ကျွန်တော်တို့ အောက်စဖို့မှာက ကောလိပ်ကျောင်းတွေ အများကြီး ရှိတယ်'

'နားလည်သလိုလိုတော့ ရှိလာပြီ'

'သူ့နောက် ပုဂ္ဂိုလ်ကတော့ တက္ကသိုလ် မော်ကွန်းထိန်း မစ္စတာ ကတ်စတန် ဖြစ်ပါတယ်၊ သူကလဲ မာတန်ကောလိပ်က ကျောင်းအုပ်ကြီးပဲ၊ သူက ဒုတိယအဓိပတိကြီးရဲ့ လက်အောက် မှာ တိုက်ရိုက်ရှိတယ်၊ အုပ်ချုပ်ရေး အဖွဲ့မှာတော့ သူ့ရာထူးက အမြင့်ဆုံးပဲ၊ ဟက်ဒိုမက်ဒယ် ကောင်စီကိုလဲ ဘာဝန်ယူရတယ်၊ အဲဒီ ကောင်စီတ ဒီမှာတော့ ဝန်ကြီးအဖွဲ့ဆိုပါတော့၊ သူ့နောက်က ပါလာသူကတော့ မစ္စတာကင်းဘဲ ဖြစ်ပါတယ်၊ သူက ပရောက်တာပါ၊ ဝေါဆက်စတာကောလိပ် ကျောင်းအုပ်ကြီး ဖြစ်ပါတယ်၊ အဲဒီ နောက်မှာ သက်ထောက် ပရောက်နာ ဒေါက်တာဘင်းနက် ဖြစ်ပါတယ်၊ သူက နယူးယောက်ကောလိပ်ရဲ့ ကျောင်းအုပ်ကြီး ပါ'

'ပရောက်တာဆိုတာ ဘာလဲ'

'ပရောက်တာဆိုတာ ကျောင်းသူကျောင်းသားတွေ စည်းကမ်းသေဝေအောင် ထိန်းကျောင်းပေးရတဲ့ ပုဂ္ဂိုလ်ပါ၊ ပရောက်တာတွေက စည်းကမ်းထိန်းသိမ်းပေးလာတာ နှစ်ပေါင်း ခုနှစ်ရာကျော် သွားပါပြီ'

'အို. . . ဒါလောက်အသက်ကြီးနေတဲ့ အဘိုးကြီး နှစ်ယောက်တည်းက စည်းကမ်း ဖောက်ချင်တိုင်း ဖောက်တတ်တဲ့ ခေတ်လူငယ် ကျောင်းသူကျောင်းသား ကိုးထောင်ကျော်ကို ဘယ်လိုလုပ် ထိန်းနိုင်မလဲ'

'သူတို့က ခွေးဘီလူးတွေရဲ့ အကူအညီနဲ့ ထိန်းပါတယ် ခင်ဗျာ'

'အား. . . ဒါမှဖြစ်မှာပေ့၊ နည်းနည်းဆိုးချင်တဲ့ ကျောင်းသူ ကျောင်းသားကို ခြေသလုံးနှစ်ချက်လောက် ကိုက်လိုက်ယင် ပြီး သွားတာပဲ'

'မဟုတ်သေးဘူးဗျ၊ အဲဒီလို မဟုတ်သေးဘူး'

စတီဖင်က ရယ်ချင်စိတ်ကို မနည်းကြီး မျိုသိပ်ထားရလေသည်။ ပြီးတော့ ဟန်မပျက် ဆက်ပြောသည်။





'သူတို့ကို ခွေးဘီလူးလို့ နာမည်ပေးထားတာပါ၊ အမှန်ကတော့ လူတွေပါပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနှစ်ရာကတည်းက ပေးထားခဲ့တဲ့နာမည်မို့လို့ ဖျောက်ဖျက်မပစ်ပဲ ဆက်သုံးနေတာ ပါ၊ သူတို့နောက်မှာတော့ ရာထူးဌာနန္တကြီးစဉ်ငယ်လိုက် လိုက်လာရပါတယ်၊ ဒေါက်တာဘွဲ့ရ ထားတဲ့ ကောလိပ်ကျောင်းအုပ်ကြီး မဖြစ်သေးသူတွေ၊ ကောလိပ်ကျောင်းအုပ်ကြီးတွေ ဖြစ်ပေမယ့် ဒေါက်တာဘွဲ့ မရသေးသူတွေ ဖြစ်ပါတယ်'

'ဒေါက်တာဆိုတာကြားရတော့ ကျုပ်ဗိုက်ဆံကုန်သွားတာကို သတိရပြီး နှလုံးနာလွန်း လို့ဗျာ'

'သူတို့က အဲဒီလို ဆေးကုတဲ့ ဒေါက်တာမျိုး မဟုတ်ပါဘူး'ဟု စတီဖင်က ပြန်ရှင်းပြသည်။

'ထားလိုက်ပါတော့လေ၊ သူတို့ကို ကြည့်ရတာ အတော် သဘောကျစရာ ကောင်းတာပဲ၊ ဒါပေမယ့် ဘာကြောင့် ဒါတွေ လုပ်နေတယ်ဆိုတာ ကျုပ်တော့ ကောင်းကောင်း သဘော မပေါက် တော့ဘူး'

စတီဖင်က ဟာဗေးကို အကဲခတ်ကြည့်သည်။ မြင်ကွင်းထဲမှာ သူ အာရုံနှစ်မြှုပ်နေသည်ကို တွေ့ရသည်။

'အခုဆိုယင် သူတို့ရှယ်လ်ဒိုနီယံဇာတ်ရုံကြီးထဲကို စဝင်နေ ကြပြီ၊ ဟိုကျ ဆင် သတ်မှတ်ထားတဲ့ နေရာတွေမှာ ထိုင်ကြမယ်၊ ကျွန်တော်တို့လဲ အဲဒီအထဲ ကို သွားကြရအောင်၊ သာမန်လူအတွက် ဆိုယင်တော့ နေရာမရနိုင်ဘူးပေါ့ဗျာ၊ ဒါပေမယ့် မပူပါနဲ့၊ ဟားဗတ် တက္ကသိုလ်မှာ အလှူကြီး အတန်းကြီးပေးခဲ့တဲ့ သူဆိုတော့ နေရာထိုင်ခင်း စီစဉ်ရတာ လွယ်ပါတယ်၊ ကျွန်တော် အားလုံး စီစဉ်ထားပြီးပါပြီ၊ အထဲကို အယင်ရောက်နှင့်အောင် သွားကြစို့ လား'

'ကောင်းပါပြီ ရှော့ဒ်. . . ရှေ့ကသာ သွားပါ၊ နေစမ်းပါဦး ဗျ၊ ဟားဗတ် တက္ကသိုလ်မှာ ကျုပ်ဘာလုပ်ခဲ့တယ်ဆိုတာ ဒီအောက်စဖို့ကလဲ သိတာပဲလား'

'ဘာကြောင့် မသိရမှာလဲ မစ္စတာမက်ကာ့ဖ်၊ ပညာ သင်ကြားရေးတွေမှာ အထောက်အကူ ပြုနိုင်အောင် ခင်ဗျား အလှူ အတန်း သိပ်ရက်ရောတယ် ဆိုတာ အောက်စဖို့တက္ကသိုလ်တင် မဟုတ်ဘူး၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ တက္ကသိုလ်တွေရဲ့ အသိုက် အဝန်းမှာသိကြတာပေါ့'

'ဩော်. . . ဒီလိုကိုး'

စတီဖင်က ဟာဗေးကို ဇာတ်ရုံထဲရှိ အပေါ်ထပ်သို့ ခေါ်လာခဲ့သည်၊ ဇာတ်ခုံပေါ်ခင်းမှာ ထိုင်နေသော တာဝန်ရှိသူများကို အနီးကပ် မြင်ရအောင် စီစဉ်ထားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အနီးကပ်မြင်လျှင်လည်း မှတ်မိနိုင်ဖို့တော့ မလွယ်ပါ။ အားလုံးဝတ်ရုံကြီးများ အပြည့် ဝတ်ဆင်ထားသော ကြောင့် သူတို့မိခင်အရင်းများပင်လျှင် ရုတ်တရက် မှတ်မိဖို့ပင် မလွယ်ကူချေ။

သို့သော်လည်း မလိုသော်ရှိ လိုသော်ရှိ စီစဉ်ထားခြင်းပေသည်။

ထိုအခိုက်တွင် တီးဝိုင်းက စတင်တီးမှုတ်သည်။

'အဲဒီတီးဝိုင်းက ကျွန်တော့် ကောလိပ်ကျောင်းကဝိုင်းပဲ၊ တီးဝိုင်းခေါင်းဆောင်က ဂီတဆိုင်ရာ ဒုတိယပါမောက္ခ'

ဘွဲ့ဝတ်ရုံကြီးများကို ခြေဆုံးခေါင်းဖျားဝတ်ပြီး ရှေ့ဆုံးခုံများမှာ ခန့်ညားစွာ ထိုင်နေကြ သည့် ပညာတတ်ကြီးများကို ကြည့်ပြီး ဟာဗေးက မျက်တောင်မခတ်နိုင်အောင် ဖြစ်နေမိလေ သည်။ သူ့တသက်တွင် သည်လို မြင်ကွင်းမျိုးကို တကြိမ်တခါမှ မမြင်ဖူး သေးချေ။

တီးဝိုင်းက ရပ်သွားသည်။ အဓိပတိကြီးက စင်မြင့်ပေါ်သို့ တက်သည်။ ပြီးတော့ လက်တင်ဘာသာဖြင့် မိန့်ခွန်းမြွက်ကြား လေသည်။

'သူ ဘာတွေပြောနေတာလဲဗျ'

'ဒီခန်းမထဲကို ကျွန်တော်တို့ ဘာအတွက် ရောက်လာကြကြောင်း ပြောပြနေတာပါ၊ ကျွန်တော်ဘာသာ ပြန်ပေးသွားပါ့မယ်'

အဓိပတိကြီးက ဆက်ပြောနေသည်။ စတီဖင်က ဘာသာ ပြန်ပေးသည်။

တဘက်မှ တံခါးမကြီး ပွင့်သွားသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဂုဏ်ထူးဆောင်ဘွဲ့ ယူမည့် ပုဂ္ဂိုလ်များကို အခြံအရံနှင့်ခေါ်လာသည်။ အဓိပတိကြီးက တစ်ယောက်ပြီး တစ်ယောက် ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းသည်၊ ထိုသို့ အပ်နှင်းခြင်းခံရ သည့် ဂုဏ်ပုဒ်များ ကို အခမ်းအနားမှူးက ဖတ်ကြားကြေငြာသည်။ စတီဖင်က ဘာသာပြန်ပေးသည်၊

'အခု ဘွဲ့အပ်နှင်းတာခံနေရတဲ့ ပုဂ္ဂိုလ်က လော့ဒ်အေမိုရီ ပညာရေးလောကမှာ သူ့ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး ချီးကျူးနေတယ်'

'သူက ငွေဘယ်လောက်များများလှူလို့လဲ'

'သူက ဘဏ္ဍာရေးဝန်ကြီးဟောင်းလေ၊ အခုတက်လာတဲ့ ပုဂ္ဂိုလ်က လော့ဒ်ဟေရှမ်၊ ဝန်ကြီးဌာနရှစ်ခုကို ပြောင်းကိုင်ခဲ့ဖူးတယ်၊ ပညာရေးဝန်ကြီး ဖြစ်ခဲ့ဖူးတယ်၊ သူတို့နှစ်ယောက် စလုံးကို ဂုဏ်ထူးဆောင်ဥပဒေ ဒေါက်တာဘွဲ့ပေးနေတာ'

နောက်ထပ် တက်လာသူမှာ ပြဇာတ်မင်းသမီး ဖလော်ရာ ရော့ဘ်ဆန် ဖြစ်သည်။ သူ့ကိုတော့ ဟာဗေးသိသည်။ တသက်လုံး ဇာတ်စင်ပေါ်မှာ ထင်





တနေခဲ့သည့် မင်းသမီးကြီး ဖြစ်သည်။ သူ့ကို စာပေဆိုင်ရာ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ပေးခြင်းဖြစ် ကြောင်း စတီဖင်က ရှင်းပြသည်။

အခမ်းအနားပြီးဆုံးသွားသည်။ အဓိပတိကြီး ဦးဆောင်ပြီး အားလုံး ထိုင်ရာမှ ထကြသည်။ စောစောက ဝင်လာသည့်အတိုင်း တန်းစီပြီး ဇာတ်ရုံကြီး ထဲမှ ထွက်ခွာသွားကြသည်။

'သူတို့ အခု ဘယ်ကိုသွားကြဦးမှာလဲ'ဟု ဟာဗေးက မေးသည်။

'နေ့လယ်စာစားဖို့ သွားကြတာပါ၊ အဲဒီ နေ့လယ်စာစားပွဲ မှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီး တွေလဲ ပါမယ်'

'အင်း. . . အဲဒီနေ့လယ်စာ စားပွဲကို တက်လိုက်ရယင် ဘယ်လောက် ကောင်းမလဲနော်'

'အဲဒီအတွက်လဲ ကျွန်တော် စီစဉ်ထားပြီးသားပါ'ဟု စတီဖင်က ပြန်ပြောသည်။

ထိုစကားကို ကြားသောအခါ ဟာဗေးဝမ်းအသာကြီး သာသွားသည်၊

'ခင်ဗျား ဘယ်လိုလုပ်ပြီး စီစဉ်လိုက်တာလဲ ပရော်ဖက်ဆာ'

'မော်ကွန်းထိန်းကြီးက ခင်ဗျားကို သိပ်စိတ်ဝင်စားနေပါတယ်၊ ဟားဗတ်တက္ကသိုလ်မှာ ခင်ဗျားလှူတာတွေကိုလဲ သိထားတယ်၊ ဒါကြောင့် ကျွန်တော်တို့ အောက်စဖို့တက္ကသိုလ်ကိုလဲ ခင်ဗျား လှူနိုင်ယင် ကောင်းမှာပဲလို့ သူစိတ်ကူးပေါ်နေပုံရတယ်၊ အထူးသဖြင့် ဘုရင့်ဖလား ပြိုင်ပွဲမှာ ခင်ဗျားမြင်း ပိုင်ရှင်ရခဲ့ပြီးနောက် သူပိုပြီး မျှော်လင့်နေတယ်'

'အတော်ကောင်းတဲ့ စိတ်ကူးပဲ၊ ဘာကြောင့်များ ကျုပ် ဒါကို မစဉ်းစား မိပါလိမ့်'

စတီဖင်က သိပ်စိတ်ဝင်စားဟန်မပြပဲ နေသည်၊ စိတ်ထဲက တော့ ကျိတ်ပြုံးသာနေသည်၊ သူ့အစီအစဉ်များ အောင်မြင်တော့ မည်ကိုလည်း သိသည်၊

အမှန်တော့ ဟာဗေးကို မော်ကွန်းထိန်းမသိပါ။ ဟားဗတ် တက္ကသိုလ်မှာ ငွေ လှူသည့် အကြောင်းကိုလည်း မသိပါ။ မော်ကွန်း ထိန်းသာမက အခြား ပညာရှင်သူကမှလည်း ဟာဗေးကို မသိပါ။ ကမ္ဘာပေါ်မှာရှိသော အခြားဘယ် တက္ကသိုလ်ကမှ မသိပါ။ စတီဖင်က နှစ်ပေါက် တစ်ပေါက် ရိုက်နေခြင်းသာ ဖြစ်သည်။

အောက်စဖို့ တက္ကသိုလ်မှာ စတီဖင် နောက်ဆုံးနှစ်အဖြစ် အမှုထမ်းခြင်း ဖြစ်လေရာ မိမိတို့ ဖိတ်လိုသည့် ဧည့်သည်တစ်ယောက်ကို ထုံးစံအတိုင်း ခေါ်ခွင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စတီဖင်က ဟာဗေးကို နေ့လယ်စာစားပွဲ ကျင်းပသည့် နေရာသို့ ခေါ်လာသည်။ သတ်မှတ်ထားသော နေရာမှာဝင်ထိုင်သည်။ သူတို့ပတ်လည်မှာ ဘွဲ့ဝတ်စုံဝတ်ထားသူ တစ်ထောင်ကျော် ရှိသည်။ သည်နေရာမှာ တွေ့ကြသူ အချင်းချင်း ကြုံသလို စကား ပြောကြ သည်။ တစ်ယောက်ကို တစ်ယောက်လည်း မှတ်မိကြသည် မဟုတ်။ ပြီးလျှင်လည်း ပြီးသွားစမြဲ ဖြစ်သည်။

ထို့ကြောင့် ပတ်လည်မှာ ရှိနေသူများနှင့် ဟာဗေးကို စတီဖင်က မိတ်ဆက်ပေးသည်။ အမေရိကန်ပြည်ထောင်စု အလှူအတန်း ရက်ရောသော သန်းကြွယ်သဌေးကြီး ဖြစ်ကြောင်းကို ထပ်ခါတလဲလဲပြောသည်။ ဟာဗေးက အလွန်သဘောကျနေသည်။ သူ့ ပတ်လည်မှာ ပညာတတ်ကြီးများ၊ ပါမောက္ခကြီးများနှင့် စကားပြောနေရသောကြောင့် စိတ်ကြီးဝင်နေသည်။

အဓိပတိ၊ ဒုတိယအဓိပတိ၊ မောကွန်းထိန်း၊ ဘဏ္ဍာတော်ထိန်းတို့နှင့် သူတို့နေရာ အတော်ကလေး ဝေးနေသည့်အတွက် စတီဖင်က စိတ်အေးနေသည်။

စားသောက်ပြီးကြသောအခါ ဧည့်သည်များအားလုံး ထိုင်ရာမှ ထကြသည်။ ထိုအချိန်မှာပင် စတီဖင်က အကြီးမားဆုံးသော စွန့်စားမှုကြီးကို ပြုလုပ်လိုက်လေတော့သည်။

ဟာဗေးကိုခေါ်ပြီး အဓိပတိကြီးထံသို့ တန်းလာခဲ့သည်။

'အဓိပတိကြီးခင်ဗျား '

စတီဖင်က ဟာရီးမင်္ကမီလန်ကို သွားနှုတ်ဆက်သည်။

'ဘာကိစ္စများလဲ သူငယ်'

'အဓိပတိကြီးနဲ့ မစ္စတာဟာဗေးမက်ကာ့ဖ်နဲ့ မိတ်ဆက်ခွင့်ပြုပါခင်ဗျာ မစ္စတာဟာဗေး မက်ကာ့ဖ်ဟာ ဟားဗတ်တက္ကသိုလ်ရဲ့ အလှူရှင်ကြီး ဖြစ်ကြောင်း အဓိပတိကြီးလဲ ကြားဖူး ပါလိမ့်မယ်ခင်ဗျာ'

ယဉ်ကျေးသော လူကြီးတစ်ယောက်အနေဖြင့်'ဟ. . . ငါ မကြားဖူးပါလား'ဆိုသော စကားကို မည်သည့်နည်းနှင့်မှ ပြောမည် မဟုတ်ကြောင်း စတီဖင် အပိုင်တွက်ထားပြီး ဖြစ်သည်။

'အင်း. . . ဟုတ်တာပေါ့၊ ငွေရှင်း. . . ငွေရှင်း. . . ပညာ သင်ကြားရာမှာ ငွေရှင်းအများ ကြီး စိုက်ထုတ်ဖို့ လိုတယ်၊ အင်္ဂလန်ကို ဘာကိစ္စနဲ့ ရောက်လာပါသလဲ မစ္စတာမက်ကော့ဖ်'

ဟာဗေးမှာ ဘာမှပြန်မပြောနိုင်တော့ဘဲ ပါးစပ်ဟောင်းလောင်း ဖြစ်နေလေတော့သည်။ အတော်ကြီး ကြာတော့မှ ပြန်ပြောနိုင်သည်။





'ဒီလိုပါ အဓိပတိကြီး ခင်ဗျာ၊ ဘုရင့်ဖလားပြိုင်ပွဲမှာ ရှိယ်လီဆိုတဲ့ ကျွန်တော့်မြင်း ဝင်ပြိုင်တာကို ကြည့်ဖို့ရောက်လာတာပါ ခင်ဗျာ'

စတီဖင်က ဟာဗေး၏ နောက်မှာရပ်နေသည်။ ထို့ကြောင့် ပြိုင်ပွဲတွင် ဟာဗေး၏ မြင်းအနိုင်ရပြီး ဆုဖလားရထားကြောင်း အဓိပတိကြီးကို ဟန်အမူအရာဖြင့် လုပ်ပြပါသည်။ ဟာရီးမင်္ကမီလန်ကလည်း လူပါးကြီးဖြစ်သောကြောင့် ချက်ချင်းရိပ်မိလိုက်သည်။

'အင်း. . . ပြိုင်ပွဲရဲ့ အဖြေကြောင့် အတော်ကြီး စိတ်ချမ်း သာနေမှာပေါ့ မစ္စတာမက် ကော့ဖ်'

'မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော် ကံကောင်းတယ်လို့ ဆိုရပါ လိမ့်မယ်'

'ခင်ဗျားက ကံတရားပေါ် ရပ်တည်တဲ့ ပုဂ္ဂိုလ်မျိုး ဟုတ်ပုံမရပါဘူး၊ ကိုယ့်အစွမ်းအစ ပေါ်မှာ ရပ်တည်မယ့် လူမျိုးပါ မစ္စတာမက်ကော့ဖ်'

စတီဖင်က ရသမျှအခွင့်အရေးကို အကုန်သုံးဖို့ ဆုံးဖြတ်ချက်ချ လိုက်လေသည်။

'အဓိပတိကြီးခင်ဗျာ၊ ကျွန်တော်တို့ အောက်စဖို့ တက္ကသိုလ် မှာလုပ်နေတဲ့ သုတေသန လုပ်ငန်းတစ်ခုအတွက် မစ္စတာမက်ကော့ဖ်ဆီက အကူအညီ ကောင်းမလားလို့ ကျွန်တော် စိတ်ကူးနေပါတယ် ခင်ဗျာ'ဟု စတီဖင်က ပြောသည်။

နိုင်ငံကြီးတစ်ခုကို ခုနှစ်နှစ်လုံးလုံး ခေါင်းဆောင်မှုပေးခဲ့သည့် ဟာရီးမင်္ကမီလန်လို ပုဂ္ဂိုလ် မျိုးသည် ဒီနေရာတွင် ဘာစကားပြောရ မည်ကို ကောင်း ကောင်းသိပြီး ဖြစ်လေသည်။

'အင်မတန်ကောင်းတဲ့ အကြံအစည်ပေပဲ၊ ကြိုးစား သူငယ် . . . ကြိုးစား၊ ကဲ မစ္စတာ မက်ကော့ဖ်က ဘော့စ်တွန်မြို့ကနေ့၊ ကနေဒီမိသားစုကို နှုတ်ဆက်လိုက်ကြောင်း ကြုံယင် ပြောပြပေးပါဗျာ'

အဓိပတိကြီး ထွက်သွားသည်။ သူ့ကိုယ်ပေါ်မှ ဝတ်ရုံကြီးကို မနိုင်မနင်း ဆွဲယူနေရပုံပေါ် သည်။

ဟာဗေးကတော့ အံ့ဩတကြီးနှင့် ရပ်နေလေသည်။

'အင်မတန် ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေပေပဲ၊ ဒီနေ့ ရလိုက်တဲ့ အတွေ့အကြုံတွေကတော့ ကျုပ်တသက်မေ့နိုင်စရာ အကြောင်းမရှိတော့ဘူး၊ ကျုပ် ဆိုက်ထိုက်တန်တန် တစ်ခုခု လုပ်လိုက်ရယင် ဘယ်လောက်ကောင်းမလဲ'

လိုအပ်သည်များကို ပြုလုပ်ပြီးပြီဖြစ်သောကြောင့် သည်နေရာမှ ထွက်သွားရန် စတီဖင်က ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာရီးမက္ကမီလန်သည် လူပေါင်းတစ်ထောင်ကျော်နှင့် လက်ဆွဲနှုတ်ဆ ရဦးမည်။ ထို့ကြောင့်လည်း ဟာဗေးအကြောင်းကိုရွေးပြီး သတိရနေနိုင်စ အကြောင်းမရှိ။ နောက်တစ် ကြောင်းက ဟာဗေးကိုယ်တိုင်က အမှန်တက ပင် ဟားဗတ်တက္ကသိုလ်၏ အလှူရှင်အစစ် ဖြစ်နေသည်။

'လူကြီးတွေအလျှင် ကျွန်တော်တို့ ထွက်နှင့်ကြယင် ကောင်းမယ်ထ တယ် မစ္စတာ မက်ကော့ဖ်'

'ကောင်းပါပြီရော့ဒ်၊ ခင်ဗျားဟာ ကျွန်တော့် ခေါင်းဆောင် ပါပဲ'

အပြင်သို့ရောက်သောအခါ ဟာဗေးက သူ့လက်ပတ်နာရီကို မြော ကြည့်လိုက်သည်။ ၂-နာရီခွဲနေပြီ။

နောက်တစ်နေရာတွင်တွေ့ရန် အချိန်းအချက် ပြုလုပ်ထားရာ ချိန်း ချိန်ထက် သုံးမိနစ်ခန့် နောက်ကျနေပြီကို စတီဖင် သတိထားမိသည်။

'ကျွန်တော်တို့ ဥယျာဉ်ပွဲကို မတက်ခင် အချိန်တစ်နာရီ လောက် အား သေးတယ်၊ ဒီအချိန်အတွင်း ကျောင်းထဲမှာ လှည့်ပတ်ကြည့်ရအောင်' စတီဖင်က ပြောသည်။

ပြီးတော့ ဟာဗေးကို အခြားကောလိပ်ကျောင်း နှစ်ခုသို့ ခေါ်လာသည် ကျောင်းအမည် ပေးပုံများအကြောင်းကို ရှင်းပြသည်။

တစ်နေရာသို့ ရောက်သောအခါ စတီဖင်က ဟာဗေးကို မသိမသာ ညာဘက်လမ်းသို့ ခေါ်လာခဲ့သည်။

* * *

'ရော့ဘင်. . . သူတို့ ညာဘက်ကို ချိုးသွားပြီ၊ လင်ကွန်း ကော ကျောင်းဘက်ကို သွားနေကြပြီ'ဟု ဂျိမ်းစ်က ပြောသည်၊ ဂျိုးဇဲလ် ကော အဝင်ဝမှာ သူ ပုန်းနေခြင်း ဖြစ်သည်။

'ကောင်းတယ်'

ရော့ဘင်က ထိုသို့ပြန်ဖြေယင်း သူ့သားနှစ်ယောက်ကို ငုံ့ကြည့်သည် အကြီးက ကိုးနှစ်၊ အငယ်က ခုနစ်နှစ်ဖြစ်သည်။ သူတို့နှစ်ယောက် ဒုတိယအဓိပတိကြီး၏ ကိုယ်ရံတော်ကလေး များသဖွယ် ဝတ်ဆင်ပေး သည်။ ထိုသို့ပြုလုပ်သည်မှာလည်း အောက်စဖို့တက္ကသိုလ် အခမ်းအနား တွင် ပြုလုပ်မြဲ အစဉ်အလာအတိုင်း ဖြစ်သည်။

ကလေးနှစ်ယောက်ကတော့ သူတို့ ဘာလုပ်နေရသည်ကို လုံး မသိရှာပေ။

'သားတို့နှစ်ယောက် ဘဆင်သင့် ဖြစ်ပြီလား'





'ဟုတ်ကဲ့ ဖေဖေ'

သားနှစ်ယောက်က ပြိုင်တူ ပြန်ဖြေကြသည်။

* * *

စတီဖင်က လင်ကွန်းကောလိပ်ဘက်သို့ ဦးတည်ပြီး ခပ်မှန်မှန် လျှောက်သွားနေသည်။ သူ့ဘေးမှ ဟာဗေးကိုလည်း ဟန်မပျက် စကားပြော သည်။

ထိုအခိုက် လင်ကွန်းကောလိပ်ထဲမှ ရော့ဘင်ထွက်လာသည်။ ဒုတိယ အဓိပတိကြီး ဝတ်ဆင်ထားသည့် ဝတ်ရုံကြီးကို ဝတ်ထားသည်၊ သူ့ဘေးမှာ လည်း ကိုယ်ရံတော် ကလေးငယ် နှစ်ယောက် ကပ်လျက်ပါလာသည်၊ သူ့ မျက်နှာကို အသက် ခြောက်ဆယ်ခန့် ထင်မှတ်အောင် ပြုပြင်ထားသည်၊ ဒုတိယ အဓိပတိအစစ် မစ္စတာဟာဘက်ကပ်နှင့် အတတ်နိုင်ဆုံးတူအောင် ပြုပြင်ထားသည်။ သူက အလွန်ဖမင်း ခေါင်းမပြောင်ခြင်းသာ ခြားသည်၊

-သို့သော်လည်း အရေးမကြီးပါ။ ဒုတိယ အဓိပတိအစစ် မစ္စတာ ဟာဘက်ကပ်ကို ဟာဗေး အနီးကပ် မမြင်ဖူးပါ။

'ဒုတိယ အဓိပတိကြီးနဲ့ မိတ်ဆက်ပေးရဦးမလား မစ္စတာ မက်ကော့ဖ်'ဟု စတီဖင်က မေးသည်၊

'သိပ်ကောင်းတာပေါ့ဗျာ'

'မင်္ဂလာပါ ဒုတိယ အဓိပတိကြီး ခင်ဗျာ. . . မစ္စတာ ဟာဗေးမက်ကော့ဖ် ကို မိတ်ဆက် ပေးခွင့်ပြုစေလိုပါတယ်'

ရော့ဘင်က သူ့ခေါင်းပေါ်မှာရှိသော ဦးထုပ်ကို ကိုင်ပြီး ခါးကိုင်းနှုတ်ဆက် သည်၊ စတီဖင်က စကားပြောဖို့လုပ်မြင်သည်။ သို့သော်လည်း ရော့ဘင်က အောင် ဝင်ပြောသည်၊

'ဟားဗတ်တက္ကသိုလ်က အလှူရှင်ကြီးတော့မဟုတ်ပါဘူးနော်'

ဟာဗေး၏ မျက်နှာပေါ်မှာ သွေးရောင်ဖြင့် ရဲသွားသည်၊ ပြီးတော့ ကျေနပ်နပ်ကြီး လည်း ပြုံးလိုက်မိသည်။ ရော့ဘင်၏ ဝတ်ရုံကြီးကို ရပ်နေသော ကလေးငယ်နှစ်ယောက်ကို ငုံ့ကြည့် သည်။ ရော့ဘင်ကပင် ပြောသည်။

'အလွန်နာမည်ကျော်ကြားတဲ့ အလှူရှင်ကြီးပေပဲ၊ ကြားဖူး တာပေါ့. . . ရတာ ဝမ်းသာပါတယ် မစ္စတာမက်ကော့ဖ်၊ အောက်စဖို့တက္ကသိုလ်ကြီးကို သည်အပတ် ရောက်လာတဲ့အတွက် စိတ်ချမ်းသာမှု ရလိမ့်မယ်လို့ သင့်ပါတယ်၊ ဒီလို ပွဲတော်မျိုးဆိုတာက ကြုံတောင့်ကြုံခဲပဲ'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချမ်းသာပါတယ် ဒုတိယ အမိပတိကြီး ခင်ဗျာ၊ ဒီ တက္ကသိုလ်တို တစ်နည်းနည်းနဲ့ ကူညီရယင် ကောင်းမလားလို့ ကျွန်တော် စိတ်ကူးနေပါတယ်'

'အို. . . အင်မတန်ကောင်းတဲ့ စကားကို ကြားလိုက်ရတာပဲ'

'ဒီလိုပါခင်ဗျာ. . . ကျွန်တော် ရန်းဒေါ့ဖ်ဟိုတယ်မှာ တည်းနေပါတယ် တကယ်လို့ ဆရာကြီးတို့ ကျွန်တော်နဲ့ အတူတူလိုက် ပြီး လက်ဖက်ရည် ကလေးများ သုံးဆောင်နိုင်ကြ မယ်ဆိုယင် သိပ်ကို အဆင်ပြေသွားမယ် ထင် ဘယ် ခင်ဗျာ'

ရော်ဘင်နှင့် စတီဖင်မှာ ဘာပြန်ပြောရမှန်း မသိအောင်ဖြစ်သွား သည်။ သူတို့ မမျှော်လင့်ပဲ ကန့်လန့်တိုက်လိုက်ပြန် ပြီကို နှစ်ယောက်စ သဘောပေါက်သွားသည်။ သူတို့ စီစဉ်ထားသည်က သည်လိုမဟုတ်။

အင်ကေးနီးယားပွဲတော်နေ့တွင် တာဝန်ရှိသော ပုဂ္ဂိုလ်များသည် မည်သ နည်းနှင့်မှ အချိန်ပိုမပေးနိုင်ကြ။ သူတို့မှာ အစီအစဉ်တွေ အပြည့်ရှိနေသည် ထိုအစီအစဉ်များ အတိုင်းသာ လှုပ်ရှားရသည်။

ပထမဦးဆုံး ပြန်ပြီး ထိန်းသိမ်းလိုက်နိုင်သူမှာ ရော်ဘင် ဖြစ်သည်။

'ဟိုမှာလိုက်ပြီး လက်ဖက်ရည်သောက်ဖို့ဆိုတာတော့ နည်းနည်း အခ အခဲရှိလိမ့်မယ် ထင်တယ်၊ ဒီလိုနေ့မျိုးမှာ ကျုပ်တို့ အစီအစဉ်တွေ ကျပ်နေတယ်လေ၊ ခင်ဗျားလဲ သဘောပေါက်မှာပေါ့၊ ကလာရာဒန် အဆော အဆုံမှာရှိတဲ့ ကျွန်တော့်ရုံးခန်းထဲကို မကြွနိုင်ဘူးလား၊ ကျွန်တော့်ရုံးခန်းထဲ ဆိုတော့ လွတ်လွတ်လပ်လပ် စကားပြောနိုင်ကြ တာပေါ့'

စတီဖင်က ထိုအခွင့်အရေးကလေးကို အရအမိ ဆုပ်ကိုင် လိုက် သည်။

'အခုလို အချိန်ပေးတာ သိပ်ကိုကျေးဇူးတင်ပါတယ် ဒုတိယ အမိပတိ ခင်ဗျာ၊ ညနေ လေးနာရီခွဲဆိုယင် အဆင်ပြေနိုင်ပါ့ မလား'

'ပြေပါတယ်. . . ပြေပါတယ်၊ အဲဒီအချိန်ပဲ ကောင်းပါတ ပရော်ဖက်ဆာ'

ရော်ဘင်သည် မျက်နှာမပျက်အောင် ထိန်းသိမ်းနေရသည်။ သူတို့ မိုင်ပေါင်းများစွာ ဝေးသည့်နေရာသို့ ထွက်ပြေးချင်စိတ် ပေါက်လာသည်။ သူတို့နှင့်အတူ ရပ်နေသည့် အချိန်မှာ မိနစ်ပိုင်းကလေးမျှသာ ကြာသော် သူ့စိတ်ထဲမှာတော့ တသက် လောက်ကြာ နေသည်ဟု ထင်မှတ်နေမိသ

ဂျင်းပီယာ၏ အစီအစဉ်တုန်းက သတင်းစာဆရာအဖြစ် အယော ဆောင်ခဲ့ရသည်ကို လည်းကောင်း၊ သူ့ အစီအစဉ်က အမေရိကန် ခွဲ





ပါရဂူကြီး အယောင်ဆောင်ခဲ့ရသည်ကို လည်းကောင်း သူ မတုန်လှုပ်ခဲ့ပါ။ ယခု ဒုတိယ အမိပတိ အယောင်ဆောင်ရသည်ကတော့ အလွန် စွန့်စားရသော အလုပ်ဖြစ်နေသည်။ ဒုတိယ အမိပတိကိုသိသော သူ တစ်ယောက် ယောက် အချိန်မရွေး ရောက်လာနိုင်သည်။ ရောက်လာလျှင် သူတို့ အယောင်ဆောင်မှု ကြီးပေါ်သွားတော့မည်။ အားလုံး ထောင်ထဲ တန်းဝင်ကြရရုံသာ ရှိတော့သည်၊

ကျောင်းပိတ်ထားချိန်ဖြစ်သောကြောင့် ကျောင်းသူ ကျောင်းသားများ မရှိသဖြင့် တော်သေးတော့သည်။

ဟာဗေးသည် သူတို့ အစီအစဉ်များ ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်အောင် လုပ်လိုက် ပြန်သည်။ ထရီနီတီကောလိပ်ရှိ အခန်းတစ်ခုထဲမှာ လိုအပ်သည့် အဝတ်အစားများဝတ်ပြီး စောင့်နေကြသော ဂျင်းပီယာနှင့် ဂျိမ်းစ်တို နှစ်ယောက်အတွက် မည်သို့ လုပ်ရမည်နည်းဟု စတီဖင်က အပြေးအလွှား စဉ်းစားနေသည်။

'ဒုတိယ အမိပတိကြီး ခင်ဗျာ၊ ကျွန်တော်တို့တွေ့ကြတဲ့ နေရာကို မော်ကွန်းထိန်းနဲ့ ဘဏ္ဍာတော်ထိန်းကိုပါ ဖိတ်ရယင် သင့်တော် မယ်လို့ ထင်ပါသလား ခင်ဗျာ'

'သိပ်ကိုကောင်းတဲ့ စိတ်ကူးပဲ ပရော်ဖက်ဆာ၊ သူတို့ကို ကျုပ် ကိုယ်တိုင်ပဲ ဖိတ်လိုက်ပါ့ မယ်၊ အင်မတန်နာမည်ကြီးတဲ့ အလှူရှင် ကြီးနဲ့ တွေ့ခွင့်ရတဲ့နေ့ မဟုတ်လား၊ ကဲ. . . ကျုပ် သွားလိုက်ဦးမှပဲ၊ ဥယျာဉ်ပွဲ တက်ရဦးမယ်၊ ခင်ဗျားနဲ့ အခုလို သိကျွမ်းခွင့်ရတာ ဝမ်းသာပါတယ် မစ္စတာ မက်ကာ့ဖ်၊ ညနေလေးနာရီခွဲတိတိမှာ တွေ့ကြမယ်လေ'

သူတို့ချင်း လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြသည်။

စတီဖင်က ဟာဗေးကို အိပ်ဇက်တာ ကောလိပ်ကျောင်းဘက်သို့ မသိ သော ဆွဲခေါ်လာသည်။

ရော်ဘင်က လင်ကွန်းကောလိပ်ကျောင်းမှာရှိသော အခန်း တစ်ခုထဲသို့ ခပ်သွက်သွက် ပြန်ဝင်လာပြီး ကုလားထိုင် တစ်လုံးပေါ်မှာ အရုပ်ကြိုးပြတ် ကျသွားသည်။

'ဖေဖေ နေမကောင်းဘူးလားဟင်'ဟု သားအကြီးက မေး သည်။

'နေကောင်းပါတယ် သားရယ်'

'သားတို့ ဘာတခွန်းမှမပြောပဲ တိတ်တိတ်ကလေးနေယင် ရေခဲမုန့်နဲ့ ကိတ်မုန့် ကာကိုလာ တိုက်မယ်လို့ ဖေဖေ ကတိပေးထားတယ် နော်'

'ဟုတ်ပါတယ် သားရယ် စားရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ရော်ဘင်က သူ့ကိုယ်ပေါ်မှ ဝတ်ရုံကြီးကို ချွတ်သည်။ လက်ကိုင်အိတ်ထဲမှာ သပ်သပ်ရပ်ရပ် ပြန်ထည့်သည်။ ပြီးတော့ သားနှစ်ယောက်ကိုခေါ်ပြီး အပြင်ထွက်ခဲ့သည်။

လမ်းပေါ်သို့ သူရောက်သည့်အချိန်မှာပင် ဒုတိယအမိပတိ အစစ် မစ္စတာ ဟာဘက်ကပ် ဥယျာဉ်ပွဲတက်ရန်သွားသည်နှင့် ဆုံတွေ့လိုက်ရသည်။ လက်ပတ်နာရီကို မြှောက်ကြည့်သည်၊ ငါးမိနစ်လောက်မှာ နောက်ကျသွားလျှင် အားလုံး ကိုယ်ကျိုးနည်း သွားမည်မှာ သေချာသည်။

စတီဖင်က ဟာဗေးကို ဘွဲ့ဝတ်စုံများချုပ်သည့် ဆိုင်ဘက်သို့ ခေါ်လာသည်။ ဂျိမ်းစ်ကို ဘယ်လိုသတင်းပို့ရပါမည်နည်းဟုလည်း အပြင်းအထန် စဉ်းစားနေသည်၊ အပ်ချုပ်ဆိုင် ရှေ့မှာ သူတို့ရပ်ကြသည်။

'ဝတ်ရုံကြီးတွေ တယ်လှပါလား'

'အဒါ စာပေပါရဂူ ဒေါက်တာဘွဲ့အတွက် ဝတ်ရုံပါ၊ အဲဒီ ဝတ်ရုံကြီး ဝတ်လိုက်ယင် ဘယ်လို ရုပ်ပြောင်းသွားမလဲဆိုတာ စမ်းကြည့်ပါလား မစ္စတာ မက်ကော့ဖ်'

'သိပ်ကောင်းတာပေါ့ဗျာ၊ ဒါပေမယ့် သူတို့ခွင့်ပြုပါ့မလား'

ဟာဗေးက မယုံကြည်သလို ပြန်မေးသည်။

'ရပါတယ်ဗျာ၊ ဒါလောက်တော့ သူတို့ ဘာမှမပြောပါဘူး'

ဆိုင်ထဲသို့ ဝင်လာကြသည်။ စတီဖင်သည် ဘွဲ့ဝတ်ရုံကြီးကို ဝတ်ထားဆဲ ရှိသည်။ ထို့ကြောင့် ဆိုင်ကလည်း မည်သို့မှ မကန့်ကွက်။

'ဆရာ့ရဲ့ ဧည့်သည်တော်ကြီးက အဲဟို ဒေါက်တာ ဘွဲ့ဝတ်ရုံ ကြီးကို စမ်းဝတ်ကြည့်ချင်လို့'

'ရပါတယ် ဆရာ'

အရောင်းစာရေးက ပြန်ပြောသည်။ သူတို့အနေဖြင့် တက္ကသိုလ် ဆရာများ၏အလိုကို ငြင်းဆန်ခွင့်မရှိ။ ဆိုင်နောက်ဘက်သို့ ဝင်သွားပြီး ခဏကြာတော့ ဝတ်ရုံကြီးကိုယူပြီး ပြန်ထွက် လာသည်။

'ဝတ်ကြည့်စမ်းပါဦး မစ္စတာမက်ကော့ဖ်၊ ဒါကြီးနဲ့ဆိုယင် ခင်ဗျား ပို ခန့်ညားသွားမယ်'

အရောင်းစာရေး အံ့အားသင့်နေသည်။ ယခုအချိန်တွင် ဆိုင်ရှင်ပြန် ရောက်လာလျှင် မည်မျှကောင်းချိမ့်မည်နည်းဟုလည်း တွေးနေသည်။

'နောက်ဘက်မှာရှိတဲ့ အဝတ်အစားလဲတဲ့ အခန်းထဲကို ကျေးဇူးပြုပြီး ကြွပါ ခင်ဗျာ'





ဟာဗေး အခန်းထဲသို့ ဝင်သွားသည်၊ စတီဖင်က ဆိုင်အပြင် လမ်းပေါ် သို့ ထွက်ခဲ့သည်။

'ဂျိမ်းစ် . . . ငါခေါ်နေတာ ကြားရလား၊ ဂျိမ်းစ် . . . ဟေ့ကောင် . . . ငါခေါ်နေတယ် ကွ . . . မကြားဘူးလား'

စတီဖင်က လမ်းလျှောက်စကားပြောစက်ဖြင့် လှမ်းပြော သည်။

'စိတ်အေးအေးထား ကိုယ့်လူ၊ စိတ်အေးအေးထား၊ ဒီဝတ်ရုံကြီး ဝတ်နေရတာ ငါ ဘယ်လောက် စိတ်ဒုက္ခရောက်နေပြီ မှတ် သလဲ၊ စိတ်ကုန်လွန်းလို့၊ တို့ ဟိုနေရာမှာ ချိန်းထားတာ ဆယ့်ခုနစ် မိနစ်ပဲလိုတော့တယ်၊ ငါ ဒီမှာ ဘတ်လို့မပြီးသေးဘူး'

'အဲဒီ အစီအစဉ် ဖျက်ပစ်လိုက်တော့'

'ဟ . . . ဘယ်လိုဖြစ်ပြန်တာလဲ'

'ဂျင်းပီယာကိုလဲ ပြောလိုက်၊ ပြီးတော့ မင်းတို့နှစ်ယောက် စလုံး မှန်နိုင်သမျှ အမြန်ဆုံး ရော်ဘင်ဆီကို သတင်းပို့၊ အစီအစဉ် သစ်အကြောင်း မင်းတို့ကို သူ ရှင်းပြလိမ့်မယ်'

'အစီအစဉ်သစ် ဖြစ်သွားပြန်ပြီလား၊ ဟုတ်ရောဟုတ်ရဲ့လား စတီဖင်'

'ငါ မျှော်မှန်းထားတာထက် ပိုကောင်းသွားနိုင်တယ်'

စတီဖင်က စကားပြောခွက်ကိုပိတ်ပြီး အပ်ချုပ်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

ဒေါက်တာဘွဲ့ဝတ်ရုံကြီးကို ဝတ်ထားသော ဟာဗေးက အဝတ်အစားလဲ ခန်းထဲမှ ထွက်လာသည်။ စတီဖင် မကြည့်ချင်သော မြင်ကွင်းကို ကြည့်နေ ခြင်း ဖြစ်သည်။

'ခင်ဗျားနဲ့ သိပ်လိုက်တာပဲ မစ္စတာ မက်ကော့ဖ်'

'ဒါအတွက် ဘယ်လောက်ကျမလဲ'

'ပေါင်တစ်ရာလောက်တော့ ကျမယ်ထင်တယ်'

'မဟုတ်ဘူး . . . မဟုတ်ဘူး၊ ကျုပ်မေးတာက အဲဒီတန်ဖိုး မဟုတ်ဘူး၊ ဒါကြီးကို ဝတ်ခွင့်ရဖို့ ဘယ်လောက်ပေးရမလဲ မေးတာ'

'အဲဒါကို ကျွန်တော်လဲမပြောတတ်ပါဘူး၊ မစ္စတာ မက်ကော့ဖ်၊ ဥယျာဉ်ပွဲ သွားတော့မှပဲ ဒုတိယ အမိပတိကြီးနဲ့ ဆွေးနွေးတာ ပိုကောင်းပါလိမ့်မယ်'

ဟာဗေးက သူ့ကိုယ်သူ မှန်ထဲမှာ အကြာကြီး ကြည့်နေ သည်။ ပြီးတော့ အဝတ်အစားလဲ သည့် အခန်းထဲသို့ ပြန်ဝင်သွား သည်။

စတီဖင်က အရောင်းစာရေးကို ကျေးဇူးတင်ကြောင်း ပြောသည်။ ထို ဝတ်ရုံကြီးကို ကလာရာဒန် အဆောက်အအုံသို့ ဆာဗွန်အင်ဂျမင် အမည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပို့ခိုင်းပေးရန်မှာပြီး ကျသင့်ငွေ ချက်ချင်း ထုတ်ရှင်းသည်။ အရောင်းစျေးသည်မှာ နားမလည်နိုင် အောင် ဖြစ်နေသည်။

'ကောင်းပါပြီ ဆရာ'ဟုလည်း မရေမရာ ပြန်ဖြေသည်။

စတီဖင်နှင့် ဟာဗေးတို့နှစ်ယောက် ဥယျာဉ်ပွဲတက်ရန် ထွက်သွားကြသည်။ ခဏကြာတော့ ဆိုင်ရှင်ပြန်ရောက်လာသည်။

'ဆာဂျွန်အင်ဂျမင်အတွက် ဒေါက်တာဘွဲ့ဝတ်ရုံ ကလာရာဒန် အဆောက်အအုံကို ပို့ပေးဖို့ အခုပဲ လာမှာသွားပါတယ် ခင်ဗျာ'ဟု အရောင်းစျေးသည်က ဆီးပြောသည်။

'အဆန်းပဲ၊ သူ့အတွက်တစုံ တို့ချုပ်ပေးလိုက်ရတာ ဘယ်နှစ်ရက်ရှိသေးလို့လဲ၊ ဘာကြောင့် နောက်တစုံလိုချင်ရတာတဲ့လဲ'

'ငွေပါ လက်ငင်းပေးသွားတယ် ခင်ဗျ'

'ဖါဆိုလဲ ပို့လိုက်ပေါ့ကွာ၊ ဒါပေမယ့် ဆာဂျွန်အင်ဂျမင် နာမည်နဲ့မှာတာဟုတ်မဟုတ် သေချာအောင် ပြန်ကြည့်ဦး'

* * *

သုံးနာရီခွဲပြီး စကလေးမှာပင် ဥယျာဉ်ပွဲကျင်းပရာ ထရီနီတီ ကောလိပ်ကျောင်းသို့ စတီဖင်နှင့် ဟာဗေးရောက်လာသည်။ လူတစ်ထောင်ကျော် စုံနေကြပြီ။ အများစုက မိမိတို့ရရှိထားသည့် ဘွဲ့အလိုက် ဘွဲ့ဝတ်ရုံများကို ဝတ်ဆင်ထားကြသည်။

ဟာဗေးက အလွန်စိတ်ချမ်းသာနေသည်။ စတီဖင်ကလည်း ထုံးစံအတိုင်း နီးရာလူများနှင့် မိတ်ဆက်ပေးသည်။ သည်ပွဲမှာလည်း သည်လိုပင် မိတ်ဆက်ပေးကြပြီး ပွဲပြီးပြန်တော့လည်း အားလုံး မေ့ပျောက်သွားကြစမြဲဖြစ်သည်။

သို့သော် ဒုတိယ အမိပတိ၊ မော်ကွန်းထိန်းနှင့် ဘဏ္ဍာတော် ထိန်းများကိုတော့ စတီဖင်က မျက်ခြည်မပြတ် ကြည့်နေသည်။ သူတို့နှင့်နီးရာသို့ ဟာဗေးရောက်မသွားအောင် သတိထားပြီး လမ်းကြောင်း ပြောင်းပေးနေရသည်။

* * *

'ရော်ဘင်. . . ရော်ဘင်. . . ငါ ခေါ်နေတာ ကြားသလား'

'ကြားတယ် ဂျိမ်းစ်'

'မင်းဘယ်မှာလဲ'

'အိစ်ဂိတ် စားသောက်ဆိုင်ထဲမှာ ဂျင်းပီယာကို ခေါ်ပြီး ငါ့ဆီ ထို့လာခဲ့ပါလား'





'ကောင်းတယ်၊ ငါးမိနစ်အတွင်း တို့ရောက်လာမယ်၊ မဟုတ် သေးဘူးတွ ဆယ်မိနစ်ထား၊ ငါ လမ်းဖြည်းဖြည်းလျှောက်မှ ဖြစ်မယ်'

သားနှစ်ယောက် စားသောက်ပြီးသောအခါ ရော်ဘင်က ကျသင့်ငွေ ထုတ်ပေးသည်။ ပြီးတော့ ထိုနေ့အတွက် သူ ငှားထား သည့် မော်တော်ကားပေါ်သို့ သားများကိုတင်ပြီး အိမ်သို့ပြန် ခိုင်း လိုက်သည်။

'သားတို့နဲ့အတူတူ ဖေဖေ ပြန်မလိုက်သေးဘူးလား'

'မလိုက်သေးဘူး၊ ဖေဖေ ခုနှစ်နာရီလောက်မှာ ပြန်ရောက်မယ်လို့ မေမေ့ကို ပြောလိုက်'

ရော်ဘင်က စားသောက်ဆိုင်ထဲသို့ ပြန်လာသည်။ သူ့ထံသို့ လျှောက်လာနေသော ဂျိမ်းစ်နှင့် ဂျင်းပီယာကို လှမ်းမြင်နေရသည်။

'ဘာကြောင့် အစီအစဉ်ကို ပြောင်းပစ်လိုက်ရပြန်တာလဲ။ ပြင်ရဆင်ရတာ တစ်နာရီ ကျော်ကျော်တောင် ကြာတယ်ကွ'ဟု ဂျင်းပီယာက စ,မေးသည်။

'ကိစ္စမရှိပါဘူးကွာ၊ မင်း ဒီအတိုင်းပဲ ဆက်လုပ်ရမှာပါ၊ တို့ ကံကောင်းသွားတယ်၊ ဟာဗေးနဲ့ လမ်းပေါ်မှာ စကားပြောခဲ့ရတယ်၊ ခွေးသားကြီးက သူ့ဟိုတယ်မှာ လက်ဖက်ရည် လိုက်သောက်ဖို့ ဖိတ်တယ်၊ ငါက ငြင်းလိုက်တယ်၊ ဘလာရာဒန်ရုံးကိုလာဖို့ ငါက ပြန်ပြောလိုက်တယ်၊ စတီဖင်က မင်းတို့နှစ်ယောက်လဲ အဲဒီကို လာရမယ်တဲ့'

'ကောင်းတယ်၊ ဥယျာဉ်ပွဲမှာ ဘာပြဿနာမှမပေါ်ပါစေနဲ့ လို့ ဆုတောင်းနေတော့မှာပဲ'ဟု ဂျိမ်းစ်က ပြောသည်။

'သိပ်လဲ စိတ်ကြီး ဝင်မနေကြနဲ့ဦး'ဟု ဂျင်းပီယာက ပြော သည်။

'ဘာပဲ ဖြစ်ဖြစ်ကွာ. . . အလုံခန်းထဲမှာ လုပ်ရမှာဆိုတော့ ပိုကောင်းသွားတာပေါ့၊ စောစောက အစီအစဉ်အတိုင်းဆိုယင် လမ်းမကြီးပေါ်မှာ သယ်ရမှာ အန္တရာယ် ကြီးတယ်ကွ၊ အခုက ပိုလွယ်သွားမယ်'ဟု ရော်ဘင်က ပြန်ရှင်းပြသည်။

'ဟာဗေးမက်ကာ့စ်နဲ့ အလုပ်လုပ်ရတာ နည်းနည်းကလေးမှ မချောင်ပါလားကွာ'

ဂျင်းပီယာ ညည်းနေဆဲမှာပင် ရော်ဘင်က အစီအစဉ်များကို ရှင်းပြသည်။

'ကလာရာဒန်မှာရှိတဲ့ ရုံးကို လေးနာရီ ဆယ့်ငါးမိနစ် အရောက် လာခဲ့မယ်၊ လေးနာရီ မိနစ် နှစ်ဆယ်လောက်မှာ ဂျင်းပီယာလာခဲ့၊ ဂျိမ်းစ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



လေးနာရီ နှစ်ဆယ့် ငါးမိနစ် အရောက်လာ၊ ဒါပေမယ့် စောစောတုန်းက စီစဉ်ထားတဲ့အတိုင်း သရုပ်ဆောင်ကြရမှာကိုတော့ မမေ့နဲ့'

ဒုတိယ အဓိပတိကြီး ချိန်းထားချိန်ထက် နောက်ကျလျှင် မကောင်းကြောင်း၊ ထို့ကြောင့် ကလာရာဒန် ရုံးသို့သွားကြဖို့ အချိန်တော်ပြီ ဖြစ်ကြောင်း စတီဖင်က ဟာပေးကို ပြောသည်။

'ကောင်းပါတယ်'

ဟာပေးက လက်ပတ်နာရီကို မြှောက်ကြည့်သည်။ ဥယျာဉ်ပွဲ အတွင်းမှ နှစ်ယောက် အမှတ်တမဲ့ ထွက်လာကြသည်။

ကလာရာဒန် အဆောက်အအုံသည် အမေရိကန် သမ္မတ အိမ်ဖြူတော်နှင့်တူကြောင်း၊ အောက်စဖို့ တက္ကသိုလ်၏ အုပ်ချုပ်ရေး ရုံးခန်းများအားလုံး ယင်းအဆောက်အအုံကြီးတွင် ရှိကြောင်း စတီဖင်က ဟာပေးကို ရှင်းပြသည်။

သူတို့ရောက်သောအခါ ဒုတိယ အဓိပတိကြီး၏ ရုံးလုလင်နှင့် ရုံးခန်းဝမှာ တွေ့သည်။

'ဒုတိယ အဓိပတိကြီးက ဆရာတို့ကို ခေါ်ထားလို့'ဟု စတီဖင်က ပြောသည်။

ရုံးလုလင်မှာ အံ့အားသင့်နေသည်။ စောစောကလေးက ကလည်း ရော်ဘင် ရောက်လာ သည်။ ဒုတိယ အဓိပတိကြီး မစ္စတာဟာဘက်ကပ်က သူ့ရုံးခန်းမှာ သွားစောင့်နေရန် ပြောသဖြင့် လာသည်ဟု ဆိုသည်။ မစ္စတာ ဟာဘက်ကပ် အပါအဝင် သည်ရုံးမှာရှိနေကြသော တာဝန်ရှိသူများအားလုံးသည် နောက်ထပ် တစ်နာရီခွဲလောက်နှင့် ပြန်ရောက်မလာနိုင် သေးကြောင်းကို ရုံးလုလင်က သိသည်။

သို့သော်လည်း ရော်ဘင်၏ ကိုယ်ပေါ်မှာ ဘွဲ့ဝတ်ရုံကြီး ဝတ်ထားသောကြောင့် သူလည်း ဆရာတဦး ဖြစ်မည်ထင်ကာ ဘာမှမပြောပဲ ကြည့်နေလိုက်သည်။

ယခုလည်း စတီဖင်ရောက်လာပြန်သည်။ ထို့ကြောင့် ဟုတ်ပေါင်း ဟုတ်လိမ့်မည်ဟု ထင်သွားလေသည်။ စတီဖင်က ကျိတ်ပေးလိုက်သည့် တပေါင်တန် ငွေစက္ကူ အသစ်ကလည်း ပို၍ အထောက်အကူပြုသွားလေ သည်။

ဒုတိယ အဓိပတိကြီး၏ ရုံးခန်းအတွင်းသို့ သူတို့နှစ်ယောက် ဝင်လာကြသည်။ ရုံးခန်းကို ရှေးဟောင်း ဆန်ဆန်ပင် ပြုပြင်ထား သည်။

ရော်ဘင်သည် ဒုတိယ အဓိပတိ ကုလားထိုင်မှာ ထိုင်ကာ ပြတင်းပေါက်





ကို ကျော်ပြီး အပြင်သို့ ကြည့်နေသည်။

'မင်္ဂလာပါ ဒုတိယ အဓိပတိကြီး'

ရော်ဘင်က သူတို့ဘက်သို့ လှည့်ကြည့်နေသည်။

'ဟော... ပရော်ဖက်ဆာ... ကြွပါ... ကြွပါ...'

'မစ္စတာမက်ကော့ဖ်ကို ဒုတိယအဓိပတိကြီး မှတ်မိပါတယ် နော်'

'မှတ်မိပါတာပေါ့ဗျာ၊ မှတ်မိတာပေါ့၊ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာမက်ကော့ဖ်'

ရော်ဘင်က ဟန်မပျက်အောင် ပြန်ပြောရသည်။ သူ့စိတ်ထဲမှာကတော့ အိမ်ပြန်ရောက်သည်အထိ ဒုန်းစိုင်းပြီး ထွက်ပြေးသွားချင်နေသည်။

ခဏကြာအောင် ဟန်မပျက် စကားပြောနေကြသည်။ တံခါးခေါက်သံ ကြားရသည်။

'မင်္ဂလာပါ မော်ကွန်းထိန်းကြီး'

'ဒုတိယ အဓိပတိကြီးနဲ့ ပရော်ဖက်ဆာပိုတာ... မင်္ဂလာပါ'

'မစ္စတာ ဟာပေးမက်ကော့ဖ်နဲ့ မိတ်ဆက်ပေးခွင့်ပြုပါ ခင်ဗျာ'

'ဝမ်းသာပါတယ် ခင်ဗျာ'

'မော်ကွန်းထိန်းကြီးခင်ဗျာ... ကျွန်တော်တို့ အစီအစဉ်'

'မက်ကော့ဖ်ဆိုတဲ့လူ ဘယ်မှာလဲ ဟေ့'

စတီဖင်တို့ သုံးယောက် ကြက်သေသေသွားသည်။ အသက် ကိုးဆယ် ကျော်ခန့် အဘိုးကြီး တစ်ယောက် တုတ်ကောက်တစ်ချောင်း ကိုင်ပြီး အခန်းတွင်းသို့ ဝင်လာသည်။ သူပြောလိုက်သည့် အသံကလည်း အဘိုးကြီးအတိုင်း တုန်တုန်ယင်ယင် မပီမသ ဖြစ်သည်။

ရော်ဘင်ဆီသို့ သွားသည်။ အနားကပ်ကြည့်သည်။ မျက်မှောင်ကုပ်သည်။ ပြီးတော့မှ ဦးညွှတ် အရိုအသေပြုပြီး ပြောသည်။

'မင်္ဂလာပါ ဒုတိယ အဓိပတိကြီး ခင်ဗျာ'

သူ့အသံက အကျယ်ကြီး ဖြစ်သည်။ ပိုကျယ်တော့မှ အဘိုးကြီး တစ်ယောက်၏ အသံနှင့် ပိုတူလာသည်။

'မင်္ဂလာပါ တော်စလေ'

ဂျိမ်းစ်က ဟာပေးဆီသို့ လျှောက်သွားပြန်သည်။ ဟာပေး၏ ကိုယ်လုံးကို လက်ထဲမှ တုတ်ကောက်ဖြင့် ထိုးကြည့်နေသည်။

'မောင်နဲ့ ပတ်သက်ပြီး ကျုပ် အားလုံး အဆင်သင့်ဖြစ်နေပြီ သူငယ်'

ဟာပေးသည် 'သူငယ်' ဟု အခေါ် မခံခဲ့ရဖူးသည်မှာ နှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်ကျော် ကြာမြင့်ခဲ့ပြီ။

ကျန်သုံးယောက်က ဂျိမ်းစ်ကို ဝိုင်းငေးကြည့်နေကြသည်။ သူ သရုပ်ဆောင်ပုံကိုလည်း အံ့သြတကြီး ဖြစ်နေကြသည်။ ဘွဲ့ယူမည့် နှစ်တုန်းက ပြဇာတ်ကရာတွင် အဘိုးကြီးအဖြစ် ဂျိမ်းစ် အောင်အောင်မြင်မြင် သရုပ်ဆောင်ခဲ့ဖူးသည်ကို သူတို့ သုံးယောက်စလုံး မသိခဲ့ကြချေ။

ထို့ကြောင့်လည်း အသက်ကိုးဆယ်ခန့်ရှိနေပြီ ဖြစ်သော ဘဏ္ဍာတော်ထိန်းကြီးအဖြစ် သရုပ်ဆောင်ဖို့မှာ ဂျိမ်းစ်အတွက် ဘာမှ အခက်အခဲ မရှိတော့ချေ။

ဂျိမ်းစ်က ဟာဗေးကို ဆက်ပြောပြန်သည်။

'သူငယ် ဟားဗတ် တက္ကသိုလ်အတွက်တော့ အတော့်ကို ရက်ရက်ရောရော လှူခဲ့တာပဲ'

'အခုလို ထုတ်ဖော်ပြောတဲ့အတွက် အများကြီး ဂုဏ်ယူ ပါတယ် ဆရာကြီး ခင်ဗျာ'

ဟာဗေးက ရှိရှိသေသေ ပြန်ပြောသည်။

'သူငယ်. . . ကျုပ်ကို ဆရာကြီးလို့ မခေါ်နဲ့၊ မောင့်ကို ကျုပ် သဘောကျသွားပြီ၊ ဒါကြောင့် ဟော်စလေလို့ပဲ ခေါ်'

'ဟုတ်ကဲ့ပါ. . . ဟော်စလေ. . . ဆရာကြီး ခင်ဗျာ'

ဟာဗေးက အယောင်ယောင် အမှားမှား ဖြစ်နေသည်။

ကျန်သုံးယောက်က ဣန္ဒြေမပျက်အောင် အပြင်းအထန် ကြိုးစားနေကြရသည်။

'ဒုတိယ အဓိပတိကြီး၊ ကျုပ်က အသက်လည်း ကြီးပြီ၊ ကျန်းမာရေးလဲ သိပ်ကောင်းတာ မဟုတ်ဘူးနော်၊ ဒါကြောင့် အချိန်သိပ်ဆွဲမနေပါနဲ့၊ ဝိုင်အရက်ကလေးနဲ့များ ဧည့်မခံနိုင်ဘူး လား'

ဂျိမ်းစ်လုပ်နေပုံများမှာ လိုအပ်သည်များထက် ပိုနေပြီလားဟု စတီဖင်က စိုးရိမ်တကြီး စဉ်းစားနေမိသည်။ ဟာဗေးကို လှမ်းအကဲခတ်သောအခါ အလွန်သဘောကျနေသည်ကို တွေ့ရတော့မှ စိတ်သက်သာရာ ရသွားသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်အတွင်း အမေရိကန် လူမျိုးလေးယောက်တို့ ဝက်စ်မင်စတာ တံတားကြီးအံ့ား လက်ညှိုးထိုး ရောင်းခဲ့သည်မှာ သူလို လူမျိုးပင် ဖြစ်ပေလိမ့်မည်ဟု သဘောပေါက်စ ပြုလာသည်။

'ဟုတ်ပါတယ် ခင်ဗျာ၊ မစ္စတာ မက်ကော့ဖ်က ကျွန်တော်တို့ တက္ကသိုလ် ပညာသင်ကြားရေး လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တစ်စုံ တစ်ရာ အထောက်





အကူပြုဖို့ စိတ်ဝင်စားနေပါတယ်၊ ဒါကြောင့် ဒီအခမ်းအနားမှာ ဘဏ္ဍာတော်ထိန်းကြီးလည်း ရှိနေသင့်တယ် သဘောရလို့ ကျွန်တော် ဖိတ်လိုက်ရတာပါ'

ရော်ဘင်က ဣန္ဒြေရရ ပြောသည်။

'ဘဏ္ဍာတော်ထိန်းဆိုတာ ဘာလဲ'ဟု ဟာဗေးက မေးသည်။

'ငွေထိန်း သဘောမျိုးပါပဲ၊ တက္ကသိုလ်ကျောင်းတွေရဲ့ ရန်ပုံငွေတွေကို ထိန်းသိမ်းပေးရတဲ့ ရာထူးပေါ့ သူငယ်'ဂျိမ်းစ်က ခပ်ကျယ်ကျယ်ပြောသည်။ ကိုယ်သူလည်း အလွန်ယုံကြည် စိတ်ချနေပုံရသည်။ 'ဟောဒါကို ဖတ်ကြည့်လေ၊ သူငယ်အတွက် ကျုပ် အထူးတလည် စီစဉ်ပြီး ယူလာတာ၊ ဒီအထဲမှာ အောက်စဖို့ တက္ကသိုလ်တွေအကြောင်း အပြည့်အစုံရေးထား တယ်'

ဂျိမ်းစ်က ပြောပြောဆိုဆိုဖြင့် လမ်းညွှန်စာအုပ်ကို ဟာဗေးလက်သို့ ထိုးပေးသည်။ တက္ကသိုလ်စာအုပ်ဆိုင်များတွင် ပိုက်ဆံနှစ်ပေါင်ပေးလျှင် ထိုစာအုပ်မျိုး လိုသလောက်ရသည်။ မည်သူမဆို ဝယ်နိုင်သည်။ ဂျိမ်းစ်ကလည်း စာအုပ်ဆိုင်မှ ဝယ်လာခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ဟာဗေးကတော့ သူ့မို့လို့ စာအုပ်ကို အထူး အခွင့်အရေးနေဖြင့် ရသည်ဟု ယုံကြည်သွားလေသည်။

စတီဖင်က ဘာဆက်လုပ်ရမှန်းမသိပဲ ခေတ္တကြောင်နေသည်။ ဟာဗေးက သူ့အစီအစဉ်ကို သူ ဝင်လုပ်သွားလေ သည်။

'လူကြီးမင်းများ ခင်ဗျာ၊ ဒီကနေ့ ဒီနေရာကို ရောက်လာရတဲ့ အတွက် ကျွန်တော်သိပ်ကို ဂုဏ်ယူဝမ်းမြောက်နေတယ်ဆိုတာကို တင်ပြပါရစေ၊ ဒီနှစ်ဟာ ကျွန်တော့်အတွက် အလွန်တရာကို အံ့သြဖွယ်ကောင်းတဲ့နှစ် ဖြစ်နေပါတယ်၊ ဝင်ဘယ်လ်ဒန် တင်းနစ် ပြိုင်ပွဲမှာ အမေရိကန်လူမျိုးက ဖိုလ်ဆွဲသွားပါတယ်၊ ကျွန်တော် တသက်လုံး လိုချင်တောင့်တနေတဲ့ ဗင်းဂိုးရဲ့ ပန်းချီကားတစ်ချပ်ကိုလည်း ကျွန်တော်ရရှိလိုက်ပါတယ်၊ မွန်တီကာလိုမှာတုန်းကလဲ အမေရိကန်လူမျိုး ခွဲစိတ်ပါရဂူကြီးတစ်ယောက်က ကျွန်တော့် အသက်ကို ကယ်တင်ခဲ့ပါတယ်၊ အခုဆိုယင် သမိုင်းတွင်မယ့် ပုဂ္ဂိုလ်ကြီးများနဲ့ အတူတူ ဒီနေရာကို ကျွန်တော်ရောက်နေပါ တယ်၊ ဒါကြောင့် အောက်စဖို့ တက္ကသိုလ်ကို ကျွန်တော်လဲ ပူးပေါင်းလို စိတ် ပေါ်ပေါက်လာ ပါတယ်'

ဂျိမ်းစ်က ဝင်ပြီး လမ်းကြောင်းပေးပြန်သည်။

'သူငယ်ရဲ့ စိတ်ထဲမှာ ဘာတွေရှိနေသလဲ'

ဂျိမ်းစ်က ခပ်ကျယ်ကျယ် အော်မေးသည်။ နားထဲမှာ ထည့် ထားသော ကိရိယာ အုပ်ကိုလည်း နေရာမြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပါခင်ဗျာ၊ ကျွန်တော့်ဘဝရဲ့ ရည်မှန်းချက်ထဲမှာ ဘုရင့် ဖလား ပြိုင်ပွဲမှာ ကျွန်တော့် မြင်းအနိုင်ရဖို့ဆိုတာ တစ်ခုလဲပါပါတယ်၊ အခုတော့ အဲဒီ ဖလားကိုလဲ ကျွန်တော်ရခဲ့ပါပြီ၊ ဒါကြောင့် မြင်းပြိုင်ပွဲမှာ ရခဲ့တဲ့ ဆုငွေကို နာမည်ကျော် အောက်စဖို့ တက္ကသိုလ်ကြီးအတွက် လှူဒါန်းလိုပါတယ်'

'အဲဒီငွေက ပေါင်ရှစ်ထောင်ကျော်ကြီး မဟုတ်လား'ဟု စတီဖင်က အံ့ဩ... တကြီး မေးသည်။

'အတိအကျပြောရယင် ပေါင် နှစ်သောင်းတစ်ထောင့် နှစ်ရာ လေးဆယ် ဖြစ်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော် ဒေါ်လာနှစ်သိန်းခွဲ လှူလိုပါတယ်'

စတီဖင်၊ ရော်ဘင်နှင့် ဂျင်းပီယာတို့မှာ အံ့ဩလွန်းသဖြင့် ပါးစပ်ဟောင်း... လောင်း ပွင့်သွားကြလေသည်။ ဘာမှလည်း ပြန်မပြောနိုင်ကြ...

အစီအစဉ်ကြီး တစ်ခုလုံး ဂျိမ်းစ်တစ်ယောက်တည်းကသာ ခေါင်းဆောင်ပြီး သယ်ယူသွား လေတော့သည်။

'ကျုပ်တို့ လက်ခံပါတယ်၊ ဒါပေမယ့် ဒါကို ထုတ်ပြီး ကြေငြာ လို့တော့ မဖြစ်ဘူး၊ အခြေအနေပေးတဲ့အခါမှာ ဒုတိယ အဓိပတိကြီးက မစ္စတာဟာ... မက္ကမီလန်ကို အသိပေး လိုက်ဖို့ လိုမယ်၊ နောက်ပြီးတော့ ဟက်လ်ဒိုမက်ဒ... ကောင်စီကိုလဲ တင်ပြပေးပါ၊ ဒါပေမယ့် ဒီသတင်း အပြင်ကို ပေါက်ကြားသွား... လို့တော့ မဖြစ်ဘူး၊ ဒါကိုတော့ အားလုံး သဘောပေါက်ကြ ပါလိမ့်မယ်၊ ဒုတိ... အဓိပတိကြီးခင်ဗျာ. . . အလှူရှင်ကြီး မစ္စတာ ဟာဗေးမက်ကော့ဖ် ... ဘယ်လိုဂုဏ်ထူးဆောင်ဘွဲ့မျိုး ပေးအပ်သင့်တယ်ဆိုတာ အဆုံး အဖြတ်ပေး... စေလိုပါတယ်'

အခြေအနေအားလုံးကို ဂျိမ်းစ်တစ်ယောက်တည်းက ထိန်းသိမ်းပေး... သောကြောင့် ကျန်လူတွေအားလုံး စိတ်သက်သာရာ ရသွားကြသည်။ ရော်ဘ... က ဂျိမ်းစ်ကို လှမ်းမေးလိုက် သည်။

'ငွေကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်စေချင်ပါသလဲ ဟော်စလေ'

'ငွေသားထုတ်ယူနိုင်တဲ့ ချက်လက်မှတ်ပေးပါ၊ ဒါဆိုယင် ဒီငွေဟာ မစ္စတာ... မက်ကော့ဖ်ဆီက လာတယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး၊ ကင်းဘ... တက္ကသိုလ်က ငွေငတ်နေတဲ့ အကောင်တွေ မစ္စတာမက်ကော့ဖ်နောက်... တသက်လုံးအသေအလဲ လိုက်နေတာမျိုး အဖြစ် မခံနိုင်ဘူး၊ ဆာအော... ကျုပ်တို့ကို ငွေလှူတုန်းကလဲ ဒီလိုပဲ ဖုံးထားခဲ့ကြရတာပဲ မဟုတ်လား'

'ကျွန်တော် သဘောတူတယ်'

မော်ကွန်းထိန်းယောင်ဆောင်နေသော ဂျင်းပီယာက ဝင်ပြောသည်...





အမှန်ကတော့ ဂျိမ်းစ် ဘာတွေပြောနေမှန်းကို သူ ကောင်းကောင်း သဘောမပေါက်ပါ။ သို့သော်လည်း ခပ်တည်တည် ဝင်ဖိန်းလိုက်ခြင်း ဖြစ်လေသည်။

ဂျိမ်းစ်က စတီဖင်ကို ခေါင်းညိတ်ပြလိုက်သည်။ စတီဖင်က အခန်းထဲမှ ...ထွက်သွားသည်။ ရုံးလုလင် အခန်းသို့သွားပြီး ဆာဂျွန် အင်ဂျမင် အမည်ဖြင့် ...ထားသော ဝတ်ရုံကြီးကို သွားယူသည်။

'ဒီဝတ်ရုံကြီးကို ဘာကြောင့် ဒီလာပေးမှန်း ကျွန်တော်လဲ မသိပါဘူး ဆရာ၊ ...ကြီးရောက်နေလိမ့်မယ်လို့ ဆာဂျွန်ကလဲ မျှော်ချင်မှ မျှော်ထားမှာပါ'

'မပူပါနဲ့လေ၊ ကြုံယင် ဝင်ယူလာပေးဖို့ ဆာဂျွန်အင်ဂျမင်က ဆရာကို ...ထားလို့ပါ'ဟု စတီဖင်က ပြန်ပြောသည်။

စတီဖင် ပြန်လာသည်။ ဂျိမ်းစ်က ယခုလှူသည့် ငွေအကြောင်းကို ...ဗေးနှင့် မိမိတို့သာ သိထားဖို့လိုကြောင်း ဟာဗေးကို ရှင်းပြနေသည်။

စတီဖင်က အထုပ်ကို ဖြေသည်။ စာပေပါရဂူ ဒေါက်တာဘွဲ့ ဝတ်ရုံကြီး ...ခန့်ညားစွာ ပေါ်ထွက်လာသည်။ ဟာဗေးက ဝတ်သည်။

ရော်ဘင်က ဒုတိယ အဓိပတိအနေဖြင့် ဟာဗေး၏ ပခုံးပေါ်မှာ လက် ...ဘက်တင်ပြီး လက်တင်ဘာသာဖြင့် အနည်းငယ် ဖတ်သည်။ ဟာဗေးမှာ ...သာစိတ်ဖြင့် မနေတတ် မထိုင်တတ် ဖြစ်နေပုံရသည်။ မျက်နှာမှာလည်း ...ရောင်လွှမ်းနေသည်။

ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ပေးသည့် အခမ်းအနားကား မိနစ်ပိုင်း ...နည်းငယ်အတွင်းမှာပင် အောင်မြင်စွာ ပြီးဆုံးသွားလေ သည်။

ဂျိမ်းစ်က ပြောပြန်သည်။

'အခုလို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခံရတဲ့အတွက် ဝမ်းသာပါတယ် မစ္စတာ ...ကော့ဖ်၊ မနက်တုန်းက လုပ်ခဲ့တဲ့ အခမ်း အနားမှာ သူငယ် မပါခဲ့နိုင်တာ ...လေးတခုပဲ ဆိုးသွားပါတယ်၊ ဒါပေမယ့် မပူပါနဲ့၊ နောင်နှစ် အင်ကေးနီးယား ...ခမ်းအနားကြီးကျယင် သူ့ငယ်ကို ထပ်ဖိတ်မယ်၊ အခမ်းအနားနဲ့ ဂုဏ်ထူး ...ဆောင်ဘွဲ့ ထပ်ပေးမယ်'

အလွန်ကောင်းသော စိတ်ကူး၊ အလွန်ကောင်းသော အမူအရာ ဖြစ် ...ကြောင်း စတီဖင်က စဉ်းစားနေမိသည်။ မင်းသားကြီး လောရင့် အော်လီဗီယာ ...နှင့် သူ့ကို မီအောင်သရုပ်ဆောင် နိုင်လိမ့်မည် မဟုတ်ချေ။

'ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော်ကလဲ ငွေလှူတာ နောက်ကျနေတယ် ...တ်သား'



www.burmeseclassic.com

www.burmeseclassic.com



ဟာပေးက ထိုသို့ပြောပြီး စားပွဲမှာ ဝင်ထိုင်ကာ ချက် လက်မှတ် ရေးသည်။

'ဒီအကြောင်း ဘယ်သူ့ကိုမှ ဖွင့်မပြောပါဘူး ဆိုတာ ကျွန်တော် ကတိပေးပါတယ်'

ကျွန်လူများအားလုံးက ငြိမ်သက်စွာ ရပ်ကြည့်နေကြသည်။ ဟာပေး ထိုင်ရာမှ ထပြီး ဂျိမ်းစ်ကို ချက်လက်မှတ် လှမ်းပေး သည်။

'ဟာ. . . မဟုတ်ဘူး'

ဂျိမ်းစ်က အော်သည်။ အားလုံးက အလန့်တကြားဖြင့် သူ့ကို လှမ်းကြည့်ကြသည်။ သူ့ မျက်လုံးအစုံကလည်း ပြူးနေသည်။

'ဒုတိယအဓိပတိကြီး လက်ကို အပ်ပါ၊ ဒါထုံးစံပဲ'

ထိုအခါကျမှပင် အားလုံး အသက်ရှူနိုင် ကြတော့သည်။

'ကောင်းပါပြီ ခင်ဗျာ၊ ကျေးဇူးပြုပြီး ကျွန်တော့် အလှူငွေ လက်ခံစေလိုပါတယ် ခင်ဗျာ'

ဟာပေးက ရော်ဘင်ကို တောင်းပန်သည်။

'ကျေးဇူးတင်ပါတယ်၊ အင်မတန်အဖိုးတန်တဲ့ အလှူတော် ငွေပါ ဒီငွေကို အကျိုးအရှိဆုံး ဖြစ်အောင် အသုံးချပါ့မယ်'

ချက်လက်မှတ်ကို လှမ်းယူသည့် ရော်ဘင်၏ လက်များ မသိမသာ တုန်နေသည်ကို ကျွန်လူသုံးယောက်တို့က သတိထားမိ ကြသည်။

ထိုအချိန်မှာပင် ကျယ်လောင်စွာ တံခါးခေါက်သံပေါ်ထွက် လာသည်။

ဂျိမ်းစ်မှတစ်ပါး အားလုံး အသက်ရှူရပ်သွားသည်။ နှလုံးသွေး ရပ်သွားပြီလားဟု ထင်မိသည်။

ဂျိမ်းစ်ကတော့ ထိုသို့မဟုတ်။ တံခါးပေါက်ဆီသို့ လှမ်းကြည့် သည် အချိန်ရောက် မှတော့ ဘယ်လို ပြဿနာမျိုးနှင့်ပင် ရင်ဆိုင်ရ ရင်ဆိုင် သူ မမှုတော့မည့် ပုံမျိုးဖြစ်သည်။

ဝင်လာသူမှာ ဟာပေး၏ ဒရိုင်ဘာ ဖြစ်သည်။ အဖြူရောင် ယူနီဖောင်း ဝတ်ထားသည်။ အဖြူရောင် ဦးထုပ်ကြီးကို ဆောင်းထားသည် သည်လိုဟန်လုပ်သည့် အကျင့်မျိုးကို ဂျိမ်းစ် အလွန် မုန်းသည်။

'ကျွန်တော့် ဒရိုင်ဘာပါ ခင်ဗျာ၊ ဒီကနေ့ ကျွန်တော် လုပ်ကိုင် နေတာ အားလုံးကို အလစ်မပေးပဲ သူ လိုက်ကြည့်နေတယ် ထင်ပါရဲ့'

ဟာပေး၏ စကားကြောင့် သည်တခါမှာတော့ လေးယောက် စလုံး အသက်ရှူရပ်သွားသည်။ သို့သော်လည်း ဒရိုင်ဘာက ဘာမှမဖြစ်သလို





ပြောသည်။

'မော်တော်ကား အဆင်သင့် ဖြစ်နေပါပြီ ခင်ဗျာ၊ ချိန်းထားတဲ့ အစီအစဉ် တစ်ခုအတွက် ကလားရစ်ဟိုတယ်ကို ည ခုနစ်နာရီတိတိမှာ ပြန်ရောက်ဖို့ လိုပါတယ်'

'ဟုတ် သူငယ်'

ဂျိမ်းစ်က အဘိုးကြီး အသံနှင့် လှမ်းအော်သည်။

'ဟုတ်ကဲ့ပါ ဆရာကြီး'

ဒရိုင်ဘာက အထိတ်တလန့် လှမ်းကြည့်သည်။

'ဒီတက္ကသိုလ်ရဲ့ ဒုတိယအဓိပတိကြီး ရှေ့မှောက်ကို မင်းရောက်နေတယ် ဆိုတာ မသိဘူးလား'

'မသိပါဘူး ဆရာကြီး၊ ကျွန်တော်အများကြီး ဝမ်းနည်းပါတယ် ခင်ဗျာ'

မင်း ခေါင်းပေါ်က ဦးထုပ်ကို ချက်ချင်း ချွတ်လိုက်'

'ကောင်းပါပြီ ဆရာကြီး'

ဒရိုင်ဘာက ခေါင်းပေါ်က ဦးထုပ်ကို လက်ဖြင့်ပိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။ အချောင် အကြိမ်းခံလိုက်ရသည့် အတွက်လည်း သူ့ကိုသူ ကျေမနပ် ပြန်ဖြစ်နေမိသည်။

'ဒုတိယ အဓိပတိကြီး ခင်ဗျာ. . . စကားပြောလို့တော့ ကောင်းပါရဲ့၊ ဒါပေမယ့် အားလုံးကြားကြတဲ့အတိုင်း ကျွန်တော့်မှာလဲ ချိန်းထားတဲ့ အစီအစဉ် တစ်ခုက တန်းလန်းဆိုတော့. . .'

'ကောင်းပါပြီ. . . ကောင်းပါပြီ၊ ခင်ဗျားဟာ အလုပ် အလွန် များတဲ့လူ ဖြစ်ကြောင်း ကျွန်တော်တို့ သဘောပေါက်ကြပါတယ်၊ ခင်ဗျားရဲ့ ရက်ရက် ရောရော အလှူအတွက် လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း တရားဝင် ပြောပါရစေ၊ လူသားတွေ အတွက် အကျိုးရှိတဲ့လုပ်ငန်းတွေမှာ ကျွန်တော် တို့ အသုံးပြုပါ့မယ်လို့ ကတိပြုပါတယ်'

'အမေရိကန် ပြည်ထောင်စုကို ချောချောမောမော ပြန် ရောက်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ဗျာ၊ ကျွန်တော်တို့က ခင်ဗျားကို အမြဲ သတိရနေကြတော့မှာမို့ ခင်ဗျား ကလဲ ကျွန်တော်တို့ကို အမြဲသတိရ လိမ့်မယ်လို့ ယုံကြည်ပါ တယ်'ဟု ဂျင်းပီယာက ဝင်ပြော သည်။

ဟာပေးက တံခါးပေါက်ရှိရာသို့ လျှောက်သွားသည်။

'သူငယ်. . . မောင်တို့ပဲ သွားကြပေတော့၊ ကျုပ်ကတော့ အသက်ကြီးပြီ၊ လှေကား ကို သွက်သွက်လက်လက် ဆင်းနိုင် တက်နိုင်တာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ကတော့ ငယ်လဲငယ်သေးတယ်၊ ကျန်းလဲ ကျန်းမာတယ်၊ အလှအတန်းလဲ ရက်ရောပါပေတယ်'ဟု ဂျိမ်းစ်က ပြောသည်။

'ဒီလောက်ငွေကလေးက ကျွန်တော့်အတွက် မပြောပလောက်ပါဘူး ခင်ဗျာ'

ဟာဗေးက ခပ်ကြွားကြွား ပြောသည်။ ဟုတ်တာပေါ့ ခင်ဗျားကြီးအတွက်တော့ ဘယ်ပြောပလောက်မလဲဟု ဂျိမ်းစ်က စိတ်ထဲမှ တွေးလိုက်မိသည်။

စတီဖင်၊ ရော်ဘင်နှင့် ဂျင်းပီယာတို့က အသင့်စောင့်နေသည့် ဇိမ်ခံကားကြီးအရောက် ဟာဗေးကို လိုက်ပို့ကြသည်။

'ပရော်ဖက်ဆာ... ကျွန်တော်တော့ အဘိုးကြီး ပြောတာတွေ ကောင်းကောင်း သဘောမပေါက်ဘူး'

ဟာဗေးက သူ့ကိုယ်ပေါ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ဝတ်ရုံကြီးကို မနိုင်မနင်း သယ်ယင်း စတီဖင်ကို လှည့်မေးသည်။

'ဒီလိုပါ ခင်ဗျာ၊ ဘဏ္ဍာတော်ထိန်း မစ္စတာ ဟော်စလေက အသက်ထဲ ကြီးပါပြီ၊ နားကလဲ ကောင်းကောင်း မကြားတော့ဘူး၊ ဒါပေမယ့် စိတ်နှလုံးကတော့ သိပ်ကို ကောင်းတဲ့ပုဂ္ဂိုလ်ကြီးပါ၊ အခုကိစ္စကို ဘယ်သူမှ အသိမပေးနဲ့ သူကမှာလိုက်ပေမယ့် အောက်စဖို့ တက္ကသိုလ်အုပ်ချုပ်ရေးပိုင်းကိုတော့ အသိပေးမှာပါ၊ အပြင်လူတွေ မသိအောင် လျှို့ဝှက်ထားဖို့ကိုသာ ဆိုလိုတာပါ၊ ဒီလို ငွေလှူတဲ့အတွက် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်တယ် ဆိုတာ မရိုးသားတဲ့ သူဌေးကြီးတွေ သိသွားယင် ဂုဏ်ထူးဆောင်ဘွဲ့တွေကို ငွေတွေနဲ့ပေါက်ပြီး ဝယ်ယူတဲ့ အစဉ်အလာ ဖြစ်သွားမှာ စိုးလို့ပါခင်ဗျာ'

'ဟုတ်တာပေါ့... ဟုတ်တာပေါ့၊ ကျွန်တော် သဘောပေါက်ပါပြီ ကျွန်တော့်ဘက်ကတော့ စိတ်ချပါ၊ ဘယ်သူ့ကိုမှ မပြောပါဘူး ရော့ဒ်... ခင်ဗျားကို ကျေးဇူးတင်ပါတယ်၊ ခင်ဗျားကျေးဇူးကြောင့် အားလုံး ချောချောမောမော ဖြစ်သွားတယ်။ ကျွန်တော့် မိတ်ဆွေ ဒေါက်တာဝီလီဘာကာ ပါမလာတာ တော်တော်ဆိုးသွားတာပဲ'

ရော်ဘင်၏ မျက်နှာမှာ သွေးရောင်ရဲကနဲ လွှမ်းသွားသည်။

ဟာဗေးသည် ရိုးစ်ရွိုက်စ် မော်တော်ကားကြီးပေါ်သို့ တက်ပြီး လန်ဒန်သို့ ပြန်လည် ထွက်ခွာသွားလေတော့သည်။

တတိယတစ်ယောက် တာဝန်ကျေပွန်သွားပြန်လေပြီ။ ဆက်လက် အကောင်အထည်ဖော်ရန် တစ်ယောက်သာ ကျန်တော့သည်။

* * *





'ဂျိမ်းစ်ကတော့ကွာ... လက်ဖျားခါလောက်အောင်ကို ကောင်းတော့တာပဲ၊ အခန်းထဲကို သူ ဝင်လာလာချင်း ဘယ်က အဘိုးကြီးလဲလို့ ထင်လိုက်တာ'ဟု ဂျင်းပီယာက ပြောသည်။

'ဟုတ်တာပေါ့ကွာ၊ ဒီကောင်ကြီးကို သွားကယ်ကြဦးစို့၊ ဒီနေ့ တကယ့်ဇာတ်လိုက်ကတော့ သူပဲ' ဟု ရော်ဘင်က ပြောသည်။

သုံးယောက်သား လှေကားထစ်များအတိုင်း သွက်သွက်ငါးဦး အပြိုင် ပြေးတက်လာကြသည်။ သူတို့ကို အသက်ငါးဆယ်ကျော် ခြောက်ဆယ် အဘိုးကြီးများဟု ထင်မှတ်ရအောင် ရုပ်ပြောင်းထား သည်ကိုပင် မေ့သွားကြလေသည်။

ဒုတိယ အဓိပတိ၏ ရုံးခန်းအတွင်းသို့ ရောက်သောအခါ ဒုတိယ အဓိပတိအတုကြီး ဂျိမ်းစ်သည် ကြမ်းပြင်ပေါ်မှာလဲပြီး သတိလစ်နေသည်ကို တွေ့ကြရလေသည်။

* * *

နောက်တစ်နာရီမျှ ကြာသောအခါ မဂ္ဂဒါလင် တက္ကသိုလ်ရှိ စတီဖင်၏ အခန်းထဲမှာ သူတို့အားလုံး ပြန်ဆုံကြသည်။ ဂျိမ်းစ်ကို ဝီစကီ များများ တိုက်လိုက်သောကြောင့် သူ့ကျန်းမာရေး အခြေအနေက ပုံမှန်အနေအထားသို့ ပြန်ရောက်လာသည်။

'မင်းကတော့ မယုံကြည်နိုင်လောက်အောင်ကို တော်တာပဲကွာ၊ မင်းစပြီး သရုပ်ဆောင်တဲ့အချိန်မှာ ငါလန့်လိုက်တာ လွန်ပါရော'ဟု စတီဖင်က ပြောသည်။

'မင်းသရုပ်ဆောင်နေတာ ကလေးကိုသာ ရုပ်ရှင်ရိုက်ပြီး ပြရမယ်ဆိုယင် အတယ်ဒမီဆု ရမှာသေချာတယ်၊ မင်းအဖေကလည်း မင်းကို ဇာတ်မင်းသား အုပ်ခွင့်ပြုလိုက်မှာ အမှန်ပဲ'ဟု ရော်ဘင်က ပြောသည်။

ဂျိမ်းစ်က ထိုအကြောင်းများ အယ်နီကို ပြောပြချင်လှပြီ။ ထို့ကြောင့် သူ့ လက်ပတ်နာရီကို မြှောက်ကြည့်သည်။

'အယ်နီနဲ့ တွေ့ဦးမယ်... ဟိုက် ဒုက္ခပါပဲ၊ ခြောက်နာရီတောင် ခွဲနေပြီ၊ အခုချက်ချင်း လစ်တော့မှပဲ၊ အယ်နီနဲ့ ရှစ်နာရီမှာ တွေ့ဖို့ချိန်းထားတယ်၊ နောက် တနင်္လာနေ့ကျတော့မှ စတီဖင်အခန်းမှာ ညစာစားယင်း စကားပြောကြတာပေါ့ကွာ၊ အဲဒီအခါကျတော့ ငါ့အစီအစဉ်ကို တင်ပြပါ့မယ်'

ဂျိမ်းစ်က ပြောပြောဆိုဆိုဖြင့် အခန်းပြင်ဘက်သို့ အပြေးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဂျိမ်းစ် . . .'

သုံးယောက်စလုံး ပြိုင်တူခေါ်လိုက်သည်။ တံခါးပေါက်မှာ ဂျိမ်းစ်၏ မျက်နှာပြန်ပေါ် လာသည်။ သုံးယောက်စလုံးကပင် ပြိုင်တူပြောလိုက်ကြသည်။

'မင်း မတရားကြီးကို တော်ပါပေတယ်ကွာ'

သူ့မျက်နှာ ပြုံးဖြဲဖြဲကြီး ဖြစ်သွားသည်။ ပြီးတော့ လေ့ကား ထစ်များအတိုင်း ပြေးဆင်း လာခဲ့လေသည်။ အယ်လ်ဖာရိုမီယို ကားကလေး အတွင်းသို့ ဝင်ထိုင်သည်။ လန်ဒန်မြို့သို့ ဦးတည်ပြီး အမြန်ဆုံးနှုန်းဖြင့် တရကြမ်းမောင်းနှင်လာခဲ့တော့သည်။

အောက်စဖို့မှ လန်ဒန်ကင်းလမ်းရှိ သူ့အိမ်သို့ ရောက် အောင် ၅၉ မိနစ်သာ မောင်းခဲ့ ရသည်။ သူကျောင်းသားဘဝတုန်းက သည်လမ်းသည် ယခုလောက်မကောင်းသေး။ ထို့ကြောင့် တစ်နာရီခွဲ နှစ်နာရီ မောင်းခဲ့ ရဖူးသည်။ ယခုတော့ လမ်းတွေက ပိုကောင်းလာ သည်။ ထို့ကြောင့်လည်း ယခုလောက် အချိန်နှင့် ရောက်လာခြင်း ဖြစ်သည်။

အယ်နီနှင့် တွေ့ရမည်ဖြစ်သောကြောင့် သာမဟုတ်ပါ။ အယ်နီ၏ အဖေနှင့်ပါ တွေ့ရ မည်ဖြစ်သောကြောင့် နောက်ကျ မခံနိုင်ခြင်း ဖြစ်ပါသည်။

အယ်နီ၏ အဖေသည် ဝါရှင်တန်မြို့တွင် နေထိုင်သော ထိပ်တန်း သံ အမတ်ကြီးတဦး ဖြစ်သည်ဟု ဂျိမ်းစ် သိထားသည်။ သံတမန်များသည် အချိန်ကို အလွန်လေးစားတတ်ကြသည်။ သူကလဲ အချိန်ကိုလေးစားဖြင့် အယ်နီ၏အဖေက သူ့ကို အထင်ကြီးပေမည်။

နောက်တကြောင်းကလည်း အယ်နီကို သူ့မိဘများထံသို့ ခေါ် သွားခဲ့ဖူးပြီး သူရည်းစားထား သော မိန်းကလေးဖြစ်ကြောင်းလည်း အတည့်အလင်း ထုတ်ဖော် ပြောခဲ့ပြီးပြီ။ မိဘများက လည်း သဘောတူသည်။

ယခုဆိုလျှင် သူတို့၏ လက်ထပ်မည့်နေ့ကိုပင် ရွေးချယ်သတ်မှတ်ပြီး ဖြစ်သည်။ အယ်နီအဖေ၏ သဘောတူခွင့်ပြုချက်ကိုရဖို့သာ ကျန်တော့သည်။

အခန်းသို့ပြန်ရောက်သောအခါ ရေမြန်မြန်ချိုးသည်။ အသက်ကိုးဆယ် အရွယ် ထင်မှတ်ရအောင် ပြုလုပ်ထားသည့် မိတ်ကပ်များကိုဖျက်ရသည်။ ညစာစားပွဲတက်သည့် ဝတ်စုံကိုလဲသည်။

မေဖဲယားဟိုတယ်မှာရှိနေသော အယ်နီထံသို့ ရှစ်နာရီတိတိတွင် ရောက် အောင် သွားရမည်။ သူ့ကားပေါ် သို့တက်သည်။ စက်ကုန်ဖွင့်လိုက် သည်။ မန်တီကာလိုမှာ မောင်းရ သလို မောင်းရပြန်သည်။

၁၂ မိနစ်နှင့် ရောက်လာသည်။ လက်ပတ်နာရီကို ကြည့်သောအခါ ရှ





နာရီ ၅၈ မိနစ် ရှိနေပြီကို တွေ့ရသည်။

'ကောင်းသောညနေခင်းပါ မြို့စားကြီး'ဟု ဟိုတယ်ပိုင်ရှင်က ဆီးကြို နှုတ်ဆက်သည်။

'ကောင်းသော ညနေခင်းပါ၊ မစ္စဆမ်မာတန်နဲ့ ညစာစားဖို့ ချိန်းထားတယ်၊ ဘွန်တော့်ကား ကို လမ်းဘေးမှာ ဒီအတိုင်းရပ်ထားခဲ့တယ်၊ တဆိတ်လောက် နေရာသွားရွှေ့ပေးထားပါနော်'

ဂျိမ်းစ်က မန်နေဂျာကိုပြောယင်း အနားမှာရှိသည့် စားပွဲထိုး တစ်ယောက်၏ လက်ထဲသို့ တပေါင်တန် ငွေစက္ကူတစ်ရွက်နှင့် ကားသော့ကို ထည့်ပေး သည်။

'မြို့စားကြီးကို သီးသန့်ခန်းထဲပို့ပေးလိုက်စမ်းဟော့'

မန်နေဂျာက စားပွဲထိုးချုပ်ကို ခေါ်ပြောသည်။

စားပွဲထိုးချုပ် ဦးဆောင်ခေါ်ရာနောက်သို့ ဂျိမ်းစ်လိုက်သွားသည်။ အနီရောင် ကောဇော ကြီး ခင်းထားသည့် လှေကားအတိုင်း တက်လာကြသည်။ သုံးယောက် ညစာစားနိုင်အောင် အခန်းတခုထဲမှာ ပြင်ဆင်ထားသည်။

ကပ်လျက်အခန်းထဲမှ အယ်နီ၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက် ရသည်။ ချက်ချင်းဆိုသလိုပင် အယ်နီထွက်လာသည်။ အစိမ်းရောင်ဂါဝန်ကြီး နှင့် ပိုလို့ပင်လှနေသည်ဟု ဂျိမ်းစ်က ထင်မှတ်မိလေသည်။

'ဟော . . . မောင် ရောက်လာပြီ၊ လာပါ မောင် . . . ဖေဖေနဲ့ တွေ့လိုက်ကြရအောင်'

တဘက်ခန်းထဲသို့ အယ်နီ၏ နောက်မှ ဂျိမ်းစ်က ဝင်လိုက်သွားသည်။

'ဖေဖေ . . . ဟောဒီမှာ ဂျိမ်းစ် . . . ဂျိမ်းစ် . . . သူက ကျွန်မ ဖေဖေပဲ'

ဂျိမ်းစ်တစ်ကိုယ်လုံး နီသွားသည်။ ပြီးတော့ ဖြူသွားသည်။ နောက်ပြီးတော့ စိမ်းသွားသည်။

ခြေထောက်များညွှတ်သွားသည်။ လဲကျသွားတော့မလိုဖြစ်သည်။ ခုက်လုံးများ ပြာဝေ သွားသည်။

အယ်နီက သူ့ကိုထိန်းပေးလိုက်ပြီး လက်ကုတ်သည်။

'လာပါ . . . သူငယ် . . . လာပါ . . . သူငယ့်အကြောင်းကို ရှီစယ်လီက အမြဲပြောပြ နေလို့ အရမ်းတွေ့ချင်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

'ဟာဖေးလို့ပဲ ခေါ်ပါ'

ဂျိမ်းစ်မှာ အသက်မရှူနိုင်တော့၊ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်ဖြင့် မတုန်မလှုပ် ရပ်နေသည်၊ အယ်နီက ဟာဖေး မမြင်အောင် အဆက်မပြတ် လက်ကုတ်နေသည်။ ဂျိမ်းစ် ကတော့ ဘာစကားမှ မပြောနိုင်တော့ပါ။

အခြေအနေ အတော်ဆိုးနေပြီကို ရိပ်မိသော အယ်နီက ဝင်ထိန်းလိုက်သည်။

'ဝီစကီ သောက်မလား ဂျိမ်းစ်'

အယ်နီ၏ အမေးကိုလည်း သူ ရုတ်တရက် မဖြေနိုင်ပါ၊ သူ့လည်ချောင်းထဲမှာ အသံတွေ ပျောက်ကုန်ပြီဟု ထင်သည်၊

'သူငယ်... မင်းတို့ စီစဉ်ထားတာတွေကို သိချင်တယ်၊ လွန်ခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ သမီးနဲ့လဲ ကျုပ် များများစားစား တွေ့နိုင်ခဲ့တာ မဟုတ်ဘူး ဒါပေမယ့် မင်းတို့ အစီအစဉ်တွေ ဘယ်လိုရှိမယ်ဆိုတာကိုတော့ မှန်းထားပြီးသားပါ'

အယ်နီ ယူလာပေးသည့် ဝီစကီဖန်ခွက်အပြည့်ကို ဂျိမ်းစ်က တကျိုက်တည်း မော့ချပစ်လိုက်သည်၊ အယ်နီက နောက်တစ်ခွက် အပြည့်ထည့်ပေးပြန်သည်။

'ဖေဖေနဲ့ တွေ့ဖို့ဆိုတာလဲ လွယ်တာမဟုတ်ဘူးလေ၊ သမီးက စံပြမယ်လုပ်နေရတာ၊ အားတယ်ကို မရှိဘူး၊ နောက်ပြီးတော့ လန်ဒန်မြို့ပေါ်မှာလဲ သိပ်နေရတာ မဟုတ်ဘူး ဖေဖေ'

'ဖေဖေသိပါတယ် ရိုစယ်လီ'

'ဂျိမ်းစ်က သမီးကို အယ်နီအဖြစ်နဲ့ပဲ သိထားပါတယ် ဖေဖေ'

'သမီးတို့ ဖေဖေတို့ နာမည်ပေးလိုက်တုန်းက ရိုစယ်လီလို့ ပေးလိုက်တာပါ။ ဒီနာမည်က သမီးမေမေအတွက်ရော၊ ဖေဖေ့အတွက်ပါ သိပ်ကောင်းနေပြီး သမီးအတွက်လဲ နာမည်ကောင်းတစ်ခုပဲလို့ ဖေဖေထင်တယ်'

'ဖေဖေ... စံပြမယ် လုပ်နေတဲ့ မိန်းကလေးတစ်ယောက်ကို ရိုစယ်လီ မက်ကော့ဖ်လို့ သိထားယင် ဘယ်ဖြစ်မလဲ၊ ဒါကြောင့် သမီး အပေါင်းအသင်း မိတ်ဆွေတွေ အားလုံးကလည်း သမီးကို အယ်နီဆိမ်မာတန်အဖြစ်နဲ့ပဲ သိထားကြတယ်'





'ဂျိမ်းစ် မင်းကရော ဘယ်လိုသဘောရသလဲ'

'သူ့အကြောင်း ကျွန်တော် ဘာမှ မသိတော့ပါကလားလို့ အခုပဲ စိတ်ထဲမှာ တွေးနေမိပါတယ် ခင်ဗျာ'

ဂျိမ်းစ်သည် တဖြည်းဖြည်းချင်း နေတတ်ထိုင်တတ် ဖြစ်လာသည်၊ ဟာဖေး လုံးဝမမှတ်မိကြောင်း သိသာထင်ရှားနေသည်။

ဂျင်းပီယာ၏ ပန်းချီအရောင်းဆိုင်တုန်းကလည်း သူနှင့် မျက်နှာချင်း မဆိုင်ခဲ့ရ။ မွန်တီကာလိုမှာလည်း သူတို့ချင်း လုံးဝ မျက်နှာချင်းဆိုင် မတွေ့ခဲ့ရပါ၊ ဝင်ဘယ်လ်ဒန် တင်းနစ်ကစားကွင်းနှင့် အေးစကော့ မြင်းပြိုင်ပွဲမှာလည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါသည်၊

ညနေတုန်းက အောက်စဖို့တက္ကသိုလ်မှာ တွေ့ကြရာတွင်လည်း သူက အသက် ကိုးဆယ်အရွယ်ရှိ အဘိုးကြီးတစ်ယောက် သဏ္ဌာန် မိတ်ကပ်ခြယ်ထားသည်၊ ထို့ကြောင့်လည်း မည်သည့်နည်းနှင့်မှ သူ မှတ်မိနိုင်စရာ အကြောင်း မရှိပါ။

သို့သော်လည်း တနင်္လာနေ့ သူတို့လေးယောက်ကို အစည်းအဝေး ပြန်ထိုင်ကြသောအခါတွင် သူမည်သို့ ပြောရမည်နည်း၊ မည်သည့်အစီအစဉ်များကို တင်ပြရမည်နည်း၊ သူ ဆန့်ကျင်ရမည့်သူဟာ ဟာဖေးမက်ကော့ဖ်သည် သူ့ယောက္ခမလောင်းကြီး ဖြစ်နေလေရာ မည်သို့ ဆက်လက်စခန်းသွားရမည်နည်း၊

'ညစာစားယင်း စကားပြောကြတာပေါ့'

ဟာဖေးက သူတို့၏ အဖြေကို မစောင့်တော့ပဲ ထိုင်ရာမှ ထသည်။ ညစာအတွက် စီစဉ်ထားသော ကပ်လျက် အခန်းကလေးဆီသို့ သွားသည်၊

'ရိုစယ်လီမက်ကော့ဖ်... မောင့်ကို ရှင်းပြဖို့ တာဝန် မင်းမှာရှိနေပြီ'

ဟာဖေးအလစ်တွင် ဂျိမ်းစ်က တိုးတိုးကလေး ပြောသည်။

အယ်နီက သူ့ပါးကို ဖွဖွကလေးနမ်းသည်၊

'ကျွန်မအလိုကို ဖေဖေလိုက်လျောအောင် လုပ်ပေးနိုင်သူဟာ ကျွန်မဘဝမှာ မောင် ပထမဦးဆုံးလူပါပဲ မောင်ရယ်၊ ဒါလောက်ဆိုယင် ကျွန်မကို မောင် ခွင့်မလွှတ်နိုင်သေးဘူးလား၊ မောင့်ကို ကျွန်မ ချစ်ပါတယ်'

'ဟော့... မင်းတို့နှစ်ယောက် မလာကြသေးဘူးလား၊ ဘေးက လူတွေ မြင်သွားယင် အခုမှ မြင်ဖူးကြတဲ့ နှစ်ယောက်လို့ ထင်သွားဦးမယ်'

အယ်နီနှင့် ဂျိမ်းစ်သည် ဟာဖေးထိုင်နေသည့် စားပွဲမှာ ဝင်ထိုင်ကြရသည်၊ အစားအသောက်များမှာ ထိပ်တန်းအကောင်းစားများချည်း ဖြစ်လေသည်၊



www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . ဂျိမ်းစ်. . . မင်းနဲ့အယ်နီ လက်ထပ်ဖို့ နေ့ရက်ကို ရွေးထားပြီး ကြပြီလို့ ကျုပ်နားလည်တယ်'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ မစ္စတာမက်ကော့ဖ်ရဲ့ ခွင့်ပြုချက်ကို ယူဖို့ပဲ ကျန်ပါတော့တယ်'

'ဟာဗေးလို့ခေါ်ပါ၊ ကောင်းပြီ၊ ကျုပ်ခွင့်ပြုတယ်၊ ဘုရင့် ဖလားပွဲမှာ ကျုပ်မြင်းအနိုင်ရ ခဲ့တဲ့အတွက် အယ်နီကို ချားလ်စ်မင်းသားနဲ့ ပေးစားယင် ကောင်းမလားလို့ ကျုပ်က စဉ်းစားထားတာ၊ အခုတော့လဲ မြို့စားလောက်နဲ့ပဲ ကျေနပ်လိုက်ရတော့မှာပေါ့'

အဘိုးကြီးက သူ့စကားသူ သဘောကျပြီး ရယ်သည်။

'ဒီနှစ် ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲ အမျိုးသမီး ဗိုလ်လုပွဲ နေ့တုန်းက သမီးလာကြည့် ယင် ဘယ်လောက်ကောင်းမလဲလို့ ဖေဖေက စိတ်ကူးနေတာ အဲဒီနေ့တုန်းက ဆွစ်ဇာလန်က ဘဏ်သဌေးကြီးနဲ့ အတူတူထိုင်ကြည့်ခဲ့ရတယ် သူနဲ့စကားပြောရတာ ပျင်းစရာကောင်းလိုက် တာ လွန်ပါရော'

အယ်နီက ဂျိမ်းစ်ကိုလှမ်းကြည့်ပြီး မသိမသာ ပြုံးပြသည်။

ထိုနေ့တုန်းက တဘက်ခြမ်းမှနေပြီး သူတို့နှစ်ယောက် ထိုင်ကြည့် နေခဲ့သည်ကို ဟာဗေး ကတော့ မသိရှာပေ။

စားပွဲထိုးများက စားပွဲပေါ်မှ စားပြီး ပန်းကန်များကို သိမ်းသွား သည်။ စားပွဲခင်းအသစ် လဲပေးသည်။ နောက်ထပ် စားစရာများ ပြင်ဆင်ပေးသည်။

'ဖေဖေ မွန်တီကာလိုမှာ ရှိနေတုန်းက သမီးဖုန်းဆက်တဲ့အတွက် သိပ်ကို စိတ်ချမ်းသာသွားတယ်၊ ဖေဖေကတော့ သေရတော့မယ်လို့ ထင်ခဲ့တယ်၊ ဂျိမ်းစ် . . . ပြောပြယင် ယုံနိုင်စရာ အကြောင်းတောင်မရှိဘူး၊ ကျုပ်ဗိုက်ထဲကနေပြီး လိမ္မော်သီး လောက်ကြီးတဲ့ ကျောက်တုံးကြီးကို ခွဲထုတ်လိုက်ရတယ်၊ ကမ္ဘာပေါ်မှာ အတော်ဆုံး ခွဲစိတ်ကုပါရဂူကြီးက ခွဲပေးတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရဦးတော့မယ်၊ သမ္မတကြီးရဲ့ ဆရာဝန်လေ ဒေါက်တာ ဝီလီဘာထ တဲ့၊ ကျုပ် အသက်ကို သူကယ်လိုက်တာပဲ'

ဟာဗေးက သူ့ရှပ်အင်္ကျီ ကြယ်သီးများကို ဖြုတ်ပြီး သူ့ ဗိုက်ပေါ်မှ အရှည်လေး လက်မခန့်ရှိ အနာရွတ်ကြီးကို လှန်ပြသည်။

'ဒီမှာ ကြည့်စမ်းပါဦး ဂျိမ်းစ်. . . ဘယ်လိုထင်သလဲ'

'အမှတ်အသားတစ်ခု ဖြစ်သွားတာပေါ့ဗျာ'

'ဖေဖေ. . ဘာတွေလှန်ပြနေတာလဲ စားတုန်းသောက်တုန်း'

'လုပ်မနေစမ်းပါနဲ့ သမီးရယ်၊ ယောကျ်ားတစ်ယောက်ရဲ့ ဗိုက်ပေါ်





ဂျိမ်းစ်မြင်ဖူးတာ ဒါ ပထမဦးဆုံးအကြိမ် မဖြစ်နိုင်ပါဘူး'

အဲဒါကြီးကို ကျွန်တော်မြင်ဖူးတာ ဒါ ပထမဆုံးအကြိမ် မဟုတ်ပါဘူး ဟု ဂျိမ်းစ်က ပြောနေမိသည်။

ဟာဗေးက အင်္ကျီကြယ်သီးများ ပြန်တပ်သည်။

'ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သမီးဖုန်းဆက်လိုက်တာ ဖေဖေ စိတ်ချမ်းသာ သွားပါတယ်၊ ဖေဖေခွဲပြီးတော့ ဒေါက်တာဘာကာကို ဆက်စောင့်ခိုင်းရသေး တယ်၊ ခွဲစိတ်ထားခါစဆိုတော့ တခုခု ထပ်ဖြစ်မှာစိုးလို့လေ၊ အဲဒီ ဆရာဝန်ကို ပေးလိုက်ရတဲ့ ငွေကလဲ'

ဂျိမ်းစ်၏လက်ထဲမှ ဝိုင်အရက်ဖန်ခွက် လွတ်ကျသွားသည်။ စားပွဲခင်း ဖြူဖြူမှာ အနီကွက်ကြီးစွန်းသွားသည်။

'ဝမ်းနည်းပါတယ် ခင်ဗျာ'

'ဂျိမ်းစ်. . . မင်း နေကောင်းရဲ့လား'

'ကောင်းပါတယ် ခင်ဗျာ'

ဂျိမ်းစ်က အယ်နီကို မသိမသာလှမ်းကြည့်သည်။ သူ့ မျက်လုံးထဲမှာ ဒေါသရိပ်များ ရှိနေသည်ကို တွေ့ရသည်။ ဟာဗေးကတော့ ဘာမှမဖြစ်သလို နေသည်။

'စားပွဲခင်း အသစ်လဲပေးစမ်းဟေ့၊ မြို့စားကြီးအတွက်လဲ ဝိုင်အရက်ခွက် အသစ်ယူလာခဲ့'

စားပွဲထိုးက ချက်ချင်းလဲပေးသည်။ ဝိုင်အရက်ပုလင်း အသစ်တစ်လုံးကို သည်း ဖောက် ထည့်ပေးသည်။

အယ်နီသည် သူ့အဖြစ်ကိုကြည့်ကာ သုံးလလုံးလုံး ဝမ်းထဲက ကျိတ်ရယ် နေပေလိမ့်မည်။ သည်အတိုင်းဆိုလျှင်တော့ သူ့ကိုလည်း အရှုံးပြန်လုပ်ရတော့ မည်၊ ဟာဗေးကသာ အခွင့်အရေး ပေးမည်ဆိုလျှင်တော့ အယ်နီကို အရှုံးပြန လုပ်ဖို့ ဝိုင်းဖြတ်လိုက် လေသည်။

'မင်း မြင်းပွဲဝါသနာပါလား ဂျိမ်းစ်'

'ပါပါတယ်ခင်ဗျာ၊ ဘုရင့်ဖလားပွဲမှာ ဗိုလ်စွဲခဲ့တဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်'

စားပွဲထိုးက ရှင်းစရာရှိသည်များကို ရှင်းပေးနေသောကြောင့် ဟာဗေး အာရုံ တဘက်သို့ ပြောင်းသွားသည်။

ထိုအခိုက် အယ်နီက သူ့ကို တိုးတိုးကလေး ကပ်ပြောသည်။

'သိပ်ပြီး ဟန်ဆောင်မနေနဲ့ မောင်၊ မောင်တို့ ထင်ထားသလို သူက



www.burmeseclassic.com

www.burmeseclassic.com



သိပ်အတုံးစားကြီး ထဲက မဟုတ်ဘူးနော်'

'ဒီလိုဆိုယင် မင်း ဘယ်လိုမြင်သလဲ'

'ခင်ဗျာ. . .'

'ရိုစယ်လီကို ပြောတာပါ'

'သိပ်ကို ကောင်းတဲ့ မြင်းပါခင်ဗျာ၊ ကျွန်တော် ဝင်းပလေး ငါးပေါင်စီ လောင်းထည့်လိုက် ပါသေးတယ်'

'ဟုတ်တာပေါ့၊ အဲဒီ ပွဲနဲ့ သမီးလွဲသွားတာ တော်တော်ဆိုးတယ် ဘုရင်မကြီး ကိုယ်တိုင် ဆုဖလားချီးမြှင့်တာ၊ နောက်ပြီးတော့ အောက်စဖို့ တက္ကသိုလ်က ပရော်ဖက်ဆာပိုတာ ဆိုတဲ့ လူနဲ့လဲ တွေ့ခဲ့ရတယ်၊ သိပ်တော်တဲ့ လူ'

'ပရော်ဖက်ဆာ ပိုတာလား ခင်ဗျာ'

ဂျိမ်းစ်က သူ့မျက်နှာကို ဝိုင်အရက်ခွက်နှင့် မသိမသာ ကွယ်ယင်း ပြန်မေးသည်။

'ဟုတ်တယ်၊ ပရော်ဖက်ဆာပိုတာ. . . သူ့ကိုသိသလား ဂျိမ်းစ်'

'မသိပါဘူးခင်ဗျာ၊ ကြားတော့ ကြားဖူးပါတယ်၊ နီဘယ်ဆုရတဲ့ ပုဂ္ဂိုလ်ကြီး မဟုတ်လား ခင်ဗျာ'

'သိပ်ဟုတ်တာပေါ့၊ အောက်စဖို့ကို သူကဖိတ်လို့ အခမ်းအနားမှာ တက်ခဲ့ရသေးတယ်၊သိပ်စိတ်ချမ်းသာစရာကောင်းတာပဲ၊ သူတို့အတွက်ဒေါ်လာ နှစ်သိန်းခွဲလဲ လှူခဲ့တယ်၊ ပရော် ဖက်ဆာပိုတာ သိပ်သဘောကျသွားတယ်'

'ဖေဖေ. . . အဲဒီအကြောင်းတွေ သူများကို မပြောရဘူး မဟုတ်လား'

'ဟုတ်တယ်လေ. . . ဒါပေမယ့် ဂျိမ်းစ်က ဖေဖေတို့မိသားစုဖြစ်သွားပြီ'

'ဘာကြောင့် သူများတွေကို အသိမပေးရမှာလဲ ခင်ဗျာ'

ဂျိမ်းစ်က အတည်ပေါက်ဝင်မေးသည်။

'အင်း. . . ပြောရမှာတော့ အရှည်ကြီးပဲ ဂျိမ်းစ်၊ ဒါပေမယ့် ဒီအကြောင်း ပြန်ပြောရမှာ ကျုပ်အဖို့ ဂုဏ်ယူစရာကြီး ဖြစ်နေတယ်၊ ဒါတွေဟာ ထိပ်တန်း လျှို့ဝှက်တွေဆိုတာကိုတော့ မင်းနားလည်ထားဖို့လိုတယ်၊ ပါမောက္ခပိုတာက ကျုပ်ကို ဧည့်သည်တော်အဖြစ် အင်ကော နီးယားပွဲတော်ကို တက်ဖို့ဖိတ်တယ် ဟာရီး မက္ကမီလန်နဲ့ကျုပ် နေ့လည်စာ အတူတူစားခဲ့ရ တယ်။ဟာရီး မက္ကမီလန်ကို မင်းသိမှာပေါ့၊ မင်းတို့ဝန်ကြီးချုပ်ဟောင်းလေ၊ ဉယျာဉ်ပွဲကိုပါ တက်ခဲ့တယ်၊ အဲဒီနောက်ပိုင်းမှာ ဒုတိယအဓိပတိ နဲ့ တွေ့တယ်၊ သူ့ရုံးခန်း ထဲမှာ တွေ့ကြတာ၊ မော်ကွန်းထိန်းတက်တယ်၊ ဘဏ္ဍာတော်ထိန်းဆိုတဲ့





အဘိုးကြီးတက်တယ်၊ အောက်စဖို့မှာတုန်းက မင်းက ဘယ်တက္ကသိုလ်တက်ခဲ့ တာလဲ ဂျိမ်းစ်'

'ခရိုက်ချပ်ချ် တက္ကသိုလ်ပါ ခင်ဗျာ'

'ကျုပ်တော့ အောက်စဖို့တက္ကသိုလ်အကြောင်းကို ဘယ်လိုမှ သဘော ပေါက်တော့မှာ မဟုတ်ဘူးထင်တယ်'

'သဘောပေါက်ဖို့လဲ မလွယ်ပါဘူး ခင်ဗျာ'

'ကျုပ်ကို ဟာဗေးလို့ပဲခေါ်ပါ၊ အဲဒီလိုနဲ့ ကလာရာဒန် အဆောက်အုံမှာ ရှိတဲ့ ဒုတိယအဓိပတိရဲ့ ရုံးခန်းထဲမှာကျုပ်တို့တွေ့ကြတယ်၊ ကျုပ်က ဒါလောက် ငွေတွေ များများလှူလိုက်တော့ သူတို့အားလုံးအံ့အားသင့်လွန်းလို့ စကား တောင်မပြောနိုင်အောင် ဖြစ်ကုန်ကြတယ်၊ အသက်ကိုးဆယ်လောက်ရှိတဲ့ အဘိုးကြီး တစ်ယောက်ပဲ ဟန်မပျက် စကားပြောနိုင်တယ်၊ အဘိုးကြီးက ဘဏ္ဍာတော် ထိန်းတဲ့လေ၊ တော်တော်ရယ်စရာကောင်းတယ်၊ ဘာကြောင့် လဲဆို တော့ကျုပ်လိုသန်းကြွယ်သဌေးကြီး တစ်ယောက်ကို ဘယ်လိုချဉ်းကပ်ရမယ် ဆိုတာ သူတို့ နားမလည်ကြဘူး၊ ကျုပ်ငွေနှစ်သိန်းခွဲလဲ ထုတ်ပေးလိုက်ရော အားလုံး ပါးစပ်ဟောင်းလောင်း ဖြစ်သွား တော့တာပဲ'

'အင်မတန်ကိုရက်ရောတဲ့ အလှူပေပဲ ဟာဗေး'

'ဒါ ဘာဟုတ်ဦးမှာလဲ၊ ဘဏ္ဍာတော်ထိန်းဆိုတဲ့ အဘိုးကြီးက ငါးသိန်း ဆောင်းမယ်ဆိုယင်လဲ ကျုပ်မဆိုင်းမတွ ပေးလိုက်မှာပဲ၊ ဒါပေမယ့် သူက တောင်းဘူး၊ ဂျိမ်းစ်. . . မင်းမျက်နှာ တွေ ဖြူဖပ် ဖြူရော်ဖြစ်နေပါလား၊ မင်း နေကောင်းရဲ့လား'

'နေကောင်းပါတယ် ခင်ဗျာ၊ အောက်စဖို့ တက္ကသိုလ်အကြောင်း ပြောနေ တဲ့အတွက် ကျွန်တော် အဲဒီမှာ ကျောင်းနေခဲ့တဲ့အချိန်တွေကို ပြန်ပြီး လွမ်းသလိုလို ဖြစ်သွားမိလို့ပါ'

အယ်နီက စကားဝိုင်းထဲသို့ ဝင်လာသည်။

'ဖေဖေ. . . ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ပြန်မပြောပါ ဘူးလို့ ဒုတိယ အဓိပတိကြီးကို ဖေဖေ ကတိပေးခဲ့တယ် မဟုတ် လား၊ ဒါကြောင့် နောက်ထပ် ဘယ်သူ့ကိုမှ ဖွင့်ပြောမပြဖို့ ဖေဖေ ကတိတည်ရမယ်နော်'

'ဖေဖေ့ကို ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့လဲ ပေးလိုက်ကြ တယ်၊ လာမယ့်ဆောင်းရာသီ တက္ကသိုလ်မှာ ဖေဖေဆောက်လှူတဲ့ မက်ကော့ဖ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျယင်တော့ အဲဒီဘွဲ့ဝတ်စုံကြီး ကို ထုတ်ဝတ်မှာပဲ'

ဂျိမ်းစ် ချက်ချင်းခေါင်းထောင် ထလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲ. . . အဲ. . . မဖြစ်ဘူး ခင်ဗျ၊ အဲဒါကြီးကို ဝတ်လို့ မဖြစ်ဘူး ခင်ဗျ၊ အဲဒါကြီးက အောက်စဖို့ တက္ကသိုလ်မှာ ကျင်းပတဲ့ အခမ်းအနားတွေကျမှ ဝတ်ခွင့်ရှိပါတယ်'

'ဟုတ်လား. . . တော်တော်ဆိုးတာပေါ့၊ မင်းတို့ အင်္ဂလိပ် လူမျိုးတွေကလဲ တယ်စည်းကမ်းကြီးတာပဲ၊ ဒီအကြောင်းပြောမိယင် မင်းတို့ မင်္ဂလာဆောင်ကိစ္စ ခေါင်းထဲမှာ ပြန်ပေါ်လာတယ်၊ မင်း တို့နှစ်ယောက် အင်္ဂလန်မှာပဲ အခြေချနေ ကြလိမ့်မယ်လို့ ဖေဖေ ထင်တယ်'

ဟုတ်ပါတယ် ဖေဖေ၊ ဒါပေမယ့် သမီးတို့ တစ်နှစ် တစ်ခေါက် ဖေဖေတို့ ဆီကို လာလည်မှာပေါ့၊ ဖေဖေလဲ ဒီကို တစ်နှစ်တခေါက် ရောက်နေတာပဲ၊ အဲဒီအချိန်မှာလဲ သမီးတို့ တွေ့ နိုင်ကြတာပေါ့'

စားပွဲထိုးက စားပွဲလာရှင်းသည်။ အယ်နီက သူ့အဖေကို လွန်ခဲ့သည့် နှစ်လအတွင်းက အတွေ့အကြုံများကို မပြောဖြစ် အောင် အခြားအကြောင်းများသို့ မသိမသာ စကားလမ်းကြောင်း ပြောင်းပေးနေသည်။

'ကော်ဖီသောက်မလား. . . ဘရန်ဒီသောက်မလား ခင်ဗျာ' ဟု စားပွဲထိုး က မေးသည်။

ဟတော်ပြီ၊ ဘာမှ မသောက်တော့ဘူး၊ ဘယ်လောက်ကျ တယ်ဆိုသာ တွက်တော့၊ ကလားရစ်ဟိုတယ်က ဖေဖေ့အခန်း ပြန်ရောက်တော့မှ တခါး ဆက်သောက်ကြတာပေါ့၊ သမီး၊ သမီးတို့ နှစ်ယောက်ကို ပြစရာတစ်ခု ရှိသေးတယ်၊ မင်းတို့နှစ်ယောက် စလုံး အကြီးအကျယ် အံ့အားသင့်သွားမယ်'

'ဒါဆိုယင်တော့ သမီးကြာကြာ မစောင့်နိုင်တော့ဘူး ဖေဖေ၊ အံ့ဩစရာ ကောင်းတာမျိုးကို ကြည့်ဖို့ သမီး သိပ်ဝါသနာပါတာ၊ ဂျိမ်းစ်. . . လာ. . . သွားကြစို့'

* * *

ဂျိမ်းစ်က သူတို့သားအဖနှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောနိုင် ရအောင် ရှောင်ပေးသည့်အနေဖြင့် မော်တော်ကား ကို ဟိုတယ်ဘေးရှိ ဂိုဒေါင် မှာ သွင်းထားသည်။

အယ်နီနှင့် ဟာဗေးက ဟိုတယ်ဆီသို့ လျှောက်သွားသည်။

'ဖေဖေ အံ့ဩမသွားဘူးလား ဟင်. . . '

'ဟုတ်ထယ်၊ အံ့ဩသွားတယ်၊ လူတော်လူကောင်း ကလေးပဲ၊ ဒါပေမယ့် သူ မနေတတ် မထိုင်တတ် ဖြစ်နေပုံရတယ်၊ ဘာပဲဖြစ်ဖြစ် သမီး မြို့စား ကတော်ကြီး ဖြစ်တော့မယ်ဆိုတော့ သမီး မေမေလဲ စိတ်ချမ်းသာသွားမှာပဲ'





'သမီးကို ဖေဖေကူညီခဲ့တာတွေ အများကြီးပါပဲ ဖေဖေ'

'ဟုတ်လား... ဖေဖေ ဘာတွေများ လုပ်ခဲ့မိပါလိမ့်'

'လွန်ခဲ့တဲ့ လေးငါးခြောက်ပတ်အတွင်း သမီးလုပ်ငန်းတွေ အောင်မြင်ခဲ့ တာဟာ တဘက်လှည့်နဲ့ ဖေဖေ ကူညီလို့ပဲပေါ့ ဖေဖေ၊ ကဲ... ဖေဖေ... အံ့ဩစရာကောင်းတဲ့ ပစ္စည်းဆိုတာ ဘာလဲဟင်... သမီး ကြည့်ချင်လှပြီ'

'ခဏစောင့်ပါဦး သမီးရယ်... သမီးတို့အတွက် ဖေဖေ ပေးမယ့် လက်ဖွဲ့ ပစ္စည်းတစ်ခုပါ'

ဟိုတယ်အပေါက်ဝမှာ ရပ်နေကြသည့် သူတို့သားအဖထံသို့ ဂျိမ်းစ် ရောက်လာသည်။ အယ်နီ၏ မျက်နှာအမူအရာကို ကြည့်ရခြင်းအားဖြင့် ဟာဗေးက သူ့ကို လက်ခံသွားပြီဖြစ်ကြောင်း ဂျိမ်းစ်က သိလိုက်လေသည်။

'မင်္ဂလာပါ မြို့စားကြီးခင်ဗျာ'

ဟိုတယ် အဝင်ဝတွင် အလုပ်သမားများက ဝိုင်းဝန်းနှုတ်ဆက် ကြသည်။

ဟာဗေးက သောက်စရာ အရက်ကောင်းများ သူ့အခန်းသို့ ပို့ပေးရန် မှာပြီး အပေါ်ထပ်တက်ခဲ့ကြသည်။ သည်လို ကြီးကျယ် ခမ်းနားသည့် အခန်းစုံ မျိုးကြီးကို ဂျိမ်းစ် မတွေ့ဖူးသေးပါ။ ယခု ပထမဆုံးအကြိမ် သည်လို အခန်းမျိုး ထဲသို့ ဝင်ဖူးခြင်း ဖြစ်လေသည်။

'ကလေးတွေ... မင်းတို့ကို ဖေဖေပေးမယ့် မင်္ဂလာလက်ဖွဲ့ပစ္စည်းကို ကြည့်ကြပေတော့'

ဟာဗေးက ဇာတ်မင်းသားဆန်ဆန် အခန်းတံခါးကို ဖွင့်ပြလိုက်သည်။

နံရံပေါ်တွင် ဗင်ဂိုး၏ ပန်းချီကားအတုကြီး ချိတ်လျက်သား ရှိနေသည်ကို တွေ့လိုက်ကြရလေသည်။

အယ်နီနှင့် ဂျိမ်းစ်က ငေးကြည့်နေကြသည်။ သူတို့နှစ်ယောက်စလုံး ဘာစကားမှ မပြောနိုင်အောင် ဖြစ်သွားကြလေသည်။

'ဖေဖေကိုယ်တိုင်လဲ ဒါကြီးကို မြင်လိုက်ရတော့ အခု မင်းတို့နှစ်ယောက် ဖြစ်သွားသလိုပဲ စကား မပြောနိုင်အောင် ပါးစပ်ဟောင်းလောင်း ပွင့်သွားတယ်'

အယ်နီ၏ အစ်တစ်တစ်အသံ ပေါ်ထွက်လာသည်။

'ဖေဖေ... ဗင်ဂိုးပန်းချီကားကြီးပဲ၊ ဒီကားကို ဖေဖေလိုချင်နေတာ ကြာပြီ မဟုတ်လား၊ ဒါကြောင့် ဖေဖေ မြတ်နိုးတဲ့ပစ္စည်းကို သမီး မလိုချင်ပါဘူး၊ နောက်တစ်ကြောင်းက ဒါလောက်တန်းဖိုးကြီးတဲ့ ပစ္စည်းကြီး သမီးတို့ အိမ်မှာထားလို့ ဖြစ်မယ်လဲ မထင်ဘူး၊ သမီးတို့မှာ တာဝန်သိပ်ကြီးသွားမယ်၊ သူတိုလဲ စောင့်ရှောက်မနေနိုင်ဘူးလေ၊ ဒါကြောင့် ဖေဖေ စုဆောင်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားတွေနဲ့ပဲ အတူတူထားပါ၊ ဟိုမှာ ထားတာက ပိုပြီးတော့လဲ လုံခြုံမှု ရှိပါတယ်၊ မဟုတ်ဘူးလား ဂျိမ်းစ်...'

'သိပ်မှန်တာပေါ့ကွယ်၊ ဒါကြီးကိုသာ အိမ်ထဲမှာ ထည့်ထားရမယ် ဆိုယင် တစက္ကန့်တောင် စိတ်ချမ်းသာနိုင်မှာ မဟုတ်ဘူး'

ဂျိမ်းစ်ကလည်း စိတ်မချမ်းမသာစွာဖြင့် ပြန်ပြောသည်။

'ဘော့စ်တွန်မြို့မှာပဲ ထားပါ ဖေဖေ၊ ဖေဖေ့ ပန်းချီကားကြီးက သိပ်ကို တန်ဖိုးကြီးလွန်းနေပါတယ်'

'ဒါပေမယ့် ဒါကြီးကို သမီး သဘောကျမယ်လို့ ဖေဖေထင်နေတာ'

'သဘောကျပါတယ် ဖေဖေ၊ တာဝန်မယူနိုင်လို့ ပြောနေရတာပါ၊ နောက်ပြီးတော့ မေမေကလဲ ဒါကို မြတ်နိုးမှာပဲ'

'ဒီလိုဆိုယင် သမီးတို့ကို ဘုရင့်ဖလားပွဲမှာ ဖေဖေရလာတဲ့ ဆုဖလားကြီး ကို လက်ဖွဲ့ပစ္စည်းအဖြစ် ပေးရမယ်၊ ဒါဟာ ဘုရင်မကြီးကိုယ်တိုင်က ဖေဖေ့ကို ပေးခဲ့တာ၊ သူတို့ ဖလားပွဲက နှစ်စဉ် နှစ်တိုင်း ဖလားကို အပိုင်ပေးတယ်ဆိုတော့ ဟန်ကျတာပေါ့'

သည်တခုကတော့ အတုမဟုတ်ပဲ အစစ်ဖြစ်နေသည့်အတွက် ဂျိမ်းစ်က အများကြီး စိတ်ချမ်းသာသွားလေသည်။ ယနေ့ ညဦးပိုင်းတွင် ပထမဦးဆုံး အကြိမ်အဖြစ်နှင့် စိတ်ချမ်းသာမိခြင်းလည်း ဖြစ်လေသည်။

ကော်ဖီသောက်ယင်း သူတို့မင်္ဂလာဆောင်ကိစ္စကို အသေးစိတ် ညှိနှိုင်း ဆွေးနွေးကြသည်။

'ရှိစယ်လီ... နောက်အပတ်ထဲကျယင် သမီး အမေရိကကိုပြန်ပါ၊ သမီး မေမေကို ဝိုင်းကူလုပ်ပေးပါ၊ သူ တစ်ယောက်တည်း စီစဉ်ရမယ်ဆိုယင် တတ်နိုင်မှာ မဟုတ်ဘူး၊ ဂျိမ်းစ်... မင်္ဂလာဆောင်ကို မောင့်မိတ်ဆွေ ဘယ်နှစ်ယောက် ဖိတ်မလဲ၊ မင်း ဧည့်သည်တွေအတွက် ရစ်ဇ်ဟိုတယ်မှာ အခန်းငှားထားပေးမယ်၊ မင်္ဂလာဆောင်ကို ထရီနီတီ ဘုရားကျောင်းမှာ လုပ်မယ်၊ ပြီးယင် အိမ်မှာ အင်္ဂလိပ်ထုံးစံအတိုင်း ဧည့်ခံပွဲလုပ်မယ်၊ အဲဒီအစဉ်တွေကို သဘောကျရဲ့လား ဂျိမ်းစ်...'

'အင်မတန်ကို ကောင်းပါတယ်ခင်ဗျာ၊ စိတ်ကူးအင်မတန် ကောင်းတာပဲ ဟာဗေး'

'ကျုပ်က အလုပ်လုပ်ယင် ဒီလိုပဲ သေချာအောင် စီစဉ်တတ်တယ် ဘယ်တော့မှ ဟာကွက် ယွှောကွက် မရှိစေရဘူး၊ ဒီတော့ အမေရိကာကို ရှိစယ်လီ မပြန်မီ မင်းတို့နှစ်ယောက် အသေးစိတ် အစီအစဉ်တွေကို ထပ်ညှိကြပါဦး'





ကျုပ်က မနက်ဖြန် အမေရိက ကို ပြန်တော့မှာ'

အပြာရောင်ဖိုင်တွဲထဲရှိ စာမျက်နှာ နံပါတ် ၃၈(က)ကို ဂျိမ်းစ်က မေ့သတိရလိုက်မိလေ သည်။

ဂျိမ်းစ်နှင့် အယ်နီက နောက်ထပ် တစ်နာရီခန့်ကြာအောင် မင်္ဂလာ ဆောင်ကိစ္စများကို ဆက်လက်တိုင်ပင်နေကြသည်။ သန်းခေါင်ရောက်လုတော့ မှပင် သူတို့ပြန်ရန် ထိုင်ရာမှထကြသည်။

'မနက်ဖြန် မနက်ကျယင် ဖေဖေနဲ့ အယင်လာတွေ့မယ်နော်'

'ကျွန်တော်တို့ကို ခွင့်ပြုပါဦး ခင်ဗျာ'

လက်ဆွဲနှုတ်ဆက်ပြီး ထွက်လာကြသည်။

'ဖေဖေဟာ တကယ်တော်ပါတယ်လို့ မောင့်ကို ကျွန်မ ပြောခဲ့တယ် မဟုတ်လား'

'အင်မတန် တော်တာပဲ၊ မင်းအမေ လင်ရက်ကောင်းတယ်လို့ ပြောရမှာ ပေါ့'

ဓာတ်လှေကားထဲသို့ ရောက်သောအခါ အခြား လူနှစ်ယောက် ပါနေ သောကြောင့် သူတို့ စကားမပြောဖြစ်ကြတော့ပါ။

ဂျိမ်းစ်၏ မော်တော်ကားကလေးထဲသို့ ရောက်သည်နှင့်တပြိုင်တည်း ဂျိမ်းစ်က အယ်နီကို သူ့ပေါင်ပေါ်သို့ မှောက်လျက် ဆွဲတင်ကာ တင်ပါးကို လက်ဝါးဖြင့် တဖြန်းဖြန်း ရိုက်လေတော့ သည်။

အယ်နီမှာ ရယ်ရမလား၊ ငိုရမလား ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွား လေသည်။

'ဘာဖြစ်လို့ ရိုက်ရတာလဲ'

'လက်ထပ်ပြီးယင် မောင်တို့မိသားစုထဲမှာ ဘယ်သူဟာ အိမ်ဦးနတ်အစင် လဲဆိုတာ မေ့မသွားအောင် ကြိုတင်သတိပေးထားတာ'

'ဒါ သက်သက်အနိုင်ကျင့်တာပဲ၊ ကျွန်မကတော့ မောင့်ကို ကူညီနိုင်ဖို့ ဘာလျှောက်လုံး ကြိုးစားလာခဲ့တာပါ'

အယ်နီ၏ အိမ်ခန်းသို့ အပြန်ခရီးတွင် ဂျိမ်းစ်က ကားကို တရကြမ်းမောင်း သွားသည်။

'ဘာဖြစ်လို့ မဟုတ်တာတွေလိမ်ပြောရတာလဲ၊ မင်းမိဘတွေက ဝါရှင်တန် က သံတမန် အမှုထမ်းဆိုကွ'

'ဟုတ်ပါတယ် မောင်ရယ်... ဒါပေမယ့် မောင်တို့ အစီအစဉ်နဲ့ လိုက်လိမ်နေတဲ့လူဟာ ကျွန်မအဖေပါပဲလို့ ဘယ်လိုလုပ်ပြောနိုင်မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်မလဲ တခြားတခုခုကို ပြောင်းပြီး ပြောရတော့တာပေါ့'

'ဒီအခြေအနေရောက်လာမှတော့ ကျန်တဲ့အဖွဲ့ဝင်တွေကို မောင်ဘယ်လို လုပ် သွားပြောရ မှာလဲ'

'ဘာမှ မပြောပဲနေ မောင်. . . သူတို့ကို မင်္ဂလာဆောင်ဖိတ်လိုက်ပါ။ ကျွန်မအမေက အမေရိကန်သူဖြစ်တဲ့အတွက် ဘော့စ်တွန်မှာပြန်ပြီး မင်္ဂလာဆောင်တာလို့ ပြောထားပေါ့၊ မောင်ရဲ့ယောက္ခမကြီး ဘယ်သူလဲဆိုတာကို သိသွားယင် သူတို့မျက်နှာတွေ ဘယ်လိုနေမလဲ ဆိုတာ ကျွန်မကြည့်ချင်လို့၊ နောက်ပြီးတော့ မောင့်မှာအချိန်တွေ ရှိနေသေးတာပဲ၊ မောင့်ဘက် က တာဝန်ကျေအောင် တစ်ခုခုစီစဉ်ဖို့အချိန်ရှိပါသေးတယ်'

'အခု ပတ်ဝန်းကျင် အခြေအနေတွေက ပြောင်းလဲကုန်ပြီပဲကွာ'

'မပြောင်းလဲသေးပါဘူး မောင်၊ သူတို့က သူတို့အစီအစဉ်တွေနဲ့ အောင်မြင်သွားပြီ၊ မောင်က ဘာမှမလုပ်ရသေးဘူး။ ဒါကြောင့် အမေရိကကို ရောက်တဲ့အခါမှာ ဘာလုပ်ယင် ကောင်းမလဲဆိုတာကို မောင်စဉ်းစားထားပေါ့'

'မင်း အကူအညီတွေသာမပါယင် မောင်တို့လုပ်ငန်းတွေ တစ်ခုမှ မအောင်မြင်နိုင်ဘူး ဆိုတာ အခုတော့ဘူးပေါ်သလို ပေါ်ကုန်ပြီပေါ့ကွာ'

'မဆိုင်ပါဘူး မောင်ရယ်၊ ဂျင်းပီယာရဲ့ အစီအစဉ်ထဲမှာ ကျွန်မ ဘာမှ ပါတာမှမဟုတ်ပဲ၊ ကျွန်မက နောက်ကြောင်း ရာဇဝင်ကလေးနည်းနည်းပါးပါးပဲ ပြောတာပါ၊ ကျွန်မတင်ပါးကို နောက်မရိုက်ပါဘူးလို့ မောင်ကတိပေးပါနော်'

'ကတိပေးပါတယ်ကွယ်. . . မောင့်စိတ်ထဲမှာတော့ အဲဒီပန်းချီကားကြီးကို ပဲ အမြဲတမ်း ပြန်မြင်နေတော့မှာပဲ'

နောက်တစ်နေ့ မနက်တွင် အယ်နီက ဂျိမ်းစ်ကို ထားခဲ့ပြီး သူ့အဖေနှင့် သွားတွေ့သည်။ နေ့ခင်းပိုင်းတွင် ဘော့စ်တွန်မြို့သို့ ဟာဗေး လေယာဉ်ပျံဖြင့် ပြန်ရာ သူတို့နှစ်ယောက်စလုံး လေဆိပ်သို့ သွားရောက် ပို့ဆောင်နှုတ်ဆက်ကြသည်။

လေဆိပ်မှ မြို့ထဲသို့ ပြန်လာချိန်တွင် ဂျိမ်းစ်က သူ့လူတွေကို မည်သို့မျှား ပြောလေမည် နည်းဟု အယ်နီ စဉ်းစားလာသည်။ ဂျိမ်းစ်ကိုလည်း ထပ်ခါ တလဲလဲ မေးသည်။

ဂျိမ်းစ်က ရေငုံနှုတ်ပိတ်လုပ်နေသည်။ နောက်ဆုံး မေးလွန်းမကမေးတော့မှ ပြန်ပြောသည်။

'စောင့်ကြည့်ဦးလေ၊ မောင့်ဟာမောင် ကြည့်စီစဉ်ပါ့မယ်၊ ဒါပေမယ့် တနင်းလာနေ့ မင်း အမေရိကကို ပြန်ရမယ်ဆိုလို့ မောင်တတော့ ဝမ်းသာ နေတယ်'





၁၈

တနင်းလာနေ့သည် ဂျိမ်းစ်အဖို့အလုပ်အများဆုံးနေ့ ဖြစ်သည်။ အယ်နီက အမေရိကသို့ ပြန်သည်။ ထို့ကြောင့် လေဆိပ်သို့လိုက်ပို့ပေးသည်။

ပြီးတော့ ညနေပိုင်းတွင် သူတို့လေးယောက်ဂိုဏ်း အစည်းအဝေးပြုလုပ်မည်ဖြစ်ရာ သူ့ဘက်က တင်ပြစရာရှိသည်များကိုပြင်ဆင်ရသည်။ အခြားသုံးယောက်က သူတို့ အစီ အစဉ်များအားလုံးကို အကောင်အထည်ဖော်ပြီးကြပြီ ဖြစ်သည်။ သူတစ်ယောက်သာ ကျန်တော့သည်။

ဟာဗေးသည် သူ့ယောက္ခမလောင်းဖြစ်နေသည့်အတွက် တခုခုစီစဉ်ဖို့ ပိုခက်သွားသည်။ နောက်ပြီးတော့လည်း ညနေ အစည်းအဝေးတွင် ကျန်လူများကို မည်နည်းမည်ပုံပြောရမည် ဆိုသည်ကိုလည်း မတွေးတတ်အောင် ဖြစ်နေသည်။

ညနေပိုင်းတွင် အောက်စဖို့သို့ ကတိုက်ကရိုက် ထွက်လာခဲ့ရသည်။

'မင်းဟာ အမြဲတမ်း နောက်ဆုံးမှချည်း ရောက်တယ်ဂျိမ်းစ်'

သူရောက်သွားသောအခါ စတီဖင်ကဆီးဟောက်သည်။

'ဝမ်းနည်းပါတယ်ကွာ၊ ငါ့မှာ ပြဿနာလေး နည်းနည်း. . .'

'အင်မတန်ကောင်းတဲ့ အစီအစဉ်ကြီးတစ်ခုကို မင်းလုပ်နေတာလို့ ငါမျှော်လင့်ပါတယ် သူငယ်ချင်း'ဟု ဂျင်းပီယာက ဝင်ပြောသည်။

ဂျိမ်းစ်က တစုံတရာပြန်လည်ဖြေကြားခြင်းမပြုပါ။ သူတို့အချင်းချင်း တစ်ယောက် အကြောင်းကို တစ်ယောက်ကောင်းကောင်းသိနေကြပြီဖြစ်သည်။ ငယ်ငယ်ကလေး ကတည်းက ပေါင်းခဲ့သည့် သူငယ်ချင်းများပင်လျှင် သည်လောက် သိနိုင်ကြမည်မဟုတ်။ အကျပ်အတည်း အခက်အခဲတွေ့သည့် အချိန်တွင်တွေ့ရသော အပေါင်းအသင်း မိတ်ဆွေသည်သာလျှင် စစ်မှန် သော အပေါင်းအသင်း မိတ်ဆွေဖြစ်သည်ဟု သူ့အဖေက ပြောဖူးသည်။

ယခုလည်း သူငယ်ချင်းများသည် သေပေါင်း ရှင်ပေါင်းများဖြစ်နေကြချေပြီ။ စတီဖင် တာဝန်ဝတ္တရားများ ကုန်ဆုံးသဖြင့် အမေရိကန်သို့ ပြန်သွားလျှင် သူတို့အဖို့ အကောင်းဆုံး သူငယ်ချင်းတစ်ယောက် ဆုံးရှုံးသွားခြင်း ဖြစ်ကြောင်းကိုလည်း သဘောပေါက်နေမိကြသည်။

စတီဖင်သည် သူတို့ချင်းတွေ့ကြသောအခါတွင် အောင်ပွဲခံသည့်အနေနှင့် ဘယ်တော့မှအချိန်မဖြုန်း။ ယခုလည်း စားပွဲထိုးများ ထွက်သွားသည်နှင့် တပြိုင်တည်း စားပွဲကို ပုတ်လိုက်သည်။ အစည်းအဝေးစပြီဖြစ်ကြောင်း ကြေငြာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို မင်းတို့ ကတိတစ်ခုပေးပါ'

အစည်းအဝေး စကြောင်း ကြေငြာပြီးသည်နှင့် တပြိုင်တည်း ဂျင်းပီယာက စပြောသည်။

'ဘာကိုလဲ'ဟု စတီဖင်က မေးသည်။

'ငါတို့ ရစရာရှိတဲ့ ပိုက်ဆံတွေ တပြားမကျန် ပြန်ရပြီးပြီ ဆိုယင် အဲဒီစားပွဲထိပ်မှာ ငါထိုင်မယ်၊ ငါရဲ့ ခွင့်ပြုချက်မရပဲ ဘယ်သူမှ စကားပြောခွင့် မရှိဘူး'

'သဘောတူတယ်၊ ဒါပေမယ့် တို့ပိုက်ဆံတွေ အကုန်ပြန်မရမချင်းတော့ မင်း စားပွဲထိပ်မှာ ထိုင်ခွင့်မရှိဘူး၊ တို့ကို အမိန့်ပေးခွင့်လဲ မရှိဘူး။ ကဲ... ငွေစာရင်း ရှင်းတမ်းကို နားထောင်၊ ဟာဗေးဆီက ဒေါ်လာ ၇၇၇,၅၆၀ ပြန်ရပြီးပြီ၊ အောက်စဖို့တက္ကသိုလ် စစ်ဆင်ရေး ကုန်ကျစရိတ် ဒေါ်လာ ၅၁၇၈ ရှိတယ်၊ ဒါကြောင့် ကုန်ကျစရိတ် စုစုပေါင်း ဒေါ်လာ ၂၇,၆၆၁ နဲ့ ၂၄ ဆင့် ရှိသွားတယ်၊ အဲဒါကို နုတ်လိုက်ယင် ဟာဗေးဆီမှာ တို့ရစရာ ဒေါ်လာ ၂၅၀,၁၀၁ နဲ့ ၂၄ ဆင့် ကျန်သေးတယ်'

စတီဖင်က နောက်ဆုံးငွေစာရင်းရှင်းတမ်း စာရွက်များကို ကျန်အဖွဲ့ဝင်များအား တစ်ရွက်စီ ဝေပေးသည်။

'အဲဒီစာရွက်ကို စာမျက်နှာနံပါတ် ၆၃ (ဂ) လို့ထိုးပြီး မင်းတို့ ဖိုင်တွဲတွေထဲမှာ ထည့်ထားပါ'

'ဟုတ်ပါပြီ၊ အခု နောက်ဆုံး စစ်ဆင်ရေးမှာ ကုန်ကျစရိတ်တွေက များလှချည်လားကွ' ဟု ရော်ဘင်က ပြောသည်။

'ကုန်ကျစရိတ်များသွားတာက ငွေလဲလှယ်နှုန်းပြောင်းလဲသွားလို့၊ မင်းတို့ အင်္ဂလိပ်ပေါင် စတာလင်ငွေက တန်ဖိုးကျသွားတယ်၊ တို့က ဒေါ်လာနဲ့ တွက်နေတာ၊ မင်းတို့ကို ပေးတဲ့စာရင်း ရှင်းတမ်းထဲမှာ ငွေလဲလှယ်နှုန်းတွေပါ ဖော်ပြထားတယ်'

'သူ့ဆီမှာ ပိုက်ဆံလေး တစ်ပြားလောက်တောင် မင်းအကျန် မခံနိုင်တော့ဘူးလား'ဟု ဂျိမ်းစ်က ဝင်မေးသည်။

'တပြားမှ အကျန်မခံနိုင်ဘူး၊ တို့ဆက်ပြီး မဆွေးနွေးခင် မှတ်တမ်းဝင်ဖို့... '

'တို့ အစည်းအဝေးက တဖြည်းဖြည်းနဲ့ ပါလီမန်နှစ်ရပ်ပေါင်း အစည်းအဝေးနဲ့ ပိုတူလာနေပြီ'ဟု ဂျင်းပီယာက ပြောသည်။

'ပေါက်ကရတွေ မပြောနဲ့ကွာ'ဟု ရော်ဘင်က အော်သည်။

'ဟာလေလမ်းက ဝေလေကြီး... မင်းဘာနားလည်လို့လဲ'





တစ်ယောက်တပေါက် ငြင်းခုန်ကြယင်းဖြင့် သူတို့အသံများကို ပိုညံလာသည်။

'တိတ်ကြစမ်း၊ မင်းတို့ ဘာမှပြောမနေနဲ့၊ သူ့ဆီက တို့ ရစရာ ၂၅၀,၁၀၁ ဒေါ်လာနဲ့ ၂၄ ဆင့်ကျန်တယ်'ဟု စတီဖင်က ပြောသည်။

'အစွန်းထွက် ၂၄ပြားကလေးကို လျှော့မပစ်လိုက်နိုင်ဘူးလားစတီဖင်၊ ဒါလေးက မဖြစ်လောက်ပါဘူးကွာ'ဟု ဂျင်းပီယာက ပြော သည်။

'တို့ ဒီမှာ ပထဦးဆုံးစပြီး အစည်းအဝေးလုပ်ကြတုန်းကလဲ မင်းအဆူဆုံး ကောင်ပဲ၊ အခုလဲ မင်းအဆူဆုံးကောင်ပဲ၊ မလျှော့နိုင်ဘူးကွ၊ တပြားမှ အဆုံးမခံနိုင်ဘူးလို့ မင်းတို့ကို ငါ ပြောထားပြီးပြီ မဟုတ်လား'

သူတို့ဝိုင်းမှာ တိတ်သွားကြပြန်သည်။

'ဟာဗေးဆီမှာ တို့ရစရာငွေတွေကျန်သေးတယ်၊ အဲဒီငွေတွေ ပြန်ရအောင် လုပ်ဖို့က တော့ ဂျိမ်းစ်ရဲ့နောက်ဆုံးတာဝန်ပဲ ဒီတာဝန်သူ့ပခုံးပေါ်ကို လွှဲပြောင်းတင်မပေးခင် အောက်စဖို့စစ်ဆင်ရေးမှာ ဂျိမ်းစ်ဟာ အကောင်းဆုံး သရုပ်ဆောင်ခဲ့သူအဖြစ် တို့မှတ်တမ်း တင်ရမယ်၊ ကန့်ကွက်မယ့်လူရှိသလား'

စတီဖင်၏ စကားဆုံးသည်နှင့် တပြိုင်တည်း ဂျင်းပီယာနှင့် ရော်ဘင်တို့နှစ်ယောက်က စားပွဲကို လက်ဝါးဖြင့်ပုတ်ပြီး ထောက်ခံကြောင်း တင်ပြကြသည်။

'ကဲ. . . ဂျိမ်းစ် . . . မင်း တင်ပြမယ့် အစီအစဉ်ကို နားထောင်ဖို့ တို့အားလုံး အဆင်သင့် ဖြစ်နေပြီ'

အခန်းထဲမှာ တိတ်ဆိတ်သွားပြန်သည်။

'ငါ့အစီအစဉ် ပြီးကာနီးပါပြီကွာ'

ဂျိမ်းစ်က မပွင့်တပွင့် ပြောသည်။

အားလုံးက မယုံသလို ဝိုင်းကြည့်နေကြသည်။

'ဒါပေမယ့် မင်းတို့ကိုတင်ပြစရာကလေး တစ်ခုရှိနေတယ်ကွာ၊ ငါ့အစီအစဉ်ကို အကောင်အထည်မဖော်မီ ငါ့ကိုအချိန်တော့ နည်းနည်းပေးစေချင်ပါတယ်'

'မင်း မိန်းမယူတော့မယ်ပေါ့လေ'

'မှန်ပါတယ် ဂျင်းပီယာ'

'မင်း ဒီအခန်းထဲကိုဝင်လာကတည်းက ငါသိပြီးပါပြီကွာ၊ ငါကချက်ဆိုအနွက်က မီးတောက်တဲ့ အကောင်၊ မင်း အမျိုးသမီးနဲ့ တို့ ဘယ်တော့ တွေ့ရမှာလဲ'ဟု ဂျင်းပီယာကပင် ဆက်မေး သည်။

'ငါ့အမျိုးသမီး စိတ်ပြောင်းမသွားခင်မှာပဲတွေ့ပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



စတီဖင်က သူ့ဒိုင်ယာရီကို ပြန်လည်စစ်ဆေးကြည့်နေသည်။

'မင်း အချိန်ဘယ်လောက်များများလိုချင်သလဲ'

'အယ်နီနဲ့ ငါနဲ့က ဩဂုတ်လ ၃ ရက်နေ့မှာ ဘော့စ်တွန်မြို့မှာ မင်္ဂလာဆောင်မယ်၊ အယ်နီရဲ့အမေက အမေရိကန်လူမျိုးဖြစ်တယ်၊ အယ်နီကတော့ အင်္ဂလန်မှာပဲ နေတာပေါ့လေ၊ သူ့အမေ စိတ်ချမ်းသာအောင် အမေရိကန်ကို ပြန်ပြီး မင်္ဂလာဆောင်မှာပဲ၊ ပြီးယင် တို့များ ပျားရည်ဆမ်းခရီးထွက်မယ်၊ အင်္ဂလန်ကို ဩဂုတ်လ ၂၅ ရက်နေ့ ပြန်ရောက်မယ်၊ ငါ့ အစီအစဉ်တွေကို စက်တင်ဘာလ ၁၅ ရက်နေ့မှာ အကောင်အထည် ဖော်မယ်'

'ကောင်းပြီ၊ ငါကတော့ သဘောတူတယ်၊ ကျန်တဲ့လူတွေ သဘောထားက ဘယ်လိုလဲ'

ရော်ဘင်နှင့် ဂျင်းပီယာက သဘောတူညီကြောင်း ခေါင်းညိတ်ပြကြသည်။

'ငါ့အခန်းထဲမှာ တဲလက်စ်နဲ့ တယ်လီဖုန်း ခုနှစ်လုံး တပ်ပေး ဖို့လိုတယ်၊ ဂျင်းပီယာက ပြင်သစ်လူမျိုးဖြစ်တဲ့အတွက် ပါရီမြို့မှာသွားနေပါ၊ စတီဖင်က အမေရိကန်ပြည် ရှီကာဂိုမြို့မှာ သွားနေပါ၊ ရော်ဘင်က လန်ဒန်မှာနေပါ၊ ပျားရည်ဆမ်းခရီးကနေ ပြန်လာယင် အသေးစိတ် အစီအစဉ်ကို တင်ပြမယ်'

အားလုံးက ဂျိမ်းစ်ကို အထင်ကြီးသွားကြပြန်သည်။

'စတီဖင်. . . မင်းက ရွှေဈေးအတက်အကျတွေကို နေ့တိုင်း မှတ်ထားပါ၊ ဂျင်းပီယာ. . . မင်းက ငွေဈေးအတက်အကျကို လေ့လာထားပါ၊ ရော်ဘင်ကတော့ တဲလက်စ် ဘယ်လိုရိုက် ရမယ်ဆိုတာ လေ့လာထားပါ'

'ရော်ဘင်. . . မင်းကတော့ လွယ်တဲ့အလုပ်မျိုးကိုပဲ အမြဲရနေတာပဲ ပေါ့နော်'ဟု ဂျင်းပီယာက လှမ်းပြောသည်။

'မင်း ပြောလိုက်ယင်. . .'

'မင်းတို့အပေါက်တွေ ပိတ်ထားစမ်း'

ဂျိမ်းစ်က လှမ်းအော်သည်။ သူတို့အားလုံး မျက်နှာပေါ်တွင် အံ့ဩသည့် အမူအရာများ ပေါ်သွားသည်။ ပြီးတော့ ဂျိမ်းစ်ကိုလည်း ပိုလေးစားသွားကြသည်။

'မင်းတို့လုပ်ဖို့ မှတ်စုတွေ ငါလုပ်လာခဲ့တယ်'

ဂျိမ်းစ်က လက်နှိပ်စက်နှင့် ရိုက်ထားသည့် စာရွက်နှစ်ရွက်စီ ခွဲဝေပေးသည်။

'အဲဒီစာရွက်တွေကို စာမျက်နှာ နံပါတ် ၇၄ နဲ့ ၇၅ အဖြစ် မင်းတို့





တွဲမှာ ဆက်တွဲထား၊ အဲဒါတွေကို လေ့လာထားပါ၊ မစ္စအယ်နီဆမ်မာတန်နဲ့ ...ကားကြီး ဂျိမ်းစ်ဘရစ္စလေတို့ရဲ့ လက်ထပ်ပွဲကို တက်ဖို့ မင်းတို့အားလုံးကို ...တယ်၊ ဩဂုတ်လ ၂ ရက်နေ့ထွက်မယ့် ၇၄၇ ဂျက်လေယာဉ်ပျံနဲ့လိုက်ဖို့ ...င်းတို့အားလုံးအတွက် လက်မှတ်ဝယ်ထားပြီးပြီ၊ ဘော့စ်တွန်မြို့ကို ...ရောက်ယင်တည်းဖို့ ရစ်ဇ်ဟိုတယ်မှာ အခန်းငှားထားပြီးပြီ၊ မင်းတို့ အားလုံး ...တိုးသားအရဲ လုပ်ရမယ်'

ဂျိမ်းစ်က ထိုသို့ပြောယင်း သူ့ကိုယ်သူလည်း အထင်ကြီး သွားမိလေသည်။

'လေယာဉ်ပျံကွင်းမှာ ညနေ ၃နာရီထွက်မယ်၊ လေယာဉ်ပျံ ပေါ်ရောက် ...င် မင်းတို့ကို ငါ စာမေးပွဲစစ်မယ်'

'ကောင်းပါပြီ ဆရာကြီး'

ဂျင်းပီယာက အတည်ပေါက်လိုလို၊ နောက်သလိုလို ပြောသည်။

'ဂျင်းပီယာ. . . မင်းကို စစ်မေးတဲ့အခါကျယင် ပြင်သစ်လို ရော...လိပ်လိုပါ စစ်မယ်၊ ဘာသာစကားမှာပါ မင်းဘယ်လောက် ကျွမ်းကျင်သလဲ ...တာ ကြည့်ရမယ်'

နောက်ပိုင်းတွင် ဂျိမ်းစ်ကို ဗိုင်းနောက်ကြသည်။ ဂျိမ်းစ်ကမူ သူ့အစီ...ဉ်များ အောင်မြင်သွားလျှင် အားလုံးထဲမှာ ထိပ်ဆုံးသို့ ရောက်သွားမည်ဟု ...ကြည့်နေသည်။

## ၁၉

အစည်းအဝေးတိုင်းတွင် နောက်ဆုံးမှရောက်လေ့ရှိသော ဂျိမ်းစ်သည် ...နေ့က ဟိုသရိုးလေဆိပ်သို့ ပထမဦးဆုံး ရောက်လာလေသည်။ ရော်ဘင်က ...ာက်ဆုံးမှ ရောက်သည်။ သူ့ချိုင်းကြားမှာလည်း လန်ဒန်ထုတ် နေ့စဉ် ...တင်းစာစာထပ်ကြီးကို ညှပ်ယူ လာသည်။

'...တို့သွားရမယ့် ခရီးက နှစ်ရက်တည်းပါကွာ'ဟု စတီဖင်က လှမ်းပြော ...သည်။

'သိပါတယ်ကွ၊ ဒါပေမယ့် ငါကလန်ဒန်သတင်းစာတွေကို တစ်ရက်မဖတ် ... မနေနိုင်တဲ့အကောင်၊ ဒါကြောင့် နောက် နှစ်ရက်ဖတ်ဖို့ပါ အဲ... ...ောက် ဝယ်လာခဲ့တာ'



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဗြိတိသျှစီလကြောင်း ကုမ္ပဏီပိုင် ၇၄၇ ဂျက် လေယာဉ်ပျံကြီးဖြင့် ဘော့စ်တွန်မြို့ရှိ လိုဂန် နိုင်ငံတကာလေဆိပ် သို့ ထွက်ခွာလာခဲ့ကြလေတော့သည်။

လေယာဉ်ပျံပေါ်တွင် ရုပ်ရှင်ပြပြီးသောအခါ ကိုယ့်နေရာမှာကိုယ် ပြန်ထိုင်ကြသည်။ ဂျိမ်းစ်က လက်နှိပ်စက်ဖြင့် ရိုက်ထားသော မေးခွန်းလွှာတခုကို စတီဖင်အား လှမ်းပေးသည်။

စတီဖင်က ၂၂ မိနစ်ဖြင့် အပြီး ဖြေသည်။ အားလုံးမှန်ပြီး အမှတ်ပြည့် ရသည်။

ရော်ဘင်က မိနစ် ၃၀ ကြာသည်။ ၃၈ မှတ် ရသည်။

ဂျင်းပီယာက ၂၇ မိနစ် ကြာသည်။ ၃၇ မှတ် ရသည်။

'စတီဖင်က အမှတ် ၄၀ ပေးတာ ၄၀ အပြည့်ရတယ်'ဟု ဂျိမ်းစ်က ပြောသည်။

'ဒီကောင်ကတော့ ရမှာပေါ့ကွာ'ဟု ဂျင်းပီယာက မနာလို သည့် လေသံမျိုးနှင့် ပြောသည်။

ရော်ဘင်ကတော့ မျက်နှာငယ်ကလေးနှင့် ဖြစ်သည်။

သူတို့အားလုံး ညစာစားပြီး တရေးတမော အိပ်ကြသည်။

'လေယာဉ်မှူးစကားပြောနေပါတယ်၊ ကျွန်တော်တို့ လေယာဉ်ကြီးဟာ လိုဂန်နိုင်ငံတကာ လေဆိပ်ကို မကြာမီအချိန်အတွင်း ဆင်းသက်ပါတော့မယ်၊ ည ၇ နာရီ ၁၅ မိနစ်အချိန်မှာ ဆင်းသက်မှာ ဖြစ်တဲ့အတွက် မူလသတ်မှတ်ထားချိန်ထက် မိနစ် နှစ်ဆယ်နောက်ကျ သွားပါ တယ်၊ ကျွန်တော်တို့ ဗြိတိသျှ လေကြောင်း ကုမ္ပဏီပိုင် လေယာဉ်ပျံမှာ လိုက်ပါစီးနင်းလာကြတဲ့ ခရီးသည် အားလုံး စိတ်ချမ်းသာကြလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ နောင်ကိုလဲ ကျွန်တော်တို့ လေကြောင်းကုမ္ပဏီပိုင် လေယာဉ်ပျံ များကိုပဲ စီးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

မင်္ဂလာဆောင်လက်ဖွဲ့ပစ္စည်းအဖြစ် စတီဖင်တို့ ယူလာသော ပစ္စည်းကလေးကြောင့် အကောက်ခွန်ဌာနတွင် မိနစ်အနည်းငယ်ကြာ ရှင်းပြရသည်။ တပါး အားလုံးချောချော မောမောပင် ဖြစ်သွားလေသည်။

သူတို့ယူလာသော လက်ဖွဲ့ပစ္စည်းများမှာ အမျိုးကောင်း လက်ပတ်နာရီကလေး နှစ်လုံးဖြစ်သည်။ နောက်ကျောဘက်တွင် 'သုံးယောက်ပေါင်း လောင်းကျော်ရာမှရရှိခဲ့သော ပရော်စပက်တာ ရေနံကုမ္ပဏီ၏ အမြတ်အစွန်း တစိတ်တဒေသ'ဟု စာလုံးထွင်း ထားသည်ကို တွေ့ရသည်။





အကောက်ခွန်ဌာနမှ ထွက်လာသောအခါ ကက်ဒီလက် ကားကြီးနားတွင် ရပ်နေသည့် အယ်နီကို တွေ့ကြရသည်။

'ဩော်. . . မင်း အမျိုးသမီးက အရမ်းချောပြီး အရမ်းချစ်စရာကောင်းနေတာကိုးကွ၊ ဒါကြောင့် မင်းဘာအစီအစဉ်မှ မတင်ပြနိုင်ပဲ ဖြစ်နေတာပဲ ဂျိမ်းစ်၊ သူ့အလှမှာ ယစ်မူးနေတော့ တို့ဘက်ကို အာရုံမပေးနိုင်တော့ဘူးပေါ့လေ၊ ယစ်လဲ ယစ်မူး လောက်ပါပေတယ်ကွာ၊ မင်းကို ချီးကျူးပါတယ်၊ အစီအစဉ် တင်မပြနိုင်တဲ့အတွက်လဲ မင်းကို ခွင့်လွှတ်လိုက်ပါတယ်'

ဂျင်းပီယာက ဂျိမ်းစ်ကို ထိုသို့ပြောပြီး အယ်နီအား တအားဖက်ထားလိုက်လေတော့သည်။ သူကပြင်သစ်လူမျိုး ဖြစ်သောကြောင့် ပြင်သစ်တို့ထုံးစံအတိုင်း မိန်းမပျိုကလေး တစ်ယောက် ကို ဖက်ခွင့်ရှိနေလေရာ တပန်းသာသွားသည်။

ရော်ဘင်ကလည်း သူ့ကိုယ်သူမိတ်ဆက်ပြီး အင်္ဂလိပ်လူမျိုးများ ထုံးစံအတိုင်း အယ်နီ၏ ပါးနှစ်ဘက်ကို ခပ်ဖွဖွ နမ်းသည်။

စတီဖင်ကတော့ အမေရိကန် လူမျိုးဖြစ်နေသဖြင့် ထုံးစံအတိုင်း ရိုးရိုးသားသား လက်ဆွဲနှုတ်ဆက်သည်။

ကားထဲသို့ တက်ကြသည်၊ ဂျင်းပီယာက အယ်နီအနားမှမခွာပဲ နေရာယူကာ ကပ်ထိုင် သည်။

'မစ္စဆမ်မာတန်'ဟု စတီဖင်က ခေါ်သည်။

'ကျွန်မကို အယ်နီလို့ပဲ ခေါ်ပါရှင်'

'ဧည့်ခံပွဲက ဟိုတယ်မှာ လုပ်မှာလား'

'မဟုတ်ပါဘူးရှင်၊ ကျွန်မမိဘတွေရဲ့အိမ်မှာ လုပ်မှာပါ၊ လက်ထပ်ပြီးယင် ရှင်တို့ကို ကားနဲ့လာခေါ်ပါ့မယ်၊ ရှင်ရဲ့အစီကတာဝန်ကတော့ ညနေ [illegible] ရှိခဲ့တဲ့တိမှာ ဂျိမ်းစ်ကို ဘုရား ရှိခိုးကျောင်းအရောက်ပို့ပေးဖို့ပါပဲစတီဖင်၊ [illegible] ဘာတာဝန်မှ ယူစရာမလိုပါဘူး၊ ဂျိမ်းစ်. . . မောင့်အဖေနဲ့အမေတွေ [illegible] က ရောက်တယ်၊ ကျွန်မတို့အိမ်မှာ တည်းနေတယ်၊ မောင့်အနေနဲ့ တော့ [illegible] ယ်မှာပဲတည်းစေချင်တယ်၊ မေမေ အလုပ်များနေတော့ သူ့ကို [illegible] ောင့်အယှက် ပေးသလို ဖြစ်နေမှာ စိုးလို့'

'အချစ်ပြောသမျှ စကားအားလုံးကို ဖြေယ်မကျ နားထောင်ပါ့မယ်ကွယ်'

'အယ်နီ. . . အခုအချိန်ကစပြီး မနက်ဖြန် လက်မထပ်မီ အချိန်အတွင်း [illegible] ဆုံးဖြတ်ချက်ကိုများ ပြောင်းလဲပစ်လိုက်မယ် ဆိုယင် ကိုယ့်ကို [illegible] ဆင်သင့်ရနိုင်ကြောင်း ကြိုပြောထားပါရစေ၊ ကိုယ်က မြို့စားကြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးပေါ့ကွယ်၊ ဒါပေမယ့် ပြင်သစ်လူမျိုး တစ်ယောက်အနေနဲ့ ထူးခြားတာတွေ တစ်ခုနှစ်ခုတော့ ပေးနိုင်ပါတယ်'

ဂျင်းပီယာက အများကြားလောက်အောင် ပြောသည်။

အယ်နီက ပြုံးသည်။

'ရှင် နည်းနည်းကလေး နောက်ကျသွားတယ် ဂျင်းပီယာ… နောက်မရှ ဘူးဆိုယင်လဲ ကျွန်မက နှုတ်ခမ်းမွေးကြီးကို မုန်းတယ်ရှင့်'

'ဒါကြီး ထားရတဲ့အကြောင်းက'

ဂျင်းပီယာ၏ စကားမဆုံးတော့ပါ။ ကျန်လူများက သူ့ကို ဝိုင်းပြီး မျက်လုံး ပြူးကြည့်ကြသောကြောင့် ခေါင်းပုထားလိုက်ရလေသည်။

* * *

ဟိုတယ်ရောက်သောအခါ ကျန်လူများက အထုပ်အပိုးများ ဖြေယင်းဖြေ အလုပ်ရှုပ်နေကြသည်။ ဂျိမ်းစ်နှင့် အယ်နီတို့ နှစ်ယောက်တည်း စကားတိုး ပြောနေကြသည်။

'သူတို့ သိသွားကြပြီလား မောင်'

'လုံးလုံး မရိပ်မိသေးဘူး၊ မနက်ဖြန်ကျယင်တော့ သူတို့ဘဝမှာ အကြီးဆုံး အံ့ဩစရာကြီးနဲ့ သူတို့ တွေ့ကြရတော့မယ်'

'မောင့်အစီအစဉ်ရော အဆင်သင့် ဖြစ်နေပြီလား'

'စောင့်ကြည့်ဦးလေ'

'မောင်တို့ ငွေပြန်ရဖို့အတွက် ကျွန်မမှာလည်း ကိုယ်ပိုင် အစီအစဉ် ကလေးတစ်ခု လုပ်ထားတာရှိတယ် မောင်၊ မောင့်အစီအစဉ်က ဘယ်တော့ စမှာလဲ'

'စက်တင်ဘာ ၁၅ ရက်နေ့'

'ဒီလိုဆိုယင်တော့ မောင့်ကို ကျွန်မ နိုင်သွားပြီ၊ ကျွန်မအစီအစဉ် မနက်ဖြန် စ,တော့မှာ'

'ဘာတွေ ပြောနေတာလဲ၊ မောင်တို့ကိစ္စထဲမှာ မင်းပါတာမှ မဟုတ် မင်းအနေနဲ့ ဒီလိုလုပ်မယ်ဆိုယင်…'

'မပူပါနဲ့မောင်၊ ဒီအကြောင်းတွေလဲ တွေးမနေပါနဲ့၊ ကျွန်မနဲ့ လက်ထပ် ကိစ္စ တစ်ခုတည်းကိုပဲ မောင် အာရုံစိုက်ပါ'

'မောင်တို့နှစ်ယောက် တစ်နေရာရာကို သွားကြယင် ဖြစ်နိုင်မလား'

'အောင်မယ်… ဘယ်ဖြစ်မှာလဲ၊ မနက်ဖြန်အထိစောင့်'

'မင်းကို မောင် ချစ်တယ်ကွယ်'





'သွားအိပ်တော့… လူမိုက်ကြီး၊ မောင့်ကိုလဲ ကျွန်မ ချစ်ပါတယ်၊ ဒါပေမယ့် ကျွန်မ အိမ်ကို ပြန်ဦးမှဖြစ်မယ်၊ အိမ်ကို ပစ်ထားယင် မနက်ဖြန် အစီအစဉ်တွေ ကမောက်ကမ ဖြစ်ကုန်လိမ့်မယ်'

အယ်နီ ပြန်သွားသည်။ ဂျိမ်းစ်က သူ့သူငယ်ချင်းများနှင့် သွားရောက် ပူးပေါင်းကာ ကော်ဖီသောက်သည်။

'ဗန်လပ်ကလေးများ ကစားရယင် ကောင်းမလားဟေ့'

လူစုံသည်တွင် ဂျင်းပီယာက ပြောသည်။

'မင်းလို ဖဲလိမ်ရိုက်တတ်တဲ့အကောင်နဲ့ ကစားလို့ဖြစ်မလားကွ၊ ကလပ် တကာသွားပြီး တို့ ရန်ပုံငွေတွေနဲ့ လိမ်နည်းပေါင်းစုံ သင်လာတဲ့အကောင်'

ရော်ဘင်က ချက်ချင်း ပယ်ချလိုက်သည်။

မနက်ဖြန် လက်ထပ်ပွဲအကြောင်းတွေးယင်း အားလုံး ပျော်နေကြသည်။ ကိုယ့်အခန်းကိုယ် ရောက်သောအခါ ဂျိမ်းစ်က ရုတ်တရက် အိပ်မပျော်။ အခု ချိန်ဆိုလျှင် အယ်နီတစ်ယောက် ဘာတွေများ လုပ်နေလေမည်နည်းဟု တွေး နေမိသည်။

## ၂၀

ဩဂုတ်လ ဘော့စ်တွန်မြို့ ပတ်ဝန်းကျင်မှာ အလွန်သာယာ လှပလေ သည်။ လေးယောက် ဂိုဏ်းသားများမှာ ဂျိမ်းစ်၏ အခန်းထဲတွင် နံနက်စာ စားနေကြသည်။

'မင်္ဂလာဆောင်ဖို့ကို ဂျိမ်းစ် သိပ်စိတ်ဝင်စားပုံမရဘူး၊ စတီဖင်… တို့အထဲ မှာ မင်းခေါင်းဆောင်ပဲ၊ မင်းသဘောတူမယ်ဆိုယင် ငါ အနစ်နာခံပြီး သတို့သား လုပ်နိုင်ပါတယ်'

ဂျင်းပီယာက စ,ဖောက်သည်။

'သတို့သားလုပ်မယ့်အကောင်က ဒေါ်လာ နှစ်သိန်းခွဲပေးရမှာနော်'

'သဘောတူတယ်ကွာ'

ဂျင်းပီယာက မဆိုင်းမတွ ပြန်ပြောသည်။

'မင်းမှာ နှစ်သိန်းခွဲမှ မရှိပဲ၊ ဟာဗေးဆီက တို့ပြန်ရထားတဲ့ငွေကို လေးပုံပုံယင် မင်းရထိုက်တာ ဒေါ်လာ ၁၈၇,၄၇၄ နဲ့ ၆၉ ဆင့်ပဲ ရှိတယ်၊ ဒါကြောင့် ဂျိမ်းစ်ပဲ သတို့သားအဖြစ် ဆက်နေဖို့ ငါ ဆုံးဖြတ်တယ်'

'ဆိုးတာပေါ့ကွာ၊ ဂျိမ်းစ်ရဲ့ အစီအစဉ် အောင်မြင်လို့ တို့ငွေတွေ အားလုံး ပြန်ရယင် ဒီအဆိုကို ငါပြန်တင်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး နံနက်စာစားယင်း အချင်းချင်း နောက်ပြောင်ကာ တဝါးဝါး တဟားဟား ဖြစ်နေကြသည်။

စတီဖင်ကတော့အတွေးလွန်နေသည်။ ဟာပေးသာ သူတို့လို လူမျိုးများနှင့် စုပေါင်း အလုပ်လုပ်မည်ဆိုလျှင် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးလူ ဖြစ်သွားနိုင်လေသည်။

'စတီဖင် . . . မင်း ဘာတွေ စိတ်ကူးယဉ်နေတာလဲ'

'ဆောရီးကွာ၊ အယ်နီ ပေးသွားတဲ့ တာဝန်ကို ငါထမ်းဆောင်ဖို့ ရှိသေးတာပဲ၊ ဂျိမ်းစ်ကို ညနေ သုံးနာရီခွဲအရောက် ဘုရားရှိခိုးကျောင်းကို ပို့ပေးရမယ်တဲ့'

'ဒီလိုဆိုယင် ကျွန်တော်တို့ ဘယ်အချိန်မှာသတင်းပို့ရမလဲ ပါမောက္ခကြီး' ဟု ဂျင်းပီယာ က မေးသည်။

'မင်းတို့ကို အချိန်တစ်နာရီ ပေးမယ်ကွာ၊ ဂျင်းပီယာ . . . မင်းက ဈေးမှာ ပန်းလေးပွင့် သွားဝယ်ပါ၊ ဂျိမ်းစ်အတွက် အဖြူတစ်ပွင့်၊ တို့အတွက် အနီသုံးပွင့်၊ ရော်ဘင် . . . မင်းက မော်တော်ကား ကိစ္စစီစဉ်ပါ'

ဂျင်းပီယာနှင့် ရော်ဘင်တို့နှစ်ယောက် ထွက်သွားကြသည်။ ဂျိမ်းစ်နှင့် စတီဖင်တို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့သည်။

'ဂျိမ်းစ် . . . မင်းစိတ်ထဲမှာ ဘယ်လိုဖြစ်နေသလဲ'

'အကြံအကျယ် အူမြူးနေတာပေါ့ကွာ၊ ငါ့ အစီအစဉ်ကို ဒီနေ့အထိ အကောင်အထည် မဖော်နိုင်တဲ့အတွက် ငါ စိတ်မကောင်းပါဘူး သူငယ်ချင်းရယ်'

'အရေးမကြီးပါဘူးကွာ၊ စက်တင်ဘာ ၁၅-ရက်ဆိုတာ အချိန်အများကြီးစောပါတယ်၊ နောက်ပြီးတော့လဲ အခုလို တို့အနားယူလိုက်ရတာ တနည်းကောင်းသွားတာပေါ့'

'မင်းသာမပါယင် တို့ဒါတွေ လုပ်ဖြစ်မှာမဟုတ်ဘူး၊ သိတယ် မဟုတ်လား စတီဖင်၊ မင်းကသာ တို့ကိုဖိတ်ပြီး အစီအစဉ်တွေ မတင်ပြယင် အယ်နီနဲ့လဲ ငါတွေ့မှာ မဟုတ်ဘူး၊ တို့အားလုံးလဲ ဖွတ်ကျောပြာစုတွေဖြစ်ပြီး ကုန်းကောက်စရာတောင်ရှိတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းကျေးဇူးတွေ တို့အပေါ်မှာ အများကြီးရှိတယ်'

စတီဖင်ကတော့ ပြတင်းပေါက်မှကျော်ပြီး အပြင်ကို လှမ်းကြည့်နေသည်။ တစုံတစ်ရာ ပြန်လည်ပြောဆိုခြင်းကား မပြုတော့။

* * *





'မင်းညွှန်ကြားလိုက်တဲ့အတိုင်း ပန်းအနီသုံးပွင့်၊ အဖြူတပွင့် အဖြူကတော့ ငါ့ဖို့ပဲနဲ့ တူတယ်'

ဂျင်းပီယာက ပန်းများဝယ်လာပြီး ပြောသည်။

'ဂျိမ်းစ်ရဲ့ ရင်ဘတ်ပေါ်မှာ အဲဒီ ပန်းအဖြူ ထိုးပေးလိုက်၊ နားရွက်နောက်မှာ သွားမညှပ်နဲ့ ဂျင်းပီယာ'

'မင်းဟာ အံ့သြစရာတော့ကောင်းတဲ့အကောင်ပဲ၊ ဒါပေမယ့် အယ်နီက မင်းကို ဘာတွေများ သဘောကျနေတယ်မသိပါဘူးကွာ၊ သဘောကျချင်တော့ယင် ငါ့ကို သဘောကျဖို့ ကောင်းတာကွ'

ဂျင်းပီယာက ဂျိမ်းစ်၏ရင်ဘတ်ပေါ်ရှိ ကြယ်သီးပေါက်တွင် ပန်းထိုးပေးယင်း ပြောနေသည်။

သူတို့သွားဖို့ အချိန်နည်းနည်း စောနေသေးသည်။ ထို့ကြောင့် ရှမ်ပိန်ပုလင်းကို ဖောက် သောက်ကြသည်။

ဂျိမ်းစ်၏ ကျန်းမာရေးအတွက်၊ လေးယောက်ဂိုဏ်းကြီးအတွက် အယ်လီဇဘက် ဘုရင်မကြီးအတွက်၊ အမေရိကန်သမ္မတကြီးအတွက် ဆက်ဘိုက် ဆုတောင်းကြသည်။

ပြီးတော့ ဂျင်းပီယာကိုကြည့်ကာ တုံ့ဆိုင်းဆိုင်း ဖြစ်နေကြ သည်။

နောက်ဆုံးတွင်မှ ပြင်သစ်နိုင်ငံ သမ္မတကြီးအတွက် ဆုတောင်းကာ ပုလင်းကို အပြတ်ရှင်း လိုက်ကြလေသည်။

ပြီးတော့ အောက်မှာ အသင့်စောင့်နေသော မော်တော်ကားထံသို့ ရောက်လာကြသည်။ ဂျိမ်းစ်ကို ကားနောက်မှာ ဝင်ထိုင်စေသည်။

'ဂျိမ်းစ် . . . ပြုံးပြုံးကလေးနေပါကွ၊ အားမငယ်ပါနဲ့၊ မင်းနဲ့ အတူတူ တို့ရှိနေပါတယ်'

ဘုရားကျောင်းသို့လာရာ လမ်းတလျှောက်လုံးတွင်လည်း တဝါးဝါး တဟားဟား လုပ်နေကြသည်။ ဘုရားရှိခိုးကျောင်းသို့ အချိန်မှီ ရောက်သွားကြသည်။

'သုံးနာရီနဲ့ ဆယ့်ငါးမိနစ်ပဲရှိသေးတယ်ကွ၊ ဒါဆိုယင်တော့ အယ်နီက မင်းကို ကျေနပ်သွားမှာပါ'ဟု စတီဖင်က ပြောသည်။

သတို့သားကို သူတို့သုံးယောက်ခြံရံပြီး ဘုရားရှိခိုးကျောင်း အတွင်းရှိ သတ်မှတ်ထားသော နေရာသို့ ခေါ်လာခဲ့ကြသည်။

ဂျင်းပီယာကတော့အမျိုးသမီးချောချောကလေးများကို မြင်တိုင်းလေဖုတ်ထိုက်မတတ် ငေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားကြသည့် ပရိသတ်တစ်ထောင်ကျော်က သတို့သမီးကို မျှော်ကြပြီ။

သတို့သားအရံသုံးယောက်နေရာယူပြီးသောအခါ ရိုးစ်ရွိုက်စ် ကားကြီးရောက်လာသည်။ မျက်လုံးပေါင်း နှစ်ထောင်ကျော်က ဝိုင်းကြည့်နေကြသည်။

ကားပေါ်မှ အယ်နီဆင်းလာသည်။ အလွန်အဖိုးတန်သော မင်္ဂလာဆောင်ဂါဝန်ကြီးကို ဝတ်ထားသည်။ လူတိုင်းငေးရလောက် အောင်လည်း လှချင်တိုင်းလှနေသည်။

သူ့နောက်မှ သတို့သမီး၏အဖေ ဆင်းလိုက်လာသည်။ သတို့သမီးထံ သူ့အဖေကို လက်လှမ်းတွဲသည်။

စတီဖင်၊ ရော်ဘင်နှင့် ဂျင်းပီယာတို့ သုံးယောက် နှလုံးသွေး ရပ်သွားသည်။ စပါးကြီးမြွေ အညှို့ခံရသလို ဖြစ်သွားသည်။ မျက်တောင်မခတ်ဘဲ ငေးကြည့်နေကြသည်။ လောကကြီး တစ်ခုလုံးကိုလည်း မေ့သွားကြသည်။

'ခွေးသားကြီး'

သူတို့သုံးယောက်ထဲမှ မတိုးမကျယ် အသံထွက်လာသည်။

'ဘယ်သူက ဘယ်သူ့ကို ဆော်လိုက်တာလဲ'

'ဇာတ်လမ်းကြီး တစ်ခုလုံးကို အစအဆုံး အယ်နီ သိထားတာပဲ'

ဟာဗေးက သူတို့သုံးယောက်ကို သာမန်မျှကြည့်ကာ သတ်မှတ်ထားသောနေရာသို့ ဆက်လျှောက်သွားသည်။

'တော်ပါသေးရဲ့၊ တို့ကို သူမှတ်မိပုံမပေါ်ဘူးကွ'

စတီဖင်က တိုးတိုးပြောသည်။

လူအုပ်နှင့် နည်းနည်းဝေးရာသို့ မသိမသာ လျှောက်လာကြသည်။ တီးဝိုင်းက စတင်တီးမှုတ်နေပြီ။

'ဟာဗေးကတော့ ဘယ်နည်းနဲ့မှ မသိနိုင်ဘူး ထင်တယ်'ဟု စတီဖင်က ပြောသည်။

'မင်း ဘယ်လိုလုပ်ပြောနိုင်သလဲ'

ဂျင်းပီယာက ပြန်မေးသည်။

'သူ သိထားတယ်ဆိုယင် ဂျိမ်းစ်က တို့ကို ဒီအရောက် ဘယ်ခေါ်ရဲပါ့မလဲ'

'မင်း အတွေးအခေါ်မဆိုးဘူး'ဟု ရော်ဘင်က လေသံကလေးဖြင့် ပြောသည်။

ဘုန်းကြီးက သတို့သားနှင့် သတို့သမီးကို စတင် လက်ထပ်ပေးနေပြီ





သမ္မာကျမ်းစာထဲမှ အပိုဒ်များကို ရွတ်ဖတ်သရဇ္ဈာယ် နေပြီ။

'ဂျိမ်းစ်က သူ့အစီအစဉ်ကို အကောင်အထည်ဖော်ချင်တယ်ဆိုယင် တို့အားလုံး လူစုံနေ တုန်းမှာ လုပ်ဖို့ကောင်းတယ်'ဟု ရော်ဘင်ကပင် ဆက်ပြောသည်။

'စိတ်အေးအေးထားစမ်းပါ၊ တို့အစီအစဉ်တွေကို သူ့တိုင်းပြည်ထဲမှာ အကောင်အထည်ဖော်လို့မရဘူးကွ၊ ဒါကြောင့် မင်းတို့ဘာမှ ကြောက်မနေနဲ့'ဟု စတီဖင်က ပြန်ပြောသည်။

'အခု သူ့တိုင်းပြည် သူ့နယ်မြေထဲ ရောက်နေပြီပဲ'

ဂျင်းပီယာက ကန့်ကွက်စကားပြောသည်။

'ဒီလိုလဲပြောလို့မရဘူး၊ ဒီနေ့ဟာ သူ့သမီးမင်္ဂလာဆောင်တဲ့နေ့၊ သူ့စိတ်တွေ သိပ်လှုပ်ရှားနေတယ်၊ ဒါပေမယ့် ဧည့်ခံပွဲကျ ယင်တော့ သူ့ကို တတ်နိုင်သလောက် ရှောင်နိုင်မှ ဖြစ်မယ်၊ သိပ်ပြောင်ပြောင်တင်းတင်းကြီး လုပ်နေလို့ မဖြစ်ဘူး'

စတီဖင်က ပြန်ပြောယင်း သတို့သားနှင့် သတို့သမီးကို လှမ်းကြည့်သည်၊

'ငါတော့ ကောင်းကောင်းတောင် ရပ်လို့မရတော့ဘူး၊ ငါ့ကို မသိမသာ တွဲထားစမ်းပါကွာ'

ရော်ဘင်၏ စကားဆုံးသည်နှင့် ဂျင်းပီယာက သူ့လက်မောင်းကို မသိမသာ လှမ်းကိုင်ပေးထားသည်။

'ငါလဲ ဒူးချောင်နေပြီ၊ မင်းနဲ့ငါ အပြန်အလှန် တွဲထားကြတာပေါ့ကွာ'

ဧည့်ပရိသတ်များ ဆုမွန်ကောင်းတောင်းရန် ဘုန်းတော်ကြီးက ပြောသည်၊

ရော်ဘင်က သူ့လူများကို တိုးတိုးပြောပြန်သည်။

'ငါ ဘယ်လိုဆုတောင်းရမယ်ဆိုတာသိတယ်၊ ကျွန်တော်တို့နဲ့သူတော်ကြီး၏ အဝန်းအဝိုင်းအတွင်းမှ လွတ်မြောက်ရာနယ်မြေသို့ အမြန်ဆုံးပို့ဆောင်ပေးတော်မူပါဘုရား'

'တိုးတိုးပြောစမ်းပါကွာ၊ ဘေးလူတွေ ကြားကုန်တော့မှာပဲ'

* * *

လက်ထပ်ပွဲ ပြီးစီးသွားပြီ ဖြစ်သောကြောင့် နေအိမ်တွင် ကြီးမားသော ဧည့်ခံပွဲကြီးကို ဆက်လက်ကျင်းပသည်။ ရောက်လာသော ဧည့်သည်များကို ဟာဗေးက အိမ်ဝမှနေပြီး ဆီးကြိုနှုတ်ဆက်သည်။ ထို့ကြောင့် ဧည့်သည်အားလုံးက တန်းစီရပ်နေကြသည်။

'အဲဒါမှ ချောက်ပဲ... တို့ ဘယ်လိုလုပ်ကြမလဲ'



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး အထိတ်တလန့် ဖြစ်သွားပြန်သည်။ စတီဖင်ကခဏကြာအောင် စဉ်းစားပြီးမှ ပြောသည်။

'တန်းစီနေတဲ့အထဲကို မဝင်လို့လဲ မဖြစ်ဘူး၊ ဒါပေမယ့် တို့ လူခွဲမှဖြစ်မယ်၊ ငါ အယင်သွားမယ်၊ ရော်ဘင်. . . မင်းဒုတိယလိုက်. . . ငါ့နောက်က ခြေလှမ်း နှစ်ဆယ်လောက် ကွာပစေ၊ ဂျင်းပီယာ. . . မင်း တတိယလိုက်၊ ရော်ဘင်ရဲ့နောက်က ခြေလှမ်း နှစ်ဆယ် လောက်ခွာလိုက်၊ နောက်ပြီးတော့ မင်းတို့ တန်းစီနေယင်း တခြားလူတွေပြောတဲ့ စကားကို ဂရုစိုက် နားထောင်၊ ဟာဗေးနဲ့ ရင်းနှီးတဲ့လူကို တွေ့ပြီဆိုယင် အဲဒီရဲ့ အရှေ့မှာ နေရာရအောင် ပြောင်းရပ်၊ ဒါမှ ဟာဗေးက သူမသိတဲ့ တို့ကို မကြည့်ပဲ သူနဲ့ရင်းနှီးတဲ့ ဟိုနောက်က လူကို အာရုံစိုက်နေလိမ့်မယ်၊ တို့ကို သူမသိတော့ အေးအေးဆေးဆေး စကားပြောနေမှာ မဟုတ်ဘူး၊ သူနဲ့ ရင်းနှီးတဲ့လူနဲ့သာ စကားပြောချင်လိမ့် မယ်'

'ညဏ်ကြီးရှင် ပီသပါပေတယ် ပါမောက္ခကြီး ခင်ဗျား'ဟု ဂျင်းပီယာက ပြောသည်။

ပရိသတ်က ထောင်ချီရှိသောကြောင့် အကြာကြီး တန်းစီ နေကြသည်။ အိမ်အဝင်ဝမှာနေ၍ ဟာဗေးမက်ကော့ဖ်တို့ ဇနီးမောင်နှံ၊ လောတ်မြို့စားကြီးနှင့် မြို့စားကတော်ကြီး၊ ဂျိမ်းစ်နှင့် အယ်နီတို့က ဧည့်သည်များကို ဆီးကြိုနှုတ်ဆက်ခြင်း ဖြစ်သည်။

စတီဖင်သည် ဟာဗေး၏ အသိတစ်ယောက်ရှေ့သို့ နေရာဝင်ယူပြီး အောင်မြင်စွာပင် ကျော်ဖြတ်လာနိုင်ခဲ့သည်။ အယ်နီ၏ရှေ့သို့ရောက်သွားသည်။

'အခုလို ဧည့်ခံပွဲတက်လာတာ ဝမ်းသာပါတယ်ရှင်'

စတီဖင်က တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်းမပြုပဲ ပြုံးနေသည်။

'ဝမ်းသာပါတယ် စတီဖင်'

'ဂျိမ်းစ်. . . မင်း အစီအစဉ်ကြီးကို တို့အားလုံး ချီးကျူးပါ တယ်ကွာ'

စတီဖင်က ဂျိမ်းစ်ကိုထိုသို့ပြောခဲ့ပြီး ခန်းမကြီးထဲသို့လာကာ တိုင်ကွယ်တစ်ခုမှာ သွားကပ်နေလိုက်သည်။

ဒုတိယဝင်လာသူမှာရော်ဘင်ဖြစ်သည်။ ဟာဗေးကို မျက်လုံးချင်းဆိုင်မကြည့်ပဲ အလွယ်တကူပင် ကျော်လာနိုင်ခဲ့ သည်။

'အခုလို ဒုက္ခခံပြီးလာတာ ကျေးဇူးတင်ပါတယ် နော်'

အယ်နီက ဆီးကြိုနှုတ်ဆက်သည်။ ရော်ဘင်က ဗလုံးဗထွေး ပြန်ပြောပြီး





ဂျိမ်းစ်ရှေ့သို့ ရောက်သွားသည်။

'ဒီနေ့တော့ မင်း တော်တော်စိတ်ချမ်းသာနေမှာပေါ့ ရော်ဘင်'

ဂျိမ်းစ်၏ မျက်နှာက ပြုံးပြုံးကြီး ပြုံးနေသည်။ သူဖုံးထားသည့်အတွက် သူတို့ဂိုဏ်းသားများ အားလုံးအနေရ အထိုင်ရကျပ်ကုန်ရသည်။

'ခွေးသား. . . တို့ကို မင်း နှစ်ပေါက်တစ်ပေါက်ရိုက်ပစ်လိုက် တာပေါ့လေ'

'ဟော့တောင်. . . တိုးတိုးပြောကွ၊ ဟိုမှာ ငါ့အဖေနဲ့အမေ ကြားသွားလိမ့်မယ်'

ခန်းမကြီးထဲသို့ ရော်ဘင်ရောက်လာသည်။ စတီဖင်ကို လိုက်ရှာသည်။ တိုင်ကွယ်မှာ ပုနေသည်ကိုတွေ့ရသည်။ စတီဖင်က ဆီးမေးသည်။

'ချောချောမောမော ဖြစ်ခဲ့ရဲ့လား'

'ထင်တာပဲကွာ၊ ဒါပေမယ့် ဒီအဘိုးကြီးကို မျက်နှာချင်း ပြန်မဆိုင်ချင်တော့ဘူး၊ တို့စီးရမယ့် လေယာဉ်ပျံက ဘယ်အချိန် ပြန် ထွက်မှာလဲ'

'ည ၈ နာရီ၊ ကဲပါကွာ. . . လန့်မနေပါနဲ့တော့၊ ဂျင်းပီယာကို ရှာစမ်းပါဦး'

'အဲဒီခွေးမသားက မုတ်ဆိတ်မွေးတွေ ပါးမြိုင်းမွေးတွေနဲ့ ဆိုတော့ တန်ကျသွားတာပေါ့ကွ'

ရော်ဘင်က တယောက်တည်း ဒေါသထွက်နေသည်။

ဂျင်းပီယာက ဟာဗေးနှင့် ခပ်တည်တည်ပင် လက်ဆွဲ နှုတ်ဆက်လိုက်သည်။ တန်းစီနေကြစဉ်က စတီဖင်ပြောသည့်အတိုင်း ဘေးမှအသံများကို နားထောင်သည်။ လူတစ်ယောက် က ဟာဗေးနှင့်ရင်းနှီးကြောင်း ပြောနေသံကို ကြားရသည်။ ဘဏ်သဌေးတစ်ယောက် ဖြစ်ပုံရသည်။ ဂျင်းပီယာသည် ထိုသူ၏ရှေ့သို့ ဣန္ဒြေမှုမဆည်နိုင်ပဲ ခုန်ဝင်ကာ နေရာဦး လိုက်သည်။

'ခင်ဗျားနဲ့တွေ့ရတာ ဝမ်းသာပါတယ် မာဗင်'

ဟာဗေးက ဂျင်းပီယာနှင့် လက်ဆွဲနှုတ်ဆက်ယင်း သူ့နောက်မှာ ရပ်နေသူကို လှမ်းပြောသည်။

ထိုနည်းဖြင့်ပင် သူလည်း အောင်မြင်ချောမောစွာ လွတ်မြောက်လာသည်။

အယ်နီ၏ ရှေ့သို့ရောက်သောအခါ အယ်နီ၏ပါးနှစ်ဘက်ကို နမ်းယင်း သနားကပ်ပြီး တိုးတိုးကလေး ပြောသည်။

'ဂျိမ်းစ်နဲ့မင်းနဲ့ သိပ်ကို ရှေ့သွားနောက်လိုက်ညီတာပဲကွာ'

ပြီးတော့ ခန်းမထဲသို့ဝင်ခဲ့သည်။ သတို့သမီးအရံ မိန်းမပျိုကို တွေ့သောအခါ သူ့အဖွဲ့သားများ၏ ညွှန်ကြားချက်ကို မေ့သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်္ဂလာဆောင် အခမ်းအနားကို လာရတာ စိတ်ချမ်းသာပါရဲ့လားရှင်'

'သိပ်ကို စိတ်ချမ်းသာပါတယ်ကွယ်၊ မင်္ဂလာဆောင်ကိုလာယင် ကိုယ်က သတို့သမီးကို ဘယ်တော့မှ စိတ်မဝင်စားဘူး၊ သတို့သမီးအရံ ချောချောကလေး တွေကိုပဲ စိတ်ဝင်စားလေ့ရှိပါတယ်'

ကောင်မလေးက မျက်နှာသွေးဖြန်းသွားပြီး အတော်ကျေနပ်သွားပုံရသည်။

'ဒါဆိုယင်တော့ ရှင့်မှာရှိတဲ့ စည်းစိမ်တွေ ပုံပေးမှရမှာ'

'ဖြစ်ပါတယ်ကွယ်... တန်ရာတန်ကြေးတော့ ပေးရမှာပေါ့'

ဂျင်းပီယာက သတို့သမီးအရံကလေး၏ သွယ်လျသော ခါးကလေးကို ဖက်လိုက်သည်၊ လက်လေးချောင်းက သူ့လက်ကို ခပ်ကြမ်းကြမ်းဖြုတ်ပြီး တိုင်ကွယ်သို့ ဒယဉ့်တိုက်ဆွဲသွားသည်။

'ဘုရား... ဘုရား... မင်းလုပ်လိုက်ယင် အသည်းအသန် တွေချည်းပဲ ဂျင်းပီယာ၊ အဲဒီကလေးမလေးက အသက် ဆယ့်ခုနစ်နှစ်တောင် ပြည့်သေးတာ မဟုတ်ဘူး၊ လိမ်လည်မှုတွေနဲ့ရော ကလေးသူငယ် အက်ဥပဒေနဲ့ရော တို့အားလုံးတော့ ထောင်ထဲ ရောက်ကုန်တော့ မှာပဲ၊ ရော့... ဒါသောက် လိုက်'

ဇော်ဘင်က ပြောပြောဆိုဆို ရှမ်ပိန်ဖန်ခွက်ကို ထိုးပေးသည်။

သုံးယောက်သား တိုင်ကွယ်မှ မခွာရဲ။ လာပေးသမျှ ရှမ်ပိန်များကို တခွက်ပြီးတခွက် ယူသောက်နေကြသည်။ စတီဖင်မှာ အတော်ကလေး မူးစ ပြုလာပြီ။

အခမ်းအနားမှူးက ဆုမွန်ကောင်းတောင်းပြီး အရက်သောက်ကြရန် ကြေငြာသည်။

'မြို့စားကြီး... မြို့စားကတော်ကြီးနဲ့တကွ ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ မင်္ဂလာပရိသတ်များခင်ဗျား... သတို့သား မြို့စားကြီး ဗိုမ်စီ ဘရစ္စလေနဲ့ သတို့သမီး မြို့စားကတော် ရိုစယ်လီတို့ရဲ့ ကျန်းမာရေးအတွက် ဆုမွန်ကောင်း တောင်းကြပါခင်ဗျာ'

ဂျိမ်းစ်က ကျေးဇူးတင်စကား ပြောသည်။ ဣန္ဒြေကြီးတစ်ခွဲသားနှင့် ကျကျနန မိန့်ခွန်းပြောနေခြင်း ဖြစ်ရာ အမေရိကန်ပရိသတ်က သူ့ကို အလွန် အထင်ကြီးသွားလေသည်။

တသက်လုံးက သူ့ကိုအထင်သေးပြီး အစွမ်းအစမရှိသူအဖြစ် သတ်မှတ် ခဲ့သည့် သူ့အဖေ မြို့စားကြီးကပင်လျှင် တပြုံးပြုံးနှင့် ကြည့်နေသည်။

ထို့နောက် ဟာဗေးက မိန့်ခွန်းပြောသည်။ သူ့အသံက ကျယ်လွန်းသည်။





ဘုရင်မကြီး၏ ဆုဖလားမြင်းပြိုင်ပွဲတွင် သူ့မြင်းမလေး ရိုစယ်လီ ဆုဖလား ခဲ့ကြောင်း၊ ထို့ကြောင့် သူ့သမီး ရိုစယ်လီကိုလည်း ဗြိတိန်နိုင်ငံဘုရင်မကြီး၏ သားတော် အိမ်ရှေ့မင်းသား ချားလ်စ်နှင့် ပေးစားလျှင်ကောင်းမည်ဟု စိတ်ကူးမိ ခဲ့ကြောင်း၊ ယခုတော့ မြို့စားကြီးနှင့် လာရေစက်ဆုံနေ ကြောင်း အသောရွှန်း စွာနှင့် ပြောသည်။

ထို့နောက် ရိုစယ်လီ၏ ပါးကိုနမ်းပြီး အိတ်ထဲမှ စာအိတ်တလုံး ထုတ်ပေး သည်။

'သမီး... သမီးတို့ကို ဖေဖေ မင်္ဂလာလက်ဆောင်တခု ပေးပါရစေ ဘာမှတော့ တန်ဖိုးမရှိလှပါဘူး၊ ဖေဖေရဲ့ဗင်ဂိုးပန်းချီကားကို သမီးတို့လက်မခံ တဲ့အတွက် ဒါကို အစားထိုးပေးတာပါ၊ အကျိုးရှိရှိနဲ့ သမီးအသုံးချနိုင်လိမ့်မယ် လို့ ဖေဖေ မျှော်လင့်ပါတယ်'

'ကျေးဇူးတင်ပါတယ် ဖေဖေ၊ ဒီထဲက လက်ဆောင်ပစ္စည်းကို ဂျိမ်းစ်နဲ့ သမီးတို့နှစ်ယောက် ဆင်ဆင်ခြင်ခြင်နဲ့ အကျိုးအရှိဆုံးဖြစ်အောင် သုံးပါ့မယ်ဆို တာ ကတိပေးပါတယ် ဖေဖေ'

ပရိသတ်က လက်ခုပ်တီး ဩဘာပေးကြသည်။

အယ်နီက ထိုနေရာမှ ထွက်လာခဲ့သည်။ ဂျိမ်းစ်ကိုလိုက်ရှာသည်။ အမေရိကန် အမျိုးသမီးကြီးများနှင့် ရပ်စကားပြောနေသော ဂျိမ်းစ်ကို တွေ့ရ သည်။

'မြို့စားကြီးက အယ်လီဇဘက်ဘုရင်မကြီးနဲ့ ဆွေမျိုးတော်တယ်ဆိုတာ မှန်ပဲလား'

'ကျွန်မတော့ မြို့စားဆိုတာကို လူစင်စစ် အရှင်လတ်လတ် တခါမှမတွေ့ ဖူးသေးဘူး'

'ရှင်တို့ရဲ့ ရဲတိုက်ကြီးကို လာလည်ဖို့ ကျွန်မတို့ကို ဖိတ်ပါနော်'

ထိုအချိန်မှာပင် အယ်နီရောက်လာပြီး ဂျိမ်းစ်ကို ကယ်ထုတ်သွားလေ သည်၊ သို့သော်လည်း လူတွေကဝိုင်းနေသောကြောင့် သူတို့မှာ အချိန်များများ စကားမရ၊ အယ်နီက ဂျိမ်းစ်၏ လက်ထဲ သို့ သူ့အဖေပေးသော စာအိတ် ကလေးကို ထည့်လိုက်သည်။

'ဖွင့်ကြည့်... မြန်မြန်ကြည့်'

ဂျိမ်းစ်က စာအိတ်ကို ဖောက်သည်။ အထဲမှ ချက်လက်မှတ်တစ်စောင် ထွက်လာ သည်။

'ဟင်... ဒေါ်လာ ၂၅၀,၀၀၀ ပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီငွေတွေကို ကျွန်မ•ဘာလုပ်မယ်ဆိုတာ မောင်သိပါတယ်နော်'

'သိပါတယ် အချစ်ရယ်'

အယ်နီက စံတီဖင်၊ ရော်ဘင်နှင့် ဂျင်းပီယာတို့ကို လိုက်ရှာသည်။ သုံးယောက်စလုံး တိုင်ကွယ်မှာ ပုန်းနေကြသောကြောင့် တော်တော်နှင့် ရှာမတွေ့၊ အတော်ကြီးကြာတော့မှ သွားတွေ့သည်။

'စတီဖင်. . . ဖောင်တိန်ခဏလောက် ငှားပါနော်'

ဖောင်တိန်သုံးချောင်းက အယ်နီ၏ရှေ့သို့ တပြိုင်တည်း ရောက်လာသည်။

အယ်နီက ချက်လက်မှတ်ကို ထုတ်သည်။ "စတီဖင်ဘရက်ဒ်လေသို့ ထုတ်ပေးရန် ရိုစယ်လီ ဘရစ္စလေ"ဟု တစ်ခါတည်းရေးကာ လက်မှတ်ပါ ထိုးသည်။ ပြီးတော့ စတီဖင်ကို ကမ်းပေး သည်။

'ရှင်တို့ အားလုံးအတွက်'

သုံးယောက်သား ချက်လက်မှတ်ကို ငေးကြည့်နေကြသည်။ သူတို့ ဘာမှ မပြောနိုင်မီမှာပင် သူတို့အနားမှ အယ်နီ ထွက်ခွာ သွားလေတော့သည်။

'တို့သူငယ်ချင်းကြီး ဂျိမ်းစ်ကတော့ တကယ့်မယားကောင်းကလေးကို ရလိုက်တာပါပဲ ကွာ'ဟုဂျင်းပီယာက ပြောသည်။

'ခွေးသား. . . မင်း မူးနေပြီ'

ရော်ဘင်က ကျိတ်ဆဲသည်။

'ဘာကြောင့် လူကြီးမင်းဒီလို ပြောနိုင်ပါသလဲခင်ဗျာ၊ ကျွန်တော်တို့ ပြင်သစ်လူမျိုးဆိုတာ ရှမ်ပိန် သောက်လို့တော့ ဘယ်တော့မှ မူးရိုးထုံးစံမရှိပါဘူး အခုလို မူးပြီလို့ ပြောတာကတော့ ကျွန်တော့်ကို စော်ကားတာနဲ့အတူတူပါပဲ ကျွန်တော်တို့ ပြင်သစ်ယဉ်ကျေးမှုအရ ဒီလိုစော်ကား ခံရယင်စီးချင်းထိုး ရပါတယ်၊ ဒါကြောင့် လူကြီးမင်းကြိုက်နှစ်သက်ရာ လက်နက်ကို ရွေးချယ် တော်မူပါ ခင်ဗျာ'

'ရှမ်ပိန် ပုလင်းပူးဆို့ကွာ'

'တော်ကြစမ်းပါကွာ၊ မင်းတို့နှစ်ကောင် အရမ်းဇရှုတ်ကျ တယ်'

စတီဖင်က လှည့်ဟောက်တော့မှ နှစ်ယောက်စလုံး ငြိမ်သွား သည်။

'ကောင်းပါပြီ ပါမောက္ခကြီးခင်ဗျာ၊ ကျွန်တော်တို့ ငွေစာရင်းရှင်းတမ်း ကလေးရဲ့ နောက်ဆုံးအခြေအနေကို သိပါရစေ'

'အခုပဲ ငါ စိတ်ထဲမှာ တွက်ကြည့်နေတယ်'ဟု စတီဖင်က ပြန်ပြောသည်။

'တွက်ကြည့်တော့ ဘယ်လိုအဖြေရသလဲ'





ရော်ဘင်က ဝင်မေးသည်။ သို့သော် စတီဖင်က စိတ်တွက်တွက်နေသောကြောင့် သူတို့နှစ်ယောက် ငြိမ်စောင့်နေသည်။ ဝမ်းသာလုံး ဆို့လွှန်းနေသဖြင့်လည်း ဘာစကားကိုမှ မပြောနိုင်ကြချေ။

'သူ့ဆီက ၁၀၁ ဒေါ်လာနဲ့ ၂၄ ဆင့် ရစရာ ကျန်နေသေး တယ်'

'ဒီလိုဆိုယင် အဲဒီကျက်သရေတုံးကြီး အရှက်တကွဲ အကျိုးနည်း ဖြစ်သွားအောင် လုပ်ကွာ၊ သူ့အိမ်ကြီးကို မီးတင်ရှို့'ဟု ဂျင်းပီယာက အကြံပေးသည်၊

အယ်နီနှင့် ဂျိမ်းစ်တို့ အဝတ်အစား ပြန်လဲဖို့ရှိသည်။ စတီဖင်တို့ သုံးယောက်က ရှမ်ပိန်သောက်ကောင်းနေဆဲဖြစ်သည်။ ထိုအချိန်မှာပင် သတို့သားနှင့်သတို့သမီး မိနစ် အနည်းငယ်အတွင်း ပြန်လည် ထွက်ခွာတော့မည်ဖြစ်ကြောင်း၊ မင်္ဂလာဧည့်ပရိသတ် အပေါင်းတို့က အိမ်ဝနှင့် ခြံထဲတွင် ဘန်းစီစောင့်စေလိုကြောင်း အခမ်းအနားမှူးက ကြေငြာသည်။

'လာကွာ. . . သူတို့နှစ်ယောက် ပြန်ထွက်သွားတာ တို့လဲ သွားကြည့်ရအောင်'

စတီဖင်က ပြောသည်။ အတော်ကလေးမူးနေပြီ ဖြစ်သဖြင့် သတ္တိလည်း အတော်အတန် ရှိလာကြလေသည်။ ထို့ကြောင့် သတို့သမီးနှင့် သတို့သား ထိုးမည့် ကားနားသို့ ရောက်အောင် ရဲရဲဝံ့ဝံ့ တိုးကပ်သွားကြသည်။

'ဒုက္ခပါပဲ၊ ငါကလဲ အင်မတန် မေ့တတ်တဲ့အကောင်ပဲ'

ဟာဗေး၏ ညည်းသံကို စတီဖင်ကြားရသည်။ ဟာဗေးက ပတ်လည်ကို ကြည့်ကြည့်သည်။ သူတို့သုံးယောက်ကို မြင်သွား သည်။ စတီဖင်ကို လက်ညှိုးထိုးသည်။

စတီဖင်၏ ခြေထောက်နှစ်ချောင်းစလုံး ပျော့ခွေသွားသည်။ ရော်ဘင်နှင့် ဂျင်းပီယာက မသိမသာ လှုချင်းခွဲလိုက်သည်။

'ဟေး. . . မင်း သတို့သားအရံ မဟုတ်လား'

'မှန်ပါတယ် ခင်ဗျာ'ဟု စတီဖင်က အသံကို ထိန်းပြီး ပြန်ဖြေ သည်။

'ရိုစယ်လီ သွားတော့မယ်၊ သူ့ကိုပေးဖို့ပန်းစည်းလဲ ပြင်ဆင်မထားမိဘူး၊ ခေါ်တော်ကား တစ်စီးယူသွား၊ ဒီကနေ မိုင်ဝက်လောက်ဝေးတဲ့ နေရာမှာ ပန်းရောင်းတဲ့ဆိုင်ရှိတယ်၊ သတို့သမီးကို ကမ်းဖို့ပန်းစည်းသွားဝယ်ချေ မြန်မြန်ပြေး'

'ကောင်းပါပြီ ခင်ဗျာ'

'မောင့်ကို ကျုပ် သိများသိသလား မပြောနိုင်ဘူး'

'သိပါတယ် ခင်ဗျာ. . . အဲ မဟုတ်ဘူး. . . မသိပါဘူး ခင်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အမြန်ဆုံး ပြေးပြီး ပန်းစည်းဝယ်လိုက်ပါ့မယ် ခင်ဗျာ'

စတီဖင်သည် နောက်ကြောင်းသို့ လှည့်ကာ တကြိုးတည်း သုတ်ခြေတင်လေတော့သည်။

ခပ်လှမ်းလှမ်းမှ အရိပ်အခြည်ကို ကြည့်နေကြသော ရော်ဘင်နှင့် ဂျင်းပီယာကလည်း စတီဖင်ကိုတော့ ဟာဗေးမှတ်မိသွားပြီထင်ပြီး စတီဖင်ပြေးရာနောက်သို့ ခြေကုန်ပြေး လိုက်လာ ကြလေသည်။

အိမ်နောက်ဘေးဘက်သို့ စတီဖင် ပြေးခဲ့သည်။ အိမ်နောက်ဘက်တွင် မော်တော်ကား တစ်စီးကို ယူရန်ဖြစ်သည်။

သို့သော်လည်း စတီဖင်၏ မျက်လုံးများ ပြူးသွားသည်။ ရောမ သစ်ခွ ကြီးကို တွေ့နေရသည်။ သစ်ခွပန်းများကလည်း သူမမြင်ဖူးသော အကောင်း တကာ့အကောင်းဆုံး သစ်ခွပန်းများ ဖြစ်နေလေသည်၊ ထို့ကြောင့် သူ့မျက်စိ သူ မယုံနိုင်အောင် ငေးကြည့်နေမိလေသည်။

ထိုအချိန်မှာပင် ရော်ဘင်နှင့် ဂျင်းပီယာတို့နှစ်ယောက် သူ့ကို မီလာ သည်။

'ဟော့ကောင်. . . မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ၊ မင်းအလောင်း ဖုံးရအောင် ပန်းခူးမလို့လား'

'ဟာဗေးက နိုင်းလိုက်တာကွာ၊ သတို့သမီးကိုကမ်းဖို့ ပန်းစည်း ဘယ်သူကမှ ပြင်မထား ဘူးတဲ့၊ ဒါကြောင့် မော်တော်ကား တစ်စီးယူပြီး ဟိုဘက်မှာပန်းသွားဝယ်ခိုင်းလိုက်လို့၊ ကဲ. . . ငါ့မှာ အချိန်မရှိတော့ဘူး ခူးကြဟေ့. . . ခူးကြဟ'

'ဒါတွေဟာ ဟာဗေးစိုက်ထားတဲ့ ကမ္ဘာပေါ်မှာ အကောင်းဆုံး သစ်ခွ ပန်းမျိုးတွေပေါ့ကွာ'

* * *

ကမ္ဘာပေါ်တွင် အဖိုးတန်ဆုံး သစ်ခွပန်းစည်းကိုင်ပြီး အိမ်ရှေ့သို့ စတီဖင် သုတ်ခြေတင် ပြန်လာခဲ့သည်။ ရော်ဘင်နှင့် ဂျင်းပီယာကလည်း သူ့နောက်မှ ထပ်ကြပ်မကွာ ပါလာသည်။

ဂျိမ်းစ်နှင့် အယ်နီတို့ အိမ်ထဲမှ ထွက်လာကြသည်နှင့် အချိန် ကိုက် ကလေး ဖြစ်သည်။

'ကောင်းတယ်၊ ဒီပန်းမျိုးတွေကို ကျုပ် သိပ်သဘောကျတယ်၊ ဘယ် ပိုက်ဆံဘယ်လောက် ပေးခဲ့ရသလဲ'

'ဒေါ်လာ ၁၀၀ ပါခင်ဗျာ'





စတီဖင်က ဘာမှစဉ်းစားမနေတော့ပဲ မဆိုင်းမတွ ပြောချ လိုက်သည်၊

ဟာဗေးက ငါးဆယ်တန် နှစ်ရွက်ထုတ်ပေးသည်။ စတီဖင်က ရော်ဘင်နှင့် ဂျင်းပီယာတို့ နှစ်ယောက်ရှိရာသို့ ပြန်ဆုတ်ခဲ့သည်။ သူ့ တကိုယ်လုံး ဇောချွေး များ ရွှဲနစ်နေသည်။

'အိုး. . . ဖေဖေ သစ်ခွပန်းတွေပါလား၊ လှလိုက်တာဖေဖေရယ်၊ ကျွန်မ ဘဝသက်မှာ တော့ ဝမ်းသာစရာအကောင်းဆုံးနေ့ ဖြစ်အောင် ဖေဖေလုပ်နေ တော့တာပဲနော်'

ရှီးစ်ရှိုက်စ်ကားကြီးသည် သတို့သမီးနှင့် သတို့သားကို တင်ပြီး ဖြည်းညင်းစွာ မောင်းနှင်ထွက်ခွာသွားသည်။

သူတို့သည် လေဆိပ်သို့ ဦးတည်သွားနေကြခြင်း ဖြစ်သည်။ စန်ဖရန် စစ္စကိုသို့ လေယာဉ်စီးသွားမည်။ ထိုမှတဆင့် ဟာဝိုင်ယီသို့သွားမည်။ ဟာဝိုင် ယီမှာ ပျားရည်ဆမ်း ခရီးတထောက် နားကြမည်။

လူအုပ်ကို ကျော်လာသောအခါ အယ်နီက သူ့အဖေ၏ သစ်ခွ ပန်းခြံကို လှမ်းမျှော်ကြည့်သည်။ စောစောတုန်းက ပွင့်နေခဲ့ သည့် ပန်းများ တစ်ပွင့်မှ မရှိတော့သည်ကို တွေ့ရသည်။ ထို့ကြောင့် သူ့လက်ထဲက ပန်းစည်းကို ငုံ့ကြည့် မိပြန်သည်။

ဂျိမ်းစ်ကတော့ ဒါတွေကို ဘာတခုမှ သတိမထားမိ။ အခြား အကြောင်း တခုကိုသာ သူ စဉ်းစားနေလေသည်။

'မောင့်ကို သူတို့သုံးယောက် ခွင့်လွှတ်နိုင်မယ်လို့ ထင်သလား ဟင်. . .'

'သူတို့ခွင့်လွှတ်နိုင်ကြမှာပါ မောင်ရယ်၊ မပူပါနဲ့၊ ကဲ. . . မောင့်ကို တစ်ခုမေးရဦးမယ်၊ အမှန်အတိုင်းပြောနော်၊ မောင့်မှာ သူတို့လို အစီအစဉ်တခု ဘာကယ်ပဲ ရှိနေပြီလား ဟင်. . .'

'ဒီမေးခွန်းကြီးကို မေးဖို့ မကောင်းပါဘူး အချစ်ရယ်၊ အမှန် အတိုင်း မောင် ဝန်ခံရမယ်ဆိုယင်တော့. . .'

မော်တော်ကားက အဝေးပြေးလမ်းမကြီးပေါ်သို့ တက်လာ သည်။

ဂျိမ်းစ်၏အဖြေကို အယ်နီမှလွဲ၍ ဒရိုင်ဘာတစ်ယောက်သာလျှင် ကြားလိုက်ရလေသည်။

* * *

စတီဖင်၊ ရော်ဘင်နှင့် ဂျင်းပီယာတို့သည် အခြားဧည့်သည် များ ဟာဗေးကိုနှုတ်ဆက်ပြီး အလျှိုလျှိုပြန်သွားကြသည်ကို ငေးကြည့်နေကြသည်၊

'ဒီတစ်ခါတော့ မစွန့်စားနဲ့တော့ကွာ'ဟု ရော်ဘင်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ စွန့်စားဖို့ မကောင်းတော့ဘူး'

စတီဖင်ကလည်း သဘောတူသည်။

'ငါကတော့ သူ့ကို ဒီနေ့ည အပြင်ခေါ်ပြီး ညစာဖိတ်ကျွေး ချင်နေတယ်' ဟု ဂျင်းပီယာက ပြောသည်။

စတီဖင်နှင့် ရော်ဘင်က ဂျင်းပီယာကို မော်တော်ကားထဲသို့ အတင်းဆွဲသွင်းလာခဲ့သည်။

'ဂျင်းပီယာ. . . မင်း ကုတ်အင်္ကျီအောက်မှာ ဖောင်းဖောင်းကြီး ဖြစ်နေတာ ဘာလဲကွ'

'ဟိုအခန်းထဲက ကရပ်ရှမ်ပိန်နှစ်ပုလင်း ငါ မ,လာတာပါကွာ၊ သူတို့ ပုလင်းနှစ်လုံးတည်း အဖော်မရှိပဲ ထားခဲ့ရမှာ သနားလွန်း လို့'

ဟိုတယ်သို့ ပြန်ပို့ပေးရန် စတီဖင်က ဒရိုင်ဘာကို ပြောပြ နေသည်၊

'မင်္ဂလာဆောင် အခမ်းအနားကတော့ တကယ့်ကို ကြီးကျယ် ပါပေတယ်ကွာ၊ ဒါထက် ဂျိမ်းစ်မှာ တကယ်ပဲ စစ်ဆင်ရေး အစီအစဉ်ရှိနေပြီလို့ မင်းတို့ ထင်နေသလား'ဟု ရော်ဘင်က မေး သည်။ 'ငါတော့မသိဘူး၊ ထင်လဲ မထင်တတ်ဘူး၊ တကယ်လို့ သူ့မှာ ရှိနေပြီဆိုယင်လဲ တဒေါ်လာနဲ့ နှစ်ဆယ့်လေးဆင့် ပြန်ရ အောင်ပဲ သူလုပ်ရမှာပါကွာ'

'ဟာဗေးရဲ့ မြင်းကို အေးစကော့ပြိုင်ပွဲမှာ သူလောင်းခဲ့တယ် မဟုတ်လား၊ အဲဒီတုန်းက သူနိုင်ခဲ့တာပဲ၊ အဲဒါနဲ့ ကြေရောပေါ့ကွာ'

ဂျင်းပီယာက နောက်ဆုံး ဝင်ရှင်းပေးလိုက်သည်။

* * *

ဟိုတယ်သို့ ပြန်ရောက်သောအခါ အထုပ်အပိုးများ ပြင်ဆင်ကြသည်။ အားလုံး လေ တချွန်ချွန်နှင့် ပျော်မြူးနေကြသည်။

ပြီးတော့ မော်တော်ကားဖြင့် လိုဂန်နိုင်ငံတကာ လေဆိပ်သို့ ထွက်ခွာလာကြသည်။

လန်ဒန်သို့ပြန်ရန် ဗြိတိသျှလေကြောင်းကုမ္ပဏီပိုင် ဂျက်လေယာဉ်ပျံကြီးပေါ်မှာ နေရာယူကြသည်။

ကောင်းကင်ပေါ်သို့ လေယာဉ်ပျံကြီးရောက်သည်နှင့်တပြိုင်တည်း စတီဖင်ထံမှ ကျိန်ဆဲသံတစ်ခု ထွက်ပေါ်လာလေ သည်

'သူ့ဆီက တဒေါ်လာနဲ့ နှစ်ဆယ့်လေးပြား မရသေးပဲ ပြန်မလာမိယင် အကောင်းသား ကွာ'



BURMESE CLASSIC .com



၂၁

မင်္ဂလာခန်းထဲမှ ဂျင်းပီယာခိုးလာသည့် ရှမ်ပိန်ပုလင်းကို လေယာဉ်ပျံပေါ်မှာ သူတို့ ဖောက်သောက်ကြသည်။ ဟာဗေးထံမှ ရရန်ငွေ ၁-ဒေါ်လာနှင့် ၂၄ ဆင့်ကျန်နေသေးသဖြင့် စိတ်ထဲမှာ ခိုးလိုခိုးလု ဖြစ်နေသော်လည်း စတီဖင် ကိုယ်တိုင်ပါ အတော်ကြီး ရွှင်မြူးနေသည်။

'ဒီရှမ်ပိန်ပုလင်းက တန်ဖိုးဘယ်လောက် ရှိမယ်ထင်သလဲ'

ဂျင်းပီယာက စတီဖင်ကို လှမ်းမေးသည်။

'ဒါနဲ့မဆိုင်ပါဘူးကွာ၊ အမှန်ကတစ်ပြားမှမပိုရဘူး၊ တပြားမှလဲမလိုရဘူးကွ၊ နောက်ဆုံး စာရင်းရှင်းလိုက်ယင် ဘဲစားဘဲချေ ဖြစ်နေရမှာ'

'စိတ်အေးအေးထားစမ်းပါ စတီဖင်ရယ်. . . တဒေါ်လာနဲ့ နှစ်ဆယ့်လေးပြား ကလေး လောက်တော့ ဂျိမ်းစ်ရအောင် ပြန်ယူပေးနိုင်မယ်ဆိုတာ ငါ အကြွင်းမဲ့ယုံကြည်ပါတယ်၊ ဒါလောက်တော့ တို့ကောင်ကြီး အစွမ်းအစ ရှိပါတယ်ကွ'

သူ့စကားကို ကြားရသောအခါမှာလည်း စတီဖင်ကတော့မရယ်နိုင်ပါ၊ တစ်ခုကို သွားစဉ်းစားလိုက်မိသည်နှင့် တပြိုင်တည်းသူ အကြီးအကျယ် ခေါင်းကိုက်လာလေတော့သည်။

'အယ်နီဆိုတဲ့ ကောင်မလေးက တို့လုပ်နေတာတွေ အားလုံးကိုအစကတည်းက တစ်ခုမကျန် သိနေတော့တာကိုး'

* * *

လန်ဒန်ဟီသရိုးလေဆိပ် ပြန်ရောက်လာကြသည်။ ပစ္စည်း ထူးထူးခြားခြား ပါမလာသဖြင့် အကောက်ခွန်ဌာနမှာ အလွယ်တကူ ရှင်းပြီးသွားသည်၊

ရော်ဘင်က ယနေ့ထုတ် သတင်းစာများ သွားဝယ်သည်။

ဂျင်းပီယာက မော်တော်ကားသမားနှင့် ဈေးဆစ်နေသည်။

'ကိုယ့်လူ. . . ကျုပ်တို့ကို တောသားတွေ ထင်လို့လား၊ လန်ဒန်မြို့လယ်ကောင်မှာ မွေးတဲ့အကောင်တွေ၊ ဘယ်နေရာကနေ ဘယ်နေရာကို ကားခ ဘယ်လောက်ကျတယ်ဆိုတာ သိတယ်'

တလမ်းလုံး အရက်သောက်ထားသော်လည်း သူလိုးဝမူးမူးမပေါ်ပါ၊ ကားသမားက အချဉ်ဖမ်းဖို့ကြံပြီးမှ လက်လျှော့လိုက်သည်။

ရော်ဘင်က ကားနောက်ပိုင်းမှာထိုင်ပြီး ဝမ်းသာအားရသတင်းစာ ဖတ်သည်။ လန်ဒန် သတင်းစာများနှင့် ပြန်တွေ့ရသောကြောင့် သူပျော်နေပုံရသည်။ ကားစီးယင်း သတင်းစာ ဖတ်နိုင်သူ ရှားလေရာ



www.burmeseclassic.com

www.burmeseclassic.com



ထိုရှားရှားပါးပါးထဲတွင် သူစာစ်ယောက် အပါအဝင် ဖြစ်သည်။

'ဘုရား. . . ဘုရား. . . ဘုရား. . .'

ရော်ဘင်သည် ဘယ်တုန်းကမှ ဘုရားတတတ်သည့် လူစားမျိုး မဟုတ်သောကြောင့် စတီဖင်နှင့် ဂျင်းပီယာက အံ့ဩတကြီး လှည့်ကြည့်သည်။

'ဘုရားသခင် ကယ်တော်မူပါ'

ရော်ဘင်က ဆက်ပြီး တ,ပြန်သည်။ သည်လောက်ဆိုလျှင်တော့ သိပ်ကိုလွန်လွန်းသွား လေပြီ။ သို့သော်လည်း သူတို့ဘာမှ မပြောနိုင်မီမှာပင် ရော်ဘင်က သတင်းစာကို ကျယ်လောင် စွာ ဖတ်ပြသည်။

'မြောက်ဘက်ကမ်းလွန်ပင်လယ်မှ တနေ့လျှင် ရေနံစည်ပေါင်း ၂၀၀, ၀၀၀ ထုတ်လုပ်နိုင် တော့မည်ဖြစ်ကြောင်း ဘီပီ ရေနံကုမ္ပဏီကြီးက ထုတ်ပြန်ကြေငြာလိုက်ခြင်းဖြစ်သည်။ ထိုသို့ ရေနံအမြောက်အမြားတွေ့ရှိသည့် အကြောင်းကို ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌ ဆာအားရစ်ဒရိတ်က ထုတ်ဖော်ကြေငြာလိုက်ခြင်း ဖြစ်သည်။ ယခုရေနံတွေ့ရှိသော နေရာသည် ရေနံမတူးဖြစ်သည့် ပရော်စပက်တာရေနံကုမ္ပဏီပိုင်နေရာများနှင့် တမိုင်မျှသာ ကွာဝေးသည်။ ဘီပီကုမ္ပဏီကြီးက ပရော်စပက်တာရေနံကုမ္ပဏီပိုင် ကမ်းလွန်ပင်လယ်ပြင် နေရာများကို ဝယ်ယူလိမ့်မည်ဟုလည်း ကောလဟာလ သတင်းများထွက်နေသည်။ ထို့ကြောင့် ပရော်စပက်တာရေနံကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းမှာ တစုလျှင် ၁၂ ဒေါ်လာ ၂၅ ဆင့်ဖြင့် အရောင်းအဝယ်သွက်နေသည်'

'သွားပြီ၊ အားလုံး ကိုယ်ကျိုးနည်းကုန်ပြီ၊ တို့ ဘာဆက်လုပ် ကြမလဲ'

ဂျင်းပီယာက တုန်လှုပ်ချောက်ချားစွာ ပြောသည်။

စတီဖင်ကတော့ တည်တည်ငြိမ်ငြိမ်ပင်။

'လွယ်ပါတယ်ကွာ. . . ဟာဗေးမသိပဲ သူ့ငွေတွေ သူ့ အိတ်ထဲပြန်ရောက်သွားအောင် စီမံကိန်းတစ်ခုချပြီး အကောင်အထည်ဖော်ကြသေးတာပေါ့'

အထောက်တော်လှအောင်
သိရိမြိုင်
၂၅၊ ဩဂုတ်လ၊ ၁၉၈၃။
(မြန်မာပြန်ပြီးသည်)

BURMESE CLASSIC .com

www.burmeseclassic.com